www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




ရွှေမင်းသား၊ ရွှေမင်းသမီး


၄။ **ဝင်းငြိမ်း**
ပန်းခင်းလမ်းပေါ်က
သူတို့နှစ်ယောက်


**One Minute Interview**


၁၂။ **မန်းသူ**
နေတိုး၊ ကျော်ထက်အောင်
လွှမ်းပိုင်၊ နေခြည်ဦး
ပွင့်သီဂီဇော်


လူမှုဝန်းကျင်


၃၀။ **လင်းနိုင်ဦး**
အနုပညာရှင်များရဲ့
မုဒိတာကို ပြလိုက်တဲ့
City FM နှစ်ပတ်လည်ပွဲ

၃၆။ **လင်းနိုင်ဦး**
လွတ်လပ်ရေးနေ့မှာ
ကျင်းပတဲ့
အောင်ဆန်းရုပ်ရှင်မိတ်ဆက်ပွဲ

၄၂။ **မန်းသူ**
အောင်မြင်မှုနောက်ကို
လောဘနဲ့မလိုက်ဘူးဆိုတဲ့
အိချောပိုရဲ့ မွေးနေ့အလှူ


ဖူးငုံပွင့်သစ်


**မန်းသူ** ၂၂။
မငြင်းသင့်ပေမဲ့
အခုချိန်မှာ
ငြင်းဆန်ထားတဲ့
ဇာတ်ရုပ်ရှိတဲ့ ထူးအောင်

**မန်းသူ** ၂၆။
ရတဲ့အခွင့်အရေးကို
ဆုပ်ကိုင်ပြီး ကြိုးစားနေတဲ့
ကောင်းစစ်သွေး


နိုင်ငံတကာစာမျက်နှာ


**အို** ၄၆။
ဂျေလိုရဲ့ ရုပ်ရှင်ကား

**ဇာနည်ညီမိုး** ၅၂။
အရှေ့နဲ့အနောက်
သို့မဟုတ်
ပရီယန်းကားနဲ့ နှစ်ခ်


ရွှေနှလုံးသား


**ဟန်ဆန်း** ၆၀။
သူသည် သူမကို ချစ်သည်


ရွှေဝတ္ထု


၇၈။ **ကိုငြိမ်း** (မန္တလေး)
စပ်ပန်းချီဆရာ

၈၆။ **ရွှေဇင်ယော်ဦး** (မိုးကုတ်)
သူငယ်ချင်းတွေ

၉၆။ **မသီတာ** (ခမီးချောင်း)
လူမိုက်ကြီးနဲ့
ဒီမိုကရေစီ

၁၀၂။ **ကိုစက်ဇေ**
ကားစီးကြသူများ

၁၀၆။ **မိုးထက်ကျော်** (ကွင်းကောက်)
လေနှင်ရာ
ရွက်ဝါလေးတွေ

၁၁၂။ **မိုးကျော်ဇင်**
ချက်ကော့ရဲ့ သေနတ်

၁၁၈။ **နန်းကြာဖြူ** (ဘားအံ)
သမီးရှင်

၁၂၄။ **မောင်အင်း** (ဥက္ကံ)
အကင်းကြွေ

၁၃၀။ **အညွန့်** (ညောင်ပင်)
ပျံသန်းပါတော့
အို… ငှက်ငယ်

၁၅၈။ **ညီကျော်** (တနဲ့သည်)
မြင်းမိုရ်တစ်ခြမ်း၏ ခြေရာ

၁၆၄။ **နော်** (ကျောက်ဆိုင်)
သူ့ဘုန်း ကိုယ့်ကံ

၁၆၈။ **ဓာကလေး** (ဖော်ကျွန်း)
အောင်ရေ

၁၇၂။ **သတိုး**
ပဝါလက်တစ်ကမ်း

၁၇၈။ **နှင်းသင်း** (ကုန်းဘောင်)
ယိုစီးလာသော မေတ္တာရေ

၁၈၄။ **မင်းည**
အလဲအလှယ်


ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း


၆၈။ **မန်းတင်**
ဦးဖိုးရှင်


www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၅၁၊ ဖေဖော်ဝါရီ၊ ၂၀၁၉
**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်

နှစ်ကြောင်းရေး
တစ်ကြောင်းခြစ်
၂၂၄။ **ဝင်းငြိမ်း**
လူတိုင်းသည်
စာရေးဆရာလော…

အက်ဆေးအကြောင်းအက်ဆေး
၁၄၈။ **မောင်ရင့်မာ**၊ ကျောင်းကုန်း၊
သားဖွားအုပ်တွေအနား
မျက်ရည်များ

ရသစာတမ်း
၁၅၄။ **ဂျိုဇော်**
ခေတ်မှန်ဖလင်
အုပ်ထားတဲ့
သမိုင်း
စာအုပ်တွေ



ရွှေဝတ္ထုရှည်စ/ဆုံး
**မိုးသက်ရွှေ** ၁၃၈။
ဖိစီးခြင်း

ရွှေအခန်းဆက် ဝတ္ထုရှည်
**ခင်ခင်ထူး** ၂၂၆။
ဂျိုးပိန်

ရွှေဘာသာပြန်ဝတ္ထု
**ဝင်းငြိမ်း** ၁၈၈။
သေခြင်းသည် အိပ်မက်သာ

ရွှေအသစ်
------------------------------- ၂၀၂။
------------------------------- ၂၀၈။
------------------------------- ၂၁၄။
------------------------------- ၂၁၈။

ရွှေသုတ
**မောင်သန်းရွှေ**၊ ထားဝယ်၊ ၆၄။
ဆရာမြနောက်
လိုက်ရတော့မလို့
**ခင်သန္တာ** ၉၂။
ဆုငှိကာ

အယ်ဒီတာအဖွဲ့- တိုက်(၁၇)၊ အခန်း (၄-၀၁)၊ ၅၂ လမ်း(အောက်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၅၀၁ Email: nyeinfamily@gmail.com
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့် အတွင်းပုံနှိပ်သူ- ဒေါ်ချိုချို(၁)အေးအေးသိန်း(၀၀၉၇၀)၊ ဗမ္ဗူတလုပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း၊ ၆၃ ရပ်ကွက်၊ စက်မှုဇုန် တောင်ဒဂုံ၊ ရန်ကုန်မြို့။ ရွှေထုတ်ဝေသူ - ဒေါ်ချိုချို(၁)အေးအေးသိန်း (၀၁၀၉၁)၊ အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ရွှေဖြန့်ချိရေး ဗမ္ဗူတလုစာပေ၊ အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၇၃၉၈၂၂၀၊ စာတိုက်သေတ္တာအမှတ် ၁၂၀၅၊ E-mail: zabutalu@gmail.com
Available at : Wun Zinn

www.burmeseclassic.com

www.burmeseclassic.com



## ပန်းခင်းလမ်းပေါ်က

# သူတို့နှစ်ယောက်

ဝင်းငြိမ်း

ခင်မင်ရင်းနှီးနေတဲ့ ပိုင်ဖြိုးသုရဲ့ မိခင် ဒေါက်တာနွယ်ဦးက သမီး ပိုင်ဖြိုးသု စေ့စပ်ကြောင်းလမ်းတော့မယ်လို့ ပြောသံကြားလိုက်ရတဲ့အခါ တော်တော် အံ့သြသွားပါတယ်။ အလုပ်လုပ်လို့ အရှိန်ရနေတဲ့အချိန်မှာ ဒီကလေးမက ဘာကြောင့်များ အိမ်ထောင်ပြုဖို့ စဉ်းစားပါလိမ့်လို့လည်း ကရုဏာဒေါသောဖြစ်မိပါတယ်။ သူ့ခင်ပွန်းလောင်းက ဒါရိုက်တာဇာကြီးပါတဲ့။ သူတို့ချင်း ချစ်ကျွမ်းဝင်ခဲ့ကြတာဖြစ်ပြီး နှစ်ဖက်မိဘ သဘောတူညီချက်နဲ့ကျင်းပမယ့် ဆီဒိုးနားဟိုတယ်က စေ့စပ်ကြောင်းလမ်းပွဲကို လာပြီး ဖိတ်တာပါ။ သူ့မိဘမပြောနဲ့ ကျွန်တော့်သဘောနဲ့ ဆိုရင်တောင် အိမ်ထောင်မပြုသေးဘဲ အလုပ်ကို ခွန်စိုက်အားစိုက် လုပ်စေချင်ပါသေးတယ်။ ပိုင်ဖြိုးသုကို စပြီး သိခဲ့တာက မင်းသားတွေစုပြီး သရုပ်ဆောင် ရွေးချယ်တဲ့ အနုပညာပျိုးခင်း ဒုတိယအကြိမ် ရွေးချယ်ပွဲက အစဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ရုံတင်ပြသခဲ့တဲ့ **သရဲမ၊ ဘီလူးမနှင့် မိန်းမပျို** ရုပ်ရှင်ကားအတွက် ၂၀၁၈ ခုနှစ်မှာ ကျင်းပခဲ့တဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ - ကိုလင်းထွန်း
(Life Photography)



www.burmeseclassic.com

www.burmeseclassic.com



ပေးပွဲမှာ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု ဆွတ်ခူးခဲ့ပြီး ဖြစ်ပါတယ်။

စေ့စပ်ကြောင်းလမ်းပွဲမှာ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) က သတို့သားလောင်းဘက်မှ တောင်းရမ်းစကားဆိုပြီး စာရေးဆရာ လက်ာရည်ကျော်က သတို့သမီးလောင်းဘက်မှ လက်ခံစကားပြောကြားခဲ့ပါတယ်။ ဆရာ လက်ာရည်ကျော်ကလည်း သူ့တပည့်မကို နှမြောကြောင်း ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။ ချစ်သူတို့လျှောက်မယ့်လမ်းအတွက် ကျွန်တော်တို့ဘေးက လူတွေက နှမြောတယ,တဲ့စကား ဆိုနေကြပေမဲ့ သူတို့ကလည်း အသက်အရွယ် မငယ်ကြတော့တဲ့အတွက် အိမ်ရာထူထောင်ဖို့ စဉ်းစားကြခြင်း ဖြစ်ပါလိမ့်မယ်။

၂၀၁၈ ခုနှစ်အတွင်းမှာ စာရေးဆရာမကြီး ကြည်အေးရဲ့ မီ ဝတ္ထုကို ဒါရိုက်တာ ဏကြီးက ရိုက်ကူးပြီး ဒေါက်တာနွယ်ဦးရဲ့ ဗစ်တိုးရီးယား ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပိုင်ဖြိုးသု အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင် လိုက်တဲ့အခါမှာ မီ ဇာတ်ကားဟာ ရုပ်ရှင်လောကတစ်ခုလုံးကို ကိုင်လှုပ်လိုက်သလို နိုးကြားလာစေခဲ့ပါတယ်။ ဒါရိုက်တာ ဏကြီးက စေ့စပ်သေချာသလောက် ပိုင်ဖြိုးသုကလည်း ဝတ္ထုထဲက "မီ"ကို ပိတ်ကားပေါ်မှာ ကျွန်တော်တို့ သက်ဝင်လှုပ်ရှားလာတာ မြင်လာရအောင် ဖန်တီးပေးနိုင်စွမ်းရှိခဲ့ပါတယ်။ ဒီရုပ်ရှင်ကားဟာ အောင်မြင်မှုများစွာနဲ့အတူ ဂယက်လည်းများစွာ ထ,စေခဲ့ပါတယ်။ မိန်းကလေးတစ်ယောက် အရက်သောက်ခြင်း၊ စီးကရက်သောက်ခြင်းတို့နဲ့ ပတ်သက်ပြီး လူမှုကွန်ရက်စာမျက်နှာများပေါ်မှာ









www.burmeseclassic.com

www.burmeseclassic.com





ဂယက်များစွာရှိခဲ့တာကြောင့် ဗစ်တိုးရီးယားရုပ်ရှင်ထုတ်လုပ်ရေးမှ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပယူရတဲ့အထိဖြစ်ခဲ့ပါတယ်။ ဒါဟာလည်း ဏကြီးနဲ့ ပိုင်ဖြိုးသုတို့ရဲ့အောင်မြင်မှုတစ်ခုပါပဲ။ မီ ကို စင်ကာပူနိုင်ငံမှာရှိတဲ့ မြန်မာပရိသတ်များအတွက် သွားရောက်ပြသရာမှာလည်း အားပေးသူများခဲ့ပါတယ်။

ဏကြီးနဲ့ ပိုင်ဖြိုးသုတို့ရဲ့ မင်္ဂလာဧည့်ခံပွဲကို နှစ်သစ်ဖြစ်တဲ့ ၂၀၁၉ ခုနှစ်ရဲ့ ပထမဆုံးနေ့ဖြစ်တဲ့ ဇန်နဝါရီလ ၁ ရက်နေ့ညမှာ ကျင်းပမယ်လို့ ဖိတ်စာများ ထွက်လာခဲ့ပါတယ်။ မင်္ဂလာပွဲ မကျင်းပမီ နှစ်ဟောင်းဖြစ်တဲ့ ၂၀၁၈ ခုနှစ်ရဲ့ နောက်ဆုံးနေ့မှာလည်း သူတို့



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com





နှစ်ယောက်ရဲ့ မင်္ဂလာဦး အလှူအဖြစ် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှာ ကိုလူချောတို့အဖွဲ့ဝင်များကို တစ်ဦးလျှင် ဆန်တစ်တင်းခွဲ၊ ဆီသုံးပိဿာတို့ကို ကိုယ်တိုင်ကိုယ်ကျလက်ထိလက်ရောက် လှူဒါန်းခဲ့ကြပါသေးတယ်။

သူတို့နှစ်ယောက်ရဲ့ မင်္ဂလာဧည့်ခံပွဲကိုတော့ ရန်ကုန်မြို့ရဲ့ ထင်ရှားတဲ့ ဟိုတယ်များထဲမှ နှစ်ပေါင်းများစွာကတည်းက ရပ်တည်နေခဲ့တဲ့ အင်းလျားကန်ဟိုတယ် မြက်ခင်းပြင်မှာ ညစာကျွေးပြီး ဧည့်ခံဖို့စီစဉ်ထားခဲ့တာပါ။

ဖေဖော်ဝါရီလထုတ် ရွှေအမြုတေအတွက် သူတို့နှစ်ယောက်ရဲ့ သတို့သမီး၊ သတို့သားဟန် နှစ်ယောက်တွဲ ဓာတ်ပုံကို အဖုံးအဖြစ် တင်မယ်လို့ စိတ်ကူးပြီး ဇာကြီးဆီက ဓာတ်ပုံ ကြိုတောင်းပါတယ်။ ရောက်လာတဲ့ပုံတွေက မျှော်လင့်ထားသလို ပုံတွေမဟုတ်ဘဲ Country Style ပုံတွေ ဖြစ်နေတာကို တွေ့ရပါတယ်။ စိတ်ထဲမှာတော့ ထူးဆန်းနေပါတယ်။ ဘာပဲဖြစ်ဖြစ် လူငယ်တွေရဲ့ သဘောသဘာဝအတိုင်း သူတို့လုပ်ချင်တာကို လုပ်မယ်ဆိုတဲ့ အရိပ်အယောင်တွေ့နေရပါပြီ။

အင်းလျားကန် မြက်ခင်းပြင်ကို ရောက်ရှိတဲ့အခါမှာ များပြားလှစွာသော စားပွဲဝိုင်းများက ဧည့်သည်များအတွက် ကြိုလင့်နေပါပြီ။ အလှာအသီးသီးက ရုပ်ရှင်လောကသားများ၊ စာနယ်ဇင်းများ၊ ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးများ နေရာယူထားကြပါတယ်။ စကားတပြောပြောနဲ့ တေးသံသာများ နားဆင်နေရင်း မင်္ဂလာအခမ်းအနားမှူးက မင်္ဂလာအချိန်ကျရောက်ပြီမို့ မင်္ဂလာသတို့သားနဲ့ အပေါင်းအဖော်များ စင်မြင့်ပေါ်မှာ နေရာယူကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ ဘာဂီတသံမှ မပါပါဘူး။ သတို့သားဖြစ်တဲ့ ဇာကြီးနဲ့ စိုင်းစိုင်းခမ်းလှိုင် အပါအဝင် သူငယ်ချင်းများ လက်ခုပ်တီးပြီး တူညီဝတ်စုံများနဲ့ မင်္ဂလာစင်မြင့်ဆီကို ခပ်သုတ်သုတ်ပဲ လျှောက်လှမ်းသွားခဲ့ကြပါတယ်။

လျှောက်လမ်းမှာ လူတချို့က နှင်းဆီပွင့်ဖတ်တွေ လမ်းတစ်လျှောက် ဖြူးသွားတာ တွေ့ရပါတယ်။ မင်္ဂလာအခမ်းအနားမှူးက သတို့သမီး ဝင်ရောက်လာတော့မှာ ဖြစ်တဲ့အတွက် လျှောက်လမ်းတစ်ဖက်တစ်ချက်မှာရှိတဲ့ ဧည့်သည်တော်များက စားပွဲများပေါ်မှာ ချပေးထားတဲ့ မီးရှူးမီးပန်းများ၊ ရွှေချည်ငွေချည်များ ပက်ဖျန်းပြီး ကြိုဆိုကြဖို့ ဆော်ဩပါတယ်။

သတို့သမီးဖြစ်တဲ့ ပိုင်ဖြိုးသုနဲ့ သူငယ်ချင်းများ လျှောက်လမ်းကနေ ဝင်လာခဲ့





www.burmeseclassic.com

www.burmeseclassic.com









ပါတယ်။ အဖြူရောင် ဇာပဝါနဲ့ အဖြူရောင်ဝတ်စုံဝတ်ထားတဲ့ ပိုင်ဖြိုးသုက လမ်းဘေးဝဲယာမှာ စောင့်ဆိုင်းနေကြတဲ့ မိတ်ဆွေများကို သူ့အပြုံးချိုချိုကလေးနဲ့ နှုတ်ဆက်ရင်း လျှောက်လှမ်းလာပါတယ်။ သူလျှောက်လာချိန်မှာလည်း အခါတော် ပေးမပါပါဘူး။ ဒီလိုနဲ့ပဲ သတို့သမီးလည်း မင်္ဂလာ စင်မြင့်ပေါ်ကို ရောက်ရှိလို့ သွားပါပြီ။

အဲဒီအချိန်မှာ မင်္ဂလာအခမ်းအနားမှူးများအဖြစ် ဆောင်ရွက်နေကြတဲ့ မောင်မောင်အေးနဲ့ ဆန်းထွဋ်တို့က လက်ထပ်လက်စွပ်များ လဲလှယ်ကြဖို့ ဆိုပါတယ်။ ဘယ်ဧည့်သည်တော်ကြီးမှ မပါပါဘူး။ သတို့သားနဲ့ သတို့သမီးတို့ သူတို့ချင်းပဲ အပြန်အလှန်လက်စွပ်ဝတ်ပေးလိုက်ကြပါတယ်။

နောက်ထပ် ကျင်းပတဲ့ အစီအစဉ်ကတော့ သတို့သားရဲ့အမေနဲ့၊ သတို့သမီးရဲ့ အမေတို့က အမှတ်တရစကား ပြောကြားကြတဲ့ အစီအစဉ်ဖြစ်ပါတယ်။ သတို့သားရဲ့ အမေဖြစ်သူ ဒေါ်တင်တင်နွယ်



www.burmeseclassic.com

www.burmeseclassic.com



က သူ့သားရဲ့ချစ်သူဖြစ်တဲ့ ပိုင်ဖြိုးသုကို သမီးကလေးတစ်ယောက်အဖြစ် လက်ခံကြိုဆိုပါကြောင်း ပြောကြားခဲ့ပြီး သတို့သမီးရဲ့အမေ ဒေါက်တာနွယ်ဦးကလည်း ၁၉၉၀ ပြည့်နှစ် ဧပြီလအတွင်းက မွေးဖွားခဲ့တဲ့ သူ့သမီးဟာ တဖြည်းဖြည်း ကြီးပြင်းအရွယ်ရောက်လာခဲ့ကြောင်း၊ ကျောင်းကပြန်ရင် တစ်နေ့တာ ဖြစ်ပျက်သမျှကို တစ်လုံးမကျန် ပြန်ပြောလေ့ရှိရာက ဆေးကျောင်းသူဖြစ်သွားချိန်မှာ အမေနဲ့ စကားပြောချိန် နည်းလာခဲ့ကြောင်း၊ မိခင်ဖြစ်သူ မိမိအနေနဲ့ သမီးမှာ အမေ့လိုရင်ဖွင့်ပြောကြားနိုင်တဲ့သူတစ်ယောက်ရှိနေပြီဆိုတာ နားလည်နိုင်ခဲ့ပါကြောင်း၊ သူတို့မိသားစုမှာ သမီးများသာ ထွန်းကားတဲ့ မိသားစု ဖြစ်တာကြောင့် သမီးရဲ့ ခင်ပွန်း ဏကြီးကို သားကြီး ဩရသသဖွယ် အားကိုးအားထားပြုပါကြောင်း ပြောကြားသွားခဲ့ပါတယ်။ သမီးဟာ ဏကြီးရဲ့ဇနီးဖြစ်သွားပေမဲ့ သူ့သမီးဆိုတာကိုလည်း အမြဲတမ်း သတိရစေချင်ပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

ဒီအစီအစဉ်တွေ ပြီးတဲ့အချိန်မှာတော့ သတို့သားရဲ့ ဖခင် ဒုတိယဗိုလ်မှူးကြီး တင်ဦး(ငြိမ်း)နဲ့ သတို့သမီးရဲ့ ဖခင် ဦးစိုးဝင်းတို့ နှစ်ဦးကို စင်ပေါ်သို့ဖိတ်ခေါ်ပြီး မိသားစု အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကြပါတယ်။ အဲဒီနောက်မှာတော့ သတို့သားနဲ့ သတို့သမီးတို့ နောက်ထပ်ဝတ်စုံတစ်စုံ သွားလဲကြပြီး မင်္ဂလာကိတ်ကို အပေါင်းအသင်းများနဲ့ ပျော်ပျော်ပါးပါး လှီးဖြတ်ကြပါတယ်။

သူငယ်ချင်းများရဲ့ အမှတ်တရစကား အစီအစဉ်မှာ စိုင်းစိုင်းခမ်းလှိုင်က သူသိတဲ့ သူငယ်ချင်း ဏကြီးဟာ ဘယ်အခါမှ စိတ်လှုပ်ရှားတဲ့သူ မဟုတ်ပေမဲ့ သူ့ချစ်သူ ပိုင်ဖြိုးသုရဲ့ အချစ်ကို ရလာတဲ့အချိန်မှာတော့ စိတ်လှုပ်ရှားတာကို သူသတိထားမိကြောင်း၊ ဏကြီးနဲ့ ပိုင်ဖြိုးသုတို့ဟာ လိုက်ဖက်ညီတဲ့သူနှစ်ဦးဖြစ်ကြောင်းပြောကြားပြီး နှစ်ပေါင်းများစွာ၊ ဘဝပေါင်းများစွာ ပေါင်းဖက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သခဲ့ပါတယ်။

သတို့သမီးရဲ့ ညီမဖြစ်သူ ဥဥကလည်း အမှတ်တရ စကား ပြောကြားပါတယ်။ သူ့ရင်ခွင်ထဲက သူ့အစ်မကို ဆွဲထုတ်ယူသွားလို့ မကျေနပ်ခဲ့ပေမဲ့ အခုတော့ ကျေနပ်ပါကြောင်း၊ ဏကြီးက သူ့အစ်မ စိတ်ဆိုးတဲ့အခါများမှာ မချော့တတ်သူဖြစ်တဲ့အပြင် အရာရာမှာ လေးကန်လွန်းလို့ သူက 'လေးလေးန'လို့ ကင်ပွန်းတပ်ထားပါကြောင်း စသဖြင့် အမှတ်တရများ ပြောကြားသွားပါတယ်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ဟာ သူတို့ချစ်သူနှစ်ဦး ချစ်သက်တမ်း ၅ နှစ်ပြည့်တဲ့နေ့ ဖြစ်တာကြောင့် ဒီနေ့မှာ မှတ်မှတ်ရရ လက်ထပ်ခြင်းဖြစ်ပါကြောင်း ကာယကံရှင်များက ပြောကြားသွားခဲ့ပါသေးတယ်။

အနုပညာရှင်နှစ်ဦးဖြစ်တဲ့ ဏကြီးနဲ့ ပိုင်ဖြိုးသုတို့ ဘဝမှာ အစစအရာရာ အဆင်ပြေကြစေဖို့နဲ့ အနုပညာရဲ့ အောင်မြင်မှု အထိမ်းအမှတ်ဖြစ်တဲ့ အကယ်ဒမီဆုတွေကိုလည်း အထပ်ထပ် အခါခါ သိမ်းပိုက်နိုင်ပါစေလို့ ရွှေအမြုတေ အယ်ဒီတာအဖွဲ့က ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ■ ဝင်းငြိမ်း





www.burmeseclassic.com

www.burmeseclassic.com

# အမြဲအမှတ်တရဖြစ်စေတဲ့ ဂီတဆုကို ပရိသတ်တွေအတွက် လှူပေးမယ်

မန်းသူ

One Minute Interview

၂၀၁၈ ခုနှစ်က နေတိုးအတွက် ဝမ်းသာ ဝမ်းနည်း အဖြစ်အပျက်တွေမျိုးစုံ တွေ့ကြုံခံစားခဲ့ရတဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့ပြီး ဘဝကို တည်ငြိမ်ရင့်ကျက်စွာ ဖြတ်သန်းရင်ဆိုင်နိုင်သူတစ်ဦး အဖြစ်လည်း ပရိသတ်က မှတ်ချက်ပြု ချစ်ခင်ခံရတဲ့နှစ်လည်း ဖြစ်ပါတယ်။ အနုပညာမျိုးစုံကို ခံစားသက်ဝင်ဖန်တီးလေ့ရှိပြီး ဖန်တီးမှုတိုင်း ပရိသတ်နဲ့တစ်ထပ်တည်းကျနေဆဲ နေတိုးနဲ့ သူ့ရဲ့ အနုပညာတွေအကြောင်း ပြောဖြစ်ခဲ့ကြပါတယ်။

**နှင်းဆီအဖွဲ့၊ နှင်းဆီအငြိမ့်က အမြဲတမ်း အလှူဒါန၊ ပရဟိတသဘောနဲ့ပဲ က,တာဆိုတော့ နှင်းဆီအဖွဲ့နဲ့ပတ်သက်ပြီး နေတိုး အမြဲခံစားဖြစ်နေတာက…။**

နှင်းဆီ ပဝါခြုံတဲ့လက်က ထူးထူးခြားခြားပဲ။ နှင်းဆီရင်ခွင်ဖောင်ဒေးရှင်းကနေ နောက်ထပ်ဖောင်ဒေးရှင်းတစ်ခုကို အလှူငွေပေးအပ်တဲ့အနေနဲ့ပဲ က,ဖြစ်ခဲ့တာပါ။ အခုအချိန်အထိကို ကျွန်တော်တို့မြတ်နိုးတဲ့ပညာရပ်တစ်ခုနဲ့ နိုင်သလောက်လေး လှူဒါန်းခွင့်ရနေတာ ပရိသတ်ကို ကျေးဇူးတင်တယ်လို့ ပထမဆုံး ပြောချင်ပါတယ်။ အငြိမ့်နဲ့ပတ်သက်ပြီး အားလုံးသိကြတဲ့အတိုင်းပါပဲ နှစ်တိုင်း ကျွန်တော်တို့ ကြိုးစားပြီးတော့ ပရိသတ်ကိုဖျော်ဖြေနေကျဆိုတော့ ဒီနှစ်မှာလည်း ကျွန်တော်တို့ နှင်းဆီရဲ့တန်ဖိုးတစ်ခုအတိုင်း မလျော့သော ဖန်တီးတင်ဆက်မှုတွေနဲ့ပဲ သွားတယ်လို့ ပြောချင်ပါတယ်။

**ဒီနှစ်အတွက် ပေးလိုက်တဲ့ ခေါင်းစဉ်လေးက အရင်ခေါင်းစဉ်တွေထက် ပိုထူးခြားသလိုပဲ။ ကိုနေတိုးအနေနဲ့ကရော…။**

ခေါင်းစဉ်က ရှည်နေတယ်လို့ ထင်ရပေမဲ့ တကယ်တမ်း နွေးထွေးမှု၊ လုံခြုံမှုရှိတယ်လို့ ခံစားရပါတယ်။ The Last ဆိုတာက ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက်အပေါ်မှာ လွှဲပြောင်းတဲ့သဘောပေါ့နော်။ အရမ်းလည်း ကြည်နူးစရာကောင်းတယ်။ ပြီးတော့ တစ်ဦးအပေါ်တစ်ဦး အားပေးရာရောက်တယ်လို့ ကျွန်တော် မြင်ပါတယ်။

**ဒီနှစ်ထဲမှာ ပရိသတ်တွေက ကိုနေတိုးကို 'မုန်းစွဲ'နဲ့ အကယ်ဒမီပေးနေကြပြီဆိုတော့…။**

ကျေးဇူးတင်ပါတယ်။ နှစ်စဉ်နှစ်တိုင်း ပရိသတ်တွေရဲ့ ရင်ထဲကို ရောက်နိုင်မယ့် ဇာတ်ကောင်စရိုက်တွေကို ကျွန်တော်တို့ ကြိုးစားနေပါတယ်။ နောက်ထပ်လည်း ရသမျိုးစုံနဲ့ ကာရိုက်တာမျိုးစုံကို ကြိုးစားခွင့်ရှိသလောက် ကြိုးစားခဲ့ရတာဆိုတော့ ဒီနှစ်အတွက် **မုန်းစွဲ** က ပရိသတ်တွေအတွက် ထူးထူးခြားခြားလေး ရင်ထဲရောက်နေတဲ့ဇာတ်ကောင်ဖြစ်စေလို့ ကျေနပ်မိပါတယ်။ ဒီအတွက်ကတော့ ကျွန်တော့်အနေနဲ့ ဘာမှ ထွေထွေထူးထူး ပြောစရာမရှိပါဘူး။

***လရောင်ချော့တေး*** **နဲ့ ရွှေFM က ဆုရခဲ့တာနဲ့ပတ်သက်ပြီးတော့လည်း ပြောပြပါဦး။**

ရွှေFMပွဲနေ့က ပုဂံမှာ ကားရိုက်နေလို့ ကျွန်တော် မရောက်ဖြစ်လိုက်လို့၊ သီချင်းတောင်းပေးတဲ့ ပရိသတ်တွေကို စင်ပေါ်မှာ ကျေးဇူးတင်စကားပြောခွင့်မရလိုက်လို့ ဒီနေရာကပဲ ကျေးဇူးတင်ကြောင်း ပြောပါရစေ။ ရုပ်ရှင်ဇာတ်ဝင်သီချင်းတွေကို ကျွန်တော်တို့ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့ဂီတကို တင်ဆက်ခွင့်ရခဲ့တဲ့ ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။ ဒီသီချင်းလေးကလည်း အန်တီ မြင့်မြင့်ခိုင်နဲ့ ကျွန်တော်တို့နှစ်ယောက် တိုင်ပင်ပြီးတော့ ဒီသီချင်းလေးကို အတတ်နိုင်ဆုံး ဒီဇာတ်ကားထဲမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ သီချင်းအမျိုးအစားလေးတစ်ခုကို ကိုယ်ပိုင်ဖန်တီးခွင့်ရခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီသီချင်းလေးအပေါ် ကျွန်တော်နဲ့တစ်သားတည်းဖြစ်ပြီး ဇာတ်ကားနဲ့လည်း အရမ်းကိုလိုက်ဖက်တဲ့ သီချင်းလေး ဖြစ်သွားတာပါ။ ပရိသတ်နားထောင်တဲ့အချိန်မှာရော ကြည့်တဲ့အချိန်မှာပါ ရသတစ်ခုကို ထိထိရောက်ရောက် ခံစားနေရတယ်လို့ ကျွန်တော် မြင်ပါတယ်။ ဒီလိုဆိုနိုင်အောင်၊ ဒီသီချင်းကို ဖန်တီးနိုင်အောင် အမိက ပံ့ပိုးပေးခဲ့တဲ့ အန်တီဝါတို့၊ ပြီးတော့ ထုတ်လုပ်ရေးအပါအဝင် တစ်ဖွဲ့လုံးကို ကျေးဇူးတင်ပါတယ်။ ပြီးတော့ သီချင်းတောင်းပေးတဲ့ ပရိသတ်တွေကို ကျေးဇူးတင်တယ်။

**ဂီတအနေနဲ့ ရတဲ့ဆုအတွက် ပီတိ…။**

ကျွန်တော့်ဘဝမှာ ဂီတနဲ့ပတ်သက်ပြီး မှတ်မှတ်ရရ ရခဲ့တဲ့ဆုအတွက် အမြဲအမှတ်တရဖြစ်နေမှာပါ။ နောက်တစ်ခုက ဒီဆုကိုလည်း ပရိသတ်တွေအတွက် ရည်စူးပြီး အလှူတစ်ခု လုပ်ပေးမှာပါ။ အချိန်ရရင် တစ်ရက်မှာ လှူပေးဖြစ်မှာပါ။ ဘယ်လိုလှူဖြစ်မလဲဆိုတာကိုတော့ တိုင်ပင်လိုက်ပါဦးမယ်။ တကယ်လည်း လိုအပ်တဲ့နေရာ၊ ထိရောက်ပြီး ပရိသတ်ရော ကျွန်တော်ရော သွားရလာရတာ အဆင်ပြေမယ့်နေရာတစ်ခုမှာ လှူဖြစ်ဖို့ များပါတယ်။

**၂၀၁၈ က နေတိုးအတွက် ဘယ်လိုနှစ်လို့ ပြောလို့ရလဲ။ ထူးခြားမှုတွေနဲ့ နှစ်လို့ပြောရမလား။**

အားလုံးသိတဲ့အတိုင်းပဲလေ ၂၀၁၈ တော့ ကျွန်တော့်အတွက် ခံစားမှုတွေ အများကြီးရှိခဲ့တဲ့ နှစ်တစ်နှစ်လို့ပဲ ကျွန်တော် အမှတ်ရနေမှာပါ။ ဘဝတစ်ဆစ်ချိုးမှာ ခံစားမှုအများကြီး စုံစုံလင်လင်ရှိတဲ့၊ ခံစားမှုတွေ အများဆုံးပေးလာတဲ့နှစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြောချင်ပါတယ်။

**၂၀၁၉ အတွက် Plan.**

၂၀၁၉ မှာ အနုပညာနဲ့ပတ်သက်ပြီးတော့ပဲ ကျွန်တော်တို့ အားထုတ်သွားဖို့ ရှိပါတယ်။ အထူးသဖြင့် ရုပ်ရှင်ပေါ့။ သရုပ်ဆောင်ပိုင်းနဲ့ပတ်သက်ပြီး ဖန်တီးမှုတွေကို ကျွန်တော် ပိုပြီး အား ထုတ်သွားမယ်။ ပရိသတ်တွေ အခုထက်မက စိတ်ကျေနပ်မှုရှိစေနိုင်မယ့် ဇာတ်ရုပ်ဖန်တီးမှုတွေကိုပဲ ကြိုးစားပြီး ဖန်တီးသွားမှာပါ။

နေတိုးက ကုန်ခဲ့တဲ့နှစ်တွေမှာ ဇာတ်ကားရိုက်ကူးမှုတွေ များခဲ့ပေမဲ့ ၂၀၁၉ ခုနှစ်ထဲမှာတော့ ရုပ်ရှင်ကားကြီးကို အများဆုံး ၇ ကား၊ ၈ ကား ဝန်းကျင်လောက်မှာပဲ ရိုက်ဖြစ်မယ်လို့လည်း ဆိုပါတယ်။

■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com

One Minute Interview

# ကိုယ့်ကိုယ်ကို အားမရသေးတဲ့ အလတ်ကောင်

မနှီးသူ

ပြောင်းလဲမှုနဲ့ အသစ်အဆန်းကို ကြိုက်တဲ့သူတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ ကျော်ထက်အောင်က နှာခေါင်းခွဲစိတ်ပြုပြင်အပြီး ပြောင်းလဲမှု မျက်နှာအသစ်နဲ့ နှစ်သစ်မှာ **ကိုယ်ပွား** ဇာတ်ကားရိုက်ကူးမှာပါ။ Music သမားတစ်ယောက်ရဲ့ဘဝကိုအခြေခံထားတဲ့ ဇာတ်လမ်းဖြစ်ပြီး သီချင်းတွေကြိုက်တဲ့၊ သီချင်းတွေလည်း ဆိုနေပြီဖြစ်တဲ့ ကျော်ထက်အောင်ရဲ့ **ကိုယ်ပွား** အကြောင်း ခုလို သိခဲ့ရပါတယ်။

**'ကိုယ်ပွား' ထဲက Music သမားဘဝအတွက် ပြင်ဆင်ရတာတွေက ဘယ်အပိုင်းတွေ ပိုများလဲ။**

အမှန်တကယ်တော့ Musical အပြည့်ရိုက်ချင်တာ။ အပြည့်ရိုက်ဖို့ကျတော့ အချိန်က တအားယူရမယ်။ အများကြီးလည်း လိုအပ်တယ်လေ။ စကားပြောတာအစ၊ စိတ်ညစ်နေတာ၊ ရန်ဖြစ်နေတာကအစ သီချင်းနဲ့ ရန်ဖြစ်နေရမယ်။ အဲဒီလိုမျိုးကျတော့ သီချင်းတွေရေးရမယ်။ Music တွေသွင်းရမယ်။ ကိုယ်တိုင်ဆိုမှ ပိုကောင်းမှာပေါ့။ လာလာလန်းတို့၊ ဘိုဟီးမီးယားတို့၊ ဂလီးစ်တို့လို ပုံစံ အဲဒီလိုမျိုးပေါ့။ အဲဒီလိုအထိကို ရိုက်ချင်တာပေါ့။ ဒါပေမဲ့ ဒါကတော့ Music ကိုပဲ Base လုပ်ထားတာပါ။ ဒီထဲမှာ musician လေးတစ်ယောက် ပါတယ်လို့ပဲ Base လုပ်ထားပါတယ်။ အိမ့်ချစ်နဲ့ဆိုသလို မင်းသား ကျော်ထက်အောင်က အိမ့်ချစ်နဲ့ တွဲဆိုတာမဟုတ်တော့ဘူး။ ဒီရုပ်ရှင်ထဲမှာတော့ ခွန်ဆင်ကပဲ တွဲဆိုတာပေါ့။ ခွန်ဆင်ကပဲ အဆိုတော်ခွန်ဆင်ဖြစ်နေတာဆိုတော့ လေယာဉ်တွေ၊ အသံတွေ၊ ဂစ်တာတီးတာတွေ၊ ကော့ဒ်ကိုင်တာကအစ ဟာသဖြစ်လို့ မရတော့ဘူး။ ဒီလက်သည်းဆို ဟိုထိပ်အထိ ညှပ်ပစ်ရတော့မှာ။ အဲဒီလိုမျိုးတွေ အများကြီး ပြင်ဆင်ရတယ်။

**ဂီတသမားတစ်ယောက်ရဲ့ Fashion ဆိုတာကို ဘယ်လိုအခြေခံထားလဲ။**

အဓိကကတော့ Music နဲ့ Fashion က တွဲနေတာဆိုတော့ Fashionကိုရွေးတာပေါ့။ ဘယ်လို Music အမျိုးအစားလဲပေါ့။ Fashion အခြေခံကတော့ Music ကပဲလာတာလေ။ Country Rock ပေါ့။ Pop ဆိုတာကိုပဲ အခြေခံထားပေမဲ့ အကုန်ကြိုက်တာ Country ပေါ့။ Country အစစ်ကျတော့လည်း တစ်ကားလုံးဆိုရင် ပျင်းသွားမယ်လေ။ ဒီမှာ Country ကြိုက်ကြတဲ့သူ ရှားတယ်လေ။ တစ်ပုဒ်လောက်ကို အောင်မြင်တယ်။ အဲဒီတစ်ပုဒ်နဲ့အောင်မြင်ပြီးတော့ ရှိုးပွဲတွေ ပတ်ဆိုကြတယ်။ ပြီးတော့မှ Album လေးတစ်ခွေ ထပ်ထွက်ထားတယ်ဆိုတဲ့ လူငယ်အုပ်စုပုံစံပေါ့။

**အမြွှာဆိုတဲ့နေရာမှာ ကွဲထွက်အောင် ဘယ်လိုစိတ်ကူးဖန်တီးမလဲ။**

ဒီမှာက ဖက်ရှင်ပိုင်းကိုတော့ နှစ်ယောက်ဆိုတော့ နှစ်မျိုးစီစဉ်ရတယ်။ တစ်ယောက်က ကြွပ်ဆတ်ဆတ်နဲ့ လေလွှင့်ဂျလေဘီစတိုင်လေး လုပ်ရမယ်။ နောက်တစ်ယောက်က အဆိုတော်ဆိုတော့ သူကြိုက်တဲ့ Music ပေါ်မှာ အခြေခံယူခဲ့ရတဲ့ အခြေအနေရှိတယ်။ အဲဒီနှစ်ခုအတွက် ပြင်ဆင်ရတာပေါ့။အဆိုတော်ရဲ့ဖက်ရှင်ကျတော့ အပြင်မှာ ပြန်ဝတ်ဖို့ဆိုတာ တော်တော်လေး ခဲယဉ်းပါတယ်။ Country ဒေါက်တွေ၊ Country Shirt တွေ၊ ဦးထုပ်တွေပေါ့။ Country အပြည့်တော့ မဟုတ်ဘူးပေါ့နော်။ အပေါ်တီရှပ်လေးနဲ့၊ Country ဘွတ်ဖိနပ်နဲ့၊ Country ဘောင်းဘီနဲ့၊ ဦးထုပ်လေးဆောင်းပြီး သီချင်းဆိုတဲ့ ပုံစံမျိုးပေါ့။ Music ကိုတော့ ကြိုက်တယ်။ ကိုညီထွဋ်တို့လို အပြည့်ဝတ်တဲ့ပုံစံမျိုးတော့ မဟုတ်ဘူးပေါ့။ နှစ်ကိုယ်ခွဲကာရိုက်တာနှစ်မျိုး၊ အမြွှာညီအစ်ကိုနှစ်ယောက်ပေါ့။ တက်တူး Artist ကိုပါ ငှားထားရတာ။ အမြွှာပူးကာရိုက်တာလိုမျိုးထက်ကိုမှ သမားရိုးကျ ရိုက်လာတဲ့ အမြွှာတွေထက် ကွဲချင်တာပေါ့။ သမားရိုးကျအမြွှာတွေကတော့ တစ်ကောင်က လိမ္မာတယ်။ တစ်ကောင်က ယဉ်ကျေးတယ်။ တစ်ယောက်က ဖေဖေ့ဆီ ရောက်တယ်။ တစ်ယောက်က မေမေ့ဆီရောက်တယ်။ ဒီလိုမျိုးပုံစံကနေ ကွဲချင်တာပေါ့။ အဲဒါကြောင့်လည်း ပရိသတ်က စဉ်းစားရမယ့်အခန်းတွေလည်း ပါလာတယ်။ ဒါက ခွန်ဆင်လား၊ မူဝံလား ဆိုတာမျိုး ဖြစ်စေမယ့် အခန်းလေးတွေပါတယ်။

**သီချင်းလည်း စ,ဆိုနေတယ်ဆိုတော့ ဂီတနဲ့တော့ မစိမ်းဘူး မဟုတ်လား။ မြန်မာနိုင်ငံက ဂီတ၊ ကမ္ဘာက နာမည်ကျော်ဂီတတွေရော လေ့လာဖြစ်လား။**

ကမ္ဘာ့ဂီတထက် ကိုယ့်နိုင်ငံက ဂီတလောကသားတွေ ပြက်ရယ်မပြုအောင်တော့ ဦးစားပေးရမယ်ပေါ့နော်။ ကိုညီထွဋ်ဖြေသလိုပေါ့။ ကျွန်တော်တို့က ရူးလို့ လုပ်တာတဲ့။ မအောင်မြင်လည်း လုပ်နေမှာပဲ။ အချိန်တန်လည်း သီချင်းထ,ဆိုနေမှာပဲ။ အဲဒီလို ကာရိုက်တာမျိုးဖြစ်အောင် သွင်းထားရမှာ။ တီးတတ်ခေါက်တတ်ရုံနဲ့မပြီးဘူးပေါ့။ ဆိုပုံဆိုပေါက်ကအစ နောက်တစ်ခု ကိုယ်က Music နဲ့ မဝေးတဲ့လူပေါ့။ Music show တွေကနေ တက်လာတာ။ ကိုယ်ရဲ့အစ်ကိုကိုယ်တိုင်က အရင်က Bass တီးတဲ့သူ။ ယောက်ဖကလည်း Lazy Club က ကိုနိုင်ဇော်။ အဲဒီအခါကျတော့ Musicနဲ့ သိပ်မဝေးကြဘူး။ ကိုယ်တိုင်ကလည်း MyanmarIdolက တက်လာတာဆိုတော့ ကိုယ်တိုင်သာ



www.burmeseclassic.com

www.burmeseclassic.com

သီချင်း မဆိုတတ်တာ၊ ဆိုပုံဆိုပေါက်တွေ၊ ဘယ်လိုဆိုရင်ကောင်းမယ်ဆိုတာတွေ နားလည်တယ်ပေါ့။

**ခုချိန်ထိ ကိုယ့်ရပ်တည်မှုအပေါ် ခံစားမှုက…။**

အမှန်အတိုင်း ကိုယ့်ဟာကိုယ်ဝန်ခံရမယ်ဆို ကိုယ့်ကိုယ်ကိုတော့ အားမရသေးဘူးဖြစ်နေတယ်။ နေရာတစ်ခုမရောက်သေးဘူးလို့ ခံစားနေရတယ်။ အငယ်တန်းမှာလည်း မရှိဘူး။ အကြီးတန်းမှာလည်း ရှိလားဆိုတော့ မရှိဘူး။ ဟိုမရောက် ဒီမရောက်နဲ့အလတ်ကောင်လိုပေါ့။ မွေးကတည်းက လပ်နေတာပေါ့။ အသက်အရွယ်ကြောင့်လည်းပါမယ်။ နောက်ပြီး ကိုယ်ရပ်တည်နေရတဲ့ Career ကြောင့်လည်းပါမယ်။ နောက်တစ်ခု Production တစ်ခုတည်းနဲ့ပဲ လက်တွဲနေတာကြောင့်လည်းပါတယ်လို့ ထင်ပါတယ်။

ကျော်ထက်အောင်က ၂၀၁၉ ထဲမှာ သက်နိုက်သီချင်းလေးတစ်ပုဒ် လုပ်မယ်လို့ သိရပါတယ်။ "ပြီးရင်နာမည်ကြီး မိန်းကလေးအဆိုတော်တစ်ယောက်လောက်နဲ့ တွဲဆိုမယ်။ ရည်ရွယ်ချက်ပေါ့နော်။ Plan ချထားတာပေါ့။ အိမ့်ချစ်နဲ့က သူ့မေမေကိုယ်တိုင်က ဖုန်းဆက်ပြီး ချီးကျူးထားတာ။ ညီမလေးနဲ့ တစ်ပုဒ်လောက်လုပ်ကြရအောင်လို့ ဆိုပြီးတော့ပေါ့။ လုပ်မယ်။ နောက်ပြီး တေးရေးဆရာကောင်းကောင်းတစ်ယောက်နဲ့ တစ်ပုဒ်လောက်ရေးပြီးတော့ Online ပဲတင်မှာပေါ့နော်" လို့လည်း ကျော်ထက်အောင်က ပြောပြပါတယ်။ ■ **မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com

One Minute Interview

# ONE MAN SHOW ဆို ပေါက်သီချင်းတွေပဲ တင်ဆက်ချင်တဲ့ လွှမ်းပိုင်

မန်းသူ

သီချင်းတွေလည်း ဆို၊ ရုပ်ရှင်တွေလည်း ရိုက်နေတဲ့ လွှမ်းပိုင်က ၂၀၁၈ ခုနှစ်ကို ကိုယ်တိုင်လည်း သရုပ်ဆောင်၊ ထုတ်ဝေသူအနေနဲ့လည်း တစ်ထောင့်တစ်နေရာက ပါဝင်ထားတဲ့ **ကိုယ်စောင့်နတ်** ရုပ်ရှင်နဲ့ နှုတ်ဆက်နိုင်ခဲ့ပါတယ်။ လွှမ်းပိုင်က တစ်နှစ်ကို ရုပ်ရှင်တစ်ကားနှုန်းရိုက်ဖြစ်နေပြီး ဂီတအစီအစဉ်၊ One Man Show စိတ်ကူးတွေ ရှိတယ်ဆိုတာကြောင့်…။

**ဒါရိုက်တာ ဝင်းလွင်ထက်နဲ့ နောက်ထပ်ဘာတွေ လုပ်ဖို့ ရှိဦးမလဲ။**

ကျွန်တော်ရယ်၊ ကိုထက်(ဒါရိုက်တာ ဝင်းလွင်ထက်)ရယ် ပေါင်းပြီးတော့ ၂၀၁၉ မှာ တစ်ကား ထပ်ရိုက်ဖို့ ရှိပါတယ်။ ပိုပြီးနက်နဲတဲ့ဇာတ်ပေါ့။ ဆိုလိုတာက Entertainment ကားပါပဲ။ ပညာပေးကားတော့ ကျွန်တော် မရိုက်ဘူး။ ဒရာမာလည်း မရိုက်ဘူးလို့ ကျွန်တော် စဉ်းစားထားတယ်။ဖျော်ဖြေမှုရသ မြောက်တဲ့ကားမျိုးပဲ ရိုက်မှာပါ။ ကျောင်းသားကားမျိုးပဲပေါ့။ လူငယ်ဆန်ဆန်နဲ့ ကျွန်တော် ရိုက်နေကျမဟုတ်တဲ့ကားမျိုး ဖြစ်မယ်။ fb မှာ ဟာသ၊ ဝတ္ထုတိုလေးတွေ ရေးတင်နေတဲ့ ဇေယျာ ဆိုတဲ့ သူနဲ့ပေါင်းလုပ်မယ့် ဇာတ်လေးပါ။

**အဲဒီကားမှာလည်း ထုတ်ဝေသူပဲလား။**

တစ်စိတ်တစ်ဒေသပေါ့ဗျာ။ အပြည့်ကြီးတော့ မဟုတ်ဘူး။

**ထုတ်ဝေသူအနေနဲ့ ပါခွင့်ရတာက ကိုယ့်အတွက် လုပ်ပိုင်ခွင့်ပိုရလား။**

အဲဒီလို ပါဝင်ခွင့်ရတာက ပိုပြီးတော့ ပျော်ဖို့ကောင်းတယ်ဗျ။ ကိုယ်လုပ်ချင်တာကို ပိုပြီးတိုင်ပင်ခွင့်ရတယ်။ ပိုပြီး လုပ်ခွင့်လည်းရတယ်။ တွဲလုပ်ဖြစ်တာကလည်း ကိုထက်နဲ့ဆိုတော့ သူနဲ့က အကြိုက်တူတာတွေများတယ်။ တိုင်တိုင်ပင်ပင်နဲ့ လုပ်ဖြစ်တော့ ပိုပြီးအားရတယ်။

**အစ်ကိုနဲ့ရော ဇာတ်ကားတွေ တွဲရိုက်ဖို့ မရှိဘူးလား။**

ကိုကြီးနဲ့က ကျွန်တော်က အဲဒီလိုမျိုးရိုက်မယ်ဆိုလည်း ညီအစ်ကိုကားလောက်ပဲ ရိုက်လို့ရမယ်။ ရုပ်က အရမ်းတူနေတာလေ။ မတူညီတဲ့ လူနှစ်ယောက်လည်း သွားလုပ်လို့ မရဘူးလေ။ ရုပ်ကြီးက တအား ဆင်နေတယ်။ အဲဒါကြောင့်။

**ကျော်ဆုကရော ဘယ်လိုလိုင်းမျိုး ပိုအားသန်လို့လဲ။ လွှမ်းပိုင်ကကော…။**

ကိုကြီးနဲ့ ပိုလိုက်တာက အငြိမ်ပေါ့နော်။ ဒရာမာတို့၊ ယောကျ်ားပိုဆန်တဲ့ဇာတ်တို့က သူနဲ့ပိုလိုက်တယ်လို့ ကျွန်တော်မြင်တယ်။ ပရိသတ်တွေကလည်း အဲဒီလိုမျိုးဆို ပိုကြိုက်ပါတယ်။ ကျွန်တော်ကတော့ ပေါ့ပေါ့ပါးပါးနဲ့ Entertainment ဖြစ်တဲ့ ဇာတ်လမ်းမျိုးကို အားသာပါတယ်။

**၂၀၁၉ မှာ အများဆုံး လုပ်ဖြစ်မယ့်အလုပ်တွေက…။**

၂၀၁၉ မှာ သီချင်းခွေ တစ်ခွေ ထွက်မယ်။ ပြီးရင် ရုပ်ရှင်တစ်ကား တင်ဖြစ်မယ်ထင်တယ်။ ကျွန်တော့်ကား တစ်ကား ကျန်သေးတာကိုး။ One Man Show လည်း လုပ်ချင်တယ်။ ကိုယ့်ကိုယ်ကို စိတ်ကျေနပ်မှု မရှိသေးဘူး။ လုပ်ချင်လည်း လုပ်လို့ရတယ်။ မလုပ်လည်း မလုပ်ချင်ဘူး။ ကိုယ့်ကိုယ်ကို သိပ်မကျေနပ်သေးလို့။ ဒါပေမဲ့ နောက်ထပ် စီးရီးခွေတစ်ခွေ ထွက်ပြီးလောက်မှဆို ရပါပြီ။

**ကိုယ့်မှာလည်း ပေါက်သီချင်းတွေရှိတာပဲလေ။**

ကျွန်တော်က တစ်ကိုယ်တော်ဆို အပုဒ်လေးဆယ်လောက်ဆိုမှ ဆိုတော့ အပုဒ်လေးဆယ်လုံး ပေါက်သီချင်း မရှိသေးဘူးလေ။ မပြည့်၊ ပြည့်အောင် ဖြည့်ရင်တော့ ရတာပေါ့။ ဒါပေမဲ့ ကျွန်တော်က ပေါက်သီချင်းတွေချည်းပဲ ဆိုချင်တာ။

**သီချင်းကိုတော့ တစ်နှစ်တစ်ခွေ မထွက်နိုင်ပေမဲ့ ရုပ်ရှင်ကိုတော့ တစ်နှစ် တစ်ကား ပုံမှန်ရိုက်ဖြစ်မယ့် သဘောလား။**

အဲဒီလိုလည်း မဟုတ်ပါဘူး။ သီချင်းတွေလည်း ကျွန်တော် လုပ်ပါတယ်။ အခွေသာ မထွက်ဖြစ်တာပါ။ အခုလည်း ကျွန်တော် သိမ်းထားတဲ့ သီချင်းတွေ ရှိတယ်။ ထုတ်ရမှာကို ကျွန်တော် ပျင်းနေတာ။

လွှမ်းပိုင်က ထက်ထက် (Boby Soxer)နဲ့ တွဲပြီး ဇာတ်ကားရိုက်ဖို့အစီ အစဉ် မရှိသေးဘူးလို့လည်း ဆိုပါတယ်။

"ကျွန်တော်က မတိုက်တွန်းဘူးလည်း မပြောဘူး။ တိုက်တွန်းတယ်လည်း မပြောဘူး။ သူကိုယ်တိုင်က စိတ်မပါတာ။ သူလုပ်ချင်လည်း လုပ်လို့ ကျွန်တော်က ပြောတာ သူက မလုပ်ချင်ဘူးဆိုတော့ ကျွန်တော်လည်း ဘာမှ မပြောတတ်ဘူး"လို့ ပြောပြခဲ့ပါတယ်။ ■ **မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

One Minute Interview

# ကိုယ်ရရှိတဲ့နေရာကို မဖယ်ပေးဘဲ ဆုပ်ကိုင်ထားဆဲ နေခြည်ဦး

မနိုးသူ

'ချီချီ' လို့ သူ့ပရိသတ်တွေက ချစ်စနိုးခေါ်ကြတဲ့ နေခြည်ဦးက ပထမဆုံး ရုပ်ရှင်ကား **ရန်သူ** နဲ့ တာထွက်ကောင်းခဲ့သူပါ။ ၂၀၁၈ နှစ်ကုန်ပိုင်းမှာပဲ ရုံတင်နိုင်ခဲ့တဲ့ **ရန်သူ** ထဲက နေခြည်ဦးကို သရုပ်ဆောင်အဖြစ် ပရိသတ်က အမှတ်ပေးခဲ့ကြပါတယ်။ Beauty Blogger ဘဝနဲ့ နာမည်ထူထောင်ထားနိုင်ရုံနဲ့ ရပ်တန့်မနေဘဲ ရုပ်ရှင်ကားတွေမှာပါ သရုပ်ဆောင်လာတဲ့ နေခြည်ဦးက လေးကားမြောက်ရုပ်ရှင်ကားကို နှစ်သစ်မှာ စတင်ရိုက်ကူးနေပါပြီ။ ဇာတ်ရုပ်ဆန်းဆန်းလေးတွေနဲ့ Ro တတ်တဲ့ နေခြည်ဦးနဲ့တွေ့မိတဲ့ခဏ…။

**ကိုယ့်ရဲ့ပွဲဦးထွက်ရုပ်ရှင်ကား 'ရန်သူ' က ပွဲဦးထွက်ကောင်းခဲ့တော့ နောက်ကားတွေမှာ ယုံကြည်မှုပိုနေပြီပေါ့။**

ယုံကြည်မှုဆိုတာထက် Challenge ပိုဖြစ်တာပေါ့။ ကိုယ့်ပထမဦးဆုံးကားကျတော့ ကိုယ် သရုပ်ဆောင်သိပ်မကောင်းရင်တောင် ပရိသတ်က ဩော် ဒါက သူ့ပထမဆုံးကားပဲလို့ နားလည်ပေးလို့ရတယ်။ အခုကျတော့ ကိုယ့်ပထမဆုံးကားလေးမှာ ကိုယ်က နေရာတစ်နေရာရသွားတော့ နေခြည်က နောက်ကားတွေရော ဘယ်လိုကောင်းအောင် လုပ်ဦးမှာလဲဆိုတဲ့ Pressure နေခြည့်မှာ အရမ်းရှိတယ်။ တခြားကားတွေလို နေခြည့်မှာ Stylish မခေါ်လို့ မရတော့ဘူး။ မိတ်ကပ်တွေကအစ သေချာပြင်ဆင်ရတော့မယ်။ ဒုတိယကားမှာ ဝွမ်းရင် နေခြည် တစ်သက်လုံး ဝွမ်းမှာလေ။ အဝွမ်းတော့ မခံနိုင်ဘူးဆိုတော့ နောက်ကားတွေမှာ နေခြည် Pressure ပိုများပါတယ်။

**ဒီဇာတ်ကားကို လက်ခံဖို့ ရင်ခုန်သွားမိတဲ့အကြောင်းအရာက…။**

ဒီဇာတ်ကို နေခြည် ရင်ခုန်သွားမိတဲ့အကြောင်းက နေခြည်က ရှေ့ကားတွေမှာ ကိုယ်ကချည်းပဲ ချစ်ခဲ့ရတာ။ ဒီကားမှာတော့ ကိုယ်က အချစ်ခံရမယ့်သူ။ ပြီးတော့ Fashion Designer ဇာတ်ရုပ်ဆိုတော့ ရုပ်ရှင်ထဲမှာ ဒီဇာတ်ရုပ်မျိုးက သိပ်မတွေ့မိသေးဘူးလေ။ ဒီတော့ ကိုယ်ချပြရင်ချပြသလောက် ပရိသတ်မှတ်မိနေမယ်လို့ နေခြည် ထင်တယ်။ ဒါကြောင့် လက်ခံဖြစ်လိုက်တာပါ။

**အခု ဒီကားမှာက ဒီဇိုင်နာဖြစ်တဲ့အတွက် ပြင်ဆင်တာတွေမှာ သူငယ်ချင်းဒီဇိုင်နာတွေဆီက ယူတာတွေ ရှိတယ်ဆိုတော့ ပြည်ပ ဒီဇိုင်နာတွေထဲက အကြိုက်တွေ ယူတာမျိုးရော ရှိလား။**

နေခြည် အရမ်းကြိုက်တဲ့ ဒီဇိုင်နာက ချန်နက်ဘူဖစ်ပါ။ သူက ၂၀၀၉ လောက်ကတည်းက ဆုံးသွားပါပြီ။ သူ့ကို အရမ်းကြိုက်တယ်။ သူက အရမ်း Creative ဖြစ်ပြီး Crazy Boy ဖြစ်နေတာပေါ့။ ဒါပေမဲ့ သူ့ကိုတော့ နေခြည်က Reference ယူလို့မရဘူး။ သူကိုယ်တိုင်က ရူးသွပ်နေတာဆိုတော့လေ။ ပရိသတ်တွေရှေ့မှာ ရူးတဲ့ပုံလည်း လုပ်လို့ မရဘူးလေ။ ဒီထဲမှာက နေခြည်က အနုပညာကိုလည်း အရမ်းရူးတဲ့ တက်သစ်စကောင်မလေးတစ်ယောက်အနေနဲ့ သရုပ်ဆောင်ရမယ်။ အဲဒီအတွက် ဝတ်ပုံစားပုံလေးကအစ အရမ်းကြီး ဂေါ်နေတာမျိုးမဟုတ်ဘူး။ ကိုယ့်ရဲ့ Creation တွေက ကိုယ့်ရဲ့လက်မှာပဲရှိတယ်။ Sketch ဆွဲတာတွေ၊ Pattern ဆွဲတာတွေပဲ ချပြချင်တာဖြစ်တဲ့အတွက် နေခြည့်သူငယ်ချင်းကို နေခြည်က ပြန်သင်ခိုင်းတယ်။ ပြီးတော့ ဒီကားထဲမှာ နေခြည် ချပြချင်တဲ့ အရောင်လေးတွေ၊ အင်္ကျီလေးတွေကအစ သူငယ်ချင်း ဒီဇိုင်နာတွေဆီက ဆွဲထားတယ်။ ကိုယ်တိုင်ကတော့ အသားရောင်တို့၊ မီးခိုးရောင်တို့ ပိုဝတ်ဖြစ်ပေမဲ့ ကိုယ်ဖန်တီးတာတွေကိုတော့ ရောင်စုံပြချင်တာပေါ့။

**အချစ်ကားမှာ နေခြည့်ကို အခက်တွေ့စေတဲ့ သရုပ်ဆောင်မှုက…။**

သိပ်မရှိဘူး။

**ကိုယ်ကချည်းပဲ ချစ်ပြရတဲ့ဇာတ်ရုပ်အတွက် အခက်ကရော…။**

သိပ်မရှိဘူး။ နေခြည်က သိပ်မကြောက်တတ်ဘူး။ ဖက်တာတို့၊ ရိုမန့်ခန်းတို့ ဘာလာလာ ကိုယ်က အေးဆေးပဲ။ ဒါပေမဲ့ အချစ်ခံရမယ့်ပုံစံလေးတော့ ရိုက်ကြည့်ချင်တယ်။ ဒီကားမှာက ခေတ်လူငယ် ကောင်လေးနဲ့ကောင်မလေးတို့ရဲ့ ရိုမန့်ဇာတ်ဆိုတော့ အဆင်ပြေပါတယ်။

**အပြင်မှာလည်း နေခြည်က ရိုတတ်သူပဲလား။ အချစ်ခံရသူပဲလား။**

အရမ်း… အရမ်း။ အချစ်ခံရသူလားဆိုတော့ အခုက တစ်ယောက်တည်းပဲဆိုတော့ ဘယ်လိုပြောရမလဲ… ချစ်ခံရတာ များပါတယ်။

**အခုချိန်မှာ နေခြည်က စရိုက်ခါစ ဇာတ်ရုပ်နည်းနေသေးတဲ့အတွက် စုံအောင်ပဲ လက်ခံဖြစ်လား။ ကိုယ် ရိုက်ချင်တာပဲ ရွေးချယ်ဖြစ်တာလား။**

အခုလက်ရှိကတော့ ဇာတ်ရုပ်အရမ်းရွေးချယ်မှုတော့ နေခြည် မလုပ်သေးဘူး။ ဒါပေမဲ့ ကိုယ်ရတဲ့ကားတွေအကုန်လုံးကလည်း ကိုယ်ကအသစ်ဆိုတော့ ဇာတ်ရုပ်တွေကလည်း အသစ်အဆန်းတွေချည်းပဲလေ။ နေရာတစ်နေရာရမယ်၊ ဇာတ်



www.burmeseclassic.com




# ကြုံရာဆုံရာ တစ်မိနစ်တာ

ညွှန်းလည်း ကောင်းတယ်ဆိုရင် နေခြည် ရိုက်ဖြစ်ပါတယ်။ အခုလက်ရှိ နေခြည်တောက်လျှောက်ရိုက်ဖြစ်နေတာကတော့ ကိုမိုးနီလွင် ဇာတ်ညွှန်းတွေချည်းပဲ။

**အခုက သရုပ်ဆောင်အလုပ်တွေလည်း ပိုလုပ်လာပြီဆိုတော့ ကိုယ့်ရဲ့ Beauty Blogger Page ကိုရော ဘယ်လိုတွေဆက်ဖို့ စီစဉ်ထားလဲ။**

နေခြည့်ရဲ့ Beauty Blogger Page လေးကို Review ရေးလို့ရှိရင် နေခြည်ရေးရမယ်မဟုတ်ဘဲနဲ့ နေခြည်ရေးတဲ့ပုံစံနဲ့၊ နေခြည့် Team က ရေးတဲ့ပုံစံနဲ့ Represent လုပ်ပြီးရေးချင်တယ်။ အဲဒါမှလည်း နေခြည် ရေးနိုင်တော့မယ်။ တချို့ဆိုရင် နေခြည် ပစ္စည်းလေးတွေသုံးကြည့်တာ အရမ်းကြိုက်တယ်။ ဒါပေမဲ့ သုံးဖို့ အချိန်မရှိတော့ဘူး။ Recording လေးပေးပြီးတော့ တစ်ယောက်ယောက်က ရေးပေးတာမျိုးတွေ၊ နေခြည့်ကို ဇာတ်ပုံလှလှ ရိုက်ပေးတာမျိုးတွေ နောက်ပိုင်း ပိုလုပ်မယ်။ အဲဒီလိုလုပ်ရင် နေခြည် Beauty ဘက်ရော၊ ဒီဇိုင်းဘက်ရော၊ ဖက်ရှင်ဘက်ရော ပိုချပြနိုင်မယ်လို့ ထင်တယ်။ အခုတော့ နေခြည်တို့ ရွေးချယ်နေပါတယ်။ စိတ်ဝင်စားသူတွေရှိရင် နေခြည့်တို့ Page မှာ အလုပ်လျှောက်လို့ ရပါတယ်။ Editor တွေရော၊ Photographer တွေရော အများကြီး စုနေပါတယ်။ နောက်ပိုင်းဆိုရင် နေခြည်တစ်ယောက်တည်း မဟုတ်ဘဲ နေခြည့် Team တစ်ခုလုံးအနေနဲ့ Represent လုပ်ပေးမှာပါ။

**မိဘတွေရဲ့ စီးပွားရေး 'စိမ်းလဲ့တင်' ကိုလည်း ပေးတော့မယ်လို့ကြားတယ်။ အဲဒါကိုရော နေခြည် ဘယ်လိုလုပ်ဖို့ စဉ်းစားထားလဲ။**

မဖြစ်နိုင်ဘူး။ မိဘအမွေဆက်ခံပြီး အလုပ်လုပ်ဖို့ မဖြစ်နိုင်ပါဘူး။ ကိုယ့်မှာက ကိုယ့်စီးပွားရေးနဲ့၊ ကိုယ့်ရုပ်ရှင်လေးနဲ့ ကိုယ့်ရဲ့ Blogging လေးနဲ့ တော်တော်ကို များနေပါပြီ။ ပြီးတော့ မွေ့ခံထိုက်စေပါ။ အမွေဆိုတာ ထိုက်မှရတာ။ သူတို့ပေးရင်လည်း နေခြည်က ကျေကျေနပ်နပ်ကြီးယူမှာ။ ဒါပေမဲ့ နေခြည့်စိတ်ထဲမှာ တစ်ယောက်တည်း လက်ဝါးကြီးအုပ်မယ်လို့ စိတ်ကူးမရှိဘူး။ မောင်လေးနဲ့ညီမလေး ရှိသေးတယ်။ မိဘတွေက လွှဲပြီးလို့ရှိရင် နေခြည် သုံး၊ လေးနှစ်တော့ အချိန်ယူမယ်။ ပြီးရင် မောင်လေး၊ ညီမလေးကို ပြန်လွှဲပေးမယ်။

နေခြည်ဦးက 'ခရီးသွားကောက်ကြောင်း' ရိုက်ကူးရေးတွေမှာလည်း ပါဝင်ရိုက်ကူးပေးပါတယ်။ 'ခြေလှမ်းသစ်တွေသာ နေခြည် သွားတာ။ နေခြည့်ဘက်က ကိုယ်ရရှိထားတဲ့ နေရာလေးတစ်ခုကိုတော့ သေချာ ဆုပ်ကိုင်ထားတယ်။ အဲဒီနေရာကို မဖယ်ပေးသေးဘူး။ နေခြည် ကတော့ သရုပ်ဆောင်မလုပ် ခင်ကတည်းက Life Style ဘက်ကို ပိုသွားတယ်။ မိတ် ကပ် တစ်ခုတည်းမဟုတ်ဘဲနဲ့ ဖက်ရှင်တွေ၊ Life Style တွေ ပိုပြီးချပြတယ်။ မှုပြီးတော့ လုပ်ပါတယ်' လို့လည်း ပြောပြခဲ့ပါတယ်။

■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com

One Minute Interview

# အဖေ့ကို မမီသေးဘူး ဆိုတဲ့ဒါရိုက်တာ ပွင့်သီဂီဇော်

မန်းသူ

လူငယ်ဒါရိုက်တာ ပွင့်သီဂီဇော်က ဖခင် ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)ရဲ့ ခြေရာနင်း၊ ဒါရိုက်တာဘဝနဲ့ ဇာတ်ကားတွေ ရိုက်ကူးနေပြီး အဖေနဲ့အတူ ဖန်တီးတဲ့အနုပညာတွေလည်း ရှိနေပါတယ်။ လတ်တလော ရုံတင်နေတဲ့၊ အဖေက ဒါရိုက်တာ၊ အမေက ဇာတ်ညွှန်းအဖြစ် ဖန်တီးရိုက်ကူးထားတဲ့ **ရည်းစားတစ်ဝမ်းကွဲ** ရုပ်ရှင်ကားကြီးမှာလည်း ပွင့်က Edit အနေနဲ့ ပါဝင်ထားပါသေးတယ်။ 'ခေတ်သစ်အရဏ်ဦး'မိသားစု ကိုယ်ပိုင်တိုက်က ပွဲဦးထွက် ရုပ်ရှင်ကားကြီးတစ်ကားကိုလည်း ဖန်တီးရိုက်ကူးထားတယ်ဆိုတဲ့ ဒါရိုက်တာ ပွင့်သီဂီဇော်နဲ့ တွေ့ဆုံဖြစ်တဲ့အခါ…။

**'ရည်းစားတစ်ဝမ်းကွဲ'မှာ ပွင့်လည်း ပါဝင်ကူညီခဲ့တယ်ဆို။ အဲဒီကားကလည်း ပွင့်အဖေ ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)ရဲ့ရိုက်နေကျပုံစံလည်း မဟုတ်ဘူးနော်။**

**ရည်းစားတစ်ဝမ်းကွဲ** ကားလေးကို ပွင့်က Edit လုပ်ပေးဖြစ်တယ်။ နောက်ပိုင်းတွေမှာ အစ်မတို့က တခြားသူတွေနဲ့ ပြန်ပြင်တာတွေလည်း ရှိတော့ရှိတယ်။ ဒီကားကို ပွင့်က Edit လုပ်ကတည်းက အရမ်းကြိုက်တယ်။ စိုင်းစိုင်းနဲ့ဖွေးဖွေးတို့ နှစ်ယောက်က အရမ်းချစ်စရာကောင်းတယ်။ ရိုမန့်ကော်မဒီက ဖေကြီး ရိုက်နေကျပုံစံတော့ မဟုတ်ဘူး။ တကယ်က ဟိုးတုန်းက ဖေကြီးက ဗီဒီယိုခေတ်တုန်းကဆို ရိုမန့်တွေ၊ ဒရာမာတွေပဲ ရိုက်ရတာ။ နောက်ပိုင်းတော့ ဘယ်လိုဖြစ်သွားလဲ မသိဘူး။ သူ ရှာဟာသတွေမှာ တအားပေါက်ပြီးတော့ ဟာသတွေပဲ အရမ်းရိုက်ရတယ်။ အခု ဒီကားကို စ,ရိုက်တဲ့အချိန်မှာတောင် ပထမတော့ ဖေကြီး ရိုက်တယ်လို့တောင် မသိကြဘူး။ ပွင့်က Share တော့ ပွင့် ရိုက်တယ်ပဲထင်ကြတာ။

**ဒီကားလေးက ကြာပြီဆိုတော့ ပွင့်ကရော အဲဒီကား ရိုက်နေတုန်းက ဒါရိုက်တာစ,လုပ်နေပြီလား။ အဖေ့ကို ဝိုင်းကူညီပြီး ပညာယူနေတဲ့အချိန်လား။**

ဒီကားလေးက လေး၊ ငါးနှစ်လောက်တောင်ရှိပြီ။ အဲဒီကားရိုက်နေတဲ့အချိန်တုန်းက ပွင့်က MTV တို့ ဘာတို့တော့ စ,ရိုက်နေပြီ။ ဇာတ်ကားတွေတော့ မရိုက်သေးဘူး။ အဲဒါကြောင့် ဒီကားမှာလည်း အဖေနဲ့အတူ ဝိုင်းလုပ်ပေးတာပေါ့။

**အဖေက ဟာသကားတွေ အရိုက်များတဲ့အတွက် အခုလို 'ရည်းစားတစ်ဝမ်းကွဲ' လူငယ် ရိုမန့်ဇာတ်လမ်း ရိုက်တဲ့အခါ လူငယ်တစ်ယောက်အနေနဲ့ အဖေ့လက်ရာလေးအပေါ် အမြင်က…။**

လူငယ် လက်ရာတော့ မီပါတယ်။ ဖေကြီးက တကယ်တော့လေ ကင်မရာ ဖရိမ်ယူတာတို့၊ ဇာတ်ဖမ်းတာတို့ဆို ပွင့်တို့တွေ ဖေကြီးကို မမီသေးဘူး။ ရှုခင်းလှတာလေးတွေ့လို့ ဖေကြီး ရိုက်ပေးဆိုပြီး ရိုက်တာက လှနေရော။ သူလည်းပဲ ရိုမန့်တွေ၊ ဒရာမာတွေ ရိုက်ချင်တာပေါ့နော်။ ဒါပေမဲ့ ပရိဂျူဆာတွေက အပ်လိုက်ရင် ဟာသပဲဆိုတော့ အဲဒါပဲ ရိုက်နေရတာပေါ့။ ဒါပေမဲ့ သူ့ကိုတော့ နည်းနည်းတော့ ထိန်းရတာပေါ့နော်။ ဟာသအရမ်းအရိုက်များတော့လေ။ အရမ်းအိုဗာဖြစ်တဲ့ဟာသတွေ ဖြစ်မှာစိုးလို့၊ ဇာတ်တွေထပ်မှာစိုးလို့ ပွင့်က လိုက်ထိန်းရတာပေါ့။ အခု ခေတ်အနေအထားနဲ့ မရိုက်သင့်တော့တာတွေလည်း ရှိတယ်။ ဒါပေမဲ့ ခုချိန်မှာ အားလုံးကလည်း ဇာတ်အိမ်ကောင်းလေးတွေ ရိုက်ချင်လာကြတယ်။ သူလည်း လုပ်ချင်တာပေါ့နော်။ ဒါပေမဲ့ အပ်တဲ့သူတွေက ဟာသတွေပဲ အပ်နေကြတော့ ဟာသတွေပဲ ရိုက်နေရတာပေါ့။

**လတ်တလော ကိုယ်တိုင်ရိုက်ကူးဖြစ်နေတဲ့ ဇာတ်တွေရယ်၊ အဖေ့အတွက် ဝိုင်းလုပ်ပေးဖြစ်တဲ့ ကဏ္ဍတွေကရော…။**

ပွင့်ကတော့ ရိုကော် (ရိုမန့်ကော်မဒီ)တွေ အရိုက်များတယ်။ ဟိုးတလောကဆို ရိုမန့်စစ်စစ်ရိုက်ရမယ်ဆိုပြီး ဖြစ်ချင်တော့ ဇာတ်လမ်းက သူများနဲ့ နည်းနည်းဆင်နေလို့ မရိုက်ဖြစ်လိုက်ဘူး။ အပ်တဲ့ကားလေးတွေလည်း ကိုယ်ကြိုက်လို့ပဲ ရိုက်ဖြစ်တာပေါ့နော်။ ဖေကြီးကိုတော့ အကုန်လုံးလိုက်လုပ်ပေးရတယ်။သူက လက်စမသတ်ဘူး။ ဖေကြီးက ရိုက်ရုံပဲ။ ပွင့်က နောက်က အကုန်လက်စသတ်ပေးရတယ်။ တစ်ခါတလေ သူ့ရဲ့ လက်ကျန်တွေ၊ သူမပြီးဘဲ နောက်တစ်ခု ဝင်ရတော့မယ်ဆိုရင် ပွင့်က ဝင်ရိုက်ပေးရတာတွေ လုပ်ပေးရတယ်။

**ပွင့်တို့ မိသားစုက လုပ်ထားတဲ့ဟာလေးတွေလည်း ရှိတယ်ဆို။ အဲဒီအကြောင်း ပြောပြပါဦး။**

ပွင့်တို့ မိသားစုကိုယ်ပိုင်လုပ်ထားတဲ့ ခေတ်သစ်အရဏ်ဦး Production အတွက် ပွဲဦးထွက် ရုပ်ရှင်တစ်ကားလည်း ရိုက်ကူးထားပါတယ်။ကားနာမည်လေးကို **ရည်းစားရွေးနည်း** လို့ ပေးထားပါတယ်။ အဲဒီကားလေးတော့ ရိုက်ထားပါတယ်။

**ကိုယ့်တိုက်က ပွဲဦးထွက် ကားကြီးဖြစ်နေတော့ တခြားကားတွေနဲ့ မတူအောင် ဘယ်လိုဖန်တီးထားလဲ။**

ဒီကားက မဖွေးနဲ့ ကိုမြင့်မြတ်နဲ့ အတွဲလေး



www.burmeseclassic.com

ကြုံရာဆုံရာ တစ်မိနစ်တာ

ရိုက်ထားတယ်။
ရိုက်ကော်လေးပဲ။
ဇာတ်လမ်းကတော့
ပွင့်နဲ့ မေမေနဲ့
ဖရိုမ်ချတယ်။
ရာဇဝင်ကိုက
ဇာတ်ညွှန်းပေါ့။
ကိုမြင့်မြတ်ကို
ပရိသတ် အများစုက
မြင်ကြတာက
ဟာသဖြစ်ရင်ဖြစ်၊
မဟုတ်ရင်
လူဆိုးဂိုဏ်းစတားလို့
မြင်ကြတယ်။
ပွင့်ကတော့ ထူးခြားအောင်
တမင်သက်သက်
အဲဒီကားမှာ
အစ်ကိုကို ချောစေချင်လို့၊
အစ်ကိုရဲ့ချောတာတွေကို
ပြစေချင်လို့
အစ်ကိုကိုချောအောင်
ရိုက်ထားတယ်။
ဒါရိုက်တာ ပွင့်သီဂီဇော်ရဲ့
**ရည်းစားရွေးနည်း**
ရုပ်ရှင်ကားကြီးက
ဒါဗင်အပိုင်း
ရောက်နေပြီဖြစ်ပြီး
မြန်မြန်ရုံတင်ခွင့်ရအောင်
လုပ်နေတယ်လို့
ဆိုပါတယ်။
ဒါရိုက်တာ
ပွင့်သီဂီဇော်အနေနဲ့
အနီးစပ်ဆုံး
ရုံတင်လာနိုင်မယ့်
ဇာတ်ကားအနေနဲ့လည်း
**Marry Me, Play boy** တို့
ရှိနေပြီး ဖွေးဖွေးနဲ့
ရိုက်ထားတဲ့ ပွဲကြမ်းပြီ
ကားကြီးလည်း
ရှိနေတယ်လို့
သိရပါတယ်။

■

**မန်းသူ**





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com




# မငြင်းသင့်ပေမဲ့ အခုအချိန်မှာ ငြင်းဆန်ထားတဲ့ ကာတ်ရုပ်ရှိတဲ့ ထူးအောင်

ခနိုးသူ



www.burmeseclassic.com

www.burmeseclassic.com




"ပုဂံမြို့သူ မှာ ကျွန်တော်က လူဆိုးဆိုတော့ လူမုန်းတော့ များမယ်ထင်တယ်ဗျ" လို့ ဆိုသူက ထူးအောင်ပါ။ ထူးအောင်က မကြာခင်ကမှ ထုတ်လွှင့်သွားခဲ့တဲ့ **ပုဂံမြို့သူ** စီးရီးတွဲမှာ လူဆိုးဖြစ်ရုံသာမက **ကိုယ်စောင့်နတ်** ရုပ်ရှင်ကားကြီးမှာလည်း ကျောင်းသားဆိုးအဖြစ် ပီပြင်စွာတွေ့မြင်ခဲ့ကြရတာပါ။ အားကစားလိုက်စားတဲ့ သရုပ်ဆောင်သစ်တစ်ဦး ဖြစ်ပြီး ကျန်းမာကြံ့ခိုင်လှပတဲ့ ခန္ဓာကိုယ်ကြောင့်လည်း ပရိသတ် သတိထားမိလာတဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ ရိုက်ကူးရေးတွေ စိပ်လာတဲ့ ထူးအောင်နဲ့ သူ့ရဲ့ ဇာတ်ကားကန်တော့ပွဲ တစ်ခုမှာ တွေ့ဆုံမိတာပါ။

**ဝါရင့်သရုပ်ဆောင်၊ ဒါရိုက်တာ ဦးကျော်သူနဲ့လည်း စ,တွေ့ရပြီး ကိုယ်တိုင်အတွက်လည်း ပထမဆုံး စီးရီးတွဲဖြစ်နေတော့ ကြုံရတဲ့ Stress တွေ များခဲ့လား။**

Stress တော့မများဘူးဗျ။ ရိုက်ကွင်းမှာ ကိုယ်တာဝန်ကျေဖို့ပဲ စဉ်းစားနေတာပေါ့နော်။ အကုန်လုံးကလည်း ကျွန်တော့်ကို ဝိုင်း အကြံပေးကြတယ်ဆိုတော့ သူတို့ဆီကနေ ပညာတွေ အများကြီးရတယ်။


**ကိုယ့်အတွက် စီးရီးတွဲမှာ မလုပ်နိုင်တဲ့၊ အားမလို အားမရဖြစ်ခဲ့ရတာတွေရော ရှိခဲ့လား။**

တချို့အခန်းတွေတော့ အားမရဘူးပေါ့။ **စစ်ကိုမုန်း၍ တိုက်ခဲ့သည်** နဲ့ **ပုဂံမြို့သူ** ပတ်ဝန်းကျင်ကာလတုန်းက ဆိုရင် ကျွန်တော်က ဟိုဘက်မှာ စစ်သားကာရိုက်တာကြီးနဲ့ ချက်ချင်း ဒီဘက်ရောက် လာတာဆိုတော့ ဒီဘက်မှာက ကျွန်တော်က လူဆိုး ချက်ချင်းတန်းဖြစ်ရမယ်။ ဒီတော့ ဒီပတ်ဝန်းကျင်နဲ့ ကျွန်တော် ရင်းနှီးမှုမရှိသေးဘူးပေါ့နော်။ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com





ဒီအဖွဲ့တွေနဲ့ ရင်းနှီးမှုရပြီး တဖြည်းဖြည်း နေသားကျလာပြီး ဒီဇာတ်လမ်းထဲ စီးမျောလာတဲ့အခါမှာ ကိုယ်တိုင်လည်း စီးမျောလာတယ်လို့ ခံစားရတယ်။ အဲဒီကာလတွေတုန်းက ကျွန်တော်တကယ်လည်း ကိုကိုလွင် ဖြစ်ခဲ့တယ်။ ဒီဇာတ်လမ်းတွဲမှာပါခဲ့တဲ့ သရုပ်ဆောင်တွေအကုန်လုံးက ကိုယ့်ဇာတ်ရုပ်တိုင်းမှာ စီးမျောခဲ့ကြတာပါ။

**ဦးကျော်သူဆီက ကိုယ်ထင်ထားတာထက် ပိုရခဲ့တာတွေရှိလား။ ဘယ်လိုအရာတွေရခဲ့တယ်လို့ ထင်လဲ။**

တချို့ ရိုက်ကူးရေး Shoot တွေဆိုရင် ကျွန်တော်တို့ မစဉ်းစားမိတဲ့ ရှုထောင့်တွေကနေ သူစဉ်းစားမိတယ်။ ပြီးတော့ ဦးမောင်က ဒါရိုက်တာဆိုပေမဲ့ အမြဲတမ်းလိုလို ပုဂံကို သူက ကြိုသွားတယ်။ Location တွေကြည့်တယ်။ ဘယ်ဇာတ်ဝင်ခန်းမှာ ဘာတွေလုပ်မယ်ဆိုတာကို သူက အမြဲစဉ်းစားနေတယ်။ နေ့စဉ်နဲ့အမျှ ရှုတင်တည်ရင်လည်း ရှုတင်ကို ပထမဆုံး ရောက်နေတဲ့ သူကလည်း သူပါပဲ။ ကျန်တဲ့သူတွေက နောက်မှ ရောက်တယ်။ ကျွန်တော်တို့လည်း နောက်တော့ သူ့ကို အမီလိုက်ကြရတာပေါ့နော်။ မှတ်မှတ်ရရတစ်ခုဆိုရင် မနက်ကတည်းက ညနေ



www.burmeseclassic.com

www.burmeseclassic.com



အထိ ဦးမောင့်နောက်ကို ကျွန်တော်နဲ့ ဒေါင်း တောက်လျှောက်လိုက်တယ်။ ကျွန်တော်တို့ ရိုက်ကူးရေးပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဦးမောင်နောက်ကို တကောက်ကောက်လိုက်တယ်။ နောက်တော့ သားအဖ တွေလို ဖြစ်သွားရော။

**ဟိုတစ်ခါ တွေ့တုန်းက ရုပ်ရှင်ကြီးတွေ ရိုက်မယ်။ သေချာရင် ပြောပြမယ်ဆိုတာ အခုပြောပြလို့ ရလောက်ပြီ ပေါ့။**

ကျွန်တော်က အခုလည်း Media 7 နဲ့ စီးရီးတွဲ ရိုက်နေပါတယ်။ စစ်သားတွေရဲ့ဘဝကို ရိုက်ထားတဲ့ ကားလေးပေါ့။ ရုပ်ရှင်ကတော့ ကိုဘိုဆန်းတို့ဆီကပါ။ ဟာသကားလေးပါပဲ။ ပရိသတ်အတွက် တကယ်ကောင်းတဲ့ကားတွေဖြစ်ဖို့ အာမခံပါတယ်။

**အခု ထူးအောင်အတွက် ဇာတ်လမ်းရွေးချယ်ခွင့်ရော ရှိလာပြီလား။**

ဟုတ်၊ ရှိလာပြီဗျ။ ဇာတ်ရုပ်တစ်ခုကို ပုံဖော်လို့ အရမ်းကောင်းတဲ့ အနေအထားဆိုရင် လုပ်ကြည့်ချင်ပါတယ်။

**ထူးအောင်ကို အခု ဇာတ်ကားတွေ အများကြီး ထွက်မလာခင် ပရိသတ်အသိများလာတာက ထူးအောင်ရဲ့ Body Structure ကြောင့်လို့ရော ပြောလို့ရလား။**

အဲဒီလို ပြောသလိုလည်း ပါမယ်လို့ ထင်ပါတယ်။ နောက်ပိုင်းတော့ ကျွန်တော့်ကို သရုပ်ဆောင်မှုနဲ့ ပတ်သက်ပြီး အားပေးတာမျိုးပဲ ဖြစ်လာဖို့ ကျွန်တော် ကြိုးစားနေပါတယ်။

**ဇာတ်ရုပ်မရွေး သရုပ်ဆောင်နိုင်ဖို့ ကြိုးစားတယ်ဆိုပေမဲ့ အခုအချိန်မှာ မိန်းမလျာဇာတ်ရုပ်မျိုး၊ လိင်တူချစ်သူ ဇာတ်ရုပ်မျိုးဆို ငြင်းပယ်မိမလား။ လက်ခံဖြစ်မလား။**

အခုလောလောဆယ်တော့ ကျွန်တော် အဲဒါမျိုးတွေ မလုပ်ရဲသေးဘူး။ နောက်ပိုင်းတော့ မပြောတတ်ဘူး။ သရုပ်ဆောင်တစ်ယောက် အနေနဲ့ဆိုရင်တော့ မငြင်းသင့်ပါဘူး။ ဒါပေမဲ့ အခု ကျွန်တော် ငြင်းပါတယ်။ မလုပ်ချင်သေးဘူး။ နောက်ပိုင်းကျရင်တော့ အရမ်းကို မိုက်တယ်။ အရမ်းကို ကွာလီဖိုင်း ဖြစ်တယ်။ ကိုယ့်ဘက်က Risk ယူရတာနဲ့တန်တဲ့ အရာမျိုးဆိုရင်တော့ လုပ်ချင်ပါတယ်။ အခုတော့ နည်းနည်းလန့်တယ်။ ထူးအောင်က အခုဆိုရင် တတိယမြောက် စီးရီးတွဲအနေနဲ့ MRTV 4 ရဲ့ ကမ်းလှမ်းမှုကို လက်ခံထားပြီး မကြာခင် ရိုက်ကူးတော့မှာဖြစ်သလို ရုပ်ရှင်ကားကြီးနှစ်ကားလည်း လက်ခံထားတယ်လို့ ပြောပြပါတယ်။

■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com



# ရတဲ့အခွင့်အရေးကို ဆုပ်ကိုင်ပြီး ကြိုးစားနေတဲ့ ကောင်းစစ်သွေး

မန်းသူ

"အရင်တုန်းကတော့ သရုပ်ဆောင်ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ စိတ်တော့ မဟုတ်ဘူး။ သူငယ်ချင်းတွေနဲ့ သင်တန်းတွေလိုက်တက်ရင်း၊ လုပ်ရင်းနဲ့မှ ပိုပြီး စိတ်ပါလာတာ။ အဲဒီကမှ ငါဆက်လုပ်ကြည့်မယ်။ ဖြစ်အောင်လုပ်မယ်ဆိုပြီး ဒီလောကထဲ ရောက်လာတာပေါ့"လို့ သရုပ်ဆောင် မျက်နှာသစ် ကောင်းစစ်သွေးက ဆိုပါတယ်။ ကောင်းစစ်သွေးက **ကိုယ်ပွား** ရုပ်ရှင်ကားကြီးမှာ အသစ်တစ်ယောက်အနေနဲ့ ကျရာအခန်းက ပါဝင်သရုပ်ဆောင်မှာပါ။ မျက်နှာသစ်အတွေအတွက် ခုချိန်မှာ ခြေစမ်းဖို့ အခွင့်အရေးက နည်းပါးနေတာကြောင့် ပရိသတ်နဲ့ အဆက်မပြတ်စေဖို့လည်း ကြိုးစားရတယ်လို့ ကောင်းစစ်သွေးက ဆိုပါတယ်။ "ဘယ်လိုမျိုးပဲဖြစ်ဖြစ် ကိုယ့်အနုပညာကို ပြခွင့်ရဖို့ ရတဲ့အခွင့်အရေးတော့ ဖမ်းဆုပ်ပြီး ကြိုးစားနေပါတယ်"လို့လည်း ပြောပြပါတယ်။ ကောင်းစစ်သွေးအနေနဲ့ **ကိုယ်ပွား** ရုပ်ရှင်က ပထမဆုံး အတွေ့အကြုံတော့ မဟုတ်ပါဘူး။ ခြောက်ကားမြောက်ရုပ်ရှင်ဖြစ်တဲ့အတွက် ရရှိထားတဲ့ အတွေ့အကြုံတွေကို အသုံးချမယ်လို့ ဆိုပါတယ်။ First exprience ကတော့ လူတိုင်းအတွက် ခက်ခဲပြီး၊ စိတ်လှုပ်ရှားမှု၊ ရင်ခုန်မှု၊ စိတ်ညစ်ညူးမှုတွေနဲ့ ဖြတ်သန်းရစမြဲပါ။ ကောင်းစစ်သွေးလည်း အနည်းငယ်တော့ ကြုံခဲ့ရပါတယ်။ နောက်ပိုင်းမှာ ဆက်လှုပ်ရှားရင်း သူကြုံနေရဆဲ အခက်အခဲ ဆိုတာကတော့ ထူးထူးခြားခြားပါပဲ။ ကောင်းစစ်သွေးက ရုပ်ရှင်အတွေ့အကြုံအပြင် ရုပ်သံဇာတ်လမ်းတွေမှာလည်း ပါဝင်သရုပ်ဆောင်ထားပြီး ဆက်လက်ရိုက်ကူးနေဆဲ ဇာတ်လမ်းတွဲတွေလည်း ရှိနေပါတယ်။

"အခက်အခဲဆိုတာကတော့ အလုပ်လုပ်တဲ့သူတိုင်း၊ စလုပ်တဲ့ အသစ်တိုင်း ကြုံရမြဲပါ။ ဒါပေမဲ့ ကျွန်တော်ကျတော့ တစ်မျိုး။ ရိုက်ကွင်းမှာ ရိုက်လိုက်၊ သရုပ်ဆောင်လိုက်ဆိုတာက ပြဿနာမရှိ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျ။ ရုပ်သံဇာတ်လမ်းတွဲ တွေကျတော့လေ ရိုက်ကွင်း မတည်ခင် ရီဟာဆယ်သဘော မျိုး အရင်ရိုက်တာ ရှိတယ်။ ရီဟာဆယ်လို့ မဟုတ်ဘူးလေ။ အဲဒီမှာဆို ကျွန်တော့် စိတ်က တစ်မျိုးဖြစ်သွားတယ်။ ဘယ်လိုမှ လုပ်ကြည့်လို့ မရ တော့ဘူး။ သရုပ်ဆောင်တာ မှာလည်း မပီပြင်တော့ဘူး။ စိတ်ကိုကြိုးစားပြီး ပြင်ကြည့် တယ်။ မရဘူးဗျ။ သူတို့က အဲဒီလိုလုပ်ကြည့်ပြီးမှ ဘယ် သူက ဘယ်နေရာနဲ့ လိုက် တယ်။ ဘယ်သူကတော့ ဘယ်ဇာတ်ရုပ်ဆိုပြီးလုပ်တာ ကိုး။ ကျွန်တော်က အဲဒီနေရာ ရောက်သွားပြီဆို ဘယ်လိုမှ လုပ်လို့မရတော့တာ။ ဒီတော့ ကျွန်တော် အဆင်မပြေတော့ ဘူး။ ကျွန်တော် နေရာမရ သလို ဖြစ်သွားတာပေါ့"လို့ ပြောပြပါတယ်။ ကိုယ့်အခက် အခဲကို ပြောပြပြီး ညှိကြည့်ဖူးလားလို့ မေးကြည့်တော့ ကောင်းစစ်သွေးက "ပြောကြည့်ဖူးပါတယ်။ ကျွန်တော်က ဒီနေရာမှာ ဒီလို သရုပ်ဆောင်၊ ဒီဇာတ်ရုပ်ကို လုပ်ကြည့်ဆိုရင် အဆင်ပြေတယ်လို့၊ အခုလိုလုပ်ရတာ ကျွန်တော့်အတွက် အဆင်





www.burmeseclassic.com

www.burmeseclassic.com




မပြောဘူးလို့။ ဒါပေမဲ့ အများနဲ့ Team work လုပ်ရတာဆိုတော့ သူတို့ဘက်က မလုပ်ပေးနိုင်ဘူးပေါ့"လို့ ပြောပါတယ်။

ကောင်းစစ်သွေးက အဲဒီလိုအခက်အခဲတွေကြောင့် ကိုယ့်လမ်းကြောင်း ကိုယ်ဖောက်ပြီး ရုပ်ရှင်ဘက်ကို လှမ်းကြည့်ခဲ့ပါတယ်။

"ကျွန်တော်နဲ့ လုပ်နေကျသူတွေကတော့ ကျွန်တော့်အကြောင်း ကောင်းကောင်းသိတယ်။ တစ်ခါခေါ်ပြီးရင် နောက်တစ်ခါ ရိုက်ကူးရေးတွေကျရင်ထပ်ခေါ်ကြတယ်။ သူတို့လိုချင်တဲ့ ပုံစံအတိုင်း လုပ်ပြနိုင်အောင် ကြိုးစားနိုင်လို့ပါ"လို့လည်း ဆိုပါတယ်။

ကောင်းစစ်သွေးက ပိုပြီးစိတ်ဝင်စားလာတဲ့ သရုပ်ဆောင်အနုပညာအတွက် ဆက်လက်ပြီး လေ့လာသင်ယူမှုများရှိသလို ရိုက်ကွင်းမှာရော၊ ပြင်ပမှာပါ လေ့ကျင့်မှုမပြတ်လုပ်နေတယ်လို့ ဆိုပါတယ်။ "ဗီဒီယိုတွေ အရိုက်နည်းသွားတာတော့ ကျွန်တော်တို့အသစ်တွေအတွက် အားတော်တော်လျော့သွားတာပေါ့နော်။ ဒါကြောင့် ဇာတ်လမ်းတွဲတွေ၊ ရုပ်ရှင်တွေမှာ ရတဲ့ အခန်းကနေ ပရိသတ်နဲ့ မပြတ်ရအောင် ကြိုးစားရတယ်။ ရွေးချယ်မှုတော့ ကျွန်တော်တို့တွေ သိပ်လုပ်လို့ မရသေးဘူးလေ။ ဇာတ်လမ်းတွဲဆိုတာကလည်း ပရိသတ်နဲ့ အမြဲထိတွေ့ရတဲ့ အရာဆိုတော့ အဲဒါတွေလည်း ဆက်ရိုက်ဖြစ်တယ်။ ရုပ်သံဇာတ်လမ်းတွဲက တစ်ခုရိုက်ဖို့ ရှိနေသေးတယ်" လို့လည်း ကောင်းစစ်သွေးက ပြောပြခဲ့ပါတယ်။

ကောင်းစစ်သွေး ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ကားကြီးတွေက တစ်ကားမှ ရုံမတင်ရသေးဘဲ ၂၀၁၉ ထဲမှာ စတင်ရုံတင်ဖို့ရှိတာကြောင့် အားပေးဝေဖန်ပေးပါဦးလို့လည်း ဆိုပါတယ်။

■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com



# အနုပညာရှင်များရဲ့ မုဒိတာကိုပြလိုက်တဲ့ CITY FM နှစ်ပတ်လည်ပွဲ

လင်းနိုင်ဦး

အနုပညာ ညီအစ်ကို မောင်နှမများနဲ့အတူ လက်တွဲ လျှောက်လှမ်းခဲ့တဲ့ CITY FM Radio Station ဟာ ၂၀၁၉ ခုနှစ်မှာ ၁၇ နှစ် ပြည့် မြောက်လာခဲ့ပြီး ၁၇ နှစ်ပြည့် CITY FM ရဲ့ နှစ်ပတ်လည်ပွဲကိုတော့ ဇန်နဝါရီလ ၁၂ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Center မှာ နှစ်စဉ် ကျင်းပနေကျအတိုင်း ပြုလုပ်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ Red Carpet အစီအစဉ်မှာ တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က



www.burmeseclassic.com

www.burmeseclassic.com

အနုပညာရှင်များကို အင်တာဗျူး တွေ့ဆုံမေးမြန်းတဲ့ အစီအစဉ်နဲ့ တင်ဆက်ပေးနေတဲ့အတွက် တစ်မူထူးခြားတဲ့ အစီအစဉ်လည်း ဖြစ်ခဲ့ပါတယ်။ ၁၇ နှစ်ပြည့် နှစ်ပတ်လည်ပွဲမှာတော့ ခါတိုင်းနှစ်များနဲ့မတူတဲ့ ကျော်ကြားသူတို့လျှောက်လမ်း Red Carpet အစီအစဉ်ကိုပါ ထည့်သွင်း ကျင်းပပေးခဲ့ပြီး နှစ်ပတ်လည် အခမ်းအနားနဲ့အတူ တေးဂီတဆုများ ချီးမြှင့်ပေးတဲ့အစီအစဉ်၊ ဆိုကြတီးကြ၊ ဖျော်ဖြေကြတဲ့ အစီအစဉ်များ ပါဝင်ပါတယ်။ ဒီနှစ်မှာတော့ ညစာတည်ခင်းဖို့ အခမ်းအနားပုံစံကို ပြောင်းလဲထားပြီး ဝိုင်းတွေနဲ့ ညှိခံကျွေးမွေးတာမျိုး မဟုတ်ဘဲ ဘူဖေးစနစ်နဲ့ ဂီတအနုပညာရှင်တွေ အများအပြား တက်





www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





ရောက်ခွင့်ရအောင် ထိုင်ခုံတွေ စီချပြီး စီစဉ်ပေးထားပါတယ်။

ပထမဦးစွာ ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းရဲ့ ဝမ်းမြောက်အမှာစကားပြော ကြားပြီးချိန်မှာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက CITY FM Award များနဲ့ ပတ်သက်ပြီး ဆောင်ရွက်ထားမှုများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ မြို့တော်ဝန် ဦးမောင်မောင်စိုးက ကြော်ငြာအများဆုံး ထည့်သွင်းပေးခဲ့တဲ့ Agency နဲ့ စီးပွားရေးလုပ်ငန်းရှင်တို့ကိုဆုများ အသီးသီး ချီးမြှင့်ပေးခဲ့ပါတယ်။

ဖျော်ဖြေရေးအစီအစဉ်များနဲ့ ဆုချီးမြှင့်တဲ့အစီအစဉ်ကို တစ်ပိုင်းပြီးတစ်ပိုင်း တင်ဆက်ပေးခဲ့ပြီး ၂၀၁၈ ခုနှစ်အတွက် ချီးမြှင့်ပေးတဲ့ဆုများကို စတင် ကြေညာပေးခဲ့ပါတယ်။

**ရောင်းအားအကောင်းဆုံး မြန်မာသံ တေးသံရှင် အမျိုးသားဆု** ကို တေးသံရှင် ဖိုးသောကြာက ရရှိခဲ့ပြီး ဒီတေးစီးရီးကို သူကိုယ်တိုင်ပဲ ထုတ်လုပ်ခဲ့တာဖြစ်တဲ့အတွက် **တေးစီးရီးထုတ်လုပ်သူဆု** ကိုပါ ရရှိသွားခဲ့ပါတယ်။ **ရောင်းအားအကောင်းဆုံး မြန်မာသံတေးသံရှင် အမျိုးသမီးဆု** ကို ချီးမြှင့်ရာမှာ ရွှေယမင်းဦးက ရရှိခဲ့ပါတယ်။

**ရောင်းအားအကောင်းဆုံး စတီရီယိုတေးသံရှင် အမျိုးသားဆု** ကို စိုင်းစိုင်းခမ်းလှိုင်က ရရှိသွားခဲ့ပြီး ဖိုးသောကြာလိုပဲ **ထုတ်လုပ်သူဆု** ကိုပါ ရရှိခဲ့တဲ့အတွက် စိုင်းစိုင်းနဲ့ ဖိုးသောကြာတို့က နှစ်ဆုစီ ရရှိခဲ့ကြပါတယ်။ **ရောင်းအားအကောင်းဆုံး စတီရီယိုတေးသံရှင် အမျိုးသမီးဆု** ကို အိုင်ရင်းဇင်မာမြင့်က ရရှိသွားခဲ့ပါတယ်။ **ပရိသတ်တောင်းဆိုမှုအများဆုံးတေးသံရှင် အမျိုးသားဆု** ကို ရွှေထူးက ရရှိခဲ့ပြီး **ပရိသတ်တောင်းဆိုမှု အများဆုံး တေးသံရှင် အမျိုးသမီးဆု** ကို နီနီခင်ဇော်က ရရှိခဲ့ပါတယ်။

နောက်ထပ် ချီးမြှင့်ခဲ့တဲ့ ဆုများကတော့ **ရေပန်းအစားဆုံး တေးသံရှင်အသစ် အမျိုးသားဆုနဲ့ အမျိုးသမီးဆု** တို့ပဲ ဖြစ်ပါတယ်။ ဒီဆုကိုတော့ ဖိုးပြည့်နဲ့ ကေကေမိုးတို့က ရရှိခဲ့ကြပါတယ်။ ဒီနှစ်မှာတော့ ဖိုးပြည့်နဲ့ ကေကေမိုးတို့က Shwe FM ဆုကိုလည်း ရရှိခဲ့ကြသူများဖြစ်လို့ ဆုနှစ်ဆုစီ တစ်နှစ်တည်းမှာ သိမ်းပိုက်နိုင်ခဲ့ကြပါတယ်။

ဆုများကို ချီးမြှင့်ပေးရာမှာတော့ ဒီပွဲကို စီစဉ်ကျင်းပပေးတဲ့ ရွှေနေခြည်ကုမ္ပဏီက ချီးမြှင့်တဲ့ ရွှေတစ်ကျပ်သားစီနဲ့ CITY FM Award ရုပ်တုဆုများ ရရှိခဲ့ကြတာ ဖြစ်ပါတယ်။

ဒီပွဲကို စီစဉ်ကျင်းပရာမှာ အစီအစဉ်ပိုင်းများကို တာဝန်ယူပေးခဲ့တဲ့ တေးရေးမင်းချစ်သူက 'စိုင်းစိုင်းနဲ့ ကျွန်တော်နဲ့က *အချစ်တစ်လိုင်း* ကို ရိုက်ကူးကြရင်း လွန်ခဲ့တဲ့ ၃၊ ၄ လလောက်ကတည်းက စကားပြောဖြစ်ခဲ့ကြတယ်။ ရွှေနေခြည်ကုမ္ပဏီကလည်း CITY FM နှစ်ပတ်လည်ပွဲကို ဒီနှစ်မှာ ပြန်လုပ်ပေးဖို့ ကမ်းလှမ်းတဲ့အတွက် ကျွန်တော်ကလည်း တတ်နိုင်သလောက်လုပ်ပေးမယ်ဆိုပြီး ပြောဖြစ်ရင်းနဲ့ စိုင်းစိုင်းနဲ့ အစီအစဉ်တွေကို ပြောဖြစ်ကြတဲ့အခါ စိုင်းစိုင်းကလည်း အကြံပေးတယ်။

'CITY FM Award ကို ပြန်မြှင့်တင်ဖို့အတွက် စိုင်းစိုင်းပါပေးမလားဆိုတော့ ပါပေးမယ်တဲ့။ အဲဒီကနေ စ,စဉ်းစားရင်း အကြံဉာဏ်ရခဲ့တယ်။ အဲဒီအချိန်တုန်းကတော့ ဆုချီးမြှင့်ခံရမယ့်သူများစာရင်း ဆန်ခါတင်တောင်မထွက်သေးပါဘူး။ အဲဒီတော့ စိုင်းစိုင်း ဆုရမယ်၊ မရဘူးလည်း ကျွန်တော်မသိသေးပါဘူး။ သူလည်း





www.burmeseclassic.com

www.burmeseclassic.com












www.burmeseclassic.com

www.burmeseclassic.com





မသိသေးဘူးပေါ့။ ဆန်ခါတင်စာရင်း မထွက်သေးခင် စိုင်းစိုင်းကို ကူညီမလားဆိုတော့ သူလည်း ကူညီမယ်တဲ့။ သူတစ်ယောက်တည်း တင်မကဘဲ Fernzo တစ်ဖွဲ့လုံး ကူညီမယ်၊ သီဆိုပေးကြမယ်ဆိုတော့ ကျွန်တော် ပိုပြီး ဝမ်းသာရတာပေါ့။

"ဒီနှစ်ပွဲမှာတော့ ခါတိုင်းနှစ်များလို အစားအသောက်စားပွဲဝိုင်းတွေ ဖြုတ်မယ်။ Red Carpet ပုံစံမျိုးနဲ့ လုပ်မယ်။ ဆုရတဲ့သူတွေရဲ့ သီချင်းများနဲ့ နာမည်ကျော်ကြားတဲ့ သီချင်းတွေနဲ့ ဖျော်ဖြေမယ်။ စိုင်းစိုင်းရဲ့ အကြံဉာဏ်၊ အကူအညီတွေ အများကြီး ပါ,ပါတယ်။ ကိုစိုးနိုင်ထွန်းကလည်း ကိုမင်းချစ်သူ ဦးဆောင်ပြီး လုပ်မယ်ဆိုရင် သူတို့ပါမယ် ပြောတော့ ကျွန်တော်လည်း ကြိုးစားချင်တယ်ဆိုပြီး ရွှေနေခြည်ကုမ္ပဏီနဲ့ စကားပြောဖြစ်တယ်။ ကျွန်တော့်ကို ပံ့ပိုးပေးတဲ့သူတွေနဲ့ အစအဆုံး စီစဉ်ပေးမယ်။ နှစ်ဦး သုံးဦး လုပ်ကြမယ်ဆိုရင် အကြံဉာဏ်တွေကလည်း ရောထွေးနေမယ်။ ဒါကြောင့် ကျွန်တော့်ဟာကျွန်တော်ပဲ အနုပညာရှင်တွေနဲ့ လုပ်ပေးမယ် ပြောလိုက်တော့ သူတို့ကလည်း ခွင့်ပြုတယ်။ မြို့တော်ဝန်ကိုလည်း ကျွန်တော့်စိတ်ကူးလေး တင်ပြလိုက်တော့ အဆင်ပြေသွားတယ်။ ကျွန်တော် တင်ပြခဲ့တာကတော့ ဂီတလောကက လူငယ်တွေဖြစ်ချင်တဲ့ စိတ်ကူးတွေ၊ အနုပညာရှင်တွေရဲ့ သဘောထားတွေက ဘယ်လိုရှိသလဲဆိုတော့ ဂီတဆုချီးမြှင့်ပေးတာဖြစ်လို့ ဂီတသမားတွေကို ဦးစားပေး ဖိတ်ကြားချင်တယ်။ အရင်တုန်းကတော့ ဂီတအနုပညာရှင်ကြီးတွေကို ဦးစားပေးဖိတ်ကြားခဲ့တယ်။ လူကြီးတွေက ကျန်းမာရေးကြောင့်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်စေ မတက်နိုင်ကြဘူး။ လူငယ်တွေကကျတော့ တက်ချင်ရဲ့သားနဲ့ ဖိတ်ကြားခြင်း အကုန်မခံရဘူး။ ဒါကြောင့် ဒီကွက်လပ်လေးကို ဖြည့်ပေးချင်တဲ့အတွက် ကျွန်တော်က တာဝန်ယူပြီး ပြောင်းလိုက်မယ်။ အစားအသောက် စားပွဲဝိုင်းတွေကို ဖြုတ်လိုက်ရင် ဒီဘက်ခေတ်မျိုးဆက်သစ် ဂီတလူငယ်တွေ အများကြီး ဖိတ်နိုင်ပြီး သူတို့လည်း တက်ခွင့်ရဖို့ ကြိုးစားမယ်။

"ဘာဖြစ်ချင်လဲလို့ ကျွန်တော့်ကို မေးတော့ အရင်တုန်းက ဦးလှမြင့်ဆွေတို့နဲ့ ဆုပေးခဲ့တဲ့အချိန်မှာ ရွှေတစ်ကျပ်သား ပေးခဲ့ပေမဲ့ နောက်ပိုင်းမှာ ငါးမူးသားပဲ ချီးမြှင့်နိုင်ခဲ့တဲ့အတွက် တစ်ကျပ်သား ဆုချီးမြှင့်ပေးဖို့ ကျွန်တော် တောင်းဆိုခဲ့တဲ့အခါ ပေးမယ်ဆိုတော့ ဆုရရှိသူများအတွက် ဝမ်းသာရတာပေါ့။ နောက်ဆုံးပိတ်ပြောချင်တာကတော့ ဂီတလောကသားတွေအားလုံးရဲ့ မုဒိတာတရားကို ပြတဲ့ပွဲလို့ပဲ ကျွန်တော် မြင်ပါတယ်။ ရှေ့မှာရှိခဲ့တဲ့ အားနည်းချက်တွေကို ပြန်လည်သုံးသပ်ပြီးတော့ ပြန်ဖြည့်စွက်တယ်။ ဌာနဆိုင်ရာရော၊ ရေဒီယိုပိုင်းကရော အားဖြည့်ပေးတဲ့အတွက် အနုပညာရှင်တွေ၊ ဂီတလောကသား တော်တော်များများ စုစုစည်းစည်း၊ စုံစုံညီညီ တက်ရောက်အားပေးတဲ့အခါကျတော့ အားလုံးရဲ့ မုဒိတာတရားကို ပြလိုက်တဲ့ပွဲလို့ ကျွန်တော် မြင်ပါတယ်"လို့ ဖြေကြားခဲ့ပါတယ်။ ■

လင်းနိုင်ဦး






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




# လွတ်လပ်ရေးနေ့မှာ ကျင်းပတဲ့ အောင်ဆန်းရုပ်ရှင် မိတ်ဆက်ပွဲ

**လင်းနိုင်ဦး**

ဒါရိုက်တာ လူမင်း တာဝန်ယူရိုက်ကူးပေးသွားမယ့် **အောင်ဆန်း**ရုပ်ရှင် တရားဝင် ဆိုရှယ်မီဒီယာ စာမျက်နှာများ အသိပေးမိတ်ဆက်တဲ့ပွဲကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့)က ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းရှိ ချင်းချောင်းနန်းတော် ဗိုလ်ချုပ်ရုပ်ရှင်ရုံးခန်းမှာ ကျင်းပခဲ့ပါတယ်။ လွတ်လပ်ရေးနေ့မှာ ကျင်းပရခြင်းက မြန်မာ့လွတ်လပ်ရေးဖခင် ဗိသုကာကြီး အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းဟာ ဘဝတစ်လျှောက်လုံး မြန်မာနိုင်ငံကြီး လွတ်လပ်ရေး ရအောင် အသက်စွန့် ကြိုးပမ်းခဲ့ခြင်းအား အောက်မေ့သတိရ တန်ဖိုးထားစေရန်အလို့ငှာ အနှစ်သာရရှိရှိ ကျင်းပရတာဖြစ်တယ်လို့ သိရပါတယ်။

**အောင်ဆန်း**ရုပ်ရှင် ဆိုရှယ်မီဒီယာ စာမျက်နှာများ မိတ်ဆက်တဲ့အခမ်းအနားမှာ **အောင်ဆန်း**ရုပ်ရှင် ရိုက်ကူး ထုတ်လုပ်ရေးလုပ်ငန်းကော်မတီ၊ တွဲဖက်အတွင်းရေးမှူးနဲ့ ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးပေးသွားမယ့် လူမင်းက "ဒီနေ့ အခမ်းအနားကတော့ ဌာနဆိုင်ရာ ဧည့်သည်တွေ၊ သီးခြားပုဂ္ဂိုလ်တွေ ဖိတ်ကြားထားခြင်း မရှိဘဲ အောင်ဆန်းထုတ်လုပ်ရေး ရိုက်ကူးရေး အနုပညာပိုင်းဆိုင်ရာ တာဝန်ယူပေးသွားမယ့် ကျွန်တော်တို့ အဖွဲ့တွေနဲ့ မီဒီယာက ညီအစ်ကိုမောင်နှမတွေ သီးသန့် တွေ့ဆုံတဲ့ပွဲလေး ဖြစ်ပါတယ်။ ဒီနေ့ တွေ့ဆုံရတဲ့ ရည်ရွယ်ချက်ကတော့ **အောင်ဆန်း** ရုပ်ရှင်ကြီးကို ရိုက်ကူးထုတ်လုပ်သွားမယ့်အခြေအနေ၊ အကြောင်းအရာ၊ သတင်းအချက်အလက် အမှန်တွေကို ပြည်သူလူထုတွေ ဆီကို ပိုပြီးတော့ ပျံ့ပျံ့နှံ့နှံ့ ရောက်ရှိစေဖို့၊ ပြည်သူလူထုကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်စေဖို့၊ နောက်ပြီးတော့ **အောင်ဆန်း** ရုပ်ရှင် ဆိုတာကြီးဟာ ကျွန်တော်တို့ တစ်ဦးတစ်ဖွဲ့တည်းကနေ ဆောင်ရွက်လို့ရတဲ့ ရုပ်ရှင်မျိုး မဟုတ်ပါဘူး။

"ဒီရုပ်ရှင်ဟာ ကျွန်တော်တို့ တစ်နိုင်ငံလုံး၊ နိုင်ငံသားတိုင်း ပါဝင်ပတ်သက်တဲ့၊ နိုင်ငံသားတိုင်းနဲ့ သက်ဆိုင်တဲ့ အမျိုးသားရေးလက္ခဏာ အသွင်ဆောင်တဲ့ ရုပ်ရှင်ကားကြီးတစ်ကားဖြစ်တဲ့အတွက် ပြည်သူတွေ အားလုံးလည်း သိရှိနိုင်ရမယ်။ ပြည်သူတွေရဲ့ အကြံပေးမှုတွေနဲ့ ပါဝင်အကြံပေးနိုင်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ သတင်းအချက်အလက်တွေ ပေးနိုင်ဖို့၊ ပြည်သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရိုက်ထိတွေ့နိုင်ဖို့အတွက် အခုလက်ရှိ ပြည်သူ လူထုကို အလွှမ်းမိုးနိုင်ဆုံးဖြစ်တဲ့ မီဒီယာအသီးသီးကနေ ပြည်သူတွေက ကျွန်တော်တို့ဆီ ဆက်သွယ်နိုင်ဖို့ မီဒီယာ စာမျက်နှာကို မိတ်ဆက်တဲ့ အခမ်းအနားပဲ ဖြစ်ပါတယ်။

"ကျွန်တော်တို့ဆီမှာ ခေတ်အစားဆုံးကတော့ ဖေ့စ်ဘွတ်ခ်ပါ။ ဒါ့အပြင် အထူးသဖြင့် နိုင်ငံတကာ ရောက်နေတဲ့ ကိုယ့်နိုင်ငံသူ၊ နိုင်ငံသားတွေပဲဖြစ်ဖြစ်၊ နိုင်ငံခြားသားပဲဖြစ်ဖြစ် အသုံးပြုလေ့ပြုထ‌ရှိတဲ့ Instagram တို့၊ Twitter တို့ အစရှိသဖြင့် နောက်ပြီးတော့ **အောင်ဆန်း** ရုပ်ရှင် Webside ကိုလည်းတည်ထောင်ပြီးတော့ စာမျက်နှာပေါင်းများစွာကနေ ကျွန်တော်တို့ သတင်းအချက်အလက်အမှန်တွေကို Offical Page အနေနဲ့ ဖြန့်ဝေသွားတယ်။ ပြည်သူတွေအနေနဲ့ရော၊ ဒီရုပ်ရှင်ကို စိတ်ပါဝင်စားသူတွေအနေနဲ့ရော ဘယ်လိုအကြောင်းမျိုးနဲ့မဆို ကျွန်တော်တို့ဆီကို ဆက်သွယ်နိုင်ဖို့အတွက် ကဏ္ဍပေါင်းစုံကနေ အွန်လိုင်း၊ အင်တာနက်စာမျက်နှာကို ကျွန်တော်တို့က ဖွင့်လှစ်ပြီးတော့ အဲဒီစာမျက်နှာတွေကို ဒီနေ့ မီဒီယာများထံ အသိပေးကြေညာတဲ့၊ မိတ်ဆက်တဲ့ အခမ်းအနားပဲ ဖြစ်ပါတယ်။

အခု လက်ရှိမှာတော့ နိုင်ငံတော် အတိုင်ပင်ခံရဲ့ ညွှန်ကြားချက်နဲ့ အညီပဲ သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းကော်မတီကြီးကို ဖွဲ့စည်းပြီးတော့ နိုင်ငံတော်သမ္မတရုံးကနေကို ဖွဲ့စည်းမိန့်နဲ့ ကျွန်တော်တို့ ဆောင်ရွက်နေပါပြီ။

ဒီနေ့ ဒီအချိန်မှာတော့ **အောင်ဆန်း** ရုပ်ရှင်ကြီးကို ရိုက်ကူးနိုင်ဖို့အတွက် အကောင်းဆုံး ပံ့ပိုးမှုအနေအထားတွေကို ကျွန်တော်တို့ ရရှိထားပါပြီ။ ဒါကြောင့် ဒါရိုက်တာအဖြစ် ဆောင်ရွက်မယ့် ကျွန်တော့်အနေနဲ့လည်း ဒီရုပ်ရှင်ကြီးကို အောင်အောင်









www.burmeseclassic.com

www.burmeseclassic.com



မြင်မြင်နဲ့ အကောင်းဆုံးဖြစ်အောင် မြန်မာနိုင်ငံက အနုပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ ဝန်ကြီးဌာနတွေနဲ့ အားလုံးပေါင်းပြီးတော့ နိုင်ငံတကာအဆင့်မီ အကောင်းဆုံး **အောင်ဆန်း** ရုပ်ရှင်ဖြစ်အောင် ကျွန်တော်တို့ ရိုက်ကူးထုတ်လုပ်ပြီးတော့ ပြည်သူရှေ့ကို ချပြနိုင်လိမ့်မယ်လို့ လုံးဝအပြည့်အဝ ယုံကြည်ပါတယ်လို့ ပြောချင်ပါတယ်။

"ဒီ Pageက ကျွန်တော်တို့ရဲ့ တရားဝင် Official Pageဖြစ်ပြီးတော့ ဒီက ထုတ်ပြန်တဲ့ သတင်းအချက်အလက်တွေသည်သာလျှင် ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ရဲ့ သတင်းအချက်အလက်အမှန်ဖြစ်တယ်ဆိုတာ ပြည်သူတွေကို အသိပေးချင်တာပါ" လို့ ပြောကြားခဲ့ပါတယ်။

**အောင်ဆန်း** ရုပ်ရှင်မှာ Casting ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်မယ့် အလင်္ကာကျော်စွာ ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုးက "ကျွန်တော်တို့ လူတိုင်းလူတိုင်းမှာ တာဝန်တစ်ခု ရှိပါတယ်။ လူတိုင်းလူတိုင်းမှာ ရှိတာပါ။ နိုင်ငံသားတိုင်းမှာလည်း ရှိပါတယ်။ အနုပညာရှင်တိုင်းမှာလည်း တာဝန်ရှိပါတယ်။ အဲဒီတာဝန်က ဘာလဲဆိုရင် နိုင်ငံတော်ကလိုအပ်ချက်ဖြစ်တဲ့ ဒီ **အောင်ဆန်း** ဆိုတဲ့ ဇာတ်ကားကြီးကို မဖြစ်မနေ ဘယ်လိုဝိုင်းဝန်းပံ့ပိုးပေးသွားကြမလဲဆိုတဲ့ စိတ်ဆန္ဒ၊ စိတ်ရင်းစေတနာဆန္ဒ အပြည့်အဝနဲ့ လုပ်မှသာလျှင် ဒီဇာတ်ကားကြီးက ပိုမိုပြီးတော့ ထိရောက်မယ်။ ပိုမိုပြီးတော့ အောင်မြင်မယ်လို့ ကျွန်တော်မြင်ပါတယ်။

"အဓိကပြောချင်တာကတော့ ဒီဇာတ်ကားကြီးနဲ့ ပတ်သက်လို့ ကျွန်တော်ကိုယ်တိုင်လည်း စေတနာပါဖို့ လိုပါတယ်။ ကိုလူမင်းက ဒီကားကို ရိုက်မယ်ဆိုတဲ့အခါမှာ အင်တိုက်အားတိုက်နဲ့ ရိုက်မယ်လို့ ပြောပါတယ်။ သူထားတဲ့စိတ်နဲ့၊ သူရိုက်ချင်တဲ့ စိတ်ကြီးက တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော်တို့ ကဏ္ဍလေးတွေခွဲပြီး တာဝန် ယူထားပါတယ်။ "ငါကွ" ဆို တဲ့ဟာတွေ မရှိပါဘူး။ ဘယ်လိုကိစ္စမှာပဲဖြစ်ဖြစ် တစ်ဦးတစ်ယောက်တည်းနဲ့ပြီးတဲ့ကိစ္စရှိသလို၊ တစ်ဦးတစ်ယောက်တည်းနဲ့ မပြီးဘဲ အများက ဝိုင်းဝန်းပံ့ပိုးမှ၊ အများက စေတနာထားမှ ကားတစ်ကားဖြစ်လာမယ်ဆိုတဲ့အထဲမှာ ဒီဇာတ်ကားကြီး ပါ,ပါတယ်။ သမိုင်းနဲ့ချိပြီး ရိုက်ရမှာဖြစ်တဲ့အတွက် သမိုင်းပညာရှင်တွေ၊ သမိုင်းအထောက်အထားတွေ ပံ့ပိုးခဲ့သလို အနုပညာရှင်တွေလည်း အနုပညာကဏ္ဍနဲ့ ပံ့ပိုးရမယ်။ အတတ်ပညာရှင်တွေကလည်း အတတ်ပညာကဏ္ဍနဲ့ ပံ့ပိုးရမယ်။

"တစ်လက်စတည်း အထူး မေတ္တာရပ်ခံချင်တာကတော့ မီဒီယာများရော၊ ရုပ်ရှင်ကို ချစ်မြတ်နိုးတဲ့ ပြည်သူလူထုကိုရော မေတ္တာရပ်ခံချင်တာက ဘယ်လိုပံ့ပိုးမလဲ၊ ဘယ်လိုအကြံပြုမလဲ၊ ဘယ်လိုဆန်းစစ်ဝေဖန်ပြီးတော့ အကြံပြုမလဲ။ ကျွန်တော်တို့ဆီမှာ ဟာစ်တိုင်ရှိတဲ့အတွက် ဟာစ်တိုင်က အော်တဲ့နေရာမှာ လှူစွမ်းကောင်းတွေ သိပ်များပါတယ်။ လှူစွမ်းကောင်းက ငါသိတယ်၊ ငါတတ်တယ်ဆိုပြီး ဟာစ်တိုင်က အော်တဲ့အခါကျတော့ လိုရာခရီးကို မရောက်ပါဘူး။ လိုရာခရီးကို ရောက်ဖို့အတွက် ကျွန်တော်တို့ ဖွင့်ထားတဲ့ အောင်ဆန်း






www.burmeseclassic.com

www.burmeseclassic.com





Page ကနေပြီးတော့ လိုအပ်တာတွေကို အကြံပြုမယ်ဆိုရင်၊ ဌာနတွေအနေနဲ့လည်းတော်တော်ပံ့ပိုးရမယ်။ ပညာရှင်တွေအနေနဲ့လည်း တော်တော်ပံ့ပိုးရမယ်။ ပြည်သူလူထုကလည်း မိမိသိတဲ့ အသိနဲ့ ပံ့ပိုးပြီး အကြံပြုမယ်ဆိုရင် ဇာတ်ကားကောင်း တစ်ကား ဖြစ်နိုင်မယ်လို့ ကျွန်တော် မြင်ပါတယ်။

"ဇာတ်ကားတစ်ကားကို မပြီးခင် ပြောတဲ့အခါမှာ ဟိုရောက် ဒီရောက် စိတ်က ပျံ့လွင့်တတ်ပါတယ်။ တချို့က ဒါလေးကောင်းတယ်၊ တချို့ကျတော့ ကြားဖူးနားဝနဲ့ ပြောကြတာတွေ ရှိတယ်။ ဖြတ်ပြီးတော့ ပြောတာတွေ ရှိတယ်။ ဘဝနဲ့ရင်းပြီးတော့ ပြောတဲ့သူတွေ ရှိတယ်။ တချို့ကျတော့ အရွယ်အားဖြင့် ဗိုလ်ချုပ်ကို မီတဲ့သူတွေ၊ တချို့ အသက်ငယ်ပေမဲ့ သေသေချာချာ နားလည်ထားတဲ့သူက အကြံပြုတာ တစ်မျိုး၊ သမိုင်းသုတေသီတွေအနေနဲ့လည်း စာရွက်စာတမ်း၊ ဖြစ်စဉ်တွေအားလုံး၊ ကျောင်းသားဘဝဆိုလည်း ကျောင်းသားဘဝ၊ နိုင်ငံရေးဆိုလည်း နိုင်ငံရေးဘဝ၊ စစ်ရေးဆိုလည်း စစ်ရေးဘဝကဏ္ဍတွေ အများကြီး ကွဲပါတယ်။ အဲဒီကဏ္ဍတွေ၊ ပွိုင့်တွေကို စုစည်းပြီးတော့မှ ဒီဇာတ်ကား ဖြစ်လာမှာပါ။ အတ္ထုပ္ပတ္တိတစ်ခုနဲ့ အကြောင်းအရာတစ်ခုဆိုတာ မတူပါဘူး။ အတ္ထုပ္ပတ္တိဆိုတာ ကျယ်ပြန့်ပါတယ်။ မွေးလာတဲ့အချိန်ကနေ ကွယ်လွန်တဲ့ အချိန်အထိ ပါဝင်မှာဖြစ်တဲ့အတွက် ကျွန်တော် အရမ်းလည်း စိုးရိမ်ပါတယ်၊ အရမ်းလည်း ပူပင်ပါတယ်။ ဒါကြောင့် ကျွန်တော် တစ်ထောင့်တစ်နေရာကနေ တတ်နိုင်သမျှလေး ပံ့ပိုးတာပါ"လို့ ပြောကြားခဲ့ပါတယ်။

ဗိုလ်ချုပ်ရုပ်ရှင်ကို ၂၀၁၉ ခုနှစ်မှာ စတင်ရိုက်ကူးနိုင်ဖို့ စီစဉ်ထားပြီး ၂၀၂၀ မှာ ရုံတင်ပြသနိုင်ဖို့ ကြိုးစားသွားမယ်လို့ သိရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်ခင်ကြည်နေရာမှာ မူလက ရွေးချယ်ထားတဲ့ ကျော်ကျော်မျိုးနဲ့ နန့်ဇာခြည်လင်းတို့က ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပြီး အတတ်နိုင်ဆုံးရုပ်၊ အသက်အရွယ် ကိုက်ညီတဲ့သူများကို သာ ရွေးချယ်သရုပ်ဆောင်သွားစေမှာဖြစ်တယ်လို့ သိရပါတယ်။ ■ **လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အောင်မြင်မှုနောက်ကို လောဘနဲ့မလိုက်ဘူးဆိုတဲ့ အိချောပို ရဲ့မွေးနေ့အလှူ

မန်းသူ

သရုပ်ဆောင် အိချောပိုရဲ့ ဒီနှစ် မွေးနေ့အလှူကို သူ့ရဲ့ မွေးနေ့ဖြစ်တဲ့ ဇန်နဝါရီ ၃ ရက်နေ့က သံလွင်လမ်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာန သင်တန်းကျောင်းမှာ ပြုလုပ် ခဲ့ပါတယ်။ သင်တန်းကျောင်းမှာ သင်တန်းသူဦးရေ ၁၀၉ ယောက်ရှိပြီး မွေးနေ့အလှူအတွက် သူတို့ဆန္ဒပြုတဲ့ ခေါက်ဆွဲကြော်နဲ့ ဒါနပြုခဲ့သလို အဝတ်အထည်များလည်း ပေးလှူခဲ့တာပါ။ 'အိချော ပထမတစ်ခေါက် လာလှူတုန်းက ဒီက အမျိုးသမီးလေးတွေက မမအိချောပို နောက်တစ်ခါကျရင် သမီးတို့ကို ခေါက်ဆွဲကြော် ကျွေးပါတဲ့။ ပြောထားတာ သိပ်မကြာသေးဘူးပေါ့နော်။ ကြိုက်လို့ စားချင်တယ်တဲ့။ အဲဒါဆို နောက်တစ်ခေါက် လာ ကျွေးမယ်လို့ သူတို့ကို ကတိပေးထားခဲ့တယ်။ အဲဒါကြောင့် သူတို့ဆန္ဒကို ဖြည့်တဲ့အနေနဲ့ လာကျွေးဖြစ်တာ။ ပထမတစ်ခေါက်က အဒေါ် လာကျွေးတာ။ အခုတစ်ခေါက်ကျမှ အိချော မွေးနေ့အနေနဲ့ ကျွေးဖြစ်တာ။ အရင်နှစ်တွေကဆို အိချောက မွေးနေ့ဆို ပွဲမလုပ်ဖြစ်ပါဘူး။ အလှူလေးတွေနဲ့ပဲ လုပ်ဖြစ်တာ' လို့ အိချောပိုက လှူဖြစ်တဲ့ စိတ်ကူးလေးကို ရှင်းပြ ပါတယ်။

အသက်တစ်နှစ် ပိုကြီးလာတာနဲ့အမျှ ဘဝနေထိုင် နည်း၊ စိတ်ထားအကြောင်းကိုလည်း အိချောပိုက 'အရေးကြီးတာက တော့ လူကတော့ စိတ်ထားလေးကောင်းကောင်း မွန်မွန်ထား မယ်။ အားလုံးအပေါ်မှာ မကောင်းစိတ်မြင်တဲ့ဟာလေးတွေ လျှော့တယ်။ တစ်ယောက်နဲ့တစ်ယောက်ကြည့်ရင် ကိုယ့်အပေါ် ကောင်းတဲ့သူပဲဖြစ်ပါစေ ဖြုန်းခနဲဆို အဆိုးမြင်မိတာတွေ ရှိကြ တယ်လေ။ အိချောကတော့ အဲဒီလိုစိတ်မရှိဘူး။လူတစ်ယောက် ကို အကောင်း မြင်စိတ်ပဲထားတယ်' လို့ ဆိုပါတယ်။

'အသက် ၃၀ ပြည့်ဖို့တော့ တော်တော်လိုပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် သုံးနှစ်လိုတယ်ပေါ့"လို့ ဆိုတဲ့ အိချောပိုကို ငြိမ်နေတဲ့ အချစ်ရေးအကြောင်း မေးကြည့်တော့ "ရည်းစား မထားဖူးဘူး မဟုတ်ဘူး။ ထားဖူးတယ်။ ဒါပေမဲ့ ခုချိန်မှာတော့ တစ်ယောက်တည်းပါပဲ။ အလုပ်တွေကလည်း တောက်လျှောက် လုပ်နေရတယ်ဆိုတော့ အချိန်မပေးဖြစ်သေးဘူး။ တကယ် အိမ်ထောင်ပြုသင့်ပြီဆိုတဲ့အချိန်







ရောက်ရင်တော့ ပြုမှာပါ။ အဲဒီအချိန်ဆိုတာကလည်းလိုပါသေးတယ်။ အိချောက တရားနဲ့လည်း ဆိုင်တာပေါ့နော်။ ဖူးစာပါနေရင် ဘယ်အရွယ်ပဲဖြစ်ဖြစ်၊ ခုချက်ချင်းလည်း ဖြစ်ရင်ဖြစ်သွားနိုင်တာပဲလေ။ ကြိုပြောလို့တော့ မရဘူးပေါ့နော်။ အိချောအနေနဲ့ သတ်မှတ်ထားတာကတော့ အသက်သုံးဆယ်ကျော်လောက်မှ အိမ်ထောင်ပြုသင့်တယ်ထင်တာပဲ။ ခုကတော့ လိုပါသေးတယ်"လို့ ဖြေပါတယ်။ အိချောပိုက အောင်မြင်မှုနောက်ကိုလည်း မလိုက်ချင်ကြောင်း၊ အောင်မြင်မှုနောက်လိုက်ရင် လောဘတက်လာမှာဖြစ်ကြောင်း၊ အတတ်နိုင်ဆုံး ကိုယ်လုပ်တဲ့အလုပ်ပေါ်မှာ စေတနာထားတယ်လို့လည်း ဆိုပါသေးတယ်။ ရှေ့ဆက်မယ့်ခရီးအတွက် အနုပညာ၊ မိသားစုဘဝကိုလည်း ခုလိုပြောပါတယ်။ "အိချောက အနုပညာအလုပ်အပေါ်မှာလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားတယ်။ ကိုယ့်မိသားစုအပေါ်မှာလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားတယ်။ ကိုယ်နဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင်မှာလည်း ကိုယ့်ကြောင့် စိတ်အနှောင့်အယှက်မဖြစ်ရအောင်နေတယ်။ ကြိုးစားပြီး ရှောင်တယ်။ ပတ်ဝန်းကျင်က ကိုယ့်အသိုင်းအဝိုင်းက ကိုယ့်ကို အေးအေးဆေးဆေးနေပါလားလို့ပဲ မှတ်ချက်ပြုတာမျိုးပဲဖြစ်ချင်တယ်။ အနုပညာအရည်အသွေးပြည့်ဝတဲ့ အနုပညာရှင်ကောင်းတစ်ယောက်ပဲ ဖြစ်ချင်ပါတယ်။ အရည်အသွေးပြည့်ဝအောင်ပဲ ကြိုးစားချင်တယ်။ ကိုယ့်မှာ လိုအပ်တာတွေလည်းရှိပါတယ်။ ကိုယ့်ကားတွေ ပြန်ကြည့်ပြီး လိုအပ်တာတွေ တွေ့တယ်။ နောက်ကားတွေကျရင် အဲဒါတွေ ပြန်ပြင်တယ်"လို့ ဆိုပါတယ်။

အိချောပိုရဲ့ညီမလေး အိသီရိချိုမောင်ကလည်း "မမမွေးနေ့မှာ ပျော်ရွှင်ပါစေ။ အရင်နှစ်တွေတုန်းကတော့ မမမွေးနေ့ဆိုတာလောက်ပဲဖြစ်ခဲ့တယ်။ နောက်ပိုင်း ကြာလာတဲ့ အချိန်၊ ကိုယ်ကလည်း အသက်ကြီးလာတဲ့အချိန်လေးမှာ အစ်မက အရာရာဖြစ်နေတာ။ ကိုယ့်အတွက်အရာရာပဲ။ အမေ မစောင့်ရှောက်ပေးနိုင်တဲ့အရာတွေမှာ အစ်မက စောင့်ရှောက်ပေးတယ်။ အမေ မအားတဲ့ အချိန်တွေမှာ အစ်မက ဘေး



www.burmeseclassic.com

www.burmeseclassic.com



မှာ နေပေးတယ်။ အစ်မအတွက် အချိန်ဆိုတာက အရမ်းအရေးကြီးပါတယ်။ ဒါပေမဲ့ သမီးအတွက်ဆို အမြဲအချိန်ပေးတယ်။ ပြောရမယ်ဆိုရင် သမီး ရုံးသွားတဲ့အချိန် သူရှိနေရင် သမီးအတွက် အဝတ်အစားကအစ သူထုတ်ပေးတယ်။ အဲဒီလိုအစ်မမျိုးဆိုတော့ သူ့မွေးနေ့က ကိုယ့်မွေးနေ့ထက်တောင် ပိုပျော်မိပါသေးတယ်။ အစ်မဆိုပေမဲ့ အမေအတိုင်းပဲ။ ပြောမယ့်သာပြောတာ ကိုယ်က အရမ်းဆိုးတယ်။ မွေးနေ့မတိုင်ခင်ညက ဆုတောင်းပေးရင်းနဲ့တောင် သူပြောတာ နား မထောင်ဘဲနဲ့ ပြန်ခံပြောမိ သေးတယ်' လို့ပြောခဲ့ပါတယ်။

အစ်မအပေါ် အားကျအတုယူရတဲ့ စိတ်ဓာတ်နဲ့ ပတ်သက်ပြီးလည်း အိသီရိချိုမောင်က 'မမက သမီးရဲ့ Idol ပါပဲ။ သူက အရမ်းသည်းခံတတ်တယ်။ အရမ်းသည်းခံတဲ့နေရာမှာ သူ့ကိုမမီဘူး။ သမီးကတော့ တစ်ခုခုဆိုတာနဲ့ စိတ်ဆိုး၊ စိတ်ကောက်တတ်တယ်။ သူကတော့ အရမ်းလူကြီးဆန်တယ်။ သူ့မျက်နှာကြည့်ပြီးလည်း စိတ်ဆိုးနေလား၊ မဆိုးနေလား မသိရဘူး။ သူ့လို စိတ်ထား,ထားဖို့ သမီးအများကြီး ကြိုးစားရဦးမယ်။ သူက တစ်ခုခုဆို မဖြစ်ဖြစ်အောင် လုပ်တယ်။ တစ်ခုခုကို ဇောက်ချပြီး လုပ်တယ်။ ရှုတင်တွေ၊ အလုပ်တွေနဲ့လည်း အရမ်းပင်ပန်းနေတဲ့ အချိန်ဆိုတာ ရှိတယ်။ ဒါပေမဲ့ သူ့ကိုယ်သူ Strong ဖြစ်အောင် လုပ်တယ်။ အိမ်က ကလေးတွေ အိပ်သွားရင်တောင် အဝတ်အစားပုံးကို သူကိုယ်တိုင် မ,ပြီး သိမ်းတယ်။ အဲဒီလို လူမျိုးဆိုတော့လေ။ သူလုပ်တဲ့အလုပ်၊ သူဝါသနာပါတဲ့ အလုပ်ကိုလုပ် အဲလောက်ထိ ဖွဲကောင်းတယ်ဆိုတာကြီးက သမီး အတွက် Idol အနေနဲ့ပဲ အတုယူရတယ်' လို့လည်း ဆိုပါတယ်။ အိသီရိချိုမောင်က အစ်မဖြစ်သူကို မွေးနေ့ ဆုတောင်းနဲ့ အတူ 'သမီးတို့ မိသားစုကို ဒီထက်မက ပိုချစ်ပေးပါ' လို့လည်း ပြောခဲ့ပါတယ်။

အိချောပိုက အဲဒီနေ့ တစ်နေ့တည်းမှာပဲ တောင်တွင်းကြီးမြို့၊ ဗိသနိုးမြို့ဟောင်းက ရွှေရောင်တော်ဘုရား ပြန်လည်ပြုပြင်မွမ်းမံဖို့လည်း ရန်ကုန်ကနေ ဆက်သွယ်ပြီး လှူဒါန်းခဲ့ပါတယ်။မိသားစုနဲ့ သီးသန့်အလှူ အပြင် ညပိုင်းမှာ အနုပညာ အသိုင်းအဝိုင်းနဲ့အတူ Novotel Hotel မှာလည်း Birthday Party ကျင်းပခဲ့ပါတယ်။ ■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



စူပါစတားဖြစ်တဲ့
ဂျေလိုက သူမရဲ့
ရုပ်ရှင်ကားသစ်
ဖြစ်တဲ့ Second Act
ရုပ်ရှင်ဇာတ်ကား
အကြောင်း
ပြောကြားရင်း
ဆယ်နှစ်အရွယ်
ရှိပြီဖြစ်တဲ့
အမြွှာနှစ်ယောက်ကို
ပြုစုထိန်းသိမ်းပုံ၊
အချစ်သစ်ကို
ရှာဖွေတွေ့ရှိခဲ့ပြီး
မိသားစုနဲ့
သင့်မြတ်ပုံများ ဖွင့်ဟ
ပြောကြားခဲ့ပါတယ်

# ဂျေလို ရဲ့ ရုပ်ရှင်ကားကား

အို



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကျော် စုပါစတား တစ်ဦးဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်က Second Act လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ကားတစ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး ဖြစ်ပါတယ်။ အမြွှာရင်သွေးနှစ်ဦးကို ပြုစုပျိုးထောင်ရင်း ချစ်သူအသစ်ဖြစ်တဲ့ ရော့ဒ် အဲလက်စ်နဲ့လည်း အဆင်ပြေနေပါတယ်။ ဂျေလိုနဲ့ ပတ်သက်တဲ့ ဆောင်းပါးတစ်ပုဒ်ကို People မဂ္ဂဇင်းက ဒီဇင်ဘာလ ၂၄ ရက်နေ့ထုတ်မှာ ဖော်ပြပေးခဲ့ပါတယ်။ ရွှေအမြုတေပရိသတ်များအတွက် ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။ ကလေးဘဝတုန်းကဆိုရင် ဂျေလိုဟာ တနင်္ဂနွေနေ့တိုင်း

ဘုရားရှိခိုးကျောင်းထဲမှာ တိတ်တိတ်ဆိတ်ဆိတ်ကလေး ထိုင်နေရင်း စိတ်ကူးယဉ် အိပ်မက်တွေ မက်နေတတ်ပါတယ်။ သူ့စိတ်ကူးတွေက အနာဂတ်ကာလမှာ ဘာဖြစ်လာမလဲ။ ဘယ်သူနဲ့ အိမ်ထောင်ကျမှာလဲ။ မွေးလာတဲ့ ကလေးတွေက ဘယ်သူနဲ့တူမှာလဲ ဆိုတာတွေ တွေးခဲ့မိပါသတဲ့။ တစ်ခါတလေမှာတော့ ဂျေလိုဟာ သီချင်းတွေဆိုပြီး ကပြတတ်ပါတယ်။ သူ့ပရိသတ်တွေကတော့ ဘရွန့်စ်မှာရှိတဲ့ အိမ်နီးနားချင်း တွေပါပဲ။ 'အဲဒီတုန်းက ကျွန်မအသက်က ၅ နှစ်၊ ၆ နှစ်လောက်ပဲ ရှိဦးမယ်။ ကျောင်းတက်နေပြီ။

သူက ကျွန်မဘဝကို ရင်ခုန် စိတ်လှုပ်ရှားဖွယ်ရာ စွန့်စားခန်းတွေနဲ့ ပြည့်နေအောင် ဖန်တီးပေးနိုင်ပါတယ်။ (အောက်တိုဘာ ၂၁ ရက်နေ့က LA ရှိ နေအိမ်တွင် တွေ့ရစဉ်)



www.burmeseclassic.com

www.burmeseclassic.com








အဲဒီကာလကတည်းက ကျွန်မဘဝမှာ အံ့ဩစရာကောင်းလောက်အောင် ထူးခြားတဲ့ အဖြစ်အပျက်တွေ ဖြစ်လာလိမ့်မယ်လို့ စိတ်ထဲမှာ သိနေခဲ့တယ်'လို့ ဂျေလိုက ဆိုပါတယ်။ သူပြောပြနေတဲ့ နေရာကတော့ Bel-air မှာ ရှိတဲ့ သူ့နေအိမ်မှာဖြစ်ပြီး ဒီအိမ်မှာ သူချစ်သူဖြစ်တဲ့ ဘေ့စ်ဘော အားကစားသမားနာမည်ကျော် အဲလက်စ် ရိုဒရီဂေ့ဇ်နဲ့ အတူနေတာ ဖြစ်ပါတယ်။ 'ကျွန်မငယ်ဘဝက အင်မတန်ပျော်စရာ ကောင်းပါတယ်။ ကျွန်မကိုယ်တိုင်ကလည်း စိတ်ကူးယဉ်သမားလေ။ လူကသာငယ်ပေမဲ့ စိတ်ကူးလိုက်ရင်တော့ ကိုယ့်အရွယ်နဲ့မလိုက် အင်မတန်ကြီးကျယ်တာတွေကို စိတ်ကူးတာပါ'လို့ ဆိုပါတယ်။

သူ့အသက်အရွယ်နဲ့ ဘယ်လောက်အထိများ ကြီးကြီးကျယ်ကျယ် စိတ်ကူးခဲ့လေသလဲလို့ စိတ်ဝင်စားစရာကောင်းပါတယ်။ နောက်နှစ်ပေါင်း ၃၀ ကြာတဲ့ အခါမှာတော့ ဂျေလိုဟာ Baruch College က ထွက်ပြီး ဥပဒေအကျိုးဆောင်လုပ်ငန်းတစ်ခုမှာ ဧည့်ကြိုမိန်းကလေးအဖြစ် ဝင်ရောက်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီကတည်းက သူဟာ ဖျော်ဖြေရေးလောကကို စိတ်ဝင်စားနေသူဖြစ်ပြီး အခုတော့ စူပါစတားတစ်ယောက် ဖြစ်သွားပါပြီ။ အသက် ၄၉ နှစ်အရွယ်မှာ အင်မတန် ထွန်းလင်းတောက်ပတဲ့ အဆိုကျော်၊ သရုပ်ဆောင်၊ ကချေသည်၊ ထုတ်လုပ်သူ၊ အကဲဖြတ်သူ ဖြစ်လာတဲ့ အပြင် ဒေါ်လာ ဘီလျံနဲ့ချီပြီး တန်တဲ့ စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်ရင်း အမွှာရင်သွေးနှစ်ဦးဖြစ်တဲ့ အမ်မီနဲ့ မက်စ်(အသက် ၁၀ နှစ်)တို့ကို ပြုစုပျိုးထောင်နေပါတယ်။ ဒီရင်သွေးနှစ်ဦးက ခင်ပွန်းဟောင်းဖြစ်တဲ့ မာ့ခ်အန်တိုနီနဲ့ ထွန်းကားခဲ့တာဖြစ်ပြီး သူတို့နှစ်ဦးက





www.burmeseclassic.com

www.burmeseclassic.com


သြဂုတ်လအတွင်းက အီတလီနိုင်ငံရဲ့ ကျွန်းတစ်ကျွန်းဖြစ်တဲ့ ကာပရီမှာ နှစ်ယောက်သား ဈေးဝယ်နေကြစဉ်

၂၀၁၁ ခုနှစ်မှာ လမ်းခွဲခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီလုပ်ငန်းတွေအပြင် ဂျေလိုက ဟာသရုပ်ရှင်ကားတစ်ကားဖြစ်တဲ့ **Second Act** ရုပ်ရှင်ကားမှာ ဝင်ရောက်သရုပ်ဆောင်ပြီးပါပြီ။ လက်ရှိချစ်သူနဲ့ ပတ်သက်ပြီး ဂျေလိုက သူတို့နှစ်ယောက် ချစ်ကျွမ်းဝင်ခဲ့ကြတာ ၂ နှစ်ရှိပြီဖြစ်ကြောင်း၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုအပြည့်အဝ ရှိတဲ့အတွက် သူ့အချစ်ရေးဟာ အောင်မြင်နေကြောင်း ပြောပြခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ကာလအနည်းငယ်တုန်းကတော့ ဂျေလိုက သူ့ဘဝမှာ ပျော်စရာရှိပါဦးမလားလို့ စိတ်ဓာတ်ကျခဲ့ဖူးပါတယ်။

ခင်ပွန်းသည် အန်တိုနီအပြင် ဂျေလိုရဲ့ဘဝမှာ သက်တမ်းခဏလေး

**]vetlwh 2 Epfvmuf uwnfu *ezmu ukefwmbrf;DwGuf apmifhuf ay;cjwv, } t jvufbkd&b*gif**





www.burmeseclassic.com

www.burmeseclassic.com



၁၉၉၇ ခုနှစ်က ရိုက်ကူးခဲ့တဲ့ Selena ရုပ်ရှင်ကား ပြီးတဲ့နောက် နားနေခဲ့တဲ့ ဂျေလိုက Second Act ဇာတ်ကားကို ရိုက်ကူးခဲ့ပြီး ဒီဇင်ဘာ ၂၁ ရက်နေ့မှာ စတင်ရုံတင်ပြသတော့မှာ ဖြစ်ပါတယ်။ ဂျေလိုဟာ ထိပ်တန်းစာရင်းဝင် မင်းသမီးတစ်လက်လည်း ဖြစ်ခဲ့ပါတယ်။

သာရှိတဲ့ အိမ်ထောင်တစ်ခုကိုလည်း ထူထောင်ခဲ့ဖူးပါတယ်။ Ojani Noa နဲ့ ခဏ ပေါင်းခဲ့ပြီး သူ့အဖွဲ့မှာ နောက်ခံအမျိုးသားကချေသည်တစ်ဦးဖြစ်တဲ့ ခရစ်ဂျူ့ဒ်နဲ့လည်း ပေါင်းသင်းခဲ့ဖူးပါတယ်။ ဒါတွေက ၁၉၉၈ ခုနှစ်ကနေ ၂၀၀၃ ခုနှစ်အတွင်းမှာ ဖြစ်ခဲ့တာတွေပါ။ အဲဒါအပြင် အမျိုးသားကချေသည်လည်းဖြစ်၊ သရုပ်ဆောင်လည်း ဖြစ်တဲ့ ကာစပါစမတ်စ်နဲ့လည်း ၂၀၁၂ ခုနှစ်က ချစ်ကျွမ်းဝင်ခဲ့ဖူးပေမဲ့ ကြာရှည်မမြဲခဲ့ပါဘူး။ "သူတို့နဲ့ တွဲတဲ့အချိန်မှာ ကျွန်မ ပျော်ခဲ့တာမှန်ပေမဲ့ တစ်ခုခုဖြစ်လိမ့်မယ်လို့ စိတ်ထဲမှာ အမြဲထင့်နေခဲ့တယ်"လို့ ဂျေလိုက ဆိုပါတယ်။ ဂျေလိုက သူဟာ ယောကျ်ားတွေအပေါ်မှာ နားလည်ပေးနိုင်သူ ဖြစ်ပါလျက်နဲ့ ယောကျ်ားတွေက သူ့ကိုနားလည် မပေးနိုင်ကြဘူးလို့ ဆိုပါတယ်။

တတိယမြောက် ကွာရှင်းပြတ်စဲခြင်းက ၂၀၁၄ ခုနှစ်မှာ အဆုံးသတ်ခဲ့ပါတယ်။ လွယ်လွယ်ကူကူပြီးခဲ့ခြင်းတော့ မဟုတ်ပါဘူး။ ခက်ခက်ခဲခဲ ရင်ဆိုင်ဖြေရှင်းခဲ့ရတာပါ။ "ကျွန်မ ငယ်ငယ်တုန်းက ညီမတွေနဲ့ ညစဉ် အတူအိပ်ခဲ့တာပါ။ အဲဒီတုန်းကတည်းက ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ရှိခဲ့တယ်။ တစ်ခါ အိမ်ထောင်ပြုပြန်တော့လည်း ယောကျ်ားတွေ တစ်ယောက်ပြီးတစ်ယောက် ရခဲ့တယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကို ပြန်ပြီး သုံးသပ်ကြည့်တဲ့အခါမှာတော့ ကျွန်မဟာ ဘယ်တော့မှ တစ်ယောက်တည်း မနေတတ်တဲ့ အမျိုးသမီးတစ်ယောက်လို့ သုံးသပ်မိပါတယ်"လို့ ဂျေလိုက ဆိုပါတယ်။ တစ်ခါတုန်းက စိတ်ရောဂါကုသတဲ့ ပညာရှင်ဆီကို ရောက်တဲ့အခါမှာ သူက ရှင် ဘာလုပ်ချင်တာလဲလို့ မေးခဲ့သတဲ့။ "ကျွန်မ သူ့မေးခွန်းကို နားမလည်ပါဘူး။ ဒါနဲ့ ဘာကိုမေးတာလဲ။ ကျွန်မ အလုပ်ကို မေးတာလားလို့ ပြန်မေး





www.burmeseclassic.com

www.burmeseclassic.com

ကြည့်မိတယ်။ တကယ်တော့ ကျွန်မဟာ ဘယ်တော့မှ အားလပ်ချိန်မရှိအောင် အလုပ်များနေချင် သူတစ်ယောက်ပါ။ ကိုယ့်ကိုယ်ကို နားလည်အောင်လည်း ကြိုးစားတယ်။ အဲဒီအချိန်အတွင်းမှာ တစ်ယောက်တည်းနေလို့လည်း မဖြစ်ပြန်ဘူး။ ကိုယ့်ကိုယ်ကို ပျော်ရွှင်အောင် ကျွန်မ မဖန်တီးတတ်ဘူး။ အနားမှာ တစ်ယောက်ရှိနေမှသာ စိတ်ပျော်တတ်တဲ့သူလို ဖြစ်နေတယ်"။

အချိန်ကာလများစွာ ချစ်သူတွေ တစ်ယောက်ပြီးတစ်ယောက် ရှိခဲ့ဖူးပေမဲ့ ရင်သွေးအမြွှာနှစ်ယောက် မွေးပြီးချိန်မှာတော့ ဒီရင်သွေးကလေးတွေက သူ့အတွက် အချစ်စစ်အချစ်မှန်ကို တွေ့စေပြီး ပျော်ရွှင်မှုရစေခဲ့တယ်လို့ ဆိုပါတယ်။ "သူတို့လေးတွေကို ရလာတော့မှ ကျွန်မဘဝမှာ အမှားတွေလုပ်နေပါလားလို့ တွေးတောမိပါတယ်"လို့ ဂျေလိုက ဆိုခဲ့ပါတယ်။ ■ ဘို

*Ref: People, December 24,2018.*



အသက် ၄၉ နှစ်ခံရ အောင်ပွဲခံတဲ့ ဂျေလို



American Idol အစီအစဉ်မှာ ဒိုင်တစ်ယောက်အဖြစ် ပါဝင်ပေးခဲ့တာ ၅ နှစ် ရှိခဲ့ပါပြီ




ကျွန်မ အိမ်ထောင် သုံးဆက် ပြောင်းခဲ့ပြီးပါပြီ။ အခုတော့ အခြေကျလောက်ပြီ ထင်ပါတယ်။



လက်ရှိမျိုးဆက်များထဲမှာ အောင်မြင်မှုအရဆုံးသူဖြစ်တယ်လို့ ဆိုလို့ရပါတယ်။





LA မှာရှိတဲ့ သူ့နေအိမ်က ဒေါ်လာ သန်းတစ်ရာကျော် ဝင်ငွေရအောင် ရှာဖွေနိုင်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကြည့်မိတယ်။ တကယ်တော့ ကျွန်မဟာ ဘယ်တော့မှ အားလပ်ချိန်မရှိအောင် အလုပ်များနေချင် သူတစ်ယောက်ပါ။ ကိုယ့်ကိုယ်ကို နားလည်အောင်လည်း ကြိုးစားတယ်။ အဲဒီအချိန်အတွင်းမှာ တစ်ယောက်တည်းနေလို့လည်း မဖြစ်ပြန်ဘူး။ ကိုယ့်ကိုယ်ကို ပျော်ရွှင်အောင် ကျွန်မ မဖန်တီးတတ်ဘူး။ အနားမှာ တစ်ယောက်ရှိနေမှသာ စိတ်ပျော်တတ်တဲ့သူလို ဖြစ်နေတယ်"။


အချိန်ကာလများစွာ ချစ်သူတွေ တစ်ယောက်ပြီးတစ်ယောက် ရှိခဲ့ဖူးပေမဲ့ ရင်သွေးအမြွှာနှစ်ယောက် မွေးပြီးချိန်မှာတော့ ဒီရင်သွေးကလေးတွေက သူ့အတွက် အချစ်စစ်အချစ်မှန်ကို တွေ့စေပြီး ပျော်ရွှင်မှုရစေခဲ့တယ်လို့ ဆိုပါတယ်။ "သူတို့လေးတွေကို ရလာတော့မှ ကျွန်မဘဝမှာ အမှားတွေလုပ်နေပါလားလို့ တွေးတောမိပါတယ်"လို့ ဂျေလိုက ဆိုခဲ့ပါတယ်။ ■ဘို

*Ref: People,*
*December 24,2018.*





အသက် ၄၉ နှစ်ရှိ အောင်ပွဲခံတဲ့ ဂျေလို


American Idol အစီအစဉ်မှာ ဒိုင်တစ်ယောက်အဖြစ် ပါဝင်ပေးခဲ့တာ ၅ နှစ် ရှိခဲ့ပါပြီ


ကျွန်မ အိမ်ထောင် သုံးဆက် ပြောင်းခဲ့ပြီးပါပြီ။ အခုတော့ အခြေကျလောက်ပြီ ထင်ပါတယ်။


လက်ရှိမျိုးဆက်များထဲမှာ အောင်မြင်မှုအရဆုံးသူဖြစ်တယ်လို့ ဆိုလို့ရပါတယ်။


LA မှာရှိတဲ့ သူနေအိမ်က ဒေါ်လာ သန်းတစ်ရာကျော် ဝင်ငွေရအောင် ရှာဖွေနိုင်ခဲ့ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



အရှေ့တိုင်းပုံစံ မင်္ဂလာပွဲဆင်နွဲတဲ့
Umaid Bhawan နန်းတော်



အိန္ဒိယပုံစံ ဝတ်ဆင်ထားတဲ့
သတို့သားနဲ့ သတို့သမီး

# အရှေ့နဲ့ အနောက် (သို့မဟုတ်) ပရီယန်းကားနဲ့ နစ်ခ်

**ဇာနည်ညီမိုး**

အိန္ဒိယနိုင်ငံ ရုပ်ရှင်မြို့တော်ဖြစ်တဲ့ ဘောလိဝုဒ်မှာ ကောင်းကင်တစ်ခုလုံး ထိန်လင်းနေလောက်အောင် မီးများထွန်းညှိထားပါတယ်။ ကျင်းပနေတဲ့ ပွဲကတော့ တစ်ချိန်က မယ်ကမ္ဘာဆုရခဲ့တဲ့ အိန္ဒိယရုပ်ရှင်မင်းသမီး ပရီယန်းကားချိုပရာနဲ့ အမေရိကန်အဆိုကျော် နစ်ခ်ဂျိုးနက်စ်တို့ မင်္ဂလာပွဲကို သတို့သမီးဇာတိမြေဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာ ကျင်းပနေခြင်း ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ရဲ့ မင်္ဂလာညည်ခံပွဲကို Jodhpur မြို့မှာရှိတဲ့ Umaid Bhawan နန်းတော်ကြီးမှာ ကျင်းပနေကြခြင်းဖြစ်ပါတယ်။ အဲဒီမင်္ဂလာ အခမ်းအနားကို ကမ္ဘာကျော် စာစောင်ကြီးတစ်ခုဖြစ်တဲ့ Hello မဂ္ဂဇင်းကြီးက မှတ်တမ်းတင် ဖော်ပြထားတာများကို ရွှေအမြုတေ ပရိသတ်များအတွက် ထပ်ဆင့် ဖော်ပြပေးလိုက်ပါတယ်။ သူတို့မင်္ဂလာပွဲကို သုံးရက်ကြာ ကျင်းပခဲ့ကြတာဖြစ်ပြီး ဟိန္ဒူဘာသာ ဓလေ့ထုံးစံနဲ့ ကျင်းပခဲ့တာ ဖြစ်သလို အနောက်တိုင်းခရစ်ယာန်ထုံးစံနဲ့လည်း ကျင်းပခဲ့ကြတာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းပုံစံနဲ့ တွေ့ရတဲ့
သတို့သား၊ သတို့သမီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက်
မျက်စိအောက်က အပျောက်မခံကြတဲ့ မောင်နှံ



သတို့သား၊ သတို့သမီးတို့
အနောက်တိုင်းပုံစံ တရားဝင်လက်ထပ်ကြစဉ်



တရားဝင်
လက်ထပ်ပြီးနောက်
သတို့သားရဲ့အနမ်း

ရုပ်ရှင်ထူးချွန်ဆုရထားတဲ့ ပရီယန်းကားက Sussex မြို့စားကတော်နဲ့ ခင်မင်ရင်းနှီးသူ ဖြစ်တာကြောင့် ဒီမင်္ဂလာပွဲကို တက်ရောက်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်၊ မေလအတွင်းကမှ ဝင်ဆာနန်းတော်ကြီးမှာ မင်္ဂလာပွဲဆင်နွှဲခဲ့တဲ့ မီဂန်မာခေးလ်က ပရီယန်းကားအတွက် သတို့သမီးလက်ကိုင်ပန်းကို ချီးမြှင့်ပေးခဲ့ပါတယ်။ ဒါက သူတို့နှစ်ယောက်ရဲ့ ချစ်ခင်ရင်းနှီးမှုကို ပြဆိုခြင်းလည်း

လက်ထပ်လက်စွပ်များ





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ မီဂန် လက်ဆောင်ပေးခဲ့တဲ့ လက်ကိုင်ပန်းစည်းက ပရီယန်းကားရဲ့ ရင်သပ်ရှုမောဖွယ်ရာ သတို့သမီးဝတ်စုံနဲ့လည်း လိုက်ဖက်နေပါတယ်။ သတို့သမီးက ရပ်ဖ်လော်ရင် ချုပ်လုပ်ပေးတဲ့ အဖြူရောင် အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ခဲ့ပြီး ဟိန္ဒူထုံးစံနဲ့ ကျင်းပတဲ့ ပွဲမှာတော့ အနီရောင်ဝတ်စုံကို ဝတ်ဆင်ခဲ့တာ ဖြစ်ပါတယ်။

အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပရီယန်းကားက Hello နဲ့ ပြုလုပ်တဲ့ အင်တာဗျူးမှာ "ကျွန်မ ထင်တယ်၊ မိန်းကလေးတိုင်းဟာ သူတို့မင်္ဂလာပွဲနေ့မှာတော့ မင်းသမီးလေးတစ်ပါးလို လှချင်တဲ့ စိတ်ကူးယဉ်အိပ်မက်တွေ ရှိကြမှာပါပဲ" လို့ ပြောပြခဲ့ပါတယ်။

"နစ်ခ်က ကျွန်မကို သူ့ရဲ့သတို့သမီးအဖြစ် သူ့ဇာတိမြို့မှာ လက်ထပ်ယူပါရစေလို့ ခွင့်တောင်းလာတဲ့အခါမှာ ကျွန်မ နှလုံးသားတွေ အရည်ပျော်ခဲ့ရပါတယ်။ မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာနဲ့ နှစ်ပွဲ ကျင်းပကြမယ်။ ကျွန်မ ဇာတိမြေဖြစ်တဲ့ အိန္ဒိယမှာ တစ်ပွဲ၊ သူ့ဇာတိမြေမှာတစ်ပွဲ ကြီးကျယ်ခမ်းနားစွာ ကျင်းပမယ် ဆိုတော့





www.burmeseclassic.com

www.burmeseclassic.com



အရှေ့တိုင်းပုံစံဖြင့် သတို့သမီးအား ပွဲထုတ်လာစဉ်





ခင်ပွန်းသည်အဖြစ် အသိအမှတ်ပြု လက်ခံစဉ်



မင်္ဂလာပန်းကုံး ချီးမြှင့်ခိုက်

ကျွန်မမိတ်ဆွေတွေနဲ့ ဆွေမျိုးတွေကို ဖိတ်ကြားနိုင်မယ်ပေါ့။

"နှစ်ခ်ကို အနောက်တိုင်းထုံးစံနဲ့ လက်ထပ်တဲ့နေရာမှာ သူက ဘုရားကျောင်းရဲ့ရှေ့ဆုံးမှာ လက်ထပ်ပေးမယ့် ဘုန်းတော်ကြီးရဲ့အပါး ရပ်နေတာကို မြင်လိုက်ရတဲ့အချိန် ကျွန်မအတွက် ဒဏ္ဍာရီပုံပြင်ထဲက မယုံနိုင်စရာကောင်းတဲ့ မြင်ကွင်းတစ်ခုကို မြင်လိုက်ရသလိုပါပဲ။ သူ့နောက်ကနေ နေရောင်ခြည်က ထိုးနေတာကြောင့် ကျွန်မတစ်သက်မှာ တစ်ခါမှ မမြင်ဖူးတဲ့ မြင်ကွင်းကို မြင်လိုက်ရခြင်းပါပဲ"လို့လည်း ပရီယန်းကားက ဆိုပါတယ်။

"ကျွန်မတို့ မင်္ဂလာပွဲအတွက် စီစဉ်ခဲ့ကြတာကတော့ မှန်ပါတယ်။ ဒါပေမဲ့ အခုလို နေရောင်ခြည်က တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးပေးလိမ့်မယ်လို့ မမျှော်လင့်

www.burmeseclassic.com

www.burmeseclassic.com







အိန္ဒိယထုံးစံအတိုင်း မီးပုံကို
သက်သေတည်ကာ လက်ထပ်ကြစဉ်



ခဲ့မိပါဘူး။ ဘုရားကျောင်းထဲက ဂီတသံတွေနဲ့ တေးသံသာတွေ စတင် တီးခတ်လိုက်တဲ့အချိန်မှာ ငှက်ကလေးတွေရဲ့ အော်မြည်သံကိုလည်း ကြားလိုက်ရတာဟာ အင်မတန် ကြည်နူးစရာ ကောင်းပါတယ်'

ပရီယန်းကားရဲ့အသံက စိတ်လှုပ်ရှားမှုအပြည့် ရှိနေပါတယ်။ ဆက်လက်ပြောကြားရာမှာတော့ 'ဟိန္ဒူဓလေ့ထုံးစံနဲ့ လက်ထပ်တဲ့ပွဲမှာလည်း အိပ်မက်ထဲက မင်္ဂလာပွဲလို ပြည့်ပြည့်စုံစုံ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မင်္ဂလာပွဲ ကျင်းပမယ့်နေရာကို ကျွန်မ ထွက်လာတဲ့အချိန်မှာ ဟိန္ဒူဘာသာဓလေ့ထုံးစံအတိုင်း ဘုန်းတော်ကြီးများက ဂါထာမန္တန်များကို ရွတ်ဆိုနေကြပါတယ်။ အဲဒီအချိန် နစ်ခ်က ကျွန်မမျက်နှာကို လှမ်းကြည့်လိုက်တဲ့အကြည့်ကို ကျွန်မ ဘယ်တော့မှ မေ့မှာမဟုတ်တော့ပါဘူး။ ဒါတွေက ကြိုတင်စီစဉ်ထားတာတွေမဟုတ်ဘဲ ပေါ်ပေါက်လာခဲ့တာတွေပါ။ အဲဒီအကြည့်ကို ကျွန်မတစ်သက် မေ့မှာမဟုတ်တော့ပါဘူး'။

အသက် ၂၆ နှစ်အရွယ်ရှိတဲ့ သတို့သားက ပရီယန်းကားကို ဇူလိုင်လအတွင်းက ဂရိနိုင်ငံမှာ ကျင်းပနေတဲ့ ပရီယန်းကားရဲ့ မွေးနေ့မှာ လက်ထပ်ခွင့် တောင်းခံခဲ့ခြင်းဖြစ်လို့ သတို့သမီးလောင်းခမျာ အံ့သြခဲ့ရပါတယ်။

'မွေးနေ့ကျင်းပနေတုန်းမှာ လက်ထပ်ခွင့် တောင်းခံလိုက်ရတာဖြစ်လို့ ကျွန်မ တစ်ချိန်လုံး စိတ်လှုပ်ရှားနေမိတယ်'လို့ ပရီယန်းကားက ဆိုပါတယ်။ နစ်ခ်က ၂၀၀၅ ခုနှစ်က စတင်ပြီး ဂီတလောကမှာ သူတို့ညီအစ်ကိုများဖွဲ့စည်းထားတဲ့ The Jonas Brothers တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ယောက်ဖြစ်ပါတယ်။ ဒီအဖွဲ့မှာ သူ့အစ်ကိုနှစ်ယောက်ဖြစ်တဲ့ ကီဗင်နဲ့ ဂျိုးတို့လည်း ပါဝင်ကြပါတယ်။

'ဒီအချိန်အခါသမယလေးဟာ တစ်သက်လုံး အမှတ်ရနေစေမယ့်ကာလဖြစ်ပါတယ်။ ကျွန်မ တစ်သက်မှာ ဒီလောက်ပြီးပြည့်စုံတဲ့ မင်္ဂလာပွဲကို ဆင်နွှဲရလိမ့်မယ်လို့လည်း မမျှော်လင့်ခဲ့ပါဘူး။ ဒီပွဲတစ်ခုလုံးကို အံ့သြမိပါတယ်'

ဂျိုးနက်စ်ကလည်း 'ပရီယန်းကားအဖြူရောင်သတို့သမီးဝတ်စုံနဲ့ ထွက်လာတဲ့အချိန် အနီရောင်ဝတ်စုံနဲ့ ထွက်လာတဲ့အချိန်တွေဟာ ကျွန်တော့်အတွက်တော့ ဘယ်လိုပြောရမှန်းမသိအောင်ကို အံ့သြဝမ်းသာရပါတယ်။ ပါးစပ်က 'ဝိုး' ဆိုတဲ့ အသံသာ ထွက်နိုင်ခဲ့ပါတယ်။ တကယ်တော့ မင်္ဂလာပွဲဆိုတာ နှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာကိတ်မုန့်အနီးမှ
မင်္ဂလာမောင်နှံ

ဆွေမျိုးမိတ်ဘတွေကိုပါ ပေါင်းစည်းပေးတဲ့ အရေးကြီးတဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဘယ်ဘာသာနဲ့ပဲဖြစ်ဖြစ် ကျင်းပတဲ့ မင်္ဂလာပွဲဟာ ကျွန်တော်တို့အတွက်တော့ မင်္ဂလာအတိပါပဲ’လို့ ဂျိုးနက်စ်က ဆိုပါတယ်။

ကြီးကျယ်ခမ်းနားလှတဲ့ မင်္ဂလာပွဲအစီအစဉ်များကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် သောကြာနေ့က ဟိန္ဒူလေ့ထုံးစံအတိုင်း စတင်ကျင်းပခဲ့ခြင်း ဖြစ်ပါတယ်။ တေးသံသာများ၊ အကအခုန်များနဲ့ ကျင်းပရာမှာ The Jonas Brothers အဖွဲ့ကိုယ်တိုင်က လာရောက်တီးခတ်ပေးခြင်း ဖြစ်ပါတယ်။

သူတို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်း စတင်တာကတော့ ၂၀၁၇ ခုနှစ်က နယူးယောက်မြို့မှာ ကျင်းပတဲ့ Met Gala မှာ စတင်ခဲ့ခြင်း ဖြစ်ပါတယ်။ သူတို့နှစ်ယောက်စလုံးက အောင်မြင်တဲ့ အနုပညာရှင်များဖြစ်တာကြောင့် ကော်ဇောနီပေါ်ကတစ်ဆင့် လျှောက်လှမ်းခဲ့ကြရပြီး သူတို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းကို လျှို့ဝှက်ထားခဲ့ကြရာက ၂၀၁၈ ခုနှစ် ဇွန်လကျမှ လူသိရှင်ကြား အသိပေးခဲ့ကြတာပါ။

‘ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် သိခဲ့ကြတာတော့ ကြာပါပြီ။ ဒါပေမဲ့ တရင်းတနှီး တွေ့ဆုံခဲ့ကြတဲ့ အချိန်မှာတော့ သူဟာ ကျွန်တော့်ဘဝအတွက် အလိုအပ်ဆုံး မိန်းကလေး ဖြစ်တယ်ဆိုတာ နားလည်လာခဲ့တယ်။ ဘဝအဖော်မွန်တစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေ အပြည့်အစုံ ရှိတယ်။ သူ့အသည်းနှလုံးမှာလည်း ကျွန်တော့်အတွက် အချစ်တွေ ရှိခဲ့ပါတယ်’လို့ ဂျိုးနက်စ်က ပြောခဲ့ပါတယ်။

ပရီယန်းကားက လည်း ‘မိတ်ဆွေတွေက ကျွန်မကို ပြောကြတယ်။ တစ်ယောက်နဲ့တစ်ယောက် သိတယ်ဆိုတာက သာမန်သိရုံသိတာ။ ဒါပေမဲ့ တစ်ယောက်အကြောင်း တစ်ယောက် နှစ်နှစ်ကာကာ သိသွားတဲ့အချိန်မှာတော့ ဘဝခရီးဖော် ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာ ဆုံးဖြတ်လို့ ရသွားပြီပဲတဲ့။ သူတို့ပြောတာ မှန်ပါတယ်။ နစ်ခ်က ကျွန်မအတွက် မိသားစုဝင်တစ်ယောက်လို အစစအရာရာ နားလည်ပေးနိုင်ပါတယ်။ ကျွန်မအပေါ်မှာလည်း နှစ်နှစ်ကာကာ ချစ်ပါတယ်။ သူဟာ ကျွန်မအတွက် ဘုရားသခင်ဖန်တီးပေးထားတဲ့ လူသားပါပဲ’လို့ ပရီယန်းကားက ဆိုပါတယ်။ ■

**ဇာနည်ညီမင်း**

***Ref: Hello, December 17,2018.***



www.burmeseclassic.com

www.burmeseclassic.com

သူမသည် လှ၏။
ထိုအကြောင်းကို သူသိ၏။
သူငယ်ချင်းများကလည်း
သူမလှကြောင်း သိ၏။
အထက်တန်းကျောင်းသူ
ဘဝတွင် သူမသည် ပို၍
လှလာသည်။ ထို့ကြောင့်
သူငယ်ချင်းများက သူမ၏
အချစ်ကို ရရန်
ကြိုးစားကြသည်။
သူသည်လည်း သူမကို
ချစ်နေမိသည်။

**၈ နှစ် - ၉ နှစ်**

သူသည် သူမ၏
အလှအပကို
မူလတန်းကျောင်းသား
ဘဝကတည်းက
မြင်တွေ့ခဲ့သည်။ သူမ
လှပကြောင်းကို
သူငယ်ချင်းများမှ
မပြောခင်ကတည်းက သူ
သိခဲ့သည်။ သူသည်
သူမကို ငယ်စဉ်
ကတည်းက မြတ်နိုး
သည်။ အချစ်ဆိုသည်ကို
သူသည် ထိုစဉ်က
မသိသေးပေ။

**၁၅ နှစ်- ၁၆ နှစ်**

သူမကို ရည်းစားစာ
ပေးခဲ့ကြောင်း
သူငယ်ချင်းက ပြောသည်။
သူသည်
ထိတ်လန့်သွားသည်။
ရည်းစားစာကို သူမ
လွှင့်ပစ်ခဲ့၍ စိတ်
ထိခိုက်ရကြောင်း
သူငယ်ချင်းက
ပြောပြန်သည်။ သူသည်
စိတ်သက်သာရာ
ရသွားခဲ့သည်။
နောက်တစ်နေ့တွင်
ဆက်၍ ကြိုးစားမည်ဟု
သူငယ်ချင်းက ပြောသည်။






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သူသည် စိတ်ပူပန်သွားခဲ့သည်။ သူမကို ချစ်ကြိုက်ကြောင်း သူပြောချင်ခဲ့သည်။ သို့သော် သူသည် ပြောရန် မဝံ့မရဲဖြစ်နေသည်။

**၁၅ နှစ် - ၁၆ နှစ်**

သူငယ်ချင်း၏ အချစ်ကို သူမက ပြတ်ပြတ်သားသား ငြင်းပယ်လိုက်ကြောင်း သူသိရသည်။ သူ ဝမ်းသာသည်။ သူငယ်ချင်းများထဲက သူငယ်ချင်းတစ်ယောက်က သူဆက်၍ ကြိုးစားမည်ဟု ပြောလာသည်။ သူသည် ထိတ်လန့်ပြန်သည်။ နောက်တစ်နေ့တွင် ထိုသူငယ်ချင်းက သူမကို ချစ်ရေးဆိုပြန်သည်။

**၁၅ နှစ် - ၁၆ နှစ်**

သူမနှင့် သူငယ်ချင်းသည် ကျောင်းအုပ်ဆရာကြီး၏ ရုံးခန်းထဲသို့ ရောက်ကြသည်။ သူငယ်ချင်းကို ကျောင်းအုပ်ဆရာကြီးက ကြိမ်လုံးဖြင့် ရိုက်သည်။ သူမသည် ငိုသည်။ အရိုက်ခံရသောသူငယ်ချင်းက မကျေနပ်၍ သူမကို လူကြားထဲတွင် ဖက်နမ်းပြမည်ဟု ကြိမ်းဝါးသည်။ သူသည် စိုးရိမ်မိသည်။ သူသည် သူမကို ချစ်သည်။ သို့သော် သူမကို ချစ်သည်ဟု ပြောရန်လည်း စိုးထိတ်နေသည်။

**၁၅ နှစ် - ၁၆ နှစ်**

အထက်တန်းစာမေးပွဲသည် အစိုးရစစ်ဖြစ်သည်။ သူနှင့် သူငယ်ချင်းများသည် စာမေးပွဲကျမည်ကို စိုးရိမ်ကြသည်။ ထို့ကြောင့် ကျောင်းစာများကို အထူးဂရုစိုက်နေကြသည်။ စာမေးပွဲနောက်ဆုံးနေ့တွင် သူမကို ဖက်နမ်းပြမည်ဟု သူငယ်ချင်းက စာကျက်နေရင်း ပြောသည်။ သူသည် စိုးရိမ်ပြန်သည်။

**၁၅ နှစ် - ၁၆ နှစ်**

သူသည် စာမေးပွဲခန်းထဲမှ အလျင်အမြန် ထွက်သည်။ သူငယ်ချင်းသည်လည်း သူ့နောက်မှ ပြေးလိုက်သည်။ ကျောင်းဝန်းထဲသို့ သူတို့ရောက်သောအခါ သူမသည် အိမ်မှ လာကြိုသော ကားပေါ်သို့ ရောက်နေပြီဖြစ်သည်။ သူမသည် ပြုံးပြသည်။ သူငယ်ချင်းက သူ့ကို လှောင်သွားကြောင်း ပြော၍ ဒေါသထွက်သည်။ သူသည် သက်ပြင်းချသည်။ ထို့နောက် သူမကို ပြုံးပြသည်။

**၁၅ နှစ် - ၁၆ နှစ်**

သူသည် အပြုံးများဖြင့် အိမ်သို့ ပြန်သည်။ သူ၏ မိဘားစုက စာမေးပွဲခန်းပြန် အပြုံးပိုင်ရှင်ကို ရှင်လန်းစွာ တွေ့ရ၍ ဝမ်းမြောက်ကြသည်။ သူသည် သူမ၏ အပြုံးကိုရ၍ ကြည်နူးသည်။ သူမ၏ အပြုံးသည် လှောင်ပြုံးဖြစ်သည်ဟု သူငယ်ချင်းက ပြောသည်။ ထို့ကြောင့် သူသည် သူမ၏ အပြုံးကို ဝေခွဲမရဖြစ်ပြန်သည်။ ဝေးကွာရမည့် ကျောင်းပိတ်ရက်များကိုလည်း တွေးမိပြန်သည်။ အထက်တန်းအောင်မြင်ပြီး တက်ရောက်ရမည့် တက္ကသိုလ်ကျောင်းသားဘဝကို သူသည် အမြန်ရောက်လိုသည်။

**၁၆ နှစ် - ၁၇ နှစ်**

အထက်တန်းစာမေးပွဲ၏ အောင်စာရင်းများ ထွက်လာသည်။ သူသည် အောင်စာရင်းကြည့်ရန် မလိုသူတစ်ဦးဖြစ်သည်။ သို့သော် သူသည် အောင်စာရင်းကို သွားကြည့်သည်။ ထိုနေ့က သူငယ်ချင်းစာမေးပွဲကျသည်။ ထို့အတွက် သူသည် စိတ်မကောင်းဖြစ်သည်။ ထို့ထက် ထိုနေ့က သူမနှင့် မတွေ့ရသည်ကို သူသည် ပို၍ စိတ်မကောင်းဖြစ်သည်။ သူမသည် ထိုနေ့က အောင်စာရင်းကို လာ၍ မကြည့်ခဲ့ပေ။

**၁၆ နှစ် - ၁၇ နှစ်**

တက္ကသိုလ်တက်သောနေ့တွင် သူမကို သူသည် ပြန်တွေ့သည်။ သူမသည် ပို၍ လှလာ၏။ ထိုအကြောင်းကို သူသည် ပို၍ သိ၏။ တက္ကသိုလ် နယ်မြေတစ်ခုလုံးတွင် သူမလှကြောင်း သတင်းကြီးသည်။ တက္ကသိုလ်နယ်မြေတစ်ခုလုံးက ဖိုသတ္တဝါ ကျောင်းသားများက သူမ၏ အချစ်ကို ရရန် ကြိုးပမ်းကြသည်။ သူသည် သူမကို ချစ်နေသည်။

❑

**၈ နှစ် - ၁၉ နှစ်**

ထိုအချစ်သည် အထက်တန်းကျောင်းသားဘဝကတည်းကဖြစ်သည်။

ထိုအချစ်သည် အလယ်တန်းကျောင်းသား ဘဝကတည်းကဖြစ်သည်။

ထိုအချစ်သည် မူလတန်းကျောင်းသားဘဝကတည်းက အချစ်မှန်းမသိသည့် မြတ်နိုးမိခြင်းဖြစ်သည်။

သူသည် သူမကို ချစ်သည်။

သူမကို သူငယ်ချင်းများက ချစ်သည်။

သူမကို တက္ကသိုလ်နယ်မြေတစ်ခုလုံးမှ ဖိုသတ္တဝါများက ချစ်သည်။

❑

**၁၉ နှစ် - ၂၀ နှစ်**

တစ်နေ့တွင် သူသည် သူမထံမှ အပြုံးတစ်ခုကို လက်ခံရပြန်သည်။ ထိုအပြုံးသည် လွန်ခဲ့သော နှစ်အနည်းငယ်က အပြုံးကဲ့သို့ မဟုတ်။ သူမ၏ အပြုံးကို သူသည် နားမလည်ခဲ့။

လူကြားထဲတွင် ဖက်နမ်းပြမည်ဆိုသော သူငယ်ချင်းသည် တက္ကသိုလ်သို့ ရောက်လာသည်။ သူမ၏ အကြောင်းများကို သူငယ်ချင်းက ပြောဆိုလာသည်။ အထက်တန်းကျောင်းသားဘဝက ချစ်ကြိုက်မိသည်တို့သည် မှားယွင်းခဲ့ကြောင်း ဆိုလာသည်။

သူသည် စိတ်မကောင်းဖြစ်သည်။ သူငယ်ချင်း၏ စကားကိုလည်း မယုံကြည်နိုင်အောင် ရှိခဲ့သည်။ သို့သော် သတင်းများက လူချင်းဆောင်ခဲ့သည်။ သူမ၏ သတင်းများသည် တက္ကသိုလ်နယ်မြေတစ်ခုလုံးသို့ ဖုံးလွှမ်းသွားခဲ့သည်။ သူမကို သူတို့မေးငေါ့ကြသည်။ သူမကို သူတို့ အတင်းအဖျင်းဆိုကြသည်။ သူမကို သူတို့ ရှောင်ကြသည်။ သူမကို တက္ကသိုလ် နယ်မြေတစ်ခုလုံးက မုန်းတီးလာကြသည်။

သို့သော် သူသည် သူမ



www.burmeseclassic.com

www.burmeseclassic.com

ကို ချစ်သည်။

**၂၀ နှစ် - ၂၁ နှစ်**

တစ်နေ့တွင် သူသည် သူမကို ချစ်ရေးဆိုသည်။ သူမက သူ့ကို ပြုံးပြသည်။ သူသည် ကြက်သီးမွေးညင်းများ ထ,လာ၍ ပူစပ်ပူလောင် ဖြစ်လာသည်။ သူမ၏ အပြုံးသည် အထက်တန်းစာမေးပွဲ နောက်ဆုံးနေ့တွင် ပြုံးခဲ့သည့် အပြုံးနှင့် ထပ်တူဖြစ်သည်။ သူငယ်ချင်းက ပြောသည့် လှောင်ပြုံးဖြစ်သည်။

သူသည် သက်ပြင်းချသည်။ ထို့နောက် သူမကို ပြုံးပြသည်။

**၂၀ နှစ် - ၂၁ နှစ်**

သူသည် လှောင်ပြုံးများဖြင့် ဦးချစ် လက်ဖက်ရည်ဆိုင်သို့ ပြန်ခဲ့သည်။ သူ၏ သူငယ်ချင်းများက မချိတင်ကဲ ဖြစ်ကြသည်။ မျက်ကန်းသမားဟု ကြိမ်းမောင်းကြသည်။ အရူးအပေါဟု ဂုဏ်မြှောက်ကြသည်။

မည်သို့ပင်ဖြစ်စေ သူသည် သူမကိုချစ်သည်။

**၁၅ နှစ် - ၂၁ နှစ်**

သူသည် သူမကို ချစ်သည်။ သူမသည် သူ့ကို မချစ်ခဲ့။ သူငယ်ချင်းများက သူမကို ချစ်သည်။ သူငယ်ချင်းများကို သူမက မချစ်ခဲ့။ သူမကြောင့် သူငယ်ချင်းများ အသည်းကွဲခဲ့သည်။ သူမကြောင့် သူငယ်ချင်းသည် ကျောင်းအုပ်ကြီးထံ ရောက်ခဲ့သည်။ သူမ၏ သတင်းသည် တက္ကသိုလ်နယ်မြေတစ်ခုလုံးကို လွှမ်းမိုးခဲ့သည်။ သူမကို တက္ကသိုလ်နယ်မြေတစ်ခုလုံးက မုန်းတီးခဲ့ကြသည်။ သူမကို မချစ်ရန် သူငယ်ချင်းများက ဝိုင်းဝန်းတားဆီးကြသည်။

သို့သော် သူသည် သူမကို ချစ်သည်။

**၂၁ နှစ် - ၃၀ နှစ်**

အချိန်များ ပြောင်းလဲသည်။

ဘဝများ ပြောင်းလဲသည်။

စနစ်များ ပြောင်းလဲသည်။

စိတ်ဓာတ်များ ပြောင်းလဲသည်။

အပြောင်းအလဲများ ပြောင်းလဲသည်။

ရုပ်ရည်များ ပြောင်းလဲသည်။

သူငယ်ချင်းများ အိမ်ထောင်ကျသည်။

သူငယ်ချင်းများ သားသမီးရကြသည်။

သူငယ်ချင်း၏ သားသမီးများ ကျောင်းတက်ကြသည်။

သူငယ်ချင်း၏ မိဘများ ကွယ်လွန်ကြသည်။

ပညာသင်ကြားပေးခဲ့သော ဆရာများ ကွယ်လွန်ကြသည်။

ဆွေမျိုးများ ကွယ်လွန်ကြသည်။

သူငယ်ချင်းများ ကွယ်လွန်ကြသည်။

သူငယ်ချင်းများ ကြီးပွား တိုးတက်ကြသည်။

သူငယ်ချင်းများ နိမ့်ပါးကြသည်။

သူငယ်ချင်းများ ရာထူး တိုးကြသည်။

သူငယ်ချင်းများ ရာထူးနိမ့်ကြသည်။

သူငယ်ချင်းများ အဝလွန်လာကြသည်။

သူမသည် နိုင်ငံရပ်ခြားသို့ အပြီးအပိုင် ထွက်ခွာသွားခဲ့သည်။

**၃၀ နှစ် - ၃၂ နှစ်**

သူသည် သူမကို သတိရသည့်အခါတိုင်း ဒိုးလုံး၏ *ချစ်ဦးမေ* သီချင်းကို ညည်းသည်။ သူသည် သူမကို သတိရတိုင်း သူမ၏ ဖေ့စ်ဘွတ်ခ် စာမျက်နှာသို့ ဝင်ရောက်ကြည့်ရှုသည်။

ဖေ့စ်ဘွတ်ခ်။ သူမ၏ ဓာတ်ပုံ ၁- ကိုယ်ဝန်ဆောင်စဉ်။

ဖေ့စ်ဘွတ်ခ်။ သူမ၏ ဓာတ်ပုံ ၂ - သားဖွားစဉ်။

ဖေ့စ်ဘွတ်ခ်။ သူမ၏ ဓာတ်ပုံ ၃ - သားယောက်ျားလေး မွေးစဉ်။

**၃၂ နှစ် - ၃၃ နှစ်**

သူမ၏ သားသည် သူမ၏ အမျိုးသားနှင့် ထပ်တူထပ်မျှ တူလေသည်။ ထို့ကြောင့် သူသည် မကျေမနပ်ဖြစ်သည်။ သူမ၏ သားသည် သူမနှင့်သာ တူသင့်သည်ဟု သူငယ်ချင်းများကို သူက ပြောသည်။

သူငယ်ချင်းများက ရယ်သည်။

သူသည် သူမကို သတိရသောအခါ သီချင်းညည်းသည်။

သူသည် သူမကို သတိရသောအခါ ဖေ့စ်ဘွတ်ခ်သို့ သွားသည်။

သူသည် သူမကို ချစ်သည်။

**၃၂ နှစ် - ၃၃ နှစ်**

သူမ၏ ဖေ့စ်ဘွတ်ခ် စာမျက်နှာသို့ သူသည် ရောက်ရောက်လာတတ်ကြောင်း သူမသိသည်။ သူမ၏ ခင်ပွန်းလည်း သိသည်။ ထို့ကြောင့် သူ့အကြောင်းကို သူမ၏ ခင်ပွန်းကမေးသည်။ ထိုအခါ သူမက "ဒီကောင်က ခပ်ကြောင်ကြောင်ကောင်ပါ။ မေ့ကို ချစ်ရေးဆိုတဲ့အထဲ သင်းလည်း ပါခဲ့တယ်။ မေ့ကို ငယ်ငယ်ကတည်းက ချစ်ခဲ့တာပါတဲ့ မောင်ရယ်။ ငယ်ငယ်ကတည်းက ချစ်ခဲ့တဲ့သူတိုင်းကို လက်ခံရရင် မောင်နဲ့တူတဲ့ ဒီသားလေးကို ဘယ်ရပါ့မလဲ" ဟု ပြုံး၍ ပြောခဲ့သည်။ ခင်ပွန်းကလည်း သူမ၏ အပြုံးကို လက်ခံခဲ့သည်။

❑

**၁၈ နှစ် - ၃၃ နှစ်**

ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုသော ဆိုရိုးရှိသည်။

သူမက လင်တစ်ယောက်ကို ခေါင်းခေါက်ရွေးမည်ဟု ဆိုခဲ့သည်။

သူမ၏ ခင်ပွန်းခေါင်းတွင် ဘုတစ်ဘုရှိသည်။

သူမက ခေါင်းခေါက်ခဲ့သည်ဆိုခြင်းမှာ သေချာသည်။

နောင်တစ်ကြိမ် ခေါင်းခေါက်ရန် အစီအစဉ်ရှိမရှိကို သူသည် သိလိုခဲ့သည်။

သူမသည် သူ့ကို ခေါင်းမခေါက်ခဲ့ဘဲ ဖေ့စ်ဘွတ်ခ်မှသာ ခေါင်းပုတ်ခဲ့သည်။

မည်သို့ပင်ဆိုစေ၊ သူသည် သူမကို ချစ်သည်။ ■

**ဟန်ဆန်း**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## မောင်သန်းဆွေ(ထားဝယ်)

# ဆရာမြနောက် လိုက်ရတော့မလို့

ငယ်ပေါင်းကြီးဖော်များက 'မြသန်း' လို့ ခေါ်တယ်။ စာပေ အသိုင်းအဝိုင်းက 'ဆရာ မြသန်းတင့်' လို့ ခေါ်တယ်။ ကျွန်တော်တို့လို ရင်းနှီးသူများကတော့ 'ဆရာမြ' လို့ ရိုရိုသေသေခေါ်တယ်။ မကင်းတရားရှိသူများက ကွယ်ရာမှာ 'ဗိုလ်မြ' လို့ ချစ်စနိုးခေါ်တဲ့ စာရေးဆရာကြီး မြသန်းတင့်တစ်ယောက်

၁၉၉၈ ခု၊ ဖေဖော်ဝါရီလ ၁၈ ရက်၊ ည ၉ နာရီ ၁၅ မိနစ် အချိန်မှာ ကွယ်လွန်ခဲ့တယ်။ ခုဆိုရင် နှစ်နှစ်ဆယ် နီးပါး ရောက်ပြီပေါ့။ သူ ကွယ်လွန်ချိန်က အသက် ၆၉ နှစ်ပဲ ရှိသေးတာ။ ရိုးရိုးကွယ်လွန်တာ မဟုတ်ဘူး။ သူ့အိမ်လှေကားပေါ်က လိမ့်ကျပြီး သေရတာ။ သူ့အိမ်ကို ကျွန်တော် ရောက်ဖူးပါတယ်။ သိပ်မမြင့်ပါဘူး။ ဒါတောင်



www.burmeseclassic.com

www.burmeseclassic.com

လေ့ကားက တစ်ဆစ်ချိုးလေ့ကား၊ လက်ထဲမှာ စာအုပ်တစ်ဖက် ဖလားတစ်ဖက်ကိုင်ပြီး ဆင်းလာရင်း ကျသေတာလို့ ပြောတယ်။ သူ့မိန်းမပြောတော့ 'ခွပ်'ခနဲ မြည်သံကြားလိုက်ရတယ်လို့ ဆိုတယ်။ ခေါင်းကွဲသွားသံပေါ့။

ကျွန်တော်လည်း အောက်တိုဘာလ ၂၀ ရက်နေ့ညက လေ့ကားပေါ်က လိမ့်ကျတယ်။ ည ၁၁ နာရီထိုးနေပြီ။ ထုံးစံအတိုင်း မီးကလည်း သေနေသေးတယ်။ လေ့ကားက ဆယ်ထစ်ရှိတာ၊ ဆရာမြလေ့ကားလို တစ်ဆစ်ချိုး မဟုတ်ဘူး။ ဒဲ့လေ့ကား။ အဲဒီပေါ်က မှောက်လျက်ကျသွားတော့ လေ့ကားအဆုံးမှာ ကြွေပြားကပ်ထားတဲ့ အင်္ဂတေခုံနဲ့ နဖူးနဲ့ ရိုက်မိတာပေါ့။ နဖူးလည်း ကွဲပြဲသွားတယ်။ ဘယ်လက်လည်း နစ်နေရာကျိုးသွားတယ်။ အကျတော်လို့ပေါ့။ နောက်စေ့နဲ့ကျရင် ဆရာမြနောက်လိုက်သွားရမှာ။ ပထမတော့ ဆရာမြကိစ္စကို မေ့နေတယ်။ သုံးလေးရက်ကြာမှ ဆေးရုံလာတဲ့ မိတ်ဆွေစာရေးဆရာတစ်ယောက်က–

'ကံကောင်းလို့နော်၊ နောက်စေ့နဲ့ကျရင် ဆရာမြလိုဖြစ်မှာ'

လို့ ပြောမှ ဆရာမြအကြောင်း သတိရပြီး အတော်ကြောက်သွားမိရဲ့။

အဲဒီနေ့ညက ဖြစ်ဖြစ်ချင်း အိမ်မှာရှိတဲ့ ဇနီးနဲ့ သမီးအကြီးဆုံးက ခြံချင်းကပ် တစ်ဖက်အိမ်က တူမဆရာဝန်လင်မယားကို လှမ်းခေါ်ရတယ်။ သူတို့ ဆရာဝန်လင်မယားပဲ အိမ်ကကားနဲ့ မောင်းပြီး ဝိတိုရိယဆေးရုံကို ခေါ်သွားကြတယ်။ သတိရှိလို့ အားလုံးကို သိနေပါတယ်။ ဝိတိုရိယ ဆေးရုံရောက်တော့ ဆေးရုံက လက်မခံဘူး။ ဒီလိုဒဏ်ရာတွေနဲ့ဆိုရင် ရာဇဝတ်မှုဖြစ်နိုင်လို့ ရန်ကုန်ဆေးရုံကြီးကို သွားပါလို့ ညွှန်လိုက်တယ်။

'အန်ကယ်တို့ တခြားအပြင်ဆေးရုံတွေကို မသွားပါနဲ့၊ ဘယ်ကမှ လက်ခံမှာ မဟုတ်ဘူး'

လို့လည်း ထပ်ပြီး မှာလိုက်သေး

q&mjr
uGf/ef;ef;u
69 Ekpf
&gdkyD
ukefwmEm
q&mjrvkd
wpfEkwnf
aoGmif&if
touf77 Ekpfaygh
q&mjrxuf&ifwmh
touf
ykdif&if f
ae&ao;w, f/vkd
, kd&ygvdh, f
ukefwmf
tckvkd
pma&;q&m
wpfa, muf
jzpf/mvm
q&mjr&U
aus;Zl;t rsm;BuD;
ygygw, f

တယ်။ ဒီတော့ ရန်ကုန်ဆေးရုံကြီးကို သွားရတော့တာပေါ့။ ရန်ကုန်ဆေးရုံကြီးရောက်တော့ ည ၁ နာရီလောက် ရှိပြီထင်တယ်။ တူမ ဆရာဝန်လင်မယားပါတော့ ရန်ကုန်ဆေးရုံကြီးမှာ အဆင်ပြေပါတယ်။ ရန်ကုန်ဆေးရုံကြီးကလည်း အရင်လို မဟုတ်တော့ဘူးလေ။ ရန်ကုန်ဆေးရုံကြီး ဝင်းထဲမှာပဲ ကားနဲ့ ဟိုအဆောင်သွားရ၊ ဒီအဆောင်သွားရနဲ့ တော်တော်သွားလိုက်ရတယ်။ နဖူးက ကွဲနေတဲ့ဒဏ်ရာကို ချုပ်တဲ့အခါမှာတော့ နံနက် ၂ နာရီလောက်တောင် ရှိနေပြီထင်တယ်။ မေ့ဆေးနဲ့မဟုတ်တော့ အားလုံးကို သိနေတယ်။ နာလွန်းလို့ ညည်းတော့ ချုပ်ပေးတဲ့ ဆရာဝန်လေးက–

'ကျွန်တော် လှအောင်ချုပ်ပေးနေတာ အန်ကယ်၊ နောက်ဆို ဒဏ်ရာမှန်းသိမှာ မဟုတ်တော့ဘူး။ နဖူးရေတွန့်တာနဲ့ ရောပြီးသွားလိမ့်မယ်'

လို့ ပြောရှာတယ်။ ဆရာဝန်လေးက ငယ်လည်းငယ်၊ တော်ရှာပါတယ်။ မနက် ၂ နာရီ၊ ၃ နာရီအချိန်မှာတောင် စိတ်ဝင်တစားနဲ့ စိတ်ပါလက်ပါ လုပ်ပေးရှာတာပါ။ နာမည်ကိုတောင် မမေးခဲ့မိဘူး။ ခုထိ ကျေးဇူးတင်နေတုန်းပဲ။

လက်ကကျိုးတဲ့ဒဏ်ရာကိုတော့ ဘယ်အချိန်မှာ ကျောက်ပတ်တီးစည်းလိုက်လဲ မသိဘူး။ မေ့ဆေးပေးလိုက်လို့ မသိတာ ဖြစ်မယ်။ မနက်လင်းတော့ ကျွန်တော့်ကို ရန်ကုန်ဆေးရုံကြီးကနေပြီး 'ဆာကူရာ'ဆေးရုံကို ခေါ်သွားကြတယ်။ ဟိုမှာက အခန်းကောင်းကောင်း ရတာကိုး။

'ဆာကူရာ'ဆေးရုံမှာ အဲဒီနေ့ ည ၉ နာရီအကျော်မှာ လက်က ကျောက်ပတ်တီးကိုဖြေပြီး လက်မှာ နစ်နေရာ ခွဲစိတ်လို့ စတီးချောင်း ထည့်ပေးကြတယ်လို့ ဆိုတယ်။ အားလုံးမေ့ဆေးနဲ့မို့ ဘာမှ သတိမရဘူး။ သတိရတော့ နောက်တစ်နေ့ ကိုယ့်အခန်းထဲက အိပ်ရာပေါ် ပြန်ရောက်နေပြီ။ အိမ်ထောင်ရှင်သမီးအငယ်ကတော့ ညကတည်းက အတူပါနေတာကို သိနေတယ်။ သားအငယ်ကတော့ ထားဝယ်က နောက်တစ်နေ့ပဲ ချက်ချင်းရောက်လာတာ။

ဘယ်သူ့ကိုမှ အသိမပေးပေမဲ့ တစ်ယောက်စကား တစ်ယောက်ကြားပြီး ဆေးရုံပေါ်ကို အသိမိတ်ဆွေတွေက လူနာလာမေးကြတယ်။ ရန်ကုန်မြို့က သွားရေးလာရေး ခက်ခဲတာကို သိနေတော့ အားလုံးကို အားလည်းနာတယ်။ ကျေးဇူးလည်းတင်ပါတယ်။

ဆရာမြ ကွယ်လွန်ချိန်က ၆၉ နှစ်ရှိပါပြီ။ ကျွန်တော်သာ ဆရာမြလို တစ်ခါတည်းသေသွားရင် အသက် ၇၇ နှစ်ပေါ့။ ဆရာမြထက်တော့ အသက် ပိုရှည်ရှည် နေရသေးတယ်လို့ ယူဆရပါလိမ့်မယ်။ ကျွန်တော် အခုလို စာရေး



www.burmeseclassic.com

www.burmeseclassic.com

ဆရာတစ်ယောက် ဖြစ်လာတာ ဆရာမြရဲ့ ကျေးဇူးအများကြီးပါပါတယ်။ ဆရာမြ စာပေလောကကြီးနဲ့ လူ့ပတ်ဝန်းကျင်ကို ခုလို စွန့်ခွာသွားရတဲ့အတွက် ပိုပြီး နှမြောမိတယ်။ သူ့ခမျာ ကျန်းမာရေးကိုလည်း ဂရုစိုက်တယ်။ မနက်တိုင်း လမ်းမှန်မှန် လျှောက်တယ်။ သူ့ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်လို့ နေပါတယ်။

ဒီနေ့အထိ သူသေသွားတာ အနှစ်နှစ်ဆယ်နီးပါးရှိပြီဖြစ်ပေမဲ့ ဆရာ့စာတွေကို ဖတ်နေရဆဲဖြစ်ပါတယ်။ စာအုပ်တိုက်တွေက ပြန်ထုတ်နေကြတယ်။ အမှန်တော့ ဆရာဟာ မြသန်းတင့်အမည်နဲ့သာမက မြသန်းအမည်နဲ့လည်း ရေးခဲ့ပါသေးတယ်။ မောင်သစ်တည်၊ စောယွမ်း၊ ထက်အောင်၊ မေမေလှိုင်၊ မင်းနန္ဒာ၊ ရဲအောင်ဇေ၊ အုတ်လှငယ်၊ ဇောတိက အမည်ကွဲတွေနဲ့ ရေးခဲ့ကြတာကိုတော့ သိပ်သိကြတော့မှာ မဟုတ်ဘူး။

ကျွန်တော်သာ ဆရာ့နောက်လိုက်သွားရရင် ခုထိ စာအုပ်ရေးခဲ့တာတွေက အုပ် ၅၀ ကျော်ပဲရှိသေးလို့ ဆရာ့ကို မမီပါဘူး။ ဆရာနဲ့လည်း ဘယ်လိုမှ နှိုင်းယှဉ်အပ်တဲ့သူ မဟုတ်ပါဘူး။ ဒီနေရာမှာ ကြုံလို့ ရေးလိုက်ရတာပါ။

ဆရာ တိုက်တွန်းအားကြီးလို့ ရန်ကုန်သစ်မဂ္ဂဇင်းမှာ သမိုင်းဆောင်းပါးတွေ ရေးဖြစ်ခဲ့ပါတယ်။ ဆရာကလည်း ဒီအချိန်မှာ **'တောင်သမန်အင်းကလေညင်းဆော်တော့'** သမိုင်းဆောင်းပါးရှည်ကြီးကို ရေးနေတယ်လေ။ ၁၉၉၇ ခုနှစ်လောက်က ဆရာ့အိမ်ရောက်တော့ တောင်သမန်လယ်စားနဲ့ ဒိုင်းခင်ခင်တို့အကြောင်း စကားစပ်မိကြတယ်။ ကျွန်တော်က နန်းတော်ကြီးအသိုင်းအဝိုင်းနဲ့ စာရေးဆရာမကြီး ဒဂုံခင်ခင်လေးတို့နဲ့ ကြီးပြင်းခဲ့ရတာကိုး။ ဒါတွေကို ကျွန်တော်ပြောပြတော့ ဆရာမြက အရမ်းသဘောကျ၊ **'တောင်သမန်ရှင်းတမ်း'**အမည်နဲ့ ဆောင်းပါးကို စ,ရေးခိုင်းခဲ့တာ။ **'တောင်သမန်ရှင်းတမ်း'** ဆိုတဲ့ အမည်ဟာ ကျွန်တော်ပေးခဲ့တဲ့အမည် မဟုတ်ပါဘူး။ ဆရာမြပေးခဲ့တဲ့အမည်ပါ။ အဲဒီဆောင်းပါး ရန်ကုန်သစ်မဂ္ဂဇင်းကို ဆရာမြပဲ ပို့ပေးခဲ့ပါတယ်။ နောက်ဆက်ရေးဖို့လည်း အမြဲတိုက်တွန်းနေလို့ ရန်ကုန်သစ်မှာ ရှင်းတမ်းဆောင်းပါးများ လစဉ်ပင်တိုင်ရေးဖြစ်ခဲ့ပါတယ်။ **'ကုန်းဘောင်ရှင်းတမ်း'**လို့ စာအုပ်ထွက်လာတဲ့အထိပါပဲ။ နောက် 'ကုန်းဘောင်အလွန်' သမိုင်းဆောင်းပါးရှည်ကြီးကို အခန်းဆက်ရေးဖြစ်ခဲ့တယ်။ ကျွန်တော့်ကို စာပေစင်မြင့်ပေါ် ပခုံးနဲ့ထမ်းပြီး တင်ပေးခဲ့တာ ဆရာမြပါပဲ။

ဆရာမြဟာ **'တောင်သမန်အင်းကလေညင်းဆော်တော့'** ဆောင်းပါးရှည်ကြီးကို အရှင်နန်းမတော်ဘုရား ဈာပနအခမ်းအနားမှာ အဆုံးသတ်လိုက်တော့မယ်လို့ ပြောခဲ့တယ်။ ကျွန်တော်က အရှင်နန်းမတော်ဘုရား ဈာပနဓာတ်ပုံတွေရှိတယ်လို့ ပြောတဲ့အခါမှာ ဆရာက သူ့ဆောင်းပါးမှာ ထည့်ချင်လို့ ပေးပါလို့ ပြောပါတယ်။ ကျွန်တော်က ဓာတ်ပုံများ ငှားလိုက်တယ်။ ရန်ကုန်သစ်မဂ္ဂဇင်းက ဆရာ့ဆောင်းပါးမှာ ကျွန်တော့်ဓာတ်ပုံတွေနဲ့ ပါလာတယ်။

နောက်လမှာ ဆရာမြ ရုတ်တရက် ကွယ်လွန်ရတာပဲ။ ဆရာမြမရှိတော့ပေမဲ့ ရန်ကုန်သစ်မဂ္ဂဇင်းက ဆရာ ချစ်ဝင်းမောင်နဲ့ အသိဖြစ်ကြပြီး ဆက်ရေးဖို့ တိုက်တွန်းရင်းနဲ့ ရေးရင်း၊ ရေးရင်း၊ သမိုင်းစာရေးဆရာတစ်ယောက် အခုလိုဖြစ်လာရတာပါ။ ကျွန်တော့်အဖြစ်က လှေကားပေါ်က လိမ့်ကျတဲ့အထိ ဆရာမြအဖြစ်နဲ့ သွားတူနေတယ်။ ကံကောင်းလို့ မသေတာပါ။ ဒါပေမဲ့ ဆရာမြရဲ့ ကျေးဇူးကိုတော့ ယနေ့ထိ မမေ့သေးပါဘူး။ ဆရာမြရဲ့ ဇာတိမြို့မှာ ဆရာမြအမည်နဲ့ စာကြည့်တိုက် ဖွင့်မယ်ဆိုလို့ ကျွန်တော်ရေးခဲ့တဲ့ လုံးချင်းစာအုပ်တွေကို လှူလိုက်ပါတယ်။ ဆရာမြ ရောက်လေရာ ဘုံဘဝက သိပါစေ။ ■

**မောင်သန်းဆွေ၊ထားဝယ်၊**

ရွှေအမြုတေ
ရုပ်စုံမဂ္ဂဇင်း

ဖြန့်ချိရေး

ရွှေပုရပိုက်
စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၈၃၉၈၂၂၀



www.burmeseclassic.com

www.burmeseclassic.com

# ဦးဖိုးရှင်း

## မန်းတင်

ဦးဖိုးရှင်း…။ မောင်ပြုံးချိုသည် သူ့ကို ဂျပန်ခေတ်တွင် တွေ့ဆုံခဲ့သည်။ သူ့ကို မတွေ့ခင်ကတည်းကပင် သူ့အကြောင်းကို မောင်ပြုံးချို ကြားနေရပါသည်။ မောင်ပြုံးချိုသည် သာယာဝတီ လက်ပံတန်းမြို့တွင် လက်ထောက်မြို့ပိုင်အဖြစ်ဖြင့် အမှုထမ်းလျက်ရှိရာ သူ့အထက်မှ မြို့ပိုင်ကြီးသည် သူ့အကြောင်းကို မကြာခဏ ချီးကျူးပြောဆိုလျက် ရှိသည်ကို ကြားရသည်။ ဇီးဖြူကုန်းနယ်တစ်ဝိုက်တွင် ဦးဖိုးရှင်း သြဇာတိက္ကမရှိပုံ၊ အရာရှိများနှင့် ဆက်ဆံရာ၌ လိမ္မာရေးခြားရှိပုံ၊ ဝတ္တရားကျေပွန်ပုံတို့ကို ကြားသိရပြီး ဖြစ်လေသည်။

'သူနဲ့ခင်ဗျားကို တွေ့ပေးရဦးမယ်။ သိပ်တော်တဲ့လူဗျ။ ဘယ်နေရာဖြစ်ဖြစ် အသုံးချလို့ရတယ်'ဟု အမှုမ်းတင် ပြောဆိုတတ်လေသည်။

သို့သော် ဦးဖိုးရှင်းနှင့်ကား မောင်ပြုံးချို တော်တော်နှင့် မတွေ့ရပါ။ ဇီးဖြူကုန်းဟူသော ရွာသည် လက်ပံတန်းမှ သာရဝေါသို့သွား မီးရထားလမ်းပေါ်တွင် တည်ရှိသည်။ အင်္ဂလိပ်များ မြန်မာနိုင်ငံမှ ဆုတ်သွားစဉ်အခါက ထိုမီးရထားလမ်းတွင်ရှိ မြစ်မခချောင်းကို ဖြတ်ကူးထားသော ခမုန်ဆိပ်တံတားကြီးကို ချိုးသွားသောကြောင့် မီးရထားမသွားနိုင်။ သို့ကြောင့် ဇီးဖြူကုန်းသို့သွားရန် မလွယ်ကူအောင် ဖြစ်နေသည်။ ဦးဖိုးရှင်းလည်း လက်ပံတန်းသို့ မလာနိုင်အောင် ဖြစ်နေလေသည်။ မြို့ပိုင်ကြီးကား သူ့တပည့်ကျော် ဦးဖိုးရှင်းကို တွေ့လိုလှပါပြီ။

တစ်နေ့သော် မြို့ပိုင်ကြီးသည် အားရဝမ်းသာ ဘူတာရုံဘက်မှ လျှောက်လာသည်ကို တွေ့ရသည်။

'အတော်ပဲဗျို့၊ မနက်ဖြန်ခါ ဇီးဖြူကုန်းဘက် သွားကြမယ်'ဟု ဆိုပါသည်။

'ဘာနဲ့ သွားမလဲ'ဟု မောင်ပြုံးချိုက မေးလိုက်သည်။

'စီစဉ်ခဲ့ပါပြီ၊ မီးရထားလမ်းဗိုလ်ရဲ့ ထရော်လီရတယ်'ဟု ဖြေကြားလေသည်။

❑

နောက်တစ်နေ့ နံနက်စောစောတွင် မြို့ပိုင်ကြီးနှင့် မြို့ပိုင်ကလေးတို့သည် လက်တွန်း ထရော်လီနှင့် လက်ပံတန်းမှ ထွက်ခွာလာခဲ့ကြလေသည်။ သီတင်းကျွတ်လဖြစ်သောကြောင့် မြစိမ်းရောင်မှ ရွှေရောင်သို့ ကူးပြောင်းစပြုနေပြီဖြစ်သော လယ်ကွင်းကြီးများကို မီးရထားလမ်းဘေး ဝဲယာ တွေ့မြင်ရသည်။ အချို့သော အင်းအိုင်ချောင်းမြောင်းတို့၏ ဘေးတွင်

အမှတ် ၃၅၁၊ ဖေဖော်ဝါရီ၊ ၂၀၁၉

ရုပ်စုံမဂ္ဂဇင်း

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

*စာရေးဆရာ မန်းတင် ရေးသားပြီး ၁၉၅၆ ခုနှစ်၊ အတွဲ ၄၊ အမှတ် ၉၊ ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့် 'ဦးဖိုးရှင်း' ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။*



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

တံငါတဲများကိုလည်း တွေ့ရသည်။ မြစ်မခ ချောင်းဘေးရှိ ခမုန်ဆိပ်သို့ ရောက်သောအခါ ထရော်လီကို တစ်ဖက်ကမ်းသို့ ဖောင်နှင့် တင်ယူပြီးနောက် ခရီးဆက်ကြပြန်သည်။ ထိုမှ လွန်သော် အနိမ့်ကွင်းကြီးများဖြစ်၍ ကိုင်းပင်တောကြီးများကို တွေ့မြင်ရသည်။ ရေလည်း ကောင်းကောင်း မကျသေးသဖြင့် ကိုင်းပွင့်တို့ကလည်း တဖွေးဖွေး၊ ရေကလည်း တဖွေးဖွေး ဖြစ်နေလေသည်။ လေလာတိုင်းပင် ကိုင်းပင်ထိပ်ဖျားမှ ကိုင်းပွင့်ဖွေးဖွေးတို့သည် လှုပ်ရှားနေသောကြောင့် ကောင်းကင်ယံမှ ပြေးလွှားနေသော ငွေတိမ်လွှာတို့နှင့် သဏ္ဍာန်တူလေသည်။

ဇီးဖြူကုန်းသို့ ရောက်သောအခါ အားရဝမ်းသာ ဆီးကြို နှုတ်ဆက်သော ဦးဖိုးရှင်းကို တွေ့ရပါတော့သည်။ ဦးဖိုးရှင်းသည် အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်း ဖြစ်သည်။ စကားပြောလျှင် ကျယ်လောင်စွာ ပြောဆိုတတ်သည်။ အရွယ်အားဖြင့် ငါးဆယ်ခန့်ရှိသည် ထင်ရသည်။ ခေါင်းတုံးပေါ်တွင် ဖြူဖွေးသော ဆံပင်တိုများ ကျိုးတိုးကျဲတဲ ပေါက်ရောက်နေသည်ကို အထင်းသား တွေ့မြင်ရသည်။ အရွယ်နှင့် မလိုက်အောင် သွက်လက်ချက်ချာပေ၏။

မြို့အုပ်ကြီးကား လက်ပံတန်းတွင် လက်ထောက်မြို့ပိုင်ဘဝကတည်းက နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့ဖူးသူဖြစ်သည်။ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်သူဖြစ်သဖြင့် လူချစ်လူခင် ပေါသည်။ သူသည် လက်ထောက်မြို့ပိုင်ဘဝကတည်းက သူကြီးများနှင့် ရောရောဝင်ဝင် နေတတ်သောကြောင့် သူ့အထက်မှ မြို့ပိုင်ကြီးကပင် သဘောမကျဟု ဆိုသည်။

]oLuawmh[ bdu&mu oLu,2v}[ kawmvbduf pma&;u armijyKt;tdu;buyf ajymonf ]b, ES aeov}[ karmijyKt;tdu ar;vbduonf t&m&Sdyguf armijyKt;\ pdwfxJwGif oLu,fBuD;qdkom ykV¾dKvfrsm;onf txufvLuDvmv|if ukef;&Sd;&Sd rsufESm wGif xifwmvkyfwwfolrsm;[ kpGJaeygonf

မောင်ပြုံးချို၏ မြို့ပိုင်ကြီးကား အသားမည်းသော်လည်း ချစ်စရာကောင်းပါသည်။ သူကြီးတွေကလည်း ခင်ကြသည်။ သူကြီးကတော်တွေကလည်း မေတ္တာပို့သည်။ သူကြီးသမီးတွေကလည်း ချစ်ကြသည်။ အင်္ဂလိပ်မပြေးမီကလည်း သည်နယ်မှာပင် မြို့ပိုင်လုပ်ခဲ့သောကြောင့် ယခု အင်္ဂလိပ်သခင်များ ပြေး၍ ဂျပန်မာစတာများ ရောက်ရှိလာသောအခါတွင်လည်း ထိုမြို့ပိုင်ကြီးပင် ပိုနေမြဲကျားနေမြဲဆိုသလို ရောက်ရှိလာပြန်ရာ အားလုံးကပင် ဝမ်းမြောက်ကြသည်ဟု ဆိုကြကုန်သည်။ တကယ်ဝမ်းမမြောက်သော်လည်း လောကဓမ္မတာအတိုင်း မျက်နှာချိုသွေးကာ သွားကိုဖြဲ၍ 'ဝမ်းမြောက်ပါသည်'ဟု ကျူးရင့်ကြကုန်၏။

ယခု ဂျပန်မာစတာများ၏ ခေတ်တွင် သူတို့၏ မြို့ပိုင်ကြီး ဇီးဖြူကုန်းသို့ ပထမအကြိမ် ရောက်ရှိလာသောအခါ မိတ်ဟောင်း ဆွေဟောင်းတို့သည် ပိုင်းအုံ ရောက်ရှိလာကြကုန်သည်။

'ဟ…သူကြီးတွေ သွားပြောပါဦးဟ၊ မြို့အုပ်မင်းရောက်လာတယ်'လို့ ဦးဖိုးရှင်းက အမိန့်ပေးလိုက်လျှင်ပင် ခြေမြန်တော်တို့သည် ထိုဒေသတစ်ဝိုက်ရှိ သူကြီးများထံသို့ တစ်မဟုတ်ချင်း ရောက်ရှိသွားကြကုန်သည်။

မနီးမဝေးမှပင် သူကြီးသုံးလေးဦး ရှိနေသောကြောင့် အကြောင်းကြားရသည်မှာလည်း လွယ်ကူလှပါသည်။

မကြာမီပင် မီးရထားလမ်းတစ်ဖက်မှ ပေါက်တောသူကြီး ဦးဖိုးညွှာ ရောက်ရှိလာလေသည်။

'သူကတော့ ဟိုဘက်ရွာက သူကြီးလေ'ဟု တောလိုက်စာရေးက မောင်ပြုံးချိုကို ကပ်၍ ပြောသည်။

'ဘယ့်နှယ်နေသလဲ'ဟု မောင်ပြုံးချိုက မေးလိုက်သည်။

အရာရှိပေါက်စ မောင်ပြုံးချို၏ စိတ်ထဲတွင် သူကြီးဆိုသော ပုဂ္ဂိုလ်များသည် အထက်လူကြီးလာလျှင် ကုန်းရှိုးရှိုး၍ မျက်ကွယ်တွင် ထင်တာလုပ်တတ်သူများဟု စွဲနေပါသည်။

'မဆိုးပါဘူး။ ဒါပေမဲ့ နည်းနည်းမူးလာရင်တော့ တွေ့ကရာ လျှောက်ပြောတတ်တယ်၊ သူများကိုတော့ ရန်မမူတတ်ပါဘူး၊ ကြွားတတ်တာတစ်ခုပါပဲ'

'ဘယ်လိုကြွားတတ်သလဲ'

'ငါ့မယ် သမီးတွေ အများကြီးရှိတယ်။ ငါ့သမီးတွေက ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးတွေဆိုတာ မသိကြဘူးလားလို့ အော်အော်နေတတ်တယ်'

'အင်း…ဒါလည်း ကြွားစရာပေပဲ'ဟု မောင်ပြုံးချိုက တိုးတိုး ပြန်ပြောလေသည်။

မကြာခင် ခပ်ပုပုလူတစ်ယောက် မတုန်မလှုပ်နှင့် ရောက်လာပြန်သည်။

'သူကတော့ လုလင်ကျော်သူကြီး ကိုဖိုးဆယ်တဲ့၊ မိန်းမနှစ်ယောက်ရှိတယ်။ ဘိန်းလည်း ရှုတတ်တယ်'

ထို့နောက် ဆံပင်ရှည်နှင့် ဇာတ်မင်းသားဟန် ပေါက်နေသူတစ်ယောက် ပေါက်လာပြန်သည်။

'သူကတော့ ကွမ်းသီးတစ်ပင်သူကြီး ကိုဖိုးသွယ်တဲ့။ သဘောကောင်းပါတယ်။ လိုတာတောင်း၊ ရနိုင်တယ်'

ထို့နောက် အရပ်ရှည်ရှည် အသားမည်းမည်းတစ်ယောက် ပေါ်လာပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

'သူကတော့ ကညင်တိုသူကြီး ဦးဓာတ်အိုးတဲ့၊ လူကတော့ ရှိးပါတယ်၊ ရိုးလွန်းအားကြီးတော့ အ,နေတယ်'

တောလိုက်စာရေးကြီးသည် မြို့ပိုင်အနီးတွင် ဝိုင်းဝန်းနေကြပြီဖြစ်သော သူကြီးတို့၏ အကြောင်းကို သိသလောက် ဖောက်သည်ချနေလေသည်။

ဦးဖိုးရှင်းသည် ရှေးအထက်ကျော်ကာရီက ကညင်တိုရွာကို အုပ်စိုးခဲ့ရသော သူကြီးဖြစ်သည်။ ထိုကျေးရွာတွင် အတန်ကြာအောင် စိုးမိုးခဲ့ပြီးနောက် အစိုးရ အခွန်တော်ငွေများနှင့် ပတ်သက်၍ မရှင်းမလင်းပြုလုပ်ခဲ့သည့်အတွက် ရာထူးမှ ထွက်ခဲ့ရသည်။ သူသည် ကညင်တိုသူကြီးအဖြစ်ဖြင့် ရှိနေစဉ်က သူ့ကျေးရွာတွင်သာမက ထိုဒေသတစ်ဝိုက်ရှိ သူကြီးအပေါင်းတို့အပေါ်တွင်ပင် သြဇာညောင်းခဲ့သည်။ ထိုဇီးဖြူကုန်းနှင့် သာရဝေါနယ်တစ်ဝိုက်တွင် သူကြီးပေါင်း ၁၀ ဦးခန့် ရှိသည်။ ထို ၁၀ ဦးသော သူကြီးတို့သည် မည်သူမျှ ကညင်တို သူကြီး ဦးဖိုးရှင်းကို မလွန်ဆန်နိုင်ကြ။ သူကြီးအဖြစ်မှ ထွက်ခဲ့ရသည်တိုင်အောင် ဦးဖိုးရှင်း၏ သြဇာသည် တည်မြဲလျက်ရှိသည်။ သူကြီးတို့သည် သူကြီးလူထွက် ဦးဖိုးရှင်းကို အစစအရာရာ တိုင်ပင်ကြရသည်။ အားကိုးအားထား ပြုကြရသည်။

သူကြီးများသာမက မြို့ပိုင်နှင့် ပုလိပ်များပင် ဦးဖိုးရှင်းကို အားကိုးကြရသည်။ ထိုနယ် ထိုဒေသတွင် ဘယ်ရွာကို ဓားပြတိုက်သွားသည်ဟု ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် မည်သူ့လက်ချက်ဟု ဦးဖိုးရှင်း အတပ်ပြောနိုင်သည်။ မည်သူ့ကို ဖမ်းလိုက်လျှင် သည်အမှုပေါ်နိုင်သည်ဟု ဦးဖိုးရှင်း ထင်ကြေးပေးနိုင်သည်။ ရုံးကိစ္စများတွင်လည်း ဦးဖိုးရှင်း လိုက်ပါ ဆောင်ရွက်လျှင် အောင်မြင်တတ်ပေသည်။

မြို့ပိုင်ကလေး မောင်ပြုံးချိုသည် ဦးဖိုးရှင်း တည်ခင်းကျွေးမွေးသော လက်ဖက်ရည်ကြမ်းနှင့် ငါးရံ့ခြောက်ဖုတ်ကို မြည်းရင်း ဦးဖိုးရှင်း၏ အကြောင်းများကို တဖြည်းဖြည်း သိလာလေသည်။

'ငါးခြောက်ဖုတ်က တယ်ကောင်းဗျာ'

မြို့ပိုင်ကြီးက ချီးကျူးလိုက်သည်။

'ဟာ... ဒါ ဖွတ်အင်းသူကြီး ကိုရွှေဝိုင်ဆီကပေါ့။ မြို့အုပ်မင်းလိုချင်ရင် ငါးပိသာလောက် မှာလိုက်မလေ'ဟု ဦးဖိုးရှင်းက ပြန်ပြောလိုက်လေသည်။ ဘယ့်ကလောက် အလိုက်သိပါသလဲ။

ခဏကြာသော် မြို့ပိုင်ကြီးနှင့် ကွမ်းသီးတစ်ပင်သူကြီး ဦးဖိုးသွယ်တို့ တိုးတိုး တိုးတိုးနှင့် စကားပြောနေကြပြန်သည်။

'မြို့အုပ်မင်း သူ့မေးမနေပါနဲ့၊ မရှိတော့ပါဘူး။ ဟသ်ာတဘက်မယ် လင်ရနေပါပြီ'ဟု ဦးဖိုးရှင်းက အကြမ်းပန်းကန်ကို ဆွဲယူရင်း ပြောလိုက်သေးသည်။

ဘယ်လောက် အကင်းပါး၍ ဘယ်လောက်သိတတ်သော ဦးဖိုးရှင်းပါလဲ။

'အကြမ်းတွေချည်းလည်း သိပ်သောက်မနေနဲ့ဦး မြို့အုပ်မင်းရေ၊ မပုစိန်ကလည်း အချိုရည်တိုက်ဦးမလို့တဲ့'ဟု ဦးဖိုးရှင်းက ဆိုပြန်သည်။

'ဟုတ်တယ် ဟုတ်တယ်၊ ရေနွေးထပ်တည်နေရလို့ အခုတော့ ဆူပါပြီ'

တစ်ဖက်အိမ်မှ သာယာသော အမျိုးသမီး၏ အသံသည် ထွက်ပေါ်လာလေသည်။ မကြာမီ မပုစိန်သည် ကော်ဖီပန်းကန်များနှင့် ရောက်ရှိလာလေသည်။

'ဇီးဖြူကုန်း လက်ဖက်ရည်ဆိုင်က အပျိုကြီးမပုစိန်ဆိုတာ သူပေါ့'ဟု တောလိုက်စာရေးကြီးက မောင်ပြုံးချိုကို ကပ်၍ ပြောလိုက်လေသည်။

'ညနေစာ ကျွန်မတို့အိမ် စားရမှာနော်'ဟု မပုစိန်က လောကွတ်ပျူငှာလိုက်သည်။

'ဟာ...နေပါစေ မပုစိန်၊ နောက်တစ်ခါကျမှ စားမယ်၊ ဟောဒါက အခုနောက်ရောက်လာတဲ့ မြို့ပိုင်ကလေးလေ'ဟု ဆိုကာ မြို့ပိုင်ကြီးက မောင်ပြုံးချိုကို မေးငေါ့ပြရင်း မိတ်ဆက်ပေးလိုက်သည်။ မပုစိန်နှင့် မောင်ပြုံးချိုတို့သည် တစ်ဦးကို တစ်ဦး ကြည့်၍ တစ်ဦးကိုတစ်ဦး အသိအမှတ်ပြုသောအားဖြင့် ပြုံးလိုက်ကြလေသည်။

'မြို့အုပ်မင်းက မြို့ပိုင်ကလေးကို အလုပ်သင်ပေးတဲ့နေရာမှာ ဆရာစားမချန်ဘဲ အားလုံး သင်ပေးရလိမ့်မယ်နော်'ဟု ဦးဖိုးရှင်းက ဝင်ထောက်လိုက်သည်။

'ဟာ... သင်ပေးရမှာပေါ့ဗျာ၊ အရေးကြီးတာတွေ အားလုံး လက်ထပ်သင်ပေးရမယ်၊ ဟဲ...ဟဲ...ဟဲ'ဟု မြို့ပိုင်ကြီးက ရယ်သွမ်းသွေးလိုက်လေသည်။

'အေး...ဒါနဲ့နေပါဦး၊ ကိုယောဟန်သေတဲ့ကိစ္စ ပြောစမ်းပါဦး'ဟု မြို့ပိုင်ကြီးက တည်ကြည်သောအသံနှင့် မေးလိုက်လေသည်။

'ဟာ... သူ့အဖြစ်ကတော့ မပြောပါနဲ့တော့'ဟု ဦးဖိုးရှင်းက ဆိုလိုက်သည်။ မပြောပါနဲ့တော့ဟူသော စကားသည် ပင်လျှင် စကားစ,ရန် နိဒါန်းပျိုးလိုက်ခြင်းဖြစ်ပါသည်။ လက်ဖက်ရည်ကြမ်းဝိုင်းအနီးတွင် ထိုင်နေသူအားလုံး၏ မျက်နှာများသည်လည်း ရှင်နေရာမှ သုန်သုန်မှုန်မှုန်ကြီးတွေ ဖြစ်သွားကြကုန်သည်။

'သူကလည်း အင်္ဂလိပ်ပြေးပြီးတဲ့နောက် ပြေးတောင် မပြေးသေးပါဘူးလေ။ မြို့အုပ်မင်းတို့တောင် မြို့မှာရှိသေးတာပဲ။ အဲဒီတုန်းက သေနတ်ကလေးတွေနဲ့ဆိုတော့ ခပ်ကြွကြွလုပ်တာကို'ဟု အစချီပြီးလျှင် နောက်ကြောင်းကို ပြန်ပြောင်းပြောဆိုလေသည်။

ထို့နောက် ဦးယောဟန်သည် သူ့အိမ်သူ အိမ်သားများနှင့်အတူ လှည်းလေးငါးစီးဖြင့် ထိန်တောရွာကိုဖြတ်၍ သူ့ဇနီး၏ ဆွေမျိုးများရှိရာ မိုးညိုသို့ ပြန်ရန် ဇီးဖြူကုန်းမှ ထွက်ခွာလာခဲ့လေသည်။ သို့သော် မိုးညိုသို့ကား သူ မရောက်နိုင်ရှာတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

ရွာမှထွက်၍ လေးငါးမိုင်လောက် ဝေးကွာသော တောစပ်ချောင်းကူးကလေးသို့ ရောက်သည်နှင့်တစ်ပြိုင်နက် သေနတ်များဖြင့် နှစ်ဖက်ဆိုင်၍ ချောင်းမြောင်းပစ်ခတ်ခြင်းကို ခံရသည်။ သေနတ်ကျည်ဆန်များသည် နွားများကို ထိမှန်၍ နွားတွေ နေရာတွင် ပုံလျက်လဲပြီး လှည်းများ ရပ်တန့်သွားသောအခါ လက်နက်ကိုင်တို့သည် ပုန်းအောင်းနေရာမှ ထွက်လာပြီးလျှင် လှည်းပေါ်တွင်ပါလာသည့် ယောက်ျားမှန်သမျှကို ဓားဖြင့် ခုတ်သတ်ကြကုန်၏။ ဦးဖိုးရှင်း ပြောပြနေပုံမှာ သဘာဝကျလှသဖြင့် သတ်ပုံဖြတ်ပုံများမှာ မျက်စိထဲတွင် အထင်းသား ပေါ်လာသည်။ ဂရုတစိုက် နားထောင်နေကြသော မောင်ပြုံးချိုသည် ကျောချမ်းမိလေသည်။

"ဒီ ကိုယောဟန်ဆိုတာ ဘယ်သူလဲဗျ"

မောင်ပြုံးချိုသည် တောလိုက်စာရေးကြီးကို ကပ်၍ မေးလိုက်လေသည်။

"ဒီလူက ဟောဟို ဇီးဖြူကုန်းဈေးကို ပိုင်တဲ့ လူပေါ့ဗျ။ ဟိုတုန်းက အစိုးရတွေနဲ့ တော်တော် ပန်းစားတယ်။ ဒီရွာမယ် ကာကွယ်ရေးဗိုလ်ဆိုပြီး သေနတ်တွေ ထုတ်ပေးထားတော့ အင်္ဂလိပ်ပြေးမယ်အလုပ် တလှုပ်လှုပ်ဖြစ်နေတဲ့ အချိန်မယ် သေနတ်တွေနဲ့ဆိုတော့ သူကလည်း ဘယ်သူ့မှ ဂရုမစိုက်ဘူး ပေါ့ဗျာ။ ဒီတော့ လူမှန်းများလာပြီး မိုးညှိအပြန် လမ်းက ဆီးပြီး ကိစ္စတုံးအောင် စီစဉ်လိုက်ကြတာပေါ့"

"ဘယ်သူတွေက လုပ်ပစ်လိုက်တာလဲဗျ"

"ဟာ…ဒါတော့ မပြောနဲ့၊ ဘယ်သူရယ်လို့ မသိဘူးဆိုပါတော့။ သိလည်း မပြောနိုင်ဘူး"

om&aOgAkdvf;k nfysupfDvsu&fgonf' Mrmwk
Og vrfp0ft & ]acwfysufbnESfwplfyfdeuft pkd
taqmuft 0Dm,ukdzsufqD, li i&rnf[ aom au;
aMumfbHwkdfxAkdvf;kdS t b, fbSv0 if0,uGf
ceMut ehf x&Hkdf t rkdukjzKwf bmGMuyyD
Akdvf;kt aqmuft 0Dnfaejrifvjrifjzpfaeonf

ဦးဖိုးရှင်းက ခပ်တိုးတိုးပြောလိုက်လေသည်။

မြို့ပိုင်ကြီးနှင့် မြို့ပိုင်ကလေးတို့သည် ထွေရာလေးပါး ရောက်တတ်ရာရာစကားများကို ပြောဆိုနေကြပြီးလျှင် ညနေစောင်းမှပင် လက်ပံတန်းသို့ ပြန်လာခဲ့ကြလေသည်။

❑

မောင်ပြုံးချိုသည် ဂျပန်ခေတ်တွင် ဦးဖိုးရှင်းနှင့် မကြာခဏ တွေ့ဆုံရသည်။ ဇီးဖြူကုန်းသို့ ရောက်သောအခါတွင် သူ့အိမ်တွင် ဝင်ရောက်အိပ်တတ်သည်။ သူကျွေးသော ထမင်းဟင်းများကိုလည်း စားဖူးသည်။ ဇီးဖြူကုန်းဘူတာမှ နေပြီးလျှင် ထိုဒေသတစ်ဝိုက်ရှိ သူကြီးအပေါင်းတို့အား ပြောစရာဆိုစရာ၊ အမိန့်ပေးစရာ၊ အကြောင်းကြားစရာ မှန်သမျှကို ဦးဖိုးရှင်းမှတစ်ဆင့် ဆောင်ရွက်နိုင်သည်။ ဦးဖိုးရှင်းကို ပြောလိုက်လျှင် မည်သည့်ကိစ္စမဆို ပြီးပြတ်နိုင်သည်။ နေရာတိုင်းတွင် အားကိုးရသည့် ဦးဖိုးရှင်းတည်း။ သို့သော် သူ့ကို သိပ်လွတ်ထားလို့လည်း မဖြစ်။ သူသွက်လက်ချက်ချာပုံ၊ လည်ပတ်ပုံများကို ကြည့်၍ သတိလည်း ထားရသည်။ သူပြောသော စကားများတွင်လည်း သူ့အကြောင်းသည် ပေါ်၍ ပေါ်၍ လာပါသည်။ စကား-စကား ပြောပါများ စကားထဲက ဇာတိပြလာတတ်ပါသည်။ ရာဇဝတ်မှုများတွင် မြို့အုပ်မင်းကို သက်ညှာအောင် ပြောပေးမည်ဆိုပြီး တရားခံထံမှ ငွေလှည့်ခဲ့ပုံ။ သူကြီးဘဝက အခွန်တော်ငွေများကို လှည့်ပတ်သုံးထားရာ မြို့ပိုင်လာစစ်သဖြင့် မိနေသောကြောင့် လာဘ်မစားသော မြို့ပိုင်မင်းအား လူသားကျွေးခဲ့ပုံ။ အင်းလေလံပွဲများတွင် မည်သို့ မည်ပုံသူ ကလိမ်ကျခဲ့ပုံတို့ကို ပြန်ပြောင်းပြောဆိုတတ်လေသည်။

သည်တွင်မကသေး။ သူတစ်ပါး မျက်ခုံးမွေးပေါ်တွင် စကြီးလျှောက်နေသည့် ရှေ့နေကြီးတစ်ဦးကိုပင် သူ တစ်ပတ်ရိုက်ပြီး အနိုင်ယူခဲ့ပါသေးသည်။ ဖြစ်ပျက်ပုံကား ဤသို့တည်း။ ရှေ့နေကြီး ဦးလှျာရှည်သည် ကိုဖိုးရှင်း၏ စွမ်းရည်သတ္တိကို သိသောကြောင့် အပေါင်းအသင်းလုပ်သည်။ ဦးဖိုးရှင်းကို ပေါင်းသင်းခြင်းအားဖြင့် မိမိတွင် မည်မျှ အကျိုးရှိနိုင်မည်ကို သိသည်။ ထို့ကြောင့် ရှေ့နေကြီးသည် ရည်ရွယ်ချက်ကြီးစွာနှင့် ဦးဖိုးရှင်းကို လက်သပ်မွေးလေသည်။ ဦးဖိုးရှင်းကလည်း ကြည်ညိုလေးစားသော အသွင်ကို ဆောင်၍ ရှေ့နေကြီးကို ဆည်းကပ်ကိုးကွယ်လေသည်။

ရှေ့နေကြီးသည် ဦးဖိုးရှင်း၏ ဆရာ ဖြစ်နေလေသည်။ သူသည် သူ့ဆရာ၏ အကျိုးကို သယ်ပိုးဆောင်ရွက်သည်။ ဇီးဖြူကုန်းနယ်မှ ဖြစ်ပေါ်သမျှသော ရာဇဝတ်မှုကြီးငယ်တို့ ရုံးရောက်လျှင် ဦးဖိုးရှင်းသည် သူ့ဆရာ ရှေ့နေကြီးထံသို့ အမှုသည်များကို ခေါ်ဆောင်လာတတ်သည်။ ရှေ့နေခများကိုလည်း သူကပင်လျှင် တောင်းဆိုပေးတတ်သည်။ ဇီးဖြူကုန်း နယ်မှာလည်း လက်ပံတန်းမြို့နယ်တွင် ရာဇဝတ်မှု အများဆုံး ကျူးလွန်သော ဒေသဖြစ်သည်။ ဖြစ်သမျှသော ရာဇဝတ်မှုများသည်လည်း ဦးဖိုးရှင်း၏ စွမ်းရည်ကြောင့် သူ့ဆရာ ရှေ့နေကြီး ဦးလျှာရှည်ဆီသို့သာ ရောက်ရှိလာတတ်သည်။ ထို့ကြောင့် ဦးဖိုးရှင်း၏ ဆရာ ရှေ့နေကြီးသည် အတော် စီးပွားလမ်း ဖြောင့်နေလေတော့သည်။

တစ်နေ့သော် ရှေ့နေကြီးသည် အတော် မကျေမနပ် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လာလေသည်။ ဦးဖိုးရှင်းသည် မိမိအပေါ်တွင် ခေါင်းပုံဖြတ်နေပါပြီဟု ဆိုသည်။ သူသည် အမှုသည်များ ပေးခိုင်းလိုက်သည့် ရှေ့နေခများကို ဖြတ်စားပြီဟု ရေရွတ်သည်။ သည်လိုနှင့် မပြီးသေး။ မိမိအား ရည်ရွယ်၍ ပေးခိုင်းသော အသပြာများကို ဦးဖိုးရှင်းသည် အလွဲသုံးစား ပြုလုပ်ပါသည် ဟူသော စွပ်စွဲချက်ဖြင့် ရုံးတွင် တရားစွဲဆိုရန် စိုင်းပြင်းလေသည်။ ထိုသတင်းကို ဦးဖိုးရှင်း ကြားရသောအခါ အတော်ပင် တုန်လှုပ်သွားလေသည်။ တုန်လှုပ်သွားသည်နှင့်အမျှ သူသည် သူ့အဖို့ အကာအကွယ် ယူထားလေသည်။ သူ ဖြတ်စားထားပါသည်ဟု စွပ်စွဲထားသော ငွေအသပြာကိုလည်း ဆောလျင်စွာ ရှာ၍ တစ်မုဟုတ်ချင်းပင် ဦးလှျာရှည်ထံသို့ သွားရောက်ပေးခိုင်းလေသည်။ သို့သော် ဒေါသအမျက် ခြောင်းခြောင်းထွက်နေသော ရှေ့နေကြီးသည် ထိုငွေကို လက်မခံတော့ဘဲ လာပေးသူကိုပင် ငေါက်ငမ်း၍ လွှတ်လိုက်သေးသည်။ ရှေ့နေကြီးသည် ငွေကို မလိုချင်တော့ပြီ။ မိမိကဲ့သို့သော ပုဂ္ဂိုလ်ကြီးကို ဖြတ်စားလျှပ်စား လုပ်ဝံ့သော သူကြီးလူထွက် ဦးဖိုးရှင်းကို မှတ်လောက်သားလောက်ဖြစ်အောင် ကြိတ်လိုက်မည်ဟု တအားခဲထားလေသည်။

အမှုစစ်ဆေးသောအခါ ဦးလှျာရှည် အံ့သြခြင်းကြီးမက အံ့သြသွားလေသည်။ စိတ်လည်း ဆိုးသည်။ အနီးရှိ မြင်မြင်သမျှသော လူအပေါင်းကို ရိုက်ချင်စိတ်ပေါက်သွားလေသည်။ သူပြသော သက်သေများသည် ဦးဖိုးရှင်းဘက်က ပင်း၍ ထွက်ဆိုကုန်ကြလေပြီ။ ငွေပေးပါလျက် မယူလိုက်ခြင်းသည် ဦးလှျာရှည်က ဦးဖိုးရှင်းကို သက်သက်အငြိုးကြီးနှင့် တရားစွဲဆိုချင်၍ ဖြစ်သည်ဟု ယူဆစရာ ဖြစ်နေသည်။ ငွေပေးလိုက်သော အမှုသည်ကလည်း မိမိငွေမလွယ်၍ ခပ်ဆိုင်းဆိုင်းမှ ပေးရသည် ထွက်ဆိုသည်။ သူငွေပေးသော နေ့ရက်သည် ဦးဖိုးရှင်းက သူ့ဆရာ ဦးလှျာရှည်ထံ အပေးခိုင်းသော ရက်နှင့် တစ်ထပ်တည်းလောက် ဖြစ်နေလေသည်။ ထို့ကြောင့် ဦးဖိုးရှင်းသည် ရှေ့နေကြီးအား ပေးခိုင်းသော ရှေ့နေခများကို အလွဲသုံးစား လုပ်ထားသည် မမည်သောကြောင့် ထိုအမှုတွင် ဦးဖိုးရှင်းသည် သူ့ဆရာဆင်ထားသော ကျော့ကွင်းမှ လျှောခနဲ လွတ်ထွက်သွားလေ၏။ ထိုအမှုကို စိတ်ဝင်စားနေသော လက်ပံတန်း မြို့သူမြို့သားများက 'ဆရာထက် တပည့် လက်စောင်းထက်ပြီ' ဟု ကျူးရင့်ကြကုန်၏။ 'မြွေပွေး ပိုးထိတာပဲ' ဟူ၍ ပြောဆိုကြကုန်သည်။

ဤကဲ့သို့ နောက်ကြောင်း ရာဇဝင်များကို သိ၍နေသော မောင်ပြုံးချိုသည် သူ့ကို သတိနှင့် ပေါင်းသည်။ မပေါင်းလို့လည်း မဖြစ်။ သူသည် အလွန်တရာ အကူအညီရသူတစ်ဦး ဖြစ်ပါသည်။ အထူးသဖြင့် ဂျပန်ခေတ် ချွေးတပ်စုဆောင်းရေးတွင် ဦးဖိုးရှင်းသည် မောင်ပြုံးချိုအား အထူး အကူအညီပေးခဲ့သည်။

'ဦးဖိုးရှင်း၊ ခင်ဗျားတို့ အနီးအနားမှာရှိတဲ့ ရွာက ချွေးတပ်သား တစ်ရာရအောင် စုဗျာ' ဟု ဆိုလျှင် ဦးဖိုးရှင်းသည် ရအောင်စုပေးသည်။

'ဇီးဖြူကုန်းမယ် စုတယ်ဆိုတော့ စုထားတုန်း ထမင်း ဘယ်သူကျွေးမလဲ' ဟု ဦးဖိုးရှင်းက မေးသည်။

'ဒီအတွက် မပူနဲ့၊ ကျွေးဖို့ အစီအစဉ်တွေ ရှိတယ်'

'ဘယ်လိုကျွေးမှာလဲ မြို့အုပ်မင်းရဲ့'

'တစ်ယောက် ဘယ်လောက်ဆိုပြီး တစ်ခါတည်း ချက်ခိုင်းမှာပေါ့'

'အဲဒါ ကျွန်တော်လိုချင်တာ၊ ကျွန်တော် ကန်ထရိုက်နဲ့ ကျွေးမယ်'

သည်နည်းနှင့် သူ အမြတ်ထုတ်လေသည်။ ချွေးတပ်စုဆောင်းတိုင်း ဦးဖိုးရှင်း ထမင်း ကန်ထရိုက်လုပ်ရသည်။ ထို့ကြောင့် ချွေးတပ်သားများကို မရမက စုဆောင်းပေးသည်။

'မြို့အုပ်မင်း၊ ကျွန်တော် ချွေးတပ်သားတွေကို ရထားပေါ်အရောက် ဂျပန်ဆီ အပ်ပြီးရင် ပြီးရောနော်၊ နောက် သူတို့ဟာသူတို့ လည်သလိုလုပ်တာတော့ တာဝန်မယူဘူးနော်' ဟု ဦးဖိုးရှင်းက ဆိုတတ်သည်။ မောင်ပြုံးချိုကလည်း အခြေအနေကို ရိပ်စားမိနေသည့်အလျောက် ခေါင်းညိတ်၍သာ ပြရလေတော့သည်။

ဦးဖိုးရှင်းကား ချွေးတပ်များများ စုဆောင်းရလေလေ သူ့အဖို့ အမြတ်ထွက်လေလေ ဖြစ်နေလေသည်။

အုပ်ချုပ်ရေးဘက်က ပုဂ္ဂိုလ်များနှင့်သာ ဦးဖိုးရှင်း သင့်မြတ်သည်မဟုတ်၊ ရဲဘက်မှ ပုဂ္ဂိုလ်များကလည်း သူ့ကို အားကိုးကြသည်။ အကြောင်းရှိလျှင် သူ့ကိုသာ တိုင်ပင်ကြသည်။ နှီးနှောကြသည်။ ဂျပန်တို့အုပ်စိုးသည့် သုံးနှစ်သုံးမိုးတွင် ရဲဘက်မှ ပုဂ္ဂိုလ်များသည် မြို့ပိုင်နယ်ပိုင်တို့ထက်ပင် တန်ခိုးအာဏာ ကြီးပါသေးသည်။ မြို့ပိုင် နယ်ပိုင်များတွင် ရာဇဝတ်အာဏာ မရှိသဖြင့်လည်း ရဲတို့၏ အလယ်တွင် သိမ်ငယ်သလိုလို ဖြစ်နေသည့် ဂျပန်ခေတ်မှ ရဲဘက်တွင် ဝင်ရောက် အမှုထမ်းကြသည့် အချို့သော နိုင်ငံရေး လူထွက် ရဲအရာရှိများသည် လက်ဟောင်းပုလိပ်ကြီးထက်ပင် 'ပုလိပ်ပီသ' နေသည်ကို တွေ့ရသည်။

'နောက်ဆိုရင် မြို့ပိုင်နယ်ပိုင်တွေ မထားတော့ဘူး။ ကျုပ်တို့ရဲဘက်ကချည်း အုပ်ချုပ်သွားမယ် သိလား။ ဒါကြောင့် ခင်ဗျားတို့ မြို့ပိုင်ကို သိပ်အားကိုးတဲ့ သူကြီးတွေတော့ သတိသာ ထားပေတော့။ ဟင်း-ဟီး…ဟီး' ဟု အံ့သွားကြိတ်ကာ ဟိန်းလိုက်သောအခါ ဦးဖိုးရှင်း အတော်ကလေး ရင်တုန်သွားသည်။ သို့သော် သူ့အဖို့ သူကြီးမဟုတ်၍ တော်သေးသည်ဟု အောက်မေ့နေသည်။ ထိုသို့ အောက်မေ့နေခိုက်ပင် 'ခင်ဗျားကြီးလည်း သတိထား၊ ဒီနယ်က သူကြီးမှန်သမျှ ခင်ဗျား ဩဇာချည်းပဲ။ ခင်ဗျားကြီး တော်တော်လူလည်လုပ်။ ဟင်း…ဟီးဟီး' ဟု ဟောက်လိုက်ပြန်သောအခါ ဦးဖိုးရှင်းသည် မျက်လုံးပြူးသွားပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညနေတွင် ဦးဖိုးရှင်းသည် ရဲအရာရှိကြီးများအား ဘဲသားဟင်းနှင့် ထမင်း ဖိတ်ကျွေးနေသည်ကို တွေ့ရလေသည်။

ထို့နောက် ရက်များမကြာမီ မြို့ပိုင်ကြီးကို ဂျပန်ကင်ပေတိုင် စစ်ပုလိပ် ဖမ်းသွားပြီဟူသော သတင်းကို ဦးဖိုးရှင်းကြားရလေသည်။ သူသည် အထူးပင် စိတ်မကောင်းဖြစ်မိလေသည်။ အတော်လည်း တုန်လှုပ်ချောက်ချားသွားလေသည်။ နောက်တစ်နေ့ ဇီးဖြူကုန်းသို့ ရောက်ရှိလာသော ခေတ်သစ်ရဲအရာရှိကြီးကို ခခယယ သွားမေးသည်။

‘ကျုပ် တစ်နေ့ကပြောတဲ့အတိုင်းပေါ့၊ နောက်ဆိုရင် မြို့ပိုင် နယ်ပိုင်တွေ မထားတော့ဘူး။ ရဲနဲ့ အုပ်ချုပ်မယ်။ သူတို့တစ်တွေ မဟုတ်တာလုပ်တာ ဂျပန်ရဲက သိတာပေါ့။ ဂျပန်ရဲ ဗမာရဲ ရဲချင်းတူတူပဲ’ဟု အားရဝမ်းသာ ပြောကြားလေသည်။ ဦးဖိုးရှင်းသည် ဝမ်းထဲက မချိသော်လည်း ပါးစပ်ကို အစွမ်းကုန်ဖြဲ၍ သွားများပေါ်အောင် ပြုံးပြလိုက်လေသည်။ ထိုနေ့မှစ၍ ဦးဖိုးရှင်းသည် ခေတ်သစ်ရဲအရာရှိကြီးကို ရိုသေလေးစားဝပ်တွားခယနေသည်ကို တွေ့ရပြန်လေ၏။

သို့သော် မကြာမီပင် သူ မမျှော်လင့်သော သတင်းစကားများကို ကြားရပြန်သည်။ မြို့ပိုင် နယ်ပိုင်တွေ မထားတော့ဘဲ ရဲနှင့်သာ အုပ်ချုပ်တော့မည်ဟူသော တရားဓမ္မကို မကြာခဏဟောကြားခဲ့သော ရဲအရာရှိကြီးနှင့် သူ့တပည့်ကို ဂျပန်စစ်ပုလိပ်က ဖမ်းပြီဟူသော သတင်းပင်ဖြစ်သည်။ ဖမ်းရုံတွင်မက နှစ်ဦးစလုံးကို ထုပ်တွင်ဆွဲကာ ဝါးရင်းတုတ်နှင့် ရိုက်သောကြောင့် ခြေတွေလက်တွေတောင် ကျိုးကုန်ပြီဟူသော သတင်းသည်လည်း သူ့ဆီသို့ ရောက်ရှိလာသည်။ ထိုသတင်းများကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဦးဖိုးရှင်းသည် သတိလစ်ဟင်းသကဲ့သို့ပင် ဖြစ်သွားပါတော့သည်။

သူ ဘယ်သောအခါကမှ မကြားဖူးသော စကားများကို ကြားနေရပါပြီ။ သူ ဘယ်သောအခါမှ မထင်ခဲ့သော ကိစ္စတွေဖြစ်ပေါ်နေပါပြီ။ ဦးဖိုးရှင်းတို့အဖို့ မြို့ပိုင်ဆိုသည်မှာ ‘ဧရာမ’ ပုဂ္ဂိုလ်ကြီးဖြစ်သည်။ လူတစ်ယောက်ကို ဖမ်းနိုင်သည်၊ ထောင်ချနိုင်သည်၊ လွှတ်ပစ်နိုင်သည်။ ပုလိပ်တွေကလည်း သူ့ကို ရိုသေကိုင်းရှိုင်းကြရသည်။ ယခုသော် သူ အထင်ကြီးခဲ့သမျှသော မြို့ပိုင်ကို မည်သူကမျှ မမှုတော့ပြီ။ ရဲဆိုသူများကလည်း မထီလေးစား ပြောကြားနေသည်။ နောက်ဆုံးတွင် သူများကို ဖမ်းခဲ့သော မြို့ပိုင်သည် ယခု သူကိုယ်တိုင် အဖမ်းခံနေရပြီ။ ဖမ်းရုံတွင်မကသေး ဘယ်ဆီ ဘယ်ဌာနသို့ပင် ခေါ်သွားသည်ဟု မသိရ။ နောက်တစ်ဖန် မြို့ပိုင်ထက် အရေးပါ အရာရောက်ပါသည်ဟု ဟစ်ကြွေးနေသော ရဲကြီးကိုလည်း ဖမ်းပြန်ပါပြီ။ ဖမ်းရုံတွင်မက သူများကို ရိုက်ခဲ့သော ရဲကြီးသည် သူကိုယ်တိုင် အရိုက်အနှက်ခံနေရပါပြီ။ ခက်ကပြီ။ သည်ခေတ်ကား ဘယ်လိုခေတ်ပါလိမ့်မလဲ။

‘ဘုရား… ဘုရား…’

ဦးဖိုးရှင်းသည် မတ,စဖူး ဘုရားကိုပင် တမ်းတလိုက်မိလေသည်။ ထိုနေ့ညတွင်လည်း ဘုရားကို ဦးသုံးကြိမ်ချ၍ အိပ်သည်။ သို့သော် နောက်တစ်နေ့ညတွင်ကား ဦးမချဖြစ်တော့ပါ။ နောက်ရောက်ရှိလာသော ရဲကြီးများကို ဧည့်ခံနေရသောကြောင့်တည်း။ သူတို့လည်း ဦးဖိုးရှင်းကို အားကိုးအားထား ပြုရပြန်လေ၏။ ဦးဖိုးရှင်းသည်လည်း သူ့အရှိန်နှင့်သူပင် ဇီးဖြူကုန်းဒေသတွင် စခန်းသွားလျက်ရှိသည်။ မြို့ပိုင်ကလေးမောင်ပြုံးချိုလည်း မြို့ပိုင်ကြီးအဖြစ်ဖြင့် အခြားဒေသသို့ ပြောင်းရွှေ့သွားလေ၏။

တစ်ခါတုန်းက ဗမာပြည်မှ ထွက်ပြေးသွားသော နယ်ချဲ့အင်္ဂလိပ်တို့သည် မဟာမိတ် အင်္ဂလိပ်ဟူသော ဘွဲ့ထူးကိုဆောင်လျက် ဗမာပြည်တွင်းသို့ ရောက်ရှိလာကြပြန်သည်။

ထိုစဉ်တွင် မောင်ပြုံးချိုအား လက်ထောက်မြို့ပိုင်ရာထူးခန့်အပ်ပြီးလျှင် သာရဝေါဒေသကို အုပ်ချုပ်ရန် စေလွှတ်လိုက်လေသည်။ သာရဝေါသည် လက်ပံတန်းမြို့နယ်တွင် ပါဝင်သည်။ စစ်အုပ်ချုပ်ရေးတွင် ငြိမ်ဝပ်ပိပြားရေးကို တွင်ကျယ်အောင် ဆောင်ရွက်နိုင်ရန်ဟု အကြောင်းပြကာ သာရဝေါ ရဲဌာနအပိုင်အတွက် လက်ထောက်မြို့ပိုင်တစ်ဦး သီးသန့်အုပ်ချုပ်ရန် စီစဉ်ခြင်းဖြစ်သည်။

မောင်ပြုံးချိုသည် စာရေးတစ်ယောက်၊ မင်းစေတစ်ယောက်နှင့်အတူ အထုပ်အပိုးပြင်ပြီးလျှင် စစ်မီးရထားနှင့် သာရဝေါသို့ ထွက်ခွာခဲ့လေသည်။ သာရဝေါသို့ ရောက်သောအခါ နေထိုင်ရန် ဂေဟာကို ရှာကြသည်။ မလွယ်ကူလှပါ။ သာရဝေါ ဗိုလ်ရုံသည် ပျက်စီးလျက်ရှိပါသည်။ ဒို့ဗမာတို့၏ ဝါဒလမ်းစဉ်အရ ‘ခေတ်ပျက်သည်နှင့် တစ်ပြိုင်နက် အစိုးရအဆောက်အဦများကို ဖျက်ဆီးယူငင်ရမည်’ဟူသော ကြွေးကြော်သံအတိုင်း ထိုဗိုလ်ရုံကိုမှ အဘယ်မှာလျှင် ဝ,ကွက်၍ ချန်ကြအံ့နည်း။ ထရံကိုခွာ၍ အမိုးကို ဖြုတ်ယူသွားကြပါပြီ။ ဗိုလ်ရုံ အဆောက်အဦသည် နေမြင် လမြင်

1948 ckESifvGifv@ifvyfa&;aMunmyD rMumjrifhD wpfvkdfwpjynfvkdykCueaomifuefrl m; jzpfvmavonfxkd, uonfZjluk fukdnfvmí ½kdufonfwpf, fvkdvlyfvy&Cjzpfvmavonf wpfhaomt cg0D2kSfwkd dUukdvuf u£uf£kdf t ajrmuft jrm; 0kdfyDvD fw&pyfpfwkluonf



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသည်။

‘ဒီလိုဆိုရင် ဘယ်ဒီမှာနေဖြစ်မလဲ’ဟု စာရေးကြီးက ဦးခေါင်းကို ကုတ်ရင်း ပြောသည်။

‘ဒါဖြင့် ဘယ်နေမလဲ၊ ပြန်လို့လည်း မဖြစ်ဘူး’ဟု မောင်ပြုံးချိုက ပြောသည်။ သူတို့စီးလာသော မီးရထားသည် လက်ပံတန်းသို့ ပြန်သွားပါပြီ။ သူတို့သုံးဦးသည် ဦးခေါင်းကို ကုတ်၍ အကြံထုတ်ကြသည်။ သို့သော် အကြံကား ထွက်မလာ။

မောင်ပြုံးချိုသည် သာရဝေါဂါတ်တဲထဲ သွားအိပ်ရမည်လောဟု စဉ်းစားမိပြန်သည်။ ဂါတ်ထဲတွင်လည်း ဂေါ်ရခါးစစ်သားတွေနှင့် ပြည့်နေသည်ဟု ဆိုသည်။ သည်လိုလည်း မဖြစ်သေး။ သူသည် အကြံအိုက်ကာ မီးရထားလမ်းပေါ်တွင် ထိုင်ရင်း ဇီးဖြူကုန်းဘက်သို့ ငေးမျှော်ကြည့်မိသည်။ မကြာမီပင် မီးရထားလမ်းပေါ်၌ လှုပ်ရှားသော သဏ္ဌာန်တစ်ခုကို တွေ့ရသည်။ သံလမ်းပေါ်တွင် ဘီးလိမ့်သဖြင့် ထွက်ပေါ်လာသော အသံမျိုးကိုလည်း ကြားရသည်။ မောင်ပြုံးချိုအဖို့ ဝမ်းသာ၍ မဆုံးတော့ပြီ။ ထိုသဏ္ဌာန်သည် တဖြည်းဖြည်း နီး၍နီး၍ လာလေသည်။ လူစီးထရော်လီ မဟုတ်ပါ၊ ဘီးလေးဘီးနှင့် အပေါ်မှ ပျဉ်ကို အပြားလိုက် ရိုက်ထားသည့် ကုန်တင်သော ထရော်လီပင် ဖြစ်ပါသည်။ အပေါ်တွင် ဦးဖိုးရှင်း အခန့်သား ထိုင်၍ လိုက်ပါလာသည်ကို တွေ့ရသည်။ သူ့အနီးတွင် အခြားနှစ်ယောက်လည်း ထိုင်၍ ပါသေးသည်။ နောက်နှစ်ယောက်က ထရော်လီကို တွန်းသည်။ အရှိန်ရသောအခါတိုင်း တက်ထိုင်ကြသည်။ ဘီးသေးသောကြောင့် တွန်းရသည်မှာ လူစီးထရော်လီလောက် မသက်သာလှသော်လည်း အရှိန်မသေးလှသောကြောင့် မပင်ပန်းလှပါ။

‘မီးရထားနဲ့ မြို့အုပ်မင်း သာရဝေါပါသွားတယ်ကြားလို့ လိုက်လာတာ’ဟု ဦးဖိုးရှင်းသည် ခရီးရောက်မဆိုက် နှုတ်ဆက်လေသည်။

‘ဇီးဖြူကုန်းတုန်းက ကြည့်တော့ ကြည့်သား မမြင်လို့။ ခင်ဗျား ပြောလိုက်ပါလို့သာ မှာခဲ့ရတယ်။ နေစမ်းပါဦး၊ ခင်ဗျား ဒီထရော်လီက ဘယ်ကရထားလိုက်တာလဲ’ဟု မောင်ပြုံးချိုက မေးလိုက်၏။

‘ဟာ… ဒီလိုပေါ့။ မီးရထားဘက်က လူတွေ ထားပစ်ခဲ့တာ။ အချောင်သုံးနေရတာပဲ။ မြို့အုပ်မင်းအတွက်တော့ ဒါ ဖုတ်သွင်းရထားပဲ။ လာ ပစ္စည်းတွေ ဒီအပေါ်တင်ပေတော့။ ဇီးဖြူကုန်းလိုက်ခဲ့။ ဒီမယ်နေလို့ မဖြစ်သေးပါဘူး’ဟုဆိုကာ ဦးဖိုးရှင်းသည် အိပ်ရာလိပ်များကို ဆွဲတင်လေသည်။

မောင်ပြုံးချိုတို့သည် ဦးဖိုးရှင်း၏ တပည့်နှစ်ယောက်က တွန်းပို့သော ကုန်တင်ထရော်လီပေါ်တွင် အိပ်ရာလိပ်ကို ခုထိုင်၍ စီးကာ ဇီးဖြူကုန်းသို့ ရောက်လာကြပြန်လေသည်။ ညနေစောင်းတွင် ဦးဖိုးရှင်း ဧည့်ခံကျွေးမွေးသော ကြက်သားဟင်းနှင့် ထမင်းကို အားရပါးရ စားကြပြီးနောက် ထွေရာလေးပါး စကားပြောနေကြသည်။ ဂျပန်ခေတ်တွင် မြို့ပိုင် ပုလိပ်များကို ဂျပန်ဖမ်း၍ နှိပ်စက်သည့်အကြောင်း၊ မောင်ပြုံးချိုတို့ ပြောင်းသွားပြီးနောက် ရောက်ရှိလာကြသည့် မြို့ပိုင် အဆက်ဆက်၏ အကြောင်း၊ အကောင်းလည်းပါ အဆိုးလည်းပါ ပြန်ပြောင်းပြောဆိုကြသည်။

ထို့နောက် မောင်ပြုံးချိုက နယ်အခြေအနေများကို မေးမြန်းသည်။

‘ဟာ…အခြေအနေကတော့ မိုးချုပ်လာရင် သိမှာပေါ့။ အခု မြို့အုပ်မင်း ရောက်လာတာ ဘယ်သူမှ သိပ်မသိသေးဘူး။ အဲဒါ ဒီနယ်အခြေအနေ ဘယ်လိုဖြစ်နေတယ်ဆိုတာ မီးထွန်းချိန်ရောက်ရင် သိပါလိမ့်မယ်။ မြို့အုပ်မင်းလည်း ဒီအိပ်လို့ မဖြစ်ဘူး။ စက်ထဲ သွားအိပ်မှ၊ ဟိုက လုံလုံခြုံခြုံရှိတယ်’ဟု ဦးဖိုးရှင်းက ပြောလေသည်။

မှောင်စပျိုးလာလျှင် မောင်ပြုံးချိုတို့သည် တိုက်အိမ်ကလေးတစ်ခု အတွင်းသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ ထိုအဆောက်အဦမှာ ဆန်စက်ပိုင်တစ်ဦး၏ အိမ်ဖြစ်သည်။ အုတ်နံရံကာထားသောကြောင့် အကြောင်းရှိလျှင်လည်း အတွင်းမှ ခုခံကာကွယ်နိုင်သည်။ အိမ်ရှင်တို့သည် မောင်ပြုံးချိုတို့အား လက်ဖက်ရည်ကြမ်းနှင့် မုန့်များကို ချထားပေးပြီးလျှင် အလျှိုလျှို ပျောက်ကွယ်သွားကြကုန်သည်။

‘ဘယ်ရောက်ကုန်ကြတုံး’ဟု မောင်ပြုံးချိုက မေးသည်။

‘ဟာ…ဒီလိုပဲ၊ ညကျရင် ပုန်းအိပ်ကြရတယ်’ဟု ဦးဖိုးရှင်းက ပြောလေသည်။

‘ကျွန်တော်လည်း ပုန်းအိပ်တာပဲ’ဟု ဆက်၍ ပြောလေသည်။

‘ကျွန်တော်တို့ ရောက်နေမှပဲဗျာ၊ ဘာပုန်းအိပ်ဖို့ လိုသေးလဲ။ ပြီးတော့ ပုလိပ်တွေလည်း ရှိနေသားပဲ’

‘အမယ်…မြို့အုပ်မင်းနှယ်၊ မြို့အုပ်မင်းပုလိပ်က ဘယ်မလဲ၊ သူတို့လည်း ပုန်းအိပ်နေတာပါပဲ…ဟဲ…ဟဲ’ဟု ရယ်သွမ်းသွေးလိုက်လေသည်။

ထိုအချိန်မှာပင် ‘အုံး’ဟူသော အသံကြီးသည် အနီးတွင် ကပ်၍ ခွဲလိုက်သကဲ့သို့ သိမ့်သိမ့်တုန်အောင် မြည်ဟည်းသွားလေသည်။ စားပွဲပေါ်မှ မီးတိုင်ပင် လှုပ်ရှားသွားသည်။ မောင်ပြုံးချိုလည်း အထိတ်တလန့် ဖြစ်သွားသည်။

‘ဟေ…ဘာလဲ’ဟု ယောင်ယမ်း အော်လိုက်မိ၏။

‘ဒါ…အစပဲလေ၊ လာပါလိမ့်မယ်’ဟု ဦးဖိုးရှင်းက ခပ်အေးအေး ပြောလေသည်။

‘တယ်လည်း နီးပါကလား’

‘မနီးပါဘူး၊ စိတ်ထင်လို့ပါ။ ဒီဟာဆိုရင် ဦးရွှေနှစ်အစုလောက်ကနဲ့ တူတယ်’

‘ဘာသံလဲဗျ’

‘အမြောက်ဆန်ကို မီးရှို့တာနဲ့တူတယ်’

ထိုအချိန်မှာပင် မြောက်ဘက်ဆီမှ သေနတ်သံသုံးလေး



www.burmeseclassic.com

www.burmeseclassic.com

ချက် ဆက်၍ ကြားရသည်။ သည့်နောက်တွင်မူ အရပ်လေးမျက်နှာမှ သေနတ်သံတွေ ဆူညံစွာ ထွက်ပေါ်လာသည်။ သေနတ်သံကြားထဲမှပင် ဘာသံမှန်းမသိသည့် 'အုံး' 'အင်း' 'ဝုန်း' ဟူသော အသံများသည်လည်း ကြားညှပ်၍ ထွက်ပေါ်လာလိုက်သေးသည်။ မောင်ပြုံးချိုတို့သည် ဘာစကားကိုမှ မပြောနိုင်တော့ဘဲ မီးတိုင်တွင် ငြိမ်သက်စွာ ဝိုင်းထိုင်နေကြသည်။ တစ်ခါတစ်ရံ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ မောင်ပြုံးချို၏ စာရေးကြီးကား အတော်ပင်တုန်လှုပ်ချောက်ချားနေပါပြီ။ နဖူးမှ ချွေးသီးကြီးများ ထွက်နေသည်ကိုလည်း တွေ့ရသည်။

'မြို့အုပ်မင်း··· ဖြစ်ပါ့မလား၊ ဘယ့်နှယ်လုပ်မလဲ'

သေနတ်သံ အတော်စဲသွားသောအခါ စာရေးကြီးက ပြောပါသည်။

'ဒါ ဘာလုပ်ကြတာလဲ၊ တရုတ်နှစ်သစ်ကူး ကျနေတာပဲ။ ဖောက်လိုက်ကြတာတွေ' ဟု မောင်ပြုံးချိုက ဦးဖိုးရှင်းကို မေးသည်။

'ဘာရယ်လို့တော့ မဟုတ်ဘူး၊ ညတိုင်း ဒီလိုပဲ။ ဒီနယ်မယ် ဂျပန်အပြေးမယ် လက်နက်တွေ အများကြီး ရလိုက်တယ်။ တစ်ရွာကိုတစ်ရွာက ကြောက်နေတယ်။ တို့ရွာတော့ လာတိုက်ချေရဲ့ဆိုပြီး လာတော့မစ,နဲ့ဟေ့၊ တို့မလည်း လက်နက်ရှိတယ်ဆိုပြီး အင်အားပြနေကြတာပဲ။ တချို့ကလည်း ယမ်းတောင့်တွေ အိတ်လိုက်ရလိုက်တယ်။ သေနတ်မရှိဘူး။ မရှိပေမဲ့ ရှိလေဟန် အသံမြည် ပြီးရောဆိုပြီး မီးဖုတ်ပြနေကြတာ။ တချို့ကလည်း လက်ပစ်ဗုံးကို မီးဖုတ်ကြတယ်။ တချို့ကလည်း မီးရှို့ရင်းနဲ့ ပြန်မှန်ပြီး သေကြတယ်'

'ဒါတွေ မနက်ဖြန်ခါကျတော့ တတ်နိုင်သလောက် သိမ်းရမှာပဲ' ဟု မောင်ပြုံးချိုက ဆိုသည်။

သို့သော် မည်သူ့ဆီက သိမ်းမည်နည်း။ ဦးဖိုးရှင်း၏ အကူအညီကိုပင် ယူရမည်ဖြစ်သည်။ ဦးဖိုးရှင်းက မည်သူ့ထံတွင် မည်သည့်လက်နက် ရှိသည်ကို သူသိသလောက် ပြောပြလေသည်။ သူ မသိလျှင်လည်း သိသူကို ခေါ်၍ပေးသည်။ မောင်ပြုံးချိုသည် ထိုနေ့ည ကောင်းကောင်း အိပ်မပျော်ချေ။ နံနက်လင်းလျှင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ဦးဖိုးရှင်းနှင့် တိုင်ပင်နှီးနှောရင်း နံနက်လင်းလေတော့သည်။

နံနက်လင်းလျှင်လင်းချင်းပင် လုပ်ငန်းကို စတင်ရလေတော့သည်။ သေနတ်ရှိသည်ဟု သတင်းရထားသော အိမ်များသို့ သွားရောက်၍ ဝှက်ထားသော သေနတ်များကို အပ်ရန် ပြောကြားကြသည်။ အချို့ကိုခြောက်၍၊ အချို့ကိုချော့၍ ပြောကြရသည်။ အချို့လည်း လွယ်လွယ်ကူကူပင် ပေးအပ်ကြသည်။ အချို့လည်း မရှိပါဘူးဟု ငြင်းကွယ်ကြသည်။ မတတ်သာတော့မှ ထုတ်ပေးကြသည်။ အချို့ကလည်း လက်နက်မှ မရှိလျှင် ရွာတွင် မနေရဲတော့ပါဘူးဟု ဆိုကာ ညည်းညူကြကုန်သည်။ ထို့ကြောင့် ယုံကြည်ရသူ၊ လက်နက်ကို အလွဲသုံးစား မလုပ်မည့်သူများကို ယာယီကိုင်ဆောင်ခွင့် လက်မှတ်များဖြင့် ပြန်လည် ထုတ်ပေးခဲ့သည်။ ထိုနေ့အဖို့ စာရင်းချုပ်လိုက်သောအခါ သေနတ်မျိုးစုံ ၅၀ ကျော် သိမ်းဆည်း ရရှိသည့်ပြင် လက်ပစ်ဗုံး၊ အမြောက်ဆန်များကိုပါ ရရှိလေသည်။

ထိုနေ့ညအဖို့ အေးချမ်းသာယာစွာ အိပ်ကြရသည်။ အနီးအနားတစ်ဝိုက်မှ သေနတ်သံများကို လုံးဝ မကြားရတော့ချေ။ နောက်တစ်နေ့တွင် ပုန်းအိပ်နေကြသူများလည်း မိမိတို့အိမ်များတွင် ဣန္ဒြေရရ အိပ်ကြရကုန်သည်။

ဦးဖိုးရှင်းသည် မောင်ပြုံးချိုအဖို့ အလွန် အသုံးဝင်နေလေသည်။ အုပ်ချုပ်ရေးအတွက်လည်း အလွန်အသုံးကျနေပါသည်။ ဦးဖိုးရှင်းသည် သာမန်ပုဂ္ဂိုလ်တစ်ဦးမျှ ဖြစ်လိမ့်မည်။ သူ့ကို ဩဇာကလေး၊ အာဏာကလေး တပ်ဆင်ပေးလိုက်လျှင် သာ၍ အသုံးကျပေလိမ့်မည်။ ထိုဒေသတစ်ဝိုက်ကို ဦးဖိုးရှင်းသည် နိုင်နိုင်နင်းနင်း ကြီးကြပ်အုပ်ချုပ်သွားနိုင်ပေလိမ့်မည်။ ထို့ကြောင့် မောင်ပြုံးချိုသည် နယ်ပိုင်ဝန်ထောက်၊ ရာဇဝတ်ဝန်ထောက်များနှင့် တိုင်ပင်၍ ဦးဖိုးရှင်းအား လစ်လပ်နေသော ကညင်တိုရွာ သူကြီး၏ နေရာတွင် ကျေးရွာသူကြီးအဖြစ် ခန့်အပ်လိုက်လေသည်။

'အင်း···မြင်းချိုတပ်ပေးသလိုတော့ ဖြစ်တော့မှာပဲ' ဟု အချို့က ဆိုကြသည်။

'ကောင်းတယ်··· ကောင်းတယ်။ ဒီနယ်ကို သူမှ နိုင်အောင် အုပ်ချုပ်နိုင်မှာ' အချို့ကလည်း ဤသို့ မှတ်ချက်ချလေသည်။

ဇီးဖြူကုန်းနယ်သည် မောင်ပြုံးချိုတို့ မျှော်လင့်ခဲ့သလို ဦးဖိုးရှင်း၏ စွမ်းရည်ကြောင့် အတော်ကလေးပင် ငြိမ်ငြိမ်သက်သက် ရှိနေပါသည်။ တစ်ခါတစ်ရံ ဓားပြတိုက်မှုများ၊ လုယက်မှုများ ဖြစ်ပေါ်တတ်သော်လည်း ဦးဖိုးရှင်းပင် တရားခံများကို ဖမ်းဆီးပေးတတ်သည်။ သည်အထဲကပင် သူ၏ မကောင်းသတင်းကလေးများကိုလည်း ကြားရသည်။ ဘယ်ရာဇဝတ်မှုများကို ဘယ်လိုထိမ်ဝှက်ထားသည်၊ ဘယ်တိုက်မှုတွင် သူမျက်နှာလွှဲနေသည်ဟူသော သတင်းများအပြင် သူ့သားတော်မောင်ကလည်း တစ်ဗိုလ်ထ,နေပြန်လေသည်။

သူ့သား မောင်ခိုင်သည် သူလိုပင် အရပ်ရှည်ရှည်၊ အသားမည်းမည်း၊ သူ့လိုတော့ စကားအရာ လိမ္မာရေးခြားမရှိလှ။ သို့သော် သူကလည်း တစ်မျိုးစွမ်းသည်။ အရိုက်အနှက် ကောင်းလှသည်။ လက်လည်း မြန်လှသည်ဟု ဆိုသည်။ ပွဲတကာတွင် ရိုက်ပွဲဖြစ်သည်ဆိုလျှင် တရားခံမောင်ခိုင်သာ ဖြစ်နေတတ်သည်။ ယခု အဖေက သူကြီး၊ သူကလည်း ဇီးဖြူကုန်းဈေးကို ပိုင်နေသူဖြစ်၍ သူ့လက်ကို အလွန်အသုံးချနေသည်ဟု ပြောကြသည်။ ထစ်ခနဲ စကားများလျှင် မောင်ခိုင်က 'ခွပ်'ခနဲ ရိုက်ပြီးသား ဖြစ်နေပြီဟူသော သတင်းများကို ကြားရသည်။ ရိုက်မှုဖြစ်တိုင်းဖြစ်တိုင်း ဦးဖိုးရှင်းက သားအတွက် ချော့၍တစ်မျိုး၊ ခြောက်၍တစ်ဖုံ အကာ



www.burmeseclassic.com

www.burmeseclassic.com

အကွယ် ပေးရလေသည်။

များမကြာမီတွင် မောင်ပြုံးချိုလည်း အခြားဒေသသို့ ပြောင်းရွှေ့သွားရလေသည်။ သို့သော် ဦးဖိုးရှင်းတို့ သားအဖ အကြောင်းကိုကား မကြာခဏ ကြားနေရပါသည်။ သတင်းသည် ဆိုးသည်ထက် ဆိုး၍ဆိုး၍ လာလေသည်။ ဦးဖိုးရှင်းသည် ဦးဖိုးရှုပ်ကြီးအဖြစ်နှင့် ထင်ရှားလေတော့သည်။

'ဦးဖိုးရှင်း··· ကောင်းကောင်းနေနော်၊ ခင်ဗျားပဲ ပြောတယ်မဟုတ်လား၊ ဇီးဖြူကုန်းက လှုပ်လှုပ်ရှိရင် ခပ်ထောင်ထောင်လူတွေ ခေါင်းပြတ်တတ်တယ်လို့။ ဒီတစ်ခါလှုပ်လှုပ်ဆိုရင် ဘယ်သူ့အလှည့်ဖြစ်မလဲဆိုတာ စဉ်းစားကြည့်စမ်း'ဟု မောင်ပြုံးချိုက တွေ့သောအခါများတွင် သတိပေးသည်။

'ကျုပ်တော်က ကိစ္စမရှိပါဘူး၊ ဟိုကောင်အတွက် ခက်နေတာ'

သူ့သား မောင်ခိုင်ကို မေးငေါ့ပြတတ်သည်။

'ဟေ့···မောင်ခိုင်၊ သိပ်မထောင်နဲ့နော်၊ ထ,လွန်းအားကြီးရင် ထိုင်ရတတ်တယ်ကွဲ့'ဟု ပြောလိုက်သောအခါ မောင်ခိုင်သည် ဘာမှပြန်မပြော၊ သွားကြီးသာ ဖြဲ၍ တဟဲဟဲ ရယ်နေတတ်ပါသည်။

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးကြေညာပြီး၍ မကြာမြင့်မီ တစ်တိုင်းတစ်ပြည်လုံး ပုန်ကန်သောင်းကျန်းမှုများ ဖြစ်လာလေသည်။ ထိုဂယက်သည် ဇီးဖြူကုန်းကိုလည်း လာ၍ ရိုက်သည်။ တစ်နယ်လုံး လှုပ်လှုပ်ရွရွ ဖြစ်လာလေသည်။

တစ်ညသောအခါ ဦးဖိုးရှင်းတို့အိမ်ကို လက်နက်ကိုင် အမြောက်အမြား ဝိုင်းပြီးလျှင် တရစပ်ပစ်ခတ်ကြသည်။ ဦးဖိုးရှင်းတို့သည် တံခါးဖွင့်မပေး။ အတွင်းမှ ခုခံမည်ကြံကြသည်။ သို့သော် အားမမျှ၊ အိမ်၏ လေးဖက်လေးတန်တွင် လက်နက်မျိုးစုံနှင့် လူငါးဆယ်လောက် ဝိုင်းထားပြီးဖြစ်နေသည်။ သားဖြစ်သူ မောင်ခိုင်သည် အသင့်ဆောင်ထားသော လက်ပစ်ဗုံးကို ကိုင်လျက် ရေတံလျှောက်ထဲတွင် ဝင်ပုန်းသည်။ သို့သော် မလွတ်နိုင်တော့သည့်အရေးကို မြင်သည်။ ထို့ကြောင့် သားအဖနှစ်ယောက်စလုံး အိမ်ပေါ်မှဆင်း၍ ထွက်ပြေးရန် ကြံကြသည်။ မောင်ခိုင်သည် အိမ်မှအထွက် အိမ်ရှေ့ ပေငါးဆယ်လောက်ကွာ ရောက်လျှင် သေနတ်ထိ၍ လဲလေသည်။ နောက်တစ်ချက်ပစ်လိုက်သော ကျည်ဆန်သည် သူကိုင်ဆောင်ထားသော လက်ပစ်ဗုံးကိုထိကာ ပေါက်ကွဲလေသည်။ မောင်ခိုင်၏ ခန္ဓာကိုယ်သည် အပိုင်းပိုင်း အတစ်တစ် ဖြစ်သွားလေသည်။ ဦးဖိုးရှင်းလည်း မီးရထားသံလမ်းကို ကျော်ပြီး လွတ်ပြီအထင်နှင့် လယ်ထဲသို့ အဆင်းလိုက်တွင် ချုံစပ်မှ စောင့်နေသူတို့ ပစ်လိုက်သော သေနတ်ကျည်ဆန်ထိ၍ လဲလေသည်။

'လာဟေ့···လာ၊ ဒီမယ် တစ်ယောက် မိထားပြီ'

ထိုအသံကြောင့် အားလုံး ဝိုင်းလာကြပြီးလျှင် သေနတ်နှင့်ပစ်၍ မသေမရှင်ဖြစ်နေသော ဦးဖိုးရှင်းကို ဓားနှင့် ဝိုင်းခုတ်ကြသည်။

'ဟေး···သိပ်စကားများတဲ့ ငတိကြီး၊ လျှာကိုပါ ဖြတ် ဦးကွာ'ဟူသော အသံများကိုလည်း ကြားရသည်။

မကြာမီ ငြိမ်သက်သွားလေသည်။ မည်သူမျှ အိမ်ထဲမှ မထွက်ရဲကြ။ နံနက်မိုးလင်းသောအခါ အိမ်ရှေ့ ချိုင့်ခွက်ထဲမှ မောင်ခိုင်၏ အသားတစ်များကို လိုက်ကောက်ကြရသည်။ ဘူတာရုံဘေးရှိ လယ်တောစပ်မှ ဓားဒဏ်ရာတွေနှင့် မရှုမလှ အသက်ဆုံးနေပြီဖြစ်သော လျှာမရှိတော့သည့် ဦးဖိုးရှင်း၏ ရုပ်အလောင်းကို တွေ့ကြရလေသည်။

'အင်း···တစ်နေ့ ဒီလိုဖြစ်မယ်ဆိုတာ အထင်သား'

မောင်ပြုံးချိုနှင့်တကွ ကြားရသူအပေါင်းတို့သည် ဤသို့ ရေရွတ်ရင်း စုပ်သတ်ကြကုန်သည်။

'သားအတွက် အဖေပါ သေရတာပါကွာ'

'လုပ်ချင်တာက ငခိုင်ကိုကွ၊ အဖေက ကာကွယ်နေတော့ သူ့ပါ ကိစ္စတုံးလိုက်ကြတာပေါ့'ဟူသော စကားများကိုလည်း ကြားရလေသည်။

မောင်ပြုံးချိုသည် ဇီးဖြူကုန်း ဘူတာကို ဖြတ်၍ ရထားစီးသွားတိုင်း ထိုအကြောင်းများကို စဉ်းစားမိသည်။ သတိရမိသည်။ ဘူတာထဲသို့ ရထားဝင်လာလျှင် ရထားပေါ်မှ ဦးဖိုးရှင်းနေထိုင်သွားသည့် အိမ်ကို လှမ်းမျှော်ကြည့်မိသည်။ အိမ်အိုကြီးနေရာတွင် ခံ့ညားသစ်လွင်သော အိမ်သစ်ကြီးဖြစ်နေပါပြီ။

'အဲဒီအိမ်ကြီး ဘယ်သူနေသလဲ'ဟု မေးလျှင်-

'မသိဘူးလား၊ ဒီနယ်မယ် အလွန်တန်ခိုးကြီးတဲ့ ဘုန်းကြီးမျောက်ကြီးအိမ်ပေါ့'ဟူသော အဖြေကိုရသည်။ ထိုနေရာမှတစ်ဆင့် အိမ်ရှေ့ တစ်နေရာကို ကြည့်မိသည်။ သည်နေရာကား မောင်ခိုင်၏ အသားတစ်များကို တစ်စစီ ကောက်ယူရသည့် နေရာဖြစ်သည်။ ထို့နောက် ဘူတာရုံ၏ အရှေ့ဘက် ဦးဖိုးရှင်း မရှုမလှ သေရရုံတွင်မက လျှာကိုပါ ဖြတ်ယူသွားခြင်း ခံရသည့် နေရာတာကျင်းကို ကြည့်မိသည်။ မီးရထားသည် ဇီးဖြူကုန်း ဘူတာမှ တဖြည်းဖြည်း ထွက်စပြုသောအခါ မောင်ပြုံးချို၏ မျက်စိအစုံသည် လယ်တောစပ်တစ်နေရာကို လှမ်းမျှော်ကြည့်မိပြန်သည်။

'ဦးဖိုးရှင်းကို အဲဒီနေရာမယ် မြုပ်ထားတာပေါ့'ဟု တစ်ခါက သူ့ကို ပြသဖူးသည်။ ထိုစဉ်ကမူ မို့မောက်လျက်ရှိသော မြေပုံကို တွေ့ရသည်။ ယခုသော်ကား ချုံပိတ်ပေါင်းတို့ဖြင့် အုပ်လျက်ရှိပါသည်။

'သြော်··· ဦးဖိုးရှင်း···'

'လုပ်ခနဲဆို ဒီနယ်က ခပ်ထောင်ထောင်နေတဲ့လူ ခေါင်းကိုဖြတ်တာပဲ'ဟု သူ မကြာခဏ ပြောဖူးသည်။ သူ့အလှည့်ကျတော့ ဦးခေါင်းကိုမဖြတ်၊ လျှာကိုဖြတ်ယူသွားကြသည် တကား။ ။ ■

**မန်းတင်**

*မြဝတီမဂ္ဂဇင်း၊ ၁၉၅၆ ခု၊ ဇူလိုင်လ၊*
*အတွဲ ၄၊ အမှတ် ၉။*



www.burmeseclassic.com

www.burmeseclassic.com



၁။

တဂျိမ်းဂျိမ်းမြည်သံတွေက
ကွင်းပြင်ကြီးထဲမှာ
'ဟိန်း'ထွက်နေတယ်။
ကြိတ်ကြိတ်တိုး
စည်ကားလှတဲ့
လူစုလူဝေးကြီးနဲ့
မိုးထိအောင်
ထောင်နေကြတဲ့
ပြာသာဒ်ရောင်စုံကြီးတွေ၊
ရွှေရောင်လက်လက်
ထနေတဲ့
မဏ္ဍပ်ကြီးတွေအပြင်
တီးမှုတ်နေကြတဲ့
ဆိုင်းသံဗုံသံတွေကလည်း
ပွက်လောညံနေတယ်။
တောင်သူ
လယ်သမားတွေရဲ့
ထုံးစံအတိုင်း၊
ဓလေ့အတိုင်း နွေကာလ
စပါးပေါ်ချိန်မှသာ
ရှိစုမဲ့စုငွေကြေးတွေ
ပုံအောပြီး ကျင်းပလေ့
ရှိတဲ့ 'ဘုန်းကြီးပျံ
ပွဲတော်'ကြီးဆိုတော့
ဘယ်မှာ မစည်ကားဘဲ
နေပါ့မလဲ။
အရမ်းစည်တယ်။
သူငယ်လေး မောင်ပန်းဒွေး
အဖို့ကား အလွန်
ပျော်စရာကောင်းလှတဲ့
ပွဲတော်ကြီးပဲကိုး။
လူနှစ်ဖက်စာ၊ သုံးဖက်စာ
ရှိတဲ့ သစ်လုံးကြီးတွေကို
အဝိုင်းလိုက်ဖြတ်ပြီး
လှည်းဘီးလုပ်တပ်ဆင်
ထားတဲ့ လောင်တိုက်

# စပ်ပန်းချီဆရာ

**ကိုငြိမ်း၊ မန္တလေး၊**



www.burmeseclassic.com

www.burmeseclassic.com



၁။
တဂျိမ်းဂျိမ်းမြည်သံတွေက
ကွင်းပြင်ကြီးထဲမှာ
'ဟိန်း'ထွက်နေတယ်။
ကြိတ်ကြိတ်တိုး
စည်ကားလှတဲ့
လူစုလူဝေးကြီးနဲ့
မိုးထိအောင်
ထောင်နေကြတဲ့
ပြာသာဒ်ရောင်စုံကြီးတွေ၊
ရွှေရောင်လက်လက်
ထနေတဲ့
မဏ္ဍာပ်ကြီးတွေအပြင်
တီးမှုတ်နေကြတဲ့
ဆိုင်းသံဗုံသံတွေကလည်း
ပွက်လောညံနေတယ်။
တောင်သူ
လယ်သမားတွေရဲ့
ထုံးစံအတိုင်း၊
ဓလေ့အတိုင်း နွေကာလ
စပါးပေါ်ချိန်မှသာ
ရှိစုမဲ့စုငွေကြေးတွေ
ပုံအောပြီး ကျင်းပလေ့
ရှိတဲ့ 'ဘုန်းကြီးပျံ
ပွဲတော်'ကြီးဆိုတော့
ဘယ်မှာ မစည်ကားဘဲ
နေပါ့မလဲ။
အရမ်းစည်တယ်။
သူငယ်လေး မောင်ပန်းခွေး
အဖို့ကား အလွန်
ပျော်စရာကောင်းလှတဲ့
ပွဲတော်ကြီးပဲကိုး။
လူနှစ်ဖက်စာ၊ သုံးဖက်စာ
ရှိတဲ့ သစ်လုံးကြီးတွေကို
အဝိုင်းလိုက်ဖြတ်ပြီး
လှည်းဘီးလုပ်တပ်ဆင်
ထားတဲ့ လောင်တိုက်


# စပ်ပန်းချီဆရာ

ကိုငြိမ်း၊ မန္တလေး၊



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

0D&7Zkt uqkdwm
tifwef
oGbGfvufvuf
aygnygngyg
ajymi fcsmfcsmf
u,&wmqkdwmh
Munfhewbh
*syefppAkdvfu
t aMumi fMumi f
jzpfbGw, f
'aDumifmrvnbl
bkefuhDHqkdwm
ema&;?bkefuhDH
umra&Bu
u,oluvnf
at mi fyGH
t aysmfu,rSwfqkd
awmhsyeAkdvfu
oHumjyefukd
ar;w, f
t Ja&Tkdqkdwbh
t aumi fu
bkefuheDY
&ejZpfZlovm;

တလားကြီးတစ်ခု တောင်မှ မြောက်၊ မြောက်မှတောင်၊ အရှေ့မှအနောက်၊ အနောက်မှ အရှေ့ ဝြသံပေးပြီး အော်ဟစ်နေကြတဲ့ လူအုပ်ကြီး အကြား ပုံစံအမျိုးမျိုးနဲ့ ရွေ့လျားပြေးလွှားနေတာကို သူငယ်လေး မောင်ပန်းဒွေး အလွန်သဘောကျရင်း သူကိုယ်တိုင်လည်း လူအုပ်ကြီးနဲ့အတူ ရောနှောပြေးလွှားနေပါတယ်။

ဗိန်းဗောင်းဆော်နေတဲ့ ဆိုင်းသံတွေအကြားမှာ လောင်တိုက်ဝင်ရိုးနဲ့ သစ်သားကြီးတွေ ပွတ်တိုက်ရာက ထွက်ပေါ်လာတဲ့ ဘီးအီ သံကြီးကလည်း ဆင်တွေအော်နေသလို နားအူစရာကြီး။ နားတွေပွင့်ထွက်မတတ်။ တွန်းထိုးရွေ့လျားနေကြတဲ့ လူအုပ်ကြီးထဲ ပေါ်လိုက်ပျောက်လိုက်၊ လဲလိုက်ပြိုလိုက်၊ ပြန်ထ,ပြေးလိုက်နဲ့ လင်းတစွန်ရဲအုပ်ကြီးထဲ အနိုင်နိုင် အားယူပုံသန်းနေတဲ့ စာသူငယ်လေးတစ်ကောင်လိုဖြစ်နေတဲ့ မောင်ပန်းဒွေးဟာ သူနဲ့ ဝေးဝေးသွားနေတဲ့ လောင်တိုက်ကြီးကို ငေးမောရင်း မမောနိုင် မပန်းနိုင် ပြေးလွှားလိုက်နေတုန်းသာ။ မောင်ပန်းဒွေး ကြည့်လိုမြင်လိုတဲ့ လောင်တိုက်ကြီးရဲ့ ဘေးပတ်လည်မှာ ချိတ်ဆွဲထားတဲ့ ရှင်ဘုရင်ရုပ်၊ မိဖုရားရုပ်၊ မင်းသား မင်းသမီးရုပ်တွေနဲ့ ပုဏ္ဏားရုပ် စတဲ့ လောင်တိုက်ပန်းချီကားတွေကလည်း မောင်ပန်းဒွေးနဲ့ ဝေးသွားလိုက်၊ ပြန်နီးလာလိုက်။

ဒီအချိန်မှာ ကျွဲခနဲ မြည်သံနဲ့အတူ ပြေးလွှားနေတဲ့ လောင်တိုက်ကြီး ရပ်သွားတယ်။

"သေပါပြီ၊ သေပါပြီ၊ ကလေးတစ်ယောက် လောင်တိုက် ကြိတ်မိလို့"

လောင်တိုက်ရှိရာ လူတွေ စုပြုံရောက်လာကြတယ်။ ဝိုင်းအုံရောက်ရှိလာကြတဲ့ လူအုပ်ကြီးထဲက လူတစ်ယောက်ဟာ လောင်တိုက်အတိုက်ခံရတဲ့ ကလေးငယ်ကို ကောက်ယူပွေ့ချီပြီး ဆေးအဖွဲ့ရှိရာ ဆေးမဏ္ဍပ်ကို ပြေးပါတော့တယ်။ လူအုပ်ကြီးကလည်း လောင်တိုက်နောက် ဆက်မလိုက်ကြတော့ဘဲ ကလေးငယ်ချီပွေ့ပြေးရာ ဆေးမဏ္ဍပ်ဆီကို လူအုပ်ကြီးပါသွားတယ်။ လူအုပ်ကြီးထဲမှာ ကလေးရှိတဲ့ မိဘတွေလည်းပါတယ်။ သူ့ကလေး၊ ကိုယ့်ကလေး သိချင်သူတွေလည်း ပါတယ်။ စပ်စုချင်တဲ့ လူတွေကတော့ အများအပြားပေါ့။ ကလေးငယ်ကို ဝိုင်းအုံကြည့်ကြတယ်။ တိုးမပေါက်အောင်ပဲ။ ဒီအချိန်မှာ ဆိုင်းသံဗုံသံတွေလည်း ရပ်သွားပြီမို့ လူတွေရဲ့ တစ်ယောက်တစ်ပေါက်ပြောသံ၊ ဝေဖန်သံတွေ ထွက်ပေါ်လာတယ်။ အဲဒီအသံတွေ အမျိုးမျိုးကြားထဲက ပရိသတ်ကို အသံတိတ်သွားစေတဲ့ အသံတစ်သံ ထွက်ပေါ်လာတယ်။

"ဒါ… စပ်ဆရာကြီး ဦးကျော်ဒွေးသား မောင်ပန်းဒွေးလေးပဲ။ ဒီကောင်ကွာ… မသေကောင်း မပျောက်ကောင်း"

❑

၂။

မှန်ပါတယ်။ စပ်ဆရာကြီး ဦးကျော်ဒွေးရဲ့သားက ဦးပန်းဒွေးပေါ့။

ဦးပန်းဒွေးရဲ့ မူလဘဝက သခင်ပန်းဒွေးပေါ့။ ဖခင်ဖြစ်သူ စပ်ဆရာကြီး ဦးကျော်ဒွေး ကွယ်လွန်ချိန်က စပြီး သူ့ရဲ့ သခင်ဘဝ မှေးမှိန်ကာ စပ်ဆရာကြီး ဦးပန်းဒွေး အဖြစ် ထင်ရှားခဲ့ပါတယ်။ နိုင်ငံရေးနှင့် မိဘအနုပညာကို ရွေးချယ်ရာမှာ ဖခင်ဖြစ်သူရဲ့ အနုပညာအမွေကိုသာ သူရွေးချယ်ခဲ့ပါတယ်။ ငယ်စဉ်ကတည်းက ဘုန်းကြီးပျံများနဲ့ ရင်းနှီးခဲ့သူပီပီ သေတဲ့အထိ ဘုန်းကြီးပျံနဲ့ နေထိုင်သူလည်း ဖြစ်ပါတယ်။ သူဟာ စပ်ပညာနဲ့ပတ်သက်ရင် သူ့ဖခင် စပ်ဆရာကြီးဦးကျော်ဒွေးဆီက အခြေခံ "တုတ်ထောင်ကော်ကပ်"ကနေ ပြီးပြည့်စုံတဲ့ မဏ္ဍပ်ကြီးတွေအထိ သင်ကြားနည်းယူခဲ့သူတစ်ယောက်။ ရုံဖန်ရုံခါ သူ့ထံ သခင်ပန်းဒွေး ရောက်တတ်လာတတ်တာလေးကလွဲလို့ သူ စပ်ဆရာ ဦးပန်းဒွေးအဖြစ် အမြဲဖြစ်နေသူပါ။ ငယ်စဉ်က ဘီးတပ်ထားတဲ့ လောင်တိုက်နဲ့ တက်ကြိတ်မိလို့ ခြေထောက်တစ်ဖက် မသန်တာကလွဲလို့ ကျန်းမာရေးကောင်းသူတစ်ဦးပါ။

အခုလည်း ဦးပန်းဒွေးဟာ သူ့ဆရာတော်ရဲ့ ဘုန်းကြီးပျံမဏ္ဍပ်ဆောက်လုပ်ဖို့ ဒီနေရာကို ရောက်ရှိနေခြင်းသာ ဖြစ်ပါတယ်။ ဒီနေရာဆိုတာ သူတို့ရွာပြင်က ဘောလုံးကွင်းကို ပြောတာပါ။ ဒီကွင်းကြီးမှာ ဦးပန်းဒွေးနဲ့ သူ့တပည့်များ လုပ်ငန်းခွင်ဝင်နေကြပြီဖြစ်ပါတယ်။ ဦးပန်းဒွေးက အလုပ်လုပ်တဲ့နေရာမှာ ဓွဲကြီးတယ်။ စေတနာကြီးတယ်။ အလုပ်လောဘကြီးတယ်။ အခုပဲကြည့်၊ သူ့အလုပ်တဲကို ရွာထဲကနေ ရွာပြင် ဘောလုံးကွင်းထဲ ပြောင်းပြီး အလုပ်,လုပ်နေကြတာသာကြည့်။ သူ့ဆရာတော်ရဲ့ ဘုန်းကြီးပျံမဏ္ဍပ်ကို နေ့ရောညပါ အနီးကပ်ကြီးကြပ်ဆောက်လုပ်ဖို့ စီစဉ်ထားတဲ့သဘော။ ယာယီအလုပ်တဲပေါ့။ ယာယီအလုပ်တဲမှာ ဦးပန်းဒွေးနဲ့ တပည့်ရင်းနှစ်ဦးဖြစ်တဲ့ ဆင်ဖိုးထင်နဲ့ လောင်တိုက်ကျော်တို့က ဦး



www.burmeseclassic.com

www.burmeseclassic.com

စီးပြီး တပည့်တွေ၊ ပညာသင်တွေအများကြီးနဲ့ ဆောက်လုပ် နေကြတာပါ။ ဦးပန်းခွေးအနေနဲ့ကလည်း ဘုန်းကြီးပျံ မဏ္ဍပ်တွေ ဦးစီးတည်ဆောက်နေရတာ အပါအဝင် သင်တပည့်တွေကိုပါ အလုပ်ခွင်ခေါ်ပြီး အလုပ်,လုပ်ရင်း ပညာသင်ပေးနေရတာဆိုတော့ အလုပ်အများဆုံးလုပ်တဲ့သူလို့ ပြောရမှာပေါ့။ ပြောခဲ့ပြီလေ။ ဦးပန်းခွေးက ဖွဲ့ကြီးတယ်၊ စေတနာကြီးတယ်၊ အလုပ်လောဘကြီးတယ်ဆိုတာလေ။

ဦးပန်းခွေးမှာ သူ့အလုပ်လုပ်ရင်းက၊ သူ့အတွေး သူတွေးရင်းက ဆေးရောင်စပ်နေတဲ့ တပည့်တွေဆီ မျက်လုံးရောက်သွားရင်-

"ဟိုကောင် မင်းလုပ်နေတာ နေရာမကျဘူး။ အင်တုံတစ်လုံး အသစ်ယူခဲ့။ အင်တုံထဲ မြေဖြူနဲ့ တမာစေးရည်ထည့်ပြီးတော့ မုန့်နယ်သလို နာနာနယ်၊ ကြေမွပျော့အိသွားအောင်နယ်၊ သမအောင်နယ်နော်။ ပြီးရင် နေရောင်ပြ" ဆိုတာက တစ်ဖုံ။

"အဝါရောင်သုံးချင်သူက ဆေးဒန်းကိုသုံးရမယ်။ ကျောက်ပျဉ်မှာ ဆေးဒန်းကို ရေနဲ့သွေး။ ပြီးတော့ တမာစေးထည့်နယ်၊ သမအောင်နယ်၊ နယ်ပြီးရင် နေရောင်ပြ၊ အဲ··· ခြောက်ပြီးသွားပြီဆိုရင် ရေဖျော်··· သုံး" ဆိုတာက တစ်နည်း။

"အေး··· ရေနံချေးမှိုင်းခံတဲ့နေရာမှာ မြေသပိတ်က အကောင်းဆုံးပဲကွ။ လုပ်ရမှာက မီးထွန်းထားတဲ့ ရေနံချေးမီးခွက်ဘေးမှာ လက်နှစ်သစ်၊ သုံးသစ်ဒုရှိတဲ့ သစ်တုံးစ သုံး၊ လေးတုံး ခြံရံချထားပြီး မှိုင်းခံရမယ့်အိုးကို ယူပြီး အိုးထဲက မှိုင်းကို ခြစ်ထုတ်ယူရမယ်။ အဲဒီခြစ်ထုတ်လို့ရတဲ့ မှိုင်းကို တောအရက်နဲ့ဖြစ်ဖြစ်၊ ငါးကြီး သည်းခြေနဲ့ဖြစ်ဖြစ်၊ နွားသည်းခြေနဲ့ ဖြစ်ဖြစ် "သတ်" ပေးပြီးမှ တမာစေးနဲ့··· အဲ ကြာပါတယ်ကွာ၊ ငါ့ဆီ အကုန်ယူခဲ့" ဆိုတာကတစ်မျိုး။

စပ်ပန်းချီဆရာ ဦးပန်းခွေးဟာ အလုပ်တစ်ဖက်ရှိပေမဲ့ သူ့တပည့်တွေနဲ့ ပတ်သက်ရင် မျက်စိလည်း အအားမထား၊ ပါးစပ်လည်း အအားမထား၊ နားလည်း အအားမထားသူပါ။ သူစာဖတ်နေရင်း ဆေးစပ်ချောင်က သူ့တပည့်တွေ အရောင်စပ်ပုံ၊ ငြင်းသံခုံသံကြားရလည်း သူတို့ မမေးပေမဲ့-

"အစိမ်းရောင်ရချင်ရင် ဆေးဒန်းကို ပြုလုပ်ထားတဲ့ဆေးနဲ့ ဒုတ္တာကိုပြုလုပ်ထားတဲ့ဆေးနဲ့ ရောစပ်သုံးရင် အစိမ်းရောင်ရတယ်" စသဖြင့် သတိရသလောက် အကုန်ပြောတော့တာပါပဲ။ ပြီးတော့ ဦးပန်းခွေးဟာ အရောင်ရှာတဲ့နေရာမှာကော၊ အရောင်သစ်ရှာတဲ့ နေရာမှာကော အလွန်စိတ်ရှည်သူ၊ အလွန်သေချာသူဖြစ်ပါတယ်။ ဆေးနှစ်မျိုး၊ သုံးမျိုးလောက်နဲ့ အချိုးအစား၊ အလျှော့အတင်း ပြုလုပ်နေပြီဆိုရင် သူ့လက်ထဲမှာ ဟော··· မရန်း၊ ဟော··· ခရမ်း၊ ဟော··· ခိုပြာ၊ ဟော··· ညိုပြာ ဆိုတာတွေအပြင် အရောင်တွေ ကွန့်မြူးနေပုံကလည်း စံကားဖြစ်လိုက်၊ လိမ္မော်ဖြစ်လိုက်၊ ရွှေဖြစ်လိုက်၊ ပန်းနုပန်းရင့် ဟူသမျှ သူ့လက်ထဲမှာ။ သူစိတ်ရှည်တဲ့အခါကျရင်လည်း ရေနံချေးမှိုင်းလေး တို့ကာ စွက်ကာနဲ့ ပိတောက်ဖြစ်လိုက်၊ ငုဖြစ်လိုက်နဲ့ အရောင်ကစားပြတတ်ပါသေးတယ်။ အရောင်ချင်းက ရောထွေးတတ်ပေမဲ့ ဦးပန်းခွေးလက်ထဲမှာတော့ ငုကငု၊ ပိတောက်က ပိတောက်ပါ။

ဦးပန်းခွေးကိုယ်တိုင် ဘုန်းကြီးပျံမဏ္ဍပ်ကြီးတွေကို ကြီးကြပ်ဆောက်လုပ်နေသလို၊ တာဝန်ခွဲဝေပေးခံရတဲ့ ဆင်ဖိုးထင်ကလည်း သူ့ဆင်နဲ့သူ၊ လောင်တိုက်ကျော်ကလည်း လောင်တိုက်နဲ့ အခြားအထွေထွေမှာ တာဝန်ယူဦးစီးရတယ်။ သူတို့နှစ်ယောက်က ဆရာမျက်နှာလွှဲရတဲ့ တပည့်ကျော်တွေလေ။ သူတို့နှစ်ယောက်ရဲ့ ပညာသင်တပည့်တွေကလည်း ရိုးသားကြိုးစားသင်ယူကြသူတွေဆိုတော့ သူတို့အလုပ်ကလည်း အများကြီးအထောက်အကူရပါတယ်။ ဘုန်းကြီးပျံပွဲတော် ကျင်းပမယ့်ရက်က နီးလာသလို သူတို့လုပ်ရမယ့်အလုပ်ကလည်း ရာနှုန်းတစ်ရာပြည့်နီးပါး ပြီးခဲ့ပြီ ဖြစ်ပါတယ်။

ဦးပန်းခွေးဟာ အလုပ်ကို စေ့စေ့စပ်စပ်လုပ်တတ်သူဖြစ်လို့ ပညာသင်တွေကို ဂရုတစိုက်ရှိသလို၊ သူ့တပည့်ရင်းတွေဖြစ်တဲ့ ဆင်ဖိုးထင်တို့၊ လောင်တိုက်ကျော်တို့ လုပ်ကြတာ၊ ကိုင်ကြတာကိုလည်း အမြဲသတိထားတယ်။ လွှတ်ထားတယ်ဆိုတာ မရှိဘူး။

"ဖိုးထင်၊ မင်း ဆင်အခြေအနေ ပြောပါဦး"

ဆင်ဖိုးထင်ကလည်း တာဝန်လည်းကျေ၊ သူ့လုပ်ငန်းသူ နိုင်နင်းသူဖြစ်လို့-

"ဟုတ်ကဲ့ ဆရာကြီး၊ ကော်သုတ်စက္ကူကပ်၊ ဆေးသွင်းရုံပဲ ကျန်ပါတော့တယ်"

"ဟိုကောင် လောင်တိုက်···"

"အားလုံးပြီးစီးပါပြီ ဆရာကြီး"

ဦးပန်းခွေး သူ့တပည့်တွေကို ကျေနပ်သွားတယ်။ သူကိုယ်တိုင်လည်း ပေါ့ပေါ့ပါးပါးဖြစ်သွားတယ်။ ဒီတော့ ဦးပန်းခွေးက သူ့လူတွေအတွက် အပန်းဖြေစရာပွဲလေးတစ်ပွဲ လုပ်ပေးဖို့ စိတ်ကူးတယ်။ အောင်ပွဲပေါ့။ ဒီအောင်ပွဲမှာ သူ့တပည့်ရင်းနှစ်ယောက်ရော၊ သူတို့နှစ်ယောက်ရဲ့ တပည့်တွေအပြင် လက်ခစားအဖြစ် ခေါ်ထားတဲ့ လုပ်သားတွေမကျန် အားလုံး ဝင်နွှဲနိုင်အောင် ပြုလုပ်ဖို့ ဦးပန်းခွေးက စီစဉ်ပါတယ်။ အဲဒီအစီအစဉ်မှာ ဆင်ဖိုးထင်ကလည်း သူ့ဆရာကြီးကို-

"ဆရာကြီးခင်ဗျား··· အောင်ပွဲအထိမ်းအမှတ်အဖြစ် ကြက်ပွဲထည့်ရရင် မကောင်းဘူလား၊ ဒါမှ စည်စည်ကားကား···"

"တော်စမ်းပါ ဖိုးထင်ရာ၊ ကြက်ပွဲထည့်မယ့်အစား ငါ့ခေါင်းသာ ဆင်နဲ့ နင်းခိုင်းလိုက်။ လူကြီးလုပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အကောင်တွေ ငါနဲ့ မတည့်တာ မင်းသိရဲ့သားနဲ့ တော်… တော်’

ဦးပန်းခွေး စကားထဲက ‘လူကြီးလုပ်တဲ့အကောင်တွေ ငါနဲ့ မတည့်တာ’ဆိုတာက တခြားမဟုတ်ဘူး။ ဦးပန်းခွေးရဲ့ မဏ္ဍပ်တွေကို သက်ဆိုင်ရာက ဘုန်းကြီးပျံအပြီး ၃ ရက်အတွင်း ဖယ်ရှားပေးဖို့ အကြောင်းကြားထားတာ ရှိတယ်။ ဦးပန်းခွေးဆိုတာကလည်း ဒီရွာမှ မဟုတ်ဘူး။ အခြားရွာတွေက လုပ်ကြတဲ့ လောကီရေးမဏ္ဍပ်ဖြစ်ဖြစ်၊ လောကုတ္တရာရေးမဏ္ဍပ်ဖြစ်ဖြစ် သူအလုပ်လက်ခံပြီးရင် သူ့အလုပ်တဲ အဲဒီရွာပြောင်းတော့တာပါပဲ။ အဲဒီမှာ ပွဲပြီးလည်း ရက်နှစ်ဆယ်၊ တစ်လ အဲဒီမှာ အေးအေးဆေးဆေးနေတော့တာ။ လွှတ်လပ်တာကိုလည်း အလွန်ကြိုက်တာ။ သူပြောတဲ့ လူကြီးဆိုတဲ့ အကောင်တွေကလည်း သူ့အကြောင်းသိနေတာကိုး။ ဘယ်လိုပဲဖြစ်ကြဖြစ်ကြ ဦးပန်းခွေးဟာ ဒီအချက်ကို ကြိုးစားမေ့ပြီး သူ့တပည့်တွေအတွက် လုပ်ပေးမယ့်အောင်ပွဲကိုသာ ပြုလုပ်ဖို့ စိတ်စောနေပါတယ်။ ဘယ်လိုအညံ့စိတ်ကမှ သူ့ပွဲဖျက်လို့ မရဘူးပေါ့။

ဒီတော့ ဦးပန်းခွေး အောင်ပွဲအတွက်ဆိုပြီး ကြက်သားရေချို လုံလုံလောက်လောက်ချက်ပြီး ရွာထဲက ထန်းရည်ဆိုင်ကို တစ်ဆိုင်လုံး သိမ်းလိုက်တယ်။

ဒီအောင်ပွဲညမှာ ဦးပန်းခွေးက တပည့်တွေကြားမှာ တင့်တင့်တယ်တယ်ကြီးကို

**q&mLu;Docif**
**uk|d fwmfbfu**
**&, f&, farmarm**
**ajymzlvw, f**
**rSuEfjzl**
**t *Fvyf**
**t &m&Bu;Dvpf@Du**
**bkefuyDH**
**'kvkufvmeY**
**ywfbuyD**
**]rif fwlyefmawG**
**awmfwmf**
**rkdufuefLygvm;**
**bkefuyDHkd**
**&, frmu,ckyD**
**t avmifuk|d**
**'jeYpfDyw, f**
**'gy'dq|kvm &ebrS**
**vk&wmr$duG**
**q&mLuDuawmh**
**uk|d jyuf/kuk|d f**
**jye&, &if**
**ajymcfhvm**

ဖြစ်လို့၊ အာဝဇ္ဇန်းတွေကလည်း အရမ်းကိုဝေဆာလို့။ သူ့ စကားကြောင့် တဝေါဝေါ တဝါးဝါးဖြစ်နေကြတဲ့ တပည့်တွေအကြားမှာ ဦးပန်းခွေး တစ်ယောက် မြူးချင်တိုင်း မြူးနေတော့တာပါပဲ။ သူ့တပည့်တွေကလည်း ဘုန်းကြီးပျံနဲ့ပတ်သက်တဲ့ အတွေ့အကြုံ အထူးအဆန်းတွေရှိရင် တပည့်တွေကို ဖြန့်ဝေဖို့ ပူဆာကြတော့-

‘ငါတို့က ဘုန်းကြီးပျံနဲ့ လုပ်စားနေကြသူတွေဆိုတော့ ဂျပန်ခေတ်က တွေ့ဖူးတဲ့ ဘုန်းကြီးပျံ ပြောမယ်ကွာ’

ပြောမယ့်အကြောင်းအရာကို သူ့တပည့်တွေ သိပ်ကြိုက်သွားကြပြီလေ။ ဆရာကြီးကလည်း သူ့အာဝဇ္ဇန်းကို ထန်းရည်နဲ့ မြှင့်တင်ထားပြီဆိုတော့-

‘ငါပြောမယ့် အကြောင်းအရာရဲ့ ခေါင်းစဉ်က ဘုန်းကြီးပျံနဲ့ ဦးရွှေရိုးအက’

ခေါင်းစဉ်နဲ့တင် ပရိသတ်က ကွေပြီ။ ပြီးတော့ ဦးပန်းခွေးက သူ့စကားစ,တယ်။

‘ဂျပန်ခေတ်ကပေါ့။ ဘုန်းကြီးပျံ မြို့ထဲ လှည့်လာတယ်။ ဘုန်းကြီးရုပ်ကလာပ်တင်တဲ့ ကားရှေ့မှာ ဦးရွှေရိုးအက ပါတယ်။ မောင်တို့သိတဲ့အတိုင်း ဦးရွှေရိုး အကဆိုတာ အင်မတန်သွက်သွက်လက်လက် ပေါ့ပေါ့ပါးပါး ပြောင်ချော်ချော်က,ရတာဆိုတော့ ကြည့်နေတဲ့ ဂျပန်စစ်ဗိုလ်က အူကြောင်ကြောင်ဖြစ်သွားတယ်။ ဒီကောင် နားမလည်ဘူး။ ဘုန်းကြီးပျံဆိုတာ နာရေး၊ ဘုန်းကြီးပျံကားရှေ့က က,သူကလည်း အောင်ပွဲခံ အပျော်က,မျိုးဆိုတော့ ဂျပန်ဗိုလ်က သူ့စကားပြန်ကို မေးတယ်။ အဲဒီရွှေရိုးဆိုတဲ့ အကောင်က ဘုန်းကြီးနဲ့ ရန်ဖြစ်ဖူးသလား’

ဝေါခနဲ ပွဲကျသွားတယ်။ ဦးပန်းခွေးလည်း သူ့ဟာသအထ,မြောက်သွားလို့ အားတက်သွားတယ်။ ဒါကြောင့် သူ့ဂျပန်ခေတ်အတွေ့အကြုံတစ်ခုကို ထပ်ပြောတယ်။

‘အဲဒီဂျပန်ခေတ်မှာပဲကွ၊ စစ်အတွင်းဆိုတော့ ငါတို့မန္တလေးသားတွေ စစ်ကိုင်းဘက် ပြေးကြတယ်။ စစ်ရှောင်သဘောပေါ့။ ခေတ်က ဂျပန်ခေတ်ဆိုတော့ စစ်ကိုင်းမှာလည်း ဂျပန်ရှိတာပေါ့။ စစ်ပြေးစစ်ရှောင်တွေက စစ်ကိုင်းတောင်ပေါ်က ဘုန်းကြီးကျောင်းတွေ၊ ချောင်တွေမှာ တည်းခိုကြတာပေါ့။ ချောင်တွေကလည်း အများကြီးဆိုတော့ တချို့ ချောင်တွေမှာ ဂျပန်စစ်သားတွေ နေရာယူထားကြတယ်။ ဒီတော့ စစ်ပြေးတွေက ဥပုသ်နေ့ဆိုဆိုင်ရာဇရပ်မှာ တရားနာ၊ သီလယူ ဥပုသ်စောင့်လုပ်ကြတယ်။ ဘုန်းကြီးကျောင်းတွေကလည်း သီလပေးကြတယ်။ ဒါက ဗုဒ္ဓဘာသာဝင်တွေရဲ့ လုပ်ရိုးလုပ်စဉ်လေ။ စစ်အတွင်းဆိုတော့ ဂျပန်တွေက ဗမာတွေ လူစုလူဝေး လုပ်တာ မကြိုက်ဘူး။ အမြဲပဲ သံသယနဲ့ စောင့်ကြည့်တယ်။ သူတို့ကလည်း စိုးရိမ်တာပေါ့လေ။ ဒါနဲ့ ဂျပန်စစ်ဗိုလ်က သူ့စကားပြန်ကို ဒီကိစ္စ မေးတယ်။ စကားပြန်လုပ်သူကလည်း ဂျပန်စစ်ဗိုလ် နားလည်အောင် အရပ်စကားနဲ့ ရှင်းပြတယ်။ ဂျပန်စစ်ဗိုလ်မေးတာက ‘ဘုန်းကြီး ဘာပြောသလဲ’ပေါ့။ ဒီတော့ ဖြေသူကလည်း-

‘ဘုန်းကြီးပြောတယ်နော်၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်၊ ဒီလိုပဲ ပြောပါတယ် မာစတာ’

ဂျပန်စစ်ဗိုလ် အရမ်း



www.burmeseclassic.com

www.burmeseclassic.com

သဘောကျသွားတယ်။ ‘ကောင်းတယ်ကား’၊ ‘ကောင်းတယ်ကား’ပေါ့။ ဒါပေမဲ့ ခက်တာက ဗုဒ္ဓဘာသာ ဥပုသ်နေ့ဆိုတာ တစ်ရက်တည်းနဲ့ ပြီးတာမှ မဟုတ်ဘဲ။ နောက်တစ်ပတ်ကျတော့ ဇရပ်မှာ လူစုကြပြန်ရော။ ဘုန်းကြီးကလည်း သူ့အလုပ်သူလုပ်၊ တရားနာတဲ့သူတွေကလည်း သူ့အလုပ်သူလုပ်။ နောက်တော့ လူစုခွဲပြန်ကြ။ ဥပုသ်သုံးပတ်မြောက်လောက်ကျတော့ ဂျပန်စစ်ဗိုလ် သည်းညည်းမခံနိုင်တော့ဘူး။ ဒီတော့ သူ့စကားပြန်ကို ခေါ်မေးပြန်တယ်။

‘ပြီးခဲ့တဲ့ သုံးပတ်က ဘုန်းကြီး ဘာပြောလဲ’

ဒီတော့ စကားပြန်က ဖြေတယ်။

‘ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်’

ဒီအဖြေကို ဂျပန်စစ်ဗိုလ် မျက်နှာပျက်သွားတယ်။ မကျေနပ်ဘူး။ ဒါနဲ့ ဂျပန်စစ်ဗိုလ်က ထပ်မေးတယ်။ စကားပြန်ကို။

‘ကောင်းပြီ၊ ပြီးခဲ့တဲ့ အပတ်တွေက ဘုန်းကြီးပြောတယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်ဆိုတာ ငါတောင်သိနေပြီ။ ဒီတော့ ဒီနေ့ ဘုန်းကြီးက ဘာပြောသလဲ’

ဒီအခါ စကားပြန်က-

‘ဘုန်းကြီးပြောတယ် နော်၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်။ ဒီလိုပဲ ပြောပါတယ် မာစတာ’

ဒီမှာ ဂျပန်စစ်ဗိုလ်က စကားပြန်ကို ပါးဆွဲရိုက်တော့တာပဲဟေ့။ မင်းတို့ ဗမာတွေ ဒါလေးတောင် မမှတ်မိဘူးလားနဲ့ပြောပြီး ဒေါကန်တော့တာပဲဟေ့’

ပွဲကလည်း ‘ထန်းပင်လုံးကျွတ် သောက်ပွဲကြီး’မို့ အုန်းအုန်းထနေပါတယ်။ စပ်ဆရာကြီး ဦးပန်းဒွေးလည်း သူ့ငယ်ဘဝ သခင်ပန်းဒွေးခေတ်ကို ပြန်ပြီးသတိရနေမိတယ်။ သခင်ပန်းဒွေးရဲ့ နိုင်ငံရေးတရားတွေမှာလည်း ဒီလိုအုန်းအုန်းထခဲ့တာကို ဦးပန်းဒွေး ပြန်သတိရမိတယ်။ ဒီလိုအခြေအနေမှာ လက်ရင်းတပည့်တစ်ဦးဖြစ်သူ ဆင်ဖိုးထင်ဆီက မေးခွန်းတစ်ခုတက်လာပါတယ်။

‘ဆရာကြီးခင်ဗျား… ဂျပန်ခေတ် ဘုန်းကြီးပျံပြီးတော့ အင်္ဂလိပ်ခေတ် ဘုန်းကြီးပျံ လုပ်ပါဦး ခင်ဗျာ’

ဒီမေးခွန်းအတွက်လည်း ဦးပန်းဒွေး လျှာပြင်ပြီးသားပဲ။ လျှာပြင်ထားပြီးဆိုတော့ လျှာက ရယ်ဒီပေါ့။

‘ဘုန်းကြီးပျံနဲ့ ပတ်သက်ရင် အင်္ဂလိပ်တွေလည်း ဂျပန်နဲ့ မထူးဘူးကွ’

ဒီအခါ ဆင်ဖိုးထင်က တရားထောက်လုပ်ပြီး-

‘ဂျပန်နဲ့ အင်္ဂလိပ် မထူးပုံလေး လုပ်ပါဦးဆရာ’

ဦးပန်းဒွေးကလည်း လျှာအသင့်ဆိုတော့ အင်္ဂလိပ်ခေတ်က ဘုန်းကြီးပျံမှာ ‘ဒုံးတိုက်’တဲ့အကြောင်း စ,ပြောတော့တာ။

‘ဘုန်းကြီးပျံမှာ ဒုံးတိုက်တယ်ဆိုတာ ငါတော့ မမီဘူးကွ။ ဒါပေမဲ့ စာထဲပေထဲမှာတော့ ဒုံးချင်းဆိုတာတွေပဲ ဖတ်ဖူးတယ်။ မင်းတို့လည်း သိကြမယ်။ မဖတ်ဖူးတောင် ကြားဖူးကောင်းတော့ ကြားဖူးကြမယ် ထင်တယ်။ ဥပမာ ဦးပုညရဲ့ ဒုံးချင်းတို့၊ ဖိုးသူတော်ဦးမင်းရဲ့ ဒုံးချင်းတို့၊ လူဦးမင်းရဲ့ ဒုံးချင်းတို့ စသဖြင့်ပေါ့ကွာ။ ဒါ့အပြင် ဒုံးချင်းဆိုတာ ဒုံးယိမ်းက,ရင်း ဆိုကြတယ်လို့ မှတ်သားဖူးတယ်ကွ။ ဒါပေမဲ့ ဒုံးချင်းကို ဘယ်လိုအသံနဲ့ ဆိုကြသလဲဆိုတာတော့ မသိဘူးရယ်။ တို့ငယ်ငယ်က မန္တလေးမှာ ဘုန်းကြီးပျံကြီးတွေ အများကြီးကြုံခဲ့ပေမဲ့ ငါတို့အရွယ်ရောက်တဲ့အခါလောက်မှာ ဒုံးတိုက်တယ်ဆိုတာ မရှိကြတော့ဘူး။ ဒါပေမဲ့ အင်္ဂလိပ်ခေတ်မှာတော့ ဘုန်းကြီးပျံမှာ ဒုံးတိုက်တယ်ဆိုတာ ရှိခဲ့တယ်။ အဲဒါကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ရယ်ရယ်မောမောပြောဖူးတယ်။ မျက်နှာဖြူအင်္ဂလိပ်အရာရှိကြီးတစ်ဦးက ဘုန်းကြီးပျံ ဒုံးတိုက်တာနဲ့ ပတ်သက်ပြီး-

‘မင်းတို့ မြန်မာတွေ တော်တော်မိုက်ကန်းကြပါလား။ ဘုန်းကြီးပျံကို ရယ်မောက,ခုန်ပြီး အလောင်းကို ဒုံးနဲ့ပစ် မီးရှို့ပြတယ်။ ဒါမျိုးဆိုတာ ရန်သူမှ လုပ်ရတာမျိုးကွ’

ဆရာကြီးကတော့ ကိုယ့်ပြက်လုံး ကိုယ်ပြန်ရယ်ရင်း ပြောခဲ့တာ။ ပညာကြီးသူဆိုတော့ ခွင့်လွှတ်တဲ့ သဘောလည်းပါတာပေါ့။ ပြီးတော့ ယဉ်ကျေးမှုခြားနားသူကိုနားလည်ပေးတဲ့ သဘောလည်း ပါတာပေါ့။ သူတို့ဆရာကြီး အာရှင်နေပြီ ဆိုတော့ သူတို့ကလည်း မေးရဲပြုရဲပိုရှိလာကြတယ်။ သည်တော့ လက်ရင်းတပည့်တစ်ဦးဖြစ်တဲ့ လောင်တိုက်ကျော်လည်း ဦးပန်းဒွေးဆီက ဗဟုသုတကို ရသလောက် နှိုက်ယူတော့တာပေါ့။

‘ဆရာကြီးခင်ဗျား ပန်းချီအဆောက်အဦလို့ခေါ်တဲ့ မဏ္ဍပ်စပ်ပညာဟာ ခုအခါ အချိန်နယ်တွေမှာ ကွယ်ပျောက်ပြီး အလွန်အားနည်းနေပါပြီ။ သိချင်တာက ရှေးမင်းတွေလက်ထက်က စပ်ပညာအလေးထားကြပုံ သိချင်ပါတယ်။ ဖြစ်နိုင်ရင် စာနဲ့ပေနဲ့ ခိုင်ခိုင်မာမာ သိချင်ပါတယ် ခင်ဗျ’

တပည့်ဖြစ်သူ လောင်တိုက်ကျော်ရဲ့ မေးခွန်းကို ဦးပန်းဒွေး အရမ်းကျေနပ်သွားတယ်။

‘သိပ်ကောင်းတဲ့ မေးခွန်းပါပဲကွ၊ အချို့ဒေသတွေမှာ ပန်းချီအဆောက်အဦလို့ခေါ်တဲ့ စပ်ပညာနဲ့ ပြုလုပ်တဲ့ အရာဝတ္ထုကို ‘ယာယီ’လို့လည်း ခေါ်ကြသေးတယ်။ သဘောက ထာဝရသုံးစွဲဖို့ မသင့်တဲ့၊ ခိုင်ခံ့ခြင်းမရှိတဲ့ အဆောက်အဦကိုလည်း ယာယီပစ္စည်းလို့လည်း ခေါ်ကြသေးတယ်။ ဒါပေမဲ့ မြန်မာမင်းများလက်ထက်ကတော့



www.burmeseclassic.com

www.burmeseclassic.com

စပ်သမားက အရမ်း အရေးပါတယ်။ ရွှေနန်းသုံး ပန်းချီတော်အထိ ဖြစ်နိုင်တယ်။ ကိုင်း… ဆရာ့စကား ခိုင်မာသွားအောင် အင်ရုံ့ရှာစား သိရိဥဇနာရဲ့ လောကဗျူဟာကျမ်း၊ အဲဒီကျမ်းကို အချို့ကလည်း အင်ရုံစာတမ်းလို့ ခေါ်ကြပြီး အဲဒီကျမ်းထဲမှာ စပ်ပညာနဲ့ ပတ်သက်ပြီး ဒီလိုတောင်ရေးဖူးတယ်။

'အင်း၀ အမရပူရမြို့တွင် စိုးစံခဲ့သော သတိုးမင်းဖျားအစ ဟံသာ၀တီရောက် မင်းတရားအဆုံး မင်းဆက် ၂၉ ဆက်လက်ထက်တွေမှာ သားတော်တွေကို အိမ်ရှေ့ ဥပရာဇာအရာ ဆောင်နှင်းခဲ့ရာ၌ ရဲမက်ခြွေရံ အမှုထမ်းများ ပေးအပ်သည်။ ယင်း… လူစာရင်းတွင် နန်းဗိသုကာ ၂၊ လက်သမားခေါင်း ၁၀၊ ပရပတ်သမားခေါင်းနှင့် လူ ၁၀၊ ပန်းပုခေါင်းနှင့် လူ ၁၀၊ စပ်သမားခေါင်းနှင့် လူ ၁၀ လို့ ဖော်ပြထားသကွ'

စပ်ဆရာကြီး ဦးပန်းဒွေးဟာ သူ့စကားကို အရှိန်မသတ်နိုင်သေးဘဲ တပည့်တွေအပေါ် စေတနာကြီးကာ-

'စာရေးတော်ကြီး ဦးရာကျော်ရဲ့ **မြန်မာမင်္ဂလာမင်းခမ်းတော်** ရဲ့ စာမျက်နှာ ၇၃ မှာ ဒီလိုဆိုသေးသကိုး…။

'အမရပူရမြို့ ပထမ မြို့တည်နန်းတည်၊ ဘ၀ရှင်မင်းတရားကြီး သားတော်အား အိမ်ရှေ့အပ်နှင်းတော်မူရာတွင် အိမ်ရှေ့မင်းအသုံးအဆောင် ခြွေရံသင်းပင်းနှင့် အမှုတော်ထမ်းများ ထည့်ပေးရာ စပ်

**Oh&;qGBvh bk&ifyfkd ]rif;aumif;rif;rwf wkdYbmvkdYjzpf rsuEm;rSd jzpfaew, f/ b oki fw, f 'gYdukbl tjzpfcEkdbl bk&ifykdS &ufpufvh Mur;fLukW;fvh oaufvukd yDD;ifyif rxn;fvkdufjdif tay: oUkd bl raucyf 'Dbk&ifqbjkdkd avmifvkdu;fCY wl rDDypf/ kdufvm uvn;fbk&ifuk b0 u;ay;vkdufvmvk ol/ kdW, f**

သမား ငထွန်းကျော်နှင့် လူပေါင်း ၂၂ လို့ ရေးထားသကွ။ တခြား အမှုထမ်းတွေ နာမည်သီးခြားမဖော်ပြဘဲ စပ်သမား ငထွန်းကျော်သာ နာမည်နဲ့ တကွ ဖော်ပြခံရတယ်။

'ဒီတော့ ငါတို့ စပ်သမားဖြစ်ရတာ ဘာမှ ဂုဏ်ငယ်စရာ မရှိဘူး။ ငါတို့ဟာ ငထွန်းကျော်တွေ… ငထွန်းကျော်တွေ… င… ထွန်း… ကျော်… တွေ… ကွ'

❑

၃။

ဦးပန်းဒွေး အိပ်ရာက နိုးတော့ သခင်ပန်းဒွေး အလုပ်တဲရှေ့ လမ်းလျှောက်နေတယ်။

လမ်းလျှောက်နေတာက 'ဦးပန်းဒွေးကိုယ်နဲ့ သခင်ပန်းဒွေးစိတ်' ပါ။ သူကိုယ်တိုင်လည်း ဒီနေ့ စိတ်တွေ အရမ်းလှုပ်ရှားနေတယ်။ ပြီးတော့ ဒီနေ့ကလည်း ဘုန်းကြီးပျံပွဲတော်ရဲ့ နောက်ဆုံးနေ့။ နောက်ဆုံးနေ့ ညနေဟာ ဘုန်းကြီးပျံလောင်တိုက်ကြီး တစ်ခုလုံး မီးရှို့ကြတော့မယ့်နေ့။

ဒီတော့ သူ အရမ်းစိတ်လှုပ်ရှားနေတော့တာပေါ့။ သူကိုယ်တိုင်ကလည်း သူဦးစီးပြီးလုပ်ခဲ့တဲ့ အတွေ့အကြုံတွေ အများကြီးရှိခဲ့တာမှန်ပေမဲ့ ဒီလိုနေ့မျိုးဆို ကြေကွဲနှမြောမိတာချည်းပါပဲ။ အခုလည်း သူဟာ ညနေရောက်ရင် မီးရှို့ပစ်မယ့် ပန်းချီကားတွေဆီ စိတ်ရောက်တယ်။ အဲဒါ သူ့ရဲ့ တစ်ကိုယ်တော်ပန်းချီပြပွဲလေ။ ဘုန်းကြီးပျံစံကျောင်းမှာ ရေးဆွဲပြီး ချိတ်ထားတဲ့ ပန်းချီကားတွေက ပိတ်ဖြူပေါ် ရေဆေးနဲ့ဆွဲပြီး ယာယီသဘောဆန်ပေတဲ့ သူက နှမြောတယ်။ ဘုန်းကြီးပျံရှိမှ လက်စွမ်းပြရတဲ့ ပန်းချီဆရာမျိုးဆိုတော့ အကြောင်းအရာတွေက စုံမှစုံ။ အထူးသဖြင့် သူ့တပည့် ဆင်ဖိုးထင်ကို သရော်ထားတဲ့ ပန်းချီကားလေးဆိုရင် ဘုန်းကြီးပျံလာ ပရိသတ်တွေရော၊ သူ့တပည့်တွေပါ အလွန့်ပွဲကျကြတာ။ ပုံက ဆင်ဖိုးထင်က လုပ်လက်စ ဆင်ကို ဘေးချထားပြီး ကြက်ပွဲကို ၀င်လောင်းနေတဲ့ပုံပါ။ ပုံထဲမှာ ဆင်ဖိုးထင်က ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ဖင်ပြောင်ကြီးနဲ့ ကြက်ပွဲကို အားပေးနေတဲ့ပုံ။ ပုံရဲ့အစွန်းတစ်ဖက်မှာ ကြက်ဝိုင်းဖမ်းမယ့် ပုလိပ်တွေ ရောက်လာပုံကို ရေးထားတာမို့ လူစိတ်ဝင်စားဆုံး ကားတစ်ကား ဖြစ်သွားတယ်။ နောက်တော့ အလှရေးတဲ့ကားတွေ၊ ဥယျာဉ်ထဲ လူပျိုအပျို ချိန်းတွေ့ကြတဲ့ပုံ၊ မင်းညီမင်းသားတွေ ရေကန်ထဲ လှေလှော်နေကြပုံ၊ ဘုရင့်သမီးတော်ကို သူဖုန်းစားက ချစ်ရေးဆိုနေပုံတွေ။ အဲဒါတွေအပြင် အထူးလက်စွမ်းပြထားတဲ့ကားကြီးတစ်ကားက ပါသေးတာ။ အဲဒီကားက လူအများဆုံး ကြိုက်ကြတဲ့ ကားကြီးပေါ့။

ကားက ရှင်ဘုရင်တစ်ပါး စစ်အင်အားနဲ့ မြို့သစ်တည်နေတဲ့ ကားပေါ့။ မင်းမှုထမ်းတွေက ဆင်းရဲသားပြည်သူတွေကို ဓားမိုး၊ တုတ်မိုးပြီး ပြည်သူတွေရဲ့ လုပ်အား အတင်းအဓမ္မယူနေကြတဲ့ပုံပါ။ ကားက ကောင်းလည်းကောင်း၊ ကြီးလည်းကြီးဆိုတော့ ဂရိနိုင်ငံကြီးကို ကျွန်တွေနဲ့ တည်ဆောက်ခဲ့ကြပုံတောင် မြင်ယောင်လာကြပါတယ်။ ပုံထဲမှာ ဘုရင်ကိုယ်တိုင်လည်း သန်လျက်တကိုင်ကိုင်နဲ့ လူလုံးပြနေတဲ့ပုံကလည်း ပါသေးတာ။ သန်လျက်ကလည်း စိန်ရောင်တဖျပ်ဖျပ်နဲ့။

ဘုန်းကြီးပျံမှာ ဒီလိုပန်းချီကားမျိုးထည့်တာ ဆိုင်ရာပိုင်ရာက လူကြီးမင်းတို့ မကြိုက်ကြပါဘူး။ ဒီကားကို ဖြုတ်ပေးဖို့လည်း ရှာပန



www.burmeseclassic.com

www.burmeseclassic.com

ကော်မတီကို တောင်းဆိုကြတယ်။ ရွာက ဘုန်းကြီးတပည့်တွေကလည်း မဖြုတ်စေချင်ကြဘူး။ အချေအတင်တွေဖြစ်ကြတယ်။ ဦးပန်းခွေးကိုယ်တိုင်ကလည်း ဒါ သက်သက်အာဏာပြတာဆိုပြီး တစ်စက်မှ မလျှော့ဘူး။ ဒီလိုတင်းနေကြတာဆိုတော့ ကျောင်းထိုင်အသစ်တက်မယ့် ဆရာတော်ကြီး ဝင်ညှိပေးတော့ အဆင်ပြေသွားတယ်။

ညှိနှိုင်းလို့ အဆင်ပြေသွားတဲ့ အချက်ကတော့ လောင်တိုက်မီးရှို့တဲ့အခါ ဒီကားကိုလည်း မီးရှို့တဲ့အထဲ ပါစေရမယ် ဆိုတဲ့ အချက်။ ဒါဟာလည်း လုပ်ရိုးလုပ်စဉ်မို့ ဦးပန်းခွေး လိုက်လျောရတာ ပြဿနာအကြီးကြီး မဟုတ်ပါဘူး။ ဦးပန်းခွေးမှာ တခြားပြဿနာရှိနေသေးတယ်။ အဲဒါက မြို့တည်နန်းတည်ပုံထဲက ဘုရင်တစ်ဦးတည်း ကိစ္စပါ။ ဘုရင့်ပုံထဲကို သူ တစ်ခုခုထပ်ဖြည့်ချင်နေတဲ့ ကိစ္စပါ။ သူရေးဆွဲခဲ့တဲ့ ဘုရင့်ပုံက 'မင်းကောင်းမင်းမြတ်တို့လို ဘာလိုလို' မျက်နှာမျိုးဖြစ်နေတယ်လို့ သူထင်တယ်။ ဒါမျိုးကို သူအဖြစ်မခံနိုင်ဘူး။ ဘုရင့်ပုံမှာ ရက်စက်တဲ့၊ ကြမ်းကြုတ်တဲ့ သင်္ကေတကို ပီပီပြင်ပြင် မထည့်လိုက်မိခြင်းအပေါ် သူ့ကိုယ်သူ မကျေနပ်။ ဒီဘုရင်ဆိုးပုံကို လောင်တိုက်နဲ့အတူ မီးရှို့ပစ်လိုက်တာကလည်း ဘုရင်ကို ဘဝကူးပေးလိုက်တာလို့ သူယုံတယ်။ ဒီတော့ သူက ဘုရင် ဘဝကူးသွားတာနဲ့ ဘုရင်ကျူးလွန်ခဲ့တဲ့ အပြစ်တွေ ဘုရင်နဲ့အတူ ပါသွားစေချင်တယ်။ ကျူးလွန်ခဲ့တဲ့ အပြစ်တွေကို ကျူးလွန်သူနဲ့ တစ်ပါတည်း ထည့်ပေးလိုက်ချင်တယ်။ သူ ဘာလုပ်ရမလဲ။ ဦးပန်းခွေး စဉ်းစားတယ်။

သူ သူ့တပည့်ရင်း ဆင်ဖိုးထင်ကို လှမ်းခေါ်လိုက်တယ်၊ ဆင်ဖိုးထင် ရောက်လာ။ ဆေးအင်တုံတစ်လုံး ယူခိုင်း၊ ဆင်ဖိုးထင် ယူလာ။ အင်တုံထဲကို ဟသ်ပဒါး ထည့်ခိုင်း၊ ဆင်ဖိုးထင်ထည့်။ နောက် တမာစေးပျစ်ပျစ်ထပ်ထည့်ခိုင်း၊ ဆင်ဖိုးထင် ထပ်ထည့်။ ပြီးတော့ ဒီဆေးနှစ်ခု တေခိုင်း၊ ဆင်ဖိုးထင်တေ။ ဒါပြီးရင် ရေနည်းနည်းထည့်၊ တုတ်နဲ့ နာနာမွှေ။ ဆင်ဖိုးထင် တုတ်နဲ့ နာနာမွှေ။ မွှေပြီးရင် ဆေးအင်တုံနေပြ၊ ဆင်ဖိုးထင် နေပြ။ ပြီးရင် မင်း လစ်တော့ ဝေးလေကောင်းလေ။

ဆင်ဖိုးထင်က သူ့ဆရာခိုင်းသမျှ အကုန်ပေးပြီး ဆရာနဲ့ဝေးတဲ့ တစ်နေရာ သွားထိုင်နေပါတယ်။ သူနဲ့ သူ့ဆရာ အလုပ်တွဲလုပ်လာတာ ကြာပါပြီ။ သူ့ဆရာရဲ့ ဒီနေ့ ခံစားမှုမျိုး တစ်ခါမှ မတွေ့ဖူးဘူး။ သူ့ဆရာကို အဝေးက အကဲခတ်နေတယ်။

ဒီအချိန်မှာ လောင်တိုက်က မီးစ,စွဲနေပါပြီ။ ဝါးမီးစွဲသံတဖျစ်ဖျစ်တွေ ကျယ်လောင်လာပြီး ခဏကြာတဲ့အခါ ပန်းချီကားအချို့ မီးစ,စွဲ ပြီ။ မင်းညီမင်းသားတွေ ရေကန်ထဲ လှေလှော်ပျော်ပါးနေတဲ့ပုံ မီးထဲပါသွားပြီ။ ဘုရင့်သမီးတော်ကို ချစ်ရေးဆိုနေတဲ့ သူဖုန်းစားရဲ့ ခွက်လည်း မီးထဲ ပါသွားပြီ။ လောင်အားကောင်းလှတဲ့ မီးညွန့်ဟာ မြို့တည်နန်းတည် ပန်းချီကားကြီးဆီ မီးလှမ်းဟပ်လိုက်တော့ ဘုရင့်လက်ကသန်လျက် ဖျပ်ခနဲ ဖြစ်သွားတယ်။ မှန်တယ်။ ဘုရင် ကိုင်ထားတဲ့ သန်လျက်က မီးရောင်ကြောင့် ဖျပ်ခနဲ၊ ဖျပ်ခနဲ။

ဦးပန်းခွေးလည်း အရူးလိုအော်ပြီး ဆေးအင်တုံရှိရာ ထ,ပြေးတော့တာပဲ။ ပြီးတော့ ဆေးအင်တုံကိုယူပြီး မီးလောင်နေတဲ့ မဏ္ဍပ်ထဲ ပြေးဝင်သွားတော့တာပါပဲ။ ငယ်ငယ် ကလေးဘဝက ဘုန်းကြီးပျံလောင်တိုက်ဘီးနဲ့ ကြိတ်မိပြီး မစွမ်းမသန်ဖြစ်ခဲ့သူက အခုတော့ သိပ်မြန်ဆန်နေပါလား။ ဘယ်သူမှ တားချိန်၊ ဆွဲချိန် မရလိုက်။

'လုပ်ကြပါဦး… ဆွဲကြပါဦး'

ဒီတော့မှ လူအုပ်ကြီးက သတိရပြီး ဦးပန်းခွေးကို ကယ်ဖို့ ကြိုးစားကြတယ်။ သူ့တပည့်လေးငါးယောက်လည်း မီးထဲ ဝင်လိုက်သွားကြတယ်။ ဒါပေမဲ့ မီးရှိန်ကြောင့် သူတို့အားလုံး လန့်ထွက်ကုန်ကြတယ်။

ဦးပန်းခွေးကတော့ ခြေထောက်လေး ထော့နဲ့ထော့နဲ့,နဲ့ ဆေးအင်တုံကိုင်ပြီး ပန်းချီကားရှိရာကို အားယူပြေးနေတုန်းပါပဲ။

'ဆရာကြီး ပြန်လာခဲ့ပါ၊ ပြန်လာခဲ့ပါတော့'

ဦးပန်းခွေးကတော့ မီးထဲတိုးဝင်ဆဲပါပဲ။ အခြေအနေက ဘယ်သူမှ ဘာမှမတတ်နိုင်တော့တဲ့ အခြေအနေ။ မီးတောက်နဲ့ မီးခိုးတွေကြားမှာ ဦးပန်းခွေးရဲ့ လှုပ်ရှားမှုပုံရိပ်ဟာ ဝါးထွေးသွားလိုက်၊ ထင်ရှားသွားလိုက်နဲ့။ ဒါပေမဲ့ ဦးပန်းခွေး ဘုရင့်ပုံရှိရာ ကြိုးစားပြီး ချဉ်းကပ်နေမှန်း သိသာအောင် ပုံပေါ်လာနေပါတယ်။ လက်ထဲက ဆေးအင်တုံနဲ့အတူ မပြိုမလဲအောင် အားတင်းလျှောက်နေတယ်။ ဘုန်းကြီးပျံပွဲတော်ကြီးတစ်ခုလုံး မှင်တက်မိပြီး ငြိမ်ကျသွားတယ်။ ဆိုင်းသံဗုံသံတွေလည်း မဲ့သွားတယ်။ လူအားလုံးရဲ့မျက်လုံးဟူသမျှလည်း ရှင်ဘုရင့်ပုံနဲ့ ဦးပန်းခွေးဆီ သွားစုနေကြပြီ။

နောက်ဆုံး အားလုံးကျော်ဖြတ်ပြီး ဦးပန်းခွေးဟာ ရှေ့တော်မှောက်ရောက်သွားတယ်။ ဦးပန်းခွေးကလည်း လက်ထဲက ဆေးအင်တုံထဲက ဆေးရည်တွေနဲ့ မင်းတရားကိုင်တဲ့ သန်လျက်ကို ထိထိမိမိ ပက်ချလိုက်တယ်။ သွေးအနီရောင်လို ဆေးတွေက သန်လျက်ကို ထိမှန်ပြီး သွေးစွန်းသွားတဲ့ သန်လျက်က သွေးတွေစီးကျလာနေသလို ဖြစ်နေတဲ့ မြင်ကွင်းကို ကျေကျေနပ်နပ်ကြီး ကြည့်ရင်း ပြိုလဲကျပြီး ဘဝကူးသွားပါပြီ။

ဒီလိုဘဝကူးပုံကို စပ်ပန်းချီ ဆရာကြီး ဦးပန်းခွေး သူဖန်တီးတဲ့ အနုပညာအတွက် သူ့ကိုယ်သူ စတေးလိုက်သူလား၊ ဒါမှမဟုတ် နိုင်ငံရေးလှုပ်ရှားတက်ကြွသူ 'သခင်ပန်းခွေး' ဟာ တိုက်ပွဲဝင်ရင်း ဂုဏ်သိက္ခာကြီးမားစွာနဲ့ တိုက်ပွဲကျသွားခြင်းလား၊ ဦးပန်းခွေးကိုယ်တိုင်နဲ့ ဘုရားသခင်တို့သာ သိနိုင်ပေလိမ့်မယ်။

သိနိုင်ပေလိမ့်မယ်။ ■

**ကိုငြိမ်း(မန္တလေး)**



www.burmeseclassic.com

www.burmeseclassic.com

# သူငယ်ချင်းတွေ...


၁။

"အေးပါ၊ ဘာပဲဖြစ်ဖြစ် နင့်မှာ သူငယ်ချင်းဆိုတဲ့စိတ် မရှိတာ ငါသိလိုက်ရတာပေါ့။ ဒီလောက်ပါပဲ..."

စကားကို အနိုင်နင့်ပိုင်း ဖြတ်ကာ သူ့ဘက်က ဖုန်း စတင်ချသွားတော့ ကျွန်မ သည် ပြန်လည်း မချေပလိုက်ရ၊ ပြောရက်လေခြင်းဟု ဝမ်းနည်းဒေါသထွက်စိတ် တစ်ဝက်၊ နာကျင်စိတ်တစ် ဝက်တို့ဖြင့် တဒင်္ဂအတွင်း ပူလောင်ကျွန်ရစ်ခဲ့သည်။

သို့ပေမဲ့ ယခုအဖြစ် အပျက်မှာ ကျွန်မမှားသည်ဟု နောင်တမရမိပါ။ ကျွန်မ သည် ကျွန်မအခြေအနေ၊ ကျွန်မနေရာအရ ကျွန်မ လုပ်သင့် သည့် အရာတစ်ခု ကို ရွေးချယ်ခဲ့ခြင်းမျှသာ ဖြစ်ပါ သည်။ အကယ်၍ ကျွန်မ နေရာမှာ အခြားတစ်ယောက်၊ ဒါမှမဟုတ် သူကိုယ်တိုင်သာ ဆိုလျှင်လည်း ကျွန်မလိုပဲ ရွေးချယ်လိမ့်မည်ဟု ကျွန်မ သေချာပေါက် ယုံကြည်ပါ သည်။

တကယ်တော့ လူတိုင်း ဟာ အရေးကြုံလာသည့်အခါ ကိုယ့်အတွက်ကိုယ်ပဲ ကြည့် ကြသည်သာ။ ယခုကတည်း





www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ လူတိုင်းဟာ အရေးကြုံလာသည့်အခါ
ကိုယ့်အတွက်ကိုယ်ပဲ ကြည့်ကြသည်သာ။ ငယ်ကတည်းက
ပေါင်းသင်းလာသည့် သူငယ်ချင်း အရင်းခေါက်ခေါက်တွေ
ဖြစ်ပါလျက်နှင့် ကျွန်မအပေါ် နားလည်မှုမပေးနိုင်သည့် မိဖူးကိုသာ
ဝမ်းနည်းစိတ်တစ်ဖက်နှင့်အတူ အပြိုင် စိတ်ကွက်မိပါသည်။ ကျွန်မက
သူ့အတွက် သူငယ်ချင်းကောင်း တစ်ယောက် မဟုတ်ဟု
သူစွပ်စွဲလိုက်သလိုပါပဲ။ သူကလည်း ကျွန်မအတွက်
သူငယ်ချင်းကောင်းတစ်ယောက် မဟုတ်ခဲ့တာ သေချာသည်

က ပေါင်းသင်းလာသည့် သူငယ်ချင်း အရင်းခေါက်ခေါက်တွေဖြစ်ပါလျက်နှင့် ကျွန်မအပေါ် နားလည်မှု မပေးနိုင်သည့် မိဖူးကိုသာ ဝမ်းနည်းစိတ်တစ်ဖက်နှင့် အတူ အပြိုင် စိတ်ကွက်မိပါသည်။

ကျွန်မက သူ့အတွက် သူငယ်ချင်းကောင်းတစ်ယောက်မဟုတ်ဟု သူစွပ်စွဲလိုက်သလိုပါပဲ။ သူကလည်း ကျွန်မအတွက် သူငယ်ချင်းကောင်းတစ်ယောက်မဟုတ်ခဲ့တာ သေချာသည်။ ကျွန်မရွေးချယ်ခဲ့တာ မဟုတ်သည့် အခြေအနေ တစ်ခုအတွက် ကျွန်မလည်း ဘာမှမတတ်နိုင်ပါ။

❑

၂။

"အင်း…သူကလည်း မန္တလေးရောက်တုန်း နင့်ကို အရင်ဆုံးတွေ့ဖို့ တွေးလာတာ နေမှာပေါ့။ တွေ့စရာက လည်း ဒီလူတွေပဲရှိတာလေ" ဟု ရတနာက ဖုန်းထဲမှ ပြေ ရာပြေကြောင်းလေသံဖြင့် ခပ်ဆဆဆိုသည်။

"ဟင်… အဲ့ဒါဆို ငါက မှားတာလား"

ညနေကတည်းက





www.burmeseclassic.com

www.burmeseclassic.com

မပြေသေးသည့် စိတ်ခံစားချက်အရှိန်ဖြင့် ကျွန်မလေသံက အတန်ငယ် မာဆတ်ဆတ်ဖြစ်သွားလေသလားပင် မသိပြီ။ ရတနာက 'မဟုတ်ဘူးလေ။ နင့်ကို မှားတယ်လို့ပြောတာမဟုတ်ပါဘူး။ ဒါပေမဲ့ သူ့ဘက်ကလည်း အဲ့ဒီလိုရှိမှာလို့ တွေးကြည့်ပေးတာပါ'ဟု ကပျာကယာ ပြန်ဖြေရှင်းသည်။

'စဉ်းစားကြည့်လေ နွေ့ရယ်။ တို့သုံးယောက်ဆိုတာ ဟိုးပေါက်စနအရွယ်ကတည်းက ပြောမနာဆိုမနာ ပေါင်းလာကြတဲ့ ငယ်ပေါင်းစစ်စစ်တွေ။ ငါတို့ချင်း မတွေ့ရတာ နင်မန္တလေးမှာ အလုပ်သွားလုပ်ကတည်းကပဲ။ အဲဒါကြောင့် သူကလည်း ရောက်ရောက်ချင်း နင်နဲ့ ဆုံချင်တာဖြစ်မှာပေါ့'

'အဲဒါကို ငါလက်ခံတယ်လေ ရတနာရဲ့။ ဒါပေမဲ့ လာမှာကို ငါ့ကိုလည်း ကြိုမပြောဘူးဟာ။ ငါ့ကို အံ့သြစေချင်လို့ဆိုရင်လည်း ထားတော့။ ဒါပေမဲ့ ငါ့ရုံးက ငါးနာရီကျော် ငါးခွဲမှ ဆင်းရမှာကို သိသိကြီးနဲ့ လေးနာရီလောက်ကြီးမှာ ဖုန်းဆက်လာပြီး 'နင် အခု ထွက်ခဲ့တော့' ဆိုတော့ ဘယ့်နှယ်ဟာကြီးလဲ။ အဲကုမ္ပဏီက ငါထောင်ထားတာမဟုတ်ဘူးလေ။ ငါက သူများလစာယူထားပြီး ဝန်ထမ်းလုပ်နေတာလေ။ ပြီးတော့ ဝန်ထမ်းကလည်း တစ်ရုံးလုံးမှာ ငါတစ်ယောက်တည်း မဟုတ်ဘူး။ ဝန်ထမ်းတွေအများကြီးနဲ့ တစ်ပြေးညီ စည်းကမ်းချက်တွေနဲ့ စနစ်တကျ သွားနေကြတာ။ ငါက

ei bu bu
]t Jt ysu Du
vy bavmuf
rmeu
rt xd
wu ewm
oq D
wujwu
o awDvh
i u d
vmawGzmf
r&wh jyif
i w q vm
xu wmif
Ep q
jye w q d
aeaO;w, fwh

အဲဒီလို အခွင့်အရေးယူပြီး ထ,ပြန်လို့ရမှာလား။ သူက ငါ့အတွက် အရေးပါတာ မှန်ပါတယ်။ ဒါပေမဲ့ သေရေးရှင်ရေးမဟုတ်ဘူး။ ငါ ရုံးဆင်းပြီးမှ တွေ့ကြရင်လည်း ဖြစ်တဲ့ကိစ္စကို သူ ငါ့ကိုသက်သက်ရစ်တာကွာ။ သူ လေးနာရီအချိန် ဖုန်းဆက်လာတော့ ငါက ချက်ချင်းတော့ မလာနိုင်တဲ့အကြောင်းကို ကောင်းကောင်းပြောပြတယ်။ အဲဒါကို ပွစိပွစိလုပ်ပြီး ဖုန်းချသွားတယ်။ ငါးနာရီထိုးတော့ တစ်ခါဆက်ပြန်တယ်။ 'ငါ စိတ်ဆိုးပြီး ဖုန်းချသွားတာတောင် နင်ပြန်မခေါ်ဘူးနော်။ ရတယ်။ အခု ငါ လျှာစည်းစိမ်မှာ စောင့်နေမယ်။ လာခဲ့'တဲ့။ အဲ့ဒီနေရာဆိုတာ ငါနေတဲ့အဆောင်နဲ့ အဝေးကြီးဟာယ်။ ပြီးတော့ ငါဆိုင်ကယ်စီးတတ်တာ တစ်လတောင်မပြည့်သေးဘူး။ လမ်းဒီလောက်ရှုပ်တဲ့ မန္တလေးမှာ ညဘက်မပြောနဲ့ နေ့ခင်းဘက်တောင် ငါ့မှာ ဘုရားတ,ပြီး စီးနေရတာ။ ထားပါ အဲဒီအထိလည်း ပြဿနာမဟုတ်သေးဘူး။ ဒါပေမဲ့ သူ့စကားပြောပုံကြီးက 'ဆယ်မိနစ်အတွင်း ရောက်အောင်မလာခဲ့ရင် နင်နဲ့ငါ သူငယ်ချင်းစာရင်းက ပြတ်ပြီ' ဆိုတော့ နင်ပဲစဉ်းစားကြည့်လိုက်တော့'

'အဲဒါကတော့ သူ့စ,တာနေမှာပါ နွေ့ရဲ့။ သူ့အကြောင်းလည်း နင်မသိတာမှမဟုတ်ဘဲနဲ့။ တစ်ခါတလေ စိတ်ထဲပါတာမဟုတ်ဘဲ သူတစ်ဖက်သားကို နိုင်ရရင်ပြီးရောဆိုပြီး ပါးစပ်ထဲ တွေ့ရာလျှောက်ပြောတတ်တဲ့ဟာကို'

ရတနာက ဖာဖာထေးထေး ပြောသည်။ ရတနာပြောတာကို ကျွန်မ မငြင်းပါ။ ငယ်ကတည်းက ပေါင်းလာကြသူတွေဆိုတော့ တစ်ယောက်အမူအကျင့်ကို တစ်ယောက်သိပြီးသား ဖြစ်တာမှန်ပါသည်။ ဒါပေမဲ့ အဲဒီလို သိ၍ကိုပဲ ကျွန်မက ပိုစိတ်ကွက်မိတာပင်။ သူ့စိမ်းတွေမို့ နားလည်မပေးနိုင်တာ ကျွန်မလက်ခံသည်။ ခွင့်လွှတ်ပေး၍လည်း ရပါသည်။ သူက အရင်းအချာကြီးဖြစ်ပါလျက်နှင့် ကလေးလည်းမဟုတ်ပါဘဲ မဖြစ်နိုင်ဟုဆိုသည့်ကိစ္စကို ကျွန်မအား ကျဉ်းထဲကျပ်ထဲရောက်အောင် တွန်းပို့သည့်အပြင် သူ့ဆန္ဒမလိုက်လျောရကောင်းလားဟု ဆိုကာ သူငယ်ချင်းကောင်းမပီသသူဟုပင် စွပ်စွဲလိုက်သေးသည်။ ဒါက အနိုင်ရလျှင်ပြီးရော ဆိုပြီး ပေါ့ပေါ့တန်တန်ပြောထွက်သင့်သည့်စကားမျိုးမဟုတ်ဟု ကျွန်မကတော့ သတ်မှတ်သည်။

'အေး… ဒုတိယအကြိမ် သူဖုန်းဆက်လာတဲ့အချိန်က အမှန်အတိုင်းပြောရရင် ငါးနာရီဆိုတော့ ရုံးဆင်းချိန်ပဲ။ သူကသာ ပြေရာပြေကြောင်းနဲ့ 'နင်ပြီးတဲ့အချိန်ထွက်လာခဲ့လိုက်လေ။ စောင့်နေမယ်'လို့သာဆိုရင် ငါဘယ်လိုပဲဖြစ်ဖြစ် အဆောင်တောင်မဝင်တော့ဘဲ သူရှိတဲ့နေရာကို အရင်ရောက်အောင်သွားလိုက်တော့မှာ။ နောက်ဆုံး ညမိုးချုပ်မှာစိုးလို့ ဆိုင်ကယ်မမောင်းရဲရင်တောင် တက္ကစီပဲ စီးသွားရစီးသွားရဟာယ်။ ငါ့ဘာသာငါဆို ငါတို့အဆောင်က ကောင်မလေးတက္ကစီသမားက ပိုက်ဆံအိတ်လုသွားပြီးကတည်းက နေ့လယ်နေ့ခင်းတောင် တစ်ယောက်တည်း တက္ကစီ မစီးရဲတာ ငါတို့သုံးယောက်ရဲ့ ဖေ့ဘွတ်ခ်ဂရုချက်ထဲ ငါအမြဲပြောဖြစ်တယ်နော်။ နင်လည်းသိတယ်။ သူလည်းသိတယ်။ သူပဲ ငါ့ကိုတွေ့ချင်တာမဟုတ်ဘူး။ ငါလည်း တွေ့ချင်တာပေါ့။ သူတောင်ရောက်အောင်လာမှတော့ ငါကလည်း သူ့ကို မဖြစ်မနေ သွားကိုသွားတွေ့ရမယ့် ဝတ္တရားရှိတာလည်း ငါနားလည်တယ်။ ဒါပေမဲ့ သူ့စကားကြီးက တော်တော်လွန်တယ်။ နင့်ဘာသာ ဘယ်လို အခက်အခဲရှိရှိ ငါ့ကိုလာမတွေ့ရင်



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းကောင်း မပီသတာပဲဆိုတဲ့ သဘောထားကြီးနဲ့။ အရမ်းကို အမိန့်အာဏာဆန်တယ်ဟယ်။ နောက်တစ်ခုက အမှန်အတိုင်းပြောရရင် ရုံးမှာ တစ်နေကုန် ကွန်ပျူတာရှေ့ အလုပ်လုပ်ထားရတာ။ စိတ်ပန်းလူပန်းဟယ်။ ဖြစ်နိုင်ရင် ရေမိုးချိုးပြီးမှ လန်းလန်းဆန်းဆန်းလေး အပြင်ထွက်ချင်တယ်ဟာ။ ဒါမှမဟုတ် သူက အဲ့ဒီလောက် အသည်းအသန် တွေ့ချင်တယ်ဆိုရင်လည်း လာမယ့်အကြောင်း တစ်ရက်ကြိုဖုန်းဆက်ကွာ။ ငါနေ့တစ်ပိုင်း ခွင့်ကြိုယူထားမှာပေါ့။ ဧည့်သည် လာလို့ဆိုပြီး ရှောင်တခင် ထ,ပြန်ရအောင် ငါက ကုမ္ပဏီပိုင်ရှင်လား။ အေး… သူပြောသလို သူ့ကိုသွားမတွေ့နိုင်တဲ့အတွက် ငါက သူငယ်ချင်းကောင်း မပီသဘူးဆိုရင် ငါ့နေရာ၊ ငါ့အခက်အခဲကို နည်းနည်းလေးတောင် နားလည်မှု မပေးနိုင်တဲ့သူကလည်း ငါ့အတွက် သူငယ်ချင်းကောင်း မဟုတ်ဘူး။ ငါလည်း အဲဒီလိုပဲ သတ်မှတ်တယ်”

“နင်တို့ကလည်းဟယ် ဖျန်ဖြေပေးမှပဲ ပိုဆိုးနေပြီ။ ဒါနဲ့ပဲ အပြက်အပြက်နဲ့ နှာခေါင်း သွေးထွက်တော့မှာပဲ။ ဟိုတစ်ယောက်လည်း ဟိုတစ်ယောက်ပဲ”ဟု ရတနာက ညည်းသည်။

ကျွန်မဘက်ကလည်း မလျှော့နိုင်ပါ။ ယခုကိစ္စမှာ ကျွန်မလုံးဝမမှားဟု တစ်ရေးနိုးချိန် လာမေးလျှင်တောင် ယုံကြည်စွာ ကျွန်မ ပြန်ဖြေနိုင်ပါသည်။ မခေါ်လည်း နေပါစေ။ ကျွန်မလည်း နေနိုင်ပါသည်။

❑

][ [illegible] m ajymOD, f 'Deuf awmapsonf vma&mif/v [illegible] r[illegible]DwG t rsm;LuD 0, [illegible]Lumf/v[illegible]fvm y[illegible]ev[illegible] reujzefLu&if um;*[illegible]v/fLuae ei [illegible] wGf wpfb/ xn[illegible]y;v[illegible]uf, f t ck zk[illegible]ajym&if [illegible]Lu[illegible]v[illegible]

၃။

“သူငယ်ချင်းကောင်း မပီသသူ”ဟူသည့် ပြင်းထန်သည့် စွပ်စွဲချက်ကြီးနှင့် ကျွန်မကို အကြီးအကျယ် စိတ်ဆိုးစိတ်နာသွားသည့် မိဖူးသည် ဖေ့စ်ဘွတ်ခ် သူငယ်ချင်းအဖြစ်ကနေတော့ ကျွန်မကို မရပ်စဲလိုက်ပါ။ ကျွန်မကလည်း သူ့ဘက်က အရင် စိတ်ဆိုးအောင်လုပ်ပြီး သူ့ဘက်ကပဲ စပြီး စိတ်ဆိုးသွားသည်မို့ သူ့ဘက်က စပြီး ရပ်စဲချင်လည်း ရပ်စဲပါစေဟု အသာစောင့်ကြည့်နေသည်။

တကယ်တော့ သူ ကျွန်မအကောင့်ကို ဘလော့ခ် မလုပ်တာ အကြောင်းရှိပါသည်။

မန္တလေးရောက်နေသည့် တစ်ပတ်တာကာလအတွင်းရှိသမျှ မိတ်ဆွေသူငယ်ချင်းပေါင်းစုံနှင့် တွေ့ဆုံလည်ပတ်တာ၊ ဆိုင်တကာလှည့် စားသောက်တာ မှန်သမျှ မျက်စိနောက်လောက်အောင် ဖေ့စ်ဘွတ် ပေါ်တင်သည်။ တင်သမျှပုံတိုင်း၏ စတေးတပ်တွေထဲမှာ “ငယ်သူငယ်ချင်းတွေ မဟုတ်ပေမဲ့ ငယ်သူငယ်ချင်းထက်တောင် ဧည့်ဝတ်ကျေတဲ့ မိတ်ဆွေသူငယ်ချင်းများနဲ့”ဟူသည့် စာသားက ပင်တိုင်ပါသည်။ ထိုစာသားက ကျွန်မကို ရည်ညွှန်းသည်ဆိုတာ ကျွန်မနှင့် ရတနာသာ သိပါသည်။

“ဖက်ပြိုင်ပြောမနေပါနဲ့ဟယ်။ ပိုဆိုးကုန်မယ်။ သူပြောသမျှလည်း စိတ်ထဲ ခံစားမနေနဲ့။ သူက ပြောချင်တာပြောပြီးရင် ပြီးသွားတာ”ဟု ရတနာက ကြီးသည့်အမှုသေးအောင်၊ သေးသည့်အမှု ပပျောက်အောင် ဖျောင်းဖျောင်း ဖျဖျပြောသည်။ ကျွန်မဘက်မှ စပြီး သူ့အကောင့်ကို ဘလော့ခ်ပြန်လျှင်လည်း ကျွန်မကပဲ မှားနေ၍ မခံစားနိုင်ဖြစ်ရသလို ဖြစ်ဦးမည်မို့ ကျွန်မမှာ သူ မြို့ကလေးသို့ ပြန်မသွားမချင်း ရက်သတ္တပတ်တာ ကာလကို စိတ်မချမ်းမသာဖြင့် ဖြတ်သန်းနေရ၏။ ကျွန်မဘက်မှ အမှားမရှိဟု နဂိုကတည်းက ယုံကြည်ထားသဖြင့် သူ့ကို စတင်ဖုန်းဆက်ဖို့ရာတော့ လုံးဝ စိတ်ကူးမရှိပေ။

စိတ်တော့ တော်တော်မကောင်းပါ။

မိဖူးသည် ဖူးဖူးပွင့်ဝေဟူသည့် လှတပတ နာမည်လေးနှင့် လိုက်ဖက်အောင် ဘဝမှာ အဖူးအညွန့်တွေနှင့်ချည်း ဝေဝေဆာဆာနေခဲ့ရသူဖြစ်ပါသည်။ အိမ်ထောင်ကျတော့လည်း သူ့ကို ဖူးဖူးညွှန့်ညွှန့်ထားမည့် အလိုလိုက်အကြိုက်ဆောင် ကိုကိုသူဌေးသားနှင့် ရသည်။ ဒီတော့ စိတ်ပုပ်စိတ်ယုတ်မရှိသော်ငြား တစ်ခါတစ်ရံမှာ သူဖြစ်ချင်သလို ဇွတ်လုပ်တာက အကျင့်ပါနေသည်။ ရတနာနှင့် ကျွန်မအပေါ်တော့ သူချစ်ပါသည်။ ကောင်းလည်း ကောင်းပါသည်။ ကျွန်မတို့ နှစ်ယောက်ကလည်း အေးအေးဆေးဆေးသမားတွေဖြစ်တာကြောင့် သူငယ်တန်းကတည်းက ကျောင်းပြီးဘွဲ့ရကာ ယခုအရွယ်အထိ လက်တွဲမဖြုတ်စတမ်း ပေါင်းလာကြတာပင်။ ကြားထဲမှာ ကလေးသဘာဝ စိတ်ဆိုးစိတ်ကောက်ဖူးတာတွေ ရှိပေမဲ့ ယခုလို မပြင်းထန်ပါ။ ဒီတစ်ကြိမ်ကတော့ အဖြစ်အပျက်ကို ဘယ်လိုပြန်တွေးတွေး သူ့ဘက်က တော်တော်လွန်သည်ဟုသာ ကျွန်မခံစားရသည်။ သူ့နှုတ်မှ ပြောထွက်ရက်သည့် “သူငယ်ချင်းကောင်းမပီသသူ”ဟူသည့် စကားတစ်ခွန်းကိုတော့ ကျွန်မရင်အနာဆုံးဖြစ်သည်။

မြင့်မြတ်သည့် နာမ်စားတစ်ခုကို သူ တိုင်းတာ ဆုံးဖြတ်လိုက်သည့် ပေတံက တစ်ဆိတ်တော့ ကလေးကလားနိုင်လွန်းလှလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

၄။

‘နင်တို့နှစ်ယောက်နဲ့တော့ ငါလည်း စိတ်ညစ်ပါတယ်ဟယ်။ ဘာပြောရမှန်းတောင် မသိတော့ဘူး။ ဟိုတစ်ယောက်ကလည်း နင့်အကြောင်း ငါ့ကိုလာတိုင်တာ နှုတ်ခမ်းကြီးစူလို့’

ကျွန်မ ပြုံးမဲ့မိရသည်။

‘ဩော်…သူကပဲ တိုင်ရတယ်ရှိသေးတယ်တဲ့လား’

‘ဒါပေမဲ့ ငါလည်းပြောလိုက်ပါတယ်။ နင့်မှာလည်း နင့်အခက်အခဲနဲ့ နင်ဆိုတာလေ။ သူတွေးတာကလည်း နင်က သူ့ကို အလေးမထားဘူးပေါ့။ ကြိုမပြောတာကလည်း မနက်သွားရမယ်ဆိုတာ ညမှသိလို့တဲ့။ ပြီးတော့ နင့်ကို အံ့သြစေချင်လို့ ငါ့ကိုတောင် မပြောပြတာတဲ့။ အမျိုးတွေကိစ္စနဲ့ သွားတာဆိုတော့လေ။ ငါကလည်း နင့်ဘက်ကပဲ နေပေးလိုက်ပါတယ်။ နင်မမှားဘူးလေ။ ငါနားလည်ပေးနိုင်တယ်’

‘အဲဒါပဲ ကြည့်ပေါ့။ သူငယ်ချင်းချင်းအတူတူ နင်ကျတော့ နားလည်ပေးနိုင်ပြီး သူကျတော့ ငါ့ကို ဘာလို့ နားလည်မပေးနိုင်တာလဲ။ အဲ့ဒါ ဘာကွာလဲဆိုတော့ နင်က ငါ့ကို ပိုချစ်လို့နေမှာ’

ရတနာက ရယ်သည်။

‘နင်ကလည်း ကလေးဆန်နေပြန်ပါပြီ။ အဲလိုတော့ မဟုတ်ပါဘူးဟ။ သူလည်း နင့်ကို ချစ်ပါတယ်။ ငါသိတာပေါ့။ ချစ်လို့ဖြစ်တဲ့ဟာကို။ နင့်ကိုတောင် ပြောနေသေးတယ်’

‘ပြောပါဦး ဘာတဲ့လဲ’

ရတနာက ချက်ချင်းမဖြေသေးဘဲ ရယ်နေပြန်သည်။ ပြီးမှ-

‘စိတ်လည်း ဆိုးမနေနဲ့ဦး။ ငါက ဒီအတိုင်းပြန်ပြောပြတာ။ နင့်ကိုသူက ‘အဲ အပျိုကြီးက လူပုသလောက် မာနက မိုးအထိတက်နေတာ။ သူ့ဆီ တကူးတက သွားတွေ့တဲ့ ငါ့ကို လာတွေ့ဖော်မရတဲ့အပြင် ငါစိတ်ဆိုးတာထက်တောင် နှစ်ဆပြန်စိတ်ဆိုးနေသေးတယ်’တဲ့’

‘လူကိုများ။ သူလုပ်ပုံကလည်း စိတ်ဆိုးစရာပဲလေ။ သူ့ကိုယ်သူမှားတယ်လို့တော့ ဝန်မခံလိုက်ဘူးပေါ့’

‘ဩော်…နွေ့ရယ်။ ပြောရင် သူ့ဘက်ပါတယ်ဖြစ်ပြန်ဦးမယ်။ သူ့အကြောင်းကို နင်မသိတာလည်း မဟုတ်ဘဲနဲ့။ ဟိုတစ်ခါကလည်း သူ့ယောကျ်ားကို တခြားမိန်းမနဲ့ဖောက်ပြန်ပါတယ်ဆိုပြီး စွပ်စွဲပြီးအတည်ပေါက်ကြီး ရန်တွေလုပ်။ ပြီးတော့ ဟုတ်လည်းမဟုတ်ဘူး။ ဟိုခမျာ အရပ်ကူပါ၊ လူဝိုင်းပါနဲ့ ဖြေရှင်းလိုက်ရတာ။ အဲ့ဒါ သူမှားတာကို သိတော့လည်း တောင်းပန်ဖို့ နေနေသာသာ ဝန်တောင်ခံလို့လား။ ‘ရှင်ပဲ ဘာလို့ ကျွန်မအထင်လွဲအောင်နေလဲ’ဆိုပြီးတော့ ပြန်အပြစ်တင်သေးတာ။ အဲဒါ သူ့ဝသီပဲလေ။ ကဲပါ စိတ်တွေလည်း ပြေကြပါတော့။ ငါတို့ရဲ့ ‘အချစ်ဆုံး သူငယ်ချင်းတွေ’ဆိုတဲ့ ဂရုချက်လေးလည်း နင်တို့တိုက်ပွဲ ပြင်းထန်နေတာနဲ့ ခြောက်ကပ်နေတာကြာပေါ့။ ကျေးဇူးပြုပြီး စကားပြန်ပြောကြပါတော့ဟယ်။ ကြားထဲကနေ ငါပဲ တောင်းပန်ပါတယ်နော်’

ကျွန်မပခုံးတစ်ချက်သာ တွန့်လိုက်မိသည်။

ဘာပဲဖြစ်ဖြစ် လောကကြီးဆိုတာ ကျွန်မတို့မိဖူးတို့ ငယ်ငယ်က ကျင်လည်ခဲ့ဖူးသည့် အမေ့အိမ်၊ အမေ့ဝန်းကျင် မဟုတ်ပါ။ ပြီးတော့ ကျွန်မတို့တွေသည်လည်း နေရာတကာကို ကလေးစိတ်နှင့် ဆိုးနွဲ့နေရမည့် အရွယ်မရောက်သေးသည့် အလိုလိုက်ခံ အမေ့သမီးလေးတွေ မဟုတ်တော့ပါ။ လောကကြီးမှာ သူ့စည်းနှင့်သူ ရှိသည်ဆိုတာကို မိဖူးကို ကျွန်မ နားလည်သဘောပေါက်စေချင်မိပါသည်။

ထို့ကြောင့် အငြိုးအတေးကြီးလှသည်ရယ် မဟုတ်ပေမဲ့ ရတနာဘာပြောပြော ကျွန်မရပ်သင့်သည့်နေရာ၊ ကျွန်မရပ်နေသည့်နေရာမှာပဲ ကျွန်မရပ်နေချင်ပါသည်။ သုံးယောက်သားပေါက်တတ်ကရတွေ ပြောဆိုရင်း ရယ်သံလေးတွေ အသည်းပုံစတစ်ကာလေးတွေ ပျံ့သန်းဝေစည်နေကျ ‘အချစ်ဆုံး သူငယ်ချင်းတွေ’ဟု သုံးဦးသဘောတူ အမည်ပေးထားသည့် ဖေ့စ်ဘွတ်ခ်ဂရုချက်လေးကိုတော့ ရတနာလိုပဲ ကျွန်မလည်း လွမ်းလှပြီသာ။ ❑

၅။

အိပ်ခါနီးဝင်လာသည့် ဖုန်းနံပါတ်ကိုကြည့်ပြီး ကျွန်မ မျက်ခုံးပင့်ကာသွားသည်။ ကိုယ့်ကိုယ်ကို သတိမထားမိခင် လက်ကလည်း အစိမ်းလေးကို ချက်ချင်းဖိဆွဲမိပြီးသား ဖြစ်နေသည်။

‘အေး… ပြော မိဖူး’

သူ့ဘက်က ခဏတိတ်နေပြီး ‘ဖုန်းမှားခေါ်မိတာ’ဟု မပွင့်တပွင့်ဆိုသည်။ သို့ပေမဲ့ သူညာနေတာကို ကျွန်မ ကောင်းကောင်းသိပါသည်။ တစ်ခါတစ်ရံမှာ နှလုံးသားနှင့် သိခြင်းက ဦးနှောက်ထက် ပိုသေချာနေတတ်ပါသည်။

‘အေးပါ၊ မှားခေါ်လည်း ပြောလို့ရပါတယ်။ နေကောင်းတယ်မလား’

‘အင်း… နင်ကော’ဟု ပြန်မေးသည်။

‘ကောင်းပါတယ်’

သူ ချောင်းတစ်ချက်ဟန့်သည်။

‘ဟိုဟာ ပြောဦးမယ်။ ဒီမနက် တောဈေးသည် လာရောင်းလို့ မှိုဆီတွေ အများကြီး ဝယ်ကြော်လိုက်တာ။ ပိုနေလို့ မနက်ဖြန်ကျရင် ကားဂိတ်ကနေ နင့်အတွက်တစ်ဘူး ထည့်ပေးလိုက်မယ်။ အခုဖုန်းပြောရင်း ကြုံလို့ပါ’

ကျွန်မသည် တလိပ်လိပ်တက်လာသည့် ရယ်ချင်စိတ်ကို နှုတ်ခမ်းကိုက် ချုပ်တည်းရင်းမှ ‘အေး…စားမယ်လေ’ဟု ပြန်ပြောလိုက်သည်။ မမြင်ရပေမဲ့လည်း တစ်ဖက်မှ သူ့မျက်နှာကြီးလည်း ပြုံးစိစိဖြစ်နေမှာကို ကျွန်မ မှန်းဆကြည့်မိနေပါသည်။

ရှေ့မှာ နာစရာတွေ၊ စိတ်ဆိုးစရာတွေ၊ ခလုတ်တိုက်ခဲ့တာတွေ ရှိခဲ့လင့်ကစား ဒီလိုပဲ ဆက်ချစ်သွားကြရမည်သာ။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့တွေက သူငယ်ချင်းတွေ မဟုတ်ပါလား။ ■

**ငွေဇင်ယော်ဦး၊မိုးကုတ်၊**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com

# ဆုငိုကာ

*အခန်းထောင့်က စားပွဲပေါ်တင်ထားတဲ့ ဆုတံဆိပ်တွေ ဖုန်တက်နေ၊ အောင်မြင်မှုရယ် မနေ့က ကျန်ခဲ့ပြီ။*

အလုပ်ခန်းနံရံရှိ မှန်ဗီရိုလေးအတွင်းမှ ဆုတံဆိပ်အချို့ကို ဖုန်သုတ်မိတိုင်း အဆိုတော် စိုင်းထီးဆိုင်၏ သီချင်းလေးကို ညည်းဆိုမိသည်။ မှန်လိုက်လေဆိုသည့်အတွေးတို့ကလည်း တစ်ဆက်တစ်စပ်တည်း ပါလာစမြဲ။ ယှဉ်ပြိုင်ပြီးမှ အနိုင်ရရှိခဲ့ဖူးသည့် ထိုဆုတံဆိပ်တို့အကြောင်း ကိုယ့်အတွေးထဲမှာ တသသရှိမနေလှ။ သို့သော်လည်း ဘဝအသက်မွေးမှုရှာဖွေရာတွင်တော့ အတိုင်းအတာတစ်ခုထိ အရာရောက်နေပြန်ပါသည်။ ဆုတံဆိပ်တစ်ခု လက်ဝယ်ပိုင်ဆိုင်ခွင့်ရလေတိုင်း ဘဝတူ ပြိုင်ပွဲဝင်များကြားချစ်ခြင်းမေတ္တာတို့ လျော့ပါးလာသလို။ ကိုယ်က ဆုတံဆိပ်ပိုက် ပြုံးပျော်နေချိန်တွင် ကိုယ့်နံဘေးမှ သူတချို့ ငိုယိုနေသည်ကိုပင် တွေ့ခဲ့၊ ကြုံခဲ့ရဖူးသည်။ မထိုက်တန်ဘဲ ရသည့် ဆုဟုပင် မေးငေါ့ထိုး စကားတင်းတို့ကို ပေါ်ပေါ်တင်တင် ပြောတတ်ကြသည်။ ပထမဆု ရရှိသူမှအပ ကျန်ရှိနေသည့် ပြိုင်ဝင်ပွဲတိုင်းသည် ဆုပေးလိုက်သည့် အနေအထားအပေါ် မကျေမနပ် ဖြစ်တတ်ကြသည်မှာ ထိုလောကအတွက် ထုံးစံတစ်ခုလိုပင် ဖြစ်လို့နေသည်။ ဆုရရှိသည့်သူတိုင်း လှုပကြော့ရှင်းကြသော်လည်း လှပကြော့ရှင်းကြသူတိုင်းတော့ ဆုရကြသည် မဟုတ်မှန်း ထိုအချိန်ကတည်းက ကိုယ်တွေးခဲ့ဖူးသည်။ ဆုဟု သတ်မှတ်ထားသည့် ရုပ်တုလေးတစ်ခုအတွက် ငြိုးသူရန်ဘက်များလို ယှဉ်ပြိုင်နေရသည့်အခါ ဆုဆိုသည့်အရာကို ကိုယ်မလိုချင်တော့။ တကယ်တော့ ဆုအဖြစ်သတ်မှတ်ပေးလိုက်သည့် ရုပ်တုများကိုမက်မော၊ တန်ဖိုးထားကြ၍ မဟုတ်ဘဲ ဂုဏ်ပုဒ်တစ်ခုအတွက် ယှဉ်ပြိုင်နေကြခြင်းသာ။ ရှောင်လွှဲခွင့်မရခဲ့သည့် ကိုယ့်ဘဝအတွက် ဆုတံဆိပ်တစ်ခု ရရှိပြီးလေတိုင်း တာဝန်တစ်ခု ပြီးဆုံးသွားသလို ခံစားလာရသည်။

ငယ်စဉ်ကတည်းက ဆုပေး၊ ဒဏ်ပေးဆိုသည့် စကားလုံးတို့ကို ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသည်။ ကိုယ်တို့ မောင်နှမတွေကို စာကြိုးစားစေချင်သည့် အမေသည် အတန်းထဲတွင် ပထမ၊ ဒုတိယ၊ တတိယ အဆင့်ဝင်လျှင် ဆုချမည်ဟု လိုချင်နေတတ်ကြသည့် မိုးကာအင်္ကျီအသစ်၊ ကွန်ပါဘူးအသစ်၊ ထမင်းဘူးအသစ်လေးများဖြင့် မက်လုံးပေး စည်းရုံးလေ့ရှိသည်။ မောင်အလတ်ကောင်ကတော့ဖြင့် နောက်မှရမည့် မသေချာသည့် ဆုကို မလိုချင်ဟုဆိုကာ လက်ငင်းပေး စနစ်ကို တောင်းဆိုကျင့်သုံးသည်။ မည်သည့်ဘာသာရပ်မှ ကျက်စာဖြစ်ဖြစ် စာသုံးပုဒ်ကို အမေ့ထံတွင် အလွတ်ရွတ်ဆိုပြနိုင်လျှင် မုန့်ဖိုး တစ်မတ် တောင်းဆိုသည်။ အဖေ့ မုန့်ဖိုးပေးစနစ်သည် တစ်တန်းလျှင် ဆယ်ပြားနှုန်းဖြစ်သည်။ ငါးတန်းကျောင်းသား မောင်အလတ်အတွက် ပြားငါးဆယ်ရသည့်ခေတ်တွင် သုံးပုဒ် တစ်မတ်သည် အတော်တွက်ခြေကိုက်လေသည်။သူ့အတွက်တော့ ဆုဆိုသည်မှာ မျှော်ကိုးမက်မောသောအရာ မဟုတ်သောကြောင့်ဖြစ်မည်ထင်သည်။

စက်ရုံမှူးတစ်ယောက်ဖြစ်သည့်အဖေသည် သူ့ဝန်ထမ်းသားသမီးများအား စေတနာဖြင့် သင်္ချာဘာသာ သင်ကြားပေးခဲ့ဖူးသည်။ လပတ် စာမေးပွဲများ၏ နောက်ဆုံးလပတ်ဖြစ်သည့် ကိုးလပတ် စာမေးပွဲတွင် သင်္ချာဘာသာ အမှတ်ပြည့် တစ်ရာရလျှင် ဆုအဖြစ် ပတ်ကားဖောင်တိန် ချီးမြှင့်မည်ဟု ကြေညာထားသည်။ ထိုအချိန်က ပတ်ကားဖောင်တိန် ကိုင်နိုင်သည့် ကျောင်းသားသည် အကောင်ဖြစ်သည်ဟု ဆိုစမှတ်ပြုကြသည်။ အဖေ့ဝန်ထမ်း သားတစ်ယောက်သည် ပတ်ကားဖောင်တိန်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကို အရှုးအမူး စွဲလမ်းသူတစ်ယောက် ဖြစ်သည်။ နှစ်စဉ် ကိုးလပတ် စာမေးပွဲ တိုင်းတွင် အဖေ ချီးမြှင့်သည့် ပတ်ကား ဖောင်တိန်ကို သူတစ်ယောက်တည်း သာ ရရှိခဲ့သည်။ သင်္ချာဘာသာ အမှတ် တစ်ရာရလိုသောကြောင့် မဟုတ်သလို၊ စက်ရုံမှူး ပေးသည့် ဆုကို တန်ဖိုးထား ခြင်းလည်း မဟုတ်တန်ရာ။ သူ့ရည် မှန်းချက်ကတော့ ပတ်ကားဖောင်တိန် များ များများ လက်ဝယ်ပိုင်ဆိုင်ရေး ဖြစ်လို့နေသည်။ သေချာသည်ကတော့ အဖေ့ သားသမီးများဖြစ်ကြသည့် ကိုယ်တို့ မောင်နှမများသည် အဖေ ချီးမြှင့်သည့် ဆုကို တစ်ခါမှပင် မရဖူး ခဲ့ကြ။ ကိုယ့်အဖေပေးသည့် ဆုဖြစ်နေ၍များ တန်ဖိုး မထားတတ်ခဲ့ကြလေ သလား မသိ။

ဝန်ထမ်းဘဝသို့ ရောက်လာသည့် အခါ ဆုဆိုသည်ကို လာဘ်နှင့်အတူ တွဲမြင်တတ်လာသည်။ ဝန်ထမ်းဘဝ၏ ဆုလာဘ်များသည် ရာထူးတိုးခြင်း၊ နိုင်ငံခြားသို့ စေလွှတ်ခံရခြင်း၊ ဘေး ကြားပေါက်ဝင်ငွေများ ရှင်တတ်သည့် နေရာ၊ ဌာနများတွင် တာဝန်ကျရခြင်း တို့နှင့် အထက်လူကြီးများ၏ ချီးမြှင့် မြှောက်စားခံရခြင်းတို့ပါ အကျုံးဝင်လေ သည်။ ဝန်ထမ်းဘဝများ၏ ဆုပေး၊ ဒဏ်ပေးစနစ်သည် ဆုပေးခံရသည့် လူ တန်းစားတစ်ရပ်နှင့် ဒဏ်ပေးခံ လူတန်း စားတစ်ရပ်တို့ ကွဲပြားစွာ ရှိနေကြ သည်။ ယှဉ်ပြိုင်စရာလည်းမလို၊ သူ့ အလိုလို ဆုချီးမြှင့်ခြင်းလည်း မရှိသည့် ဝန်ထမ်းဘဝတွင် ကိုယ် ကြာကြာ မနေ ဖြစ်ခဲ့သည်မှာတော့ မှန်ကန်သည့် ဆုံး ဖြတ်ချက်ဟု ကိုယ့်ဘာသာ ကျေနပ်နေမိ ရသည်။

ဝင်ရောက်ယှဉ်ပြိုင်ခြင်းလည်း မဟုတ်၊ တော်ရုံ အရည်အချင်း၊ တော်ရုံ ဖွဲ့သတ္တိတို့ဖြင့်လည်း မရနိုင်သည့်၊ တစ် နိုင်ငံတွင် တစ်ယောက် ပေါ်ထွန်းဖို့ပင် မဖြစ်နိုင်သည့် နိုဘယ်လ်ဆုကို ကိုယ် ငယ်စဉ်ကတည်းက စိတ်ဝင်စားခဲ့မိ သည်။ လေးစားအထင်ကြီးခဲ့ရသည်။

ukd fÃ ufkJ
qkqbonfukd
vuf, fyktqktfvkuf
csefvGfukd h
t eDt ygrSolt cskd
rsu&nfuaeMuonf
ikdeMujcifr[ kvf
jilpl
apmifajrmifjcifr[ kvf
vufkfvDif
usonh
rkdvmrsu&nf
ukd &onfqkukd
olwdkukd fvkdf
&vkdubuSbkd
ajy;zuf
EIwfqulMuonf
t ay:, H
vjrifaumifonh
*Rjfyklcifrsd
r[ kvfonh
vkdufvSrfom
rkdvm tjyKt rIsm;

နယ်ပယ်အသီးသီးမှ ဆုချီးမြှင့်ခံရသည့် နိုဘယ်လ်ဆုရှင်များကို ချီးမြှင့်သည့် နှစ်အလိုက် လိုက်လံမှတ်သားထားရ သည်မှာ အမော။ Irving Wallace ရေးသားထားသည့် **THE PRIZE** ဆို သည့် စာအုပ်ကို ဆရာ တင်ထွေးက **ကမ္ဘာကျော်ဆု** ဟု ဘာသာပြန်ထား သည်။ ထိုစာအုပ်ကို ဖတ်ပြီးသည့်အခါ နိုဘယ်လ်ဆု ရရှိသည့်သူတိုင်း တော် ကြသည်မှန်သော်လည်း၊ တော်သည့်သူ တိုင်းတော့ ဆုရကြသည် မဟုတ်နေပြန် ပါ။ တော်သည့်သူချင်း တူနေသော် လည်း နိုဘယ်လ်ဆုရရှိစေဖို့ ထောက်ခံ တင်ပြမည့်သူ၊ ထိုသူများရှိရာ ပတ်ဝန်း ကျင်တို့နှင့် ဝေးကွာနေသည့်အခါ ဆု ဆိုသည်နှင့် လွဲခဲ့ကြရသည်။ ဆုဆို သည်မှာ ကြိုးစားအားထုတ်ထားသည့် အရည်အချင်း၊ အချိန်အခါ၊ ကံကြမ္မာတို့ နှင့်လည်း သက်ဆိုင်သေးတာပါလားဟု သိခွင့်ရခဲ့သည်။

နိုဘယ်လ်ဆုရှင်များ၏ နောက် ကွယ်မှ အဖြစ်အပျက်ဇာတ်လမ်းတို့ကို ဖတ်ရင်း သည်ဘဝတွင် နိုဘယ်ဆုရှင် တစ်ယောက်ယောက်ကိုဖြင့် မျက်ဝါး ထင်ထင် မြင်တွေ့ခွင့်ရမည့် အခွင့်အရေး လေး ရချင်စိတ်တို့ ပေါ်ပေါက်ဖူးခဲ့ရ သည်။ ကိုယ့်စိတ်ကူးအိပ်မက်တို့ တကယ်ဖြစ်ခွင့်ရခဲ့ပါသည်။ ကိုယ့်နိုင်ငံ တွင် နိုဘယ်လ်ဆုရှင်တစ်ယောက် သက်ရှိထင်ရှား အမှန်ပင် ရှိလာခဲ့ပြီ။ နော်ဝေနိုင်ငံ အော်စလိုမြို့သို့ ကိုယ် ရောက်ခဲ့စဉ်က နိုဘယ်လ်ဆုရှင်များ တည်းခိုရာ ဟိုးမြင့်မြင့်မှ အဆောင် အခန်းလေးအား လမ်းမကြီးထက်မှ အမြတ်တနိုး အချိန်အတန်ကြာ ရပ် ကြည့်ငေးမောခဲ့ဖူးသည်။

သို့သော်လည်း… ကိုယ် မြတ်နိုး အထင်ကြီးမိခဲ့ရာ ထိုဆုသည် ရွေးချယ် ရေးအဖွဲ့မှ ယခု စာကလေးကြော်၊ ယခု ဆီထမင်းပါ လုပ်တတ်သည်ကို သိလာ ရသည့်အခါ၊ ငါနဲ့မခေါ် ငါ့အရုပ် ပြန် ပေးဆိုသည့် ကလေးများ ကစားသလို လုပ်တတ်ပါလားဟု သိလာရသည့် အခါ၊ ဆုဆိုသည်မှာ ကြောက်စရာ လည်း ကောင်းတတ်ပါလားဟု အတွေး ဝင်ရပြန်သည်။

ထိုမှတစ်ဆင့် ကိုယ့်အတွေးတို့ သည် မာရသွန် အပြေးပြိုင်ပွဲမှ ဆုများ ဆီ ရောက်သွားရသည်။ မြင်သာထင် သာရှိလှသည့် ပြိုင်ပွဲအမျိုးအစား ဖြစ်သည်ဟု ထင်မိသည်။ ပန်းဝင်သည့် စံချိန်ကို နာရီ၊ မိနစ်၊ စက္ကန့်တို့ဖြင့် ဆုံးဖြတ်ကြသည်။ ပထမနှင့် ဒုတိယ ပန်းဝင်သူတို့၏ စံချိန်သည် စက္ကန့် အနည်းငယ်သာ ကွာတတ်ကြသည်။ နှာတစ်ဖျားသာ ပန်းဝင်သည် ဆိုသည့် စကားလုံးကို မာရသွန်ပြိုင်ပွဲများတွင် အများဆုံး ကြားရတတ်သည်။ ထိုဆု



www.burmeseclassic.com

www.burmeseclassic.com

ကျတော့လည်း ကိုယ့်ပြိုင်ဘက် အရည်အချင်းရှိလေ ကိုယ်ရရှိသည့် ဆု ဂုဏ်တက်လေပါလားဟု တွေးမိသွားသည်။ အကယ်၍သာ ကိုယ့်ပြိုင်ဘက်သည် ပန်းဝင်ခါနီးမှ မတော်တဆ ခြေခေါက်လဲသွားသဖြင့် ကိုယ်က ပထမဆု ရရှိခဲ့ပါလျှင် "ဟိုလူ ခြေခေါက်လဲလို့ ပထမဆု ရတာပါကွာ" ဟု ပွဲကြည့်ပရိသတ်တို့ ဆိုကြပေလိမ့်မည်။

ထို့ထက်ပိုတွေးရလျှင် ကိုယ့်ပြိုင်ဘက်သည် ခြေတစ်ဖက်ဆာနေသူ သို့တည်းမဟုတ် ခြေမသန်သူ ဖြစ်နေပါမူ အားနည်းသူနှင့် ယှဉ်ပြိုင်ပြေးပြီး ရလာမည့်ဆုသည် တန်ဖိုးကျသလို ဖြစ်နေတော့မည်။ အတွေးနိမ့်နိမ့် ဆက်တွေးရလျှင် ပန်းဝင်ခါနီးတွင် ကိုယ့်ပြိုင်ဘက်အား သူ့ထက် ခြေတစ်လှမ်းပိုလိုစိတ်ဖြင့် မသိမသာ ခြေထိုးမိပါလျှင် ရရှိလာမည့် ဆုသည် အကျည်းတန်လေမလား။ ထိုဆုမျိုးအတွက်တော့ ကိုယ့်ယှဉ်ပြိုင်ဘက် အရည်အချင်းများများ ရှိပါစေကြောင်း ဆုတောင်းပေးရမလို ဖြစ်နေပြီ။ ထိုသို့ တွေးမိတော့လည်း ဆုဆိုသည်မှာ စိတ်ချမ်းသာစရာကောင်းလေစွ။

ဝါသနာပါရာ နယ်ပယ်နှင့် အသက်မွေးမှု စီးပွားတို့ကြား ကျင်လည်နေမိသည့် ကိုယ်သည် ဆုများနှင့် ခပ်ဝေးဝေးတွင် ရှိနေခဲ့သည်။ နေပျော်သည့် ဘဝတစ်ခုကို ပိုင်ဆိုင်ထားသည်ဟု ရောင့်ရဲစိတ်ဖြင့် တွေးကြည့်တော့ ကျေနပ်စရာ အတိ။ အနည်ထိုင်နေသည့် ကိုယ့်ဘဝထဲကို ဆုဆိုသည့် အရာသည် မထင်မှတ်ဘဲ တစ်ကျော့ပြန်ဝင်လာသည်။ မျှော်မှန်းဖူးခဲ့သော်လည်း မျှော်လင့်ခဲ့သည်တော့ မဟုတ်။ ဝင်ရောက် ယှဉ်ပြိုင်ခြင်းမျိုးလည်း မဟုတ်သလို၊ ကိုယ့်ပြိုင်ဘက်ဆိုသည်လည်း မရှိ။ဘာကိုမှ ကြိုတင် ကြံစည်ထားခြင်းမရှိသဖြင့် သက်သောင့်သက်သာ ငြိမ်းချမ်းစွာ။ ကိုယ့်လက်ထဲ ဆုဆိုသည်ကို လက်ဝယ်ပိုင်ဆိုင်လိုက်ချိန်တွင် ကိုယ့်အနီးအပါးမှ သူအချို့မျက်ရည်ကျနေကြသည်။ ငိုနေကြခြင်း မဟုတ်၊ ငြူစူစောင်းမြောင်းခြင်းမဟုတ်၊ လက်ခုပ်တီးရင်းကျသည့် မုဒိတာ မျက်ရည်။

ကိုယ်ရသည့်ဆုကို သူတို့ကိုယ်တိုင် ရလိုက်သကဲ့သို့ ပြေးဖက်နှုတ်ဆက်ကြသည်။ အပေါ်ယံ လူမြင်ကောင်းသည့် ဂုဏ်ပြုခြင်းမျိုး မဟုတ်သည့် လှိုက်လှဲဝမ်းသာ မုဒိတာ အပြုအမူများ။ ပြိုင်ဘက်ဟု မဆိုသာသော်လည်း ထိုထိုသော ဆုများသည် သူတို့ကိုယ်တိုင်လည်း ရနိုင်သည့်၊ ရခွင့်ရှိသည့် အခြေအနေ ဖြစ်သည်။ ဆုရသည့်သူများသည် တော်ကောင်းတော်သည် မှန်နိုင်သော်လည်း၊ ဆုနှင့်လွဲခဲ့သူများသည် မတော်ကြ၍ မဟုတ်ပြန်ပါ။ ဟိုးယခင် ရခဲ့ဖူးသည့် ဆုများလို ဆုရပြီးသွားလျှင် ချစ်ခြင်းမေတ္တာတို့ လျော့ပါးမသွားဘဲ ပိုတိုးခိုင်မာ ချည်နှောင်လာကြသည်။ သူတို့ကြားတွင် ဆုသည် တန်ဖိုးမြင့်မား အလေးထားစရာဖြစ်နေသော်လည်း လုယူစရာဖြစ်မနေခြင်းကြောင့် ဖြစ်ပါလိမ့်မည်။

ယခု ကိုယ်ပိုင်ဆိုင်ထားရသည့် ဆုသည် နှစ်များ ကြာမြင့်လာသော်လည်း အခန်းထောင့်တွင် ဖုန်တက်နေမည့် အောင်မြင်မှုတစ်ခုတည်းအတွက် ဆုမျိုး မဟုတ်။

ဆုပေး အလှည့်ပြီးသွားလျှင် ဒဏ်ပေးလာမည့် ဝန်ထမ်းဘဝက ဆုမျိုး မဟုတ်။

အမြင်မတူ၊ အတွေးမတူ၊ ရပ်တည်ချက် မတူရုံမျှနှင့် ပြန်လည် ရုပ်သိမ်းသွားမည့် နိုဘယ်လ်ဆုလို ဆုမျိုးလည်း မဟုတ်။

ခြေတစ်လှမ်းပိုဖို့ ခြေထိုးစရာမလိုသည့် စံချိန်ချိုး မာရသွန်လို ဆုမျိုး မဟုတ်။

မြတ်နိုး တန်ဖိုးထားရာတစ်ခု အဖြစ်သာ ခံစားလိုက်ရသည့်အခါ ဆုများအကြောင်း ငြီကာချဲ့လိုစိတ် မရှိတော့။ ■

ခင်သန္တာ

ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၈၃၉၈၂၂၀



www.burmeseclassic.com

www.burmeseclassic.com

**မိုး**

မိုးမှ မလင်းသေး မိုးက အုန်းအုန်းခြိမ့်ခြိမ့် ရွာနေရဲ့။ ဒီနေ့က ပိတ်ရက်ဆိုတော့ တော်သေးတာပေါ့။ ကွေးလက်စနဲ့ ဆက်ကွေးနေဦးမှပဲလို့ တွေးလိုက်တယ်။ မီးကလည်း ပျက်နေတော့ အိပ်ရာထပြီး ဘာလုပ်နိုင်မှာမို့လို့လဲ။ ကဲ…ကွာ ဆက်အိပ်ပေါ့။

…။

အင်း အသက်ရလာတော့ နိုးပြီးရင် ပြန်အိပ်ရတာ တယ်မလွယ်ဘူးပဲ။ စိတ်ကသာ နှပ်ချင်နေသေးတာ။ လူက ကျောပူချင်သလိုလိုနဲ့။ ဘာပဲဖြစ်ဖြစ် အိပ်ရာထ၊ မျက်နှာသစ်လောက်တော့ လုပ်မှပါလေ။






www.burmeseclassic.com

www.burmeseclassic.com

. . . .။

မီးကတော့ ပြန်လာပြီ။ ခက်တာက မိုးက ဇွေတုန်းပဲ။ အပြင်ထွက်ဖို့ တယ်မကောင်းတဲ့ အနေအထား။ တကယ်တော့ မနက်စောစောစာအဖြစ် မုန့်ဟင်းခါးလေး၊ အသုပ်လေးစားပြီး ဆိုင်ဖျော်လက်ဖက်ရည်လေး သောက်မှ အထာကျတာကလား။ဒါပေမဲ့ မိုးက ညို့နေညံ့နေအောင် ရွာနေလေတော့ ရှိတာလေးပဲ လွေးတော့မယ်ဆိုပြီး ဆုံးဖြတ်တယ်။ အရေးမကြီးပါဘူး။ မိုးရွာရွာ နေပူပူ မနက်မိုးလင်းမှုအတိုင်း ဖေ့စ်ဘွခ်လေး ပွတ်ရင်း စားရင် သူများ တင်ထားတဲ့ စားစရာတွေကို ကြည့်ပြီး အာဟာရသိဒ္ဓိ ပြီးသလို တင်းတိမ် ပလိုက်ရုံပ။ ကိုင်း စားပွဲပေါ်မှာ

ထိုင်းက ကလေးတွေ
ပျောက်နေတုန်းကဆို
သိပ်ရှင်းတယ်။ သိပ်
အားရစရာ ကောင်းတယ်
တက်လာသမျှ သတင်း
ရှယ်တဲ့အခါတိုင်း
ကလေးချင်း ဘယ်လို
ကိုယ်ချင်းစာပြီး
ဘယ်လောက် စိတ်ထိခိုက်
ကြေကွဲရတယ်ဆိုတာ
အပြိုင်အဆိုင်
သောင်းသောင်းဖြဖြ
တင်နေကြတော့ . . .






www.burmeseclassic.com

www.burmeseclassic.com

ဘာရှိလဲ ကြည့်စမ်းမယ်။

ဟော ဒီမှာ ဟိုတလောက ကျုံ့ထော်နဲ့ ရွှေဥ္ဂန်းဘက်သွားရင်း ဝယ်လာတဲ့ လမုန့်ရှိတယ်။ 'လူမျိုး ဘာသာမရွေး စားသုံးနိုင်သော လူမိုက်ကြီး'တဲ့။ တယ်ဟုတ်ပါလား။ မိုးအေးအေးမှာ မာမားခေါက်ဆွဲပြုတ်လောက် သောက်ရရင် မဆိုးဘူးဆိုပေမဲ့ စားပွဲပေါ်မှာ မာမားက အခွံပဲ တွေ့ရတော့ အေးလေ လူမိုက်ကြီးကိုပဲ မှီဝဲရုံပ။ လူမိုက်ကြီး၊ လူမိုက်ကြီး၊ လူမိုက်ကြီး။ ဒီနာမည်ကို နှုတ်ကနေ တဖွဖွရွတ်ကြည့်တယ်။ အင်း လျှာစွဲမယ့် နာမည်မျိုးပဲ။ လူမိုက်ကြီးကို ဖောက်ပြီး တစ်ကိုက်ကိုက်လိုက်ရင်း လက်က အော်တိုပဲ ဖုန်းဆီ ရောက်သွားပြီး ဖေ့စ်ဘွတ်ခ်ကို ပွတ်လိုက်တယ်။ ဟိုက်။ 'ကြေးစားလူမိုက် စာတန်းပါတီရှပ်ကို ဝတ်ဆင်ထားတဲ့ ဆယ်ကျော်သက် အရွယ်လူငယ်လေးတွေ ဝါဆိုပြည့်နေ့မှာ ဆိုင်ကယ်ကိုယ်စီနဲ့ လှည့်လည်သွားလာရင်း ကြေးစားလူမိုက်စာတန်းကို လွှင့်ထူခဲ့'တဲ့။ လက်စသတ်တော့ လူမျိုး ဘာသာမရွေး ရေပန်းစားနေတာ 'လူမိုက်'ကိုး။ အဲ ဉာဏ်အလင်းပွင့်သွားသလိုဖြစ်ပြီး ပီတိပြုံး ပြုံးနေတဲ့ နှုတ်ခမ်းစွန်းမှာ ကပ်သပ်ကျန်နေသေးတဲ့ လူမိုက်ကြီး အမှုန်အမွှားလေးတွေကို လျှာနဲ့သပ်ယူပြီး ဂလုဆို မျိုချလိုက်ရတယ်။

ဖြစ်ချင်တော့ လူမိုက်ကြီးက (ခြောက်နေတဲ့အတွက်) လွယ်လွယ်နဲ့ မဆင်းဘဲ နင်သွားတယ်(လည်ချောင်းထဲကနေ ပြောတာပါ)။ ဒါနဲ့ပဲ လက်ထဲက ကြေးစားလူမိုက်တွေကို ခဏဘေးချပြီး ကော်ဖီဖျော်ဖို့ လုပ်ရတယ်။ တော်ပါသေးရဲ့။ စားပွဲပေါ်မှာ 'ဒီမိုကရေစီ'က အဆင်သင့် ရှိနေလို့။ လူမိုက်ကြီးလည်း ဒီမိုကရေစီလေးနဲ့ မွှောချတော့ အောက်ကို နည်းနည်းတော့ ဆင်းသွားလေရဲ့။ ကဲ ကဲ ကြေးစားလူမိုက်အကြောင်း ပို့စ်ကို ဝေါင်းရီအက်လေးတော့ ပေးဦးမှ။ အင်း ရှယ်လည်း ရှယ်လိုက်မှနဲ့ တူတယ်။ ကြည့်စမ်း၊ ဒါမျိုးဆိုတာ လူ

ckwmh
wuf/morÛ
'Dwifa wG
pdk/f½ypf&m
jzpf/v#m;
bmv#J
roykbl
oykf/ nf
aomifaomifzjz
Nyk&f qkd f
0rf;enf;ñuwm
rawGUGovkd
qkdwmh
rsu&f naf v;
wpfpuGsY
t½kyfav;ukyU
emem zbkJD
ukd frbm;qefvh
pdk/fuUpDukd
ywfbvpf
zGsf pfjyvkduf&w, f

များများ သိရမှာလေ။ ဟင် အဲဒီပို့စ် ဘယ်ရောက်သွားပါလိမ့်။ ပြန်ပွတ်လိုက်လို့ နယူးစ်ဖိဒ်အသစ် တက်သွားပြီ။ ဟင်း ငါ့ကြေးစားလူမိုက်လေး ဘယ်မှာလဲ။ ဟော ဒီမှာလား။ ဘာတဲ့။ ငြိမ်းချမ်းရေး လုပ်နေတာဟာ မိမိတို့မှာ အင်အားချည့်နဲ့နေလို့ မဟုတ်ဘူးဆိုပဲ။ အွန့်။ ဒီတစ်ခါ ကြေးစားလူမိုက်ကို ရှာမတွေ့လို့ အီလည်လည်ဖြစ်နေရာက ငြိမ်းချမ်းရေးချည့်နဲ့ ပို့စ်ကို ဘွားခနဲအတွေ့မှာ ပလုတ် ပလောင်းနဲ့ ငုံထားတဲ့ လူမိုက်ကြီးက အင့်ခနဲ လေပြွန်ကို ဆို့တော့တာပဲ။ အဟွပ် အဟွပ် အဟွပ်။ ကဲ ဒီမိုကရေစီကိုလည်း အာလုတ်ကြီးကြီးငုံပြီး ခွပ်ခနဲ မျိုမှ ဒီမှာဆို့နေတဲ့ လူမိုက်ကြီးက ဆင်းသွားမယ်ထင်ရဲ့။ ဒီတော့

ဒီမိုကရေစီဦးမှပါပဲ။

'တောက်၊ မိုးကလည်း ကောင်းမှကောင်း၊ လူမိုက်ကြီးကလည်း နင်မှနင်ပါလားဟ'။ ခပ်ကျယ်ကျယ်လေး ရွတ်လိုက်ရင်း လက်ကလည်း ဒီငြိမ်းချမ်းရေးချည့်နဲ့ ပို့စ်ကို ဘယ်လိုရီအက်ပေးရမလဲလို့ ရီအက်အရုပ်လေးတွေ ပေါ်လာအောင် လက်ညှိုးကို ညာယိမ်းပြီး ခပ်ဖွဖွ ဆွဲလိုက်တယ်။ မျက်ရည်လေး တစ်စက်နဲ့ အရုပ်လေးနား လက်ညှိုးကို ရပ်ပြီးဖိလိုက်ပေမဲ့ လက်ချော်ပြီး မျက်ထောင့်နီ ရုပ်လေးနဲ့ ညားသွားရော။ ဘယ်တတ်နိုင်မလဲ။ ထားလိုက်တော့။ ဒါရော ရှယ်လိုက်ရင် ကောင်းမလားလို့ စဉ်းစားရပြန်တယ်။ ရှယ်ရမှာပေါ့။ ဒါ တာဝန်ပဲ။ လူတွေ ဒီအကြောင်းတွေ သိသင့်တယ်လေ။ 'ငါကွ'။ ပြီးမှ ဒီမိုကရေစီလေး တစ်ငုံ ထပ်ငုံလိုက်တယ်။

ဟော ဘားအံတင်မက ရွှေဥ္ဂန်းလည်း ရေနစ်နေပြီတဲ့။ ဟား မလွယ်ပါလား။ အိုး ဖားကန့်မှာ မြေပြိုလို့ ရေမဆေးတွေ လူရာချီ ပျောက်ဆုံးနေတဲ့ သတင်းဟောင်းလည်း ပြန်ပေါ်လာတယ်။ အိန္ဒိယကလည်း လူလေးသန်းကို နိုင်ငံသားအဖြစ်က ပယ်ဖျက်လိုက်သတဲ့။ အိုး ရှုပ်လိုက်တာ။ ထိုင်းက ကလေးတွေ ပျောက်နေတုန်းကဆို သိပ်ရှင်းတယ်။ သိပ်အားရစရာ ကောင်းတယ်။ တက်လာသမျှ သတင်းရှယ်တဲ့အခါတိုင်း ကလေးချင်း ဘယ်လိုကိုယ်ချင်းစာပြီး ဘယ်လောက် စိတ်ထိခိုက်ကြေကွဲရတယ်ဆိုတာ အပြိုင်အဆိုင် သောင်းသောင်းဖြဖြ တင်နေကြတော့ ကိုယ့်ပို့စ်မှာသာ စိတ်မကောင်းကြောင်း ရေးနေရတာ တကယ်တော့ ပျော်စရာကြီးလိုကို ဖြစ်လို့။ ဖွဲ့နွဲ့ပြီး စာနာကြောင်း ရေးထားတဲ့ ပို့စ်တွေဆို ထပ်ရှယ်လို့ ကောင်းမှကောင်း၊ ကိုယ်ရေးတာထက် တောင် လိုက်ခ် ပိုရသေးတယ်လေ။ ခုတော့ တက်လာသမျှ ဒီသတင်းတွေက စိတ်ရှုပ်စရာ ဖြစ်လို့လား၊ ဘာလို့လဲ မသိပါဘူး။ သိပ်လည်း သောင်းသောင်းဖြဖြ ပြိုင်ဆိုင်ဝမ်းနည်းကြတာ



www.burmeseclassic.com

မတွေ့ရသလိုဆိုတော့ မျက်ရည်လေး တစ်စက်နဲ့ အရုပ်လေးကိုပဲ နာနာဖိပြီး ကိုယ့်လူသားဆန်တဲ့ စိတ်ကြီးကို ပတ်ဘလစ် ဖွင့်လှစ်ပြလိုက်ရတယ်။ ဒါပေမဲ့ ရေဘေးကယ်ဆယ်ရေး ဗျူဟာ၊ နည်းလမ်း၊ ရှောင်ရန်ဆောင်ရန်တွေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသေးစိတ်တွေ၊ ဖားကန့်မြေရဲ့ ပြဿနာအသေးစိတ်တွေ၊ အိန္ဒိယရဲ့ နိုင်ငံသားသတ်မှတ်ချက်နဲ့ လက်ရှိပြဿနာ၊ အဲဒီလိုပညာရပ်ဆန်တဲ့ ပို့စ်အရှည်ကြီးတွေကိုတော့ ခပ်သွက်သွက်ပဲ ကျော်လိုက်တော့တယ်။ တော်ပြီလေ။ ခုနလောက် သိပြီး ခုနလို ကိုယ်လူသားဆန်မှန်း ပြလိုက်ပြီးရင် လုံလောက်ပြီပဲ။ မှန်း လူမိုက်ကြီးတစ်ကိုက်လောက်တော့ လုပ်ဦးမှ။ ဝမ်းနည်းလေဝမ်းဟာလေကိုး။

ဟား အံ့ဖွယ်သရဲ ထူးကဲတဲ့ သတင်းပါလား။ လူသတ်မှုကို သက်သေ လူစုံမစစ်ခင်၊ မှုခင်းဆရာဝန် မှတ်ချက်မရှိဘဲ တရားလိုမိသားစုက ကျေအေးလို့ တရားခံတွေကို တရားဝင် ကွင်းလုံးကျွတ် လွှတ်လိုက်သတဲ့။ စွန့်ဦးတီထွင် မြန်ပြည်တစ်ခွင် အစီအစဉ်ကြော်ငြာများလား။ တရားခံ မိသားစုကလည်း လွှတ်မှာကို ကြိုသိနေသတဲ့။ သိမှာပေါ့ သိန်းတစ်သောင်းဆိုလား ရင်းထားတာဆိုပဲ။ မြန်မာ့တရားစီရင်ရေးစနစ်ဟာ အောချဖွယ် အဂတိစနစ်ကြီးလို့ ဆိုကြဆဲကြ တဝုန်းဝုန်းပါပဲ။ အာလားလား ကွင်းဆက်ပို့စ်တွေက တဖွားဖွားနဲ့ကို တက်လာလိုက်တာ။ အင်း အရေးထဲ ကြာကြာဝါးလို့လားမသိ လူမိုက်ကြီးကလည်း အီဆိမ့်လာလေရဲ့။ နောက်တစ်ခွက် ဖျော်ရင်တော့ ဒီမိုကရေစီခါးခါးလေးမှ တော်မယ်လို့ တွေးလိုက်တယ်။ တတင်တင် တတောင်တောင်နဲ့ တက်လာသမျှ ဒီအကြောင်းတွေကိုလည်း အန်းဂရီးတန်တာ အန်းဂရီး၊ ဆက်ဒ်တန်တာဆက်ဒ်၊ ဝေါင်းတန်တာ ဝေါင်းလိုက်တာပါပဲ။ ကိုယ်က လက်ညှိုးလေးလောက် အားစိုက်ရတာလေ။ ဒီလောက် သိရတာ နည်းမှတ်လို့။

[ m;
t hG f b&J
x j u y v h
owi f y g v m;
vbwf Luk b u a o
vpk p p C i f
r C i f q &m 0 ef
r S v C s u f & b J
w&m;v k
rdm;p ku
au S a t ;v M
w&m;c a h w G k
w&m;0 i f
uG v j k u R w f
v T wf v k u b wh
peP D v k G f
jref y n f v p C G f
t p D p 0 f
aNu m j f m r S m ; v m ;

အနည်းဆုံးတော့ စောစော ရှယ်နိုင်ရင် ကိုယ့်ဝေါလ် လူစည်တာပေါ့။ ကိုယ့်ကိုယ်ကို နေရာကျနေပြီလို့ တွေးရင်း ဒီမိုကရေစီခါးခါးလေးကို ငုံလိုက်လေရဲ့။

❑

**ဆောင်း**

သီတင်းကျွတ်ပြီးတာဖြင့် ကြာကြာလှပြီ မိုးက တယ်မပြတ်ချင်သေးဘူးပဲ။ မီးကလည်း ပျက်နေတော့ အိပ်ရာထပြီး ဘာလုပ်နိုင်မှာမို့လို့လဲ။ ကဲ…ကွာ ဆက်အိပ်ပေါ့။

….။

အင်း အသက်ရလာတော့ နိုးပြီးရင် ပြန်အိပ်ရတာ တယ်မလွယ်ဘူးပဲ။ စိတ်ကသာ နှပ်ချင်နေသေးတာ၊ လူက ကျောပူချင်သလိုလိုနဲ့။ ဘာပဲဖြစ်ဖြစ် အိပ်ရာထ၊ မျက်နှာသစ်လောက်တော့ လုပ်မှပါလေ။

….။

မီးကတော့ ပြန်လာပြီ။ ခက်တာက ပျင်းနေသေးတာပဲ။ ရှမ်းခေါက်ဆွဲလေး သွားစားရကောင်းမလား။ ကဲပါလေ အစဉ်အလာမပျက် မင်္ဂလာမနက်မှာ ဘာတွေ ထူးလဲဆိုတာကိုပဲ အရင်ချောင်းကြည့်ဦးမှပါ။

ဟား… ထိပ်သီးဆွေးနွေးပွဲ ဆိုပါလား။ လိုက်ခ်ထားဦးမှပါ။ ဩော်… ထိပ်သီးကို ထိပ်တက်ပြီး အဲလေ… ပုပ္ပားတောင်ထိပ်တက်ပြီး လုပ်တော့ မလိုလိုနဲ့ နောက်ဆုံးတော့ နေပြည်တော်မှာပဲ ကျင်းပသတဲ့။ လိုက်ခ်ကွာ၊ ချ။ ရှယ်မှ ရှယ်မှ၊ ဒါမျိုးဆိုတာ လူသိရမယ်။ ဟာ ဒီလိုမဟုတ်ဘူးတဲ့။ အဲ… ထိပ်…ထိပ်သီးဆွေးနွေးပွဲဆိုပြီး ထိပ်ထားနဲ့ သေနာပတိတို့က သူလည်း သူပြောချင်ရာပြော၊ ကိုယ်လည်း ကိုယ်ပြောချင်ရာပြောကြတာတဲ့။ ဟား ဖောက်လက်စ "လူမိုက်ကြီး"အထုပ်လေးထဲ ရောက်နေတဲ့ လက်လေးတောင် တွန့်သွားလေရဲ့။ အင်း ဒါ ဂျင်းသတင်းလား မသိ။ ဒီသတင်းမျိုး သွားရှယ်ပြီး မဟုတ်ရင် အရှက်ကွဲရချည့်ရဲ့။ သတိ၊ သတိ၊ သတိ။ ကိုယ့်ကိုယ်ကို သတိပေးရသေးတယ်။ ခေတ်က ဂျင်းပေါ၊ ငပိန်းပေါနဲ့ ကိုယ်လည်း ကြားချောင် ပေါသွားဦးမယ်။ လက်ကို ဘယ်ညာ မယိမ်းမိအောင် ဘရိတ်အုပ်လိုက်ရတာပ။

ဟို ဆရာကြီး ဦးဝင်းတင်ရဲ့ ဝေါဟာရလေးကိုတောင် သတိရသား။ ဘာတဲ့။ "ထိပ်ထားနဲ့သေနာ"ဆိုပဲ။ အဲ အဲ့… အဲဒီလိုမျိုး ဒီပွဲကြောင့် အပယ်ခံ ဝေါဟာရတချို့တောင် ပြန်ခေတ်ထ, သွားသတဲ့။ ဘာတဲ့။ သောင်းကျန်းသူ၊ အကြမ်းဖက်၊ သူပုန်။ သေနာပတိရဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဦးတည်တဲ့ ဝေါဟာရတွေဆိုပဲ။ အို… မင်း ခုတော့ ဘာတတ်နိုင်သေးလဲ။ အန်းဂရီး ရမလား၊ ဆက်ဒ်ရမလား၊



www.burmeseclassic.com

www.burmeseclassic.com

ဘာလား ညာလား၊ ညာလား ညာလား။ ဟား မသဲကွဲတော့ပါတကား။ ဒီပို့စ်တော့ ကျော်ခွခဲ့မှ တော်ကာကျမှာပ။

ဟား··· ဒီလက်ဝါးဖန်သားပြင်လေးကလည်း စွဲပြီဆိုမှ ခုနက ရှမ်းခေါက်ဆွဲ သွားစားရကောင်းမလားလို့ စိတ်ကူးထားတာလေး ပျောက်သွားတော့တာပဲ။ ရေနွေးလေးတော့ တည်မှပါလေ။ နို့မို့ဆို ဒီမိုကရေစီ မပျော်ခဲ့တွေက ပါးချောင်ကပ်လှတယ်။ အင်း··· လူမျိုး ဘာသာမရွေး အကြိုက်တွေ့တဲ့ ‘လူမိုက်ကြီး’ ကိုလည်း ရွှေဥ္ဇန်းကနေ မှာထားခဲ့တာ စတော့ခ်အလုံအလောက် ရှိနေပြီဆိုတော့ နေပါစေလေ။ အပြင်ထွက်မနေတော့ဘဲ ထုံးစံအတိုင်း ဖေ့စ်ဘွခ်လေးရယ်၊ လူမိုက်ကြီးနဲ့ ဒီမိုကရေစီရယ်ဆို ဝမ်းစာလေးအတွက် လန်းဖြာအေးပါတယ်လေ။

ကိုင်း···အာခေါင်တွေ ခြောက်လှချည့်။ ကယ်ပါဦး ဒီမိုကရေစီရယ်။ ဖူး···။ ခွကျလိုက်တာ။ ခုနက အိပ်ချင်မူးတူးနဲ့ မနေ့က လက်ကျန် ရေနွေးတွေပဲရှိတဲ့ ဓာတ်ဘူးထဲက ရေနွေးအေးအေးကြီးကိုမှ ဒီမိုကရေစီနဲ့ ရောဖျော်မိလျက်သား ဖြစ်သွားတယ်။ ရေနွေးအေးကြီးထဲမှာ ဒီမိုကရေစီတွေက ကောင်းကောင်း မပျော်ဝင်လေတော့ သေသေချာချာ မကြည့်ဘဲ သောက်မိလိုက်တာခုတော့ ဒီမိုကရေစီစလုံးစခုက ပါးချောင်မှာ ကပ်လို့၊ ရေနွေး အေးကြီးကလည်း ခွက်တစ်ဝက်သာ ကုန်ရော အဲဒီပါးချောင်က ဒီမိုကရေစီမပျော်ခဲကိုလည်ချောင်းထဲ အပါမခေါ်နိုင်ရှာဘူးလေ။ လုပ်ပဟ။ တယ်မနိပ်တဲ့ မနက်စာ ‘ထိပ်ထားနဲ့သေနာ’ ပါကလား။ အဲလေ ‘လူမိုက်ကြီးနဲ့ ဒီမိုကရေစီ’ ပါလား။

အင်း ထားတော့ ထားတော့။ သူသူကိုယ်ကိုယ် တင်ချင်ရာ တင်ထားတာတွေကို ကျော်ပြီး မိန်းစထရင်း မီဒီယာကြီးတွေဆီ လက်ဦးလှည့် ဦးမှပါပဲ။ ဟား မိုက်သကွာ။ သမ္မတကြီးက မီဒီယာကို တန်းပြီး တရားစွဲတာ မလုပ်ဖို့ ညွှန်ကြားသတဲ့။ လိုက်ခ်၊ လိုက်ခ်၊ လိုက်ခ်။ ဟင် ဒီမှာတော့ မီဒီယာတွေ ရပ်တည်နိုင်အောင် ကြော်ငြာရှာပေးမယ်ဆိုပဲ။ အဟွပ် အဟွပ်။ အရေးထဲ လူမိုက်ကြီးက နင်ပြန်ပဟ။ လာစမ်းကွဲ့ အေးတိအေးစက် ဒီမိုကရေစီလေး။ ဟိုတလောလေးကမှ ‘အယ်ဒီတာက ဘယ်လောက်လွတ်လပ်ခွင့် ရှိပါသလဲ၊ အယ်ဒီတာက ထုတ်လုပ်သူရဲ့ သဘောကို လွန်ဆန်နိုင်သလား၊ ထုတ်လုပ်သူကရော ငွေကြေးပံ့ပိုးတဲ့ ကြော်ငြာရှင်ကို လွန်ဆန်နိုင်သလား’ ဆိုပြီး တယ်စိုတဲ့ (တယ်ဆိုတဲ့ဟု ပြင်မဖတ်ရ) စာသားတွေ ကြားမိခဲ့သေးတယ်လေ။ သြော် ဟုတ်သားပဲ။ ဇာတ်ပေါင်းသော် ဘုရားလောင်းကား···၊ ဒေဝဒတ်လောင်းကား··· ဆိုတာမျိုး ထင်ရှားပြလာတာ ထင်ပါရဲ့။ အာဏာတကာ့ အာဏာများထဲတွင် ကြော်ငြာထည့်စေဟူသော အာဏာမျိုးလည်း ရှိသဟ။ ‘အာဏာပြင်းလွန်းတဲ့ အမိန့်၊ မလွန်ဆန်နိုင်ဘူး’ ဆိုတဲ့ သီချင်းဟောင်းလေးတောင် သတိရသွားမိတယ်။ ဟ ဟ ဟ။ ကောင်းလျှော့တေး၊ ကောင်းလျှော့တေး။ ဥပ်။ ခုလိုတော့လည်း ဒီမိုကရေစီလေးက အတော်အိုကေသား။ နင်နေတဲ့ လူမိုက်ကြီးက ခုမှပဲ လည်ချောင်းထဲ တလိမ့်ခေါက်ကွေး ဆင်းသွားလေရဲ့။ ကိုင်း လာလေရော့။ ရှယ်သကွယ်။ လူများများ ရယ်နိုင်ရင် အင်တာနက်ကုသိုလ်လို့ ခေါ်နိုင်သပေါ့ကွယ်။

ဟင်···ဘာတဲ့။ စာပေမစ်လစ်တရီခရိုနီဂိုဏ်းမဟာကြီးက ဆင်မင်းကို အမျိုးသားပြန် လည် သင့် မြတ်ရေးကန်တော့ပန်း ဆင်မြန်းခိုင်းနိုင်အောင် သောနုတ္တိုရ်ကို ကလောင်ရှင် လူအိုကြီး ဖန်ရည်ဆိုးပေးလိုက်သတဲ့။ အွပ်။ လူမိုက်ကြီးကတော့ လေပြွန်ကို ဆို့ပဟ။ သေပဟဲ့ နန္ဒိယ။ ခဏနေပါဦး။ ဒီလောက်အခြေအနေဆိုးရင် ဒီမိုကရေစီလောက်နဲ့ မျှောချလို့ မဖြစ်ဘူး ထင်တာပဲ။ အယ်လဲ့··· စဆရကလက်ဟောင်းကြီးကလည်း ဆရာကြီးဟာ ဆရာကြီးပါဆိုတဲ့ သီချင်းလေးညည်းပြီး လက်မည်းကြီးမှာ သက်ရှိထင်ရှားရှိသေးကြောင်း၊ လက်ထောက်များကို ဆက်လက်နေရာချ စေခိုင်းနေသေးကြောင်း ဝန်ခံကာ သက်သေခံလက်မောင်းအိုး တန်းပြနေပြန်ပဟ။ ဒီကြားထဲ အနိုင်အရှုံးတွေ မတွက်ကြပါနဲ့ဆိုပြီး ကြားက လိုလိုနဲ့ အနိုင်ဝင်ပိုင်းချင်တဲ့သူက ဝင်လာသေး။ ဒါနဲ့များတောင် စာပေသမား ဆိုသူများကလည်း စာပေလူမိုက်ကြီးဂိုဏ်း အဲလေ··· စာပေမစ်လစ်တရီ ခရိုနီဂိုဏ်းမဟာကြီးကို မစွန့်နိုင် မဆန့် ကျင်ရက်နဲ့ ဘယ်တစ်နေ့ ကောင်းနိုး၊ ညာတစ်နေ့ ပြောင်းနိုးမျှော်ကြသေးတာ ကလား။ အင်း ဒါကြောင့် လူမျိုး ဘာသာမရွေး မျိုးဆက်မရွေး ခေတ်စားနေတာ ‘လူမိုက်ကြီး’ လို့ ပြောတာပါဆို။ ဒီသတင်းမျိုးကတော့ ရှယ်ပေးနေရင် နဂိုကမှ လူကြားသူကြား မီးရောင်ကြားမှာ ထင်ရှားနေချင်သူတွေအတွက် သည်းခြေကြိုက် ဖြစ်နေပါဦးမယ်။ ထားလိုက်တော့၊ နားလိုက်တော့ကွယ်။ ဟဟတောင် မရဘူးမှတ်။ ဒီသတင်းကို ဘယ်လိုပဲရေးရေး၊ ဘယ်ဘက်ကပဲရေးရေး အန်းဂရီးလေးပဲ ပေးရုံပ။

ဟူး မောလိုက်တာ။ ပြောစရာစကားလုံးတွေက လည်ချောင်းမှာ နင်ပြီး ဆွံ့နေပြီဆိုတော့ အဆင်မပြေကာမှ နေရော ဒီမိုကရေစီလေးပဲ မှိဝဲရုံပ။ ဒီလိုနဲ့ ငါ့မနက်စာတွေကိုလည်း ‘လူမိုက်ကြီးနဲ့ ဒီမိုကရေစီ’ ကပဲ လွှမ်းမိုးသွားပြန်ပေါ့။

❑

**နွေ**

လက်ထဲတွင် ဖုန်းတစ်လုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လူတစ်ယောက်၏ အသက်မဲ့ ခန္ဓာကိုယ်အား အိမ်တစ်အိမ်၏ ထမင်းစားခန်းစားပွဲအနီးတွင် တွေ့ကြရသည်။ ထိုအနီးပတ်ဝန်းကျင်တွင် ‘လူမိုက်ကြီး’ နှင့် ‘ဒီမိုကရေစီ’ အခွံ အများအပြားမှအပ မည်သည့် လူကို သေစေနိုင်သော အရာဝတ္ထုကိုမျှ မတွေ့ကြရချေ။ ။ ■

**မသီတာ၊စမ်းချောင်း၊**



www.burmeseclassic.com

www.burmeseclassic.com

# ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



ခြေချိတ်ထိုင်လျှင် လေးမောင် မကြိုက်။
အထူးသဖြင့် လူလတ်ပိုင်းတွေကြားထဲမှာ
လူငယ်လေးတစ်ယောက်က
မခန့်လေးစား အမူအရာလုပ်လျှင်
လေးမောင် လုံးဝ
လက်မခံနိုင်။ ထပ်တင်ထားသည့်
ခြေထောက်ကို သူရလေးက အသာ
ပြန်ချသွားသည်။ ထို့နောက်
ခပ်သွက်သွက် ရေနွေးလိုက်ဖြည့်၏။
လေးမောင် လိုက်ကြည့်နေမည်ကို
အတပ်သိနေသည့်အလား လှည့်မကြည့်ဘဲ
စကားတစ်ခွန်း ပြော၏။
'သွေးကျပြီး ခြေထောက်တွေ
ဖောင်းနေလို့ပါ ကိုကြီးရာ'
ပြောလက်စ စကားဝိုင်းကလေး
ခဏရပ်သွားရာမှ ပြန်လည်
အသက်ဝင်လာပြန်သည်။
'သူရလေး၊ မင်းရဲ့ အဘိဓမ္မာကို
ဆက်စမ်းပါဦး။ ဘာတဲ့၊
မိန်းမတစ်ယောက်ကို တကယ်ချစ်ရင်
ရအောင် ယူနိုင်ရမယ်ဆိုတာလေ'
ချစ်ထွန်းက အစထောင်သည်။
ကောင်းမြတ်က လှစ်ခနဲ ပြုံးသည်။
သူရလေးက ရယ်ကျဲကျဲနှင့်
စကားဆက်သည်။
'အာ…အစ်ကိုကလည်း ညီပြောတာက



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တကယ်ချစ်တဲ့ မိန်းကလေး တစ်ယောက်ကို ကိုယ့်ထက် ဘယ်သူက ပိုချစ်နိုင်မှာလဲ။ ပိုကောင်းအောင် ထားနိုင်မှာလဲ။ ဒီသဘောကို ပြောတာပါ။ ရအောင် လိုက်နိုင်၊ မလိုက်နိုင် ဆိုတာက တော့ အရည်အချင်းလည်း လိုသေးတာပေါ့'

လေးမောင်ကို ခပ်သာသာ ပြန်နှက်သည်။ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ လေးမောင် ဘာမျှမပြောချင်။ အားလုံး တစ်ခန်းရပ်ခဲ့ပြီမဟုတ်လား။ ခင်မင်စိတ်နှင့် လာရောက် စကားဝိုင်းဖွဲ့လေ့ရှိသည့် ဒီအသိုက်အဝန်းလေး မရှိလျှင် စကားပြောဖော်ပင် ရှိမည်မထင်။ ဝယ်သူတွေ အပေါ် ဖော်ရွေမိပေမဲ့ လုရင်းတွေကို လိုမှသာ စကားပြောလေ့ရှိသည်။ မိတ်ဆွေတွေ လိုအပ်တိုင်းလည်း ကူညီခဲ့သည်။ 'ဆိုခဲ့စေ မြဲစေ'ဘဝကို ကျေနပ်လက်ခံထားသည်မှာ ကြာလှပါပြီကော။ တစ်ယောက်တည်းကို အချိန်တိုင်း ချစ်နေရသည်မှာ ပင်ပန်းလှသည့်ကိစ္စကြီးမှ မဟုတ်တာလေ။

vbqkdvm
b, ft &Gf
a&muf&muf
uav;pdwf
rukefygbJAsm
cspf&mawG&if
cspfMuyJ
&nfpm;pum;
ajymr, fbupfcsdK
cspf&m
aumif;wmav;
wpfckuk
t&if
ay;vdkuf;wmh
obdwfbdwfS
MunEl
aueyfbdwfwmayh

လေးမောင်ကို ကျေနပ်လောက်အောင် စ,နောက်ပြီးနောက် စကားဝိုင်းသိမ်းကာ ပြန်သွားကြသည်။ သူရလေးက ငယ်သူငယ်ချင်း ကောင်းမြတ်၏ ညီအငယ်ဆုံး။ အသက်ဆယ်နှစ်နီးပါး ကွာသည့်တိုင် ကလေးဘဝကတည်းက လက်ဖက်ရည်ဆိုင်ကို ကောင်းမြတ်နှင့် ပါလာတတ်သည်။ မျိုးဆက်တွေ တိုးတက်လာသည်ကြောင့် ပေလားမသိ၊ ပါးရည်နပ်ရည်ရှိလှသည်။ အရိပ်ပြစရာ မလိုဘဲ အကောင်အထည်တွေးနိုင်သည့် ကလေးတစ်ယောက်။ ကောင်းမြတ်တစ်ယောက် လက်လျှော့ရသည့် မေသူ့ထံမှ ပြန်စာရအောင် တောင်းနိုင်ပုံမှာ လက်ဖျားခါလောက်သည်။ 'ရသပစ္စည်း' တစ်ခုကို အသုံးချသွားပုံမှာ ယဉ်လွန်းလှပါ၏။ တက္ကသိုလ်ဘုန်းနိုင် ရေးသမျှ ဒိုင်ခံဝယ်စုသူက ချစ်ထွန်း။ 'ပိတောက်ပွင့်ဆဲ လသာဆဲ' ထွက်လာစက အငှားဆိုင်တွေမှာ လက်မလည်။ အဲဒီ အခွင့်အရေးကို သူရလေးက အသုံးချသည်။ 'ပိတောက်ပွင့်ဆဲ' ပထမပိုင်း စာအုပ်ကြားထဲမှာ ရည်းစားစာ ညှပ်၍ မေသူ့ထံ ရောက်အောင် ပို့သည်။ ကောင်းမြတ်ကိုယ်စား လှုပ်ရှားပေးခြင်းသာ။ နောက်တစ်ရက်မှာ လူကြုံနှင့် စာအုပ်ပြန် ရောက်လာသည်။ ကောင်းမြတ်အတွက်လည်း ပြန်စာတစ်စောင် ညှပ်လျက်သား။ ပြန်စာက ရိုးရိုးလေးသာ။ 'ပိတောက်ပွင့်ဆဲ လသာဆဲ ဒုတိယပိုင်းထပ်ပေးပါဦး'တဲ့။ မေသူ မျက်စောင်းလှည့်ထိုးသည်ကိုပင် မခံရဖူးသည့် ကောင်းမြတ် တစ်ယောက် လက်ဖက်ရည် ချောင်းစီး မောင်းတီးလှူတော့၏။ ဒီစာတိုတိုလေးကို ကြွား၍ မဆုံးနိုင်။ ညီဖြစ်သူကိုလည်း ကလပ်ပေါ်တင်တော့မည်လား မှတ်ရပါသည်။ မေသူနှင့် ကောင်းမြတ်တို့ နဖူးစာ ရွာလည်အောင် စောင်မ,သည့် 'သတ္တဘာဂနတ်'မှာ သူရလေးသာ။ ကျောင်းစာလည်း အထိုက်အလျောက် တော်ပုံရပါသည်။ သည်ကလေး ဆယ်တန်းအောင်တော့ ပြည်မှာ ဂျီတီစီတက်ခွင့်ရ၏။ အခါအားလျော်စွာလည်း လေးမောင်၏ လူပျိုကြီးဘဝကို ဒီညီအစ်ကိုနှစ်ဦးက စ,ချင်နောက်ချင်သည်။ ဆီးချိုရောဂါသည်တစ်ဦးလို ဖြစ်နေပါပြီကော။ အနာဟောင်းလေးတစ်ခုသည် ဘာလိုလိုနှင့် ပျောက်ခဲ့လွန်းပါ၏။

တစ်ပတ်လောက်ကြာသည်အထိ ဟိုအုပ်စုတွေ ပေါ်မလာ။ မလာတော့လည်း မျှော်ရသည်။ ပေါ်လာပြန်တော့ ချစ်ထွန်းနှင့် ကောင်းမြတ် မပါ။ သူရလေး ရောက်လာပြီး ဆိုင်အတွင်းက ဟိုစားပွဲဝိုင်း၊ ဒီစားပွဲဝိုင်း လိုက်ကြည့်နေသည်။ လုပ်ချင်ရာ လုပ်နေကျမို့ မမေးမိ။ မကြာမီ ရစ်သီရစ်သီနှင့် လေးမောင် အနီးသို့ ရောက်လာ၏။

'ကိုကြီး၊ သွားကြားထိုးတံ ဝယ်ထားတာ ရှိသေးလား'

'ဆိုင်မှာ သုံးဖို့တော့ ဆောင်ထားရတာပေါ့ ကွ၊ မင်း ဘာတွေ ကြံပြန်ပြီလဲ'

'ညီ့ကို သွားကြားထိုးတံ နည်းနည်းလောက်ပေးပါလား၊ ညီလိုချင်တဲ့ သွားကြားထိုးတံက ဒီလို လုံးလုံးချောချောလေးတွေ'

သူရလေးက လက်ထဲမှာ တရုတ်ဖြစ်သွားကြားထိုးတံကိုကိုင်ရင်း ပြန်ဖြေသည်။

'အောင်မယ်၊ တခြားဆိုင်တွေနဲ့ မတူအောင်လို့ ဒီလိုအကောင်းစားကို သတ်သတ်မှာပြီး တင်ထားတာ၊ မင်းလုပ်မယ့်ကိစ္စကို မပြောရင် မပေးနိုင်ဘူး'

'သွားကြားထိုးတံတွေနဲ့ အိမ်ကလေးတစ်လုံး ဆောက်ချင်လို့၊ စူပါဂလူးနဲ့ ကပ်ပြီး ဆောက်လိုရတယ်'

'ကျောင်းမှာ ပုံစံငယ် လုပ်ဖို့လား'

သူရလေးက ချက်ချင်း ပြန်မဖြေ။ ခပ်ဆိုင်းဆိုင်းလုပ်ပြီးမှ-

'ဟုတ်ကဲ့ လို့ ပြောရင် ကိစ္စပြတ်မှန်းတော့ သိတယ်။ ဒါပေမဲ့ ကိုကြီးကို မလိမ်ချင်ဘူး။ ညီ အိမ်လေးဆောက်



www.burmeseclassic.com

www.burmeseclassic.com

ပြီးရင် ကျောင်းက ကောင်မလေးတစ်ယောက်ကို ပေးမလို့၊ သူက ပထမနှစ်ပဲ ရှိသေးတယ်'

သူရလေးက မညာတတ်။ ငယ်ငယ်ကတည်းက ပျိုးထောင်ထားသည့် ချစ်စရာအကျင့်လေးမှာ ခိုင်မြဲနေပြီ။

'မင်းကွာ…ကလေးကလားနဲ့၊ မင့်ကောင်မလေးက ဆယ်နှစ်ကျော်ပြီလား'

ဒီတစ်ချီတော့ မွှန်သွားပုံရသည်။ သူရလေးက ရယ်ကျဲကျဲနှင့် ပြန်ပက်သည်။

'ကိုကြီး ကျန်ခဲ့တာအဲဒါပဲ။ လူဆိုတာ ဘယ်အရွယ်ရောက်ရောက် ကလေးစိတ်မကုန်ပါဘူးဗျာ။ ချစ်စရာတွေ့ရင် ချစ်မှာပဲ။ ရည်းစားစကား ပြောမယ့်ကိစ္စမှာ ချစ်စရာကောင်းတာလေးတစ်ခုခုကို အရင်ပေးလိုက်တော့ သူ့စိတ်မှာ ကြည်နူးကျေနပ်သွားတာပေါ့။ အဲဒီကြည်နူးနေချိန်ကလေးဟာ အချိန်ကောင်းပဲလေ။ အဲဒီအချိန်လေးပေါ်အောင် ဖန်တီးပေးဖို့ပဲ လိုတာ ကိုကြီး။ ကျန်တာ ဗိုမသဘာဝအရ ရင်ခုန်သံဆိုတာ အလိုလိုပါပြီးသား။ အဲဒါကို အချစ်လို့ ထင်သွားရင်…'

သူရလေးက လက်ဖျစ်တစ်တွက်တီးရင်း မေးဆတ်ပြသည်။ လေးမောင် ငိုင်ပြီးကျန်နေခဲ့သည်။ သူများဆိုင်မှာ စားပွဲထိုးလုပ်နေရင်း နီးရာဆိုက်ကားကို ဆွဲကာ မိုး၏ စက်ဘီးလေးနောက်သို့ လိုက်ခဲ့ပုံအား လေးမောင် မြင်ယောင်ကြည့်သည်။ ခါးတောင်းကျိုက်ပင် မဖြုတ်ရ

O&av;u qkdU, f wpf[DSh ay:vmonf oGsnf r[ kvSfwmh O&av;\ cgudk &&Sydkfydkf zu&if vdkufvmonfh reDfuav;i, f wpfOD;vnf awGUonf aumif;rwfrS tdk;b[ ef&Sd cpfxGef;vnf ckSdkonfydk

သေး။ အလျှင်စလိုနိုင်မှုတွေ၊ အရှိကိုအရှိအတိုင်း နေထိုင်တတ်ပုံတွေ၊ နုံချာလွန်းသည့်ပုံရိပ်တွေ။ သည်အကြောင်းတွေက မိုး၏ အတွေးတွင် အချစ်ရုပ်ဝန်းတစ်ခု ပေါ်လာအောင် လှုံ့ဆော်နိုင်ပါမည်လား။

သူရလေးက ပြုံးပြုံးကြီး ကြည့်နေ၏။ လူမိသလို ရှက်အမ်းအမ်းတော့ ဖြစ်သွားသည်။ ဖြစ်နေကျမို့ ကြာကြာမရှက်တော့ဘဲ ကောင်တာအောက်ဆုံး အံဆွဲကို ဖွင့်ပေးလိုက်သည်။ ကိုယ်တော်လေးအလိုရှိသမျှ မ,စေ။

တစ်လလောက်ကြာသည်အထိ သူရလေး ပျောက်နေပြန်သည်။ ချစ်ထွန်းနှင့် ကောင်းမြတ်ကတော့ ပုံမှန်ပေါ်လာလေ့ရှိသည်။

သုံးဦးသား ရောက်တတ်ရာရာ ပြောဆိုနေချိန် သူရလေးက ဆိုင်ကယ်တစ်စီးနှင့် ပေါ်လာသည်။ သူ့ချည်း မဟုတ်တော့။ သူရလေး၏ ခါးကို ရဲရဲပိုင်ပိုင် ဖက်ရင်း လိုက်လာသည့် မိန်းကလေးငယ်တစ်ဦးလည်း တွေ့ရသည်။ ကောင်းမြတ်မှာ အံ့သြဟန်မရှိ။ ချစ်ထွန်းလည်း ခုမှသိရသည့်ပုံ။ စားပွဲနားရောက်တော့ ချက်ချင်း ဝင်မထိုင်ကြသေး။ မိန်းကလေးမှာ အတော်လှသည်။ ခြေချောင်း၊ လက်ချောင်းလေးများ ဖွေးဖွေးစင်နေ၏။ ဆေးမဆိုးသည့် ခပ်နွဲ့နွဲ့ ဆံပင်ရှည်ရှည်လေးက လေမှာ တဝဲဝဲ။ မျက်နှာကျသွယ်သွယ်၊ လည်တိုင်ဖွေးဖွေး သွယ်ဆင်းလာပုံမှာ ကျစ်လျစ်သည့်ကိုယ်ဟန်နှင့် အတော်လိုက်ဖက်သည်။ အဖြူထက် အဝါလှသည့် အသားအရေ။ ရှာလည်း ရှာတတ်ပလေ။

'လာ… ညီမလေးရော၊ ညီလေးရော ထိုင်ကွာ'

ဧည့်သည်ကို ဖိတ်ခေါ်နေကျမို့ လေးမောင်က ခပ်သွက်သွက်ပင် ဧည့်ခံလိုက်သည်။

'ဟဲ…အစ်ကိုတို့ကို လာကြွားတာ၊ ခတ္တာမေတဲ့၊ လှရဲ့လား အစ်ကိုတို့'

သူရလေးပြောတော့ မိန်းကလေးမှာ ရှက်ဟန်နှင့် သူရလေးကို ခပ်ဖွဖွပုတ်သည်။

'Miss Tulip ပေါ့။ နာမည်က လူလောက်လှပါ့မလားလို့ တွေးပူနေတာကွ။ အခုမှ အလုံးကြီး ကျသွားတယ်'ဟု ချစ်ထွန်းက ဝင်ဖောက်တော့ အားလုံးပွဲကျ၏။ သူရလေး၏ အစ်ကိုများ ဒီလောက်တော့ တတ်နိုင်ပါသည်။ ပြုံးလိုက်စဉ် ပါးချိုင့်လေးတစ်ဖက်ပေါ်လာသည့် ခတ္တာမေသည် မိုးလောက်နီးပါး လှသူဟု လေးမောင် မှတ်ချက်ပြုမိသည်။

သူရလေးတစ်ယောက် အတော်ပျော်ရွှင်နေပုံရပါသည်။ ခတ္တာမေလည်း မကြာမကြာ အလည်လိုက်လာလေ့ရှိသည်။ လေးမောင်၏ လက်ဖက်ရည်ဆိုင်လေးမှာ သူတို့ဆုံရပ်ကလေးတစ်ခုဖြစ်လာသည်။ သာယာတောက်ပချိန်သည် ဆည်းဆာနှင့် တူပါသည်။ တကယ့်ခဏတာလေးသာ။ မကြာခင် သူရလေး ကျောင်းပြီး၏။ ရန်ကုန်မှ ကုမ္ပဏီတစ်ခုတွင် သူရလေး အလုပ်ဝင်ချိန်၌ ခတ္တာမေက ကျောင်းဝန်းထဲမှာ ကျန်နေခဲ့သည်။ ခြောက်လတစ်ကြိမ် သူရလေး ပြန်လျှင် ခတ္တာမေနှင့်အတူ လေးမောင်၏ ဆိုင်လေးဆီ လာလေ့ရှိသည်။ သူရလေးသည် အရည်အချင်းရှိသော လူငယ်ပီပီ အလုပ်ခွင်၌ တွင်ကျယ်လာသည့်အလျောက် တစ်နှစ် တစ်ကြိမ်လောက်သာ ပေါ်လာနိုင်တော့သည်။ ယခုနှစ် သင်္ကြန်တော့ သူရလေး ဆက်ဆက် ပြန်လာ

စာမျက်နှာ(၁၁၁)သို့…



www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# 'မဲပေးရာ ကျောင်းလေးတွေ'

ဖိုးသက်ကျော်/ကြွေးကောက်/

'နိုင်လင်းစိုး'
'လာပါတယ် ခင်ဗျာ'
'ဖြိုးဇင်ခန့်'
'လာပါတယ် ခင်ဗျာ'
'ထိန်လင်းအောင်'
'မလာပါဘူး'
ဝိုင်းအော်လိုက်တဲ့ ကလေးတွေ
အသံအဆုံးမှာ သူ့စိတ်တွေ
နောက်ကျိသွားရပြန်ပြီ။
နာမည်စာရင်းခေါ်ပြီးတဲ့ အထိပဲ။
ဒီနေ့ ဗုဒ္ဓဟူး။ ကျောင်းတက်တာ
သုံးရက်ရှိပြီ။ သုံးရက်စလုံး မလာတာပါလား။ ဒီအတိုင်းဆို မလွယ်ဘူး။ ဘယ်လိုလုပ်ရမလဲ။ ကလေးတွေနဲ့ လူကြီးမှာ၊ စာတွေပို့။ ဘာမှ မထူးခြားဘူး။ ဘာလုပ်ရမလဲ။ နောက်ဆုံး အိမ်တိုင်ယာရောက် လိုက်သွားဖို့ပဲ ရှိတော့တယ်လေ။

'ဆရာမကြီး၊ ထိန်လင်းအောင်တို့ မောင်နှမ ဒီနေ့လည်း မလာကြဘူး'

'ဟယ်… ဒုက္ခပဲ၊ ဒီကလေးတွေတော့ ခက်ပြီ'

'ကျွန်တော် လိုက်သွားမယ်'

'ဖြစ်ပါ့မလားဟယ်၊ သူတို့နေတဲ့နေရာ နင် ဘယ်သွား တတ်ပါ့မလဲ'

'ရပါတယ်။ ညနေ ကျောင်းဆင်းမှ ရဲကျော်သူတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com

လိုက်သွားလိုက်မယ်။ သူတို့သွားတတ်တယ်တဲ့’

‘အေး··အေး၊ ဒါဆိုလည်း သွားလိုက်ပါ’

ရုံးခန်းထဲက ကျောင်းအုပ်ဆရာမကြီး စားပွဲပေါ်နာမည်စာရင်းစာအုပ် ထပ်ပြီး အတန်းထဲ ပြန်ဝင်လာခဲ့တယ်။

ဘာလို့ ကျောင်းမလာကြရတာလဲ ကလေးတို့ရယ်။ နေမကောင်းဘူးလား။ ဟိုတစ်ခါကလို အဖေရော အမေရော အလုပ်သွားတော့ အိမ်စောင့်မရှိလို့ ကျောင်းမတက်တာလား။ ဒါမှမဟုတ် အပျင်းထူပြီး ကျောင်းတွေဘာတွေမျှား ကတ်နေရော့သလား။

ခဏခဏ ကျောင်းတွေပျက်နေတော့တာလေ။ မလာတစ်နေ့ ပျက်တစ်နေ့။ သင်ခန်းစာတွေက မမီ။ သင်ရပြန်တော့ အကျော်ကျော် အနင်းနင်း။ ဘယ်လိုမှ အစေးမကပ်တော့။ သင်ရိုးသစ်က လက်တွေ့များများ လှုပ်လှုပ်ရှားရှားနဲ့မှ။ ခုတော့···။

ဟင်း···။

သက်ပြင်းမောတွေသာ အကြိမ်ကြိမ် ချရင်း သူ့ရင်တွေ လေးလံဖိစီးလာတယ်။ သူကရော ဒီ့ထက်ပိုပြီး ဘာများတတ်နိုင်သေးသလဲ။

‘တတ်အောင်သင်၊ အောင်အောင်စစ်’လို့ ဆိုထားတာပဲလေ။

❑

လမ်းရယ်လို့ မရှိဘူး။ လယ်ကန်သင်းတွေကနေ ဖြတ်သွားနေရတာပဲ ရှိတယ်။ ကောက်ဖုံးတွေ ထွက်နေတဲ့ လယ်ကွင်းပြင်ရဲ့ မွှေးမြမြ ရနံ့လေးကိုတော့ သူ စွဲမက်သား။ စီးထားတဲ့ ဖိနပ်ကတော့ ချွတ်ကိုင်ခဲ့ရပြီ။

‘ရဲကျော်သူ၊ အောင်မျိုးသက် သားတို့ သတိထားသွားကြ’

‘ဟုတ်ကဲ့ ဆရာကြီး’

သူကသာ စိတ်မချလို့ သတိပေးနေရတာ၊ ဒီခရီး ဒီလမ်းကိုပဲ အမြဲသွားနေရတဲ့ ကလေးတွေအဖို့က အေးအေးဆေးဆေးပဲ။

‘ဟင်’

ရှေ့မှာ မြင်လိုက်ရတဲ့ အခြေအနေက သူ့အတွက်တော့ နည်းနည်းထူးဆန်းသား။ ပေနှစ်ဆယ်လောက်ကျယ်တဲ့ ရိုးကို ကူးဖြတ်စရာ လုပ်ထားတာက ဝါးပိုးဝါး နှစ်လုံး ကန့်လန့်ဖြတ်ချထားတယ် ဆိုရုံလေး။ ဘေးမှာ လက်ကိုင်စရာ ဝါးလုံးတန်းလေး တစ်ခုသာ မရှိဘူးဆိုရင် သူ ဖြတ်မသွားရဲတာ အမှန်ပါ။ တပည့်ကျော်အဖော်နှစ်ယောက်ကတော့ ရှေ့ကနေ ကော့ကော့ ကော့ကော့နဲ့ မြေပြင်လျှောက်ရသလို လျှောက်သွားပြီ။

လက်ကိုင်တန်းလေးကို မလွှတ်ရဲဘဲ ထိန်းလျှောက်နေရတာကိုက အိပုံ့ အိပုံ့နဲ့မို့ သူ ရင်ဖိုမိသား။ တစ်ခါမှ ဒီလိုလမ်းမျိုး မလျှောက်ဖူးတဲ့သူပဲလေ။ ဒါပေမဲ့ သူ့တပည့်လေးတွေမှာတော့ ဒီလမ်းကနေ နိစ္စဓူဝ ကျောင်းလာနေရရှာတာ။

‘ဆရာကြီး၊ ဟို ရှေ့တောင်စောင်းက ထိန်လင်းအောင်တို့ နေတဲ့အိမ်’

ကိုင်းချောင်ဆိုတာ ဒီနေရာကိုး။ တောင်စောင်းမှာ ဆောက်ထားတဲ့ အိမ်ကလေးက ဓနိမိုး၊ ဓနိကာ တဲသာသာပဲ။ ဒါပေမဲ့ ရေတံကင်ရှိတယ်။ အိမ်ထဲမှာ တီဗွီတွေဘာတွေနဲ့။ အိမ်ခြေရင်းမှာတော့ ဘက်ထရီအိုးကို ဆိုလာနဲ့ အားသွင်းထားတယ်။ ထိန်လင်းအောင်တို့ မောင်နှမကတော့ သူ ဝင်လာတာ မြင်ကတည်းက အိုးတိုးအမ်းတမ်း ဖြစ်နေကြလေပြီ။

‘ထိန်လင်းအောင်၊ လူကြီးတွေရှိလား သား’

‘အမေရယ် ရှိတယ် ဆရာကြီး’

‘အေး၊ သားမေမေ ဘယ်မှာလဲ’

‘ပဲသီး ခူးနေတာ ဆရာကြီးရေ၊ ဆရာကြီး လာတာမြင်လို့ ဆင်းလာတာ’

ထိန်လင်းအောင်ကို မေးနေတုန်းမှာပဲ သူ့အမေက ပဲတောင့်ရှည်သီးတွေ တစ်ထွေးကြီးပိုက်ပြီး ရောက်ချလာတယ်။ ကျောင်းအုပ်လက်ခံတုန်းက တစ်ခါပဲ မြင်ဖူးတဲ့ ထိန်လင်းအောင့်အမေက သူ့ကို ရင်းရင်းနှီးနှီးတော့ရှိသား။

‘ကလေးတွေ ကျောင်းမလာတာကြာလို့ လိုက်လာရတာပါ’

‘အယ်···ဒါနဲ့ သူတို့က ကျောင်းငါးရက် ပိတ်လိုက်တယ် ပြောပါလား ဆရာကြီးရယ်။ ပိတ်တယ်ဆိုလို့ ကျောင်းမလွှတ်တာပါ’

‘ဟင်··· ထိန်လင်းအောင်၊ ဘာလို့ ညာပြောရသလဲ’

သူ ဒေါသထွက်သွားတာကို ထိန်လင်းအောင် ရိပ်မိမှာပါ။ မျက်ရည်အဝိုင်းသားလေးနဲ့ လက်ပိုက်ရပ်နေတယ်။ ဘာပြန်ပြောတတ်ပါတော့မလဲ။ သိင်္ဂီထိုက်ကတော့ နောက်မှာ ကွယ်ရပ်နေလေရဲ့။

‘မသိဘူးလေ၊ ကျွန်မက တကယ် ကျောင်းပိတ်ထားတယ်မှတ်လို့ ဆရာကြီးရေ’တဲ့။ ထိန်လင်းအောင်အမေပြောပုံကို ကြည့်ရတာလည်း ပညာတွေ ဘာတွေ တတ်ပုံမရဘူး။

‘အဲလို ကျောင်းရက်ရှည် ပိတ်တာက ရှားတယ်ဗျ။ သီတင်းကျွတ်တို့၊ ဒီဇင်ဘာတို့လောက်ပဲ ပိတ်တာ။ ကျန်တဲ့အချိန်က စနေ၊ တနင်္ဂနွေလောက်၊ အထိမ်းအမှတ်နေ့တွေလောက်ပဲ ပိတ်တာပါ။ နောက်ကျ ကလေးတွေကို ကျောင်းမှန်မှန် ပို့ပေးပါ။ မနှစ်ကလည်း အဲလို တက်လိုက်၊ မတက်လိုက်မို့လို့ ကလေးကို အတန်းမတင်ရတာလေ’

‘ကျွန်မတို့က မသိပါဘူး ဆရာကြီးရယ်။ သူတို့ပြောတာပဲ အဟုတ်မှတ်နေတာ။ မနက်ဖြန် လာပို့ပါ့မယ်။ ကျောင်းကျ မောင်နှမနှစ် ယောက်စလုံး အသေသာသတ် ဆရာကြီးရေ’တဲ့။

ကဲ···ပြောပုံသာ ကြည့်တော့။ ဆရာတွေ၊ ဆရာမတွေကို ဘာတွေများ မှတ်နေကြသလဲ မသိ။ ဆက်မပြောချင်တော့တာကြောင့် နောက်ကို ကလေးတွေ ကျောင်းမှန်မှန် လာတက်နိုင်းဖို့ ရှေ့ပြည်အေးတရားဟောပြီး ပြန်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သွားလိုက်မယ်။ သူတို့ သွားတတ်တယ်တဲ့’

‘အေး··အေး၊ ဒါဆို လည်း သွားလိုက်ပါ’

ရုံးခန်းထဲက ကျောင်းအုပ်ဆရာမကြီး စားပွဲပေါ် နာမည်စာရင်းစာအုပ် ထပ်ပြီး အတန်းထဲ ပြန်ဝင်လာခဲ့တယ်။

ဘာလို့ ကျောင်းမလာကြရတာလဲ ကလေးတို့ရယ်။ နေမကောင်းဘူးလား။ ဟိုတစ်ခါကလို အဖေရော အမေရော အလုပ်သွားတော့ အိမ်စောင့်မရှိလို့ ကျောင်းမတက်တာလား။ ဒါမှမဟုတ် အပျင်းထူပြီး ကျောင်းတွေ ဘာတွေများ ကတ်နေရော့သလား။

ခဏခဏ ကျောင်းတွေ ပျက်နေတော့တာလေ။ မလာတစ်နေ့ ပျက်တစ်နေ့။ သင်ခန်းစာတွေက မမီ။ သင်ရပြန်တော့ အကျော်ကျော် အနင်းနင်း။ ဘယ်လိုမှ အစေးမကပ်တော့။ သင်ရိုးသစ်က လက်တွေ့များများ လှုပ်လှုပ်ရှားရှား နဲ့မှ။ ခုတော့···။

ဟင်း···။

သက်ပြင်းမောတွေသာ အကြိမ်ကြိမ် ချရင်း သူ့ရင်တွေ လေးလံဖိစီးလာတယ်။ သူကရော ဒီ့ထက်ပိုပြီး ဘာများတတ်နိုင်သေးသလဲ။

‘တတ်အောင်သင်၊ အောင်အောင်စစ်’လို့ ဆိုထားတာပဲလေ။

❑

လမ်းရယ်လို့ မရှိဘူး။ လယ်ကန်သင်းတွေကနေ ဖြတ်သွားနေရတာပဲ ရှိတယ်။ ကောက်ဖုံးတွေ ထွက်နေတဲ့ လယ်ကွင်းပြင်ရဲ့ မွေးမြမြ ရနံ့လေးကိုတော့ သူ စွဲမက်သား။ စီးထားတဲ့ ဖိနပ်ကတော့ ချွတ်ကိုင်ခဲ့ရပြီ။

‘ရဲကျော်သူ၊ အောင်မျိုးသက် သားတို့ သတိထားသွားကြ’

‘ဟုတ်ကဲ့ ဆရာကြီး’

သူကသာ စိတ်မချလို့ သတိပေးနေရတာ၊ ဒီခရီး ဒီလမ်းကိုပဲ အမြဲသွားနေရတဲ့ ကလေးတွေအဖို့က အေးအေးဆေးဆေးပဲ။

‘ဟင်’

ရှေ့မှာ မြင်လိုက်ရတဲ့ အခြေအနေက သူ့အတွက်တော့ နည်းနည်းထူးဆန်းသား။ ပေနှစ်ဆယ်လောက် ကျယ်တဲ့ ရိုးကို ကူးဖြတ်စရာ လုပ်ထားတာက ဝါးပိုးဝါး နှစ်လုံး ကန့်လန့်ဖြတ်ချထားတယ် ဆိုရုံလေး။ ဘေးမှာ လက်ကိုင်စရာ ဝါးလုံးတန်းလေး တစ်ခုသာ မရှိဘူးဆိုရင် သူ ဖြတ်မသွားရဲတာ အမှန်ပါ။ တပည့်ကျော် အဖော်နှစ်ယောက်ကတော့ ရှေ့ကနေ ကော့ကော့ ကော့ကော့နဲ့ မြေပြင်လျှောက်ရသလို လျှောက်သွားပြီ။

လက်ကိုင်တန်းလေးကို မလွှတ်ရဲဘဲ ထိန်းလျှောက်နေရတာကိုက အိပဲ့ အိပဲ့နဲ့မို့ သူ ရင်ဖိုမိသား။ တစ်ခါမှ ဒီလိုလမ်းမျိုး မလျှောက်ဖူးတဲ့သူပဲလေ။ ဒါပေမဲ့ သူ့တပည့်လေးတွေမှာတော့ ဒီလမ်းကနေ နိစ္စဓူဝ ကျောင်းလာနေရရှာတာ။

‘ဆရာကြီး၊ ဟို ရှေ့တောင်စောင်းက ထိန်လင်းအောင်တို့ နေတဲ့အိမ်’

ကိုင်းချောင်ဆိုတာ ဒီနေရာကိုး။ တောင်စောင်းမှာ ဆောက်ထားတဲ့ အိမ်ကလေးက ခနိမိုး၊ ခနိကာ တဲသာသာပဲ။ ဒါပေမဲ့ ရေတုံကင်ရှိတယ်။ အိမ်ထဲမှာ တီဗွီတွေ ဘာတွေနဲ့။ အိမ်ခြေရင်းမှာတော့ ဘက်ထရီအိုးကို ဆိုလာနဲ့ အားသွင်းထားတယ်။ ထိန်လင်းအောင်တို့ မောင်နှမကတော့ သူ ဝင်လာတာ မြင်ကတည်းက အိုးတိုးအမ်းတမ်း ဖြစ်နေကြလေပြီ။

‘ထိန်လင်းအောင်၊ လူကြီးတွေရှိလား သား’

‘အမေရယ် ရှိတယ် ဆရာကြီး’

‘အေး၊ သားမေမေ ဘယ်မှာလဲ’

‘ပဲသီး ခူးနေတာ ဆရာကြီးရေ၊ ဆရာကြီး လာတာ မြင်လို့ ဆင်းလာတာ’

ထိန်လင်းအောင်ကို မေးနေတုန်းမှာပဲ သူ့အမေက ပဲတောင့်ရှည်သီးတွေ တစ်ထွေးကြီးပိုက်ပြီး ရောက်ချလာတယ်။ ကျောင်းအပ်လက်ခံတုန်းက တစ်ခါပဲ မြင်ဖူးတဲ့ ထိန်လင်းအောင့်အမေက သူ့ကို ရင်းရင်းနှီးနှီး တော့ရှိသား။

‘ကလေးတွေ ကျောင်းမလာတာကြာလို့ လိုက်လာရတာပါ’

‘အယ်···ဒါနဲ့ သူတို့က ကျောင်းငါးရက် ပိတ်လိုက်တယ် ပြောပါလား ဆရာကြီးရယ်။ ပိတ်တယ်ဆိုလို့ ကျောင်းမလွှတ်တာပါ’

‘ဟင်··· ထိန်လင်းအောင်၊ ဘာလို့ ညာပြောရသလဲ’

သူ ဒေါသထွက်သွားတာကို ထိန်လင်းအောင် ရိပ်မိမှာပါ။ မျက်ရည်အဝိုင်းသားလေးနဲ့ လက်ပိုက်ရပ်နေတယ်။ ဘာပြန်ပြောတတ်ပါတော့မလဲ။ သီဂီထိုက်ကတော့ နောက်မှာ ကွယ်ရပ်နေလေရဲ့။

‘မသိဘူးလေ၊ ကျွန်မက တကယ် ကျောင်းပိတ်ထားတယ်မှတ်လို့ ဆရာကြီးရေ’တဲ့။ ထိန်လင်းအောင် အမေပြောပုံကို ကြည့်ရတာလည်း ပညာတွေ ဘာတွေ တတ်ပုံမရဘူး။

‘အဲလို ကျောင်းရက်ရှည် ပိတ်တာက ရှားတယ်ဗျ။ သီတင်းကျွတ်တို့၊ ဒီဇင်ဘာတို့လောက်ပဲ ပိတ်တာ။ ကျန်တဲ့အချိန်က စနေ၊ တနင်္ဂနွေလောက်၊ အထိမ်းအမှတ်နေ့တွေလောက်ပဲ ပိတ်တာပါ။ နောက်ကျ ကလေးတွေကို ကျောင်းမှန်မှန် ပို့ပေးပါ။ မနှစ်ကလည်း အဲလို တက်လိုက်၊ မတက်လိုက်မို့လို့ ကလေးကို အတန်းမတင်ရတာလေ’

‘ကျွန်မတို့က မသိပါဘူး ဆရာကြီးရယ်။ သူတို့ ပြောတာပဲ အဟုတ်မှတ်နေတာ။ မနက်ဖြန် လာပို့ပါ့မယ်။ ကျောင်းကျ မောင်နှမနှစ် ယောက်စလုံး အသေသာသတ် ဆရာကြီးရေ’တဲ့။

ကဲ···ပြောပုံသာ ကြည့်တော့။ ဆရာတွေ၊ ဆရာမတွေကို ဘာတွေများ မှတ်နေကြသလဲ မသိ။ ဆက်မပြောချင်တော့တာကြောင့် နောက်ကို ကလေးတွေ ကျောင်းမှန်မှန် လာတက်နိုင်းဖို့ ရှေ့ပြည်အေးတရားဟောပြီး ပြန်



www.burmeseclassic.com

www.burmeseclassic.com

လှည့်လာခဲ့ရတော့တယ်။

❑

'ကဲ…ပြော… ဘယ်သူက ကျောင်းပိတ်တယ် ပြောတာလဲ'

နောက် တစ်နေ့ကျတော့ ထိန်လင်းအောင် မောင်နှမ ကျောင်းလာတက်ပါပြီ။ လာပြန်တော့လည်း ကျောင်းတံခါးမဖွင့်ခင် အစောကြီးကတည်းက။ မေးကြည့်လိုက်တော့ သူတို့အမေက လိုက်မပို့ဘူး။ သူတို့ဘာသာ လာရတာတဲ့။ တကယ်ပဲလား၊ ညာပြန်သလား ဆိုတာတော့ မသေချာဘူး။ ကျောင်းကိုဝင်လာတုန်းကတော့ မောင်နှမနှစ်ယောက်တည်း လာတာ တွေ့ပါရဲ့။ ကျောင်းတက် ခေါင်းလောင်းမတီးခင် ဆရာမကြီးနဲ့ ဆရာ ဆရာမတွေက ရုံးခန်းထဲ ခေါ်စစ်ကြည့်တယ်။

'အဲဒါ သီဂီထိုက်က ကျောင်းမတက်ချင်ဘူးဆိုလို့ သားက အမေ့ကို ညာပြောရတာ'

'ဘာဟုတ်ဖူး၊ တမီး ညာတာ ဟုတ်ဖူး၊ သူ့ဟာသူ ပြောတာ'

'ဘာလဲ၊ နင်ပြောခိုင်းတာလေ အမယ်'

မောင်နှမ နှစ်ယောက် သူတစ်ပြန် ကိုယ်တစ်ပြန် လက်ညှိုးထိုးကြရင်း ဆင်ခြေပေးကြပြီလေ။ ထုံးစံအတိုင်းပေါ့။ ကလေးတွေလည်း ဖြစ်ပြန်၊ ဘာကိုမှလည်း ရေရေရာရာ မသိသေးတဲ့ အရွယ်လေးတွေဆိုတော့။

'ကဲ တော်ပြီ။ နောက်ကို အဲလို ညာဦးမလား'

ဆရာမကြီးက မေးတော့ ထိန်လင်းအောင် ခေါင်းခါပြတယ်။ 'ပါးစပ်က ဖြေလေ'လို့ ပြောကာမှ 'ဟင့်အင်'တဲ့။

'နောက် ညာရင် ဘာလုပ်ရမလဲ'ဆိုတော့ 'ရိုက်'တဲ့။

သူ ရယ်လိုက်မိတယ်။ ကလေးလေးတွေဆိုတော့ စိတ်ဆိုးရအခက်၊ ဒေါသထွက်ရအခက်။ အဲဒါထက်ခက်တာက သူတို့မိဘတွေပေါ့။ မနှစ်က သီဂီထိုက်က KG ၊ ထိန်လင်းအောင်က ပထမတန်း။ ခုလိုပဲ ကျောင်းမှန်မှန် မတက်။ ပျက်တစ်ခါ ကွက်တစ်လှည့်။ သင်ရိုးသစ်ကို သူ မရဘူး။ 'က'ကနေ 'အ'အထိ ဗျည်းတွေ သူ မရဘူးတဲ့။ ကြည့်ရေးတာတော့ ရေးတတ်တယ်။ သင်္ချာ၊ အင်္ဂလိပ်ဆို ပိုဆိုး။ သင်ရိုးသစ် အင်္ဂလိပ်စာက Listening နဲ့ Speaking ဦးစားပေးထားတာ။ အဲဒါတွေလည်း ကလေးက မရ။ အပေါင်းပုစ္ဆာတွေတော့ နည်းနည်းရသား။ အနုတ်ကျ မရတော့။ ကျောင်းမတက်တာက များနေတော့ နောက်ဆုံး အတန်းတင်မပေးတော့ဘဲ အထိပဲ။ စနစ်က စာရင်းရှိ အကုန်အောင်၊ မအောင်မရှိ ငါ့တပည့်ဆိုလေတော့ ပြဿနာတွေလည်း အထွေးလိုက်ပေါ့လေ။

သီဂီထိုက်ကိုတော့ KG ကနေ ပထမတန်း တင်ပေးလိုက်ရတယ်။ အခုကျတော့ မောင်နှမတွေ အတန်းတူနေပြီ။ ထိန်လင်းအောင်က မနှစ်က အခံလေးရှိနေတော့ မဆိုးဘူး။ သီဂီထိုက်ခမျာ စကားကမပီ၊ ငေးမိငေးရာ ငိုင်တိငိုင်တိုင်မှာ ကျောင်းတွေက တအားပျက်တော့ မလွယ်ရေးချ မလွယ်ဘဲ။

'ကဲ ကျောင်းတက်ပြီ။ အတန်းထဲ သွားကြတော့။ နောက်နေ့ ကျောင်းမှန်မှန်တက်နော်'

ဆရာမ ဒေါ်ခိုင်ခိုင် စကားဆုံးတော့ မောင်နှမ နှစ်ယောက် လှည့်ပြေးကြတာမှ လှစ်ခနဲပဲ။ သနားလည်း သနားစရာလေးတွေပါ။ အဝေးကြီးကနေ ကျောင်းလာတက်ကြရတာလေ။

မနေ့က သူကိုယ်တိုင် လိုက်သွားလို့သာ ဒီလောက်ဝေးတာ သိရတာ။

အခမဲ့ မူလတန်း ပညာရေး။

မသင်မနေရ မူလတန်းပညာရေးတဲ့။ တကယ်လက်တွေ့ဘဝတွေဟာ စာရွက်ပေါ် ချရေးသလောက် မလွယ်ကူပါဘူးလေ။

❑

'ဆရာကြီး၊ သားမှာ ခဲတံ မရှိတော့လို့'

'ဆရာကြီး၊ သမီးမှာ စာအုပ်ကုန်သွားလို့'

'သားမှာ…'

'သမီးမှာ…'

အတန်းဝင်ပြီ၊ စာသင်ပြီ၊ စာရေးခိုင်းပြီဆို မရှိပေါင်းသောင်းခြောက်ထောင်တွေ ကြားရပါပြီ။ နိုင်ငံတော်က ပေးတဲ့ ဗလာစာအုပ်ခြောက်အုပ်ဟာ ဘယ်လိုနည်းနဲ့မှ မလောက်ငတာကိုး။ ပြင်ပက အဖွဲ့အစည်းတွေ၊ အလှူရှင်တွေရဲ့ ထောက်ပံ့ ကူညီအားနဲ့ အဆင်ပြေအောင် ဖန်တီးရတာကို မသိရှာတဲ့ ကလေးတွေအတွက်တော့ သူတို့ဆရာကြီးဟာ သူတို့လိုတရအိတ်ကြီးပဲ မှတ်နေတော့လေသလား မသိ။

ဒီနှစ် သူ အတန်းပိုင်ယူရတဲ့ ပထမတန်းမှာ ကလေး အယောက်နှစ်ဆယ် ရှိတယ်။ မရှိတဲ့သူက များပါတယ်။ ဒါပေမဲ့ သူတို့အတွက် အလှူရှင်တွေ ရှိနေတော့ တော်သေးတယ်ပဲ မှတ်ရတယ်။ ကလေးလေးတွေက တော်ကြတယ်။ ပညာပါရမီ ကောင်းကြတယ်လေ။

ခုတလော ထိန်လင်းအောင် မောင်နှမတောင် ကျောင်းသိပ်မပျက်ဘူး။ ကျောင်းတက်မှန်လာတော့ စာတွေလည်း မဆိုးဘူး။ ရလာကြပြီလေ။ ကျန်တဲ့ ကလေးတွေဆို နေမကောင်းထိုင်မသာ ဖြစ်မှသာ ကျောင်းမလာတာ ရှိရမယ်၊ ကျောင်းတက်ရက်ကတော့ အားရှိစရာ ကောင်းလောက်အောင်ကို မှန်တယ်လေ။

တစ်နေ့ တစ်နေ့ ထိန်လင်းအောင် မောင်နှမကိုပဲ အရိပ်တကြည့်ကြည့် ကြည့်နေရတာ။ ကျောင်းမှ တက်ရဲ့လား၊ နာမည်စာရင်း ခေါ်လို့မှ ရှိရဲ့လားပေါ့။ စိုးရိမ်ရတယ်။ တစ်ခါတလေ မောင်နှမတွေ ကျောင်းမလာကြဘဲ ရွာထိပ်က ကလေးတွေနဲ့ ဆော့နေကြတာ။ ညနေ ကျောင်းလည်းဆင်းရော တခြားကျောင်းသားတွေကြားရောယောင်ပြန်သွားလို့သာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့။ နောက်တစ်နေ့ကျ ရွာထဲက ကျောင်းသားမိဘတွေ ထမင်းထုပ်လာပို့ကြမှ သတင်းက ရတယ်။

သူ့အတန်းက ကလေးဆိုတော့ သူ့မှာ တာဝန်ရှိလာပြီမဟုတ်လား။ မတော်လို့ ပြဿနာတစ်စုံတစ်ရာ ဖြစ်လာရင် ဘယ်လိုရှင်းမလဲ။ သူ့ထမင်းအိုး ကျက်ွဲတာက အကြောင်းမဟုတ်ဘူး၊ ဘာမှမသိ နားမလည်ရှာသေးတဲ့ ကလေးတွေအတွက် အန္တရာယ်ဟာ လက်တစ်ကမ်းလေးမှာ။ နောက်ဆုံး ကလေးသူငယ်တွေကို အကြမ်းမဖက်သင့်တာတွေ၊ ရိုက်နှက် မဆုံးမသင့်တာတွေ၊ တုတ်မသုံးရ ဆိုတာတွေကို ခဏ ဘေးချိတ်ထားပြီး နောင်ကို အဲလို စည်းမရှိ၊ ကမ်းမရှိ မလုပ်ရလေအောင် မောင်နှမ နှစ်ယောက်စလုံး ခေါ်ပြီး တစ်ယောက်ကို နှစ်ချက်စီ… နှစ်ချက်စီ။

❑

"မင်္ဂလာပါ ဆရာကြီး၊ ကြိုဆိုပါတယ် ဆရာကြီး"

အတန်းဝင်ချိန် ကလေးတွေက နှုတ်ဆက်တော့ ကျင့်သားရနေတဲ့ အကြည့်တွေက ကလေးတွေ မစုံတာကို သတိထားလိုက်မိပြီ။

"ဒီနေ့ ဘယ်သူတွေ မလာတာလဲ"

"ထိန်လင်းအောင်တို့ မောင်နှမ မလာပါဘူး"

"အေး ဟုတ်ပါပြီ၊ ကဲ အားလုံး မင်္ဂလာပါ။ ထိုင်ကြတော့။ မြန်မာစာ စာအုပ်ထုတ်"

ကလေးတွေ မစုံလင်တဲ့ စာသင်ခန်းတစ်ခုမှာ သင်ခန်းစာတွေ သင်ရတာလောက် အနှစ်မဲ့တာ မရှိဘူး။ ရင်ထဲမှာ ဟာတာတာကြီး။ နှလုံးသားထဲလည်း ဟာတာပါပဲလေ။

ဟိုမောင်နှမ ကျောင်းမလာပြန်ဘူးတဲ့။ အင်း၊ ဘာဖြစ်ကြပြန်ပြီလဲ။ ဘယ်နှရက်တောင်များ ဈေးနေဦးမလဲ။ သူတို့မအေဆိုတာများလည်း အကြောင်းကိစ္စရှိလို့ အစည်းအဝေးခေါ်တာတောင် မတက်။ ကျောင်းဝတ်စုံတွေ ရပြီ၊ မိဘကိုယ်တိုင် လာထုတ်မှဆိုတော့ ဒိုင်းခနဲ ရောက်ချလာရောပဲ။ ထိန်လင်းအောင်တို့ အဖေဆိုတာများတော့ တစ်ခါလေးမှ မမြင်ဖူးဘူး။ ကလေး နှစ်ယောက် ကျောင်းထားတယ်ဆိုတာနဲ့ မိဘတာဝန် ကျေပွန်ပြီ မှတ်သလားမသိ။

"သူ့မိဘတွေက သားသမီးကို မွေးရုံပဲ မွေးတတ်တာ။ ထိန်လင်းအောင် ငယ်ငယ်ကဆို ကိုင်းချောင်မှာပဲ အနေများတော့ ပတ်ဝန်းကျင်အကြောင်း ဘာမှမသိတော့တာလေ။ ဘယ်လောက်ထိဆိုးတယ်မှတ်လဲ၊ အဲကလေး ခပ်ငယ်ငယ်က သူ့မအေက ရွာထဲခေါ်လာတော့ ဆွမ်းခံထွက်လာတဲ့ ဦးဇင်းကိုတွေ့တာ မေမေ အဲဒါ ဘာကြီးလဲလို့ မေးတာတဲ့။ နောက်ကျ သူများတွေ ပြောလွန်းမှ ကလေးကို ရွာထဲ ခေါ်လာ၊ အမျိုးတွေဆီထား၊ အဲလို" တဲ့။ တကယ်တော့ ထိန်လင်းအောင်တို့ နေရတဲ့ ကိုင်းချောင်ဆိုတာက ရွာမှ မဟုတ်တာ။ တောင်ယာလေးတွေနဲ့ စိုက်ပျိုးစားလို့ အဆင်ပြေတော့ ဟိုကလာနေ၊ ဒီကလာနေ နေကြရင်းကနေ အိမ်စုလေးတွေဖြစ်နေတာ။ ရွာကနေတော့ အလှမ်းသား။ ရေကြည်တော့ မြက်နုရှာရင်း ကိုင်းချောင်ရယ်လို့ နာမည်တွင်နေတော့တာ။

ဒါပေမဲ့လည်း…။

လူကြီးတွေက မြက်နုတွေ့နေပေမဲ့ သူ့တပည့်လေးတွေဟာ မြက်ရိုင်းရင့်ရင့်တွေပေါ် နင်းဖြတ်နေရရှာတာကို ပညာမတတ်တဲ့ မိဘတွေက မသိတဲ့အခါမှာတော့…။

❑

"ဆရာရေ၊ ထိန်လင်းအောင်တို့ တစ်မိသားစုလုံး ကတော့ ကော့သောင်းကို အလုပ်လုပ်သွားကြပြီတဲ့"

"ဗျာ…ဟာ…"

ဒီနေ့ လေးရက်မြောက်နေ့၊ ဟိုမောင်နှမ နှစ်ယောက် ကျောင်းမလာတာ လေးရက်ရှိပြီ။ ဒီနေ့အထိမှ မလာခဲ့ရင်တော့ အရင်တစ်ခါကလို ကိုင်းချောင်အထိ လိုက်သွား၊ ထိန်လင်းအောင်တို့ အိမ်ကလေးကိုဝင်၊ သူ့မိဘတွေနဲ့…။

သွားပြီပေါ့။ သူ စီစဉ်ထားသမျှတွေဟာ အကုန်လုံး သဲထဲရေသွန်။ ကျောင်းကို ရောက်ရောက်ချင်း ကြားလိုက်ရတဲ့ သတင်းစကားဟာ ဆရာတစ်ယောက်ရဲ့ အရှိုက်ကို လှိုက်လှိုက်ထိတယ်။ ဒီအဖြစ်မျိုးတွေ မကြုံချင်ပေမဲ့ ဆုံဖူးပေါင်း များလှပါပြီ။

ဟိုးတစ်နှစ်က ဝေဝေခိုင်။

မနှစ်က နှင်းသက်စိုးတို့ ညီအစ်မ။

ခုလည်း ထိန်လင်းအောင်တို့ မောင်နှမတဲ့။ နာကျင်ကြေကွဲရပေါင်းတွေ များလှပြီ။ ဘယ်သူ့ကို အပြစ်ဆိုရမှာလဲ။ ဘယ်အရာကို အပြစ်ဖို့ရမလဲ။ မိဘတွေလို ဝမ်းနဲ့လွယ်မမွေးခဲ့ရပေမဲ့ နှလုံးသားနဲ့ လွယ်မွေးရတဲ့ ဆရာ ဆရာမတွေပါကွယ်။

ကျောင်းပျက်ရက်တွေ များလွန်းလို့၊ စာတွေ မလိုက်နိုင်မှာ စိုးစိတ်နဲ့ အားလပ်ချိန်တွေမှာ ရုံးခန်းထဲထိ ခေါ်ပြီး သင်ခဲ့ရတာတွေ၊ ဖွံ့ဖြိုးမှု အားနည်းလို့ ပထမတန်းရောက်နေတာတောင် စာကောင်းကောင်း မရေးတတ်ရှာသူလေးကို လက်ကလေးဆုပ်ကိုင်လို့ အရေးသင်နေရတာတွေ။ ပျိုးခဲ့သမျှ ပန်းကလေးတွေ ကြွေနွမ်းပျက်စီးသွားတာကို ဘယ်လို ဥယျာဉ်မှူးက ပျော်မှာလဲ။

ဖိနပ်မပါ ခြေဗလာလေးတွေနဲ့ မောင်နှမလေး နှစ်ယောက်ရဲ့ ပုံရိပ်ဟာ သူ့အာရုံထဲ စွဲထင်လာတယ်။ ခုတော့ စာသင်ခန်းလေးရဲ့ အဝေးကို ကျောခိုင်းထွက်သွားပြီပေါ့။ တစ်နေရာမှာ ပညာသင်ယူခွင့်မှ ရပါ့မလား။ သူ့ရင်တွေ ပူလာတယ်။ ပြတင်းတံခါးကို ထ, ဖွင့်လိုက်တယ်။ ကောင်းကင်တစ်ခွင်က ပြုံမလိုနဲ့ ညှိုနေတယ်။

"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော…"

ကျောင်းရှေ့က မြန်မာ့ပညာရေး မျှော်မှန်းချက်ဟာ ဖတ်ရင်းဖတ်ရင်း ဝါး ဝါးလာတာ မိုးရေတွေကြောင့်သာ ဖြစ်မှာပါလေ။ ■

**မိုးထက်ကျော်**

၊ကွင်းကောက်၊



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၀၅)မှ…*

ဖြစ်မည်ဟု သိရသည်။

လေးမောင် ပြည်ကို ဆိုင်ပစ္စည်းသွားဝယ်စဉ် ခတ္တာမေကို ဆိုင်ကယ်တစ်စီး ပေါ်မှာ တွေ့လိုက်ရသည်။ မောင်းသူက သူရလေး မဟုတ်ပေမဲ့ သူရလေးကို ဖက်သလို ဖက်ထား၏။ ဆိုင်ပြန်ရောက်တော့ ချစ်ထွန်းနှင့် ကောင်းမြတ်ကို ဖုန်းဆက်ခေါ်ရသည်။ အစ်ကိုတွေ ခေါင်းချင်းဆိုင်ရပြန်သည်။

သူရလေး ပြန်ရောက်ရောက်ချင်းပင် လေးမောင်ဆီကို ရောက်လာ၏။ ကောင်းမြတ်လည်း ပါလာသည်။ မျက်နှာတော့ မသာယာ။ သူရလေး အကြောင်းစုံသိသွားပုံရသည်။

"ကိုကြီးရဲ့ သွားကြားထိုးတံနဲ့ ဆောက်ထားတဲ့ အိမ်ကလေးကိုစ္စ သွားဖြတ်ရအောင် လိုက်ခဲ့ဦး"တဲ့။ လေးမောင် မငြင်းတော့ဘဲ ကားလေးဆွဲထုတ်ကာ ပြည်သို့ ထွက်လာခဲ့သည်။ သူရလေးမှာ ထင်ထားသည်ထက် တည်ငြိမ်နေသည်။ တစ်ခုခု ဆုံးဖြတ်ထားပုံပေါ်ပါသည်။

"အခု ခတ္တာမေ သူ့အိမ်မှာ မရှိဘူး၊ တစ်နေရာမှာလို့ ညီ ကြားထားတယ်"

မည်သူမျှ မတုံ့ပြန်ကြ။ သူရလေး ဆက်ပြောလာမည့် စကားများကို မျှော်နေကြသည်။

"သူ့အိမ်ကလည်း ညီနဲ့ သဘောတူတယ်။ ညီ့အလုပ်က ပြည်မှာ ရုံးခွဲဖွင့်ဖို့ရှိတယ်။ အဲဒီရုံးခွဲမှာ မန်နေဂျာအဖြစ် ပြောင်းလာဖို့ စီစဉ်ပြီးသားပါ။ အဲဒါကို သူလည်း သိပါလျက်နဲ့ဗျာ"

> ]Miss Graceful Moon ayġh
> emrnf[m
> vlavmuf
> vSJhvm;vW
> awGhaewmuG
> tckS
> tvBuD
> usOf;w,Jf
> rsufSf
> wyfkm;onfvdkf
> relfuav;\
> rsufvkd;6
> 0if;cejzpfoGonf

သူရလေး ကြေကွဲနေပုံရ၏။ ပြောရင်းဆိုရင်းပင် မြို့သစ် ၁၃ လမ်းရှိ ခတ္တာမေတို့ အိမ်ကလေးဆီ လေးမောင်တို့ ရောက်လာခဲ့သည်။ သပ်သပ်ရပ်ရပ်ရှိလှသည့် နှစ်ထပ်အိမ်လေးမှာ အသက် ၅၀ ဝန်းကျင် အမျိုးသမီးကြီးတစ်ဦးကို တွေ့ရသည်။ ခတ္တာမေ၏ မိခင်ဖြစ်ဟန်တူ၏။ မျက်နှာကျ၊ ကိုယ်နေဟန်ထား ဆင်လှသည်။

"သားတို့ ထိုင်ကြဦး၊ သမီးလေးတော့ မြို့ထဲကို သင်တန်းစုံစမ်းရအောင်ဆိုလား သွားလေရဲ့။ မောင်သူရနဲ့ အတူတူ သွားတယ်တောင် ထင်နေတာ"

ကော်ဖီနှင့် ဧည့်ခံသည်။ ရယ်ဒီမိတ်မဟုတ်။ အတော်ကောင်းသည့် လက်ဖျော်ကော်ဖီ။ လက်ဖက်ခြောက် ကောင်းကောင်း သုံးထားသည်။ သူရလေးက ကော်ဖီကို ဟန်ပြလောက်သာ သောက်၏။ အရသာ ခံပုံမရ။ ကော်ဖီခွက်ကို ကိုင်ထားသည့် သူရလေး၏ လက်တွေက လူသစ်စားပွဲထိုးတစ်ယောက်၏ လက်တွေလို မသိမသာ တုန်နေသည်။

"အခါတွင်းကို ဒီမှာနေဖို့ပါပဲ အန်တီရယ်။ ဒါပေမဲ့ အရေးတကြီး သင်တန်းတစ်ခုတက်ဖို့ ကျွန်တော် နိုင်ငံခြားကို သွားရဦးမယ်။ အဲဒါလေး လာနှုတ်ဆက်တာပါ။ သုံးလလောက်တော့ ကြာမယ် အန်တီရေ"

ခဏတစ်ဖြုတ် စကားပြောဆိုပြီးနောက် နှုတ်ဆက်ကာ ပြန်ခဲ့ကြသည်။

"အခုအချိန် ခတ္တာမေ ပျောက်သွားရင် ညီနဲ့ ခိုးပြေးတယ်လို့ ထင်လိမ့်မယ်။ အဲဒါကို ကြိုကာတာပါ။ ညီနဲ့ ခတ္တာမေတော့ ကိစ္စပြတ်ပြီဗျာ"

ကိုယ်တိုင် အသည်းကွဲဖူးသဖြင့် သူရလေးအပေါ် လေးမောင် စာနာမိသည်။ သွေးပူနေချိန်မှာ ဒီလိုဆုံးဖြတ်ချက်မျိုး ချနိုင်သည့်အတွက်လည်း ချီးကျူးမိသည်။

နောက်ထပ် တစ်နှစ်၊ နှစ်နှစ်။ သူရလေးပေါ်မလာ။ ခတ္တာမေကိုလည်း မတွေ့ရတော့။ သုံးနှစ်ကြာမှ သူရလေး ပြန်လာသည်။ ဒီတစ်ခါ ကိုယ်ပိုင်ကားလေးနှင့် ပေါ်လာသည်။ သူရလေးကို ကြည့်ရသည်မှာ တကယ့် လူကြီးတစ်ယောက်လို ဖြစ်နေ၏။ ဘောင်းဘီစမတ်ကျကျ၊ ရှူးဖိနပ်မှာ ပြောင်လက်နေသည်။ ကားပေါ်မှာ နောက်တစ်ဦး ပါလာသေး၏။

"ကိုကြီးကို လာကြွားတာ၊ ဝင်းလဲ့သော်တာတဲ့"

"Miss Graceful Moon ပေါ့။ နာမည်ဟာ လူလောက် လှပါ့မလားလို့ တွေးပူနေတာကွ၊ အခုမှ အလုံးကြီးကျသွားတယ်"

မျက်မှန်တပ်ထားသည့်တိုင် မိန်းကလေး၏ မျက်လုံးမှာ ဝင်းခနဲဖြစ်သွားသည်။ ခေါင်းကလေး ငုံ့ရင်း ရှက်ရယ်ရယ်နေပုံမှာ မိုးလောက် မလှသေးဟု လေးမောင် တွေးမိသည်။

"လှတင်လှတာ မဟုတ်ဘူး၊ စိတ်သဘောပါ အလွန်ကောင်းတာ ကိုကြီး။ မကြာခင် သိရမယ်။ ဝါကျွတ်ရင် ညီတို့ လက်ထပ်တော့မှာ"

သူရလေးတစ်ယောက် ပျော်နေပုံရပါသည်။ သူရလေးတို့ နှုတ်ဆက်ထွက်သွားတော့ လေးမောင် တွေးနေမိသည်။

အချစ်သည် သူရလေးအတွက် အမိုးဖွင့်ဇိမ်ခံကားလေးတစ်စီး။ အချစ်သည် လေးမောင်အတွက်တော့ နိဗ္ဗာန်ယာဉ်။

အချစ်သည် လူရွေးကာ အလိုက်အထိုက် ပေါင်းသင်းတတ်ပုံရပါသည်။ ■

**ကိုစက်ဖေ**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ချက်ကြော့ရဲ့ သေနတ်

## မိုးကျော်ဇင်

ဝတ္ထုတိုလေးတစ်ပုဒ်လောက် ရေးလိုက်ဦးမယ်လို့ စိတ်ကူးမိသွားတယ်။ ဒီစိတ်ကူးကလည်း ဘယ်ကဘယ်လို ဘယ်ဒွါရပေါက်က သူ့ခေါင်းထဲ ဝင်လာတယ် မသိပါဘူး။ ပြန်စဉ်းစားတော့လည်း ဆက်စပ်အကြောင်းရင်းကို ရှာမရပြန်ဘူး။ တကယ်ဆို ဘီယာလေး သွားသောက်ဖို့၊ ရုပ်ရှင်ကြည့်ဖို့၊ ကောင်မလေးနဲ့ ဒိတ်ဖို့ စတဲ့ စိတ်ကူးလေးတွေ ဝင်လာသင့်တယ် မဟုတ်လား။ ဖေ့စ်ဘွတ်ခ်ကို လျှောက်ကြည့်နေရင်း သူများတွေ တင်ထားတဲ့ သူများဝတ္ထုတိုတွေကို ဖတ်မိ သွားရာက ဒီစိတ်ကူးစ,ရခဲ့တာလား၊ သူ့ အရင် ဖေ့စ်ဘွတ်ခ်မှာ ဝတ္ထုတိုလေးတွေ တင်ခဲ့တုန်းက 'ကောင်းမှကောင်း'၊ 'ကြိုက်တယ်'၊ 'ထာဝရ အားပေးနေမယ်'၊ 'ရင်ထဲကိုထိသွားတာပဲ'၊ 'ဂုဏ်ယူနေပါတယ်' စတဲ့ မှတ်ချက်တွေကို မသိစိတ်က ပြန်သတိရသွားရာက စပြီး ဒီဝတ္ထုတို ရေးချင်စိတ်လေး ပေါ်လာတာလား။

ထားပါတော့လေ၊ အခုတော့ ဝတ္ထုတိုလေးတစ်ပုဒ်လောက် ရေးလိုက်ဦးမယ်။

ခက်တာက ဝတ္ထုတို ရေးမယ် သာဆိုတာ ဘာအကြောင်းရေးရမယ်မှန်း မသိသေးဘူး။ ကုန်ကြမ်းတွေကတော့ သူ့ခေါင်းထဲ အပြည့်ပါပဲ။ ဒါပေမဲ့ ကုန်ချောအဖြစ် ထုတ်လုပ်ဖို့ သူ့ဦးနှောက် စက်ရုံက မလည်ပတ်ရသေးဘူး။ ပြဿနာတော့ မရှိပါဘူး။ ဆရာကြီး မောင်သာရက ပြောခဲ့သေးတာပဲ။ ရေးတတ်ရင် ဝတ္ထုဖြစ်တယ်တဲ့လေ။ သူလည်း ရေးတတ်နေသူ တစ်ယောက်ပဲ။ ဘာရေးရေး ဝတ္ထုတော့ ဖြစ်သွားမှာပဲကို။

ဝတ္ထုတိုရဲ့ အဓိက ရည်ရွယ်ချက်က မက်ဆေ့ချ်ပေးဖို့ပဲလို့ စာပေစကားဝိုင်းတွေမှာ တံတွေးစက်ပေါင်းများစွာ အစဉ်ခံပြီး သူ နားယူခဲ့ပါတယ်။ ဟိုဝတ္ထုတို ဆရာကလည်း မက်ဆေ့ချ်ပေးမယ်၊ ဒီဝတ္ထုတို ဆရာမကလည်း မက်ဆေ့ချ်ပေးမယ်နဲ့ မက်ဆေ့ချ်တွေ များလွန်းလှတဲ့ မြန်မာဝတ္ထုတို လောကကြီးကို စိတ်ကူးယဉ်ကြည့်မိတော့ သူ့ဖုန်းထဲ နေ့စဉ် ဝင်ဝင်နေ



www.burmeseclassic.com

www.burmeseclassic.com

လွှန်းလို့ ဖျက်ဖျက်ပစ်နေရတဲ့ အမ်ပီတီတို့၊ အူရီဒူးတို့ရဲ့ မက်ဆေ့ချ်တွေကိုပဲ မြင်မြင်နေမိတယ်။

ဆရာတက်တိုးက တော့ **'ကမ္ဘာကျော်ဝတ္ထုတိုများနှင့် တက်တိုး၏ ရှင်းပြချက်'** ဆိုတဲ့ စာအုပ်အဖွင့်မှာ ဟော့ဒီလို လင်းပွင့်ပေးခဲ့ဖူးပါရဲ့။ ညမှောင်မှောင် သန်းခေါင်အချိန်လောက်မှာ သစ်တောထဲ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်ပါတဲ့။ အဲဒီဓာတ်မီးရဲ့ အလင်းစက်ဝန်းလေးထဲမှာ မြင်နေရတာက သစ်တောကြီးတစ်ခုလုံး မဟုတ်ပေမဲ့ သစ်တောကြီးရဲ့ အစိတ်အပိုင်းတစ်ခုပါပဲတဲ့။ ပြီးတော့ အဲဒီလက်နှိပ်ဓာတ်မီး အလင်းစက်ဝန်းလေးထဲ မြင်ရသမျှ သစ်တော အစိတ်အပိုင်းလေးကိုလည်း သစ်တောလို့ ပြောလို့ရပါတယ်တဲ့။ ဆိုလိုတာက ဝတ္ထုတိုဟာ ကိုယ်စားဖော်ပြနိုင်တဲ့ နယ်ပယ်ကျဉ်းပေမဲ့ လူ့လောကကြီးတစ်ခုလုံး အကြောင်းကို ကိုယ်စားပြုပြောနိုင်တယ်ပေါ့။ သူကတော့ အဲဒီအဆိုအမိန့်ကို သိပ်ကြိုက်ပေါ့။ လူထုပြီဆိုတာနဲ့ ကူးတို့ဆိပ် မှို့အိတ်ဖြေသလိုမျိုး ကြားဖူးနားဝ လျှောက်ဖွတော့တာပဲ။

ဒါနဲ့ပဲ ဝတ္ထုတိုလေး တစ်ပုဒ်ရေးဖို့ အကြောင်းအရာက ခုထိ ကုန်ချောဖြစ်မလာသေးဘူး။ သူ့ဦးနှောက်စက်ရုံကြီးကလည်း မလည်ပတ်တာကြာတော့ ပင့်ကူမျှင်တွေ၊ ပိုးချည်တွေနဲ့ ရှုပ်ထွေးနေတာ။ အင်ဂျင်နှိုးဖို့ ဘယ်ခလုတ်နှိပ်ရမယ်ကို မသိ

0wkvbY
ywbu&if
ausmif3 ausmif
&Sdv, fvbh
½kdfaumif
jyifopfaumifeY
tar&dudef
ausmifawG&Sdwbh
½kdfaumif
qdkwm
jrefmEdkifiH
pma&;q&m
wcsdKUpdkU
q&m0efbGJudk
wyifwvyef
, lyDS
aq;rxdkwmbJ
uavmifudkifcJhwbh
tefwGef
csufaumhU
0wkwdk
a&;[ efaygh

တော့ဘူး ဖြစ်နေတယ်။

အကြောင်းအရာကို စဉ်းစားရင်း အကြောင်းအရာနဲ့ ဇာတ်လမ်း၊ ဇာတ်လမ်းနဲ့ အဖြစ်အပျက်တွေဟာ အတူတူပဲလား၊ မတူခြားနားမှုတွေ လားလို့ ဆက်တွေးနေမိတယ်။ တစ်ဆက်တည်းပဲ နောက်ပိုင်း ဝတ္ထုတွေဟာ ဇာတ်လမ်းကို စွန့်ပယ်လာကြပြီလို့လည်း ပြောသံတွေ ကြား ကြားနေရတာကြာပေါ့။ ဇာတ်လမ်းမပါဘဲ အခင်းတွေ၊ အခက်တွေ၊ အဖြေတွေ ဘယ်လိုထည့်ရမလဲ။ ဒါဆို ဘယ်လိုဝတ္ထုဖြစ်တော့မလဲ။ ဒီတော့ သူဟာ ဖစ်ရှင်း(fiction)ရေးရမလား၊ နန်းဖစ်ရှင်း(non-fiction) ရေးရမလား။ ဘယ်လမ်းကို လျှောက်ရမလဲ။

ရွှေဘုံသာလမ်းက ခေတ်ပေါ်ကော်ဖီဆိုင်ကြီးတစ်ဆိုင်မှာတုန်းကတော့ ဝတ္ထုတိုဆရာကြီးတစ်ယောက်က ပြောဖူးတယ်။ ဝတ္ထုတိုနဲ့ ပတ်သက်ရင် ကျောင်း ၃ ကျောင်း ရှိတယ်တဲ့။ ရုရှားကျောင်း၊ ပြင်သစ်ကျောင်းနဲ့ အမေရိကန်ကျောင်းတွေပါတဲ့။ ရုရှားကျောင်းဆိုတာ မြန်မာနိုင်ငံက စာရေးဆရာတချို့လိုပဲ၊ ဆရာဝန်ဘွဲ့ကို တပင်တပန်းယူပြီးမှ ဆေးမထိုးတော့ဘဲ ကလောင်ကိုင်ခဲ့တဲ့ အန်တွမ်ချက်ကော့ရဲ့ ဝတ္ထုတိုရေးဟန်ပေါ့။ ပြင်သစ်ကျောင်းဆိုတာက မော့ပတ်ဆွန်းရဲ့ ရေးပုံရေးနည်းကို ညွှန်းတာ။ အမေရိကန်ကျောင်းဆိုတာကတော့ မြန်မာစာရေးဆရာတွေ အပြောများကြတဲ့ 'အိုဟင်နရီ အလှည့်လေး' လို့ ခေါ်တွင်ရတဲ့အထိ လက်မြောက်ခဲ့သူကြီး အိုဟင်နရီရဲ့ ဝတ္ထုတိုစတိုင်ပေါ့။ အင်း…အဲဒီဆရာကြီးရဲ့ ဝတ္ထုတိုတွေဖတ်ရတာ ပြင်သစ်ကျောင်းထွက်လို့ ယူဆရမလိုလိုပါပဲ။ ဒါနဲ့ဆက်စပ်ပြီး တွေးမိတာက သူလည်း ဘယ်ကျောင်းက ထွက်တာလဲပေါ့။ နောက်ဆုံးတော့ သူဟာ ကျောင်းမနေဖူးသေးတဲ့ ဝတ္ထုတိုသမားမှန်း ပြန်သိလိုက်ရတာပါပဲ။ ဒါပေမဲ့ သူများအမြင်မှာတော့ နယူးယော့ခ်ကပဲ ပြန်လာတာလိုလို၊ မော်စကိုကပဲ ပီအိတ်ချ်ဒီဘွဲ့ ရခဲ့တာလိုလို၊ ပါရီရဲ့ လမ်းမတွေပေါ်မှာပဲ သူ့ခြေရာတွေ ထပ်ခဲ့တာလိုလိုပေါ့။ ဟိုလိုလို ဒီလိုလိုစတိုင်ဟာ လူ့လောကထဲ နေထိုင်ဖို့ အသင့်တော်ဆုံး လူနေမှုပုံစံဆိုတာ သူက အသေအချာ သိထားတာကိုး။

ဘာပဲဖြစ်ဖြစ် ဝတ္ထုတိုလေး တစ်ပုဒ်လောက်တော့ ရေးလိုက်ဦးမှပါပဲလေ။

❑

မပြီးပြတ်သေးတဲ့ အတွေးမျှင်တွေကို ဒီအတိုင်းခဏထားပြီး ကွန်ပျူတာကိုဖွင့်၊ မိုက်ခရိုဆော့ဖ်ဝဒ်လေးကိုဖွင့်၊ ပြီးတော့ ခေါင်းစဉ်တပ်ဖို့ တွေးရပြန်တယ်။ ခေါင်းစဉ်ဟာ ဝတ္ထုတိုမှာတော့ အသက်ဝိညာဉ်ပဲလို့ ပြောကြတယ်။ ခေါင်းစဉ်များ အပေးမတတ်ရင် ခေါင်းစဉ်က ဝတ္ထုတိုရဲ့ ဆိုလိုရင်းကို ကြိုတင်ဖော်ကောင်လုပ်သလို ဖြစ်သွားပြီး အဲဒီဝတ္ထုတို ပျက်စီးသတဲ့။

သူ့ဝတ္ထုတိုရဲ့ ခေါင်းစဉ်ဟာ ထိမိရမယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ရှိရှိသမျှ အရေးတွေနဲ့ ခေတ်ပြိုင်ဖြစ်နေရမယ်။ ဒီလိုနဲ့ပဲ ခေါင်းစဉ် ၁၇ မျိုးလောက်ထဲက ဆန်ခါတင်တစ်ခု ပေးလိုက်ပါတယ်။

'နှင်းပြာအောက်က ငိုချင်းတေးတစ်ပုဒ်'

ထိမိလိုက်တာ။ တကယ့် ခေတ်ပြိုင်ပဲ။ လောကထဲ ရှိရှိသမျှ အရေးပေါင်းများစွာနဲ့ ခေတ်ပြိုင်နေတာ။ ဒိုင်နိုဆောတွေသာ မျိုးသုဉ်းသွားကြတယ်၊ ဘေဘီလုံ မြို့ကြီးသာ ပျက်စီးသွားခဲ့တယ်၊ ဗြိတိသျှတွေရဲ့ နေမဝင် အင်ပါယာကြီးသာ ပြို



www.burmeseclassic.com

www.burmeseclassic.com

ကွဲသွားခဲ့ရတယ်၊ ဒါပေမဲ့ ဆင်းရဲသားဆိုတာ ဘယ်တော့မှ မျိုးသုဉ်းမသွားမယ့် ထာဝရလူတန်းစားကြီးလေ။ ဒီလူတန်းစားကြီးကို ကိုယ်စားပြုတဲ့ ဝတ္ထုတိုဆိုရင် ဘယ်တော့မှ ခေတ်နောက်ကျကျန်ခဲ့မှာ မဟုတ်ဘူး။ ဒါက သေချာတယ်။

ဟုတ်ပြီ။ ခေါင်းစဉ်ကတော့ ဟုတ်ပြီ။ ဘယ်က စ, ရေးရမလဲ။ စောစောက ပြောနေသလို fiction ရေးရမလား၊ non- fiction ရေးရမလားပေါ့။ အမေရိကန်ကျောင်းထွက်လိုလို လုပ်ရမလား၊ ပြင်သစ်ကျောင်းထွက်ပဲ လုပ်ရမလားပေါ့။ ဇာတ်လမ်းကို စွန့်ပယ်ကျောခိုင်းဖို့တော့ မစဉ်းစားရေးချမစဉ်းစားပါဘူး။ ၁၅ မိနစ်လောက်အတွင်း ခေါင်းအချက် ၂၀၊ တင်ပါး အချက် ၃၀၊ မျက်နှာ ၁၅ ချက်လောက် ကုတ်ခြစ်ပြီးတဲ့အထိ ခေါင်းစဉ်အောက်မှာ စာတစ်လုံးမှ မရိုက်ရသေးဘူး။ ဒါနဲ့ပဲ စိတ်ကူးပေါက်လို့ ခေါင်းစဉ်လေးသာ ရေးထားရသေးတဲ့ ကွန်ပျူတာ မျက်နှာပြင်ကို ဖုန်းနဲ့ ဓာတ်ပုံရိုက်ပြီး ဖေ့စ်ဘွတ်ခ်မှာ ပို့စ်တင်လိုက်တယ်။ 'ဝတ္ထုတိုလေးတစ်ပုဒ်ရေးတော့မယ်နော်…'လို့ပါ စာရေးပေး လိုက်တယ်။ ၅ မိနစ်အတွင်း လက်မ ၅၅၅ ခုရတယ်။ အသည်းနီ ၁၀၅ ပွင့်။ မှတ်ချက် ၁၂၀။ အဲဒီမှတ်ချက်တွေကို ပြန်စာတွေရေး၊ လက်မအပြာလေးတွေပြန်ပေး၊ စတစ်ကာလေးတွေပြန်ပို့နဲ့ လုပ်နေလိုက်တာ ၁ နာရီခွဲလောက် အချိန်ကုန်သွားတယ်။ မဟုတ်သေးပါဘူး၊ ဝတ္ထုတိုလေးတစ်ပုဒ်လောက်တော့ ရေးမှဖြစ်မှာပါလို့ အရှိန်လေးထပ်တင်ပြီး အင်တာနက် ပြန်ပိတ်လိုက်တယ်။ ကွန်ပျူတာ ကီးဘုတ်ပေါ် လက်ချောင်းတွေ တင်လိုက်တယ်။ ဒါပေမဲ့ ဘယ်ခလုတ်ကိုမှ မနှိပ်ဖြစ်သေးဘဲ ဦးခေါင်းက မီးခိုးတွေ တအူအူထွက်နေသလားလို့ ထင်ရလောက်တဲ့အထိ ဦးနှောက်မုန်တိုင်း ဆင်နေမိတယ်။

ဇာတ်ကောင်က ဆယ်နှစ်သာသာ ကောင်မလေး။ ဂါဝန်အဟောင်းလေးက အဆင်အကွက်တောင် မပေါ်တော့ဘူး။ ခေါင်းပေါ်မှာ အကြော်ဗန်းလေး ရွက်လာတယ်။ အကြော်ဗန်း။ ဟာ ဟုတ်ပြီ။ ဒါ ရုရှားကျောင်းက ပညာတွေပြလို့ရပြီ။ အတွေးနဲ့ သူ တစ်ချက်မြူးသွားတယ်။ ရုရှားကျောင်းအုပ်ဆရာကြီး ချက်ကော့က ပြောခဲ့ဖူးတာ ရှိတာပဲ။ မြန်မာဝတ္ထုတိုဆရာတွေ လက်အတွေ့ဆုံး အရေးအသားဟန်တစ်ခုပေပဲ။ လက်အတွေ့ထက် 'အာ'အတွေ့က ပိုတောင်များဦးမယ်။ ဒီလိုလေ၊ ချက်ကော့က ပြောခဲ့သတဲ့။ ဇာတ်အဖွင့်မှာ နံရံပေါ် သေနတ်တစ်လက် ချိတ်ထားတယ်လို့ ပြထားတယ် ဆိုပါစို့။ ဇာတ်သိမ်းခန်းရောက်ရင် အဲဒီသေနတ်ကို ပစ်ရမယ်တဲ့။ အဲလိုမှမဟုတ်ရင် နံရံပေါ် အဲဒီသေနတ် ချိတ်ထားစရာမလိုဘူးတဲ့။ ဒီလို အတိအကျပြော၊ မပြော မသေချာပါဘူး။ သူလည်း လူပြောသူပြောကို မှတ်ခဲ့သားခဲ့ရတာကိုး။ ဒါကိုပဲ ရွှေပြည်ကြီးအဝေးနေ မြန်မာစာရေးဆရာကြီးတစ်ဦးက ချက်ကော့ရဲ့ သေနတ်ကိစ္စနဲ့ ပတ်သက်လို့ မြန်မာစာရေးဆရာတွေအကောက်အယူ လွဲနေတယ်ဆိုပြီး အကိုးအကားတွေနဲ့ ထောက်ပြခဲ့တာကို ပြီးစလွယ် ဖတ်ခဲ့ဖူးပါသေးတယ်။ ဒါပေမဲ့ ဒီမှာက ချက်ကော့ရဲ့ သေနတ်သီအိုရီနဲ့ အံဝင်ခွင်ကျကွက်တိဖြစ်နေပြီ။ မှားနေကာမှ မှားပရော့၊ အဲ့ဒီအယူအဆ အမှားကြီးကိုမှ ဒီမှာ လက်ခံထားမိပြီးပြီကိုး။

အဲဒီမှာ သူလည်း မြန်မာပီပီသသပဲ၊ သူ့ဇာတ်ကောင် ကောင်မလေးရဲ့ အကြော်ဗန်းလေးကို သေနတ်အဖြစ် နံရံမှာ ချိတ်ပြလိုက်ပါပြီ။

ကွန်ပျူတာကီးဘုတ်ပေါ် သူ့လက်ချောင်းတွေ ပြေးလွှားနေပြီ။ ဆရာ ဦးဝင်းငြိမ်းက **နှစ်ကြောင်းရေး တစ်ကြောင်းခြစ်** ဆိုပြီး စာရေးသူတွေ လေ့လာသင့်တဲ့ စာအုပ်ထုတ်ခဲ့ဖူးတာ သတိရသေးတယ်။ သူ့လိုလူအတွက်တော့ နှစ်ကြောင်းရေး တစ်ကြောင်းခြစ်စရာ မလိုပါဘူး။ တစ်ကြောင်းရေးတာနဲ့ နှစ်ကြောင်း ဖြစ်တာကိုး။

ဇာတ်ကောင် ကောင်မလေးက အမေမုဆိုးမကြီးကို လုပ်ကျွေးနေတာ။ အမေက အိုလှပြီ။ ဒီကြားထဲ အဆုတ်တီဘီဖြစ်ပြီး ချောင်းတွေ တရစပ် ဆိုးဆိုးနေတာ (တွေ့တယ်မဟုတ်လား၊ ဇာတ်နာတယ်နော်)။ မေ့တော့ မလို့၊ ကောင်မလေး နေတာက ဧရာဝတီမြစ်ဝကျွန်းပေါ်က ရွာလေးတစ်ရွာမှာ နေတာ။ ကောင်မလေးက ရွာရိုးလျှောက် အကြော်အော်ရောင်းနေတုန်း မြန်မာနိုင်ငံမြောက်ဘက် တောင်ကုန်းဒေသဆီကနေ ဘယ်အဖွဲ့ပစ်လိုက်မှန်းမသိတဲ့ အမြောက်ကျည်ဆန်ကြီးက အကြော်ဗန်းလေးပေါ် လာကျ။

လာပြီ၊ လာပြီ၊ ချက်ကော့ရဲ့ သေနတ်ကို ပစ်ရမယ့်အချိန်ရောက်လာပြီ။ ကံကောင်းချင်တော့ အမြောက်ကျည်ဆန်က ဘာမှားလို့လည်း မသိဘူး၊ တစ်ခုခု ချို့ယွင်းပြီး မပေါက်ကွဲဘူး။ ဒါပေမဲ့ ကံဆိုးချင်တော့ ကောင်မလေး ခေါင်းပေါ်က အကြော်ဗန်းရဲ့ နှုတ်ခမ်းနားကို ရှပ်ထိသွားရမယ်။ ဒီနေရာမှာ စောစောက နံရံပေါ်ချိတ်ထားခဲ့တဲ့ ချက်ကော့ရဲ့ သေနတ်ကို ဖြုတ်ပြီး၊ ခလုတ်ဆွဲလိုက်ရင် အကြော်ဗန်းလေး မှောက်မယ်၊ အကြော်လေးတွေလည်း မြေပြင်ပေါ် တစ်ခုတခြားစီ ပြန့်ကျဲသွားမယ်၊ ကောင်မလေးက ငိုမယ်၊ ပြီးရင် အမေဖြစ်တဲ့ ရောဂါသည်အဘွားကြီး ရောက်လာမယ်။

အိုကေပြီ။ နံရံပေါ်က ဇာတ်အဖွင့်မှာ သူချိတ်ထားခဲ့တဲ့ သေနတ်ကို ဆွဲယူလိုက်တယ်။ ပြီးတော့ သေနတ်



www.burmeseclassic.com

www.burmeseclassic.com

မောင်းကို ဖြုတ်လိုက်တယ်။

'ချောက်...'

'ဟာ...'

ကျည်မထွက်။ နောက်တစ်ချက် မောင်းဖြုတ်ပြန်တယ်။

'ချောက်....'

'ဟာ...'

ကျည်မထွက်။ သူ နောက်တစ်ချက် သေနတ်ခလုတ်မောင်းကို ဆွဲဖြုတ်လိုက်ပြန်တယ်။ နောက်တစ်ချက်။ နောက်တစ်ချက်။ နောက်တစ်ချက်။ နောက်တစ်ချက်။

'ချောက်... ချောက်... ချောက်... ချောက်...'

'အဟွတ်ဟွတ်... ဟွတ်...'

သေနတ်က ကျည်ဆန်မထွက်ဘဲ တချောက်ချောက် ဖြစ်နေတဲ့ကြားက ချောင်းတဟွတ်ဟွတ်သံကြောင့် လန့်ဖျပ်ပြီး လှည့်ကြည့်လိုက်တော့ လူတစ်ယောက်။ သူ တစ်ခါမှ မမြင်တွေ့ဖူးတဲ့ လူစိမ်းတစ်ယောက်။ အဲ... လူစိမ်းမဟုတ်ဘူး၊ လူက ဖြူဖပ်ဖြူရော်နဲ့။ နှာခေါင်းချွန်ချွန်၊ မျက်တွင်းချိုင့်ချိုင့်နဲ့။ ပြောင်းဖူးမွေးနဲ့တူတဲ့ မုတ်ဆိတ်မွေးတွေလည်း ခပ်ကျဲကျဲ ပေါက်နေသေးတာ။ တပ်ထားတဲ့ မျက်မှန်က ကိုင်းနဲ့မဟုတ်ဘူး။ အဲဒီကိုင်းမပါတဲ့ မျက်မှန်ကိုမှ ကြိုးတပ်ထားသေးတာ။ သိပ်အေးလွန်းလို့ ကုတ်အင်္ကျီရှည်ကြီး ဝတ်ထားတဲ့အပြင် လက်အိတ်တွေ၊ ဦးထုပ်တွေက ဆင်ယင်ထားသေးတာ။ အဆုတ်ရောဂါသည်လိုပဲ။ ပိန်ချုံးကျနေတဲ့ မျက်နှာမှာတော့ ရောင်ပြောင်ရိပ်တွေ အထင်းသား။

'ဟင်... ခင်ဗျား... ခင်ဗျား ဘယ်သူတုံး... ဘယ်က လာတာတုံး'

သူ ဟန်မဆောင်နိုင်တော့ဘူး။ တုန်တုန်လှုပ်လှုပ်ပဲ မေးလိုက်မိတယ်။ အဲဒီလူက သူ့ကိုကြည့်ပြီး ချောင်းတဟွတ်ဟွတ် ထပ်ဆိုးတယ်။

'ငါက အတိတ်ကာလက လာခဲ့တာပါ။ ငါ့နာမည်က ချက်ကော့၊ အန်တွမ်ချက်ကော့၊ ဒေါက်တာအန်တွမ်ချက်ကော့၊ ဆေးပညာဟာ တရားဝင်မယား၊ စာရေးခြင်းဟာ အပျော်မယားပါလို့ ကြွေးကြော်ပြီး၊ အပျော်မယားကို နောက်ဆုံးအချိန်အထိ ပေါင်းသင်းသွားခဲ့တဲ့ ချက်ကော့ပါကွာ'

သူပြောတာ အင်္ဂလိပ်စကားမဟုတ်ဘူး။ မြန်မာစကားလည်း မဟုတ်ဘူး။ သူ့နားနဲ့ လုံးဝ အချိုးအဆစ်မပြေတဲ့ လေယူလေသိမ်းနဲ့ ပြောနေတာ။ ဒါပေမဲ့ ထူးဆန်းတာက သူ နားလည်နေတာပဲ။ ပိုထူးဆန်းသွားတာက သူဟာ ချက်ကော့တဲ့။ စောစောက တုန်လှုပ်နေတဲ့စိတ်တွေလည်း မရှိတော့ဘူး။ အတွေးထဲ မီးသီးတစ်လုံး လင်းသွားတယ်။

'ဘာ... ချက်ကော့... ဟုတ်လား၊ ဒါဆို အတော်ပဲ၊ ဒီမှာ ခင်ဗျားသေနတ် ပစ်လို့မရတော့ဘူးဗျ၊ ဘာဖြစ်တယ် မသိဘူး၊ ကြည့်ပေးစမ်းပါဗျာ'

ဒီတစ်ခါတော့ ချက်ကော့က ချောင်းသံ တဟွတ်ဟွတ်ကြားကပဲ တဟင်းဟင်းနဲ့ ရယ်သေးတယ်။

'ဒီမယ် ကိုယ့်လူ၊ သေနတ်ကို ဘာမှ ပြန်ကြည့်ဖို့ မလိုတော့ပါဘူး၊ တကယ်က သေနတ်ထဲမှာ ကျည်ဆန်တစ်တောင့်မှ မကျန်တော့လို့ ပစ်မရတော့တာကွ၊ မင်းတို့ဆီကို ဒီသေနတ် စ,ရောက်ပါပြီဆိုကတည်းက ဟိုလူက တဒိုင်းဒိုင်းပစ်၊ ဒီလူက တဒိုင်းဒိုင်းပစ်။ ဒီလောက်နှစ်ပေါင်းများစွာ တပစ်တည်းပစ်နေမှတော့ ကျည်ဆန် ကုန်ပြီပေါ့ကွ... ငတုံးရ'

ဟင်...။ စကားရှည်ကြီးကို ဆောင့်ကြီးအောင့်ကြီး ပြောပြီးသွားတာနဲ့ ချက်ကော့ ချောင်းတွေ တဟွတ်ဟွတ် ဆိုးတယ်။ ချောင်းဆိုးလိုက်တာမှ တစ်ကိုယ်လုံး ယိမ်းထိုး လှုပ်ခါသွားအောင်ကို ဆိုးနေတာ။ ချောင်းဆိုးလွန်းလို့ တစ်ကိုယ်လုံး လှုပ်ခါနေတဲ့ ချက်ကော့ဟာ သူ့မျက်လုံးထဲ အရိပ်တစ်ခု လှုပ်ရှားနေသလိုပဲ။ ခဏကြာတော့ အရိပ်ကနေ အငွေ့၊ အငွေ့ကနေ လုံးဝပျောက်သွားပါတော့တယ်။

❑

ရေးလက်စ ဝတ္ထုတိုထဲက ဇာတ်ကောင် ကောင်မလေးရဲ့ အကြော်ဗန်းပေါ် အမြောက်ကျည်ဆန်ကြီးက ကျလုဆဲဆဲ ဖြစ်နေတုန်း။ သူကလည်း ကွန်ပျူတာရှေ့မှာ ထိုင်ပြီး ချက်ကော့ရဲ့ ကျည်ဆန်မရှိတော့တဲ့ သေနတ်အဟောင်းကြီးကို ကိုင်ထားနေတုန်း။ ။ ■

**မိုးကျော်ဇင်**


**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# သခါးကြိုင်

# ပန်းကြာဖြူ/ကားအိ

"ခက်ရေ… သန်ဘက်ခါ ညီလေးတို့ရောက်မယ်တဲ့။ သူတို့လာရင်နေဖို့ အခန်းပြင်ထားတော့နော်။ အင်း… ဖေ့သမီးလေးလည်း အဖော်ရလို့ ပျော်တော့မှာပဲ"

မောင်က အားတက်သရော ပြောနေသလောက် ခက်က စကားမပြန်နိုင်ပေ။ အတွေးထဲ နေ့ခင်းက ရုံးမှာ ကြားလာသည့် သက်ငယ်မုဒိမ်းမှုတွေအကြောင်းက ကြီးစိုးနေဆဲ။


"ခက်… ဘာတွေ ဒီလောက်တောင် တွေးနေတာလဲ။ မောင် ပြောတာကော ကြားရဲ့လား"

မောင်က ပခုံးကို ကိုင်လှုပ်လာတော့မှ ခက် ယောင်အမ်းအမ်း ဖြေမိသည်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

'ဘာပြောလိုက်လဲ မောင်'

'ဩော် ညီတို့ရောက်လာတော့မယ်လို့။ အဲဒါ အခန်းပြင်ထားပေးဖို့။ ဟုတ်ပြီနော်။ ကိုယ် လက်ဖက်ရည်ဆိုင်သွားဦးမယ်။ သမီးရေ… ဖေကြီးနဲ့လိုက်မလား'

'တော်ပြီမောင်၊ သမီး ဘာသာ ကစားနေပါစေ။ ခေါ်မသွားနဲ့တော့'

ကစားမက်နေသော သမီးက သူ့အဖေကို စကားမပြန်နိုင်ခင် ခက်က ဝင်ပြောလိုက်သည်။

'ဖြစ်ပြန်ပြီ။ ခါတိုင်းတော့ အိမ်အလုပ်တွေ မပြီးနိုင်လွန်းလို့ သမီးကို အပြင်ခဏခေါ်သွားပေးဦးလို့ အမြဲပြောတတ်တာ ဘယ်သူတုံး'

မောင်က ဖိနပ်စီးနေရင်းက လှမ်းပြောသည်။ ခက် ဘာဖြေရမှန်း မသိ။

'ကဲသွားပြီ၊ မြန်မြန်ပြန်လာမယ်'

မောင်ထွက်သွားတော့မှ ခက်လည်း အိမ်ရှေ့တံခါးကို ကမန်းကတန်း ထ,ပိတ်လိုက်သည်။ ခက်ရင်ထဲက သောကတွေကို မောင်သိအောင် ဘယ်လိုပြောရပါ့။

'မေ… ဦးငယ်တို့ လာတော့မှာလား'

သူ့အဖေ ပြောသံကို တစ်စွန်းတစ်စကြားလိုက်ဟန်တူသော သမီးက ကစားနေရာက ထ,လာပြီး ခက်ကို မော်ကြည့်ရင်း မေးသည်။ ခက် ခေါင်းကို လေးပင်စွာ ညိတ်ပြလိုက်သည်။

'ဟေး… ပျော်တယ်ဟေ့၊ ပျော်တယ်ဟေ့။ မေမေ သမီးတို့ ဘာဘကြီးခြံထဲ သွား

t azmfuaom
orD, f&, bH
ctkdkdpfpbnf
olwkd
a&muf/mrSyif
reufbnf
nwkdf
vGyfNvkdeonf
okdomf/nf
cufbnf
pd/fjzmi fjzmi h
rxm;Ekdf
rdifvpfDyD
pkdcfpd/f
uJ/kdubnf
vqkd/m
ajymvkd/m
r[ kvf
'gNumifv nf
cufyJoJ
armi fut p
orDukd
b, bekdS
rvTvf0hmyif

ကြမယ်နော်။ ရေလည်း သွားကူးမယ်'

'တိတ်စမ်း၊ လျှာမရှည်နဲ့'

ဘာကြောင့်ရယ် မသိ။ ခက် သမီးလေးကို အော်ငေါက်ပစ်လိုက်မိသည်။ သမီးလေးကို ကြည့်လိုက်တော့ မျက်ရည်လေးဝဲတဲတဲ။ နဂို အေးသူလေးမို့ ဘာမှတော့ ထပ်မပြောပေ။ ဒီလိုဆိုတော့လည်း ခက် ဝမ်းနည်းရပြန်သည်။

'အေးပါ သမီးရယ်၊ မေမေလိုက်ပို့ပေးမှာပေါ့'

'ဟေး… အဲဒါကြောင့် မေမေ့ကိုချစ်တာ'

အားရဝမ်းသာ အော်ဟစ်ရင်း ခက်ခြေထောက်တွေကို ဖက်တွယ်နမ်းရှုပ်လာသည့်သမီးလေးကြောင့် ခက်ရင်မောရပြန်ပြီ။ သမီးလေးက ဝမ်းသာစရာတစ်ခုခု တွေ့ကြုံတိုင်း အနားက လူကို ပွေ့ဖက်နမ်းရှုပ်တတ်သည့်အကျင့်ရှိသည်။ လမ်းလျှောက်တတ်ခါစ၊ စကားတတ်ခါစအရွယ်တုန်းကတော့ ထိုအမူအကျင့်လေးက သိပ်ချစ်ဖို့ ကောင်းသည်ဟု ခက် ထင်မှတ်ခဲ့ဖူးသည်။ ခုတော့ သမီးလေးက ကလေးပေါက်စ မဟုတ်တော့။ KG ကျောင်းသူလေးပင် ဖြစ်နေလေပြီ။ ကျောင်းမှာကော ဒီလိုပဲ ပြုမူလေသလား။ အတွေးတစ်စက ခက်ရင်ဝကို ဆောင့်တွန်းလိုက်သည်။

'ဒုက္ခပါပဲ'

ခပ်တိုးတိုးလေးလည်း ညည်းလိုက်မိသည်။ အဖေတူသမီးလေးက မျက်လုံးမျက်ခုံးကောင်းသလို မျက်နှာကျက ခက်လိုမျိုး သွယ်သွယ်လေး ဖြစ်သည်။ ဒီကြားထဲ နှုတ်ခမ်းထောင့်စွန်းက မှဲ့နက်ကလေးကြောင့် မြင်သူတိုင်းက ဝိုင်းချစ်တာခံရသော ကလေးလေး ဖြစ်ခဲ့သည်။ သူ့အဖေတင်မက ခက်ကိုယ်တိုင်ပင် ချစ်သူခင်သူပေါများသည့်သမီးကြောင့် ကျေနပ်ပီတိဖြစ်ခဲ့ရတာ အမှန်ပင်။

'မေမေ… ဦးငယ်တို့က ဟိုဘက်အခန်းမှာ နေရမှာ ဟုတ်'

သမီးလေးက တံမြက်စည်းလေးကိုင်ရင်း ပြောလာမှ ခက်တစ်ယောက် အခန်း ပြင်ပေးရမှာကို သတိရသည်။

'အေး… ဟုတ်တယ် သမီး။ ပေး၊ မေမေ တံမြက်စည်းလှည်းပေးမယ်။ သမီးက ရေချိုးခန်းထဲက ကြမ်းတိုက်တဲ့အဝတ် သွားယူခဲ့'

သမီးလေးက သွက်သွက်ကလေး ပြေးသွားသည်။ အိမ်နားပတ်ဝန်းကျင်မှာ ကစားဖော်မရှိသော သမီးကလေးက ဒီလိုကျောင်းပိတ်ရက်မှာ ရောက်လာတတ်သည့် သူ့ဦးငယ်ကို မျှော်နေမြဲပင်။ မြို့ပေါ်က တိုက်ခန်းကျဉ်းလေးတွေမှာပဲ ရှင်သန်နေရသည့် သူ့ဦးငယ်ကလည်း ခက်တို့ နယ်မြို့ကလေးမှာ လွတ်လွတ်လပ်လပ် လာနေရတာကို ပျော်တာတော့ မဆန်းပေ။ ဦးငယ်က သူတစ်ယောက်တည်းတော့ လာလေ့မရှိ။ သူ့ သူငယ်ချင်းတစ်ယောက်စ၊ နှစ်ယောက်စ အဖော်ခေါ်လာတတ်သည်။

ဒါကလည်း ခက်တို့အတွက် ပြဿနာတော့ မဟုတ်။ အင်မတန် စိစစ်သော မောင့်မေမေက သူ့သားကြီး ထွက်ငွေများမှာတော့ စိတ်ပူပုံရသည်။ ထို့ကြောင့် ခက်တို့ထံ လာလည်မည့် ကလေးများက သူတို့အတွက် အသုံးစရိတ်ကို သူတို့ ယူလာပြီး ခက်တို့ကို ပေးရမည်ဟု စည်းကမ်းချထားပေးလေသည်။

'မေမေ ဦးငယ်တို့က ဘယ်နှရက်နေမှာလဲဟင်'

လိုရမည်ရ သုံးယောက်စာ ခေါင်းအုံး၊ စောင်သယ်



www.burmeseclassic.com

www.burmeseclassic.com

လာသော ခက်ကို တက်ကြွစွာ ကြမ်းတိုက်နေသည့် သမီးလေးက ဆီးမေးသည်။

'အင်း ဘယ်နှရက်နေမှာပါလိမ့်'

ခက်မှာ အတွေးသစ်တစ်ခု စတင်ရပြန်သည်။ ဒီနှစ်ဆို ဦးငယ်လေးတို့က ကိုးတန်းစာမေးပွဲ ဖြေလိမ့်မည်။ အောင်ရင် နောက်နှစ်ခါ ဆယ်တန်း။ ဒါဆိုရင်တော့ ကျူရှင်တွေက ပုံမှန်ထက် စောတက်ရတာဆိုတော့ ကြာကြာတော့ နေနိုင်မယ်မထင်။ ခက်တစ်ယောက် ရင်ဝမှာ ဆို့နင့်နေသည့် အပူတွေ အတန်ငယ်လျော့သွားသလိုပင်။

❑

၂။

'ဟော့ ညီ၊ ကိုကို ဒီဘက်မှာ'

အဝေးပြေးကားပေါ်မှ ဆင်းလာသည့် ညီဖြစ်သူကို မောင်က လှမ်းအော်လိုက်သည်။

'ဟေး… အချစ်ကလေး'

ဦးငယ်က အစ်ကိုထက် တူမဖြစ်သူကို ပိုပြီး အာရုံလာသည်။ သမီးငယ်ကလည်း သူ့ဦးငယ်ကို မြင်တာနှင့် ခုန်ဆွခုန်ဆွ ဖြစ်လာသည်။ ခက်က သူ့လက်ကို အတင်းဆုပ်ထားတာမို့ ပြေးထွက်သွားလို့တော့မရ။

'ဝါး… ဦးငယ်အချစ်ကလေးက အတော်ကြီးလာပြီပဲ။ လာပါဦး၊ ချီနိုင်သေးရဲ့လားလို့'

ခက်ရှေ့မှာ ဒူးထောက်ရင်း သမီးငယ်ကို ပွေ့ချီလိုက်သည့်အခိုက်အတန့် ခက်ရင်ထဲမှာ ထိတ်ခနဲ။

'ပြွတ်'

သူ့ဦးငယ်ပါးကို အမြတ်တနိုး အနမ်းပေးလိုက်သည့် သမီးငယ်၏ နှုတ်ခမ်းနီစွေးစွေးလေးကို ခက် တားမမီလိုက်ပေ။

'မမ နေလို့မကောင်းဘူးလား၊ မျက်နှာက ဖြူဖပ်ဖြူရော်နဲ့'

ဦးငယ်က ပြောတော့ မောင်ကပါ ခက်ကို လှည့်ကြည့်သည်။

'အေးကွာ၊ ဒီရက်ပိုင်း မင်းအစ်မ သိပ်နေမကောင်းပုံပဲ။ စကားပြောတာလည်း အာရုံ မလာတစ်ချက် လာတစ်ချက်။ မင်းတို့လာတာ အတော်ပဲ။ သူ့ကို ကလေးကူထိန်းမယ့်အဖော် ရတာပေါ့'

မောင့်စကား ကြားမှပင် ခက်တစ်ယောက် မတ်မတ်ရပ်နေရာက ယိုင်မလို ဖြစ်သွားသည်။

'လာ သမီး၊ ဦးငယ် ခရီးပန်းလာတယ်။ မေမေချီမယ်'

ပြောရင်း သူ့လက်ထဲက သမီးငယ်ကို ဆွဲယူလိုက်တော့ ဦးငယ်က ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ ဘာမှတော့ မပြော။

'ကိုကို ဒီတစ်ယောက်ကတော့ မနှစ်ကလည်း ပါလာဖူးတော့ ထပ်ပြီး မိတ်မဆက်တော့ဘူး။ ဒီဘက်က တစ်ယောက်ကတော့ ခုမှ လာဖူးတာ။ စည်သူအောင်တဲ့။ အရင် ကျွန်တော်တို့နေတဲ့ ခြောက်လမ်းထဲကပဲ။ ဒီကောင်က စပါးပင်တောင်မှ မမြင်ဖူးဘူးဆိုလို့ တမင်ခေါ်လာတာ'

ဦးငယ်က ရယ်ရယ်မောမော မိတ်ဆက်ပေးနေသော်လည်း ခက်ကတော့ လိုက်မရယ်နိုင်ပေ။ အသစ်ပါလာသော ကောင်လေးမျက်နှာကိုသာ အကဲခတ်နေမိသည်။ ရိုးမှရိုးရဲ့လား။ မြို့ကြီးသားပီပီ အတတ်ဆန်းတွေများ တတ်နေမလား။ ခက် ရင်ထဲမှာ အတွေးတွေက တသီတတန်းကြီး။

❑

၃။

'ဟော… အစ်မ ဘာချက်မလဲ။ ငါးရံ့၊ ငါးခူလည်း ရှိတယ်နော်၊ ကင်းမွန်လည်း ရှိတယ် အစ်မရေ'

ဈေးထဲ စ,ဝင်လိုက်သည်နှင့် ထိပ်ဆုံးမှာ ရှိနေသည့် ငါးသည်ကောင်မလေးက အော်ပြီး နှုတ်ဆက်လိုက်သည်။ ခက် ပြုံးရုံလေး ပြုံးပြလိုက်သည်။ ဒီနေ့ ဘာတွေပေါ်လဲ သိရဖို့ ဘာမှမဝယ်ခင် ဈေးတစ်ပတ်တော့ ပတ်ရပေဦးမည်။ လွယ်လွယ်ကူကူ ကြက်သား ဝယ်မလား စဉ်းစားသေးသည်။ မဖြစ်။ လူဦးရေက များနေသည်။ မောင်က တောကြက်ပဲ စားတာဆိုတော့ အကုန်အကျ များမည်။ ခက်မျက်လုံးတွေက ဒန်အိုးတစ်အိုးထဲက ပုစွန်တွေထံ ရောက်သွားသည်။ တောသည်မို့ ပုစွန်တွေက လတ်လတ်ဆတ်ဆတ်။

'ပုစွန် ဘယ်ဈေးလဲဟင်'

ဈေးသည်က မဖြေအား။ ပိုက်ဆံတွက်နေသည်။

'တစ်သောင်းနှစ်ထောင်တဲ့'

ခက်လို ဝယ်သူတစ်ယောက်ကပင် ဖြေပေးသည်။ ဈေးကတော့ မဆိုး။ ခက်စိတ်ထဲက တွက်ချက်လိုက်သည်။ ငါးဆယ်သားဆိုလျှင် ခြောက်ထောင်။ အကောင်နှစ်ဆယ်အထက်တော့ ရလိမ့်မည်။ တစ်ယောက်လေး ကောင်နှုန်း။ ဝယ်ဖို့ ဆုံးဖြတ်လိုက်သည်။

'ငါးဆယ်သား ယူမယ် အစ်မ'

'ခဏစောင့်နော်'

ရှေ့မှ ဝယ်သွားသူကို အသင့်ချက်နိုင်အောင် ပုစွန်အခွံနွှာပေးရင်း ဈေးသည်က ပြန်ဖြေသည်။ ဒီအတိုင်း ကြော်မှာထက် တစ်ခုခုနှင့် ရောချက်လိုက်က ဟင်းပွားသွားမည်ဟု ခက်တွေးလိုက်သည်။

'မစုရေ ကြားပြီးပြီလား'

'ဘာလဲဟယ်၊ ညည်းစကားက အစမရှိ အဆုံးမရှိ'

'ဟိုသတင်းလေ၊ ဦးလေးအရင်းက တူမကို မုဒိမ်းကျင့်ပြန်ပြီတဲ့'

'ဟဲ့ ဘယ်မှာတုံး'

'ဘယ်တုန်းကလဲ'

'နင်တို့ပြောမှ ငါ့သမီးကို သတိရတယ်။ ဒီကောင်မ ဘယ်နား သွားကစားနေပြန်ပါလိမ့်။ ဟိုနှာဘူးအရူးကလည်း ဒီတစ်ပိုက်မှာပဲ လှည့်နေတာနဲ့'

ဈေးသည်တစ်စု ကျွက်စီကျွက်စီ ညံသွားသည်။ ခက်အတွေးထဲ အိမ်မှာ ကျန်ခဲ့သည့် သမီးမျက်နှာကို ပြေးမြင်သည်။ ခက် ထွက်လာတုန်းကတော့ မနိုးသေး။ ကိစ္စမရှိ။ နိုးလာရင် သူ့ဦးငယ်က



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာသစ်၊ သွားတိုက်ပေးလိမ့်မည်။ ခက် ပြင်ပေးခဲ့သည့် မနက်စာ ကျွေးပေမည်။ ဒါပေမဲ့…။ ခက်ရင်ထဲက အပူလုံးကြီးက ကြွတက်လာပြန်သည်။

'ပုစွန်မြန်မြန်ချိန်ပေးပါ'

ရုတ်တရက် ထ,အော်လိုက်သည့် ခက်အသံကြောင့် ဘေးကလူတွေတောင် လန့်သွားသလိုပင်။ လုပ်လက်စ ပုစွန်တွေကို ဘေးခဏချပြီး ခက်ဖို့ ငါးဆယ်သားကို အမြန်ကောက်ချိန်ပြီး ကမ်းပေးသည့် ဈေးသည်ကိုတော့ ခက် နည်းနည်းအားနာစိတ်ဝင်မိသည်။ ပြုံးပြလိုက်သော်လည်း သူက မျက်နှာလွှဲသွားပေပြီ။ အနီးဆုံး ဟင်းရွက်ဆိုင်မှာ မုန်လာဥနှစ်စီးဝယ်လိုက်သည်။ ပြီးတော့ သမီးငယ်အတွက် ကြက်ဥဆယ်လုံး ဝယ်သည်။ ပြီးတာနှင့် ဈေးထဲကနေ သုတ်သီးသုတ်ပျာ ထွက်လာခဲ့သည်။

'အစ်မ ပိုက်ဆံအမ်းတာ ပြန်ယူသွားဦးလေ'

နောက်က ပြေးလိုက်လာပုံရသည့် ကုန်စုံဆိုင်က ကောင်လေးက အမောတကောလှမ်းအော်တော့မှ ခက်တစ်ယောက် ကိုယ်ရှိန်သတ်မိသည်။ သို့တိုင်အောင် စိတ်တွေက မငြိမ်မသက်။ အိမ်နှင့် နီးလာလေ ခက်ရင်တွေ တဒိတ်ဒိတ် ခုန်လာလေပင်။ ဦးငယ်သည် သမီးနှင့် မစိမ်းသလို ခက်နှင့်လည်း မစိမ်း။ သူငယ်ငယ်က ခက်ကိုယ်တိုင် ထိန်းကျောင်းခဲ့ရဖူးသည်။ ကျောင်းအကြိုအပို့ လုပ်ဖူးသည်။ အစအနောက် သန်သလောက် လိမ္မာမှန်း ခက်ကောင်းကောင်းသိသည်။

ဒါဆို သူနှင့် အတူပါလာသည့် နောက်တစ်ယောက်ကကော။ မနှစ်ကတည်းက ခက် သူ့ကိုလည်း သဘောကျခဲ့သည်။ ဦးငယ်လို ကလေးချစ်တတ်သူမို့ သမီးလေးက သူတို့နှစ်ယောက်နှင့်သာဆိုလျှင် ခက်တို့ကိုပင် အရေးမလုပ်ဘဲ ပျော်ရွှင်နေတတ်သည်။ လူက ပိန်ပိန်ပါးပါးဖြစ်သော်လည်း သမီးငယ် အလိုကျ ဆင်ကြီးမိုမို လုပ်ပေးတတ်သည်။ သမီးငယ် စိတ်တိုင်းကျ အိမ်ပုံကလေးတွေ ဆွဲပေးတတ်သည်။ ဒါဆို အသစ်ပါလာသော ကောင်လေး တစ်ယောက်ပဲ ကျန်သည်။

သူကကော မနေ့က တစ်နေ့လုံး အကဲခတ်မိသလောက်တော့ သူလည်း မဆိုး။ ဦးငယ်တို့ သူငယ်ချင်း ပီသစွာပင် စရိုက်တူကြသည်။ အဖော်မက်သော သမီးငယ်၏ ရယ်သံ ခိုးခိုးခစ်ခစ်သည် သူတို့ရောက်လာမှပင် မနက်မှ သည် ညတိုင် လွင့်ပျံ့လို့နေသည်။ သို့သော်လည်း ခက်သည် စိတ်ဖြောင့်ဖြောင့် မထားနိုင်။ မိခင်တစ်ဦးပီပီ စိုးရိမ်စိတ်ကဲလိုက်သည်။ လူဆိုတာ ပြောလို့ရတာ မဟုတ်။ ဒါကြောင့်လည်း ခက်မပါဘဲ မောင်က အစ သမီးကို ဘယ်သူနဲ့မှ မလွှတ်ဝံ့တာပင်။

'မောင့်မေမေကလည်း ဘာလို့များ သမီးမမွေးဘဲ သားတွေချည်း မွေးထားပါလိမ့်'

မဆီမဆိုင် ယောက္ခမကို လှမ်းပြီး အပြစ်တင်လိုက်သေးသည်။ အိမ်နားရောက်ခါမှ ခက်ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားမိသည်။

'ဘုရားရေ… တစ်အိမ်လုံး တိတ်ဆိတ်လို့ပါလား'

အပြေးတစ်ပိုင်း ခြံထဲဝင်လိုက်သည်။ အိမ်ရှေ့တံခါးမက ပွင့်လျက်သား။ လူအရိပ်အခြည်ရယ်လို့မမြင်။ ဘာတွေဖြစ်ကုန်ပါလိမ့်။

'သမီးရေ… သမီး…'

စိုးရိမ်တကြီး အော်လိုက်သော်လည်း အသံကလည်ချောင်းဝမှာတင် ဆို့နင့်နေသည်။ အိမ်ထဲပြေးဝင်သွားသည့်ခက်၊ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ပါးစပ်ပိတ်သွားရသည်။ အရုပ်သရဲကားကို ငြိမ်သက်စွာ ကြည့်နေသည့် သူတစ်စု။ အတိအကျပြောရပါလျှင် ကလေးလေးယောက်နှင့် လူကြီးတစ်ယောက်။ သူ့ဖေဖေ ပေါင်ပေါ်မှာ ထိုင်နေသည့် သမီးလေးက သူ့မျက်နှာကို သူ့အဖေပုဆိုးနှင့်ပင် အုပ်ထားလိုက်သေးသည်။ ဟိုသုံးယောက်ကတော့ နံရံမှာ စုပြီးကပ်နေကြသည်။ သရဲကားကို အာရုံစိုက်နေကြတော့ ခက် ဝင်လာတာကိုတောင် သတိမပြုမိကြပုံပင်။ ခက်ရင်ထဲက အပူတွေကို လေပူတွေအဖြစ် နှုတ်ခမ်းဖျားကတစ်ဆင့် မှုတ်ထုတ်လိုက်သည်။

'ဖေဖေ၊ သရဲ သွားပြီလားဟင်'

သမီးငယ်လေးအသံက ခပ်ရှင်ရှင်။ အားကိုးရှိတာမို့ တမင်လုပ်ကြောက်နေမှန်း သိသာလှသည်။

'အင်း… ဒီနေ့က မောင့်ရုံးပိတ်ရက်ပဲ'

မောင်ပြောသလို အရာရာကို တလွဲတချော်ဖြစ်နေသော ကိုယ့်အဖြစ်ကို ကိုယ်သတိပြုလိုက်မိသည်။

'မောင်…'

အမောမပြေသေးသော စိတ်ကိုထိန်းပြီး အသံပြုလိုက်သည်။

'ဟော… မမပြန်လာပြီ။ ကိုကို ခဏပိတ်ထားလိုက်ဗျာ။ မမ ဟင်းချက်ဖို့ ဝိုင်းကူပြီးမှ ဆက်ကြည့်ကြတာပေါ့'

လိမ္မာသည့် ဦးငယ်က ပြောပြောဆိုဆို ထိုင်ရာမှ ထလာပြီး ဈေးခြင်းကူဆွဲတော့ ခက်စိတ်ထဲ တွေးမိသည့် အတွေးဆိုးကြောင့် စိတ်မကောင်း ဖြစ်ရပြန်သည်။

'လာ မီးငယ်၊ ကိုကိုနဲ့ ခြံထဲဆင်းပြီး မြက်နုတ်ကြမယ်'

ဦးငယ် သူငယ်ချင်းတစ်ယောက်က သမီးလေးလက်ကို ဆွဲပြီး အပြင်ထွက်ဖို့ ပြင်သည်။

'မသွားရဘူး'

အော်ရင်းက သမီးငယ်လက်ကို ဆတ်ခနဲ ဆွဲလိုက်မိသည့်လက်ကို မောင်က မျက်လုံးပြူးနှင့် လှမ်းကြည့်သည်။

ဟုတ်ပါရဲ့၊ ဘာလို့များ ခက်တစ်ယောက် ဒီလိုတွေ လုပ်နေမိပါလိမ့်။ ■

**နန်းကြာဖြူ(ဘားအံ)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အိမ်တိုင်း အိမ်တိုင်း၏ ဧည့်ခန်းတွင် မိသားစု ဓာတ်ပုံ တစ်ပုံစီတော့ အနည်းဆုံး ရှိနိုင်သည်။ ဘွဲ့ယူသောပုံဖြစ်မည်၊ ဘုရားဖူးထွက်ကြသော ပုံလည်းဖြစ်မည်။ ပွဲလမ်းသဘင် အခမ်းအနား၌ ရိုက်သော ပုံလည်း ဖြစ်နိုင်သည်။ အချို့သည် ပုံလေးကောင်းသည်နှင့် ပုံကြီးချဲ့၊ မှန်ပေါင်သွင်းပြီး ဧည့်ခန်းတွင် နေရာပေးထားတတ်သည်။ သို့သော် ကျွန်တော့် အဘွားလို စိတ်ကူးမျိုးဖြင့် ချိတ်ဆွဲသော 'ဓာတ်ပုံ'မျိုးတော့ ရှားမည်ထင်သည်။ အကြောင်းမှာ အဘွား၏ အိမ်ဧည့်ခန်းမှ ဓာတ်ပုံသည် ထူးထူးခြားခြား ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။ အဘွားသည် အလျားတစ်ပေခွဲ၊ အနံတစ်ပေမျှရှိသော ထိုဓာတ်ပုံကို မှန်ပေါင်သွင်း၍ ဧည့်ခန်းတွင် ချိတ်ထားသည်။ ပြီးတော့ ဓာတ်ပုံ၏ အောက်ခြေတွင်လည်း

# အကင်းကြေ

**မောင်အောင်း၊ဥက္ကံ၊**

ပွိုင့်ကြီးကြီးဖြင့် စာတန်းတစ်ခု ရေးထားသည်။ စာမှာ 'အမေနှင့်ချွေးမများ'ဟူ၍ဖြစ်ပြီး ဓာတ်ပုံတွင်လည်း သူနှင့်အတူ သူ့ချွေးမ 'လေး'ယောက်တို့သာ ပါဝင်သည်။ အမှန်တော့ အဘွား၌ သားသမီးခုနစ်ယောက်ရှိသည်။ သားလေးယောက်နှင့် သမီးမှာ သုံးယောက်ဖြစ်သည်။ ကျွန်တော့်အမေကမူ အဘွား၏ အကြီးဆုံးသမီး ဖြစ်သည်။ အမေ့ ပြောပြချက်အရ အဘွားသည် သားများကို အချစ်ပိုသည်။ သမီးများနှင့်မူ သိပ်အစေးမကပ်ပေ။ အထူးသဖြင့် ကျွန်တော့်အမေ အထက်တန်းကျောင်းသူဘဝဖြင့် အိမ်ထောင်ပြုသွားသော အချက်သည်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

သမီးများအပေါ်၌ အဘွား မျက်မုန်းကျိုးစေသော အချက်ဟု သိရသည်။

‘အလကားဟာတွေ၊ အတန်းလေးမြင့်ရင် စာစီစာကုံး အရေးမသင်ဘူး ရည်းစား စာပဲ ရေးချင်နေတာ’

အဘွား၏ ဘဝတွင် အကြီးဆုံးသမီး ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ပြုသွားခြင်းသည် ကျန်သမီးနှစ်ယောက်အပေါ် ဖိအားများ တိုးပွားစေသည်။ အမေ့ပြောကြားချက်အရဆိုလျှင် အိမ်ထောင်ကျစကတည်းက အမေ့ကိုလည်း ယောက္ခမ အိမ်၌ ထားရစ်ခဲ့သည်။ အမေသည် ထိုစဉ်ကာလက မင်္ဂလာဦး ပစ္စည်းအဖြစ် အဘွားပေးသော ဆွဲကြိုးနှင့် လက်စွပ်ကို ရောင်းသည်။ အရင်းအနှီးပြုပြီး လမ်းဘေး၌ ဈေးရောင်းခဲ့သည်။ တက္ကသိုလ်နောက်ဆုံးနှစ်ဖြစ်သော အဖေ့ကိုလည်း ဈေးရောင်း၍ ကျောင်းထားခဲ့သည်။ အဘွားသည် ဘွဲ့ရ၍ အဖေအလုပ်ဝင်သည်အထိ အမေ့ကို အဆက်အသွယ် ဖြတ်ခဲ့သည်။ သို့သော် မြေးဦးဖြစ်သော ကျွန်တော့်ကို မွေးဖွားစဉ်၌မူ အမေ့ထံ ရောက်လာသည်။ တစ်ဖန် ကျွန်တော် နို့ပြတ်သည်နှင့် အဘွားကပင် လာရောက်ခေါ်ယူ၍ ကျွန်တော့်ကို မွေးမြူခဲ့သည်။

‘မင်းအမေလို မမိုက်နဲ့၊ ပညာစုံ အရွယ်ရောက်ရင် ကြိုက်တဲ့သူကိုယူ အဘွားမတားဘူး’

ထိုစကားသည် ကျွန်တော့်ကို ဆိုဆုံးမတိုင်း အဘွား၏ လက်သုံးစကားဖြစ်သည်။ ကျွန်တော်သည် အနေကြာသည်နှင့်အမျှ သားများအပေါ်၌ အချစ်ပိုသော အဘွားစိတ်နေစိတ်ထားကိုလည်း သိလာခဲ့ရသည်။

ကျွန်တော် မှတ်မိသမျှတွင် အဘွား၏သား၊ ကျွန်တော့် ဦးလေးများသည် အသောက်အစား အနည်းငယ်စီရှိကြသည်။ ရံဖန်ရံခါ အရက်နံ့ကလေး တသင်းသင်းနှင့် အိမ်ပြန်လာသည် မျိုးလည်းရှိသည်။ ထိုအခါများတွင် ကျွန်တော့်အဒေါ်များက မကျေနပ်ပါ။ အဘွားသည် သူတို့ထဘီဝတ်စဉ် အချိန်ကြာသည်အား သည်းမခံဘဲ ဆူပူလေ့ရှိပါလျက် ဦးလေးတို့အပေါ်၌ အပြစ်မမြင်တတ်ခြင်းကို အခံခက်ကြသည်။ ထို့ကြောင့် ဦးလေးတို့ သောက်စားလာလျှင် တိုင်တတ်သည်။ ဆူပူစေရန် အစ ထောင်ပေးတတ်သည်။

‘အမေက အမေ့သားတွေ သောက်စားလာတာကြ မဆူဘူး’

‘ဟုတ်လို့လားအေ၊ ကျုပ်က မသောက်စားဖို့ ဆုံးမထားပါတယ်’

‘အမေ စစ်ကြည့်ပါဦး’

အဘွားသည် အဒေါ်တို့၏ တိုင်ကြားချက်ကို စဦးတွင် လက်မခံပါ။ အကြိမ်ကြိမ် ဖြစ်လာသော အခါမှသာ သူ့သားများကို ခေါ်ယူစစ်ဆေးတတ်သည်။ ခေါ်ယူပြီး နောက်တွင်လည်း သောက်စားထားကြောင်း သိပါလျက် သားများဘက်မှ ကာတတ်သည်။

‘ညည်းတို့ကလည်းအေ၊ ငါ့သားတွေ အရက်မသောက်ပါဘူး’

‘ဟွန်း၊ တစ်အိမ်လုံးနံဟောင်နေတာများ’

‘နံတာက ဘီယာနံ့ပါအေ၊ ကျုပ်ကို ပုလင်းခွံပါပြသေးတာ။ ကျုပ် ကြည့်ပြီးပြီ၊ ဘီယာပုလင်းတွေပါ’

အဘွားသည် သားများနှင့် ပတ်သက်လျှင် အကဲပို၍ စောစီးစွာ အိမ်ထောင်ကျသည့်အမေကြောင့် ကျန်သမီးနှစ်ယောက်ကိုပါ မျက်နှာသာ မပေးခဲ့ပါ။ ကျွန်တော့်အဒေါ်နှစ်ယောက်သည် ဆယ်တန်းအောင်ဖို့အရေး အဘွားကြောင့် ပြင်ပကျူရှင် မတက်ခဲ့ရသလို ဆယ်တန်းအောင်ပြီး နောက်တွင်လည်း အဝေးသင်နှင့် ဘွဲ့ယူခဲ့ကြရသည်။ အမေ၏ ငယ်နုစဉ်အမှားသည် အဒေါ်တို့အထိ စက်ကွင်းမလွတ်အောင် ရှိခဲ့သည်။ ကျွန်တော့် ဦးလေးများ ဆရာဝန်ဖြစ်သူဖြစ်၊ သင်္ဘောအင်ဂျင်နီယာဖြစ်သူဖြစ်နှင့် အောင်မြင်သော ဘဝကိုယ်စီ ပိုင်ဆိုင်ထားချိန်တွင် ကျွန်တော့်အဒေါ်များက ဘွဲ့ရ အထည်ချုပ်များသာ ဖြစ်လာခဲ့သည်။

‘အိမ်ထောင်ရေးတော့ ညည်းတို့ကို တစ်သက်အလုပ်အကျွေး ပြုမယ့်သူကို ညည်းတို့ကိုယ်တိုင် ရှာကြ။ ကျုပ်သားတွေအတွက်တော့ ကျုပ်ကိုယ်တိုင် ရှာမယ်’

သားသမီးတို့၏ အိမ်ထောင်ရေးနှင့် ပတ်သက်လျှင် ထိုအဆိုကို လက်ကိုင်ထားသော အဘွားသည် လက်တွေ့တွင်လည်း သားများအတွက် ချွေးမလောင်းကို ကိုယ်တိုင် စိစစ်ရှာဖွေခဲ့သည်။ အထက်တွင် ဖော်ပြခဲ့သော ‘အမေနှင့်ချွေးမများ’ ဓာတ်ပုံသည် ကျွန်တော့်ဦးလေး အငယ်ဆုံး၏ မင်္ဂလာပွဲ၌ မှတ်တမ်းတင်ခဲ့သော ပုံဖြစ်သည်။

ကျွန်တော် မှတ်မိသမျှတွင် အဘွားသည် အငယ်ဆုံးသား၏ မင်္ဂလာပွဲ၌ လက်ကုန်နွှဲခဲ့သည်။ သတို့သား သတို့သမီး ဝတ်စုံ၊ အိပ်ရာခင်းနား၊ ဖိတ်စာမှအစ ကောင်းပေ့ညွှန့်ပေ့ ပစ္စည်းများကိုသာ ရွေးချယ်ခဲ့သည်။ ထိုသို့ ရွေးချယ်ဝယ်ယူရာ၌မူ အဘွား၊ ချွေးမလောင်းနှင့် ကျန်ချွေးမ စသူတို့ကသာ တိုင်ပင်နှီးနှောကြပြီး အမေနှင့် ကျွန်တော့် အဒေါ်နှစ်ယောက်တို့ ပါဝင်ခွင့်မရပေ။ မှတ်မှတ်ထင်ထင် အရှိဆုံးမှာ ‘အမေက အပြင်ထရံ အတွင်းကာတာ’ ဟု ကျွန်တော့် အဒေါ်များက ပြောဆိုသံကို အဘွား မကျေနပ်သော အဖြစ်သာဖြစ်သည်။ ထို့ကြောင့်လည်း ဦးလေးငယ်၏ မင်္ဂလာပွဲ ပြီးလုလုအချိန်တွင် ချွေးမလေးယောက်နှင့် တွဲ၍ အဘွားက ဓာတ်ပုံရိုက်သည်။ ထိုပုံကို ပုံကြီးချဲ့စေ၍ အောက်တွင် စာတန်းထိုးပြီး သူ့အိမ်ဧည့်ခန်း၌ ချိတ်ဆွဲလိုက်တော့သည်။ ‘အမေနှင့်ချွေးမများ’ ဟူ၏။

ကျွန်တော့် အဘွားသည် စိတ်မာသလို ကျန်းမာရေး၌လည်း ဒေါင်ဒေါင်မြည်သူဟု



www.burmeseclassic.com

www.burmeseclassic.com

ဆိုရပေမည်။ အသက်ခုနစ်ဆယ်ကျော်လာသည်အထိ ကြီးကြီးမားမား ဖျားနာခြင်း မရှိသလို မျက်စိနှင့်သွားများလည်း ကောင်းနေသေးသည်။ ထို့ကြောင့် အသီးသီး အသက အိမ်ထောင်ကျပြီးဖြစ်သော သားများ၏ အိမ်သို့ မကြာခဏ အလည်သွားလေ့ရှိသည်။ ဤနေရာ၌ ‘သားများ၏အိမ်’ဟု ဆိုရခြင်းမှာ မည်သည့် သမီးရှိရာအိမ်သို့မှ အဘွား မသွားရောက်သောကြောင့် ဖြစ်သည်။ အဘွားသည် သားများထံသို့ သွားလျှင်လည်း ခြေလွတ်လက်လွတ် မသွားတတ်ပါ။ အနည်းဆုံး ဆန်တစ်အိတ်တော့ ပါလေ့ရှိသည်။ ပြီးလျှင် သားတို့၏ စီးပွားရေး၊ ကျန်းမာရေးများကို စေ့စေ့ငငအောင် မေးပြီး အိမ်ပြန်သည်။

အသက် ခုနစ်ဆယ်ကျော်သည်အထိ ဒေါင်ဒေါင်မြည်အောင် ကျန်းမာခဲ့သော အဘွား ရှစ်ဆယ်ဝန်းကျင်အရောက်တွင် ဝေဒနာတစ်ခုနှင့် စတင်ကြုံသည်။ ယင်းဝေဒနာမှာ ‘အယ်လ်ဇိုင်းမား’ဟု ပညာရှင်များ အမည်တပ်သော ‘မေ့လျော့ခြင်း’ရောဂါဖြစ်သည်။ ထိုရောဂါ စတင်ခံစားရစဉ်က အဘွားသည် မနက်စာ စားပြီးပြီလား၊ ညစာစားပြီးပြီလားကို ရောထွေးနေတတ်သလို ဘာဟင်းနှင့်စားခဲ့သည်ကိုလည်း မမှတ်မိအောင် ရှိနေတတ်သည်။ အဘွားသည် ဘုရားရှိခိုးခြင်းအမှုကို အကြိမ်ကြိမ် ပြုတတ်လာသလို အဘိုးကိုလည်း တစ်ခါတစ်ရံ ‘သား’ဟု ခေါ်ဝေါ် သုံးနှုန်းတတ်လာသည်။

‘သား၊ ညဘက် အမေ့နား အိပ်တာတော့ အိပ်ပါ။ ဒါပေမဲ့ အအိပ်မကြမ်းပါနဲ့. အမေက ခြေတင် လက်တင်လုပ်လာရင် မအိပ်တတ်ဘူး’

ထမင်းဝိုင်းတွင် လူစုံခိုက် အဘွား ထိုသို့ပြောလျှင် အဘိုး ရယ်နေတတ်သလို ကျွန်တော်တို့ပါ ရယ်မိခဲ့လျှင် အဘွား မျက်စောင်းက လူမရွေး ထိုးတတ်သည်။ အမေကမူ သူ့ရောက်လာခိုက် အဘွားနှင့် ဝေဒနာဖြစ်ရပ်အား တွဲ၍မြင်လျှင် မျက်ဝန်းတွင် မျက်ရည်များ ဝဲလာတတ်သည်။ အမေသည် အဘွားနှင့်ယှဉ်လျှင် ကျန်းမာရေး ညံ့သည်ဆိုရမည်။ အသက်ငါးဆယ်ကျော်နောက်ပိုင်းတွင် သွေးတိုးနှင့် ဆီးချိုရောဂါ ဝင်လာသည်။ တော်သည်မှာ ကျွန်တော်တို့ မောင်နှမ သုံးဦးစလုံး အိမ်ထောင်လည်းမကျ၊ အလုပ်လည်း ကိုယ်စီရှိသဖြင့် ကျွန်တော်တို့အရွယ်ရောက်ပြီးနောက်ပိုင်းတွင် အမေ မပင်ပန်းတော့ခြင်းဖြစ်သည်။

ဘဝပေး အတွေ့အကြုံအများကြီးရှိခဲ့သော အမေသည် ကျွန်တော်တို့ မောင်နှမကို ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်မပြုဖို့၊ ပြုလျှင် ပင်ပန်းနိုင်ကြောင်း စနစ်တကျ သွန်သင်နိုင်ခဲ့သည်။ ကျွန်တော်တို့ ဘဝလမ်းကို ဖြောင့်အောင် လမ်းပြနိုင်ခဲ့သည်။

‘အမေ အိမ်ထောင်ပြုတော့ သားတို့အဘွားငိုတာ တက်မတတ် ချက်မတတ်ပဲ။ အမေ့ကိုကြည့်ပြီး ရိုက်တာများ မြင်ရတာ ကြက်သီးထ,စရာ။ အဲဒီနောက်ပိုင်း အမေ့ကို သူ စေ့စေ့ မကြည့်တော့ဘူး။ ချစ်လွန်းအားကြီးတာလည်းပါ၊ သူ့ အတန်တန် ဆုံးမပါလျက် နားမထောင်တာကိုလည်း စိတ်နာသွားတယ် ထင်ပါရဲ့သားရယ်’

ထိုသို့ သဘောထားတင်းမာမြဲဖြစ်သော အဘွားအကြောင်းကို ပြောလျှင် အမေ မျက်ရည်အမြဲ ဝဲသည်။ ကျွန်တော့်အနေနှင့်မူ နှစ်ပေါင်းများစွာ ကြာသည့်တိုင် ကျေအေးမပေးနိုင်သော အဘွား စိတ်ထားကို အံ့ဩနေမိသည်။ တစ်ခုသာသော အချက်မှာ အဘွားနှင့်အနေနီးပြီး ထီးထီးမားမားရှိလှသော မြေးယောကျ်ားလေး ကျွန်တော့်မှာ အဘွား၏ နေရာပေးခြင်းကို ခံခဲ့ရသည်။ အဘွား ဘယ်သွားသွား ကျွန်တော် ပါမှ သွားလေ့ရှိသည်။ နောက်ပိုင်းတွင် မေ့လျော့ခြင်း ဝေဒနာ ခံစားနေရသော်လည်း သူသတိရသည်နှင့် ဦးစွာတမ်းတသူမှာ ကျွန်တော်ပင် ဖြစ်နေတတ်သည်။

အဘွား၏ ရောဂါနှင့်ပတ်သက်၍ ကျွန်တော် သတိထားမိသော အချက်မှာ အအိပ်ကောင်း အစားမပျက် ရှိနေငြား သူ့ပိုင်ဆိုင်မှု အများစုကို အဘွား မေ့နေတတ်သည်။ အဝတ်အထည်မှအစ လက်ဝတ်လက်စားများကိုပါ သူ မေ့ထားတတ်သည်။ အထူးခြားဆုံး မေ့လျော့ခြင်းမှာ ကျွန်တော့်အမေနှင့် ကျန်သမီးနှစ်ယောက်တို့ကို အမည်များ မမှတ်မိတော့ခြင်းဖြစ်သည်။ အိမ်၌ မျက်နှာချင်းဆိုင်တွေ့လျှင်ပင် ‘ဘယ်တုန်းကလာလဲ’၊ ‘ခု ဘယ်မှာနေလဲ’ စသည်ဖြင့် သူစိမ်းပမာ မေးမြန်းတတ်သည်။ အဘိုးကိုမူ ‘သား’ဟူ၍ ခေါ်ပြီး အမြဲလိုလို အဘွား မှတ်မိနေသူမှာ ကျွန်တော်နှင့် သူ့သား လေးယောက်သာ ဖြစ်နေသည်။ တစ်ဖန် ရေချိုးပြီးတိုင်း ‘နံ့သာဖြူ’တုံးကလေး သွေး၍ လိမ်းရန်လည်း အဘွား မမေ့ပါ။

‘သားတို့အဘွားက အမေ့ကို တအားချစ်ခဲ့တာပါ။ အကြီးဆုံးသမီးကို မျှော်လင့်ချက်တွေနဲ့ ချစ်လည်းချစ်၊ အမြဲလိုလို ဆုံးမသွန်သင်မှုလည်း ရှိပါလျက် အမေ မိုက်မိတော့ အမေအပါအဝင် ကျန်သမီးတွေကိုပါ သူ မယုံတော့ဘူးလေ။ ချစ်လွန်းတော့ စိတ်နာပြီး မေ့ပစ်ချင်တာကြောင့် ဒီရောဂါ စ,လာတာပဲ ထင်ပါရဲ့သားရယ်’

ကျွန်တော့်အမေနှင့် အဒေါ်များသည် သူတို့အပေါ် အဘွားသဘောထား တင်းမာမှန်းသိပါလျက် စိတ်မခုပါ။ ဖြေတွေး တွေးပြီး အဘွား၏ ကျန်းမာရေးကို ဝိုင်းဝန်းဂရုစိုက်ခဲ့ကြသည်။ ဆေးဝါးမှအစ အဘွားစားလိုသမျှကို တစ်ဆင့်ခံဖြင့် မေးမြန်းပြီး ဖြည့်ဆည်းပေးကြသည်။ ကိုယ်၌မူ ဘယ်သူမှ အဘွားကို မမေးရဲကြပေ။ ‘ညည်းတို့ ကျွေးမှာ စားရဲပေါင်’ဟု အဘွား နှုတ်လှန်ထိုးမှာ စိုးရိမ်ခဲ့ကြသည်။

‘အမေ ငယ်ငယ်ကဆို အဘွားက နာမည်တောင် မခေါ်ဘူး၊ ‘လုံမ’လို့ခေါ်တာ။ အစကတော့ သူငယ်ချင်းတွေကြားမှာ အဲလိုခေါ်ရင် အမေ



www.burmeseclassic.com

www.burmeseclassic.com

ရှက်သေးတာ။ ခုတော့ ‘လုံမ’လို့ အဘွားခေါ်မယ့် အချိန်ကို အမေ မျှော်နေမိတယ်’

ကျွန်တော်သိသမျှတွင် ထိုစကားကိုဆိုတိုင်း အမေ မျက်ရည်ဝိုင်းတတ်သည်။ ပိုဆိုးသည်မှာ အဘွား၏ ဝေဒနာသည် တစ်နေ့တခြား တိုးလာပြီဖြစ်၍ ‘လုံမရေ’ဟု ခေါ်သံအား အမေကြားခွင့် ဝေးလာသည့် အချက်ဖြစ်သည်။ အဘွားသည် သူ့၌ သမီးများရှိသည်ကို မေ့လာသည်။ အဘိုး၊ ကျွန်တော်နှင့် ဦးလေးတို့မှအပ သူ့မှာရင်းနှီးသူ မရှိဟု ထင်နေသည်။ မေ့တတ်ခြင်းရောဂါက တဖြည်းဖြည်း တိုး၍သာ လာတော့သည်။

မေ့တတ်ခြင်းမှလွဲ၍ အဘွား သန်မာဖျတ်လတ်နေချိန်တွင် ကျွန်တော့် အမေသည် ဆီးချို၊ သွေးတိုးသာမက နှလုံးရောဂါအထိ ဝင်လာသည်။ နောက်ပိုင်းတွင် ဦးနှောက်သို့သွားသော သွေးကြောပိတ်သဖြင့် အမေ့ကို ဆေးရုံတင်ရသည်။ အမေသည် ဆေးရုံကြီးသို့ မည်သို့မည်ပုံ ရောက်လာသည်ပင် ကိုယ်တိုင် မသိရှာခဲ့ပါ။

ဦးနှောက် သွေးကြောပိတ်ပြီး သတိလစ်နေသော အမေ့ကို အစာပိုက်ထည့်ရသည်။ ဆီးပိုက်ထည့်ရသည်။ အမေ့အခြေအနေသည် ပြန်လည်ကောင်းမွန်ရန် မနီးစပ်သော အခြေအနေဟု ဆရာဝန်များပြောသော်လည်း ကျွန်တော် လက်မလျှော့ချင်ပါ။ ထို့ကြောင့် အထူးကုဆေးရုံတစ်ခုသို့ ပြောင်းရွှေ့ပြီး ဆရာဝန် ဆရာမများနှင့် အနီးကပ် ပြုစုစောင့်ရှောက်မှုကို ခံယူစေခဲ့သည်။ သို့သော် အခြေအနေမှာ တိုးတက်မလာပါ။

အမေသည် ဆေးရုံခုတင်ထက်၌ သူ့ပုတီးကလေးကို အမြဲစမ်းသည်။ အရာရာကို မေ့လျော့နေငြားစိပ်နေကျ ပုတီးကို သူမမေ့ပေ။ ယောင်ယမ်း၍ စိပ်နေတတ်သည်။ အမေ့ကို မြင်ရသည်မှာ အိပ်ပျော်နေသောကလေးငယ်ပမာ ရှိလှသည်။ ဝမ်းလည်းမသိ၊ ဆီးလည်းမသိ၊ ဆာလောင်ခြင်းကိုလည်း မသိတော့ပေ။ အသက်ရှူကျပ်လာလျှင်မူ ဦးခေါင်းပိုင်း လှုပ်ယမ်းတတ်သည်။ ထိုအခါ သူနာပြုခေါ်ယူ၍ ချွဲစုပ်စက်ဖြင့် ချွဲစုပ်ထုတ်ပေးလိုက်လျှင် အမေ ငြိမ်သက်သွားပြန်သည်။ အမေ့ခန္ဓာကိုယ်ပေါ်တွင်မူ နှလုံးခုန်နှုန်းတိုင်းသော ပိုက်များ၊ ဆေးသွင်းပိုက်နှင့် အောက်ဆီဂျင်ပိုက်များ ရှုပ်ထွေးနေသည်။

‘မရတော့ပါဘူး။ ဒါပေမဲ့ ဆေးရုံမှာက သက်သောင့်သက်သာရှိတာပေါ့’

ကျွန်တော့် ဦးလေးဆရာဝန်သည် အမေ့ကို အကဲဖြတ်ရင်း ဆေးရုံမှာပဲ ဆက်၍ထားစေချင်သည်။ အမေ့နောက်ဆုံးထွက်သက်ကို သက်သောင့်သက်သာ ရှိစေချင်သော ကျွန်တော်ကလည်း ဦးလေးနှင့်နှင်ပင် ဖြစ်သည်။ သို့သော် အမေ၏ နောက်ဆုံးအနေအထားကို အဘွားကိုတော့ မြင်စေချင်သည်။ သို့အတွက် ဆေးရုံသို့ အဘွားလိုက်ပါလာစေရန် ကျွန်တော် ကြိုးစားရတော့သည်။

‘အဘွားရေ၊ ဆေးရုံသွားရအောင်’

‘အလိုတော်၊ ကျုပ်မှ ဘာမှမဖြစ်တာ’

ကျွန်တော်နှင့် ဆိုလျှင် ခရီးသွားလေ့ရှိသော အဘွားသည် ‘ဆေးရုံ’ဟူသောစကားကြောင့် တွေတွေကြီး ကျွန်တော့်ကို ကြည့်သည်။

‘အဘွား သူငယ်ချင်းတဲ့၊ သူက နာတာရှည်ဖြစ်နေတာ။ ဒါပေမဲ့ အဘွားကို အရမ်းတွေ့ချင်ရှာတာ။ ခေါ်လာပေးပါတဲ့’

လှည့်ပတ်ခေါ်ယူသော ကျွန်တော့်စကားအဆုံးတွင် အဘွားရေချိုးသည်။ ပြီးတော့ သူလိမ်းနေကျအတိုင်း နံ့သာဖြူတွေ သွေး၍လိမ်းသည်။ ကျွန်တော့်အဖို့မူ အမေ၏ နောက်ဆုံးအခြေအနေအား အဘွားကို ပြခွင့်ရမည်ဖြစ်၍ ကျေနပ်နေမိသည်။

ဆေးရုံ၏ သီးသန့်ခန်းအတွင်း ကျွန်တော်တို့ မြေးဘွား ရောက်ရှိခိုက်တွင် မိသားစုဝင်များ အမေ့အနီးဝိုင်းအုံနေသည်ကို မြင်ရသည်။ မျက်နှာအမူအရာများကမူ အမေ့အခြေအနေ ဆိုးရွားလာကြောင်း ဖော်ပြနေသည်။ အဘွားကမူ ဝိုင်းအုံနေသော လူအုပ်များကြားသို့ အတင်း တိုးဝင်သည်။

‘ဒါလား သူငယ်ချင်း၊ ငါလည်း မသိပါလား။ ဘယ်သူပါလိမ့်’

အဘွားသည် အမေ့ကို သူစိမ်းတစ်ယောက်ပမာ ကြည့်နေခိုက်တွင် လေအေးစက်တပ်ဆင်ထားသော သီးသန့်ခန်းအတွင်း၌ နံ့သာဖြူနံ့က လှိုက်ခနဲ သင်းပျံ့စွာ ပေါ်ထွက်လာသည်။ အဘွားကိုယ်မှ ထွက်ပေါ်လာသော နံ့သာဖြူရနံ့ကို ကျွန်တော်တို့အားလုံး သတိပြုမိသလို အမေလည်း သိလိုက်သည်ထင်သည်။ အမေ့ မျက်ခွံအစုံက လှုပ်ခတ်သွားသည်။

အမေ့ကို စူးစိုက်ကြည့်နေသော ကျွန်တော်သည် မျက်ခွံများ ပွင့်လာစေရန် ကြိုးစားနေသော အမေ့အဖြစ်ကို သတိထားမိသလို နှုတ်ခမ်းလွှာအား ဖွင့်ဟ၍ တစ်ခုခုကို အမေ တမ်းတလိုက်သည်ကိုလည်း မြင်လိုက်ရသည်။ အမေ့ တမ်းတသံသည် စကားလုံးအဖြစ် ထွက်မလာသော်လည်း ‘အမေ’ဟု ခေါ်လိုက်ကြောင်း ကျွန်တော် သိပါသည်။ ထို့နောက် အမေ ငြိမ်သက်သွားတော့သည်။

ငြိမ်သက်သွားသော အမေ့ကိုကြည့်ရင်း ကျွန်တော့် မျက်ဝန်း၌ မျက်ရည်များ ဝေ့ဝဲလာခိုက်တွင် အနီးရှိ အဘွားသည် ကျွန်တော့် လက်ဖဝါးကို လာ၍ ဆုပ်ကိုင်သည်။ အဘွား၏ လက်ဖဝါးသည် အေးစက်နေသလို တဆတ်ဆတ်လည်း တုန်နေသည်အား ကျွန်တော် သတိပြုမိလိုက်သည်။ ထိုခဏတွင်ပင် သတိရှိုယွင်း၍ မှတ်ဉာဏ်နည်းနေသော ဝေဒနာရှင် အဘွားထံမှ စကားသံတစ်ခု ပီပီသသကြီး ပေါ်ထွက်လာသည်။ ‘လုံမရေ’တဲ့။ ■

**မောင်အင်း၊ဥက္ကံ၊**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ပျံသန်းပါတော့ အို..ငှက်ငယ်

အဉ္စနာ

တောရွာငယ်လေးတစ်ခု၏
ညနေခင်းသာတည်း။ ညနေဆည်းဆာသည်
လှပစွာ က,ပြနေတော့သည်။
ထိုသို့ ညနေခင်းလေးတွင် ရွာလယ်မှ
အိမ်ကြီးတစ်အိမ်ရှိ အိပ်ခန်းတစ်ခုတွင် ဖြစ်ပေ၏။
အသက် ၁၇ နှစ်ခန့် မိန်းမပျိုတစ်ဦးသည်
သူ့ကိုယ်သူ လှပစွာ ခြယ်သနေပေသည်။
သူမသည် မှန်အလွန်ကြိုက်ဟန် တူပေသည်။
သူ၏ ခန်းမထဲတွင် မှန်တင်ခုံအပြင် ကိုယ်လုံးပေါ်
မှန်တစ်ချပ်ကိုလည်း သူ့အိပ်ရာ ခုတင်ညာဘက်
ဘေးတွင် နံရံကို မှီကာ ထောင်ထားပေ၏။ အိပ်ခန်းမှာ
အတော်အသင့် ကျယ်လေရာ
အဝတ်ဗီရို၊ မှန်တင်ခုံ၊ ခုတင် စသည်ဖြင့်
နေရာတကျ စီမံထားပေသည်။ ယခုတော့
သူမသည် မှန်တင်ခုံရှေ့တွင် ထိုင်ကာ အလှပြင်လျက်
ရှိလေသည်။ သူမ၏ ကျစ်ဆံမြီးသည် ရှည်လျားကာ
ကျောမှတစ်ဆင့် တင်ပါးအောက်ထိ သွယ်တန်းကျ
ဆင်းနေပေ၏။ သူသည် ဘယ်ဘက်လက်ဖြင့်





www.burmeseclassic.com

www.burmeseclassic.com

ဖန်ပုလင်းငယ်လေးတစ်ခုကို ကိုင်ကာ ညာလက်ဖြင့် ထိုဖန်ပုလင်းထဲမှ ဆွဲထုတ်လိုက်သော မျက်တောင်ကော့သည့် ပစ္စည်းဖြင့် သူ၏ မျက်တောင်များကို ပြုပြင်နေပေ၏။ လေးငါးကြိမ်ခန့် ပြုလုပ်ပြီးသောအခါ စိတ်ကျေနပ်ဟန်တူ၏။ ထိုအရာကို ချထားကာ နောက်ထပ် ပစ္စည်းတစ်မျိုးကို ဆွဲကိုင်လိုက်ပြန်သည်။

အရောင်ရှစ်မျိုးခန့် ပါသော လေးထောင့်ကော်ဘူး လေးတစ်ခုပင် ဖြစ်၏။ အထဲမှ အရောင်ရှစ်မျိုးတို့ကို အသုံးချရန် စုတ်တံငယ်တစ်ခုလည်း ပါဝင်ပေ၏။ မိန်းမငယ်သည် ထိုစုတ်တံငယ်ဖြင့် ကျွမ်းကျင်စွာ တစ်ရောင်မှ တစ်ရောင် ပြောင်းကာပြောင်းကာဖြင့် သူမ၏ မျက်နှာကို ခြယ်သလိုက်ပေ၏။ ကော့နေသော မျက်တောင်နှင့် ပန်းနုရောင်ပါးပြင်နှတို့သည် ထွက်ပေါ်လာခဲ့ပေပြီ။

သူမ၏ မျက်လုံးသည် ရွှန်းရွှန်းဝေကာ ကြည့်မဝ, ဖြစ် နေပေတော့သည်။ ထို့နောက် နီနီရဲနေသော နှုတ်ခမ်းနီကို အသုံးပြုကာ သူမ၏ နှုတ်ခမ်းသားများကို ခြယ်သလိုက်ပြန်သည်။ သူမသည် မျက်နှာပြင်ကို နောက်ထပ်အနေနှင့် မျက်ခုံးမွေးကို ခဲမည်း ဆွဲလိုက်ပြန်တော့သည်။ သို့ဖြင့် မိန်းမပျိုသည် အကျေနပ်ကြီး ကျေနပ်နေလေ၏။

ထို့နောက် ထိုင်ရာမှ ထကာ အဝတ်ဗီရိုဆီသို့ ရွေ့လျားလိုက်သည်။ 'ကျွီ'ခနဲ မြည်သံနှင့်အတူ အဝတ်ဗီရိုတံခါးပွင့်သွားခဲ့ပေ၏။ အထဲ

**uM\D m;**
**Zmwf/rfwG**
**rsm;wGf**
**reJuav;**
**rsm;onf**
**a, muf;av;**
**rsm;uM**
**cspf&;qlu**
**olrf**
**xM**
**ajymcGif**
**aumif;rnf[ k**
**bM**
**wpfg**
**ajymcM**

မှ အစိမ်းနုရောင်အပွင့်အခက်များနှင့် လှပနေသော ဝေဖာသားဝတ်စုံလေးက သူမကို ဆီးကြိုလိုက်ပြန်သည်။ မိန်းမပျိုသည် အစိမ်းနုရောင် အပွင့်အခက်များဖြင့် စီခြယ်ထားသောဝတ်စုံကို ဝတ်ပြီးသောအခါ မိမိကိုယ်ကို ကျေနပ်အားရစွာဖြင့် ကိုယ်လုံးပေါ်မှန်ရှေ့တွင် မတ်တတ်ရပ်လိုက်ပြန်သည်။

သည်ရွာတွင် မိမိလောက် ဘယ်သူမှ ခေတ်ရှေ့မရောက်ကြပေ။ မိမိမှာကား ခေတ်နှင့်အညီ ဆင်မြန်းနိုင်ပေ၏။ အခုလည်း နေ့လယ်ကမှ ရလာသော ဝေဖာသားဝတ်စုံကား သည်ရွာမှာ သူပထမဆုံးဝတ်ရသူသာ ဖြစ်၏။ အလှဆင်ပစ္စည်းများသည်လည်း ခေတ်နှင့်အညီ အသုံးပြုနိုင်ပေ၏။ သည်လောက်ဆင်မြန်းပါလျက် မိမိကို ပိုးပန်းမည့်သူ မပေါ်သေးသည်မှာ အံ့သြမိလေ၏။ မိမိမှာ လှ၏။ နေဥစ္စာ ပြည့်စုံ၏။ ထို့ကြောင့် ကာလသားများသည် မိမိကို မချဉ်းကပ်ဝံ့ ဖြစ်နေကြသည် ထင်၏။ မိမိကို ချဉ်းကပ်ဝံ့သော တစ်ဦးတည်းသော လှထွန်းကိုလည်း မိမိမှာ ကြည့်မရဖြစ်နေပေ၏။

လှထွန်းကား အသားမည်း၏။ မျက်နှာတွင် ဝက်ခြံက အပြည့်ပေါက်၏။ ရိုးသားသောဂုဏ်နှင့် မနေဥစ္စာ အသင့်အတင့်ရှိ၏။ မိဘချင်းကလည်း သဘောတူကြပါ၏။ သို့သော် မိမိမှာကား လှပသော ယောကျာ်းပီသသော သူမျိုးကိုသာ လိုချင်သူဖြစ်ပေ၏ဟု တွေးမိလျက်ရှိစဉ် အတွေးတစ်ခု ဖျတ်ခနဲဝင်ရောက်လာပေ၏။

'အဟီး'ဆိုသော ရက်ရွဲ့ဟန်အပြုံးနှင့်အတူ မိမိကိုယ်မိမိ ရက်ရွဲ့မိလေ၏။ မျက်နှာကို လက်နှင့်ပင် အုပ်မိလျက်သား ဖြစ်သွားပေ၏။ ပြီးမှ မိမိမှာ တွေးမိခြင်းသာ ဖြစ်၏။ အနားတွင် ဘယ်သူမှလည်း မရှိဟု ဆိုကာ မှန်ထဲရှိ မိမိရုပ်သွင်ကို ရဲရဲဝံ့ဝံ့ ကြည့်ရှုလိုက်ပြန်သည်။ ကြည့်လို့အားမရနိုင်ဘဲ တစ်ပတ်လှည့်ကာ မိမိ၏ နောက်ကျောအလှနှင့် တင်ကို ကြည့်လိုက်ပြန်သေးသည်။ ကျေနပ်အားရသော သွင်ပြင်ဖြင့် အခန်းထဲမှ လိုက်ကာကို ဆွဲဖွင့်ကာ ထွက်လာခဲ့တော့သည်။

❑

'အမယ်လေး သမီးရယ်၊ ဒီလောက်အလှတွေပြင်ပြီး ဘယ်သွားမလို့တုံး၊ ရွာထဲမှာလည်း ပွဲလမ်းသဘင်ရှိတယ် မကြားမိပါဘူး'

နောက်ဖေး မီးဖိုချောင်ကို ဝင်လာသော သမီးကို မိခင်သည် ဟင်းအိုးအပေါ် အငန်မြည်းရင်းမှ ဇွန်းတန်းလန်း ကိုင်ကာ မေးလိုက်၏။

'ရေသွားခပ်သွားမလို့ပါ အမေရဲ့'

'ရေသွားခပ်မလို့'။ မိခင်သည် သမီး၏ အဖြေစကားကို ကြားသောအခါ အလွန်အံ့သြသွားပေ၏။ ရေသွားခပ်မည့်အရေး သည်လောက်အလှပြင်စရာ လိုသလားဟု တွေး၏။

'သမီးရယ်၊ ဒီလောက်အလှပြင်ထားမှတော့ ရေခပ်လို့ ပြန်လာရင် ချွေးတွေပြန်နေတော့မှာပေါ့။ သွားမခပ်ပါနဲ့တော့ကွယ်၊ ငါ့သမီးလေး အလှပျက်နေပါဦးမယ်'

'ရပါတယ် အမေကလည်း၊ အခု ညနေကျ ရေက ပိုကြည်တာ။ သောက်ရေ တစ်ခေါက်တော့ သွားခပ်လိုက်မယ်နော်၊ ဘုဝိုင်းနဲ့ ပြောထား ပြီးသားမို့ပါ'

သမီးငယ်သည် မိခင်အား ချော့ကာပြောလျက် ရေအိုးကို ခါးထစ်ခွင်ပေါ် တင်ကာ မိခင်အနားမှ ခပ်သုတ်သုတ် ထွက်သွားလေတော့သည်။ သူမ၏ အမူအရာမှာ 'သူခိုးလူမိ'ဖြစ်နေပေရော မိခင်မှာ မပြုံးဘဲ မနေ



www.burmeseclassic.com

www.burmeseclassic.com

နိုင်ဖြစ်သွားပေတော့သည်။

မိခင်သည် သူ့ရှေ့မှ လှည့်ထွက်သွားသော သမီးငယ်၏ နောက်ကျောကို ကြည့်ရင်း သနားသောစိတ်သည် ဝင်လာခဲ့ပေ၏။ မိမိတို့တွင် ဥစ္စာဓနသည်လည်း သင့်တင့်ပါပေ၏။ သို့သော် သားသမီးကံကား အလွန်နည်းပါးလှပေ၏။ မိမိတို့အိမ်ထောင်သက်တွင် သမီးလေးတစ်ယောက်သာ မိမိတို့ဘဝထဲကို ဝင်ရောက်လာခဲ့ပေ၏။ ကံတရားတို့သည် မိမိတို့ကို ပျော်ရွှင်မှုအပြည့် မပေးချေ။ သမီးငယ်တစ်ဦးတည်း မွေးပါလျက်၊ လိုလေသေးမရှိ လုပ်ပေးပါလျက် သမီးငယ်မှာကား ရှေ့အတိတ်ကံသည် ဆိုးဝါးခဲ့ပေ၏။ မိခင်သည် ကံကို ယိုးမယ်ဖွဲ့မိပြန်၏။

သမီးငယ် မွေးတုန်းက အလွန်နာမကျန်းဖြစ်၏။ ထိုသို့ နာမကျန်းသော သမီးငယ်ကို မရဏလက်မှ လွတ်အောင် နည်းမျိုးစုံဖြင့် ကုသခဲ့ပေ၏။ သေမင်း၏ ခံတွင်းဝမှ သမီးငယ်သည် လွတ်မြောက်ခဲ့ပါပေ၏။ သို့သော် သမီးငယ်၏ ဉာဏ်ရည်နိမ့်ပါးခြင်းကိုကား ပျောက်အောင် မကုသနိုင်ခဲ့ပေ။ ထိုသို့ တွေးလိုက်သောအခါ မိခင်သည် သမီးငယ်အား သနားကြင်နာခြင်းများ ဝင်ရောက်လာပေ၏။ မိခင်၏ နှလုံးအိမ် ကြေကွဲရစ်ပေတော့၏။ မိခင်၏ မျက်ရည်တို့ ပါးပြင်ဆီသို့ လိမ့်ဆင်းလာကြပေသည်။ မိခင်သည် ဘယ်လက်ဖမိုးဖြင့် ပါးပြင်ကို သုတ်လိုက်သည်။

'ငါ ဘာတွေတွေးနေပါလိမ့်၊ မကြာခင် ကိုသာမောင်တောက ပြန်လာတော့မှာပဲ' ဟု တွေးလျက် ဟင်းအိုးဆီသို့ အာရုံကျက်စားလိုက်တော့သည်။ သို့သော်လည်း သမီးထွက်သွားရာလမ်းဆီသို့ ပြတင်းပေါက်မှ တစ်ဆင့် ကြည့်ဖြစ်အောင် ချောင်းကြည့်လိုက်ပြန်သေးသည်။ ❑

ရွာလယ်လမ်းဆီမှ ရေအိုးရွက်ကာ မြစ်ဆိပ်ဆီသို့ လျှောက်လှမ်းလာသော မိန်းမပျိုနှစ်ဦးကို ကျနေဆည်းဆာချိန်မှာ မြင်ကြရမည် ဖြစ်သည်။ တစ်ဦးသည် နှုတ်ခမ်းနီပါးနီ၊ အဝတ်အစား တောက်တောက်ပပဖြင့် ပြင်ဆင်ခြယ်သထားပေ၏။ ကျန်တစ်ဦးမှာကား သနပ်ခါးပါး ကွက်ကျားနှင့် ခပ်နွမ်းနွမ်း အဝတ်အစားကို ဆင်မြန်းကာ လျှောက်လာနေကြခြင်း ဖြစ်သည်။ နေရောင်ခြည်နုနုသည် သူတို့ကိုယ်ခန္ဓာတည့်တည့်ကို ထိုးစိုက်ကျနေ၏။ သူတို့နောက်မှ ရှည်လျားသောအရိပ်သည် ကပ်လျက်လိုက်ပါလာကြသည်။ လမ်းဘေး ပိန္နဲပင်ဆီတွင် အိပ်တန်းတက် ဆက်ရက်ငှက်အုပ်က ဆူဆူညံညံရန်ဖြစ်လျက် အိပ်တန်းလုနေကြသည်။ လေပြည်သည် နုနုမြမြတိုက်ခတ်နေ၏။

မိန်းမပျိုနှစ်ဦးသည် ပတ်ဝန်းကျင်ကို ဂရုမစိုက်အားဘဲ စကားတပြောပြောနှင့် လျှောက်လာနေကြခြင်း ဖြစ်၏။

'ဟော့… ပန်းသဇင် နင် လှလိုက်တာဟယ်'

တစ်ခုသော အိမ်ရှေ့အရောက်တွင် ရေအိုးလေးရွက်ကာ ထွက်လာသော မိန်းမပျိုလေးတစ်ဦးက ပြောလိုက်ခြင်းဖြစ်၏။

'ငါ တကယ်လှလို့လားဟင်'

တောက်တောက်ပပ ဝတ်ထားသော မိန်းမပျိုလေးမှ မေးလိုက်ခြင်းဖြစ်၏။ သူမကား မိမိကိုလှသည်ဟု ပြောခြင်းကို အတော်သဘောကျဟန်တူ၏။

'တကယ်ပြောတာဟ၊ ဒါနဲ့ ဒီပိတ်စကို ဘာလို့ခေါ်လဲဟင်၊ ငါ အခုမှ မြင်ဖူးတာ လှလိုက်တာနော်'

ချီးမွမ်းခန်းဖွင့်နေ သော မိန်းမပျိုသည် သူမ၏ စိတ်ရင်းအမှန်ဖြင့် ချီးမွမ်းနေခြင်းကား မဟုတ်။ မနာလို မရှုဆိတ်သောသဘောဖြင့် မဲ့ရွဲ့ကာ ပြောနေခြင်းသာ ဖြစ်၏။

ငွေချမ်းသာတော့ ဝတ်ချင်တာဝတ်၊ စားချင်တာ စားလို့ရပေ၏။ သို့သော် ယခု ပန်းသဇင်ဝတ်ထားသည်မှာ လူနှင့်အဝတ် လားလားမှ မဆိုင်။ မွေးရာပါ ဉာဏ်ရည်မမီသည်ကို မိဘက အလိုလိုက်ထား၏။ တစ်လတစ်ခါ မြို့ပေါ်တက်ကာ သမီးလိုချင်တာ၊ ပူဆာတာ ဝယ်ယူသုံးစွဲစေ၏။ သို့သော်လည်း ပြူးနေသော မျက်လုံး၊ ခေါနေသော သွားနှင့် ပိန်ကပ်ရှည်မျောနေသော အရုပ်တို့သည် လှပခြင်းကို အဘယ်မှာ စွမ်းဆောင်နိုင်ပါအံ့နည်း။

မိမိမှာကား သာမန်သာ ဖြစ်၏။ သို့သော် ပြည့်ဖောင်းသောပါးပြင်၊ ညိုမှောင်သော မျက်ဝန်း၊ ဖြူဝင်းသော အသားအရေ၊ ပြည့်မောက်သောရင်၊ စွင့်ကားသော တင်တို့နှင့် လူပျိုထုကြား ရေပန်းစားသူသာ ဖြစ်၏။ မိမိသာ သူမလို ဝတ်စားဆင်ယင် အလှပြင်လိုက်ပါက ဆရာလေး ကိုသာညွန့် ကြိုက်မှာ သေချာသည်ဟု တွေးလျက်ရှိ၏။ သို့သော် ပါးစပ်ကတော့ဖြင့် 'လှလိုက်တာ ပန်းသဇင်ရယ်' ဟု ချီးမွမ်းလျက်ရှိလေ၏။

မိန်းမပျို သုံးယောက်တို့သည် မြစ်ဆိပ်သို့ ကမ်းပါးပေါ်မှ ဆင်းလာခဲ့ကြလေပြီ။ ရွာသည် မြစ်ကမ်းဘေးတွင် တည်ဆောက်ထားခြင်းဖြစ်၏။ ကမ်းပါးလှေကားထစ်များသည် ကွေ့ကာကောက်ကာ မညီမညာရှိ၏။ သူတို့ဆင်းနေပုံမှာ ဘယ်မျှသည် လမ်းနှင့် အထိအတွေ့ အကျွမ်းတဝင်ရှိကြောင်း ထင်ရှားလှပေသည်။ တစ်ချက်ကလေးမျှ ခြေယိုင်ခြင်း၊ ရပ်တန့်ခြင်း မရှိ။

နေလုံးသည် ရဲရဲနီလျက် မြစ်ပြင်ဆီသို့ ရေဆင်းသောက်နေ၏။ သူ၏ နီရဲသောသွေးရောင်သည် မြစ်ပြင်ကို လွှမ်းခြုံထား၏။ မြစ်ပြင်သည် ဣန္ဒြေရှစွာဖြင့် ငြိမ့်ညောင်းညင်သာစွာ စီးဆင်းလျက်ရှိ၏။ ရေပြင်သည် လှိုင်းတွန့်ငယ်များဖြင့်လည်း ပြည့်လျက်ရှိ၏။ ရေဆိပ်ဘေးနားမှ သဲသောင်ခုံပေါ်တွင် ခြင်းဝိုင်းတစ်ဝိုင်းက ခြင်းခတ်လျက်ရှိ၏။

ခုလို ညနေတိုင်း ထိုခြင်းဝိုင်း ရှိတတ်၏။ ရွာမှ ကာလသား လူပျိုများ ရေလာချိုးရင်း ခြင်းခတ်နေကြခြင်းဖြစ်၏။ မိန်းမပျိုများ



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးများသည် ထိုခြင်းဝိုင်းသို့ ရောက်သွားခဲ့လေသည်။ အပေါ်ပိုင်းဗလာ၊ အောက်ပိုင်းတွင် ခါးတောင်းမြှောင်အောင်ကျစ်ကာ ခြင်းခတ်နေကြခြင်းဖြစ်၏။ သူတို့၏ ကိုယ်များသည် ချွေးပြန်နေကြသည်။ ခြင်းခတ်နေပုံမှာ ကြည့်လို့အလွန်ကောင်းလေ၏။

'ပန်းသဇင်တို့က ရေလာခပ်တာတောင်မှ လှလှပပဝတ်စားလို့' ဟု ဆိုသော စကားတစ်ခွန်းသည် ခြင်းဝိုင်းဆီမှ လွင့်ပျံ့လာသည်။

'မင်းတို့ကလည်း မစကြပါနဲ့ကွာ၊ ပန်းသဇင် ညီမလေး ရေခပ်ပြီး သတိနဲ့တက်နော်'

ခြင်းဝိုင်းဆီမှ ကရုဏာပါသော အသံတစ်သံ ထပ်မံပေါ်လာခြင်းဖြစ်သည်။ ပန်းသဇင်ဆိုသော မိန်းမပျိုငယ်လေးသည် ဤအသံကို ကြားချင်လွန်း၍ ရေလာခပ်ခြင်းသာဖြစ်၏။ ယခုတော့ သူ ဆန္ဒပြည့်ပေပြီ။ ပျော်လိုက်သည်မှာ မပြောပါနှင့်။ မြစ်ကို ခုတ်မောင်းသွားသည့် မော်တော်ကြောင့် ကမ်းခြေကို လာရိုက်သော ရေလှိုင်းကဲ့သို့ သူမရင်သည် တဝုန်းဝုန်း ဖြစ်နေပေသည်။

ပန်းသဇင်ကို ကရုဏာထားသော အသံပိုင်ရှင်မှာ တစ်ရွာလုံး၏ အချစ်တော်ဖြစ်၏။ ရွာကို သည်နှစ်မှ တာဝန်ထမ်းဆောင်လာသော ကျောင်းဆရာလေး ဖြစ်၏။ တစ်ရွာလုံးက 'ဆရာလေး' ဟု ချစ်စနိုးခေါ်ကြပေ၏။ သူ့နာမည်ကား ဆရာလေး ကိုသာညွန့်သာ ဖြစ်လေသည်။

ckecgsm;
bBudfuom
]bmjzpfvJ
a, mufrsm;jzpfjzpf
reuf rjzpfjzpf
ukd tcsp&if
cspfv, f
ajymcGifh
&Sdvmy}[ k
ajymqkdbhnf
qkdu
olonf
q&mav;ukd
cspfa&;qkdbdS
t rSyif
jzpfayonf

ဆရာလေး ကိုသာညွန့်ကား အသင်အပြ အလွန်တော်ပေ၏။ ပေါင်းသင်းဆက်ဆံရာမှာ တော်၏။ ချိုသာသောအသံက ကြားရသူဘဝင်ကို ကြည်လင်စေ၏။ ကလေးတွေက ချစ်ကြ၏။ ရွယ်တူတွေက ခင်မင်ကြ၏။ ကြီးသူများက လေးစားကြ၏။ ကိုသာညွန့်ကို သမက်တော်ချင်သူများ ပေါ၏။ သို့သော် ကိုသာညွန့်ကား အဘယ်သူကိုမှ စိတ်ဝင်စားဟန် မပြ။

သည်ရွာလေးတွင် ဆရာလေး ကိုသာညွန့်သည် ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် ဖြစ်သည်။ ယခုလည်း ရေလာခပ်သော မိန်းမပျိုသုံးယောက်သည် ခြင်းဝိုင်းကို ကြည့်သည်မှာ သူတို့ကြည့်ချင်သော ကိုသာညွန့်ကို ကြည့်ခြင်းသာ ဖြစ်၏။ အပျိုများကြိုက်ကြမည်ဆိုလည်း ကြိုက်လောက်ပါပေ၏။ သူ့တွင် ဖြူဝင်းသော အသားအရေလည်း ရှိ၏။ ဖြောင့်စင်းသောနှာတံ၊ ကြည်ရွှန်းသော မျက်လုံး၊ ဘဲဥပုံမျက်နှာပေါက်တို့နှင့် ယောကျ်ားပီသသော ကိုယ်ခန္ဓာသည် ကြော့ရှင်းလှပနေ၏။ ယောကျ်ားချင်းပင် လည်ပြန်လှည့်ကြည့်ရသည့် အလှမျိုး ဖြစ်သည်။

မိန်းကလေးသုံးယောက်တို့သည် ရေခပ်ပြီး၍ လာလမ်းအတိုင်း ပြန်သွားခဲ့ကြပေပြီ။ သို့သော် သူတို့သုံးဦးသည် အလာတွင် ရေအိုးအခွံဖြစ်၏။ အပြန်တွင် ရေအပြည့်ပါ၏။ ပန်းသဇင်ကား ပီတိကိုစားခဲ့ရ၍ ရေအိုးသည် ပေါ့ပါးကာ ခြေလှမ်းသွက်၏။ အရပ်ပုပု မမေလှကား ရေအိုးထက်လေးသော မနာလိုခြင်းများ ထမ်းရွက်ပါသွားခဲ့လေ၏။ ဘုဝိုင်းဆိုသော မိန်းမငယ်မှာကား ရေအိုးအပြင် ဘာမှ သယ်သွားသွားခြင်းမရှိချေ။ သူတို့အပြန်တွင် ဝင်လုဆဲဆဲနေလုံးသည် သူတို့၏ နောက်ကျောကို ငိုတော့မယောင် စိုက်ကြည့်နေပေတော့သည်။

❑

ညသည် တိတ်ဆိတ်လွန်းလှချေ၏။ မိန်းမပျိုသည် အိပ်ခန်းဘေး ပြတင်းပေါက်ကို ဖွင့်ထား၏။ ထိုပြတင်းပေါက်မှ တစ်ဆင့် ညလေပြည်သည် အေးမြစွာ ဝင်ရောက်လာလျက်ရှိ၏။ ခါတိုင်းနေ့များဆို သူ့အဖေတိုက်သော ဆေးသောက်ပြီးသည်နှင့် များမကြာမီ အိပ်ပျော်သွားရ စမြဲဖြစ်၏။ ယနေ့တော့ သူမ အိပ်မပျော်ပါ။ ပြတင်းပေါက် မှတစ်ဆင့် လှမ်းမြင်နေရသော လမင်းကြီးကို ငေးကြည့်နေ မိ၏။ လမင်းကြီးဘေးတွင် ကြယ်အပေါင်း ဝန်းရံစားနေကြသည်။ မိန်းမပျိုသည် ထိုအရာတို့ကို ငေးကြည့်ရင်း စိတ်ကူးယဉ်နေခြင်း ဖြစ်၏။

'ပန်းသဇင် ညီမလေး၊ ရေခပ်ပြီးရင် သတိနဲ့ တက်နော်' ဆိုသော စကားသံသည် သူ့နှလုံးသားတွင် ပဲ့တင်ထပ်ကာ ရိုက်ခတ်လျက်ရှိ၏။ သူမသည် ယနေ့ညအဖို့ အိပ်ပျော်နိုင်အုံ့မထင်။ သူ၏ သေးငယ်လှသော အသိဉာဏ်ဖြင့် အချစ်အကြောင်း စဉ်းစားနေပြန်သေးသည်။

အချစ်ဆိုသည်မှာ အဘယ်အရာနည်း။ သူမသည် အဖေ အမေကလွဲ ပြီး ဘယ်သူကိုမှ မချစ်ဖူးပါ။ အချစ်ဆိုသောအရာကို သူမ မြည်းစမ်းချင်မိပါ၏။ ဝိုင်းသည် လှကျော်နှင့် ချစ်ဖူးပါ၏။ ဝိုင်းပြောပြသော အချစ်ကို သူမလည်း တစ်ခါတစ်ရံ လိုချင်မိပါ၏။ ချစ်ရေးလာဆိုသော လုထွန်းကိုကား သူမ ချစ်၍ မရပါ။

အချစ်ဆိုသည်မှာ ယောကျ်ားလေးက စပြောမှ ဖြစ်တာလား၊ မိန်းကလေးက ဘာကြောင့်များ ချစ်ရေး



www.burmeseclassic.com

www.burmeseclassic.com

မဆိုရပါလိမ့်ဆိုသော အတွေး မျိုးပင် ဝင်လာမိပါသည်။ ကိုရီးယားဇာတ်လမ်းတွဲများ တွင် မိန်းကလေးများသည် ယောကျ်ားလေးများကို ချစ်ရေးဆိုကြ၏။ သူမမှာ ထိုသို့ ပြောခွင့်ရှိလျှင် ကောင်းမည်ဟု ဘုဝိုင်းကို တစ်ခါ ပြောခဲ့ဖူး၏။ ‘ငါတို့ မိန်းကလေးဆိုတာ ကိုယ့်ကိုယ်ကို တန်ဖိုးထားရမယ်လေ၊ ကိုယ့်ကိုယ်ကို ထိန်းသိမ်းရမယ်’ဟု ဘုဝိုင်းက ပြောပြဖူး၏။

ခုနေခါများ ဘုဝိုင်းကသာ ‘ဘာဖြစ်လဲ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ကိုယ်ချစ်ရင် ချစ်တယ် ပြောခွင့်ရှိတာပဲ’ဟု ပြောဆိုခဲ့မည်ဆိုက သူမသည် ဆရာလေးကို ချစ်ရေးဆိုမိမှာ အမှန်ပင်ဖြစ်ပေသည်။ သူမဘဝတွင် အဖေ၊ အမေပြီးက ဘုဝိုင်းသည် အရေးပါ၏။ သူ့ကို နားလည်၏။ တိုင်ပင်ဖော်ရ၏။ ဆုံးမဖော်ရ၏။ သူမ၏ ထုံထိုင်းသော ဉာဏ်ရည်ဉာဏ်သွေးကြောင့် ဘုဝိုင်းမှာ သူမကို အမြဲ စာဖတ်ပြရ၏။

သည်ညမှာ ဘုဝိုင်း အနားမှာရှိလျှင် ကောင်းမည်ဟု တွေးမိ၏။ ဘုဝိုင်းသာ အနားမှာ ရှိမည်ဆိုက သူမ ဆရာလေး ကိုသာညွန့်ကို ဘယ်လိုရင်ခုန်ကြောင်း၊ ညနေက ဆရာလေးပြော စကားများကို ဘယ်လိုခံစားရကြောင်း ရွှန်းရွှန်းဝေအောင် ပြောမိမည် ဖြစ်၏။ အခုတော့ မိမိမှာ တစ်ယောက်တည်း ဖြစ်သည်။ သူမသည် အတွေးရေလျဉ်ကြောတွင် မျောချင်တိုင်းမျောကာ လွင့်ချင်တိုင်း လွင့်လျက်ရှိ၏။ ခွေးတစ်ကောင်၏ ဟောင်သံသည် ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာသည်။ သူမသည် ချမ်းစိမ့်စိမ့်ဖြင့် ကြောက်စိတ်သည် အလိုလို ဝင်ရောက်လာ သည်။ ရုတ်တရက် ခုတင်ပေါ် ပြေးတက်လိုက်သည်။ စောင်ကို ခေါင်းမြီးခြုံလိုက်သည်။ စောင်ထဲတွင် မျက်လုံးကို အတင်းမှိတ်ထား၏။

‘မလာနဲ့… မလာနဲ့၊ သွား သွား’ဟု ကြောက်လန့်တကြား ပြောကြားနေ၏။ သို့သော် သူမ အသံကား တိုးညင်းဖျော့တော့လျက်သာ။

❑

မနက်ခင်းလေးသည် နှမြထုံအီစွာ လှပဖူးပွင့်လာတော့သည်။ ငှက်တို့၏ ချိုတေးသံတို့တွင် အသာယာ၊ အချိုမြိန်ဆုံးဖြစ်သော တေး၏ ဘုရင် ဥဩငှက်သည် နွေဦးကို စောစီးစွာ ကြိုလင့်လျက် သီကြွေးပြနေပြန်သည်။ ထိုမနက်ခင်းလေးတွင် ရွာလေး၏ ရေဆိပ်တွင် လူတွေ အတော်များများ တွေ့မြင်ရပေ၏။ ငယ်ရွယ်သူ၊ ပျိုရွယ်သူ၊ အိုမင်းသူ အရွယ်စုံ ဖြစ်၏။ ယောကျ်ား၊ မိန်းမ မျိုးစုံပါ၏။

တချို့ မျက်လုံးအိမ်တွင် မျက်ရည်များပင် သီခိုလို့ မြင်ရ၏။ အဘယ်အတွက်ပင်နည်း။ နွေကျောင်းပိတ်ပြီမို့ ရွာကျောင်းမှ တာဝန်ကျသော ဆရာ၊ ဆရာမများ သူတို့အိမ်ကို ပြန်ကြမည့်အတွက်သာတည်း။ ဆရာ၊ ဆရာမများကား တာဝန်ပြီးဆုံးပြီမို့ သူတို့ အိမ်ရှိရာကို ပြန်ကြပေတော့မည်။ ရွာမှ လူများကား လက်ဆောင်တွေ တစ်ပွေ့တစ်ပိုက်ကြီးဖြင့် လာရောက်ပို့ဆောင်နှုတ်ဆက်ကြခြင်းဖြစ်၏။

‘ကဲ… ကဲ ဆရာတွေ ကျောင်းဖွင့်ရင် ပြန်လာကြဦးမှာ အခုအချိန်မရှိဘူး။ မြို့ကားမီ လိုက်ပို့မယ်။ ကဲ… ဆရာတို့ လှေပေါ်တက်ကြပါတော့’

လူအုပ်ကြားမှာ အသံတစ်သံ ဟိန်းဟိန်းကြီး ထွက်ပေါ်လာ၏။ လှေပေါ်သို့ အထုပ်အပိုးများ တင်ကြ၏။ လက်ဆောင်ရလာသော ပစ္စည်းများလည်း တင်ကြ၏။ ထိုလက်ဆောင်များထဲတွင် ဘူးသီးလည်းပါ၏။ ကြက်ခြင်းကြီးများဖြင့် ထည့်ထားသော ကြက်များလည်း မြင်ရ၏။ ငါးခြောက်များ၊ ငှက်ပျောသီးခိုင်များ၊ ကြက်ဥများ၊ ဆီပုလင်းများ၊ ပျားရည်ပုလင်းများ၊ လက်ဆောင်ရပစ္စည်းများပင် လှေတစ်စင်း ပြည့်လုလုဖြစ်၏။ ဆရာ၊ ဆရာမများ စီးသောလှေ ကမ်းမှ ခွာသောအခါ အားလုံး ငြိမ်သက်စွာ လက်ပြ နှုတ်ဆက်နေကြသည်။

ထိုလူအုပ်ကြားထဲတွင် မပါဝင်ဘဲ ကမ်းပါးထိပ်မှ သရက်ပင်ကို ကွယ်ကာ လက်ပြနှုတ်ဆက်လုပ်နေသူ တစ်ဦး ရှိသေးသည်။ သူမ၏ ပါးပြင်တွင် မျက်ရည်များ စီးကျနေ၏။ နှာရည်ကို တရှုပ်ရှုပ်လုပ်နေရ၏။ လက်ထဲတွင် ပုဆိုးတစ်ကွင်းကို ကိုင်ထားသည်။ နှုတ်ခမ်းကိုစုကာ တစ်ခုခုကို ပြောနေဟန်တူ၏။

လှေလေးသည် သူမ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ရပ်ကြည့်နေ၏။ မြစ်ဆိပ်မှ လူများတက်လာသောအခါတွင် သရက်ပင်အိုကို ကာကွယ်ယူကာနေလိုက်ခြင်း ဖြစ်သည်။ သူမသည် နောက်ဆုံးပြန်ခါနီး နှုတ်ဆက်မသွားသော ဆရာလေးကို စိတ်ဆိုးလျက်ရှိ၏။ စိတ်ကောက်နေသည်ဆိုက ပိုမှန်မည်ထင်သည်။

သူမသည် ထိုဆရာလေးကို တစ်ဖက်သတ်ချစ်ခဲ့မိပါ၏။ ထိုသို့သောကြောင့် ဆရာလေးအတွက် မျိုးစုံပြုလုပ်ပေးခဲ့၏။ ရေလာအောင် မြောင်းဖောက်ပေးခဲ့ရ၏။ ဖောက်လုပ်သည့်မြောင်းသည် နည်းနည်းနောနော မဟုတ်။ သို့သော် ဆရာလေးဘက်မှကား မိုးခေါင်ရေရှားခဲ့ရှာ၏။ သူမမှာကား ဆရာလေး ဟင်းစားရတာ မကောင်းဟု ကြားပါက ဟင်းသွားပို့၏။ နေမကောင်းဆိုက ကိုယ်တိုင်ပင် သွားရောက်ကာ ဆေးတွေဝယ်ပေးဖူး၏။ သူမ ထိုသို့ပြုလုပ်ပေးတိုင်း ‘ညီမလေးရယ် ဒုက္ခရှာလို့ကွယ်’ဆိုသော စကားများ၊ ‘ကျေးဇူးတင်ပါတယ်ကွယ်’ဆိုသော စကားသံများ၊ တစ်ခါတစ်ခါ ကလေးလေးတစ်ယောက် သဖွယ် နဖူးဆံစများကို ပွတ်လိုက်သောအထိအတွေ့များသည် ဘာနဲ့မှ လဲမရဘဲ သာယာခဲ့ရပါ၏။

ကျောင်းများ ပိတ်တော့မည့် တစ်ပတ်ခန့်လိုသောအခါ သူတို့ရွာလေးသို့ မိန်းမငယ်လေးတစ်ဦးသည် သူ၏ ကလေးငယ်ငယ်လေးနှင့်အတူ ရောက်လာခဲ့ပေ၏။ ထိုကလေးအမေကား ငယ်ရွယ်



www.burmeseclassic.com

www.burmeseclassic.com

သူဖြစ်၏။ နုမြဝင်းအိသော အသားအရေ၊ လှပသော မျက်နှာနှင့် ကျက်သရေရှိ လွန်းလှပေ၏။

ထိုသတင်းကို ကြားရ မြင်ရသောအခါ တစ်ရွာလုံး အံ့သြသွားကြခြင်းသာ ဖြစ်သည်။ တစ်ရွာလုံးက လူပျို ဟုထင်ထားသော ဆရာလေးကို သာညွှန့်သည် ကလေး အဖေဆို၍ အံ့သြသွားခြင်းသာ ဖြစ်၏။ ထိုထက်ကား မပိုခဲ့ကြ။ ထိုအထဲတွင် ဘဝ တစ်ခုလုံး ပြိုလုရမတတ် ခံစားခဲ့ရသူတစ်ဦး ရှိ၏။ သူကား ပန်းသဇင်သာ ဖြစ်၏။

❑

ဆရာလေးမှာ မိန်းမနှင့် ကလေးရှိသည်ဟု ကြားသည်နှင့် သူမကား တုန်လှုပ်ခဲ့ရ၏။ သူမ စိတ်ကူးယဉ် အိပ်မက်ကမ္ဘာသည် အစိတ်စိတ် အမြွှာမြွှာ ပြိုလဲခဲ့ရပါပေ၏။ မအိပ်နိုင်ဖြစ်လာ၏။ မစားနိုင်ဖြစ်လာ၏။ ညနေတိုင်း သူ့အဖေတိုက်သော ဆေးကို မသောက်ချင်ဖြစ်လာခဲ့၏။ ရွာကိုရောက်နေသော ဆရာလေး၏ မိန်းမနှင့် ကလေးကို မနာလိုဖြစ်လာ၏။

ထို့နောက်တွင် သူမသည် အလှအပကို မမက်မောတော့ပေ။ အရင်လို ညနေတိုင်း အလှဆင်ကာ ရေခပ်ခြင်းအမှုကိုလည်း မပြုလုပ်တော့ပေ။ အိမ်တွင်းမှာ အောင်းကာ တစ်ကိုယ်တည်း တိုးတိုးနှင့် တစ်ဦးတည်းပြောနေ၏။ သူမအခန်းထဲသို့ သူမ အမေနှင့် အဖေကိုပင် ပေးမဝင်တော့ပေ။ မျက်တွင်းမှာ ညိုမည်းလာ၏။ ကိုယ်ခန္ဓာ နဂိုထက် ပိန်ခြောက်ကပ်လာ၏။ မျက်လုံးပြူးပြူးက မျက်ကွင်းမည်းမည်းကြား ထင်းထင်းကြီး ထွက်ပေါ်နေ၏။ မေးရိုးများ ငေါထွက်လာရာ နဂိုခါသော သွားသည် ရှေ့ပို ထွက်သလိုပင် ထင်ရ၏။ ဆံပင်များက ရှုပ်ပွလာတော့သည်။

သည်နေ့မနက်တွင် ဆရာ၊ ဆရာမများ ပြန်ကြမည်ကြားသောအခါတွင် သူမ ဆရာလေးကို ပေးမည်ဟု စိတ်ကူးနှင့် ဝယ်ယူထားခဲ့သော ပုဆိုးကို သတိရလာ၏။ ပေးချင်စိတ်ဖြစ်လာ၏။ အဝတ်ဗီရိုကို ဖွင့်ကာ ပုဆိုးကို ယူ၏။ ရေဆိပ်ကို လှမ်းလာခဲ့ခြင်းဖြစ်၏။ သို့သော် ရေဆိပ်တွင် လူအများပြည့်နေတော့၏။ သူမ မဆင်းတော့ပါ။ သရက်ပင်ကိုကွယ်ကာ ပုန်းလျှိုးကွယ်လျှိုးဖြင့် ကြည့်ကာ နှုတ်ဆက်နေခြင်းဖြစ်သည်။ လက်ထဲမှ ပုဆိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားကာ လာကြည့်နေခြင်းဖြစ်၏။

❑

သမီး အိမ်မှရုတ်တရက် ဆင်းသွားသည်နှင့် မိခင်လုပ်သူသည် ဖခင်ကို ခေါ်ကာ တိတ်တဆိတ် နောက်မှ လိုက်လာ၏။ သမီးငယ် အိမ်ပြင်မထွက်သည်မှာ တစ်ပတ်ခန့် ရှိပေပြီ။ ထမင်းမစားသည်မှာ သုံးရက်ခန့် ရှိပေပြီ။ အရိပ်တကြည့်ကြည့်နှင့် ကြည့်နေသော မိခင်နှင့် ဖခင်သည် စိုးရိမ်သောကဖြင့် နောက်မှ လိုက်ကာ သမီးလုပ်သမျှကို တိတ်တိတ်လေး ကြည့်နေကြပေ၏။

မိခင်၏ မျက်ဝန်းတွင် မျက်ရည်များပြည့် နေ၏။ ဖခင်က တားထား၍သာ သမီးအနား မသွားရခြင်းဖြစ်၏။ ရေဆိပ်မှ တက်လာသော လူများသည် သူတို့ကို ကွက်ကြည့်ကွက်ကြည့် ကြည့်သွားခဲ့ကြ၏။ စပ်စုခြင်း၊ သနားခြင်း၊ ကဲ့ရဲ့ခြင်း စသော အမျိုးစုံသည့် မျက်ဝန်းဖြင့် ကြည့်သွားကြခြင်းဖြစ်၏။

တစ်လတစ်ခါ မြို့ပေါ် သွားကာ သမီးကို ဆေးခန်းပြနေသော ဆရာဝန်က သည်လတွင် ထူးထူးခြားခြား စကားများများပြောကာ ပျော်ရွှင်နေသော သမီးကို ကြည့်၏။ ပြီးနောက် ဖခင်အား အနားသို့ခေါ်ကာ "ခင်ဗျားသမီး ဒီလိုပျော်နေတာ သိပ်ကောင်းတယ်။ ဒါပေမဲ့ အဲဒီပျော်ရွှင်မှုတွေ ပျောက်သွားမှာတော့ မကောင်းဘူး။ ဒါကို သတိထားပါ"ဟု တိုးတိုးတိတ်တိတ် မှာခဲ့ရှာ၏။

ထိုနေ့မှစပြီး ဖခင်နှင့် မိခင်သည် သမီးမပျောက်အောင်ထားခဲ့ကြပါ၏။ သမီး၏ ပျော်ရွှင်မှုသည် ဘာကြောင့် ဆိုသည်မှာလည်း သိကြပါ၏။ ထိုအသိသည်ကား မိခင်၊ ဖခင်အတွက် အလွန် ခက်ခဲလှသော အရာဖြစ်၏။ အခုတော့ သမီး၏ ပျော်ရွှင်မှုသည် ကုန်ဆုံးခဲ့ပေတော့သည်။ ဆရာဝန်မှာကြားခဲ့သော "ပျော်ရွှင်မှုတွေ ပျောက်သွားမှာတော့ မကောင်းဘူး" ဆိုသော နေ့ကို ရောက်လာခဲ့တော့သည်။

ဘယ်လောက်တတ်နိုင်ပါအံ့နည်း။ သူတို့တတ်နိုင်သော အရာကိုလည်း သူတို့ပြုလုပ်ပေးခဲ့ကြပေပြီ။ "သမီးကလေးက ဆရာလေးကို အစ်ကိုရင်းတစ်ယောက်လို သိပ်ချစ်နေရှာတာ။ သမီးမှာက ညီအစ်ကိုမောင်နှမတွေလည်း မရှိဘူး မဟုတ်လား။ ဒီတော့ ဆရာလေးရယ်၊ ကျွန်တော် ဆရာလေးကို တောင်းဆိုပါရစေ။ သမီးလေးကိုလေ ကိုယ့်ညီမလေးလို ဆက်ဆံပေးပါနော်"။ ဖခင်၏ နှိမ့်ချတောင်းပန်မှု ဖြစ်၏။

"သမီးလေးဟာ သနားစရာပါဗျာ။ ကြည့်ရင် လူကောင်းလို့ ထင်ရပေမဲ့ တစ်လ တစ်ခါ မြို့ပေါ် ဆေးကုနေရသူ။ ရှက်ရှက်နဲ့ပြောရရင်တော့ သူ့ဦးနှောက်က ပုံမှန်မဟုတ်ဘူး ဆရာလေး။ ဒါကို ရွာက လူအနည်းအကျဉ်းပဲ သိကြပါတယ်။ ဆရာလေးကိုတော့ ခင်မင်အားကိုးလို့ ဒီစကားတွေ ပြောရတာပါ။ သမီးကလည်း ဆရာလေးကို တော်တော်ခင်တယ်လေ။ ဆရာလေး သမီးကို လူကောင်းလို့ ထင်ပြီး မှားပြီး ဆက်ဆံမိမှာစိုးလို့ ကြိုပြီး လာပြောရတာပါ"

ထိုသို့ ဖခင်တစ်ယောက်၏ ရင်နှင့်အမျှ ပြောသော စကားများကို ကျောင်းဆရာပီပီ ပိပိရိရိနှင့် သတိဝီရိယထားကာ ဆက်ဆံပေးခဲ့ရှာပေ၏။ ထို့အတွက်လည်း သူ့မှာဆရာလေးကို ကျေးဇူးတင်မဆုံး ဖြစ်ခဲ့ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com

သည်နေ့ကို ကြုံရမည်ဆိုသည်ကိုလည်း သူတို့တွေးထားခဲ့ကြပါပေ၏။ ခုလောက်ထိ ဖြစ်သွားလိမ့်မည်ဟုတော့ တွေးမထားသည်မှာ အမှန်ပင်ဖြစ်သည်။ သမီးငယ်ကို ကြည့်ရသည်မှာ လောကကြီးနှင့် အဆက်အသွယ်ပြတ်နေဟန်နှင့်ပင် တူ၏။ သူ့နေရာ သူ့ကမ္ဘာကို သူ ဘယ်လိုဖန်တီးနေပါလိမ့်ဟု တွေးမိ၏။ ကြည့်နေရင်းကပင် ဖခင်၏ မျက်လုံးအိမ်မှ ရေစီးကြောင်းများ ပါးပြင်ပေါ် ဖြတ်စီးလာကြကုန်၏။

❑

နွေကျောင်းပိတ်ရက်ကို ကုန်ဆုံးခဲ့ပေပြီ။ မိုးဦး၏ မိုးရေစက်တို့သည် ကြဲပက်လာကြတော့သည်။ ဆရာလေး ကိုသာဋ္ဌန့်လည်း တာဝန်ကျရာ ရွာလေးဆီသို့ ပြန်လာခဲ့ပေပြီ။ သူ့တွင် ရွာရောက်သည်နှင့် အရင်ဆုံး သွားရမည့်တစ်နေရာ ရှိချေ၏။ သူသည် အပြန်တုန်းက နှုတ်မဆက်ခဲ့၍ စိတ်မကောင်းဖြစ်ကျန်ခဲ့တော့မည့် ပန်းသဇင်ဆီကို ဖြစ်၏။ ထို့အတွက်လည်း ချော့မော့ရန် သူမကြိုက်သည့် မိတ်ကပ်၊ နှုတ်ခမ်းနီနှင့် ပုလဲပုတီး တစ်ကုံးကိုပင် လက်ဆောင်ပေးရန်ဝယ်ယူခဲ့ပေ၏။

သူသည် လှေဝမ်းဗိုက်ထဲတွင်ထိုင်ကာ ရေပက်လျက် ပန်းသဇင်အကြောင်း တွေးတောလာခြင်း ဖြစ်၏။ သူသည် ပန်းသဇင်ကို ညီမလေးအရင်းကဲ့သို့ ချစ်၏။ ပင်ကိုဉာဏ်ရည် မမီသော်လည်း အလွန်လှချင်ရှာပေ၏။ သူ့ဆီကိုလာတိုင်း အမြဲအလှဆင်လာတတ်၏။ သို့သော် သူမဆင်ယင်ထုံးဖွဲ့မှုမှာ နည်းမကျ။ လူကတခြား၊ အလှဆင်ပစ္စည်းက တခြား ဖြစ်၏။

သူမအဖေ ကြိုတင်ပြောထား၍သာ သူသည် ပန်းသဇင်အကြောင်း ဂဃနဏ သိထား၍သာဖြစ်၏။ သို့မဟုတ်က သူ့ဆီကို ခဏခဏလာသောသူမကို အလုပ်ရှုပ်ရန်ကောဟု ဆိုကာ မောင်းထုတ်မိမှာ အမှန်ပင်ဖြစ်၏။ ရွာနှင့်လည်း နီးကပ်လာပေတော့သည်။ သူ လှေဆိပ်မှ တက်သည်နှင့် ပန်းသဇင်ဆီ အရင်ဆုံး သွားတွေ့မည်ဟု ဆုံးဖြတ်လိုက်သည်။

'ဆရာလေး ပြန်လာပြီဟေ့'

ဟု ဆိုသော ကလေးတစ်ယောက်၏ အော်သံနှင့်အတူ ကလေးတစ်အုပ်သည် သူ့ဆီကို ပြေးကြိုလာကြတော့သည်။ အထုပ်များကို ဝိုင်းဆွဲကြ၏။ လက်ကိုဆွဲသူက ဆွဲကြ၏။ 'ကဲကဲ… မင်းတို့ ဆရာ့အိတ်တွေ ယူပြီး ဆရာ့အဆောင်မှာ သွားထား၊ ကြားလား။ ဆရာ ရွာထဲဝင်စရာရှိသေးလို့ ခဏသွားလိုက်ဦးမယ်'

ဟု ဆိုကာ ကလေးများကို ပြောလိုက်သည်။ ဒါတောင် သူ့အနားမှာ မုန့်စားရမလားလုပ်နေသည့် ကလေးတစ်စုက ရှိသေး၏။ 'ကဲ…. ကဲ မင်းတို့ ဆရာ့အဆောင်မှာ စောင့်နေ၊ ပြန်လာတာနဲ့ သကြားလုံးကျွေးမယ်'ဆိုမှ 'ဟေး…'ဟု အော်ပြီး အဆောင်ဆီ ထွက်သွားကြလေ၏။

'ပန်းသဇင် ညီမလေး၊ ဆရာလေး ပြန်လာပြီ'

အိမ်ရှေ့မှ အသံကိုကြားသောအခါ အိမ်ပေါ်ရှိ လူတို့သည် စိတ်ထိခိုက်ရပြန်ပါတော့သည်။ မျက်ရည်ကို ပြန်သွင်းရင်း 'ဆရာလေး…အိမ်ပေါ်တက်ပါဦး'ဟု လှမ်းခေါ်လိုက်လေ၏။

❑

အဖြစ်အပျက်တို့သည် မြန်ဆန်လွန်းလှသည်ဟု သူ တွေး၏။ သူသည် တစ်ခုသော အုတ်ဂူဖြူဖြူလေးရှေ့တွင် ရပ်လျက်ရှိ၏။ သူ့လက်ထဲတွင် မိတ်ကပ်ဘူး၊ နှုတ်ခမ်းနီနှင့် ပုလဲပုတီးတစ်ကုံးကို ကိုင်ကာ အုတ်ဂူဖြူဖြူကို စိုက်ကြည့်နေခြင်းဖြစ်သည်။ ညနေ၏ ဆည်းဆာရောင်ခြည်သည် အုတ်ဂူပေါ်သို့ ဖြာဆင်းကျနေ၏။ သူ့အရိပ်သည် အုတ်ဂူကိုဖြတ်အုပ်လျက်ရှိသည်။ သူသည် ပုဆိုးအသစ်တစ်ထည်ကို ဝတ်ထား၏။ တံဆိပ်ကိုပင် မခွာဘဲ ဝတ်ထားခြင်းဖြစ်သည်။

မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားသော အပြောင်းအလဲတစ်ခုအတွက် သူ့ကိုယ်သူပင် သံသယဝင်မိ၏။ အပြန်နှုတ်မဆက်မိခြင်းသည် သူမဘဝကို သေစေလိမ့်မည်ဟု သူ မတွေးမိခဲ့ပေ။ သာမန်မျှသာ သဘောထားခဲ့၏။ အခုတော့ အရာအားလုံးသည် နောက်ကျသွားခဲ့ပေပြီ။

'ဆရာလေး ပြန်တဲ့နောက်ပိုင်း အစားအစာ လုံးဝမစားတော့ဘူး။ ဒီပုဆိုးကိုကိုင်ပြီး နေ့နေ့ညည ငိုနေတော့တာပဲ။ သူ့သူငယ်ချင်းဘုဝိုင်း လာချော့လည်း မရဘူး။ နောက်ဆုံးတော့ သမီးလေးဟာ ကျွန်တော်တို့ကို ထားခဲ့တော့တာပါပဲ'

ဖခင်တစ်ဦး၏ ဆို့နင့်ဖွယ်စကားလုံးများကို သူ ကြားယောင်နေမိသည်။ သူ့ဘဝတွင် မျက်ရည်ကျခြင်းကို ပထမဆုံး ခံစားရ၏။ ပါးပြင်ကို သုတ်လိုက်သည်။

'ပန်းသဇင် ညီမလေး၊ ဆရာလေးကို ခွင့်လွှတ်ပါကွယ်'။ လက်ထဲမှ ပစ္စည်းများကို အုတ်ဂူပေါ်တင်ရင်း သူစကားဆိုမိသည်။ ကောင်းကင်တွင် ဖြတ်ပျံသွားသော ဗျိုင်းငှက်တစ်အုပ်ကို သူ မော့ကြည့်မိ၏။

ထို့နောက်တော့ ညနေဆည်းဆာကို မျက်နှာမူရင်း သူ လှည့်ပြန်ခဲ့တော့သည်။ လေတိုးသံကြားမှ မွှေးရနံ့တစ်ခုကို သူရလိုက်သလို၊ အသံတစ်သံကိုပဲ သူကြားမိသလို ခံစားလိုက်ရသည်။ သူ အုတ်ဂူကို လည်ပြန်လှည့်ကြည့်မိသည်။

ငြိမ်သက်နေသော အုတ်ဂူပေါ်မှာ စာကလေးတစ်ကောင်က သူတင်ခဲ့သော ပစ္စည်းများပေါ် ရပ်နားနေသည်ကို မြင်လိုက်ရ၏။

'လွတ်လပ်စွာ ပျံသန်းပါတော့ ညီမလေးရေ'

သူ ငှက်ငယ်ကလေးကို ကြည့်ရင်း အလိုလိုပြောထွက်မိသွားသည့်ခဏ ငှက်ငယ်လေးသည် မိုးကုပ်စက်ဝိုင်းအဆုံးထိ ပျံသန်းတော့မည့်ဟန်ဖြင့် ထ,ပျံသွားလေတော့သည်။ ■

**အဋ္ဌန**၊ညောင်ပင်၊



www.burmeseclassic.com

www.burmeseclassic.com

# ဖိုစီးမြင်း

မိုးသက်ဆွေ


ရေနွေးကြမ်းပန်းကန်ထဲ
ရေနွေးငှဲ့နေရင်း သူမ
မျက်ဝန်းထောင့်စွန်းကနေ
မြင်နေရတယ်။ သူမက
အာရုံကို ရေနွေးကြမ်း
ပန်းကန်ထဲထည့်
ထားတယ်။ ဒါပေမဲ့
မရဘူး။ သူမ
အမြင်အာရုံဟာ ငှဲ့နေတဲ့
ရေနွေးကြမ်းပန်းကန်ထဲမှာ
ရှိမနေဘူး။
ရေနွေးကြမ်းငှဲ့ပြီး
သွားတော့ ရေနွေးခွက်ကို
သူမက အသာလေးကိုင်ပြီး
အဲဒီအန်တီရှေ့မှာ
ချပေးလိုက်တယ်။ သူမက
စိတ်ကိုငြိမ်အောင်ထိန်းပြီး
အမြင်အာရုံကို
ဘေးလွင့်မသွားအောင်



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့ကတော့ ကျွန်တော်က 'ဒီနိုဗို' ဘာသာပြန်တဲ့ 'မီလန်ကွန်ဒရာရဲ့ မခံနိုင်အောင် ပေါ့ပါးနေ့ညများ'ကို ဖတ်နေတာ။ စာဖတ်ရင်းနဲ့ မျက်စိညောင်းလာလို့ စာအုပ်ကို ချပြီး ဆိုင်ထဲကို ဟိုဟိုဒီဒီကြည့်မိရင်း အလွန်ထူးဆန်းတဲ့ မြင်ကွင်းတစ်ခု၊ ဒါမှမဟုတ် စိတ်လှုပ်ရှား ရင်ခုန်စရာ မြင်ကွင်းတစ်ခုကို မြင်လိုက်ရတယ်



အမှတ် ၃၅၁၊ ဖေဖော်ဝါရီ၊ ၂၀၁၉
ရွှေအမြုတေ
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည် ၈/ဆုံး



www.burmeseclassic.com

www.burmeseclassic.com

အတတ် နိုင်ဆုံးတော့ စုစည်းတာပဲ။ ဒါပေမဲ့ သူမ အမြင်အာရုံထဲမှာ အဲဒီအန်တီရဲ့ လက်ကိုပဲ မြင်နေတယ်။ အဲဒီအန်တီကလည်း သူမ အဲဒီလိုဖြစ်နေတာကို သိနေတယ်။ အဲဒီအန်တီသိနေတာကိုလည်း သူမက ပြန်သိနေပြန်ရော။ အဲဒီအဖြစ်ဟာ အတော်လေး ဆိုးဝါးတဲ့ အခြေအနေပဲ။

သူမက ရေနွေးငှဲ့ပြီး သွားတော့ ရှေ့က အန်တီကြီးပြောနေတာကို နားထောင်ချင်ယောင် ပြန်ဆောင်ရတယ်။ အမှန်ကတော့ သူမရှေ့က အန်တီပြောတာကို အမှန်တကယ် နားထောင်ချင်တာပါ။ ဒါပေမဲ့ သူမမျက်ဝန်းထောင့်မှာ မြင်နေရတဲ့လက်ကို ရှောင်လွှဲနေရတာနဲ့ပဲ ဘာအာရုံမှ ကောင်းကောင်းစိုက်လို့ မရဘူးဖြစ်နေတာ။ သူမက အာရုံကိုပြန်လွှဲဖို့ လမ်းဘက်ကိုငေးလိုက်၊ စကားဝိုင်းထဲ နားထောင်ချင်ယောင်ဆောင်လိုက် လုပ်နေလိုက်တယ်။ အဲဒီအန်တီကလည်း သူမရဲ့ မျက်ဝန်းထောင့်က အကြည့်တွေကို စိတ်ကျဉ်းကျပ်လွန်းစွာနဲ့ပဲ ရှောင်လွှဲရင်း စကားဝိုင်းကို ဦးဆောင်လိုက်၊ သူမရှေ့က အမျိုးသမီးပြောတာကို နားထောင်လိုက် လုပ်နေတာ တွေ့ရတယ်။ စကားပြောနေရင်းနဲ့လည်း အဲဒီအန်တီရဲ့ လက်ဟာ ဂနာမငြိမ်ဖြစ်နေတယ်။ နောက်ကိုယမ်းလိုက်၊ စားပွဲပေါ်တင်ထားလိုက်၊ ဟန်ပါပါ လေထဲမှာ ဝှေ့ယမ်းလိုက်၊ သူမရဲ့ နောက်ကျောဘက်ကို ဝှက်လိုက်နဲ့။ အဲဒီအန်တီ အဲဒီလိုဖြစ်နေလေ သူမက အဲဒီအန်တီရဲ့လက်ကို မကြည့်မိအောင် မနည်းရှောင်လွှဲနေရလေပဲ။

aumifav;
ykHawmh
bmrSyGifqif
rxm;ayrh
e*kde
MunhNumifwh
tom;jzLjzL
½kyfbmref
refuav;
wpfa, mufyJ
'gayrh
olvufuku
pmt ykfuawmh
ukefwmhwGf
tawmfav;ukd
pdwf/ yfaphwf, f
]oifhr]
bmomjyefwh
[ efue&U
]om;owf/ Gvf}
qkdv/bmt ykfukd
olu
zwfaewmav

သူမက အခုလက်ရှိ သူမတို့အခြေအနေကို ဘေးလူအနေနဲ့ မြင်ကြည့်တယ်။ သူမတို့ထိုင်နေတာက ကော်ဖီဆိုင်တစ်ဆိုင်ရဲ့ စားပွဲတစ်လုံးမှာ။ ထိုင်နေတာက အမျိုးသမီး သုံးယောက်။ စကားတွေ ပြောနေကြတယ်ပေါ့။ ဘေးလူကမြင်ရင် အဲဒီလိုပဲ မြင်မှာပဲ။ ဒါပေမဲ့ သူမစိတ်ထဲမှာ အခုလက်ရှိ ခံစားနေရတာက သူမတို့ထိုင်နေတဲ့ စားပွဲကလွဲပြီး ပတ်ဝန်းကျင်တစ်ခုလုံး ပျောက်ဆုံးနေသလိုပဲ။ သူမတို့သုံးယောက်မှာမှ တစ်ယောက်က ဘာမှမသိတဲ့ ပလိန်း။ ဘာမှမသိတဲ့ဆိုတာက အဲဒီအန်တီနဲ့သူမကြား ဖြစ်နေတဲ့ အနေအထားကို မသိတာကိုပြောတာ။ သူမစိတ်ထဲမှာ အခု သူမတို့ထိုင်နေတဲ့အနေအထားဟာ ရေဘောလုံးကြီးကြီးတစ်လုံးရဲ့ အလယ်မှာ ထိုင်နေရသလိုပဲ မူးဝေလှုပ်ယမ်းပြီး ချာချာလည်နေသလို ခံစားရတယ်။ ကြာလာတော့ အဲဒီအန်တီရဲ့ လက်ကို သူမအကြည့်တွေ မကျရောက်စေဖို့ ရှောင်လွှဲရင်းနဲ့ပဲ ခေါင်းတစ်ခြမ်းစောင်းပြီး ဇက်ကြောတွေတက်လာတယ်။ အဲဒီအန်တီရဲ့မျက်နှာကို ကြည့်လိုက်တော့လည်း မျက်လုံးက အရှေ့ကိုကြည့်နေပေမဲ့ သူမမျက်စိထဲ ဘာမှ မမြင်သလိုမျိုးပဲ။ အသေကြီး ဖြစ်နေတယ်။ ဟာသတွေ ပြောနေပေမဲ့လည်း အဲဒီအန်တီရဲ့ မျက်နှာက အကြောအခြင်တွေဟာ ပြုံးလို့ရယ်လို့ မရလောက်အောင် တင်းမာကြွပ်ဆတ်ပြီး တင်းတင်းကြီး ဖြစ်နေတယ်။ အဲဒီအန်တီ အဲဒီလိုဖြစ်နေလေ သူမက ကိုယ့်ကိုယ်ကို အပြစ်ရှိသူတစ်ယောက်လိုမျိုး ခံစားနေရလေပဲ။ ကြာလာတော့ သူမတို့ အခြေအနေဟာ တင်းမာကြွပ်ဆတ်ပြီး အထိမခံနိုင်အောင် ကွဲအက်သွားတော့မယ့်အခြေအနေတစ်ခုကို တစ်စတစ်စ ရောက်လာသလိုဖြစ်နေတယ်။ ဒီအခြေအနေကနေ သူမအမြန်ဆုံး လွတ်မြောက်ချင်နေပြီ။ အဲဒီအန်တီလည်း အဲဒီလို ခံစားနေရမယ်ဆိုတာ သူမယုံတယ်။ ဒါပေမဲ့ သူမတို့ နှစ်ယောက် အခုအခြေအနေကို ဘယ်လိုကျော်လွှားမလဲ။ ဒါဟာ အိပ်မက်ဆိုးတစ်ခု မက်နေတာဆိုရင်တော့ သိပ်ကောင်းမှာပဲ။ ဒါပေမဲ့ ဒါဟာ အိပ်မက် မက်နေတာ မဟုတ်ဘူး။ တကယ်ဖြစ်ပျက်နေတာ။

❑

'ကျွန်မက အဲဒီအန်တီ မျက်နှာကြီး အဲဒီလိုဖြစ်နေလေ စိုးရိမ်စိတ်တွေများလာလေ၊ စိုးရိမ်စိတ်တွေများလာလေ အဲဒီအန်တီရဲ့ လက်ကြီးကိုပိုသတိထားမိလေ။ ကျွန်မ အဲဒီလိုဖြစ်နေတာကိုကြည့်ပြီး အဲဒီအန်တီကလည်း မျက်စိမျက်နှာတွေပျက်ပြီး သူ့ရဲ့ လက်ကို ထားစရာနေရာ မရှိအောင်ဖြစ်လေနဲ့ လုံးလည်ချာလည်လိုက်နေတာ။ အဲဒီလိုနဲ့ ကြာလာတော့ ကျွန်မလည်း စိတ်ကျဉ်းကျပ်တဲ့ ဒဏ်ကို ဘယ်လိုမှ မခံနိုင်တော့တဲ့အဆုံး အဲဒီအန်တီ ရှိနေတဲ့ ဖေဖေရဲ့ ပွဲရုံကို မသွားတော့ဘူး'

သူမက ကျွန်တော့်ကို ပေါ့ပေါ့ပါးပါးနဲ့ စိတ်လွတ်လက်လွတ်ပြောပြနေတယ်။ သူမရဲ့ ပေါ့ပါးလွတ်လပ်ပွင့်လင်းတဲ့ ပုံစံလေးကိုကြည့်ပြီး သူမခံစားခဲ့ရဖူးတဲ့ အဲဒီအခြေအနေကို ကျွန်တော် လုံးဝကိုယ်ချင်းစာ ခံစားပေးလို့ရတယ်။ သူမ ဘယ်လောက်တောင် စိတ်ကျဉ်းကျပ်ခဲ့လေမလဲ။ သူမပြောသလို တီကောင်ကို ဆားနဲ့ပက်သလို ခံစားမှုမျိုးပဲနေမှာ။ အဲဒီအကြောင်းပြောနေရင်းနဲ့ တစ်



www.burmeseclassic.com

www.burmeseclassic.com

ခါတလေ ခေါင်းလေးကိုခါလိုက်၊ ကိုယ်လေးတွန့်ပြလိုက်၊ ကျောချမ်းသလိုလုပ်ပြလိုက်နဲ့ သူမပုံစံလေးက အတော်လေးကို ချစ်စရာကောင်းနေတယ်။

‘အဲဒီအန်တီကြီးကော ဘယ်လိုဖြစ်ပြီး ကျန်ခဲ့လဲ’

ကျွန်တော်က ဆက်ပြီး သိချင်စိတ်နဲ့ မေးလိုက်တယ်။

‘ဘယ်လိုမှမဖြစ်ဘူး၊ ဖေဖေရဲ့ ပွဲရုံမှာ ဆက်လုပ်နေတာပဲ။ အခုထက်ထိလည်း ကျွန်မမြို့ကိုပြန်ရင် အဲဒီအန်တီကို တစ်ခါတစ်ရံ တွေ့တာပဲ။ အဲဒီအန်တီရဲ့ပုံစံက စိတ်ရင်းကောင်းပြီး ပျော်ပျော်နေတတ်တယ်၊ ဖော်ရွေတယ်။ ကြည့်လိုက်ရင် အမြဲတက်ကြွသွက်လက်နေတာပဲ။ ကျွန်မနဲ့ တွေ့ပြီး ကျွန်မအဲဒီလိုဖြစ်နေတာကို သတိထားမိသွားမှ အဲဒီအန်တီရဲ့ပုံစံက တဖြည်းဖြည်း ပြောင်းလဲသွားတာ’

အဲဒီအခြေအနေဟာ အတော်ကို ဆိုးဝါးတဲ့အခြေအနေဆိုတာကို ကျွန်တော် ခံစားမိတယ်။ ဒါပေမဲ့ အဲဒီအခြေအနေကို ထိန်းချုပ်ဖို့ သူမ မကြိုးစားခဲ့ဘူးလား။ သူမပြောတဲ့ အန်တီဆိုတဲ့ အမျိုးသမီးကကော ဒီအခြေအနေကနေ ရုန်းထွက်ဖို့ မကြိုးစားခဲ့ဘူးလား။

‘အဲဒီလိုတွေဖြစ်လာတော့ မင်းဘာမှလုပ်ဖို့ မကြိုးစားခဲ့ဘူးလား။ ပြဿနာရဲ့ အရင်းအမြစ်ကိုရှာတာမျိုး၊ ဒါမှမဟုတ်လည်း အဲဒီအခြေအနေကို ရပ်တန့်သွားအောင် တစ်ခုခုလုပ်တာမျိုးပေါ့’

‘မလုပ်ဘဲ နေပါ့မလား၊ လုပ်တာပေါ့။ ပထမဆုံး ကျွန်မစဉ်းစားတာက ကျွန်မဘာဖြစ်နေလဲပေါ့။ ဥပမာ- ကျွန်မမျက်စိမှာ ပြဿနာရှိနေလား။ သူငယ်အိမ်စောင်းနေလား၊ ဒါမှမဟုတ်လည်း အဲဒီအန်တီရဲ့လက်မှာ ဘာဖြစ်နေလဲ အမှတ်တစ်ခုခုရှိတာမျိုး၊ အနာတစ်ခုခုရှိတာမျိုး ဖြစ်နေလား အဲဒါတွေကနေ စ,စဉ်းစားတာ။ ကျွန်မ မျက်စိသွားစစ်တယ်၊ မျက်စိက အကောင်း၊ ဘာမှမဖြစ်ဘူး။ အဲဒီတော့ ဒါမျက်စိရဲ့ အပြစ်မဟုတ်တော့ဘူး။ အဲဒီအန်တီရဲ့ လက်ကို ကြည့်ပြန်တော့လည်း အမှတ်မပြောနဲ့ မှဲ့သေးသေးလေးတစ်လုံးလောက်တောင် မရှိဘူး။ အနာလည်း မရှိဘူး။ ပြီးတော့ သူများသတိထားမိစရာ လက်စွပ်လေးတစ်ကွင်းတောင် ရှိမနေတဲ့ တကယ့်ရိုးရိုးသာမန်လက်တစ်ဖက်ပါပဲ။ အဲဒီလက်ကိုမှ ကျွန်မရဲ့ မျက်စိထောင့်က ဘာမှန်းမသိဘဲ ဖျောက်မရအောင် မြင်နေရတာ’

သူမက ပြောနေရင်း အဲဒီတုန်းက အခြေအနေကို ပြန်အမှတ်ရမိသွားတဲ့ပုံစံနဲ့ စိတ်ညစ်ရှုပ်ထွေးလာသလို ခေါင်းတွေခါယမ်းရင်း မျက်လုံးကို စုံမှိတ်ပစ်လိုက်တယ်။ ပြီးတော့မှ အပေါ်သွားက အောက်နှုတ်ခမ်းကို ဖိကိုက်ထားရင်း ကော်ဖီခွက်ကို အကြာကြီး ငေးစိုက်ကြည့်နေပြန်တယ်။ ကျွန်တော် သူမကို ကြည့်ပြီး ဘာပြောရမှန်းမသိဘူး။

ဘာမှ မလိမ်းမခြယ် မပြုမပြင်ဘဲထားတဲ့ သူမရဲ့ မျက်နှာက ပကတိမျက်နှာပြောင်လေးနဲ့။ မျက်ဝန်းနက်တောက်တောက်ကလေးက ကလေးဆန်တာမျိုးလည်း မဟုတ်၊ လူကြီးဆန်တာမျိုးလည်း မဟုတ်ဘဲ ခင်မင်စရာကောင်းတဲ့ပုံစံမျိုး။ ဒါပေမဲ့ သူမက ဝတ်တာစားတာတော့ အတော်လေးကို ရိုးစင်းတယ်။ တီရှပ်ဖြောင်ရောင်စုံ ကိုယ်ကျပ်လေးတွေ၊ စတစ်ကာပါတဲ့ ခပ်ပွပွတီရှပ်လေးတွေကို အနက်ရောင်လုံချည်ဖြောင်လေးတွေနဲ့ တွဲဝတ်တတ်တယ်။ အဲဒါက အမြဲလိုတွေ့ရတတ်တဲ့ သူမရဲ့ ဝတ်စားဆင်ယင်မှုပဲ။ သိပ်ပြီး ပြောင်းလဲမှုမရှိဘူး။ တစ်ခါတလေ မိုးအေးတဲ့နေ့မျိုးဆို ဂျင်းဂျက်ကက်လေး ထပ်ဝတ်လာတတ်တယ်။ ကျောလယ်လောက်ရှိတဲ့ ဆံပင်ကိုတော့ စုစည်းထားတဲ့အခါထား၊ ဖြန့်ချထားတဲ့အခါထားနဲ့ ပါပဲ။ ဘာပဲပြောပြော သူမပုံစံလေးက ရိုးရိုးရှင်းရှင်းနဲ့ ချစ်ဖို့ကောင်းတယ်ပြောရမယ်။

ပြီးတော့ သူမက ကျွန်တော်နဲ့ ဝါသနာလည်း တူသလို စရိုက်လည်းတူတယ်။ လူတွေအများကြီးနဲ့ ပေါင်းလို့သင်းလို့မရတာမျိုး။ အဖွဲ့လိုက်လှုပ်ရှားရတဲ့ လှုပ်ရှားရမှုမျိုးတွေ၊ ပွဲတွေဘာတွေကို ရှောင်တတ်တာချင်းလည်း တူတယ်။ တစ်ယောက်တည်း သွားလာနေထိုင်ရတာမျိုးကို နှစ်သက်တာချင်းလည်း တူတယ်။ အဲဒီလို စရိုက်တူနှစ်ယောက်က ကော်ဖီဆိုင်လေးတစ်ခုမှာ ဆုံမိကြရင်း ခင်မင်သွားခဲ့ကြတာကလည်း ထူးဆန်းတာပါပဲ။

သူမက နယ်မြို့လေးတစ်မြို့က ကုန်သည်မိသားစုက ဆင်းသက်လာတာလို့ သိရတယ်။ အဆင်ပြေတဲ့ မိသားစုဆိုပါတော့။ သူမ ကျောင်းပြီး ဘွဲ့ရတော့ နယ်ခဏပြန်ပြီး မိဘစီးပွားရေးလုပ်ငန်းတွေမှာ ဝင်လုပ်သေးတယ်။ နောက်တော့ ဝါသနာမပါတဲ့ အလုပ်တွေလုပ်ရင်း အချိန်ကုန်မယ့်အစား သူမ ဝါသနာပါတဲ့အလုပ် လုပ်မယ်ဆိုပြီး ရန်ကုန်မှာ သင်တန်းလာတက်တာပဲ။ သူမက စာပေကို ဝါသနာပါတယ်။ စာဖတ်လည်းဝါသနာပါသလို စာရေးဖို့လည်း ဝါသနာပါတယ်။ အဲဒီလိုနဲ့ ရန်ကုန်မှာ အဆောင်နေရင်း စာကြည့်တိုက်သင်တန်းတက်တယ်။ သင်တန်းတက်ရင်းနဲ့ စာရေးစာဖတ်လုပ်တာပဲ။ သူမ ရည်မှန်းချက်က စာကြည့်တိုက်မှူး၊ စာရေးဆရာမတစ်ယောက် ဖြစ်ဖို့။

❑

အဲဒီတုန်းက ကျွန်တော်ကလည်း ရန်ကုန်က ဦးလေးတစ်ယောက်ရဲ့ တိုက်ခန်းမှာ တစ်ယောက်တည်း လာနေပြီး အလုပ်မည်မည်ရရမရှိဘဲ ဘာသာစကားသင်တန်းတွေ၊ ကွန်ပျူတာသင်တန်းတွေ လျှောက်တက်ရင်း တစ်ဖက်ကလည်း ဝါသနာပါတဲ့ စာရေးစာဖတ်အလုပ်ကို လုပ်နေတဲ့အချိန်။

ကျွန်တော်နဲ့ သူမက ပန်းဆိုးတန်းနားက အတော်လေးသန့်ပြီး ထိုင်လို့ကောင်းတဲ့ ကော်ဖီဆိုင်လေးတစ်ခုမှာ ဆုံခဲ့ကြတာ။ အဲဒီနေ့က ဆိုင်အပြင်ဘက်မှာ မိုးတွေရွာနေ



www.burmeseclassic.com

www.burmeseclassic.com

ပြီး ကော်ဖီဆိုင်လေးထဲမှာတော့ အဲကွန်းဖွင့်ထားလို့ အေးစိမ့်နေတယ်။ တိတ်ဆိတ်နေတဲ့ ဆိုင်ခန်းလေးထဲမှာ အနောက်တိုင်း တေးသွားသံစဉ်လေးက ပျံ့လွင့်နေတယ်။ ကျွန်တော်က ဆိုင်ရဲ့ ဝင်ပေါက် ညာဘက်ထောင့်လေးမှာ ထိုင်ရင်း ကော်ဖီသောက်နေတာ။ ဒီဆိုင်လေးက ကျွန်တော်လာထိုင်နေကျဆိုင်လေး။ ဒီဆိုင်မှာ ကော်ဖီထိုင်သောက်ရင်း စာဖတ်ချင်ဖတ်၊ စာရေးချင်ရေး၊ တွေးချင်ရာတွေး။ ဒါမှမဟုတ်လည်း ဖွင့်ထားတဲ့ အနောက်တိုင်း စန္ဒရားလက်သံလေးကို အရသာခံချင်ခံ။ အဲဒီနေ့ကတော့ ကျွန်တော်က ‘ဒီနိုဗို’ ဘာသာပြန်တဲ့ ‘မီလန်ကွန်ဒရာရဲ့ မခံနိုင်အောင် ပေါ့ပါးနေ့ညများ’ ကို ဖတ်နေတာ။ စာဖတ်ရင်းနဲ့ မျက်စိညောင်းလာလို့ စာအုပ်ကိုချပြီး ဆိုင်ထဲကို ဟိုဟိုဒီဒီကြည့်မိရင်း အလွန်ထူးဆန်းတဲ့ မြင်ကွင်းတစ်ခု၊ ဒါမှမဟုတ် စိတ်လှုပ်ရှား ရင်ခုန်စရာမြင်ကွင်းတစ်ခုကို မြင်လိုက်ရတယ်။ အဲဒါကတော့ ကျွန်တော်နဲ့ မျက်စောင်းထိုး၊ ဆိုင်ရဲ့ ထောင့်ကျကျနေရာမှာ ထိုင်နေတဲ့ ကောင်မလေးတစ်ယောက် စာထိုင်ဖတ်နေတဲ့ မြင်ကွင်းပဲ။ ကောင်မလေး ပုံစံကတော့ ဘာမှ သိပ်ပြင်ဆင်မထားပေမဲ့ နဂိုနေကြည့်ကောင်းတဲ့ အသားဖြူဖြူ ရိုးရိုးသာမန် မိန်းကလေးတစ်ယောက်ပါပဲ။ ဒါပေမဲ့ သူမလက်ထဲက စာအုပ်ကတော့ ကျွန်တော့်အတွက် အတော်လေးကို စိတ်

t JBD efvRDJ
vufqDae
tMunfvDyfD
pum;0kdufukd
jyeftm;axmif
aeayrh
ukefrsufpdkufrSm
t JBD efvRDJ
vufukdyJ
jrifaeawmhvJ, f
ukef
½kwfv&ufwmh
bmjzpfrSmfrodbl
acgjifukdyD
rsufpdukd
rSmvlfypfvlkufvJ, f
NyfawmhS
jyefzGifvJ, f
ukef
rsufvlfkkufrSm
t JBD efvRDJ
vufyJ
jyeftyf;vmvJ, f

လှုပ်ရှားစေတယ်။ ‘သင့်လူ’ ဘာသာပြန်တဲ့ ဟန်ကန်းရဲ့ ‘သားသတ်လွတ်မ’ ဆိုတဲ့ စာအုပ်ကို သူမက ဖတ်နေတာလေ။ အဲဒီစာအုပ်ကို ကျွန်တော်က တစ်လောလေးကမှ ဖတ်ထားတာ။ ဖတ်ပြီး ကြိုက်လွန်းလို့ ခဏခဏ စားမြုံ့ပြန်ပြီး ပြန်တွေးဖြစ်နေတဲ့စာအုပ်။ အဲဒီစာအုပ်ကို ကျွန်တော့်ရှေ့မှာ ကျွန်တော်နဲ့ ရွယ်တူ ကောင်မလေးတစ်ယောက် ဖတ်နေတာ တွေ့ရတော့ အတော်လေးကို စိတ်လှုပ်ရှားသွားမိတယ်။ ကောင်မလေးကတော့ ကျွန်တော့်ကိုလည်း သတိမထားမိသလို ကော်ဖီဆိုင်ထဲမှာ သူမကလွဲပြီး ဘယ်သူမှ မရှိသလိုပုံစံမျိုးနဲ့ စာကိုပဲ သဲသဲမဲမဲငုံ့ဖတ်နေတာ တွေ့ရတယ်။

ကျွန်တော်လည်း အဲဒီအချိန်မှာ စိတ်နဲ့လူမကပ်ဖြစ်သွားသလား၊ စိတ်လှုပ်ရှားလွန်းလို့ အဲဒီတဒင်္ဂကို မှတ်ဉာဏ်က မေ့သွားလားတော့ မသိဘူး။ ကျွန်တော် ကိုယ့်ကိုယ်ကို သတိထားမိချိန်မှာ ကျွန်တော်က သူမထိုင်နေတဲ့ စားပွဲနားကို ရောက်နေပြီ။ သူမက ကျွန်တော့်ကို ကြည့်ပြီး နားမလည်ဖြစ်နေသလိုပဲ။ သူမစားပွဲပေါ်က တစ်ဝက်ကျော် ကျန်နေသေးတဲ့ ကော်ဖီခွက်နဲ့ အရာမယွင်းသေးတဲ့ အာလူးချောင်းကြော်ပန်းကန်ကို ကြည့်နေတယ်။ သူမက ကျွန်တော့်ကို စားပွဲထိုး ထင်နေပုံပဲ။ ဒါပေမဲ့ ကျောပိုးအိတ်လွယ်ထားတဲ့ ကျွန်တော့်ပုံစံက စားပွဲထိုးနဲ့လည်း မတူတော့ ကျွန်တော့်ကို ကြည့်ပြီး သူမ အူကြောင်ကြောင်ဖြစ်နေတာ။ ကျွန်တော်က သူမ အဲဒီလိုဖြစ်နေတာကိုမြင်မှ ကိုယ့်ကိုယ်ကို ပြန်သတိရပြီး မိတ်ဆက်ရတော့တယ်။

‘ဒီလိုပါ၊ ကိုယ်က ဒီဆိုင်မှာထိုင်နေကျ ဖောက်သည်တစ်ယောက်ပါ’

သူမက ကျွန်တော့်စကားကို နားထောင်ရင်း မျက်မှောင်ကျုံ့တယ်။ ပြီးတော့မှ ကျွန်တော့်စကားကို ဆက်နားထောင်နေတယ်။ ကျွန်တော်လည်း စိတ်ထဲက ကိုယ့်ကိုယ်ကို ကျိတ်ပြီး ကျိန်ဆဲလိုက်တယ်။

‘ဒီလိုပါ၊ ကိုယ့်နာမည်က ကျော်ဇေယျပါ။ ကိုယ်မင်းဖတ်နေတဲ့ စာအုပ်ကို စိတ်ဝင်စားလို့ပါ။ ပြောရရင်တော့ ကိုယ် အဲဒီစာအုပ်ကို ဖတ်ပြီးပြီ၊ အရမ်းသဘောကျတယ်။ ပြီးတော့ တစ်ယောက်ယောက်နဲ့လည်း ဆွေးနွေးချင်နေတယ်။ ဒါပေမဲ့ ခက်တာက ကိုယ့်မှာ ဆွေးနွေးရမယ့် သူငယ်ချင်းမရှိဘူး။ အခုမင်း အဲဒီစာအုပ်ဖတ်နေတာ တွေ့ရတော့ ကိုယ် မင်းကို ကြည့်ပြီး မနေနိုင်တော့လို့ လာမိတ်ဆက်တာပါ။ ကိုယ် မင်းနဲ့ အဲဒီစာအုပ်အကြောင်း ဆွေးနွေးလို့ရမလား’

သူမက ကျွန်တော့် စကားတွေကို နားထောင်ရင်း ကျွန်တော့်ကို တစ်လှည့်၊ စာအုပ်ကိုတစ်လှည့် ကြည့်ပြီး စဉ်းစားနေပုံရတယ်။ ဘာတွေ စဉ်းစားနေလဲတော့ မသိဘူး။ ခဏကြာတော့မှ သတိဝင်သွားတာလား၊ ကျွန်တော် ရပ်နေရတာကို အားနာလာလို့ ပဲလားတော့ မသိဘူး ထိုင်ဦးလေဆိုပြီး သူမရှေ့က ခုံကို လက်လှမ်းပြတယ်။ ပြီးတော့မှ ကော်ဖီခွက်ကိုကိုင်ပြီး တစ်ငုံသောက်တယ်။ လည်ချောင်းရှင်းတယ်။ ပြီးမှ ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး-

‘ကျွန်မက ဒီစာအုပ်ကို ဖတ်လို့ မပြီးသေးဘူးရှင့်၊ တစ်ဝက်လောက်ပဲ ရောက်သေးတာ။ ဒါပေမဲ့ အခုကျွန်မဖတ်ရသလောက်အထိကတော့ အရမ်းကောင်းတယ်။ ယောင်ပေါးရဲ့ ခန္ဓာကိုယ်မှာ သူ့ခဲအိုက ပန်းချီတွေဆွဲပြီး လိင်ဆက်ဆံဖို့ ခိုင်းတဲ့အခန်း



www.burmeseclassic.com

www.burmeseclassic.com

တွေ၊ ယောင်ပေး အသိ ဉာဏ်မှာ သူမကိုယ်သူမ သစ်ပင်လူလို့ ထင်လာပုံတွေ အဲဒီအခန်းတွေကိုတော့ ကျွန်မ တော်တော်လေး ကြိုက်တယ်"

သူမက ကျွန်တော့်ကို ဘာစကားမှ ပလ္လင်ခံမနေတော့ဘဲ စာအုပ်ထဲက သူမ ဖတ်ထားပြီးတဲ့ အပိုင်းထဲက အကြောင်းတွေကို တန်းပြောတော့တာပဲ။ ကျွန်တော်လည်း သူမက အဲဒီလိုပြောလာတော့မှ နေရထိုင်ရတာ သက်သောင့်သက်သာဖြစ်လာပြီး စိတ်နဲ့လူနဲ့ ကပ်လာတော့တယ်။ ဒါပေမဲ့ စာအုပ်ထဲက အကြောင်းတွေကို အခုအချိန်မှာ သူမနဲ့ အပြည့်အစုံ ဆွေးနွေးဖို့ကျ သိပ်မဖြစ်နိုင်လောက်သေးဘူးလို့ ကျွန်တော် မြင်မိတယ်။ ဘာလို့လဲဆိုတော့ သူမဖတ်ထားပြီး သလောက်လေးနဲ့ ဆွေးနွေးရင် သိပ်ပြီး ပြည့်ပြည့်စုံစုံ ဆွေးနွေးလို့ မရလောက်ဘူး မလား။ ကျွန်တော်က သူမရဲ့ အမြင်တွေကိုပဲ အရင် နားထောင်နေလိုက်တယ်။ သူမကတော့ စာအုပ်ထဲက အကြောင်းတွေကိုပြောရင်း ကျွန်တော့်ကို သူငယ်ပေါင်းကြီးဖော် သူငယ်ချင်း တစ်ယောက်နဲ့ စကားပြောနေရသလို ခံစားနေရတဲ့ပုံမျိုးဖြစ်လာပြီး လွတ်လပ်ပွင့်လင်း သွက်လက်လာတော့တယ်။ အဲဒီနေ့ကစလို့ "ထွေးယုယုစံ" ဆိုတဲ့ သူမနဲ့ ကျွန်တော် ဝါသနာတူ စရိုက်တူ သူငယ်ချင်းတွေ ဖြစ်သွားတော့တာပဲ။

❑

ကျွန်တော်နဲ့ သူမ စကားမပြောဖြစ်ကြဘဲ အတွေးကိုယ်စီနဲ့ ငြိမ်နေကြတာ နည်းနည်းကြာသွားပြီထင်ပါရဲ့။ ရန်ကုန်မြို့ရဲ့ လူတွေ၊ ကားတွေနဲ့ ရှုပ်ထွေး သွားလာနေကြတဲ့ မြင်ကွင်းကို ကြည့်ပြီး ကျွန်တော် အတွေးတွေ လွင့်မျောနေခဲ့တာ။ ကော်ဖီဆိုင်ထဲမှာ အဲကွန်းဖွင့်ထားလို့ အေးစိမ့်နေပေမဲ့ အပြင်ဘက် လမ်းမပေါ်မှာတော့ နေက မညှာမတာကို တောက်လောင်ပူပြင်းနေတာ တွေ့ရတယ်။ ကားတွေက ဝမ်းဗိုက်ထဲ လူတွေ မဆံ့မပြတင်ဆောင်ပြီး လမ်းမပေါ် ယိမ်းထိုးယမ်းခါ ပြေးလွှားနေတယ်။ လမ်းပေါ်မှာ လူတွေ ရှုပ်ထွေးသွားလာနေပုံကို ကြည့်ရတာ အတော်လေး ငိုက်မျဉ်းချင်စရာ ကောင်းတာပဲ။

"ရှင် ဘာတွေ တွေးနေတာလဲ"

"ကိုယ်လား၊ မင်းနဲ့ ကိုယ်နဲ့ အခုလို ကော်ဖီဆိုင်ထဲမှာ နှစ်ယောက်အတူထိုင်ပြီး စာအကြောင်းပေအကြောင်းတွေ ဆွေးနွေးငြင်းခုံနေခဲ့ကြပုံတွေကို တွေးနေတာပေါ့။ လွန်ခဲ့တဲ့နှစ် မိုးရာသီမှာ ကိုယ်တို့ ဒီဆိုင်ထဲမှာပဲ ဆုံခဲ့ကြတာလေ။ ခုနက မင်းပြောပြနေတဲ့ အန်တီကြီးနဲ့ မင်း ကြုံခဲ့တဲ့ အကြောင်းလည်း ပါတာပေါ့။ အဲဒီတုန်းက မင်း အဲဒီလိုဖြစ်ခဲ့တာ ဘာကြောင့်လဲဆိုတဲ့ အဖြေကို မင်း တွေ့ခဲ့လား၊ သိခဲ့ရလား"

"အဲဒီတုန်းကတော့ ကျွန်မရဲ့ ခေါင်းထဲမှာ အဲဒီ အကြောင်းပဲ အချိန်ပြည့် ကြီးစိုးနေခဲ့တာ။ ကျွန်မ အဲဒီလိုဖြစ်နေတာကို ကိုယ့်ဘာသာ လုံးဝ နားမလည်ဘူး။ ဒါပေမဲ့ ကျွန်မဉာဏ်မီသလောက်တော့ အမျိုးမျိုး စဉ်းစားကြည့်တယ်။ အဲဒီ အန်တီကို ကျွန်မ စ,တွေ့တွေ့ချင်းမှာပဲ ခင်မင်သွားခဲ့တာ။ အဲဒီအန်တီရဲ့ မျက်နှာလေးက အေးချမ်းပြီး အရမ်းကျက်သရေရှိတာပဲ။ ပြီးတော့ အဲဒီအန်တီက အလုပ်လည်း အရမ်းကြိုးစားတယ်၊ တိလည်း တိကျတယ်။ စာရင်းဇယားလည်း အရမ်းနိုင်တယ်။ ဒါကြောင့်လည်း ဖေဖေက ပွဲရုံမန်နေဂျာခန့်ထားတာနေမှာပေါ့။ ဖေဖေက ကျွန်မကျောင်းပြီးလို့ အလုပ်အကိုင်မရှိဘဲ အားနေတဲ့အချိန်မှာ လုပ်ငန်းအတွေ့အကြုံရှိအောင်၊ စာရင်းဇယားတွေ နားလည်အောင်ဆိုပြီး အဲဒီအန်တီဆီမှာ လေ့လာသင်ယူခိုင်းထားတာ။ ကျွန်မလည်း အဲဒီအန်တီဆီကနေ လုပ်ငန်းအကြောင်းတွေ၊ အရောင်းအဝယ်တွေကို နားလည်အောင် အဲဒီအန်တီသွားတဲ့နောက် လိုက်ရတာပေါ့။ အဲဒီအန်တီ လုပ်ငန်းစကားပြောတဲ့ စကားဝိုင်းတွေ၊ အဲဒီအန်တီ ပွဲရုံအတွက် ကုန်တွေဆင်းဝယ်တဲ့ နယ်တွေအထိ လိုက်ရတယ်။

"အဲဒီလို စားအတူ၊ သွားအတူ၊ လာအတူ လုပ်နေရင်း အဲဒီအန်တီအကြောင်းတွေလည်း ပိုသိလာခဲ့ရတယ်။ အဲဒီအန်တီက ဘာသာရေးကိုလည်း အတော်လေး ကိုင်းရှိုင်းတယ်။ ပြီးတော့ သူတစ်ပါးကို ကူညီချင်တဲ့စိတ်၊ ရိုးသား ပွင့်လင်းတဲ့စိတ်၊ ခေတ်မီ ထက်မြက်တဲ့ အတွေးအခေါ်၊ ရိုးသားကြိုးစားတဲ့ စိတ်တွေ အဲဒီ အရာတွေ အားလုံးဟာ အဲဒီ အန်တီကြီးဆီမှာ ရှိနေတာကို ကျွန်မ တဖြည်းဖြည်း မြင်တွေ့လာရတာပဲ။ အဲဒီတော့ ကျွန်မ အဲဒီအန်တီကို အရမ်းလေးစားမိတယ်။ အဲဒီအန်တီဆီမှာ တပည့်ခံရတာ၊ အဲဒီ အန်တီနဲ့ အခုလို အနီးကပ်နေထိုင်ခွင့်ရတာကို ကျွန်မ ကျေနပ်မိတယ်။

"အဲဒီအန်တီနဲ့ ကျွန်မက အနီးကပ်နေရတော့ သူသွားတဲ့ နေရာတိုင်းမှာ ကျွန်မပါတယ်။ ဆိုင်တစ်ဆိုင်မှာ ထိုင်ပြီး အဲဒီအန်တီ အခြားတစ်ယောက်နဲ့ အလုပ်စကားပြောနေရင် ကျွန်မက အဲဒီအန်တီရဲ့ ဘေးနားကခုံမှာ ထိုင်ရတယ်။ အဲဒီလိုထိုင်ရင်း ကျွန်မက သူတို့ အလုပ်စကားပြောနေတာတွေကို နားထောင်တယ်။ လိုအပ်တဲ့ အသေးအဖွဲ့ကိစ္စလေးတွေကို လုပ်ပေးရတယ်။ ဥပမာ- ရေနွေးကြမ်းငှဲ့ပေးရတာမျိုး၊ စာရွက်စာတမ်းတွေ ကူရှာပေးရတာမျိုး။ ဘေးနားကနေ တောက်တိုမည်ရလေးတွေလုပ်ရင်း ထိုင်နေရတာပေါ့။ ဘယ်မှာဖြစ်ဖြစ် ကျွန်မက သူတို့အလုပ်စကားပြောရင် အဲဒီအန်တီဘေးနားမှာ ထိုင်ရတာပဲ။ အဲဒီလိုထိုင်ရင်းနဲ့ ကျွန်မက အဲဒီအန်တီရဲ့ မျက်နှာလေးကို ငေးလိုက်၊ အဲဒီအန်တီရဲ့ ကိုယ်ဟန်အမူအရာလေးတွေကို ဘာရယ် မဟုတ် သတိထားမိလိုက်၊ စကားဝိုင်းထဲ အာရုံရလှတယ်ဆိုတာ သိပ်မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို နေရင်းနဲ့ တစ်နေ့မှာတော့ ခါတိုင်းလို သူတို့ အလုပ်စကားပြောနေတဲ့အချိန် အဲဒီအန်တီဘေးနားမှာ ကျွန်မ ထိုင်နေခဲ့တယ်။ အဲဒီအန်တီက စကားပြောနေရင်း လက်ကလေးကို ပေါင်ပေါ်တင်ထားတယ်။ အဲဒီအန်တီရဲ့ လက်ကလေးက ဖြူဖြူဝင်းဝင်း ဖောင်းဖောင်းအိအိလေး။ ကျွန်မလည်း ဘာရယ်မဟုတ်ဘဲ အမှုမဲ့အမှတ်မဲ့ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေမိတာပါပဲ။ ဒါပေမဲ့ ခက်တာက ကျွန်မ အဲဒီအန်တီရဲ့ လက်ဆီကနေ အကြည့်လွှဲပြီး စကားဝိုင်းကို ပြန်နားထောင်နေပေမဲ့ ကျွန်မမျက်စိထဲမှာ အဲဒီအန်တီရဲ့ လက်ကိုပဲ မြင်နေတော့တယ်။ ကျွန်မ ရုတ်တရက်တော့ ဘာဖြစ်မှန်းမသိဘူး။ ခေါင်းကိုခါပြီး မျက်စိကို မှိတ်ပစ်လိုက်တယ်။ ပြီးတော့မှ ပြန်ဖွင့်တယ်။ ကျွန်မမျက်လုံးထဲမှာ အဲဒီအန်တီရဲ့ လက်ပဲ ပြန်ပေါ်လာတယ်။ ဒါနဲ့ ငါတော့ မဟုတ်တော့ဘူးဆိုပြီး စားပွဲဝိုင်းကနေ ထ,ပြီး သန့်စင်ခန်းထဲ ခဏသွားလိုက်တယ်။ အပေါ့အပါးလေးဘာလေး သွားပြီး အာရုံကိုပြောင်းလိုက်တယ်။ ပြီးတော့မှ စားပွဲမှာ ပြန်လာထိုင်ပြီး အဲဒီအန်တီကို မကြည့်တော့ဘဲ ရှေ့ကအန်တီကိုပဲ ကြည့်နေလိုက်တယ်။ အာရုံပြောင်းသွားအောင်ပေါ့။ ဒါပေမဲ့ အံ့ဩစရာကောင်းလောက်အောင် ကျွန်မရဲ့ မျက်လုံးထောင့်မှာ အဲဒီအန်တီရဲ့ လက်ကို မြင်နေရတယ်။ အဲဒါနဲ့ ကျွန်မလည်း

uU©f
rsuf/ltxmifbuae
t'JDefwDU
vufuk
jrifae&vkd
pdwf0ifoufom
jzpfaecJh£Y
om;
om;wkdufaeyD
Nuumvmawmh
t'JDefwDnf
oluufuk
aygifay:
wifxm;vkduf
pm;yGJay:
wifxm;vkduf
olukd faemufm
0ifxm;vkdufY
pdwf0emrNcdf
jzpfaer©f
odmvmw, f

မျက်နှာကို ဟိုဘက်လှည့်ထားလိုက်တယ်။ မျက်လုံးထောင့်မှာ မမြင်ရတော့ဘူး။ ဒါပေမဲ့ ကြာလာတော့ ကျွန်မ ဇက်တွေညောင်းလာတယ်။ ခေါင်းကိုပြန်တည့်တယ်။ စကားဝိုင်းကို တစ်ချက်နားစွင့်တယ်။ မျက်လုံးထောင့်မှာ အဲဒီအန်တီရဲ့လက် ပြန်ပေါ်လာတယ်။ ကျွန်မ အဲဒီလိုဖြစ်နေတာကို စကားပြောနေကြတဲ့ အန်တီတွေကတော့ သတိမထားမိဘူး။ ကျွန်မတစ်ယောက်တည်းဖြစ်နေတာ။ ကျွန်မမှာ တစ်ယောက်တည်း ဇောချွေးတွေပြန်ပြီး ဒုက္ခရောက်နေခဲ့တယ်။ ဖြစ်နိုင်ရင် ကျွန်မ အဲဒီနေရာကနေ အမြန်ပြန်ချင်လှပြီ။ အဲဒီနေ့က အဲဒီလိုဖြစ်ပြီး ကျွန်မ အိမ်ပြန်ရောက်တော့ ငါ ဘာဖြစ်တာလဲလို့ စဉ်းစားတယ်။ ဘယ်လိုမှ စဉ်းစားလို့မရဘူး။ နောက်နေ့ အဲဒီလိုဖြစ်နေရင် ဘယ်လိုလုပ်ရမလဲလို့ စိုးရိမ်စိတ်ဝင်လာတယ်။ ဒါဟာ အခိုက်အတန့်ဖြစ်တာပဲနေမှာပါ။ ဘာမှမဟုတ်ပါဘူးဆိုပြီး ကျွန်မခေါင်းထဲကနေ ထုတ်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ စိုးရိမ်စိတ်က ကြီးစိုးနေတုန်းပဲ။ စိတ်ထဲမှာလည်း လေးနေတယ်။ အဲဒီနေ့က တော်တော်နဲ့ အိပ်မပျော်ဘဲ နောက်နေ့အတွက်ကို ရင်လေးနေခဲ့တယ်။

နောက်နေ့လည်း ရောက်ရော မိုးလင်းတာနဲ့ အဲဒီအတွေးက အရင်ဆုံး ခေါင်းထဲရောက်လာတယ်။ ကျွန်မလည်း စိတ်လေးလေးနဲ့ပဲ ပွဲရုံကို သွားရတော့တယ်။ ပွဲရုံရောက်တော့ အဲဒီအန်တီက ခါတိုင်းလို ကျွန်မကို ဒီနေ့ သွားရလုပ်ရမယ့် လုပ်ငန်းစဉ်တွေကို ရှင်းပြနေတယ်။ အဲဒီအန်တီပုံစံကတော့ ဘာကိုမှ သတိမထားမိဘဲ ရှင်လန်းတက်ကြွနေတာပဲ။ ကျွန်မကတော့ အဲဒီအန်တီ ရှင်းပြနေတဲ့ အကြောင်းအရာတွေထဲမှာ စိတ်မဝင်စားဘဲ အဲဒီအန်တီရဲ့ လက်ကိုပဲ သတိထားမိနေတော့ ကြိုးစားပြီး မကြည့်မိအောင်နေပေမဲ့ ဘယ်လိုမှမရဘူး။ ကျွန်မ စိတ်ထဲ မျက်စိထဲမှာ အဲဒီလက်ကိုပဲ မြင်နေတော့တယ်။ ကျွန်မလည်း အော်ငိုချင်လောက်အောင် စိတ်ညစ်လာတော့တယ်။ ဘာလုပ်လို့လုပ်ရမှန်းလည်း မသိဘူး။ ကျွန်မ အပမှီနေတာလား။ ဒါမှမဟုတ် ရုတ်တရက်ကြီး မျက်စိသူငယ် အိမ်တွေဘာတွေများ စောင်းသွားတာလားဆိုပြီး ကျွန်မ အရမ်းစိုးရိမ်လာတယ်။ ပြီးတော့ ကျွန်မ အဲဒီလိုဖြစ်နေတာကို အဲဒီအန်တီ ရိပ်မိသွားမှာ အစိုးရိမ်ဆုံးပဲ။

ဒါပေမဲ့ ကျွန်မ ကံမကောင်းဘူး။ အဲဒီအန်တီဟာ ကျွန်မအကြည့်တွေ၊ အာရုံတွေ သူ့လက်အပေါ်မှာပဲ ရောက်နေတယ်ဆိုတာ အချိန်တိုအတွင်း သိသွားခဲ့တယ်။ ကျွန်မလေ ရှက်တာရော၊ ကြောက်တာရော ဘာကိုမှန်းမသိ စိုးရိမ်နေတဲ့စိတ်တွေပေါင်းပြီး မွန်ထူနေခဲ့တယ်။ ပူထူပြီး ခေါင်းထဲမှာလည်း ဘာမှ တွေးလို့မရတော့ဘူး။ မျက်လုံးထောင့်မှာ မြင်နေရတဲ့ အဲဒီလက်ကြီးကိုလည်း ဖျောက်လို့မရဘူး။ အဲဒီအန်တီလည်း ကျွန်မ အဲဒီလိုဖြစ်နေတာကို သိသွားတော့ နေရခက်သွားတယ် ထင်ပါရဲ့ မျက်စိမျက်နှာသိပ် မကောင်းဘူး။ တခြားသူတွေနဲ့ အလုပ်စကားပြောနေရင်းနဲ့လည်း အဲဒီအန်တီဟာ ကျွန်မဆီမှာပဲ အာရုံရောက်နေတယ် ထင်ပါရဲ့ ခဏခဏ ကျွန်မဘက်ကို လှည့်လှည့် ကြည့်နေတယ်။ သူလှည့်ကြည့်နေတဲ့အချိန်မှာ ကျွန်မမျက်လုံးထောင့်ကနေ အဲဒီအန်တီရဲ့ လက်ကို မြင်နေရလို့ စိတ်မသက်မသာ ဖြစ်နေချိန်နဲ့ သွားသွားတိုက်နေပြီး ကြာလာတော့ အဲဒီအန်တီလည်း သူ့လက်ကို ပေါင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

တင်ထားလိုက်၊ စားပွဲပေါ် တင်ထားလိုက်၊ သူ့ကိုယ်နောက်မှာ ဝှက်ထားလိုက်နဲ့ စိတ်ဂနာမငြိမ်ဖြစ်နေမှန်း သိသာလာတယ်။ အဲဒီအန်တီရဲ့စိတ်ထဲမှာ ကျွန်မ သူ့လက်ကိုကြည့်နေတာကို မလုံမလဲဖြစ်ပြီး စိတ်အရမ်းကျဉ်းကျပ်နေမှန်း သိသာတယ်။ အလုပ်ထဲမှာလည်း မနည်းအာရုံစိုက်နေရပုံပဲ။ တစ်ချက်တစ်ချက် ကျွန်မနဲ့ အကြည့်ချင်း ဆုံဆုံသွားတဲ့အချိန်မှာ အဲဒီအန်တီမျက်နှာ သိသိသာသာကြီးကို ပျက်ပျက်သွားတယ်။ အဲဒီအန်တီ အဲဒီလိုဖြစ်နေလေ ကျွန်မကတော့ ကမ္ဘာပျက်လေပဲ။ အဲဒီနေရာကနေ အမြန်ဆုံး ထွက်ပြေးချင်စိတ် ဖြစ်လာတယ်။ ဖြစ်နိုင်ရင် အငွေ့ပြန် ပျောက်ဆုံးသွားချင်တယ်။ သူတို့ပြောနေတဲ့ စကားဝိုင်းကိုလည်း အမြန်ဆုံး ပြီးပါစေတော့လို့ ဆုတောင်းနေမိတာပဲ။

"အဲဒီလိုနဲ့ ကျွန်မရဲ့ အခြေအနေဟာ တစ်နေ့တခြား ဆိုးဆိုးလာတယ်။ အဲဒီအန်တီပုံစံကလည်း ဘာလုပ်လို့လုပ်ရမှန်းမသိဘဲ အဲဒီလိုဖြစ်နေတဲ့ အခြေအနေကို နားမလည်နိုင်အောင် ဖြစ်နေပုံပဲ။ အဲဒီအန်တီရဲ့ပုံစံကလည်း အရင်ကလို တက်တက်ကြွကြွ မဟုတ်တော့ဘဲ ထိုင်းမှိုင်းလေးကန်ပြီး စိတ်ညစ်ညျုးနေသလိုပဲ။ အမိက အသိသာဆုံးကတော့ ဖြူဖပ်ဖြူရော်ဖြစ်နေတဲ့ မျက်နှာပဲ။ အရင်ကလို ရွှင်ရွှင်ပျပျ မရှိတော့ဘဲ ငေးတိငေးငိုင်နဲ့ မျက်နှာက အသက်မဝင်ဘူး ဖြစ်နေတယ်။ အဲဒီအန်တီကြည့်ရတာ အရမ်းကို စိတ်ဓာတ်ကျနေသလိုပဲ။

"အဲဒီအန်တီ မျက်နှာ အဲဒီလို ဖြစ်နေချိန်မျိုးဆို ကျွန်မမှာ နေစရာမရှိအောင် တုန်လှုပ်မိတယ်။ ကျွန်မကြောင့်ဆိုတဲ့ အပြစ်ရှိသလို ခံစားမှုကြီးက ဝင်လာပြီး ဘာလုပ်ရမှန်းမသိလောက်အောင် ခံစားနေရတယ်။ အဲဒီအန်တီနဲ့လည်း မျက်နှာချင်း မဆိုင်ချင်တော့လောက်အောင် ဖြစ်လာတယ်။ ဒါပေမဲ့ ကျွန်မတို့က မျက်နှာချင်း မဆိုင်လို့မှ မရတာ။ တစ်ယောက်နဲ့ တစ်ယောက် သည်းခံကြိတ်မှိတ်ပြီး လုပ်စရာရှိတာလုပ်၊ သွားစရာရှိတာသွားရတယ်။ ဒါပေမဲ့ အတတ်နိုင်ဆုံးတော့ အလုပ်တွေကို မြန်မြန်ပြီးအောင် ကြိုးစားနေမိကြတယ်"

❑

သူမက စကားပြောနေတာကို ခဏရပ်ပြီး စတီးရေကရားအိုးလေးထဲက ရေတွေကို ဖန်ခွက်ထဲငှဲ့သောက်နေတယ်။ ကျွန်တော်က ရေဝင်သွားလို့ လှုပ်နေတဲ့ သူမရဲ့ လည်ပင်းက အကြောစိမ်းစိမ်းလေးတွေကို ဘာရယ်မဟုတ်ဘဲ ငေးကြည့်နေမိတယ်။ သူမပုံစံလေးက စကားတွေအများကြီး ပြောလိုက်ရလို့ မောသွားတဲ့ပုံစံလေးနဲ့ သက်ပြင်းလေးရှိုက်လိုက်ပြီး ပခုံးနှစ်ဖက်ကို လျှော့ချလိုက်တယ်။ ကျွန်တော်က သူမ ဆက်ပြောမယ့် စကားတွေကို စိတ်ဝင်စားနေမိတယ်။ သူမတို့ ဘယ်လိုဆက်ဖြစ်ကြသလဲဆိုတာကို ပေါ့။

"ကျွန်မ အဲဒီအဖြစ်ဆိုးနဲ့ ကြုံနေရတာဟာ အရမ်းကို စိတ်ပင်ပန်းလွန်းတယ်။ ဘာတစ်ခုကိုမှ စိတ်ဝင်စားလို့ မရတော့လောက်အောင် ကျွန်မကို အဲဒီအဖြစ်က ပိတ်ဆို့ထားတယ်။ အချိန်ပြည့် ခေါင်းထဲမှာ အဲဒီအကြောင်းကိုပဲ တွေးနေတယ်။ ကျွန်မ ဘာဖြစ်တာလဲပေါ့။ ဘာလို့ အဲဒီအန်တီရဲ့ လက်ကို ကျွန်မ မြင်နေရတာလဲပေါ့။ အမှန်ဆို အဲဒီလက်မှာ ကျွန်မစိတ်ဝင်စားစရာတစ်ခုခု၊ နဝရတ်ကိုးပါး လက်စွပ်တို့၊ စိန်လက်စွပ်တို့၊ ထူးခြားတဲ့ တခြားအရာတစ်ခုခု၊ တက်တူးတို့လိုမျိုး၊ အဆောင်လက်ဖွဲ့ကြိုးလိုမျိုး၊ ကျောက်စိမ်းလက်ကောက်လိုမျိုး၊ အမာရွတ်လိုမျိုး၊ မှဲ့လိုမျိုး။ ဒါမှမဟုတ်လည်း အမှတ်လိုမျိုး တစ်ခုခု။ အဲဒီလို မဟုတ်ရင်လည်း လက်သန်းလေးမှာ၊ လက်မလေးမှာ ငုံးတိတိပြတ်နေတဲ့ လက်ချောင်းပြတ်လေး ဖြစ်နေတာမျိုးပေါ့။ အဲဒီလိုရှိနေလို့ ကျွန်မ အဲဒီလိုဖြစ်နေတယ်ဆို ခံသာတယ်။ အခုက ဘာဆိုဘာမှရှိမနေတဲ့ ရိုးရိုးသာမန်လက်တစ်ခုကိုမှ ကျွန်မမျက်စိထဲက ဘာလို့ ဖျောက်မရအောင် ဖြစ်နေခဲ့ရတာတဲ့လဲ။ ကျွန်မ စဉ်းစားလို့ကို မရဘူး ဖြစ်နေတယ်။ အဲဒါနဲ့ ကျွန်မ ငါ့မျက်စိမှာ တစ်ခုခုဖြစ်နေသလားဆိုပြီး မျက်စိဆရာဝန်နဲ့ သွားပြတယ်။ မျက်စိက ကောင်းတယ်။ ဘာတစ်ခုမှ မဖြစ်ဘူး။ အဲဒီတော့ ကျွန်မလည်း ဘာမှမလုပ်တတ်တော့ဘူး။ အဲဒီအန်တီက အစပိုင်းတော့ ကျွန်မကို မေးပါသေးတယ်။ သမီးနေကောင်းရဲ့လားလို့။ သမီးမျက်နှာ မရွှင်ဘူး၊ ဘာဖြစ်နေလဲလို့။ အန်တီ့ကို သမီးပြောစရာ တစ်ခုခုရှိလားတို့၊ အဲဒီလိုလေးတွေ မေးသေးတယ်။ ကျွန်မကလည်း ကျွန်မ အဲဒီလိုဖြစ်နေတာကို ဘယ်လိုဖွင့်ပြောရမှာလဲ။ အဲဒီလိုပြောလိုက်မှ ပိုဆိုးသွားမှာ။ ကိုယ့်ကို တစ်မျိုးမြင်သွားမှာကိုလည်း ကြောက်ရသေးတယ်လေ။

"အဲဒီလိုနဲ့ ကျွန်မတို့ အခြေအနေဟာ ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်ပြီး အခန်းတစ်ခန်းထဲမှာ ပိတ်မိနေသလိုမျိုး ကူကယ်ရာမရှိ ထွက်ပေါက်မဲ့ နေခဲ့တယ်။ အရင်က ကျွန်မ အဲဒီအန်တီကို အရမ်းချစ်ခင်တဲ့စိတ်၊ လေးစားတဲ့စိတ် ရှိခဲ့တယ်။ လေးစားတဲ့စိတ်၊ ချစ်တဲ့စိတ်ဟာ အမြဲလို တဖွားဖွားပေါ်နေခဲ့တာ။ ဒါပေမဲ့ ကျွန်မ အဲဒီလို ဖြစ်လာတဲ့အခါမှာ အဲဒီအန်တီနဲ့ ကျွန်မဟာ တစ်ယောက်နဲ့တစ်ယောက် အရမ်းစိမ်းသက်လာသလို ခံစားရတယ်။ အဲဒီအန်တီရဲ့ မျက်နှာဟာ ကျွန်မစိတ်ထဲမှာ အရင်လို ချစ်စရာမကောင်းတော့ဘူးလို့ ခံစားလာရတယ်။ တစ်ခါတစ်ရံဆို ကြည့်ရတာတောင် ရုပ်ဆိုးနေသလိုပဲ။ စိတ်ရင်းလည်း သိပ်မကောင်းတော့ဘူးလို့ ထင်လာတယ်။ ကျွန်မအပေါ်မှာလည်း အဲဒီအန်တီဟာ သိပ်ကောင်းမယ့်ပုံ မပေါ်ဘူး။ အလုပ်ရှင်ရဲ့ သမီးမို့ မလွဲသာလို့ ဆက်ဆံနေတဲ့ပုံမျိုးလို့ ထင်လာတယ်။ ဖြစ်နိုင်ရင် အဲဒီအန်တီကို ဖေဖေ့ပွဲရုံမှာ မရှိစေချင်တော့



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ကျွန်မ သူ့မျက်နှာမမြင်ချင်ဘူး။ သူ့လက်ကိုမြင်နေရတဲ့ ခံစားမှုကို ခါးခါးတူးတူး မုန်းတယ်။ ကျွန်မ ဒီအဖြစ်ဆိုးကနေ လွတ်မြောက်ချင်တယ်။ ဒါပေမဲ့ ဒါဟာ ကျွန်မရဲ့ အတွင်းစိတ်က တွေးနေတာပဲဆိုတာကို ကျွန်မ ကိုယ့်ဘာသာကိုယ် သိတယ်။ အမှန်က ဒီဖြစ်စဉ်ကြီးတစ်ခုလုံးရဲ့ အဓိကတရားခံက ကျွန်မပဲ မဟုတ်လား။ အဲဒီ အန်တီမှာ အပြစ်မှမရှိတာ။ အဲဒီအန်တီဟာ ကျွန်မကြောင့် အဲဒီလိုပုံစံဖြစ်နေရတာ။ အဲဒါကို ကျွန်မရဲ့ စိတ်က သိနေတယ်။

‘အဲဒီလိုနဲ့ ကျွန်မလည်း အမျိုးမျိုးစမ်းသပ်ကြည့်တယ်။ ပွဲရုံကို နှစ်ရက်လောက် မသွားဘဲ ရှောင်နေတာမျိုးတွေ လုပ်ကြည့်တယ်။ အဲဒီအန်တီနဲ့ မတွေ့တာကြာရင် ကျွန်မအဲဒီလိုဖြစ်နေတာ ပျောက်များသွားမလားပေါ့။ ဒါပေမဲ့ အဲဒီအဖြစ်ဟာ ပျောက်မသွားတဲ့အပြင် ပိုတောင်ဆိုးလာတယ်။ အရင်က ကျွန်မဟာ အဲဒီအန်တီဘေးနားမှာရှိနေမှ အဲဒီအန်တီရဲ့လက်ကိုပဲ ကြည့်နေမိတာ။ စပါးကြီးမြွေရှေ့ရောက်နေတဲ့ သားကောင်လိုမျိုး ညို့ချက်စက်ကွင်းနားရောက်မှ ညို့ခံရသလိုမျိုးလေ။ အခုတော့ အဲဒီလိုမဟုတ်တော့ဘဲ အဲဒီအန်တီကို အဝေးက မြင်တာနဲ့တင် သူ့မျက်နှာကိုမကြည့်မိဘဲ သူ့လက်ကိုပဲ ကြည့်နေမိတော့တာ။ အဲဒီအန်တီကို ဘယ်နေရာတွေ့တွေ့ သူ့လက်ကို အရင်သတိရပြီး ကြည့်မိလောက်တဲ့အထိ ဖြစ်လာတယ်။ ကျွန်မလေ အဲဒီအဖြစ်ဆိုးကြီးကို နေ့ရှိသရွေ့ ဝဋ်တစ်ခုလို ခံနေရတော့တာ။ ကျွန်မမှာ အဲဒီခံစားမှုကို ခံရခက်လွန်းလို့ ရူးချင်သလိုတောင် ဖြစ်လာတယ်။ ညဘက်တွေလည်း အိပ်မရဘူး။ နေ့ဘက်တွေလည်း ခေါင်းတွေကိုက်ပြီး ဘာတစ်ခုကိုမှ အာရုံစိုက်လို့မရတော့ဘူး။ အဲဒီလိုဖြစ်နေတာဟာ သုံး၊ လေးလလောက်ကြာတယ်။ တကယ်တော့ အဲဒီလောက်ကြာအောင် ကျွန်မ အဲဒီအဖြစ်ဆိုးကြီးထဲ ပိတ်မိနေခဲ့တာဟာ ကျွန်မရဲ့ မာနစိတ်ကြောင့်လို့ပဲ ပြောရမလား မသိပါဘူး။ ကျွန်မက အဲဒီအဖြစ်ကနေ ပြဿနာကို ဖြေရှင်းပြီးထွက်ချင်တာ။ ကျွန်မမှာ ဘာကြောင့် အဲဒီပြဿနာဖြစ်ရတာလဲဆိုတဲ့ အဖြေကို သိသွားချင်တာ။ ပြီးတော့ အဲဒီအဖြစ်ကို အရှုံးပေးပြီး ထွက်ပြေးသွားတဲ့သူတစ်ယောက် မဖြစ်ချင်ဘူး။ အဲဒီလို ကျွန်မဖြစ်နေတဲ့ တစ်ချိန်လုံး အဲဒီအန်တီလည်း အဲဒီဒဏ်တွေကို အလူးအလဲ ခံနေရမှာပဲ။ အဲဒီမှာ ကျွန်မ တွေးမိတာတစ်ခုတော့ ရှိတယ်။ အဲဒါဟာ ကျွန်မစဉ်းစားလို့ ရသမျှနဲ့ ကျွန်မမှာကျန်နေတဲ့ နောက်ဆုံး မေးခွန်းတစ်ခုပဲ။ အဲဒါကတော့ ကျွန်မ စိတ်ရောဂါတစ်ခုခု ဖြစ်နေပြီဆိုတာပဲ။ ဒါပေမဲ့ အဲဒါကို လက်ခံဖို့ဆိုတာ အတော်လေး ခဲယဉ်းတယ်။ ပြီးတော့ ကျွန်မရဲ့ အသိဉာဏ်ဗဟုသုတလေးနဲ့ ဆုံးဖြတ်လို့ရတဲ့အရာမျိုးလည်း မဟုတ်ဘူး။ စိတ်ရောဂါဆရာဝန်ဆီ သွားဖို့ဆိုတဲ့ အတွေးကို ကျွန်မ ခဏခဏ တွေးမိတယ်။ ဒါပေမဲ့ အဲဒီလို စိတ်ရောဂါဆရာဝန်ဆီကို ကျွန်မ သွားရတယ်ဆိုတဲ့ အဖြစ်ကို ကျွန်မစိတ်က လက်မခံနိုင်ပြန်ဘူး။

‘အဲလိုနဲ့ ကျွန်မလည်း ဒီတိုင်းတော့ မဖြစ်တော့ဘူးဆိုပြီး ကျွန်မအဖေကို ရန်ကုန်သွားပြီး ကျွန်မဝါသနာပါတဲ့ စာပေနဲ့ ပတ်သက်တဲ့အလုပ် လုပ်ချင်တယ်လို့ ခွင့်တောင်းလိုက်တယ်။ ကျွန်မအဖေက အစကတော့ မိန်းကလေးဖြစ်တဲ့ ကျွန်မကို ရန်ကုန်မှာ အဆောင်နေပြီး တစ်ယောက်တည်း နေတာမျိုးကို သိပ်မကြိုက်ချင်ဘူး။ ဒါပေမဲ့ ကျွန်မက တစ်နှစ်၊ နှစ်နှစ်ပဲ နေပြီး စာကြည့်တိုက်သင်တန်းတက်မယ်၊ စာရေးစာဖတ် လုပ်မယ်။ ပြီးရင် နယ်ပြန်လာမယ်လို့ ကတိပေးပြီး ဇွတ်ထွက်လာခဲ့တော့တာပဲ။ အဲဒီအန်တီကိုလည်း ကျွန်မ ရန်ကုန်မသွားခင် သွားနှုတ်ဆက်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက အဲဒီအန်တီပုံစံကို ကျွန်မ မျက်စိထဲကနေမထွက်ဘူး။ အိပ်မက်ဆိုးကြီးကနေ လွတ်မြောက်ခွင့်ရတော့မယ်ဆိုတဲ့ ဝမ်းသာပီတိစိတ်ရယ်၊ ကျွန်မနဲ့မှ အဲဒီလို အိပ်မက်ဆိုးကို အတူတူမက်ခဲ့ရလေတယ်ဆိုတဲ့ စိတ်မကောင်းတဲ့စိတ်ရယ် ပေါင်းပြီး အီလည်လည်ကြီး ဖြစ်နေခဲ့တယ်။ ကျွန်မလည်း နောက်ဆုံးအနေနဲ့ အဲဒီအန်တီရဲ့ လက်ကလေးကို ဆွဲကိုင်နှုတ်ဆက်ပြီး အနီးကပ်ကြည့်ဖြစ်ခဲ့တယ်။

‘အဲဒီအန်တီနဲ့ ခွဲခဲ့ရပြီး ရန်ကုန်ရောက်လို့ သင်တန်းတွေဘာတွေတက်ရင်း၊ စာတွေရေးရင်း၊ ဖတ်ရင်းနဲ့ ကျွန်မ အဲဒီအဖြစ်ကို မေ့သွားခဲ့တော့တာပဲ။ ဒါပေမဲ့ တစ်ခါတလေ နယ်ပြန်တဲ့အခါ အဲဒီအန်တီကို ပြန်တွေ့ပါတယ်။ အဲဒီလိုပြန်တွေ့တဲ့အခါမှာ ကျွန်မ မျက်လုံးထဲမှာ အဲဒီအန်တီရဲ့ လက်ဟာ ပြန်ပေါ်လာတာပါပဲ။ ဒါပေမဲ့ ကျွန်မ ဂရုသိပ်မစိုက်တော့ဘူး။ ဘာလို့လဲဆိုတော့ ဒါဟာ ကျွန်မ နယ်ပြန်တဲ့အခိုက်အတန့်ပဲလေ။ ပြီးတော့လည်း ကျွန်မက အဲဒီအန်တီနဲ့ အရင်လို တွေ့စရာမှ မလိုတော့တာ’

❑

သူမက စကားပြောတာကို ခဏရပ်ပြီး ရေတစ်ခွက်သောက်တယ်။ အာလူးချောင်းကြော်တစ်ခုကို ကောက်ဝါးတယ်။ ပြီးမှ ကော်ဖီခွက်ထဲက အေးစက်နေတဲ့ ကော်ဖီကို တစ်ငုံပြန်သောက်တယ်။ ကျွန်တော်က သူမ လှုပ်ရှားမှု အသေးစိတ်တွေကို ဘာရယ်မဟုတ်ဘဲ ကြည့်နေမိတယ်။

အပြင်ဘက်မှာတော့ နေကချစ်ချစ်တောက်ပူပြင်းနေဆဲ။ လူတွေ၊ ကားတွေလည်း ရှုပ်ထွေးသွားလာနေဆဲ။ လမ်းဘေးပလက်ဖောင်းနားမှာ အစာစားနေတဲ့ ခိုတစ်အုပ် ဝုန်းခနဲ ထ,ပျံသွားကြတယ်။ ဆိုင်ရှေ့မှာ ဘတ်စ်ကားတစ်စီး ဝေါခနဲ ထိုးဆင်းလာပြီး လူတွေ ကားပေါ်က စုပြုံတိုးဝှေ့ ဆင်းလာကြတယ်။ အောက်က စောင့်နေတဲ့လူတချို့ ကားပေါ်တက်သွားကြတယ်။ ပြီးတော့ ကားက ဝူးခနဲ ပြန်မောင်းထွက်သွားတယ်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

သူမကို ကြည့်လိုက်တော့ သူမက အောက်နှုတ်ခမ်းကို ကိုက်ပြီး စားပွဲပေါ်က မီနူးစာရွက်ကို ငေးကြည့်နေတာ တွေ့ရတာပဲ။ ဒါပေမဲ့ သူမ မျက်လုံးတွေက မီနူးထဲမှာ ရှိနေပုံမပေါ်ဘူး။

'အဲဒီတော့ မင်းရဲ့ အဲဒီရောဂါက၊ ဆောရီး၊ မင်း အဲလိုဖြစ်တာက နောက်ပိုင်း ပျောက်သွားရောလား။ ဒါမှမဟုတ် အဲဒီလိုအဖြစ်မျိုး ထပ်ဖြစ်ခဲ့သေးလား'

သူမက မေးတာကို ချက်ချင်း မဖြေသေးဘဲ စားပွဲပေါ်မှာပဲ သူမရဲ့ အကြည့်တွေကို စိုက်ချထားတယ်။ သူမပုံစံက တစ်ခုခုဖြစ်နေသလိုမျိုးပဲ။ မျက်နှာကလည်း စောစောကရှိနေခဲ့တဲ့ ရွှင်လန်းတက်ကြွမှုမျိုးတွေကို မတွေ့ရတော့ဘဲ အတော်လေးကို ပျက်နေတာ တွေ့ရတယ်။ အောက်နှုတ်ခမ်းကို သွားနဲ့ ကိုက်ထားတာလည်း အကြာကြီးပဲ။

'ဟော့၊ မင်း အဆင်ပြေရဲ့လား'

ကျွန်တော်က သူမ မျက်နှာရှေ့ လက်ကလေးနဲ့ ဝှေ့ယမ်းပြရင်း မေးလိုက်တယ်။ သူမမျက်နှာက မော့လာတယ်။ ပြီးတော့ မျက်မှောင်ကျုံ့ထားတယ်။ သူမပုံစံက တစ်ခုခုကို မနည်းထိန်းချုပ်ထားရသလိုပဲ။ သူမမျက်နှာက မော့လာပေမဲ့ သူမက ကျွန်တော့်ကို ကြည့်မနေဘူး။ ဆိုင်အပြင်ဘက်ကိုပဲ လှမ်းငေးနေတယ်။ ခဏအကြာမှ သက်ပြင်းတစ်ချက်ချပြီး စကားစပြောလာတယ်။

'ကျွန်မ အဲဒီအန်တီနဲ့ အဲဒီလိုဖြစ်ခဲ့တာကို ဘယ်သူ့ကိုမှ မပြောခဲ့ဖူးဘူး။ ဒီအဖြစ်အပျက်က ပြောလို့ကောင်းတဲ့ အဖြစ်အပျက် မဟုတ်ဘူးမလား။ တကယ်လို့ ကျွန်မပြောပြခဲ့ရင်လည်း ကျွန်မကို စိတ်ဝေဒနာတစ်ခုခု ခံစားနေရပြီလို့ပဲ ပြောကြမှာ။ ပြီးရင် စိတ်ကျန်းမာရေး ဆရာဝန်ဆီ လမ်းညွှန်မှာပဲ။ အဲဒီလိုအဖြစ်မျိုးကို ကျွန်မက မကြုံချင်ဘူးလေ။ ကျွန်မ ယဉ်ယဉ်လေး ရှုးနေပါတယ်ဆိုတာမျိုးကို အဖြစ်မခံနိုင်ဘူး။ အဲဒီတော့ အဲဒီအကြောင်းကို ကျွန်မတစ်ယောက်တည်း မျိုသိပ်ထားခဲ့တာ။

'ဒါပေမဲ့ ကျွန်မက အဲဒီအဖြစ်အပျက်ကို ကျွန်မဘာသာ သုံးသပ်ပြီး ကျွန်မနည်းကျွန်မဟန်နဲ့ နားလည်ခဲ့တာတော့ရှိတယ်။ ကျွန်မက ငယ်ငယ်ကတည်းက အပေါင်းအသင်း နည်းတယ်။ တစ်ယောက်တည်း နေတာများတယ်။ လူတွေနဲ့ သိပ်ရောရောနှောနှော မနေဘူး။ မနေလည်း မနေတတ်ဘူး။ လူများတဲ့ နေရာတွေဆို ကျွန်မအမြဲလိုရှောင်တယ်။ သူငယ်ချင်းလည်း မထားဘူး။ ဘယ်သူ့ကိုမှလည်း ကျွန်မသိပ်သံယောဇဉ်မရှိဘူး။ ငယ်ငယ်တုန်းက ကျောင်းတက်ခဲ့တဲ့တစ်လျှောက်ရော၊ တက္ကသိုလ်တက်ခဲ့တဲ့တစ်လျှောက်ရော ကျွန်မက အဲဒီလိုပဲ နေလာခဲ့တာ။ ကျွန်မက လူတွေနဲ့ ရောရောနှောနှောကို မနေတတ်တာ။ သူငယ်ချင်းလို့ သတ်မှတ်လို့ရမယ့်သူတွေ ရှိခဲ့ပေမဲ့လည်း စိတ်ထဲက ဘယ်တုန်းကမှ နှစ်နှစ်ကာကာ ချစ်ခင်ခဲ့တဲ့သူမျိုး မရှိဘူး။ အဲဒီအန်တီနဲ့ကျမှ ကျွန်မစိတ်ထဲမှာ အရမ်းချစ်ခင်တဲ့စိတ်တွေရော၊ လေးစားတဲ့စိတ်တွေရော ဖြစ်ခဲ့မိတာ။ အဲဒီတော့ ကျွန်မသဘောပေါက်တာ ကျွန်မ အရမ်းချစ်ခင်တဲ့ သူစိမ်းတွေနဲ့ ကျွန်မ အနီးကပ်နေလို့ မရဘူးဆိုတာပဲ။ အဲဒါကြောင့် ကျွန်မ အပေါင်းအသင်းလည်းမထားဘူး။ အဲဒီလို ချစ်ခင်ရမယ့်သူမျိုးကိုလည်း မတွေ့ချင်ဘူး။ ဘာလို့ဆို ကျွန်မ အဲဒီခံစားမှုမျိုး ခံစားရမှာ ကြောက်လွန်းလို့ပဲ'

သူမပုံစံက တကယ်ကို အလေးအနက်ပြောနေတာ။ မျက်နှာက တည်လွန်းနေတယ်။ မျက်လုံးတွေကတော့ သူ့ရှေ့ကကျွန်တော့်ကို ကြည့်မနေဘဲ စားပွဲပေါ်ကိုပဲ စိုက်ကြည့်နေတာ တွေ့ရတယ်။ ဒါပေမဲ့ သူမရဲ့ အကြည့်တွေဟာ စားပွဲပေါ်မှာဆိုတာထက် ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ရောက်နေသလိုပဲ။ သူမရဲ့ မျက်နှာဟာ ထူအမ်းပြီး နီရဲတွတ်နေတယ်။ မျက်လုံးတွေကလည်း အသက်မဲ့နေသလိုပဲ။ ကျွန်တော် သူမကို ကြည့်ရင်း စိုးရိမ်စိတ်တွေဝင်လာတယ်။ သူမရဲ့ အကြည့်တွေက ကျွန်တော့်လက်ပေါ်မှာများလား။ သူမမျက်လုံးထောင့်ကနေ ကျွန်တော့်လက်တွေကို မြင်နေရတာများလား။

ကျွန်တော် သူမ မျက်လုံးတွေကို သေချာကြည့်လိုက်မိတော့ သူမ ငိုနေတာကို တွေ့လိုက်ရတယ်။ ■

**မိုးသက်ဆွေ**


**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ပိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com





# တေးဂီတ၊ ဝေဖန်ရေး

## သားဖွားအုပ်တွေအနား မျက်ရည်များ

စီရင်ဆုံးဖြတ်ချက်တစ်ခုသည် လူတစ်ယောက်၏ ဘဝတစ်ခု ဖြစ်နိုင်ပါသည်။ မိသားစုအသိုက်အဝန်းတစ်ခု၊ ရုံဖန်ရံခါ လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာနှင့်တန်ဖိုး သတ်မှတ်မှုတစ်ခုလည်း ဖြစ်နိုင်ပါသည်။ ကျွန်တော် ပြန်စဉ်းစားကြည့်ပါသည်။ တရားသူကြီးတစ်ယောက်၏ ဘဝခရီး၌ ကျွန်တော့်ကို တုန်လှုပ်စေခဲ့သည်မှာ မိခင့်မျက်ရည်များပဲ ဖြစ်ပါသည်။ စီရင်ချက်ချရတော့မည်ဆိုလျှင် တရားသူကြီးကို တွေ့ပါရစေဟု ကျားကုတ်ကျားခဲ တောင်းဆိုသည်မျိုး မကြာခဏ ကြုံရတတ်ပါသည်။ တရားခံများ၏ မိခင်တို့ပဲဖြစ်ပါသည်။ ငါးမိနစ်လောက်ကလေးပါ၊ ခဏပဲ ပြောချင်လို့ပါဟု တောင်းဆိုတတ်ပါသည်။ မည်သည့် တရားသူကြီးမဆို စီရင်ချက်မချမီ အမှုသည်နှင့် ပတ်သက်သူ မည်သူ့ကိုမျှ မတွေ့ချင်ပါ။ မတွေ့အပ်ပါ။ သို့သော် ရုံးတံခါးဝသို့ ခက်ခဲစွာ ရောက်လာသည့် မိခင်တစ်ဦးဦးကို အသည်းမာမာ ငြင်းဆန်ပစ်လိုက်ဖို့ဆိုသည်မှာ အခါခပ်သိမ်း လွယ်လှသည်မဟုတ်ပါ။ ပြောရလျှင် မိခင်တို့၏ မျက်ရည်များကို ကျွန်တော်က ခံနိုင်ရည်မရှိပါ။ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိတည်းဟူသော အဂတိလေးပါး၌ မိခင့်မျက်ရည်ကို ခံနိုင်ရည်မရှိသည့် အားနည်းချက်ကြောင့် ခါးသီးခဲ့သော အတွေ့အကြုံတစ်ခု ကျွန်တော့်မှာ ရှိခဲ့ဖူးပါသည်။ သို့စဉ်လျက် 'မငိုရဘူးနော်'ဟူသည့် စည်းကမ်းချက်ဖြင့် တွေ့ခွင့်ပြုလိုက်သည့်အခါမျိုးတွင် မိခင်များသည် တူညီသော စကားတစ်ခွန်းကိုပဲ မျက်ရည်လည်ရွဲနှင့် ပြောလေ့ရှိပါသည်။ 'ကျွန်မသားက သူတော်ကောင်းလေးပါ ဆရာရယ်' စိတ်ဆင်းရဲခဲ့ရပါသည်။ အထူးသဖြင့် မူးယစ်ဆေးဝါး အမှုကဲ့သို့သော ပြင်းထန်သည့် ပြစ်ဒဏ်ကိုသာ ချမှတ်ရမြဲဖြစ်သည့် တရားခံများ၏ မိခင်တို့နှင့် တွေ့ရသည့်အခါတိုင်း ကျွန်တော့်မှာ အလွန် စိတ်မချမ်းမသာ ဖြစ်ခဲ့ရပါသည်။

**'တပြည်သူ မရွှေထား'**တွင် တရားခံသည် ထား၏သားဖြစ်သည်။ ထားသည် မြတ်ဆွေ၏ချစ်သူဖြစ်သည်။ တစ်ညသ၌ မြတ်ဆွေနှင့်ထားတို့ ငြိစွန်း မှောက်မှားခဲ့သည်။ ထား၌ ကိုယ်ဝန်ရခဲ့သည်။ ဂုဏ်မြင့်သော၊ မာနကြီးသော ထားသည် သူ့ကိုယ်ဝန်ကို မြတ်ဆွေမသိအောင် မွေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ထား၏ သားသည် မြတ်ဆွေ၏ သားလည်းဖြစ်သည်။ သို့သော် မသိ။ သူ့၌ သားတစ်ယောက် ရှိနေခဲ့သည်ကို စက်ရှင်မင်းကြီး ဦးမြတ်ဆွေ မသိ။ သိလိုက်ရသည့်အခါမှာတော့-

'ပြစ်မှုကျူးလွန်သည်ဟု ထင်ရှားသဖြင့် ဖရက်ဒီတင်လေးခေါ် မောင်တင်မောင်မျိုးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်လိုက်သည်'

ဝုန်းခနဲ လဲပြိုသံတစ်ခု တရားခွင်အပြင်ဘက်၌ ကြားလိုက်ရသည်။လဲသွားပြီ၊ လဲကျသွားပြီ၊ သူ့အမေလား။ မေးဖို့မလိုပါ။ ဤမြေကမ္ဘာ၌ ဆိုးရွားလှသည့် ကြမ္မာကံကြောင့် နှလုံးကွဲ၍ လဲပြိုသွားမည့်သူမှာ သား၏မိခင်မှတစ်ပါး မည်သူမျှ မဖြစ်နိုင်ပါ။

'အို…ထားရယ်၊ အို… လောကရယ်၊ အို… ကံကြမ္မာရယ်'

ဆရာ တက္ကသိုလ်ဘုန်းနိုင်သည် ကျွန်တော်တို့၏ ငယ်ဘဝတစ်လျှောက်လုံးကို စိုးမိုးနိုင်ခဲ့သော ဝတ္ထုမှော်ဆရာကြီး ဖြစ်ပါသည်။ ဆရာ့ကို ရှိသေပါသည်။သို့သော် **တပြည်သူ မရွှေထား** မှာတော့ဖြင့် ဆရာ၏ ရေးချက်က တော်တော် ရက်စက်ပါသည်။

❑

စာရေးဆရာတစ်ယောက်၏ အက်ဆေးများကို ဖတ်ကြည့်ရသည်မှာ ရံဖန်ရံခါသူ၏အတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ရသကဲ့သို့ ရှိပါသည်။

ကျွန်တော်သည် ရင်ရီး၏ အက်ဆေးများကို ဖတ်မိရာမှ သူ၏ ဘဝဖြတ်သန်းမှု တစ်စိတ်တစ်ဒေသကို တွေ့မြင်ခွင့်ရခဲ့ပါသည်။ မိခင်က သူ့ကို ကိုယ်ဝန်လွယ်ထားစဉ် အမိအဖတို့ အိမ်ထောင်ပြိုကွဲသွားခဲ့သည်။ သူ့အသက် ၂၀ ကျော်သည့်အခါတွင်မှ တစ်မြို့တည်းနေဖခင်ကို အဝေးမှငေးကြည့်ခဲ့ရပြီး ဖခင်ကို ဖခင်အဖြစ် ခံစားကြည့်လို့ မရနိုင်အောင် ဖြစ်ခဲ့သည်။ မိခင်၏ နောက်အိမ်ထောင်သည် သူ၏ဖခင်ဖြစ်ပြီး ထိုဖခင်မှပါလာသည့် သားသမီးတို့ကိုပဲ အရင်းအချာနှယ် ခံစားတွယ်ငြိခဲ့သည်

ppf;qkdbnfh
Epfzuf
wkd;&ygonf
xkdwl
Ndcfcsfa&;
qkdbnfhvnf
Epfzuf
&ypfr&ygonf
Epfzuf
oabmxm;Budk;DS
&Ekdiftom
t &mjzpfygonf
obm?obrf;Dolrd
olt zwkbnf
b, f;omt cgrsm;rS
rSuf&nf
odEkdiuygnfnf

ဟု ဆိုပါသည်။

သူ အရွယ်ရောက်သောအခါ တမူးမြို့သူနှင့် အကြောင်းပါခဲ့သည်။ တွတ်တီးတွတ်တာ၊ အလွန်ချစ်စရာကောင်းသည့် သားတစ်ယောက်ကိုလည်း ရရှိခဲ့သည်။

ရင်ရီးသည် **'သားဖွားအုပ်တွေ အနား ငါးမမျှားရ'** ဆိုသော သူ၏ အက်ဆေးကို ချစ်စရာကောင်းလှသည့် ငါးနှစ်အရွယ် သားဦးကလေးကို ဆော့မြူနေပုံနှင့် စတင်ခဲ့ပါသည်။

'အဖေ နပမ်းလုံးရအောင်'

'အဖေ အပြေးပြိုင်ရအောင်'

'အမေ၊ ဘိုဘိုကာတွန်းဖတ်ပြ'

ဟု တွတ်တီးတွတ်တာ တောင်းဆိုတတ်သော သားကလေး။ နပမ်းပွဲသုံးချီတွင် တစ်ယောက်တစ်ချီ အနိုင်ကစားပြီး နောက်ဆုံးအချီကျမှ သားကို အနိုင်ပေးကစားတတ်သောဖခင်။ သားနှင့်သိုက်မြိုက် ခင်တွယ်သော ဖခင်တို့၏သဘာဝပဲဖြစ်ရာ ထူးခြားဆန်းပြားသည် မဆိုသာပါ။

*'သူ ခွစီးဖို့ သူ့အဖေ၏ ကုပ်ပိုးတစ်ခု လိုအပ်ပါသည်။ သူ တိုးခွေ့ဖို့ သူ့အမေ၏ ရင်ခွင်တစ်ခုလည်း လိုအပ်ပါသည်။ သူသည် အဖေ့လက်ကိုဆွဲ၍ အမေ့လက်ကို တွဲထားချင်ပါလိမ့်မည်။ ပန်းခြံတစ်ခုအတွင်း အဖေ အမေနှင့်အတူ ပြေးလွှားဆော့ကစား ပျော်ပါးချင်ပါလိမ့်မည်။ အဖေ အမေနှင့်အတူ တိရစ္ဆာန်ဥယျာဉ်အတွင်း ဆင်ကြီးကို ကြံချောင်းကျွေး၍ ယုန်ကလေးတွေကို ကန်စွန်းရွက် ကျွေးချင်ပါလိမ့်မည်။ အဖေ အမေနှင့်အတူ တွဲရိုက်ထားသော ဓာတ်ပုံကလေးများကို လှန်လှောကြည့်ချင်ပါလိမ့်မည်'*

ဒါကတော့ဖြင့် နည်းနည်းပို၍ အနုစိတ်လာသည့် ခံစားမှုဖြစ်သည်။ အက်ဆေးဆရာဖြတ်သန်းခဲ့ရသော ဘဝခရီးအတွေ့အကြုံမှ ပေါက်ဖွားလာသည့် စိတ်ခံစားမှုပဲ ဖြစ်တန်ရာပါသည်။

ရင်ရီးသည် သူနေထိုင်လျက်ရှိသော တမူးမြို့မှ အကြောင်းအရာ (အတွေ့အကြုံ)နှစ်ခုကို ပြောပြပါသည်။ တမူးမြို့မှာ နန်းဖာလုံဈေး ရှိသည်။ အိန္ဒိယနိုင်ငံမှ မိုရေးမြို့နှင့် နယ်စပ်ဈေးဖြစ်ပြီး တမူးနှင့် နှစ်မိုင်ဝေးသည်။ ဈေးသွားဈေးပြန် မော်တော်ဆိုင်ကယ်ဖြင့် သွားလာရသည်။ ညနေဈေးပြန်ချိန်တွင် ကိုရင်ကလေးများက ဆိုင်ကယ်ကြုံစီးဖို့ စောင့်နေတတ်သည်။ အစကတော့ ဆိုင်ကယ်ကြုံလျှင်လည်း သူ မတင်ချင်။ မတော်ပြုတ်ကျပြီး အမှုပတ်မည်စိုးသောကြောင့် သူ မတင်ချင်။ နောင်တော့ သူတစ်ဦးတည်း ဆိုင်ကယ်စီးလာလျှင် ကိုရင်လေးတွေကို တင်ခေါ်ဖြစ်ခဲ့သည်။ ကိုရင်ကလေးများမှာ လမ်းမလျှောက်ချင်၍မဟုတ်ဘဲ ဆိုင်ကယ်စီးချင်ခြင်းသာ ဖြစ်သည်ကို သူ သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com

သွားသောကြောင့်ဖြစ်သည်။

ဆိုင်ကယ်ပေါ်တင်ခေါ်ပြီး စကားဖောင်ဖွဲ့မိရာမှ ကိုရင်အများစုသည် မိဘမဲ့ကလေးများဖြစ်သည်ကို သူ သိလာရသည်။ တချို့ကျ မိဘက မကျွေးနိုင်သဖြင့် ဘုန်းကြီးကျောင်းသို့ပို့ကာ ကိုရင်ဝတ်ပေးထားခြင်းဖြစ်သည်။ ဒါကို သိလာရတော့ ကိုရင်ကလေးတွေကို ကြင်ကြင်နာနာ သူ ဆက်ဆံဖြစ်လာသည်။ ပိုပြီး စာနာမိလာသည်။

*'ကျွန်တော့်သားကဲ့သို့ အဖလက်ကိုလည်း မဆွဲနိုင်၊ အမိလက်ကိုလည်း မတွဲနိုင်သော ကိုရင်ကလေးများကို ကျွန်တော်တို့ စောင့်ရှောက်ရပါလိမ့်မည်။ ဘုန်းကြီးကျောင်းနှင့် မယ်သီလရှင်ကျောင်းများသည် မိဘမဲ့ကလေးငယ်များကို တစ်မျိုးတစ်ဖုံ စောင့်ရှောက်ထားကြသည်မှာ ကြည်ညိုဖွယ်ပင်'*

ဒါက ကျွန်တော်တို့ငယ်စဉ်၊ ပြောရလျှင် ကျွန်တော်တို့ မမွေးခင်ကပင် ဘုန်းတော်ကြီးကျောင်းများက ဖြည့်ဆည်းပေးခဲ့သော ပညာရေးနှင့် လူမှုရေးအစဉ်အလာကောင်းများ ဖြစ်ပါသည်။ ရင်ရှိးသည် ကိုရင်လေးများကို ဆိုင်ကယ်နှင့် တင်ခေါ်မိရာမှ သူတို့ဘဝထဲသို့ ဝင်၍ ခံစားစာနာကြည့်ခဲ့ပါသည်။

ထို့နောက် ဒုတိယအကြောင်းအရာဖြစ်သည့် တမူးမြို့၏ မိဘမဲ့ဂေဟာလေးနှင့် စာဖတ်သူကို မိတ်ဖွဲ့ပေးပါသည်။

'ဆိုဗီယာ'တဲ့။ ချင်းလူမျိုး ဇနီးမောင်နှံက ထူထောင်ထားသည့် မိဘမဲ့ဂေဟာ၏အမည် ဖြစ်ပါသည်။ မိဘမဲ့ကလေး ၅၆ ယောက်ရှိသည်။ စားဝတ်နေရေး၊ ပညာရေးကို စောင့်ရှောက်ပေးသည်။ မြို့ခံလူထုကလည်း တတ်အားသရွေ့ မှုဝေဖေးကူ လှူဒါန်းကြသည်။ သူတို့(ရင်ရှိးတို့)မိသားစုပင် သုံးလေးခေါက် သွားရောက်ခဲ့ပြီး နေ့လယ်စာ လှူဒါန်းဖူးသည်။ အလှူရှင်ရှိသောနေ့ ရက်ကျမှ အသားဟင်း စိုစိုဖတ်ဖတ် စားရသော သူတို့ကလေးတွေ ခေါင်းမဖော်နိုင်အောင် လွေးနေကြသည်မှာ ပီတိဖြစ်စရာပါ။ ဟုတ်ပါလိမ့်မည်။ ရင်ရှိးသည် ဆိုဗီယာမည်သော မိဘမဲ့ဂေဟာကလေးနှင့် စပ်လျဉ်းသည့် စိတ်ခံစားမှုကို ကဗျာတစ်ပုဒ်ပင် ရေးခဲ့သေးသည်။

ကလေးတစ်ယောက်မှာ ဇာတ်လမ်းတစ်ပုဒ်ရှိသည်။ သူတို့မျက်လုံးကလေးတွေ ဘာကိုရှာဖွေနေတာလဲ၊ ဘာကိုတောင့်တနေတာလဲ၊ ဘာကိုစောင့်မျှော်နေတာလဲ။ သူ တွေးကြည့်သည်။ သူ ဆုပ်ဖမ်းမိသွားပုံရသည်။

သည်အခါ သူငယ်ငယ်တုန်းက ငါးမျှားသည့်အကြောင်းကို ဖျတ်ခနဲ သတိရလိုက်မိသည်။

တစ်ချိန်တည်းမှာပဲ သူ၏ အက်ဆေးသည် တတိယ အကြောင်းအရာ တစ်ခုဆီသို့ ဖျတ်ခနဲ ကူးပြောင်းသွားလေသည်။

ချောင်းကြိုချောင်းကြားမှာ ငါးမျှားခဲ့ဖူးသည့် ကျေးတောသားတိုင်းလိုလို သိကြပါသည်။ ငါးမျှားချိတ်တွင် ငါးစာကိုတွဲ၍ မြူဆွယ်ရခြင်းဖြစ်သည်။ ငါးစာကိုမြင်ပြီး ငါးမျှားချိတ်ကို မမြင်သော ငါးကြီးကြီးကို စိတ်ရှည်ရှည်နှင့် စောင့်ဆိုင်းရခြင်းဖြစ်သည်။

စင်စစ် ငါးမျှားခြင်းဆိုသည်မှာ ငါးနှင့်လူ ပညာပြိုင်ရခြင်းပဲဖြစ်သည်။ ဉာဏ်ချင်းယှဉ်ရခြင်းပဲဖြစ်သည်။ ငါးရံ့ 'အောက်'လျှင် ငါးပြေမ မျှားသလို ငါးစာကို ငြိမ်မထားရ၊ ခပ်ဆွဆွကလေး လုပ်၍ မြူဆွယ်ပေးရသည်။ သို့မှ ငါးရံ့ကြီးက လာဟပ်မည်။ လာဟပ်သည်နှင့် သုတ်ခနဲ လျှင်မြန်စွာ ငါးမျှားတံကို ဆွဲတင်နိုင်ဖို့လိုသည်။ ဖလပ်ဖလပ်နှင့် ငါးမျှားချိတ်မှာ ငါးကြီးတစ်ကောင် မိလာလျှင် ဘာရယ်မဟုတ်ဘဲ ကလေးသဘာဝ ပျော်ရွှင်ကြည်မြူးသွားတတ်သည်။

တစ်ခါတစ်ရံ သားဖွားအုပ်တွေအနား ငါးမျှားရသည်လည်း ရှိသည်။ တကယ်တော့ ကျွန်တော် မေ့ခဲ့ပါပြီ။

ရင်ရှိးကတော့ဖြင့် အသေးစိတ်မှတ်မိနေဆဲဖြစ်သည်။ 'သားဖွားအုပ်'ဆိုတာကို သူ ရှင်းပြသည်။

*'မည်းချိတ်နေသော ငါးသားပေါက်ကလေးအုပ်စုကို ဆိုလိုသည်။ အနီးအနားတွင် ငါးရံ့အမေကြီးသော်လည်းကောင်း၊ ငါးရံ့အမေကြီးသော်လည်းကောင်း ရှိနေတတ်သည်။ သားဖွားအုပ်ကိုမြင်လျှင် ကျွန်တော်တို့ကလေးငယ်များ ပျော်ရွှင်သွားတတ်သည်။ ငါးရံ့ကြီးတစ်ကောင်တော့ သေချာပေါက် ရတော့မည်ဟူသော အတွေးနှင့်ပင်'*

*'တကယ်တော့ ငါးရံ့ကြီး မရှိတော့လျှင် ငါးသားပေါက်ကလေးများ ဒုက္ခရောက်သွားကြမည်ကို ကျွန်တော်တို့ မတွေးတတ်ခဲ့ပါ။ မိဘမဲ့ငါးကလေးများ ဖြစ်သွားကြမည်ကို ကျွန်တော်တို့ မစဉ်းစားမိခဲ့ပါ။ အလွန်ကြေကွဲစရာကောင်းသော ပြစ်မှုကြီးကို ကျွန်တော်တို့ ကျူးလွန်မိခဲ့ကြပါသည်'*

စင်စစ် ကျွန်တော်သည်လည်း သူနှယ် ကျေးတောသားတစ်ယောက် ဖြစ်ပါသည်။ သူလိုပဲ ငါးမျှားခဲ့ဖူးပါသည်။ သို့သော် ကျွန်တော် မေ့ခဲ့ပါပြီ။ ငါးမျှားခြင်းအကြောင်းကို သူနှယ် အသေးစိတ် ကျွန်တော် မမှတ်မိတော့ပါ။ မမှတ်မိနိုင်တော့ပါ။ သူ-ရင်ရှိးက အခု အသေးစိတ် ပြန်ပြောတော့မှ ငယ်စဉ် ငါးမျှားခဲ့ဖူးသည့် ကိစ္စမှာ ပုဒ်မကြီးကြီးနှင့် ဘွားခနဲ ပြန်ပေါ်လာသလို ခံစားရပါသည်။

*'အခုအချိန် ပြန်တွေးကြည့်တော့ ကျွန်တော် အတော် တုန်လှုပ်မိပါသည်။ ကျွန်တော် ရက်စက်မိပါလားဟု တဖျစ်ဖျစ် နာကျင်ကြေကွဲရပါသည်။ ငါးရံ့အမေကြီးများ၊ ငါးရံ့အမေကြီးများ ကျွန်တော့်လို ကလေးတွေကို ခွင့်လွှတ်ပေးလိုက်ကြပါတော့'*

ရင်ရှိးသည် သည်မျှနှင့် ကျေနပ်ဟန်မတူပါ။ ပို၍ ကြီးမားသည့်ပြစ်မှုကြီးတစ်ခုဆီသို့ ဖြောင်းခနဲ ကူးပြောင်းလိုက်ပါသည်။ ဇာတ်ရှိန်က ပိုမြင့်လာပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သူ့အတိုင်း ပြန်ရေးပြလိုက်ပါသည်။

*"ကမ္ဘာပေါ်တွင် အကြောင်းအမျိုးမျိုးကြောင့် ရင်သွေးငယ်များ မိဘမဲ့နေကြရပါသည်။ ရောဂါဘယကြောင့်၊ သဘာဝ ဘေးအန္တရာယ်ကြောင့်၊ စစ်ပွဲများကြောင့်၊ မိဘကိုယ်တိုင်ကပင် စွန့်ပစ်ခဲ့ခြင်းကြောင့် စသည်ဖြင့် ရင်သွေးငယ်များ မိဘမဲ့နေကြပါသည်။ မေတ္တာမဲ့နေကြပါသည်။*

*"ရောဂါဘယကြောင့်၊ သဘာဝဘေးအန္တရာယ်ကြောင့် မိဘမဲ့ဖြစ်သွားရသော ရင်သွေးငယ်များမှာ အနည်းငယ်ဖြေသာသလို ရှိပါသေးသည်။ စစ်ပွဲများကြောင့်မိဘမဲ့သော ရင်သွေးငယ်များမှာ ကြေကွဲဝမ်းနည်းဖို့ အလွန်ကောင်းပါသည်။ သားဖွားအုပ်တွေအနား ငါးမျှား၍ မိဘမဲ့ငါးကလေးများဖြစ်အောင် တမင်ပြုမူသလိုမျိုး မဖြစ်စေချင်ပါ။ ဘယ်လိုအကြောင်းနှင့်မျှ မိဘမဲ့ရင်သွေးငယ်များ မဖြစ်စေချင်ပါ။ ကျွန်တော်တောင်းဆိုချင်ပါသည်။ သားဖွားအုပ်တွေအနား ငါးမမျှားရ ဟု"*

ရင်ရိုးက သူ့အက်ဆေးကို သည်တွင် အဆုံးသတ်လိုက်ပါသည်။လက်နက်ကြီးမကြီး မပြောတတ်သော်လည်း ကျည်ဆန်ထိပ်ဖူးမှာ အတော်ကြီးပါသည်။ သားဖွားအုပ်တွေအနား ငါးမျှားခြင်းနှင့် စစ်ပွဲအတွင်း ဖခင်၊ မိခင်တို့ သေကျေပျက်စီးစေခဲ့ခြင်းကို ထပ်တူပြုလိုက်ခြင်းပဲ ဖြစ်ပါသည်။ ထိမထိ မှန်မမှန် ဆင်ခြင်တော်မူကြရန်ဖြစ်ပါသည်။

❑

ဤမြေကမ္ဘာတွင် သူ့အမိ၊ သူ့အဖနှင့် သူ့သား၊ သူ့သမီးတို့အား တစ်ယောက်တစ်ကွဲဖြစ်စေခဲ့သော အကြောင်းအရင်းများစွာ ရှိပါသည်။ ရောဂါဘယဘေး၊ သဘာဝဘေး၊ စစ်ဘေး။ လူတို့အား ကပ်သုံးပါးက ပေးလိုက်သည့် ဘေးအန္တရာယ်။

အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါးတဲ့။ "ကပ်သုံးပါး" ဆိုသည် ဟိုရှေးပဝေသဏီကပင် ရှိခဲ့ပြီး ယခုထိလည်း ရှိနေဆဲပင်ဖြစ်ပါသည်။ ပို၍ယဉ်ကျေးလာသော လူ့အဖွဲ့အစည်းဟူ၍ ဆိုခဲ့ကြပြီးနောက် နောင်တွင်လည်း မိတကွဲ၊ ဖတကွဲ၊ သားတကွဲ၊ သမီးတကွဲ ဆိုသည့် ကြေကွဲစရာ ဇာတ်လမ်းတွေ ရှိနေသေးသည်ပဲ ဖြစ်ပါသည်။

ရင်ရိုးသည် ရောဂါဘယနှင့် သဘာဝ ဘေးအန္တရာယ်ကြောင့် မိဘမဲ့ခဲ့ကြရသော ရင်သွေးငယ်များ၏ နာကျင်ကြေကွဲမှုထက် ဓားလှံသေနတ် လက်နက်တို့ဖြင့် တိုက်ခိုက်သတ်ဖြတ်မှုကြောင့် စစ်ပွဲအတွင်း အဖမဲ့သွားသော သား၊ သားမဲ့သွားသော မိခင်တို့၏ နာကျင်ကြေကွဲမှုများကို မီးမောင်းထိုးပြချင်ဟန် တူပါသည်။

လူ့အဖွဲ့အစည်းတွင် အေးချမ်းစွာနေထိုင် အသက်မွေးသူတို့ကို ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ပြဋ္ဌာန်းဥပဒေကို ချိုးဖောက်ခြင်း ဟူသည့် အကြောင်းတစ်ခုခုကြောင့် သူ့အမိ၊ သူ့အဖနှင့် သူ့သား၊ သူ့သမီးတို့အား တကွဲတပြားစီဖြစ်အောင် စီရင်ဆုံးဖြတ်၍ အသက်မွေးမှု ပြုသူများတွင် ပါဝင်ခဲ့ဖူးလေရာ မိခင့်မျက်ရည်ကို အသည်းမာမာနှင့် ဥပေက္ခာပြုဖို့ အဘယ်မျှ ခက်ခဲသည်ကို ကျွန်တော် ကောင်းစွာသိပါသည်။ သို့သော် မရှောင်လွှဲသာပါ။ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိတည်းဟူသော အဂတိ တစ်ပါးပါးနှင့် မငြိမစွန်းအောင် နေဖို့ ဆိုသည်ပင်လျှင် ပြောသလောက် မလွယ်ကူလှသည့်ကိစ္စ ဖြစ်ပါသည်။

သို့စဉ်လျက် ငရဲကို လွယ်လင့်တကူ အကြုံလိုက်ချင်သူ များစွာကိုလည်း တွေ့ခဲ့ရဖူးပါသည်။

စစ် ဆိုသည်ကတော့ဖြင့် အပြစ်ကျူးလွန်သူတစ်ဦးတစ်ယောက်အပေါ် ပြစ်မှုထင်ရှား စီရင်သင့်မသင့် စဉ်းစားဆင်ခြင်ရခြင်းထက် များစွာနက်ရှိုင်းပါသည်။ များစွာပို၍ အရေးကြီးပါသည်။ စစ်ဆိုသည်မှာ အပြစ်ကျူးသူကိုသာ ရွေးချယ်၍ တိုက်ခိုက်ရသည်မျိုး မဟုတ်ပါ။ စစ်ကို စတင်လိုက်သည်နှင့် ရန်သူကိုကော၊ ရန်သူမဟုတ်သူတို့ကိုပါ အကြီးအကျယ် ထိခိုက်နစ်နာစေတတ်ပါသည်။ စစ်ပွဲဟူသမျှတို့၌ ဦးစွာ ပျောက်ဆုံးသွားသောအရာမှာ တရားမျှတမှုပင် ဖြစ်သည်ဟုဆိုပါသည်။

စစ်ကြောင့် ဘာတွေဆုံးရှုံးနိုင်သနည်းဟု မေးခွန်းထုတ်ပါက ဆုံးရှုံးမှုတွေ၊ နာကျင်မှုတွေ၊ ပြန်လည်ကုစားဖြည့်ဆည်း၍ မကုန်ဆုံးနိုင်သော စာရင်းဇယားအရှည်ကြီးတစ်ခု ရနိုင်ပါသည်။ သို့သော် စစ်တွေဖြစ်နေပါသည်။ ဟိုတုန်းက ဖြစ်ခဲ့ပြီး ယခုလည်း ဖြစ်နေကြဆဲပင် ဖြစ်ပါသည်။ ပို၍ ယဉ်ကျေးလာသော လူမှုအဖွဲ့အစည်းတွင် စစ်တွေ ပို၍ဖြစ်နေသေးသည်ဟုပင် ထင်ရပါသည်။

စစ်ဆိုသည်မှာ သူ့ကို ကိုယ်က မသတ်လျှင် ကိုယ့်ကို သူက သတ်မည်ဖြစ်သော "အသက်လုပွဲကြီးတစ်ခု" ဖြစ်ပါသည်။ ဤသည်ကို ယုံမှားဖွယ်ရာမရှိပါ။ သို့ရာတွင် စစ်ပွဲအတွင်း သူ့အသက် ကိုယ့်အသက် လုကြရ၍ တိုက်ခိုက် သတ်ဖြတ်နေသူတို့မှာ စစ်ကိုဖန်တီးသူများ မဟုတ်ပါ။ စစ်၌ မွေ့ပျော်သူများ မဟုတ်ပါ။ စစ်ကို ချစ်သူများ မဟုတ်ပါ။

စစ်-ဆိုသည်မှာ နိုင်ငံရေးနည်းအရ ဖြေရှင်းရမည့် နည်းလမ်းများစွာအနက်မှ နောက်ဆုံးနည်းလမ်းတစ်ခု ဖြစ်သည်ဟု ဆိုပါသည်။ သေချာသောအချက်မှာ စစ်ဆိုသည်မှာ နှစ်ဖက်တိုက်ရပါသည်။ ထို့အတူ ငြိမ်းချမ်းရေးဆိုသည်မှာလည်း နှစ်ဖက်ရပ်စဲမှ ရပါသည်။ နှစ်ဖက် သဘောထားကြီးမှ ရနိုင်သောအရာဖြစ်ပါသည်။

သူ့သား၊ သူ့သမီး၊ သူ့အမိ၊ သူ့အဖတို့သည် ဘယ်သောအခါများမှ မျက်ရည် သိမ်းနိုင်ကြပါမည်နည်း။ ■

**မောင်ရင့်မာ၊ကျောင်းကုန်း၊**

**ရည်ညွှန်း**

**သားဖွားအုပ်တွေအနား**
**ငါးမမျှားရ**(ရင်ရိုး)။
စုံနံ့သာမဂ္ဂဇင်း၊
၂၀၁၄၊ အောက်တိုဘာ။



www.burmeseclassic.com


www.burmeseclassic.com

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# မာတ်မှန်ဖလင်အုပ်ထားတဲ့ သမိုင်းစာအုပ်တွေ

## ဂျိုဇော်



"ရှေ့နေဆို ပျို့မှ၊ သမားဆို
အိုမှ" ဟူသော စကားရှိသည်။
ရှေ့နေဆို ပျို့မှကို
မှတ်ချက်မပေးလိုသော်လည်း
သမားဆို အိုမှကတော့
မှန်သင့်သလောက် မှန်သည်ဟု
ထောက်ခံချင်ပါသည်။
ကျွန်တော် ဆရာဝန်ပေါက်စဘဝ၊
အတွေ့အကြုံနုစဉ်က
ရောဂါအဖြေဖော်ရာမှာလည်း
စမ်းတဝါးဝါး။
ကုသမှုပေးရာမှာလည်း
မပြတ်မသား။
စာအုပ်တွေ ပြန်ဖတ်ရ၊
ပညာသမ္ဘာရင့်သော
ဆရာသမားများထံ
မေးရမြန်းရ အကြံယူရနှင့်
တော်တော် အားစိုက်ခဲ့ရသည်။
အတွေ့အကြုံလည်းများ၊
အငြိမ်းစားယူသည့်
အရွယ်လည်းရောက်လာတော့
ထမင်းစားရေသောက်
လွယ်ကူသွားပြီ။ ကိုယ့်
အထင်အမြင်၊ ကိုယ့်ဆုံးဖြတ်ချက်ကို
သံသယမဖြစ်တော့ပြီ။
မိမိကိုယ်ကို
ယုံကြည်မှုအပြည့် ရှိနေပြီ။
မှားလည်း
မှားခဲ့သည်ကိုး။ မှားခဲ့သည်ဆိုပါမှ
အမှားတစ်ခုက
ပူပူနွေးနွေးဖြစ်သွားခဲ့သေးသည်။
လူနာအဘိုးကြီးတစ်ယောက်၊
ဆင်းဆင်းရဲရဲ
နွမ်းနွမ်းပါးပါးထဲကပါပဲ။
ချောင်းတဟွတ်ဟွတ်ဆိုး၊

ရုပ်စုံမဂ္ဂဇင်း
ရသစာတမ်း
အမှတ် ၃၅၁၊ ဖေဖော်ဝါရီ၊ ၂၀၁၉



www.burmeseclassic.com

www.burmeseclassic.com

ဖျားပြီးရောက်လာသည်။ ချောင်းဆိုး သလိပ်ဟပ်လျှင် သွေးစလေးတွေပါ သည်ဟု သူ့သမီး ကျောင်းဆရာမလေး က ပြောသည်။ ကျွန်တော် ကြည့်ရုံဖြင့် သိလိုက်ပါပြီ။ ကျောင်းဆရာမလေးကို တိုးတိုးပြောရသည်။

"ညည်းအဖေက တီဘီဖြစ်ဖို့ သေချာသလောက်ပဲ၊ ကံဆိုးရင် ကင် ဆာလည်း ဖြစ်နိုင်တယ်။ ဓာတ်မှန် ရိုက်ရမယ်။ သလိပ်စစ်ရမယ်"

ဆရာမလေး မျက်လုံးပြူးသွား၏။

"ချောင်းဆိုးရင် လက်ကိုင်ပဝါနဲ့ အုပ်ဆိုး။ သလိပ်တွေ တွေ့ရာမထွေးမိ စေနဲ့။ တီဘီဆိုတာမျိုးက မိသားစုကို ကူးလွယ်တယ်အေ့"

ဆရာမလေးမျက်နှာ ဆီးရွက် လောက်ဖြစ်သွားသည်။

"စိတ်မပူပါနဲ့အေ၊ တီဘီက ဆေး မှန်မှန်သောက်ရင် ပျောက်ပါတယ်။ ဓာတ်မှန်နဲ့ သလိပ်အဖြေရရင် ဆေးရုံကို လွှဲပေးလိုက်မယ်။ ဆေးရုံက ဆေးအခမဲ့ ပေးမှာပါ"

ဆရာမလေး မျက်နှာက မဲ့တဲ့တဲ့။

နောက်နေ့ ဓာတ်မှန်နှင့် သလိပ် အဖြေယူလာပြတော့ ကျွန်တော့်အထင် ပါစင်အောင် လွဲနေသည်။ သလိပ်မှာ လည်း ပိုးမတွေ့။ တီဘီမဟုတ်၊ ကင် ဆာမဟုတ်။ အဆုတ်ရောင် အဆုတ်ပွ တဲ့။ ဟင်... ဟုတ်ရဲ့လားဟ။ ငါထင် တဲ့အဖြေ လွဲခဲ့ပါတယ်။ ဓာတ်မှန်ပဲ မှား သလား၊ ဓာတ်ခွဲခန်းပဲ မှားသလား။ ကျွန်တော် အဖြေကို မကျေနပ်။ ကိုယ့် ထင်ကြေးမှန်ကန်ကြောင်း သက်သေပြ ဖို့ နောက်တစ်နေရာ ပြန်ရိုက်ခိုင်း၊ ပြန် စစ်ခိုင်းလိုက်သည်။ အဖြေက သည် အတိုင်း။

အဆုတ်ရောင် အဆုတ်ပွကို ကုသ မှုပေးလိုက်တော့ တစ်ပတ်အတွင်းမှာပင် လူနာက ရောဂါစင်ပြီး ဒေါင်ဒေါင်မြည် သွား၏။ လူနာမိသားစုက ကျေးဇူးတင် နေကြသည်။ ကျွန်တော့်လိပ်ပြာကသာ မသိုးမသန့်။ ဆရာမလေးကို ပိုင်ပိုင်နိုင် နိုင်ကြီး ပြောခဲ့သည့်စကားတွေ သူသာ မေ့ချင်မေ့သွားမည်။ ကျွန်တော့်မှာက ကိုယ့်အသံ ကိုယ်ပြန်ရှက်နေမိတော့၏။ ❑

rddxif
rdN
t,ltq
rdN
,Munfsufld
reSmpvbnf
cldfmapvbnf
tavbh
ray;vbnf
wpf bejcifrsdbnf
vlwdfvld
tenfESifrsm;
&Snf[k
ulefwmf
xifygonf

လူနာတစ်ယောက်က မိမိထင် ထား၊ မှန်းထားသည့် ရောဂါကြီးကြီး မဟုတ်ဘဲ ရောဂါသေးသေးဖြစ်နေလျှင် ဆရာဝန်သည် လူနာနှင့်ထပ်တူ ဝမ်း မြောက်ဝမ်းသာဖြစ်သင့်သည် မဟုတ်ပါ လား။ ကိုယ့်ကိုယ်ကို ဝေဖန်လိုက်တော့ ကျွန်တော်သည် ဝမ်းမြောက်ဝမ်းသာကို ကျော်လွှားကာ မိမိအထင်၊ မိမိမှတ်ချက် မှန်ကန်ရေးကိုသာ မျှော်လင့်မိခဲ့၏။ ဖြစ် စေချင်ခဲ့၏။ မိမိအတ္တနောမတိကိုသာ ရှေ့တန်းတင်ခဲ့မိ၏။ တစ်ဖက်သားခများ မှာတော့ တော်တော်လေး စိတ်ပန်းလူ ပန်းငွေပန်းဖြစ်သွားခဲ့ရှာသည်။ ကျွန်တော် မှန်စေချင်သလို တီဘီ၊ ကင်ဆာ ရောဂါကြီးတစ်ခု ဖြစ်ခဲ့ပါကသည့်ထက် ပိုပြီး ပန်းရှာရှာမည်။ ကျွန်တော့်မှာ ပြန်တွေးမိလေ ကိုယ့်လိပ်ပြာကိုယ် ရှက် လေဖြစ်နေရ၏။

ရွာက ကျွန်တော့် ဘခွေးအဖြစ်က ပိုဆိုးသည်။ လွန်ခဲ့သော နှစ်ငါးဆယ်ခန့် ကျွန်တော်ကလေးဘဝကဆိုတော့ ကြာ တော့ ကြာခဲ့ပါပြီ။ ဆေးရုံ၊ ဆေးခန်း၊ ဓာတ်ခွဲခန်းတွေကလည်း ခုလို ခေတ်မမီ သေး။ ဆရာဝန်၏ အတွေ့အကြုံ ပညာ သမ္ဘာက အရေးကြီးလှသည်။ တိုတို ပြောရလျှင် ဘခွေးကို ဆေးရုံက အမျိုး မျိုး စမ်းသပ်ကြည့်ပြီး ကင်ဆာဟု သတ် မှတ်သည်။ ကင်ဆာဆေးသွင်းရမည် တဲ့။ ဒါတောင် ရောဂါသဘာဝအရ ခြောက်လ၊ တစ်နှစ်ပဲ ခံမည်တဲ့။

ကျွန်တော်တို့ လူပြိန်းမျက်စိအရ ဘခွေးက ကင်ဆာရုပ်မပေါက်သေးပါ။ ခြောက်လ၊ တစ်နှစ်ပဲ ခံမည်ဆိုတော့ ကုသမှုမယူတော့ဘဲ လက်မှတ်ထိုးပြီး ရွာပြန်ခဲ့ကြသည်။ ဘခွေး စားချင်တာ လေးတွေ ကျွေး၊ ကုသိုလ်အလှူ အတန်း လေးတွေလုပ်ပေးနှင့် တစ်လ လောက်ကြာတော့ ဘခွေးက နဂို အတိုင်း ကျန်းကျန်းမာမာ ဖြစ်လာ သည်။ ဆေးရုံ ပြန်သွားပြတော့ ထပ်မံ စစ်ဆေးပြီး ဓာတ်မှန်သာ မှန်သတဲ့။ ဆေးသွင်းရမှာပဲတဲ့။ ဆေးရုံက ကင်ဆာ မှ တစ်ရွေးသားမျှ မလျှော့။ ခြောက် လ၊ တစ်နှစ်ကလည်း အပြောင်းအလဲ မရှိ။ တအုံ့နွေးနွေးနှင့် ရွာပြန်ခဲ့ကြရ သည်။ ဘခွေးကား ခြောက်လမဟုတ်၊ ခြောက်နှစ်မဟုတ်၊ နှစ်နှစ်ဆယ်လောက် ကျန်းကျန်းမာမာ အသက်ရှည်သွားပါ သည်။

ငါ့အထင်၊ ငါ့ဆုံးဖြတ်ချက်ပဲ မှန် တယ်ဟူသော ဆရာဝန်ကြီး၏ မျက်နှာ ပေးကို ကျွန်တော် ခုထိ မြင်ယောင်ဆဲ ပါ။ ကျွန်တော့်လိုပင် "ဝမ်းမြောက်ဝမ်း သာ"ကို ကျော်လွှားခဲ့သလား။ ကျွန် တော့်လိုပင် အတ္တစဉ်တွေ ဖြစ်ခဲ့သေး သလား၊ မဖြစ်ဘူးလား။ သူ့စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်စိတ်နှင့် ကျွန်တော် မနှိုင်းလိုတော့ပါ။

❑

မိမိအထင်၊ မိမိ၏ အယူအဆ၊ မိမိ၏ ယုံကြည်ချက်ကို မှန်စေလိုသည့်၊ ခိုင်မာစေလိုသည့်၊ အလျှော့မပေးလိုသည့် တစ်ယူသန်ခြင်းမျိုးသည် လူတိုင်းလိုလိုမှာ အနည်းနှင့်အများ ရှိမည်ဟု ကျွန်တော် ထင်ပါသည်။

သိပ်မကြာသေးခင်က မှုခင်းသတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ ရွာမှာ မိန်းမကြီးတစ်ယောက် အရက်ပုန်းရောင်းသည်။ တစ်ရက် သူရောင်းသည့် အရက်သောက်ပြီး တချို့ အော့ကြအန်ကြ၊ အဆိပ်မိသလိုဖြစ်ကြသတဲ့။ သွားပြောကြတော့ အရက်သည်မိန်းမကြီးက အလျှော့မပေး၊ ဝန်မခံ စုံကန်ငြင်းပါသတဲ့။ သူ့မှာ အမှားမရှိကြောင်း၊ သူ့အရက်မှာ အပြစ်မရှိကြောင်း သက်သေပြသည့်အနေဖြင့် တစ်ပုလင်း မော့သောက်ပြပါသတဲ့။ အရက်သည် မိန်းမကြီး ထိုနေရာမှာပဲ လဲကျသေဆုံးသွားခဲ့သည်။

မိမိအထင်၊ မိမိယုံကြည်ချက်ကို အသက်ပေး၍ ဆုပ်ကိုင်ပြသသွားသည်ဟု ဆိုရချေတော့မည်။ သူ့အသက် သူရင်း၍ သက်သေထူခြင်းက တော်သေးသည်။ မသိသေးသူများကို ခေါင်းမာမာနှင့် ဆက်ရောင်းနေလျှင် သို့မဟုတ် တူသား၊ သူတစ်ပါးကို တိုက်ကာ (အစမ်းသပ်ခံသတ္တဝါအဖြစ် ရင်းကာ) သက်သေပြနေလျှင် ပိုဆိုးတော့မည်။

❑

လောကကြီးမှာ အရက်ရောင်းသည့် မိန်းမကြီးလိုပဲ မိမိအထင်အမြင်မှားနေသည်ကို၊ မိမိအမှား၊ မိမိအပြစ်ကို သူတစ်ပါး အဝေဖန်မခံဘဲ ငါပဲမှန်သည်ဟု တစ်ယူသန်နေသူတွေ ရှိပေမည်။ ဝန်မခံ၊ မပြောင်းလဲ၊ ခြေစုံမြဲနေသူတွေ ရှိပေမည်။

မိမိအထင်၊ မိမိယုံကြည်ချက်၊ မိမိဆုံးဖြတ်ချက်သာ အမှန်ဟု တစ်ယူသန်ပြီး သက်သေတွေတစ်ခုပြီးတစ်ခု ရှာဖွေနေသူတွေ ရှိပေမည်။

မိမိအထင်၊ မိမိယုံကြည်ချက်၊ မိမိဆုံးဖြတ်ချက်သာ အမှန်ဟု တစ်ယူသန်ပြီး လူများစုအပေါ် စည်းရုံးစမ်းသပ်မောင်းနှင် သက်သေထူပြချင်သည့်သူတွေလည်း ရှိပေမည်။

မိမိအထင်၊ မိမိအယူအဆ၊ မိမိယုံကြည်ချက်သည် တစ်ဦးတစ်ယောက်နှင့်ပဲ သက်ဆိုင်သည်ဆိုပါက သိပ်မထောင်းတာလှသော်လည်း လူအများစု၊ လူထု၊ ခေတ်သမိုင်းနှင့် ပတ်သက်နေပါက အရေးကြီးလေပြီ။ ကောင်းကျိုးဆိုးကျိုး၊ ကောင်းမွေဆိုးမွေက အရေးကြီးလေပြီ။ အမှားဖြစ်နေပါက တစ်ယူသန်ခြင်း၏ ဆိုးကျိုးဆိုးမွေကို၊ အတ္တာဓိပတိ၏ ဆိုးကျိုးဆိုးမွေကို ကမ္ဘာချီ၍ ခံပေရော့။

သမိုင်းကို ငုံ့စောင်းကြည့်သောအခါ -

သမိုင်းဦးဘုံမြေခေတ်၊ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်၊ အာဏာရှင်ခေတ်၊ ဆိုရှယ်လစ်ကွန်မြူနစ်ခေတ်၊ ဒီမိုကရေစီခေတ် စသည်ဖြင့် ခေတ်အမျိုးမျိုး စနစ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ကြပြီ။

ပလေးတိုး၊ ဆော့ခရတ္တိ၊ ဂျူးလီးယက်ဆီဇာ၊ ကူဗလိုင်ခန်၊ ဂျင်ဂစ်ဂန်၊ နပိုလီယံ၊ ကားလ်မာ့က်စ်၊ လီနင်၊ စတာလင်၊ ဟစ်တလာ၊ မူဆိုလီနီ၊ မော်စီတုံး၊ ပိုပေါ့ စသဖြင့် လူပုဂ္ဂိုလ်အမျိုးမျိုးကို တွေ့ကြုံခဲ့ကြပြီ။

ကောင်းကျိုးဆိုးကျိုး၊ ကောင်းမွေဆိုးမွေကို လက်ခံခဲ့ရပြီ။

❑

ခုတလော ကျွန်တော်သည် ဆေးခန်းမှာ ဓာတ်မှန်ဖတ်လျှင် သမိုင်းကို သတိရသွားပါသည်။ လောလောလတ်လတ် သတင်းတွေကို သတိရသွားပါသည်။

စားပွဲမှာ သမိုင်းစာအုပ်ဖတ်လျှင်၊ လောလောလတ်လတ်သတင်းတွေ ဖတ်လျှင်လည်း ဆေးခန်းထဲက ဓာတ်မှန်ကို သတိရနေပြန်ပါသည်။ ■

ဂျိုဇော်

ရုပ်စုံမဂ္ဂဇင်း

ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၈၃၉၈၂၂၀



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# မြင်းမိုရ်တစ်ခြမ်း၏ ခြေရာ

ညီကျော်(တန့်ဆည်)

၁။
နေခြည်သည်
ခေါင်းရင်း
ထရံပေါက်များကို
ဖြတ်လျက် ခြင်ထောင်
အမိုးပေါ်သို့
ဖြာကျလျက်ရှိသည်။
ငှက်ကျေးတို့၏ စိုးစီစိုးစီ
တွန်ကျူးသံများကား
မြူတို့ဝေသည့် နွေဦး
မနက်ခင်းလေး၌ ဆူညံ
နေလေ၏။ အိပ်ရာ
ထက်မှာပင် ဆက်
ကွေးနေချင်သော်လည်း
ခြောက်နာရီထိုးပြီမို့
လူးလဲထ,လိုက်သည်။
ဒီနေ့က
တပေါင်းလပြည့်
အဖေနေ့။ ပါရမီသွေး
လှူရှင်အသင်းက
ဦးဆောင်ကျင်းပမည့်
အဖေ့ခြေရာခံ ယှဉ်ပွဲနှင့်
အဖေနေ့ ကဗျာရွတ်ပွဲ။
တစ်နေ့တာ လုပ်ဆောင်
ရမည့်အစီအစဉ်များက
ခေါင်းထဲ
အစီအရီဝင်လာသည်။
ပြာသိုလပြည့်
အမေနေ့ကလည်း
အမေ့ခြေရာခံယှဉ်ပွဲ
ကျင်းပခဲ့သည်မို့
ခံစားခဲ့ရသည့်
ပီတိအဟုန်က
အခုချိန်ထိ
အဖေနှင့်
ကျွန်တော်
နှစ်ဦးတည်းသာ
ရှိသော
အိမ်ကလေးသည်
ကာလအတန်ကြာ
ကတည်းက
စိုပြည်မှုတို့
ပျောက်ကွယ်နေခဲ့၏
အနီးစပ်ဆုံး
လူသားနှစ်ဦး၏
နှလုံးသားတို့သည်
လက်ကမ်း
မမီအောင်
ဝေးကွာလို့နေသည်



www.burmeseclassic.com

www.burmeseclassic.com

အရှိန်မသေသေး။ အချိန်အတော်ကြာကတည်းက အမိမဲ့ခဲ့သည့် ကျွန်တော့်အဖို့ လစ်လပ်နေသည့် ကွက်လပ်ကို တဒင်္ဂဖြည့်နိုင်ခဲ့သည်။ အရိုးပြိုင်းပြိုင်းထနေသော၊ အရေပြားတို့တွန့်နေသော၊ ကြေးညှော်တို့နှင့် ညစ်ထေးညိုမည်းနေသော၊ ဖြူဖွေးသန့်ရှင်းသော ခြေအစုံမျိုးစုံကို ရိုရိုသေသေဖြင့် ခြေရာခံယူပေးရင်း အမေ့ကို အောက်မေ့တမ်းတမိ၏။ ပြန်လည်မရနိုင်သော၊ ထာဝရဆုံးရှုံးခဲ့ပြီးသော အမေ့ခြေရာတစ်စုံအတွက် အမေကို ချစ်ကြသူများ၏ ဆန္ဒကို ဖြည့်ဆည်းပေးရင်းသာ ဖြေသိမ့်ခဲ့ရသည်။

အဖေ့ခြေရာခံယူပွဲက မနက်ခုနစ်နာရီစ,မည် ဖြစ်သောကြောင့် အလျှင်အမြန်ကိုယ်လက်သုတ်သင်လိုက်သည်။ စတစ်ကော်လာ အဖြူနှင့် ယောပုဆိုးကိုဝတ်ကာ ပိတ်ဖြူထုပ်ကိုယူပြီး အခန်းထဲမှ ထွက်ခဲ့လိုက်သည်။ အဖေ့အိပ်ရာကို ကြည့်လိုက်မိသည်။ အဖေ အိပ်ရာကထ,သေးဟန်မတူ။ ခြင်ထောင် မသိမ်းသေး။ အိပ်ရာဘေးမှာ အရက်ပုလင်းတစ်လုံးက လဲနေ၏။ ဆေးလိပ်တိုတို့က ဟိုမှာ တစ်တို၊ ဒီမှာ တစ်တို ပြန့်ကျဲနေ၏။ စိတ်ပျက်စွာ ခေါင်းခါယမ်းမိသည်။

သုံးထစ်သာရှိသော လှေကားအဆင်း၌ ဆိုက်ကားသုတ်သော ပုဆိုးအဟောင်းတစ်ထည်ကို ကိုင်ထားသော အဖေနှင့် ဆုံမိသည်။

‘ဩော် သား သွားတော့မလား’

‘ဟုတ်’ဟု တုံးတိတိဖြေလိုက်ပြီး အဖေ့ဆီမှန်ဟောင်လှသောအရက်နံ့ကြောင့် မျက်နှာကို အလိုအလျောက် လွှဲလိုက်မိသည်။ အဖေနှင့် ကျွန်တော် နှစ်ဦးတည်းသာရှိသော အိမ်ကလေးသည် ကာလအတန်ကြာကတည်းက စိုပြည်မှုတို့ ပျောက်ကွယ်နေခဲ့၏။ အနီးစပ်ဆုံး လူသားနှစ်ဦး၏ နှလုံးသားတို့သည် လက်ကမ်းမမီအောင် ဝေးကွာလို့နေသည်။ နောင်တတရားတို့ဖြင့် ကမ်းလင့်နေသည့် လက်တစ်စုံကိုမူ ကျွန်တော် မမြင်ချင်ယောင်ဆောင်ခဲ့လေသလား၊ နီးလွန်း၍ မမြင်နိုင်ခဲ့လေသလား။ မစဉ်းစားချင်တော့ပေ။

‘ဟို ဟိုလေ သား’

‘ဘာပြောမလို့လဲ၊ ကျွန်တော် အချိန်မရဘူး’

လေသံကို ထိန်းကာပြောလိုက်သော်လည်း ကျွန်တော့်အသံက စိတ်မရှည်စွာထွက်လာသည်။ မဝံ့မရဲဖြစ်နေသော အဖေ့မျက်နှာသည် အခါတိုင်းနေ့များနှင့်မတူ။ ဆံပင်ဘုတ်သိုက်၊ အဆီပြန်နေသည့်မျက်နှာ၊ မုတ်ဆိတ်ကျင်စွယ်တို့ဖြင့် အမြဲတစေ ညှိုးသိုးသိုးဖြစ်နေသော အဖေ့မျက်နှာသည် ရှင်းသန့်နေ၏။ နှစ်ပေါင်းများစွာ သောက်ခဲ့သော အရက်ဒဏ်ကြောင့် နီရဲရဲ ဖောသွပ်သွပ်ဖြစ်နေသော အဖေ့မျက်နှာသည် ဆံပင်တိုတိုညှပ်ထားသဖြင့် ကြည့်ပျော်ရှုပျော်ဖြစ်နေသည်။

‘ညနေဘယ်အချိန် ပြန်ခဲ့မှာလဲ သား’

‘မသိသေးဘူး၊ ဟိုမှာ အိပ်ချင်လည်း အိပ်ရမှာ၊ ဘာဖြစ်လို့လဲ’

‘ဩော် ဘာမှမဟုတ်ပါဘူး၊ ဒီအတိုင်း မေးကြည့်တာပါ’

အဖေ့စကားအဆုံးသတ်က တိမ်ဝင်သွား၏။ အဖေ့ကို ကျောခိုင်းထွက်လာသည့် ကျွန်တော့်စိတ်တို့က နောက်ပြန်လှည့်ကာ မေးချင်သော်လည်း မမေးဖြစ်ခဲ့။ ပစ္စုပ္ပန်၏ဖြစ်တည်မှုသည် နေသားတကျ အေးစက်နေဆဲပင်။

❑

၂။

ခြေရာခံယူပွဲကျင်းပမည့် ဓမ္မာရုံရောက်တော့ လူစုံနေပြီ။ ခြေရာခံယူမည့် ဧည့်သည်များအတွက် စားသောက်ဖွယ်ရာ စီစဉ်သူများ၊ ဆီနှင့်နနွင်းတို့ကို ဖျော်စပ်နေကြသူများဖြင့် ဓမ္မာရုံလေးသည် ကျွက်ကျွက်ညံနေ၏။ ဓမ္မာရုံနံရံ၌ ချိတ်ဆွဲထားသော ‘တပေါင်းလပြည့် အဖေနေ့ အဖေ့ခြေရာခံယူပွဲနှင့် ကဗျာရွတ်ပွဲ’ဗီနိုင်းတစ်ခု။ ကလေးငယ်ကို ပခုံးပေါ်ထမ်း၊ ကျောင်းလွယ်အိတ်တစ်လုံးကိုလွယ်ကာ ပြုံးရယ်နေသော ဖခင်တစ်ဦး၏ ဓာတ်ပုံ။ မြင်မြင်သမျှတို့သည် နွေဦးမနက်ခင်းလေး၌ ကျက်သရေရှိလို့နေသော်လည်း ကျွန်တော့်ရင်ထဲ၌မူ ဟာတာတာဖြစ်နေ၏။

အဖေ၊ အဖေဟူသော ခေါ်သံတစ်ခု ကျွန်တော့် ရင်တွင်းမှ ပေါက်ဖွားလာသော်လည်း အရက်ခိုးဝေကာ အဆီပြန်နေသည့် မျက်နှာတစ်ခုကို မြင်ယောင်မိတော့ နှုတ်ဖျားမှထွက်ပေါ်မလာမီ ပျောက်ကွယ်ပျက်စီးသွားခဲ့သည်။

ဩော်… ခက်လိုက်ပါဘိ။ စကားလုံးနှစ်လုံး၏ ရင်းနှီးကျွမ်းဝင်မှုသည် ရွတ်ဆိုရခက်လောက်အောင် နွေးထွေးမှုတို့ ပျောက်ဆုံးနေသည်လား၊ ကျွန်တော့်နှလုံးသားသည်ပင် အေးစက်မာကျောလွန်းသည်လား။ မဝေခွဲတတ်တော့။

‘ကိုဖြိုး ဘာငေးနေတာလဲ၊ ပေးပေး ပိတ်ထုပ်၊ ဧည့်သည်တွေ လာတော့မယ်’

မည်မျှကြာအောင် ငေးနေမိသည် မသိ၊ သူငယ်ချင်းထွန်းကျော့်အသံကြားမှ သတိဝင်လာသည်။ ခြေရာခံယူပွဲအတွက် ကိုယ်စီတာဝန်များဖြင့် အလုပ်ရှုပ်နေသော လူများကြား ကျွန်တော်တစ်ယောက်သာ သက်မဲ့အရုပ်တစ်ရုပ်လို သီးခြားဖြစ်နေ၏။

‘ကြွပါခင်ဗျာ၊ ကြွကြပါ၊ မောင်ဖြိုးတို့ရေ ဧည့်သည်တွေ လာကြပြီဟေ့’

အသင်းဥက္ကဋ္ဌ ဦးချစ်ထွန်း၏ အသံနှင့်အတူ အသက်ခုနစ်ဆယ်အရွယ် အဘိုးအိုတစ်ယောက်ကို သားနှင့်သမီးဖြစ်ဟန် တူသည့် လူငယ်နှစ်ယောက်က လက်တွဲကာ ဝင်လာကြသည်။ အဘိုးအိုကို ခြေရာခံယူ ပေးမည့်ထိုင်ခုံ၌ ထိုင်စေလိုက်သည်။

‘ခြေရာ နှစ်စုံယူမှာနော် အဘ’

ထွန်းကျော်က ခြေရာယူဖို့ပြင်ဆင်ရင်း မေးလိုက်သည်။

‘သုံးစုံယူမှာ မြေးလေး



www.burmeseclassic.com

www.burmeseclassic.com

ရဲ့'

'ဟြော် အဘမှာ သားသမီးသုံးယောက်ရှိတာပေါ့။ တစ်ယောက်က အတူနေ မဟုတ်လို့လား အဘ'

စိုးမြင့်က အဘိုးအို၏ ခြေထောက်နှစ်ဖက်ကို သန့်စင်ပေးရင်း မေးလိုက်သည်။ အဘိုးအို၏သားနှင့်သမီးက ထိုင်ခုံဘေးတစ်ဖက်တစ်ချက်မှာ ဒူးတုပ်ထိုင်နေရင်း ဖခင်ကို ပြုံးကြည့်နေကြသည်။ ကျွန်တော်လည်း ဖြည့်သည်မများသေးသောကြောင့် အသာရပ်ကြည့်နေလိုက်သည်။

'ဟုတ်ပါ့ မြေးတို့ရယ်၊ ဒီနှစ်ယောက်က သားကြီးနဲ့ သမီးကြီးလေ၊ သားငယ်လေးကတော့ အင်း... ပြောရရင် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်တော့မှာပါပဲ။ သားငယ်လေးက မလိမ္မာဘူးကွဲ့၊ ပြီးခဲ့တဲ့နှစ်က ဆေးမှုနဲ့ ထောင်ကျသွားတယ်။ ဒီလ ထောင်ဝင်စာသွားတွေ့ရင်း ပေးခဲ့မလို့'

သားဆိုးတစ်ယောက်အကြောင်းကို မရက်မကြောက် ပြောနေသော အဘိုးအိုကို ငေးကြည့်နေရင်း ကျွန်တော့်ရင်သည် လှိုက်ခနဲဖြစ်သွားသည်။ ထွန်းကျော်နှင့် စိုးမြင့်လည်း ထပ်မမေးတော့ဘဲ နနွင်းနှင့်ဆီ ရောဖျော်ထားသောခွက်ထဲမှ အဝတ်ဖတ်ကလေးနှင့် အဘိုးအို၏ ခြေဖဝါးအနှံ့ သုတ်ပေးသည်။ 'အဖေ့ခြေရာ' စာတန်း ရိုက်နှိပ်ထားသော ပိတ်စပိုင်းလေးအပေါ် နင်းခိုင်းလိုက်သောအခါ ခြေရာလေး ပေါ်လာသည်။ ခြေရာသုံးစုံ ယူပေးပြီး မိန်းကလေးအဖွဲ့က ပိတ်စလေးများကို တန်းပေါ် လှန်းထားလိုက်သည်။

'ခြေရာလေးတွေ ခြောက်အောင် ခဏစောင့်ရင်း ဒီဘက်ကြွပါ ဘဘ၊ ရေနွေးကြမ်းနဲ့ လက်ဖက်သုံးဆောင်ကြပါဦး ရှင့်'

သွေးလှူရှင်အသင်း၏ နာယက အမေနုက အဘိုးအိုတို့ သုံးယောက်ကို စားပွဲဝိုင်းဆီခေါ်သွားသည်။ ခြေရာခံယူသည့် အဖွဲ့ဝင်လူကြီးများနှင့် စကားလက်ဆုံကျနေကြပြီး ပျော်ရွှင်ကြည်နူးသော ရယ်သံများက ဓမ္မာရုံထဲ၌ ပျံ့လွင့်နေလေသည်။ ခြေရာအဝတ်စလေးများ ခြောက်သောအခါ သေသေချာချာ ခေါက်ပြီး ကြွပ်ကြွပ်အိတ်နှင့် ထည့်ပေးလိုက်သည်။ အဘိုးအိုက ခြေရာခံယူပေးသည့် ကျွန်တော်တို့အဖွဲ့ကို ဆုပေးသည်။ သာဓုခေါ်သည်။ အဘိုးအို၏ သားနှင့်သမီးက လက်အုပ်လေးချီကာ ကျေးဇူးတင်စကားဆိုကြ၏။ ကြွပ်ကြွပ်အိတ်လေးကို ရင်မှာပိုက်ပြီး ဖခင်အိုကို ဖေးမ,တွဲခေါ်ကာ နှုတ်ဆက်ထွက်ခွာသွားကြသည်။ မြင်ကွင်းတို့သည် မျက်ရည်စို့လောက်အောင် ကြည်နူးပီတိဖြစ်စရာကောင်းသော်လည်း ကျွန်တော့်ရင်သည် ဟာနေသည်။ ကျွန်တော့်ရင်တွင်းခံစားမှုသည် အမေနှေ့ကနှင့် ခြားနားစွာ အလိုမကျမှုများနှင့် ဆို့နင့်နေ၏။

'နင်တို့ကလည်း ရှုပ်ကို ရှုပ်တယ်၊ အလကား အလုပ်မရှိ အလုပ်ရှာ အပိုတွေ'

'အဖေကလည်း ခဏလေးပါ၊ ရောက်ပါပြီ'

ဓမ္မာရုံအပြင်ဘက်မှ ဆူဆူညံညံအသံများနှင့်အတူ အသားညိုညို ဂင်တိုတိုနှင့် ဆံပင်စုတ်ထောင်းထ,နေသည့် လူဝကြီးတစ်ဦးကို ဆယ်ကျော်သက်အရွယ် လူငယ်နှစ်ယောက်က အတင်းဆွဲခေါ်လာသည်ကို တွေ့လိုက်ရသည်။ ကြိုဆိုရေးအဖွဲ့က သွားရောက်ကြိုဆိုလိုက်သည်။ လူငယ်မိန်းကလေးက မဝံ့မရဲဖြင့်-

'သမီးတို့ အဖေ့ခြေရာခံယူချင်လို့ပါ'

'ရပါတယ်ခင်ဗျာ၊ ဦးလေး ဒီဘက်ကြွပါခင်ဗျ'

ထွန်းကျော်က လူဝကြီးကို ခြေရာခံယူမည့် နေရာသို့ ခေါ်ခဲ့လိုက်သည်။ လူဝကြီးက မလိုက်ချင်လိုက်ချင်နှင့် သူ့ကလေးတွေဆွဲခေါ်ရာ ယက်ကန်ယက်ကန်ပါလာသည်။ ကျွန်တော်လည်း လူဝကြီးကို ထိုင်ခုံ၌ ထိုင်စေလိုက်ပြီး ခြေထောက်များကို စစ်ဆေးလိုက်သည်။ ဖုန်များပေကျံပြီး ညစ်ပတ်နေသောကြောင့် ရေစိမ်ထားသော အဝတ်ဖြင့် ပွတ်သုတ်ပေးလိုက်သည်။

'အောင်မလေး နင့်မေကလွှား အေးလိုက်တာ'

လူဝကြီးက အထိတ်တလန့် ရေရွတ်လိုက်သောကြောင့် တသောသော ရယ်လိုက်ကြသည်။ ကလေးနှစ်ယောက်က ကျွန်တော်တို့ကို အားနာစွာဖြင့် ကြည့်နေ၏။ ဖုန်များကင်းစင်သွားပြီမို့ ခြေထောက်နှစ်ဖက်ကို အဝတ်ခြောက်ဖြင့် သုတ်ပေးလိုက်သည်။ ညာဘက်ခြေဖမိုးပေါ်မှာ ကန့်လန့်ဖြတ်အမာရွတ်တစ်ခုကို တွေ့လိုက်ရသည်။ အလားတူ အမာရွတ်နှင့် ခြေထောက်တစ်ဖက်ကို မြင်ယောင်မိတော့ ကျွန်တော့်ရင်သည် ဆောင့်ကန်ခံလိုက်ရသလို နာကျင်သွား၏။ နှစ်ပေါင်းအတော်ကြာ မှတ်ဉာဏ်ထဲမှ ဖယ်ထုတ်ထားသော ဖြစ်ရပ်ဆိုးတို့က မဖိတ်ခေါ်ဘဲ ဝင်လာတော့သည်။

'အရက်သွားဝယ်စမ်း ကောင်မ၊ ဘာပိုက်ဆံမရှိဘူး ဟုတ်လား၊ အေး မရှိရင် ကျွန်ခံပြီး ဝယ်ခဲ့။ အရက်ပါမလာရင် နင်တော့ သေပြီသာမှတ်'

ဗုန်းခနဲ အသံနှင့် အတူ ကြမ်းပြင်ပေါ် ခွေခနဲ ကျလာသော အမေ။ အဖေ့ခြေကန်ချက်အောက်၌ အမေသည် အရာရာ ရှုံးနိမ့်၍ နေသည်။ အမေ့မျက်ဝန်းတို့သည် မျက်ရည်တို့ပြည့်လျှက် အမြဲတစေ ကြောက်ရွံ့၍ နေသည်။ ရယ်သံများအစား ကျွန်တော်တို့အိမ်သည် ရှိုက်သံတို့သာ မင်းမူနေခဲ့သည်။ လူမှန်းသိတတ်စကတည်းက ကျွန်တော့်နှလုံးသားသည် အဖေ စိုက်ခဲ့သည့် ဆူးတောင်များကြောင့် အသားမာတက်နေခဲ့သည်။

'အမေ အဲဒီလူကြီးနဲ့ ဝေးရာ ထွက်ပြေးကြရအောင်။ အမေ့ကိုလည်း ရိုက်တယ်၊ သားကိုလည်း ရိုက်တယ်။ မုန်းတယ်၊ အဲဒီလူကြီးကို မုန်းတယ်'

'သား အဲလိုမပြောရဘူးလေ၊ သူဟာ ဘာပဲဖြစ်နေဖြစ်နေ သားအဖေအရင်းပဲ၊ သား မပြစ်မှားရဘူး'

'မသိဘူး၊ မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလူကြီးကို မုန်းတယ်၊ ကြောက်တယ်'

နုနယ်သည့် နှလုံးသား သည် ဒဏ်ချက်ပေါင်းများ စွာဖြင့် အရာရာကို ကြောက်ရွံ့နေခဲ့သည်။ ဆရာမကြီး အမေနှ၏ ဖေးမမှုသာမရှိခဲ့လျှင် ကျွန်တော်သည် လူ့ဝန်းကျင်၌ လူတောမတိုးသည့် လူပိုတစ်ယောက် ဖြစ်နေပေလိမ့်မည်။ ကျွန်တော့်ဘဝကို စာနာနားလည်မှုရှိသော ဆရာမကြီး၏ စာအုပ်စင်ကို ထိတွေ့ခွင့်ရခဲ့သည်။ ဆရာမကြီး၏ ပြုစုပျိုးထောင်မှုကြောင့် စာဖတ်ဝါသနာပါခဲ့သည်။ စာပေကျေးဇူးကြောင့် ကျွန်တော့်နှလုံးသားတို့ နူးညံ့လာသော်လည်း အဖေနှင့် ကျွန်တော့်နှလုံးသားတို့ကား ဝေးမြဲဝေးလျက်ပင်။ ကျွန်တော့်ဘဝထဲမှ အမေ အပြီးတိုင်ထွက်ခွာသွားသည့်အချိန်၌မူ အဖေနှင့် ကျွန်တော့်ကြားမှာ အစိမ်းရောင် ဆူးတောင်ကြီး ထာဝရ ခြားသွားခဲ့လေတော့သည်။

'မငွေရီ၊ ခင်ဗျား ယောကျ်ား လမ်းထိပ်မှာ ရန်ဖြစ်နေတယ်'

ကျွန်တော့် ကျောင်းစိမ်းပုဆိုးကို ချုပ်နေရာမှ အမေ ထွက်သွားလိုက်သည်မှာ တမလွန်ထိပင်။ ပြန်မလာတော့မှန်း ကြိုသိခဲ့လျှင် အမေ့ကို မသွားဖို့ ရအောင် တားမိပေမည်။ ခရီးသည်လုကြရင်း ဆိုက်ကားသမားများနှင့် စကားများကြသည်။ အမူးလွန်နေသော အဖေ့ကိုဆွဲရင်း ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်သော ကားတစ်စီး၏ ဘီးအောက်၌ အမေသည် အသက်ပျောက်သွားခဲ့သည်။ အဖေသည်လည်း ဆေးရုံပေါ်မှာ အတွင်းလူနာအဖြစ် အသက်လုခဲ့ရသည်။ အဖေ့အသက်ကို ကယ်လိုက်နိုင်သော်လည်း အဖေ့ဘဝ၌ ပြန်လည် မရနိုင်တော့သော ဆုံးရှုံးမှုနှစ်ခု ကြုံခဲ့ရလေသည်။

ပထမတစ်ခုမှာ ကျွန်တော်၏ ဥပေက္ခာမျက်ဝန်းတစ်စုံ။ ဒုတိယတစ်ခုမှာ…။

'ကိုဖြိုး ဘာတွေတွေးနေတာလဲ၊ ရေခြောက်နေပြီ၊ နန္ဒင်းသုတ်တော့လေ'

စိုးမြင့်က ပခုံးကိုပုတ်ကာ သတိပေးမှ အိပ်မက်ဆိုးမှ လန့်နိုးလာတော့သည်။ ရင်သည် နွမ်းလျလို့နေသည်။ ရင်တွင်းမှ အပူလုံးတစ်ခုကို မသက်မသာမှုတ်ထုတ်လိုက်ပြီး လူဝကြီး၏ ခြေဖဝါးကို နန္ဒင်းသုတ်ကာ ခြေရာယူပေးလိုက်သည်။

'ကဲ ပြီးပြီလား၊ နင်တို့ဟာ အလုပ်ကို ရှုပ်တယ်၊ ငါသွားနှင့်မယ်၊ နင်တို့ဟာ နင်တို့ အိမ်ပြန်လိုက်တော့'

လူဝကြီးက ပြောပြောဆိုဆို ထွက်သွားသည်။ ကလေးနှစ်ဦးမှာ ရှက်ရွံ့အားနာသည့် မျက်ဝန်းများနှင့် မျက်နှာပျက်နေ၏။

'ကလေးတို့ လာလာ၊ ခြေရာလေးတွေ ခြောက်အောင်စောင့်ရင်း မုန့်လာစားကြ'

အမေနုက အနေမခက်စေရန် ကလေးနှစ်ယောက်ကို ခေါ်သွားသည်။ မုန့်များကျွေးရင်း ကလေးများ၏မိသားစုအကြောင်းကို မေးနေသည်။

'သမီးတို့က ဘယ်ကလဲ'

'ဟိုဘက်ရပ်ကွက်ကပါ'

'သမီးမိဘတွေက ဘာအလုပ်လုပ်ကြလဲ'

ခြေရာခံယူမည့် ဧည့်သည်များ ထပ်ရောက်လာသဖြင့် အလုပ်ရှုပ်နေသော်လည်း အမေနုနှင့် ကလေးများ စကားသံက အတိုင်းသား ကြားနေရသည်။

'သမီးတို့မှာ အမေမရှိတော့ဘူး၊ အဖေက ကားဂိတ်မှာ ကုန်ထမ်းပါတယ်။ ဒါပေမဲ့ အဖေရှာသမျှ ငွေတွေက အဖေအရက်သောက်တာ၊ လောင်းကစားလုပ်တာနဲ့ ကုန်တာပါပဲ။ အခုတောင် အဖေ့ကို အရက်ဆိုင်က အတင်းဆွဲခေါ်လာတာ၊ သမီးအလုပ်လုပ်တဲ့ လက်ဖက်ရည်ဆိုင်မှာ အန်တီတို့ရဲ့ ကြော်ငြာတွေ့လို့ အဖေ့ရဲ့ခြေရာကိုယူဖို့ စိတ်ကူးရလာတယ်။ အမေ့ခြေရာကို မယူလိုက်ရဘူးလေ၊ အဖေသာ တစ်ခုခုဖြစ်ခဲ့ရင်'

ကလေးမလေးစကားသံက တိုးလျသွားသည်။ ကျွန်တော် လှမ်းကြည့်လိုက်တော့ မျက်ဝန်းမှ မျက်ရည်စတို့ကို သုတ်နေ၏။

'အဖေက အရက်သောက်မထားရင်တော့ သမီးတို့ကို ချစ်ပါတယ်။ အရက်မူးလာရင်၊ လောင်းကစားရှုံးလာရင် သမီးတို့ကို အကြောင်းမရှိအကြောင်းရှာ ရိုက်တယ်'

အို…။ ဖခင်ဆိုးရဲ့ ဒဏ်တွေ ဘယ်လောက်တောင် ခံခဲ့ရပြီးပြီလဲ။ ကလေးတို့ရဲ့ ရင်ထဲမှာ ဖခင်စိုက်ခဲ့တဲ့ ဆူးတောင်တွေ ဘယ်လောက်များနေပြီလဲ။ ကလေးမလေးကိုကြည့်ရင်း ကျွန်တော့်ကိုယ် ကျွန်တော် မြင်ယောင်လာသည်။

'သမီးတို့အဖေကို စိတ်မနာဘူးလား'

အမေနုက ကလေးများကို စိတ်ဝင်စားသူပီပီ ကလေးမလေး၏ စိတ်ခံစားချက်ကို မေးကြည့်လိုက်သည်။

'တစ်ခါတစ်ခါကျ စိတ်နာမိပေမဲ့ သမီးတို့မှာ မိဘဆိုလို့ အဖေတစ်ယောက်ပဲရှိတော့တာလေ၊ အဖေသာ မရှိတော့ရင်ဆိုတဲ့ အတွေးဝင်လာတော့ အဖေ့ကို စိတ်မနာရက်ဘူး၊ အဖေဟာ အရက်သမားကြီးဖြစ်နေပါစေ၊ အဖေဟာ လူမိုက်ကြီးဖြစ်နေပါစေ အဖေဟာ အဖေပါပဲလို့ သမီး စိတ်နှလုံးသွင်းထားပါတယ်'

ဟင်…။ အဖေဟာ အဖေပါပဲတဲ့။ ကလေးမလေး၏ စကားသံက ကျွန်တော့်နားထဲ ထပ်ကာထပ်ကာ ကြားနေရသည်။ အဖေ…။ နှစ်ပေါင်းများစွာ ကျွန်တော့်နှုတ်ဖျားမှ ထွက်ဖို့ ဝန်လေးခဲ့သည့် စကားနှစ်လုံး၊ ကျွန်တော် တီးတိုးရေရွတ်မိသည်။ ကျွန်တော့် ထက် အသက်အားဖြင့် ထက်ဝက်ခန့်ငယ်သည့် ကလေးမလေး၏ နှလုံးသားသည် နူးညံ့လှချည့်လား။

တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်၊ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိသည့် တုနှိုင်းမဲ့မေတ္တာရှင်။ သားသမီးတွေအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာပဲထားပြီး ဥပေက္ခာတရားမထားနိုင်သည့် တုနှိုင်းမဲ့မေတ္တာရှင်။ အမေနု အမြဲပြောတတ်သည့်



www.burmeseclassic.com

www.burmeseclassic.com

ဖြဟ္မစိုရ်တရားသုံးပါးနှင့် မေတ္တာရှင်များ။ သို့ဆိုလျှင် အဖေဆိုး၊ အမေဆိုးတို့ကိုရော ခွင့်မလွှတ်သင့်ဘူးလား၊ နားလည်မပေးသင့်ဘူးလား။

ကျွန်တော့်အာရုံသည် အတွေးပေါင်းစုံနှင့်အတူ နောင်တတရားတို့ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာ၏။ ဖြဟ္မစိုရ်တရား သုံးပါးနှင့် ကလေးမလေးကို လေးစားစွာကြည့်လိုက်မိသည်။ ဘဝကို ခက်ခက်ခဲခဲ ရုန်းကန်နေရပေမဲ့ အဖေ့ခြေရာကို မြတ်မြတ်နိုးနိုးခံယူဖို့ သတိရသည်။ ကျွန်တော့်မှာသာ အစိမ်းရောင်ဥပေက္ခာတရား မှိုင်းမိကာ မေ့လျော့နေခဲ့သည်။ တစ်နေကုန် မွန်းကျပ် ပိတ်လှောင်နေသည့်အသိတို့ လင်းပွင့်ခဲ့ပြီ။ အဖေ…။ ရင်ကို ပေါက်ထွက်သွားအောင် ခေါ်ချင်မိသည်။

အိမ်ပြန်ရောက်လျှင် နှစ်ပေါင်းများစွာ ဆွံ့အ,နေခဲ့သည့် စကားလုံးကို ရင်ကို ပေါက်ထွက်သွားအောင် အော်ခေါ်လိုက်မည်။ အဖေ့ခြေရာကို ခံယူမည်။ အို… ကြည်နူးလိုက်ပါဘိ။ ငါးရာနှစ်ဆယ့်ရှစ် မေတ္တာနှောင်ကြိုးက နှလုံးအိမ်ကို ဆွဲညှစ်လိုက်သည့်နှယ် ကြည်နူးပီတိတို့ ယိုစိမ့်လာ၏။ ကျေးဇူးတင်လိုက်တာ ကလေးရယ်။

"ကိုဖြိုး… ကိုဖြိုး…"

ခေါ်သံနှင့်အတူ ဓမ္မာရုံထဲ ဝင်လာသည့် သူငယ်ချင်း သက်လွင်ကို တွေ့လိုက်ရသည်။

"ကိုဖြိုး မင်းအဖေ ကားတိုက်ခံရလို့"

"ဘာ…"

ကြားလိုက်ရသည့် စကားက အနီးကပ် မိုးကြိုးပစ်ချလိုက်သလို ကျွန်တော့်နားထဲ မြည်ဟည်းသွား၏။ ဓမ္မာရုံထဲမှ လူများလည်း သက်လွင်နား ဝိုင်းအုံလာကြသည်။

"အဖေ အဖေ အခု ဘယ်မှာလဲ၊ အရမ်းစိုးရိမ်ရလား သေက် ဟင်"

"ဆေးရုံပို့ထားတယ်၊ အခြေအနေတော့ မသိသေးဘူး၊ မင်းလာခေါ်တာ"

ခေါင်းတစ်ခုလုံး ထူပူကာ ဘာလုပ်လို့ လုပ်ရမှန်းမသိ။ အမေနက-

"သား ကိုဖြိုး စိတ်အေးအေးထား၊ ဆရာမတို့လည်း နောက်က လိုက်ခဲ့မယ်၊ သားသွားနှင့်"

သက်လွင် ဆိုင်ကယ်နှင့် ဆေးရုံလိုက်ခဲ့သည်။

❑

၃။

"သေက် မြန်မြန်မောင်းပါဟ"

"ဒါ့ထက်မောင်းရင် ငါတို့ပါ အတွင်းလူနာ ဖြစ်သွားမယ်၊ စိတ်အေးအေးထား ကိုဖြိုး"

လီဗာကုန်တင်မောင်းလာသော ဆိုင်ကယ်က ကျွန်တော့်စိတ်ထဲ အရမ်းနှေးနေ၏။ အဖေ…။ အဖေကြားအောင် ကျွန်တော် ခေါ်ခွင့်ရပါ့မလား။ ကျွန်တော့်ရဲ့ နောင်တတရားတွေ အချိန်မီပါ့မလား။ ကျွန်တော့်ကို ခွင့်လွှတ်ပါအဖေ။ အချိန်အကြာကြီး ကမ်းလင့်ခဲ့တဲ့ အဖေ့လက်တွေကို ကျွန်တော် ပုတ်ချခဲ့တယ်။ တောင်းပန် တိုးလျှိုးနေတဲ့ အဖေ့မျက်ဝန်းတွေကို ကျွန်တော်မမြင်ချင်ယောင်ဆောင်ခဲ့တယ်။ ကျေးဇူးပြုပြီး ရှင်သန်ပေးပါ အဖေ။ ကျွန်တော် တစ်သက်လုံး နောင်တတရားတွေနဲ့ မနေပါရစေနဲ့ အဖေ။

ဆေးရုံဝန်းထဲ ဝင်လာသည်။ ဆိုင်ကယ်စက်မသတ်သေးခင် ခုန်ဆင်းလိုက်ပြီး အပြေးလှမ်းလာလိုက်၏။ အဖေ၊ အဖေ ဘယ်မှာလဲ။ ပျားပန်းခပ်မျှ လှုပ်ရှားနေကြသော လူများကြား ကျွန်တော် ဘာကိုမှ မမြင်။ အရာအားလုံးသည် ဝေဝါးနေ၏။ မျက်လုံးကို ပွတ်ကြည့်လိုက်မှ မျက်ရည်ဥတို့ တွဲခိုနေမှန်း သိလိုက်သည်။

"သား ကိုဖြိုး…"

ဟင်… ဒါ အဖေ့အသံပဲ။ အသံလာရာဆီ လှည့်ကြည့်လိုက်သည်။ ပြင်ပလူနာဌာန၏ ခုတင်ပေါ်မှာ ထိုင်နေသော အဖေ့ကို တွေ့လိုက်ရသည်။ လိုက်ခနဲဖြစ်သွားပြီး အဖေရှိရာဆီ အပြေးလှမ်းလိုက်၏။ အဖေ့ခေါင်းမှာ ပတ်တီးစည်းထားပြီး ကြီးကြီးမားမား ထိခိုက်မိဟန် မတူ။

"အဖေ… အဖေ ဘာမှမဖြစ်ဘူးနော် အဖေ"

ကျွန်တော့်နှုတ်ဖျားမှ တတွတ်တွတ်ရေရွတ်နေသော အဖေဟူသည့် စကားသံကြောင့် ဖြစ်ဟန်တူသည်။ အဖေ့မျက်ဝန်းတို့ အရောင်လက်နေ၏။ ကျွန်တော်လိုက်လာမည်ဟု ထင်မှတ်မထားသောကြောင့်လည်း အံ့သြနေဟန်တူ၏။

"အဖေ ဘာမှမဖြစ်ဘူးနော်"

"ဘာမှ မဖြစ်ပါဘူး သားရယ်၊ ကားနဲ့ ပွတ်ဆွဲမိတာပါ၊ အကြောက်လွန်ပြီး သတိလစ်သွားလို့ ဆေးရုံတင်လိုက်ကြတာ။ ခေါင်းတော့ သုံးချက်ချုပ်လိုက်ရတယ်"

"တော်ပါသေးရဲ့အဖေရယ်၊ အဖေသာ တစ်ခုခုဖြစ်သွားရင် သားတော့ ဟီး… ဟီး…"

ကျွန်တော့်စကား အဆုံးမသတ်နိုင်။ တွဲလျောင်းချထားသော အဖေ့ခြေထောက်ကိုဖက်ကာ အားရပါးရ ငိုလိုက်၏။ ဆေးရုံအတွင်းမှ လူအများက ဝိုင်းကြည့်နေကြသော်လည်း ကျွန်တော် မရှက်နိုင်။ ပွဲ့လျက်ပါးသော နှီးပုံးမှ ရေယိုသကဲ့သို့ ကျွန်တော့်မျက်ရည်တို့သည် အဖေ၏ ညာဘက်ခြေတုပေါ်သို့ တလိမ့်လိမ့်စီးကျလာသည်။ ပထမအကြိမ် ကားတိုက်ခံရပြီး အဖေ့၏ ခြေထောက်တစ်ဖက်နှင့် အမေဟူသော မြင်းမိုရ်တစ်ခြမ်း ကျွန်တော် ဆုံးရှုံးခဲ့ရသည်။ ကျန်သည့် အဖေ့ခြေထောက်တစ်ဖက်နှင့် အဖေဟူသော မြင်းမိုရ်တစ်ခြမ်းကို ကျွန်တော် အဆုံးရှုံးမခံနိုင်တော့ပေ။

အဖေနှင့် ကျွန်တော့်အကြားရှိ အစိမ်းရောင် ဆူးတောင်ကြီးကို ကျွန်တော် ကိုယ်တိုင် ဖြိုချပစ်လိုက်နိုင်သည်။

အဖေနှင့် ကျွန်တော့် နှလုံးသားတို့သည် နားလည်မှုဟူသော နှောင်ကြိုး၌ နွေးထွေးခိုင်မြဲစွာ ရစ်ပတ်နေပေပြီ။ ■

**ညီကျော်၊တန့်ဆည်၊**



www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော် သူ့ကို သတိထားမိသည်မှာ ကြာပြီ။

သည်ရွာလေးကို ရောက်ပြီး ရွာသူရွာသားများနှင့် မျက်မှန်းတန်းဖို့ ကြိုးစားစဉ်ကတည်းက သူပါနေခဲ့သည်။

သူ့နွားစားကျက်က ကျောင်းခြံစည်းရိုးနှင့် ထိနေတာ၊ နွားနှစ်ကောင်ကို ကျွန် တော့် အိမ်လေးဘေးက ဆွဲဆွဲသွားတာ၊ ကျွန်တော့်ကို မကြာခဏ နှုတ်ဆက်တတ်တာ စသဖြင့် သတိပြုမိစရာတွေကလည်း ရှိနေခဲ့သည်ကိုး။

သူ့ယာခင်းထဲက ဟင်းချက်စရာ သီးနှံတွေ ခူးဆွတ်ပေးလာချိန်မှာတော့ ကျွန်တော်တို့ တော်တော် ရင်းနှီးခဲ့ပါပြီ။

တစ်နေ့။ ကျွန်တော့် ကျောင်းလေးမှာ လိုအပ်သည့် အမှိုက်တောင်းလေး ရက်၍ ယူလာပေးသည်။ ကျွန်တော့်မှာ အံ့တွေ သြလို့။

"ကိုသန်းမောင်၊ ခင်ဗျား နှီးဖြာနိုင်တယ်ပေါ့"

ဝမ်းသာအားရ မေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# သူ့ကျွန်း ကိုယ့်ကံ

'ဖြာနိုင်ပါတယ် ဆရာရယ်။ ဒါပေမဲ့ ဟိုအရင် အကောင်းလိုတော့ ဘယ်ဟုတ်တော့မလဲ'

'ဒါနဲ့၊ ခင်ဗျားလက်က ဝမ်းတွင်းပါ မဟုတ်ဘူးဆို'

မေးပြီးမှ အားနာသွားသည်။ သူ့မျက်နှာ အပြုံးလေး မြင်မှ သက်သာရာရ၏။

'ဟား…ဟား၊ ဘယ်ဟုတ်မလဲ ဆရာရယ်၊ ယိုးဒယား (ထိုင်း)လက်ဆောင်ပေါ့။ ယိုးဒယား၊ ယိုးဒယား'



www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး သူ ပြန်သွားသည်။ သူ့ယာလက်သည် လက်ဖဝါးနှင့် လက်မတစ်ဆစ်သာရှိ၏။ လက်ချောင်းဟူ၍ မရှိ။ ထို့ကြောင့် ယာလက်နှင့် စားကိုင်ပြီး ဘယ်လက်နှင့် နှီးထိုးရသောအလုပ်မျိုးကို လုပ်နိုင်ခြင်းအတွက် ကျွန်တော့်မှာ အံ့သြရခြင်းဖြစ်သည်။

သူသည် လက်အင်္ဂါမစုံသော်လည်း ဒေသအလုပ်မှန်သမျှ လုပ်နိုင်ပုံရသည်။ လယ်ထွန်ယာလုပ်၊ ပေါင်းနုတ်မြက်ဆွဲ၊ ဝါးခွဲထင်းပေါက် စသဖြင့် အများတန်းတူ လုပ်နေသည်ကို မြင်ရကြားရ၏။ တံစဉ်ကိုင်ရသော လယ်ရိတ်၊ နှမ်းရိတ်မှ လွဲလျှင် သူလုပ်နိုင်မည် ထင်သည်။

ဝမ်းတွင်းပါမဟုတ်ဘဲ ထိုင်းလက်ဆောင်ဆို၍ ကျွန်တော့်မှာ ပိုစိတ်ဝင်စားမိသည်။ ထို့ကြောင့် အကြောင်းဆုံလျှင် စပ်စုကြည့်ရန် တွေးထားလိုက်၏။

သည်လောက် တောခေါင် ချောင်ကျသည့် ရွာလေးတွင်ပင် ထိုင်း၊ မလေးရှား၊ စင်ကာပူ ရောဂါတွေ အသီးသီး ရှိနေကြသည်ပဲ။ ပြန်သူပြန်၊ သွားသူသွားနှင့် ရွာတွင် လူစုံသည်ဟူ၍ မရှိ။

ရာသီဥတု ဖောက်ပြန်သည်။ သီးနှံထွက်နှုန်းကျသည်။ လိုအပ်ချက်တွေများသည်။ ထိုအခါ နိုင်ငံခြားသည် ထွက်ပေါက်ဟု တွေး၍ ကြံမိကြံရာ ကြံကြပုံရ၏။

သည်ရွာလေးတွင် ဘွဲ့ရပညာတတ်ဟူ၍ မရှိ။ သို့တိုင် ထိုင်း၊ မလေးရှား၊ စင်ကာပူ

# onfvmuf awmacgif acmifuonf &Mav;wGif xdkif rav;&Sd pifumyl a&m*gawG toD;oD; &SdaeuonfyJ jyefoljyef oGm;oloGm;ESifh &GmwGif vlpkHonf[l r&Sd

ပြန်တို့သည် ရှေ၌ မကုန်နိုင်ပေ၏။

ကလေးတွေကို မေးကြည့်လျှင်လည်း ဆရာဝန်၊ အင်ဂျင်နီယာ၊ စစ်သား၊ ကျောင်းဆရာဟူ၍ ဖြစ်လိုသူ သိပ်မရှိ။ အများစုက ထိုင်းသွားမည်ချည်း။ ထိုရေစီးတွင် ကိုသန်းမောင်လည်း မျောခဲ့ပုံရသည်။

တစ်နေ့။ ကလေးများ၏ အဖြေလွှာများကို စစ်ပြီး စာဖတ်နေစဉ် ကိုသန်းမောင် ရောက်၍လာသည်။ လက်ထဲတွင် ဖရုံသီးတစ်လုံး ပါလာ၏။ ထုံးစံအတိုင်း ဟောင်ဖွာဟောင်ဖွာနှင့် စကားစ,သည်။

“ဆရာကြိုက်လား တော့ မသိဘူး။ ဖရုံသီးတစ်လုံး ဆွတ်လာခဲ့တယ်”

မီးဖိုကျပ်စင်လေး ပေါ်တင်ပြီး ကျွန်တော့်ဘေး လာ၍ ထိုင်သည်။

“ကြိုက်ပါတယ် ဗျာ။ ကျွန်တော်က ကိုသန်းမောင်ကို မျှော်နေတာ”

“ဆို၊ ဘာကိစ္စ”

ကျွန်တော့်ကိုကြည့်၍ မေးသည်။

“ထိုင်းအတွေ့အကြုံပေါ့ဗျာ။ ကိုသန်းမောင် သွားကတည်းကနေ ပြန်တဲ့အထိ ကျွန်တော့်ကို ပြောပြစမ်းပါ”

ကျွန်တော်ပြောတော့ ဟက်ခနဲ ရယ်၏။

“ကြိုက်လိုက်လေ ဆရာရယ်၊ ကျွန်တော်က ဒါမျိုးလူ ရှာနေတာ။ ရွာမှာက ကျွန်တော်ပြောလွန်းလို့ ထိုင်းအကြောင်းဆို ဘယ်သူမှ နားမထောင်ချင်တော့ဘူး။ ဟားဟား…”

တဟားဟားရယ်နေသေး၏။ သူ့အရယ်ရပ်မှ သိချင်တာကို စ,၍မေးရသည်။

“ကိုသန်းမောင်တို့ ဒီကနေ သွားတော့ ကိုယ့်ဘာသာသွားတာလား၊ ကယ်ရီနဲ့လား”

“ကိုယ့်ဘာသာ ဘယ်သွားတတ်မလဲ ဆရာရယ်၊ ကယ်ရီနဲ့ပေါ့။ ကယ်ရီဆိုပေမဲ့ တခြားက မဟုတ်ဘူး၊ ဒီရွာကပဲ။ ရောက်ဖူးတဲ့သူခေါ်လို့ လိုက်ရတယ်။ ရောက်တဲ့အထိ တစ်ယောက် ငါးသိန်း ပေးရတယ်။ အလုပ်မရခင် ထမင်းကျွေးတယ်ပေါ့။ အလုပ်ရမှ ပြန်ဆပ်ရတယ်။ ကျွန်တော်တို့ဆီက လူတွေ ဒီလိုပဲ သွားကြတယ်လေ။ အလုပ်လည်း သူပဲ သွင်းပေးတယ်။ စမတ်ခတော့ ပေးရတာပေါ့ ဆရာရယ်”

“ဘာလုပ်ရလဲဗျ”

“ဖိနပ်စက်ရုံမှာ လုပ်ရတယ်။ ရောက်စတော့ ဘယ်သိမလဲ ဆရာရယ်။ စကားမတတ် ဘာမတတ်နဲ့။ ခိုင်းသမျှ လုပ်ရတာပဲ။ ၃ နှစ်လောက် ကြာမှ နည်းနည်းလေး လည်လာတယ်”

“ပိုက်ဆံတွေ ပို့နိုင်မှာပေါ့နော့”

“ဟားဟားဟား…။ ဆရာလည်း မရောက်ဖူးတော့ ကျွန်တော်တို့ တွေးခဲ့သလိုပဲ။ ကျွန်တော်တို့လည်း အဲဒီလို တွေးခဲ့တာ ဆရာရဲ့။ နိုင်ငံခြားသွားမယ်၊ ပိုက်ဆံစုမယ်၊ ငွေပို့မယ်ပေါ့။ စိတ်ကူးယဉ်ခဲ့တာလေ။ သူများနိုင်ငံသွား အလုပ်လုပ်ရမှာကိုပဲ ပုံထားတဲ့ ပိုက်ဆံ သွားကောက်ရမယ့်အတိုင်း ထင်ခဲ့တာ။ တကယ်တော့ မဟုတ်ဘူး ဆရာရေ။ ပထမတစ်နှစ်လောက်က ပွဲစားကို အကြွေးဆပ်ရတာနဲ့ ကုန်တယ်။ အလုပ်ကလည်း မကျွမ်းသေးတော့ ဝင်ငွေကလည်း မကောင်းဘူးလေ။ ၂ နှစ်လောက်ကြာမှ နည်းနည်းလေး အဆင်ပြေပြီး ပိုက်ဆံလေး ပို့နိုင်တာ။ ဒါပေမဲ့ စားဖို့သောက်ဖို့နဲ့ အခန်းခနဲ့ဆိုတော့ သိပ်မကြွင်းဘူး။ အဲဒီမှာ နေစရိတ်ကြီးတယ် ဆရာရဲ့”

“အလုပ်ချိန်ရော”

“စက်ရုံကတော့ ၂၄



www.burmeseclassic.com

www.burmeseclassic.com

နာရီပေါ့။ နေ့ဆိုင်း၊ ညဆိုင်း ဆင်းတဲ့အထဲမှာ ကျွန်တော်တို့က မနက် ၅၊ ည ၅ ဆင်းရတယ်'

'လက်ကရော အဲဒီစက်ရုံမှာပဲ ဖြစ်တာလား'

သူ့လက်ဝါးတို လေးကြည့်ပြီး ငိုင်နေသေးသည်။ ခဏကြာမှ သက်ပြင်းတစ်ချက်နှင့်အတူ ခေါင်းညိတ်ပြ၏။

'အဲဒီ စက်ရုံမှာချည်း ၅ နှစ်လောက်ကြာတယ်။ စကားလေးလည်းတတ်လာ၊ လုပ်ငန်းလည်း ကျွမ်းကျင်လာတော့ ကျွန်တော် စက်ကိုင်ခွင့်ရတယ်။ ပိုက်ဆံလည်း ပိုရတာပေါ့ဆရာရယ်။ ရွာက အဖေအမေနဲ့ ညီ၊ ညီမတွေဆီ ရွှေလေးတွေ ဝယ်ပြီး ပို့နိုင်တဲ့အထိ ပိုက်ဆံစုမိတယ်။

'အဲဒီနေ့က ကျွန်တော် ပေါ့ဆသွားတာ ဆရာရဲ့။ အလုပ်သိမ်းဖို့ ၁၀ မိနစ်လောက်ပဲ လိုတော့တယ်။ ဒါကြောင့် ပြီးတော့မှာပဲဆိုပြီး စွပ်ထားတဲ့ လက်အိတ်ကို အရင်းထိ မဆွဲဘဲ ထားလိုက်မိတာလေ။ အဲဒီလက်အိတ်ဖျားက ညပ်ပြီး လက်ရောပါသွားတာ။ သတိရပြီး ခလုတ်ပိတ်နိုင်လို့ပေါ့။ မဟုတ်ရင် တံတောင်ဆစ်လား၊ ပခုံးလား၊ အသက်သေတဲ့အထိတောင် ဖြစ်နိုင်တယ်'

သူ့စကား ပြတ်၍သွားသည်။ တစ်ချိန်က ဝေဒနာကို တွေး၍ ခံစားနေပုံရ၏။

'စက်ထဲက လက်ကို ဘယ်လိုချွတ်တာလဲဗျ'

'ကျွန်တော် မသိဘူးဆရာ။ နာလွန်းလို့ မေ့သွား

onf&Gav;wGf
blG
ynmwwf[ I
r&S
oWkf
xkf
rav;&fi
pifumyl
jyefvbnf
a&í rukEkdf
ayg\
uav;awGkd
ar;lunfv(lfvnf
q&m0ef
tifsieD m
ppfbm;
ausmifq&m[ I
jzpfvbl
oyf&S

တာပဲ။ သတိရတဲ့အခါ ဆေးရုံပေါ် ရောက်နေပြီလေ'

'လျော်ကြေးရော ရသေးလား'

'ဟားဟား၊ ဘယ်ရမလဲ ဆရာရဲ့။ ကျွန်တော်တို့က တရားဝင်မှ မဟုတ်တာ။ ဆေးရုံစရိတ်တော့ သူဌေးမက ကျခံတယ်လေ။ ကျွန်တော့်ကိုလည်း နှစ်ရက်တစ်ခါလောက် လာလာကြည့်တယ်'

'ခင်ဗျား ဆေးရုံဆင်းတော့ အလုပ်က ဘယ်လိုလဲ။ ရွာကို ပြန်ခဲ့တာလား'

'အင်္ဂါမစုံတော့ စက်ရုံမှာ မလုပ်နိုင်တော့ဘူးလေ ဆရာရဲ့။ ဒါပေမဲ့ သူဌေးမက ကောင်းပါတယ်။ သူ့စက်ရုံမှာချည်း နှစ်ပေါင်းများစွာ လုပ်လာသူဆိုတော့ သနားပြီး အလုပ်သစ်တစ်ခု ပေးတယ်။ လစာလည်း အရင်အတိုင်းပဲ။ ဘာမှ မပင်ပန်းဘူး။ ကျွန်တော် လုပ်နိုင်တဲ့ အလုပ်ကို ရွေးပေးတာပါ။ ဟင်း…ဟင်း…ဟင်း၊ ဘာအလုပ်လို့ ဆရာထင်လဲ'

ကျွန်တော့်ကို မေး၍ ရယ်သည်။ သို့သော် ရယ်သံသည် သွေ့ခြောက်လွန်း၏။ အသက်မဲ့ပြီး နာကျင်မှုဘက် လုနေသည်ဟု ခံစားရသည်။ သူ့အမေးကို ကျွန်တော် မဖြေတတ်။ ထို့ကြောင့် ငြိမ်၍နေရသည်။

'ဖိနပ်လှည့်တဲ့ အလုပ်တဲ့ ဆရာ'

'ဗျာ၊ ဘာလဲဗျ ဖိနပ်လှည့်တဲ့အလုပ်ဆိုတာ'

'အသစ်အဆန်းဆိုတော့ ဆရာ နားရှုပ်သွားပြီထင်တယ်။ ဒီလိုဆရာရဲ့။ ကျွန်တော်တို့ သူဌေးမက စက်ရုံကို တစ်နေ့တစ်ခါ အမြဲလာတယ်။ စက်ရုံထဲ ဝင်ရင် စီးလာတဲ့ ဖိနပ်ကို စက်ရုံဝမှာ ချွတ်တယ်။ စက်ရုံတွင်းစီး ဖိနပ်ကို ပြောင်းစီးတယ်ပေါ့။ အဲဒီ သူချွတ်ထားခဲ့တဲ့ ဖိနပ်ကို သူပြန်ရင် အဆင်သင့်ဖြစ်အောင် ကျွန်တော်က ဖိနပ်ဦးလေး ပြန်လှည့်ပေးထားရတယ်။ ဟင်းဟင်း…ဟင်း။ အဲဒီအလုပ်၊ အဲဒီအလုပ်။

'အစတော့ ပိုက်ဆံလည်းရ၊ ကိုယ်လည်းလုပ်နိုင် ဘာမှ မပင်ပန်းဆိုပြီး ဝမ်းသာတာပေါ့ ဆရာရယ်။ ဒါပေမဲ့ လေးငါးခြောက်လလောက်ကြာတော့ ကျွန်တော့်ခေါင်းထဲ အတွေးတွေ ဝင်လာတယ်ဗျ။ ဒီမိန်းမဟာ တယ်ဘုန်းကံကြီးပါလား။ တကယ်ဆို ကိုယ်ချွတ်ထားခဲ့တဲ့ဖိနပ် ကိုယ့်ဘာသာ စီးပြီး ပြန်လှည့်လို့ရတာပဲ။ အခုတော့ ဝန်ထမ်းနဲ့တောင် အငှားထားနိုင်ပါလားဆိုပြီး မခံချင်သလိုလို၊ မနာလိုသလိုလို ဖြစ်လာတယ်။

'ပြီးတော့ ကိုယ့်ကံကိုလည်း တယ်ဆိုးပါလားလို့ တွေးတယ်။ ဆင်းရဲကျပ်တည်းလို့ တစ်ပြည်ရပ်ခြားထွက်လာ။ လက်တစ်ဖက်ပြတ်။ နောက်ဆုံး မိန်းမတစ်ယောက်ရဲ့ ဖိနပ်ကို ဦးပြန်လှည့်ပေးတဲ့ဘဝပါလားလို့ တွေးပြီး ရှက်လာမိတယ်။ ဒါကြောင့် ပိုက်ဆံတွေ ဘာတွေလည်း မမြင်၊ အနေချောင်တာ မချောင်တာတွေလည်း မစဉ်းစားတော့ဘဲ သူ့ဘုန်းနဲ့ ကိုယ့်ကံအကြောင်း တွေးပြီး ကိုယ့်နိုင်ငံ ပြန်ခဲ့တာပဲ ဆရာရေ။ ကဲ…ကျွန်တော် ပြန်ဦးမယ်'

စကားရှည်ကြီး ပြောပြီး ရုတ်တရက်ထပြန်သွားသည်။ ကျွန်တော့်မှာ ငေး၍ ကျန်ခဲ့ရ၏။

အနေချောင်တာ မချောင်တာ အသာထား၊ သူ့ဘုန်းနှင့် ကိုယ့်ကံအကြောင်း တွေးပြီး မြန်မာနိုင်ငံ ပြန်ခဲ့သည်တဲ့။

ကျွန်တော်တို့ ကံကြမ္မာတွေ သည်နေ့အထိ ညံ့နေတုန်းလား၊ တွေးရင်း အဖြေရှာနေမိပါသည်လေ။ ■

**နော်၊ ကျောက်တိုင်၊**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

ကျုပ်တို့ မိသားစုလို ဘယ်သူကိုမှ မခံစားစေချင်ဘူး။
ဘယ်သူကိုမှ ကျုပ်တို့လို မပူလောင်စေချင်ပါဘူး။
အခုလိုမျိုး နွေရာသီမှာ ကျုပ်တို့ကို လောင်ခဲ့တဲ့ မီးက ဘယ်မီးနဲ့မှ မတူတဲ့မီး။
ရှို့မီးလည်း မဟုတ်သလို တို့မီးလည်း မဟုတ်တဲ့ တောမီးပမာ ကူးစက်ပျံ့နှံ့လွယ်တဲ့မီးပဲ။
ဒါကို ကျုပ် မျက်ခြည်ပြတ်ပြီး ကိုယ်တိုင်ပေါ့ဆခဲ့လို့သာ မလောင်သင့်ဘဲ လောင်ခဲ့ရတဲ့
ပေါ့ဆမီးပဲ ဆိုပါတော့။

နွေရာသီရောက်ရင် ဖွင့်လေ့ရှိတတ်တဲ့ ဦးထွန်းရွှေရဲ့ မီးသတိပြုသီချင်းကို
ကိုယ့်လူတို့လည်း ကြားဖူးကြမယ် ထင်တယ်။ အဲဒီသီချင်းထဲက
'မလောင်ခင်တားနိုင်ဖို့ရာ' ဆိုတဲ့ စာသားလေးကို ကြားရတိုင်း ကျုပ်ရင်နာလို့ မဆုံးနိုင်ဘူး။
ပြီးတော့ ထုတဲ့ ဥသျှစ်လည်း ကွဲရသလို ခံတဲ့ဥသျှစ်လည်း ကွဲခဲ့ရတဲ့
ဒီအဖြစ်ဆိုးကို ကွက်ကွက်ကွင်းကွင်း မြင်လာရသလိုပဲ။

တကယ်တော့ ကျုပ်တို့ မိသားစုလေးကို လောင်ခဲ့တဲ့ မီးက
ဦးထွန်းရွှေရဲ့ မီးသတိပြု သီချင်းထဲကလို မြင်နိုင်တဲ့ အပြင်မီးမဟုတ်ဘဲ
မမြင်နိုင်တဲ့ အတွင်းမီးတစ်ခုက စ,ခဲ့တယ်ဆိုတာကိုတော့ ပူလောင်လွန်းတဲ့ ဝေဒနာတွေနဲ့
ရင်ဆိုင်ခံစားရတော့မှသာ ဂဃနဏ သိရတော့တာပဲလေ။

❑

၁။

ဖြစ်ချင်လာတော့ စပါးဈေးမြောက်တဲ့နှစ်မှာ နွေရော မိုးပါ နှစ်ရာသီစလုံး

# တကလေး ၊မော်ကျွန်း။

# ဆောင်ဝါ



www.burmeseclassic.com

ကျုပ်လယ်က မှန်းထားတာနဲ့ ပိုပြီး အထွက်ကောင်းတယ်။ ရေမိုး မြေဆီသြဇာစတဲ့ ကျုပ်ဘက်က အကျွေးအမွေး အပြုအစု ကောင်းတာလည်း ပါသလို ကံကြမ္မာရဲ့ အထောက်အပံ့ ကောင်းတာလည်း ပါမှာပေါ့။ ဒီတော့လည်း နဂိုကတည်းက ကြွေးမြီရယ်လို့ ကြီးကြီးမားမား မရှိတဲ့ ကျုပ်တို့ မိသားစုအဖို့ အရပ်စကားနဲ့ပြောရရင် တစ်နှစ်တည်းနဲ့ ထောင်တက်သွားတယ်လို့ ပြောရမှာပေါ့။

အရင်းအနှီးနှုတ်ပြီး ပိုလျှံသမျှ စပါးကို ကျီထဲသွင်းထားပြီး ကြိုက်ဈေးရမှာ ထုတ်လိုက်တော့ ကျုပ်ရဲ့ အမြတ်အစွန်းက တစ်ဆနှစ်ဆ ဖြစ်သွားတယ်။ ဒီလိုနဲ့ လက်ထဲမှာ ငွေက အထုပ်လိုက် ဆုပ်မိထားပြီဆိုတော့ ကျုပ် ဒီအတိုင်း မထားချင်ဘူးလေ။ မရှိဝမ်းစာ ရှိတန်ဆာဆိုတဲ့ သဘောနဲ့ ငွေကြေးလည်း မပျောက်ပျက်ရအောင်ဆိုပြီး ကျုပ်မိန်းမ မိဂျမ်းကို အရင်ကထက် နည်းနည်းပိုတုတ်တဲ့ ကြိုးကြီးတစ်ကုံး ထပ်လုပ်ပေးဖြစ်တယ်။ သမီး အငယ်မလေးကိုလည်း သူ့နားက နားကွင်းအသေးလေးကို ဖြုတ်သိမ်းပြီး နောက်ထပ်ခေတ်ပေါ်ဒီဇိုင်းနဲ့ နားဆွဲတစ်ရန် ထပ်လုပ်ပေးလိုက်တယ်။ ဟုတ်တယ်လေ၊ ရွှေဆိုတဲ့ အမျိုးက မမြတ်ရင်သာရှိမယ် ငွေကြေးအရတော့ မပျောက်ပျက်တာ အသေအချာပဲ မဟုတ်လား။

ခက်တာက ဟိုကောင်ပဲ။ ဟိုကောင်ဆိုတာက ကျုပ်သား လူပျိုဖြစ်စ ဖိုးတာကို ပြောတာပါ။ လူပျိုသာဆိုတာပါ အသက်က အခုမှ ဆယ့်ခြောက်ကျော်ပြီး ဆယ့်ခုနစ်ထဲ ဝင်စရှိသေးတာ။ ဘယ်စကားပြောလို့ ဘယ်ရောက်မှန်းတောင် သိသေးတဲ့ကောင်မဟုတ်ဘူး။ အခု အဲဒီကောင်က တစ်စခန်းထနေတော့ ခက်သားလား။

ကြည့်လေ၊ ကျုပ်တို့ လင်မယားက စပါးရောင်းပြီးကတည်းက သူ့အတွက်စဉ်းစားထားတာကတစ်မျိုးလေ။ အရွယ်လေးလည်း ရောက်လာတော့ အများနည်းတူ ဝတ်ချင်စားချင်မှာပဲဆိုပြီး နိုင်ငံခြားဖြစ် လက်ပတ်နာရီလေးကောင်းကောင်းတစ်လုံးလောက်နဲ့ လူတောထဲ တင့်တောင့်တင့်တယ် သွားရလာရအောင် ရွှေသားလက်စွပ်ကလေးတစ်ကွင်းလောက်လုပ်ဆင်ပေးဖို့ စီစဉ်ထားတာ။ ဒီအတွက် ကုန်လည်း ကုန်ပါစေပေါ့။

ကျုပ်တို့မှာ သားတစ်ယောက်၊ သမီးတစ်ယောက် စစ်ပေါက်ပေါက် ဒီနှစ်ယောက်ရှိတာ။ ကျုပ်တို့လင်မယား လယ်ထဲချောင်းထဲ နေပူမိုးရွာမရှောင် ကုန်းခဲ့ရုန်းခဲ့တယ်ဆိုတာလည်း အသေအချာတွေးရင် သူတို့အတွက်ပဲ မဟုတ်လား။ ဒါပေမဲ့ ခုတော့ ဒီကောင်က ကျုပ်တို့လင်မယားရဲ့ အစီအစဉ်ကို လုံးလုံး ဆန့်ကျင်တယ်။ သူဖြစ်ချင်တာ လိုချင်တာ တစ်ခုကိုပဲ အရေးဆိုနေတော့တာ။

ဒီကောင်က နာရီလည်း မပတ်ချင်ဘူးတဲ့။ လက်စွပ်လည်း မဝတ်ချင်ဘူးတဲ့။ အဲဒီငြင်းဆိုမှုတွေရဲ့ နောက်မှာ တောင်းဆိုမှုက တစ်ခါတည်း ကပ်ပါပြီးသား။ ဘာတဲ့၊ သူ့ကို ရွာထဲက ချက်ကြီးတို့၊ ထိပ်နီတို့လို မှန်သားပြင်ပါတဲ့ လက်ပွတ်ဖုန်းတစ်လုံးသာ ဝယ်ပေးပါတဲ့လေ။ အမေ လုပ်သူက မိန်းမသားပီပီ သဘောမကျဘူးပေါ့။ ပြီးတော့ သူဝယ်ခိုင်းတဲ့ဖုန်းဆိုတာက သိန်းနဲ့ချီပြီးတော့လည်း ပေးရဦးမယ်။ ပြီးတော့ စက်ပစ္စည်း ဝယ်ပြီးတဲ့နေ့ အဖိုးဆုံးတယ်ပေါ့။ ရွှေဆိုတာက ပေါင်စားစား ရောင်းစားစား အဖိုးမဆုံးဘူးပေါ့။ ဝတ်စားသွားရင် လူတောထဲမှာလည်း တင့်တယ်တယ်ပေါ့။ ဒီလို အကြောင်းပြချက်တွေနဲ့ သူ့သားရဲ့ ဆန္ဒကို ကန့်ကွက်တယ်။

ခက်တာက ကျုပ်ပဲ။

မွေးထားတဲ့ နှစ်ယောက်ထဲမှာ ယောကျ်ားလေးလည်းဖြစ်တဲ့ ဒီကောင့်ကို ကျုပ်က ပိုပြီး အလေးသာတယ်။ ဒီကောင်ကလည်း သူ့အမေနဲ့ယှဉ်ရင် အစစပိုပြီး အလိုလိုက်တတ်တဲ့ ကျုပ်ကို ပိုပြီး ချစ်သယောင်ပြပြီး အပူကပ်တတ်တာ ငယ်ငယ်ကတည်းက အကျင့်။ ပြီးတော့ ဒီကောင့် စကားတွေကလည်း ဒီဖုန်းတစ်လုံးကို ဝယ်ပေးဖြစ်အောင်ကို ကျိုးကြောင်းဆီလျော်နေတော့ မငြင်းသာတဲ့ အခြေအနေမျိုးပဲ။

တကယ်တော့ မိဘတစ်ယောက်လုပ်နေတဲ့ ကျုပ်က ဝယ်မပေးနိုင်ဘူးပြောလည်း ဒီကောင် ကျုပ်ကို စိတ်ကောက်ရုံထက် မပိုပါဘူး။ ဒါပေမဲ့ ကျုပ်ကိုယ်တိုင်က ငွေကြေးအဆင်ပြေနေတာရယ်၊ အလိုလိုက်ချင်တဲ့စိတ်ရယ်၊ ရွယ်တူတန်းတူတွေရဲ့ကြားမှာ မျက်နှာမငယ်ရအောင်ဆိုတဲ့ စိတ်ရယ်ပေါင်းပြီး ကျုပ်ကိုယ်တိုင် ကောင်းကောင်းနားမလည်တဲ့ ပစ္စည်းတစ်ခုကို အလိုလိုက်ပြီး ဝယ်ပေးလိုက်မိတယ်ပဲ ဆိုပါတော့။

အဲဒီအချိန်တုန်းကတော့ ကျုပ်နေတဲ့ ဝန်းကျင်နဲ့ပြန်ယှဉ်ကြည့်ရင် ကျုပ်မမှားဘူးလို့ ထင်ခဲ့တာပဲ။ ဟုတ်တယ်လေ၊ ရွာတောင်ပိုင်းက ကုန်ခြောက်ဆိုင်ပိုင်ရှင် မဘုမရဲ့သား ထိပ်နီတို့၊ ပြီးတော့ ရွာလယ်က လူပျိုကြီးသူဌေး ကိုတင်မောင်ရဲ့ မွေးစားသားသံချောင်းတို့ကစပြီး ကာလသားသမီးတွေရဲ့ လက်ထဲမှာ ဒီပစ္စည်းလေးတွေ ကိုင်ကိုင်သွားတာ ကျုပ်တွေ့နေရတာကြာပြီပဲ။

တစ်ခါတလေ အညာမှာနေတဲ့ ကျုပ်အစ်မဆီ ဖုန်းလေးဘာလေး ဆက်ချင်ရင်တောင်မှ ဒီကလေးတွေကို လုပ်ခိုင်းပြီး ဆက်ခဲ့ဖူးသေးတာ။ လက်တစ်ဝါးစာလောက်ရှိတဲ့ ဟာလေးထဲက ထွက်လာတဲ့ အသံကို နားစွင့်ရင်းက အံ့သြခြင်းတွေဖြစ်ခဲ့ရသေးတာလေ။ ဟိုအရင်ကတော့ အညာမှာနေတဲ့ ကျုပ်အစ်မဆီ မာကြောင်းသာကြောင်းလေး ဖုန်းဆက်ချင်ရင် တစ်ရွာလုံးမှာ တစ်လုံးတည်းရှိတဲ့ အုပ်ချုပ်ရေးမှူးရဲ့ အိမ်က ကြိုးတန်းလန်းနဲ့ဖုန်းဆီ ပြေးရတာပဲ။ ဆယ့်ငါး



www.burmeseclassic.com

www.burmeseclassic.com

မိနစ်လောက် မာကြောင်းသာကြောင်းပြောပြီးရင် အုပ်ချုပ်ရေးမှူးကတော်ရဲ့ လက်ထဲ ငွေလေးငါးရာလောက်တော့ ထည့်ခဲ့ရစမြဲပေါ့။

ခုများတော့လည်း အင်းခေတ်တွေများ ပြောပါတယ်။

အပြောင်းအလဲ မြန်လိုက်ပုံများ ဝါဆို၊ ဝါခေါင်မှာ ချောင်းရေများတက်သလို ကြည့်ရင်းကြည့်ရင်း ကမ်းတိုက်လာတဲ့အတိုင်းပါပဲ။

❑

၂။

ကျုပ်ကသာ လျှော့တွက်နေတာ။ ရွာက အလယ်တန်းကျောင်းမှာ ခုနစ်တန်းအထိ ရောက်အောင်တောင် မနည်းသင်ခဲ့ရတဲ့ ကျုပ်သားက ခေတ်ကိုတော့ အမီလိုက်နိုင်သား ပြောရမယ်။ ဖုန်းဝယ်ပေးပြီး ဘာမှမကြာလိုက်ဘူး၊ အကုန်လုပ်တတ်သွားတဲ့ ကျုပ်သားဆီကနေ ကျုပ်နားမလည်တဲ့ စကားအဆန်းတွေ ခဏခဏ ကြားကြားနေရတော့တာပဲ။ ကြားပါများတော့ ကျုပ်နားထဲစွဲပြီး မှတ်မိနေတဲ့အထိပဲ။

စာပြာတဲ့၊ ဘယ်လိုစာလည်းတော့ ကျုပ်လည်းမသိဘူး။ ပြီးတော့ ဗိုက်ဘာတဲ့၊ ယူတုတဲ့၊ ပြီးတော့ ဖေ့ဘုတ်ဆိုတာလည်း ကြားရရဲ့။ မဆင်ဂျာဆိုတာလည်း ကြားရသေးရဲ့။ ပြီးတော့ ဒေါင်းလုပ်တယ်ဆိုလား ဘာဆိုလား။ ကျုပ်မကြားဖူးခဲ့တဲ့ စကားတွေ စုံပွနေတာပါပဲ။ ရသမျှ အချိန်မှာ ဖုန်းမှန်ပြားလေးပေါ် လက်ညှိုးတစ်ချောင်းတင်ပြီး တကုပ်ကုပ်နဲ့ ပွတ်ကာသပ်ကာ အလုပ်ရှုပ်နေတတ်တဲ့ ဒီကောင့်ကို ကြည့်ပြီး ကျုပ်စိတ်ထဲ ဝယ်ပေးမိတာ မှားပြီဆိုတဲ့အတွေးမျိုး တစ်ခါမှကို မပေါ်ခဲ့ဖူးပါဘူး။

ဟိုကောင် ထိပ်နီတို့လိုပဲ ငါ့သားလေးလည်း ခေတ်မီလာပြီဆိုတဲ့ အတွေးနဲ့ ကျိတ်ပြီးတောင် ကျေနပ်နေမိသေးရဲ့။ တစ်ခါတစ်ခါ ကျုပ်ဆီက၊ တစ်ခါတစ်ရံ သူ့အမေဆီကနေ သူ့ဖုန်းထဲကို ထည့်ဖို့ဆိုပြီး တောင်းတောင်းသွားတတ်တဲ့ ပိုက်ဆံကလည်း ကျုပ်တို့လင်မယားနှစ်ယောက် ပေါင်းလိုက်ရင် သူ့ဝယ်ပေးတဲ့ ဖုန်းတစ်လုံးဖိုးလောက်တော့ မနီးယိုးစွဲရလောက်ပြီ ထင်တာပဲ။ ညညတွေဆိုလည်း သူအိပ်တဲ့ ခြင်ထောင်ထဲကနေ မီးရောင်မှုန်ပျပျလေးက အမြဲလိုပဲ တွေ့တွေ့နေရတယ်။ သူ့ကို ကျုပ်မေးကြည့်မိတော့ ဖေ့ဘုတ်ကလာတဲ့ ကားခွေကို ဒေါင်းလုပ်တယ်ဆိုလားပဲ။

ကျုပ်လည်း နောက်တော့ သိပ်မပေးဖြစ်တော့ပါဘူး။ သူ့ဘာသာ ဒေါင်းပဲလုပ်လုပ် ခိုပဲလုပ်လုပ်လေ။ ထိပ်နီတို့အုပ်စုနဲ့စာရင် ကျုပ်သားက ခြေငြိမ်တယ်ပဲ ပြောရမှာ။ ဟိုကောင်တွေလို ရွာရိုးကိုးပေါက် လှည့်ပြီး သန်းခေါင်သန်းလွဲ ဟိုလူအိမ်က ကြက်ဝင်ဆွဲ၊ ဒီလူအိမ်က ကြက်ဝင်ဆွဲ လုပ်တာထက်စာရင် ကျုပ်နဲ့ ကြမ်းတစ်ပြေးတည်းမှာ မိဘစိတ်ချမ်းသာအောင် နေပေးတဲ့သားကို ကျုပ်လည်း ဖုန်းတစ်လုံးနဲ့ လွှတ်ထားလိုက်မိတော့တယ်။

❑

၃။

ကျုပ်မိန်းမ မိဂျမ်းဖောက်တိုက်တဲ့ ရွှေမန်းတောင် တစ်ထုပ်ကြောင့်လားတော့ မသိဘူး၊ ကျုပ်တစ်ကိုယ်လုံး ပေါ့သွားပြီး ချွေးတွေလည်း ရွှဲလာတာနဲ့ ကိုယ်ပေါ်က စောင်ထူထူကို ခွာချပြီး ထ,ထိုင်ရင်းက ကျုပ်သားဆီကို စိတ်က ရောက်သွားတယ်။ ရေတောင် အတော်တက်နေလောက်ပြီဆိုတော့ ဒီကောင် အခုလောက်ဆို စက်မောင်းနေလောက်ရောပေါ့။

ဒီနှစ် နွေကလည်း ကျုပ်အထင် ပိုပူသလိုပဲ။

ကျုပ်ကပဲ အသက်ကလေး နည်းနည်း ရလာလို့လား၊ ရာသီဥတုကပဲ တစ်နှစ်ထက်တစ်နှစ် ဖောက်ပြန်လာတာလားဆိုတာတော့ ကျုပ်မပြောတတ်ဘူး။ ခုဆို ကျုပ်လယ်ထဲက နွေစပါးခင်းတွေကလည်း စပါးနှံတွေနဲ့ ညွတ်ကွင်းထနေကြပြီလေ။ ဒီလိုအချိန်ဆိုတာက အောင်ရေအတွက် ရေနည်းနည်းမှ ပျက်လို့မဖြစ်တဲ့အချိန်။ ရေပျက်တာနဲ့ မအောင်သေးတဲ့ စပါးခင်းတွေ အဖျင်းဘက်ကို များသွားမှာ ကျုပ် အစိုးရိမ်ဆုံးကိစ္စပဲ။ တစ်ရာသီလုံး ဂရုစိုက်လာခဲ့သမျှ ပါးစပ်ဝကျမှ အဆုံးခံလို့ ဘယ်ဖြစ်ပါ့မလဲ။

အဲဒါကြောင့် လည်း ကျုပ် ဒီရက်ပိုင်းအတွင်း လယ်ထဲက သိပ်ပြန်ရတယ်ကို မရှိဘူး။ နေ့နေ့ညည စက်ဘေးနားက မခွာဘဲ ရေကို အမြဲမောင်းတင်ပေးနေရတယ်။ ဒီလိုနဲ့ ရက်တွေကြာလာတော့ ကျုပ်ခန္ဓာကိုယ်က ဆန္ဒပြချင်လာသလိုပဲ။ တစ်နေ့လုံး အပူထဲမှာ လှုပ်ရှား၊ ညရောက်တော့ အအေးထဲမှာ အိပ်ပါများတော့ အပူအအေး မမျှဘူးထင်ပါရဲ့ အကြောအခြင်တွေက ဟိုကတက်၊ ဒီကတက်၊ ဟိုကနာ၊ ဒီကနာနဲ့ လူတစ်ကိုယ်လုံးဆိုတာ ကိုင်ရိုက်ခံထားရသလိုပဲ။

ဒီနေ့မနက်တော့ ကျုပ် ပူလိုက်ချမ်းလိုက်နဲ့ ဖျားချင်သလိုဖြစ်လာတာမို့ ကျုပ်သားကိုပဲ လယ်ထဲလွှတ်ပြီး ရေစက် အမောင်းခိုင်းလိုက်ရတာ။ စိတ်တော့ သိပ်မချချင်ပေမဲ့ နေ့ခင်းဘက်ဆိုတော့ နည်းနည်းတော့ စိတ်ဖြောင့်ရသေးတာပေါ့။ သူကတော့ ပြောရှာသား "အဖေ နေမကောင်းရင်လည်း နားပါလား"တဲ့။ သူ့ဘာသာ စက်သွားစောင့်ပြီး မောင်းမယ်တဲ့။ ကျုပ်သူ့ကိုတစ်ယောက်တည်း ဘယ်လွှတ်ရက်ပါ့မလဲ။ ဒါပေမဲ့ ဒီစကားမျိုး ပြောဖော်ရတာနဲ့တင် ကျုပ်ရင်မှာ အတော်လေး ကျေနပ်ချင်နေပါပြီ။


ပြီးတော့ ကျုပ်လုပ်ရတဲ့ လယ်ဆိုတာကလည်း ရွာနဲ့တော့ အလှမ်းသား။ ကျုပ်တို့ရွာနဲ့ ပျဉ်းမပင်ဆိုတဲ့ ရွာကို ဆက်ထားတဲ့ ဆက်သွယ်ရေးလမ်းတာရဲ့ဘေးမှာဆိုတော့ နေ့အခါ လူသွားလူလာရှိတတ်သလိုပဲ။ တစ်ခါတစ်ရံ ညအခါလည်း တစ်ရွာနဲ့တစ်ရွာ ကူးကြတဲ့ အမူးသမားတွေကလည်း ရှိတတ်လေတော့ ဒီကောင့်ကို လယ်ထဲက တဲမှာ ညဘက် စက်အစောင့် ခိုင်းဖို့ဆိုတာ ကျုပ်

စာမျက်နှာ(၁၇၇)သို့...



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုသေးသည်ဟု သူ အမှာစေ၍သာ
မာ… ရောက်လာခဲ့ရသည်။ မှာ့
သဘောအတိုင်းသာဆိုလျှင်တော့
ကိုယ်စိတ်ပင်ပန်း ညစ်နွမ်းစရာ
သည်လိုတွေ့ဆုံခွင့်မျိုး ဘယ်သောအခါမှ
မကြုံဆုံလိုတော့ပြီ။
စကတည်းက မှားယွင်းနေခဲ့သော
ပုစ္ဆာတစ်ပုဒ်ကို ကိုယ့်ရပ်တည်ချက်၊
ကိုယ့်အမြင် အတွေးတို့ဖြင့်
အဖြေရှာထုတ်ကာ ကိုယ့်ရလဒ် အဖြေသာ
အမှန်ဟု ငြင်းခုံနေကြရန် နှစ်ဦးနှစ်ဖက်
စလုံးအတွက် မသင့်တော်ပါတော့။ မာတို့
ရပ်တန့်သင့်ကြပြီ။
'အတူတူ ပြန်နေကြရအောင်'
သူက သည်စကားကိုပဲ
ဆိုလာဦးမှာ သေချာသည်။
'ဒါဆို ကျွန်မတို့နဲ့ ပြန်လာနေလေ၊
အရင်ကလိုပဲ'
သူ့အတွက် ခါးသီးမည်မှန်း
သိသော်လည်း မာကတော့
သည်စကားကိုပဲ ဖွင့်ပြောရပေဦးမည်။
ပြီး…အပြန်အလှန်
အပ်ကြောင်းထပ် ဆိုစကားတွေနှင့်

# ပဝါလက်တစ်ကမ်း

**သတိုး**

မီးခိုးမဆုံး မိုးမဆုံး သဘောထား
ကွဲလွဲငြင်းခုံ အော်ဟစ်ကြရဦးတော့မည်။
'အေးလေ… မင်းက အစကတည်းက
ကိုယ့်ကိုချစ်လို့ လက်ထပ်ခဲ့တာ
မဟုတ်တော့လဲ'
သူ… သည်စကားတစ်ခွန်းဖြင့်
အနိုင်ပိုင်းလာခဲ့လျှင်တော့ မာ
မခံရပ်နိုင်စွာ ဆွေ့ဆွေ့ခုန်
နာကျင်ရပေလိမ့်ဦးမည်။
❑
'မောင်မျိုးမင်းလို လူမျိုးကတော့
ဒီခေတ်ထဲ သူတစ်ယောက်တည်း ရှိမယ်
ထင်ရတယ်။ အတော်ကို ရှားသွားပြီ'
'ရှာမှ ရှားရင်လည်း



www.burmeseclassic.com

www.burmeseclassic.com

ပြတိုက်ပို့လိုက်ပေါ့ အမေရယ်'

ဟု မာက စိတ်စကားဖြင့် ခွန်းတုံ့ပြန်နေမိသည်။ သူမတို့ အိမ်ခေါင်းရင်းခန်းသို့ စပြောင်းလာသည့်နေ့ကစ၍ နေ့စဉ်ကြားနေရသည့် အမေ့ ချီးမွမ်းခန်းတွေကို မာ နားကြားပြင်းကတ်လှပြီ။

'ခမျာ ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘမဲ့ဖြစ်ခဲ့ရတာတောင် လေလွင့်ပျက်စီး မသွားခဲ့ဘူး။ မိဘလုပ်ငန်းကို အခြေမပျက် တိုးတက်အောင် ထိန်းသိမ်းနိုင်ခဲ့တယ်'

'ဒါဆို တော်တော်ချမ်းသာနေရောပေါ့။ အိမ်ပိုင်တောင်မရှိလို့ မာတို့ဆီမှာ အိမ်ငှားနေတဲ့ သူကလေ'

'ဟဲ့ မာ…၊ ညည်းဘာမှမသိဘဲ ရမ်းပြောမနေနဲ့။ သူ့ဇာတိမြို့မှာ ညည်းအိမ်ထက် အပုံကြီးသာတဲ့ ကိုယ်ပိုင်အိမ်ရှိတယ်။ အိမ်ငှားပြန်တင်ထားတာလည်း ညည်းအိမ်ငှားခထက် အဆများစွာ ပိုရတယ် ညည်းသိလား။ သူက တစ်ကိုယ်တည်းသမားမို့သာ ညည်းအိမ်စုတ်ကလေးမှာ ဖြစ်သလိုလာနေတာ'

မာတို့အိမ်ကလေးက အိမ်စုတ်မဟုတ်ပါ။ အဘိုးလက်ထက်ကတည်းက ဆောက်ခဲ့သော နှစ်ထပ်ပျဉ်ထောင်အိမ်ကလေးဟာ ရေနံဝေးနေခဲ့တာ နှစ်များစွာမို့ အိုဟောင်းခဲ့ပြီဆိုပေမဲ့ တောင့်တင်းခိုင်ခံ့နေဆဲ။

'မာကတော့ အထင်မကြီးပါဘူး'

'မိမာနော်၊ ငါခင်ထားတဲ့ စကားအကုန်လုံးကို ညည်း ဆန့်ကျင်ဘက်တိုက်ပြီး လာပြောနေတာ မဟုတ်လား။ မရဘူး၊ ငါ ရှင်းရှင်းပဲ ပြောမယ်။ ညည်းနဲ့ မောင်မျိုးမင်းကို ငါ နေရာချထားပေးဖို့ စီစဉ်မယ်၊ ဒါပဲ'

'ဟာ…အမေ၊ မာ့ကိုလည်း မမေးမမြန်းနဲ့။ မဖြစ်ဘူးနော်။ မာ လက်မခံဘူးနော်'

'လက်မခံလို့ မရဘူး မိမာ။ ညည်းလည်း စဉ်းစားတတ်တဲ့သူပဲ၊ ဒီလိုလူကောင်း သူကောင်းမျိုးကို။ ပြီးတော့ ညည်းကိုလည်း မြတ်နိုးရှာတယ်'

'မာမှ သူ့ကိုမချစ်ဘဲ'

'မိမာ၊ ဒီလိုလူမျိုးကိုမှ မစဉ်းစားရင် ညည်းကဘယ်လိုလူမျိုးကို စဉ်းစားနေလို့တုံး။ ညည်းနော်… ညည်း ဘယ်အချိုး ချိုးနေတယ်ဆိုတာ ငါမသိဘူးများမှတ်နေလား'

'…..'

'ငါကတော့ ငါ့အစီအစဉ်အတိုင်း ဆက်လုပ်ရမှာပဲ။ အေး…ညည်း… ငါ့ကို ဆန့်ကျင် ထင်ရာစိုင်းသွားလို့ကတော့ ငါ့အကြောင်း သိသွားစေရမယ်'

သူနှင့် စတင်ပတ်သက်ရတော့မည် ဆိုကတည်းက မာ မျက်ရည်ကို ရင်းနှီးခဲ့ရတာဖြစ်သည်။

❑

'အဲဒီလူ မာ့အပေါ် ရိုးမှ ရိုးရဲ့လား'

မာ ဝင့်ခနဲ မျက်စောင်းချီလျက်-

'အမေက ငါ့ကို သူနဲ့ စီစဉ်ပေးချင်လို့တဲ့'

'ဘာ…သူက နင့်ကို ကြိုက်နေတာပေါ့၊ ဟုတ်လား'

'…..'

'နင်… နင်ကရော'

'မေးစရာလားဟဲ့၊ နင်တစ်ယောက်လုံး ရှိနေတဲ့ဥစ္စာ'

'ဟူး… တော်ပါသေးရဲ့ မာရယ်။ နင် နောက်မှ စိတ်လည် မသွားရဘူးနော်'

မာ ပင့်သက်ရှိုက်ဖြစ်ရကာ-

'ငါ့စိတ်က ဘယ်တော့မှ မပြောင်းဘူး အောင်။ စိတ်ချ။ ငါ နင့်ကိုပဲချစ်တာ'

လက်ခနဲ လင်းဖြာတော့မတတ် အောင့်မျက်နှာသည် 'ဒါပေမယ့်' ဟူသော မာ့စကားနောက်ဆက်တွဲကြောင့် အုံ့ပျမှိုင်းရီသွားရပြန်သည်။

'အမေက ပြောလို့ မရဘူးအောင်။ ဇွတ်ကြီး စီစဉ်တော့မယ့်ပုံပဲ။ အဲဒီလိုဆိုရင် ငါ အမေ့ကို လွန်ဆန်ဖို့ မလွယ်ဘူး'

'ဟာ… နင်ကလည်း'

'နင်ကလည်း မလုပ်နဲ့လေ၊ ငါ့မှာ နာတာရှည် လူမမာသည် အမေရှိတယ်။ လူလားမမြောက်သေးတဲ့ မောင်၊ ညီမတွေ ရှိသေးတယ်။ အမေကလည်း ငါ့ကိုပဲ တစ်ပြန်အားကိုးနေသေးတာ။ အဲဒါတွေ အားလုံးကို ငါက မျက်ကွယ်ပြုနေလို့ ရမလား'

အောင်တစ်ယောက် ရှုံးရှုံးရွားရွား ဖြစ်နေသော်လည်း တုံ့ပြန်စကား တစ်ခွန်းမျှ မဆိုနိုင်။

ခုနေမှာ 'ငါ့ကိုပဲ အားကိုးလိုက်ပါ မာရယ်' ဟု သူ ပြောလာခဲ့လျှင် ဘယ်လောက် ကြည်နူးစရာကောင်းလိုက်မလဲဟု မာ စိတ်ကူးယဉ်ချင်နေသေးသည်။ ဒါပေမဲ့ ဒီစကားကို နင် မဆိုနိုင်သေးတာလည်း မာ နားလည်ပါတယ် အောင်ရယ်။

'ကျွတ်…ငါက ခပ်ညံ့ညံ့ကောင်ပဲ မာရယ်။ ခုချိန်ထိ နင် အားကိုးအားထားပြုနိုင်လောက်တဲ့ အခြေအနေမျိုး ငါ့မှာ ဘာတစ်ခုမှ မရှိဘူးနော်'

မာ ခေါင်းမညိတ်ရက်ခဲ့ပါ။ နှစ်သိမ့်ဖေးမစကား ပြောရန်တော့ ကိုယ်တိုင် ခွန်အားပျောက်ဆုံးနေသလို ရှိသည်။

'ယောကျ်ားတစ်ယောက်ကို မချစ်ဘဲ အားကိုး ရရုံသက်သက်အတွက်တော့ ငါ လက်မထပ်ချင်ပါဘူး အောင်ရယ်'

❑

မာ ကျောင်းပြီးသည့်နှစ်မှာပင် မာတို့အဖေ ရုတ်တရက် လေဖြတ်ကာ အိပ်ရာထဲ လဲခဲ့လေသည်။

အဖေ အခုလောက် ထုနိုင်၊ ထနိုင်ရုံ အခြေအနေသို့ ရောက်ရှိလာရန်ပင် မာတို့ သားအမိတစ်တွေ မနည်းပြုစုကုသခဲ့ရပါသည်။ ဒါတောင် မာက အိမ်စဉ်လှည့်ကာ Study Guide ပေးရင်း တစ်ဖက်တစ်လမ်းက ဝင်ငွေ အကူအပံ့လေး ပေးနေနိုင်သေးလို့ တော်တော့သည်။

ဒါပေမဲ့ အငယ်တွေ ကျောင်းစရိတ်၊ မိသားစုစရိတ်၊ အဖေ့ဆေးဖိုးဝါးခ… အားလုံးသော အထွေထွေ အသုံးစရိတ်တို့နှင့် ဘယ်လို ကာမိနိုင်ပါ့မလဲ။ အိမ်ထောင်တစ်သက် အမေ ခြိုးခြံသိမ်းထုပ် စုဆောင်းခဲ့သမျှ ရွှေတိုမယ်နလေးတွေ တတိတိ ပြုတ်ပြုတ်ပြန်းလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

'အမေတို့ ဒီအိမ်လေးကို အခန်းကန့်ပြီး အိမ်ငှားတင်ရအောင်'

သည်စဉ်တုန်းက မာလည်း အလိုတူအလိုပါ ဖြစ်ခဲ့သော်လည်း ကိုယ့်အိမ်ငှားက တစ်ကိုယ်တည်းသမား လူလွတ်တစ်ယောက် ဖြစ်နေသောအခါ အတော် ကသိကအောက် အနေခက်လေသည်။

ဒါပေမဲ့ မာတို့အမေက သူ့ကိုဆို ဖော်ဖော်ရွေရွေ အရေးပေးလွန်းသည်။ အမေ့စကားဖြင့် အောင့်ကို မကြည်လင်ကြသော မောင်၊ ညီမတွေကလည်း သူမှသူ။

သားသမီးများနှင့် ဇနီးသည်ကိုပင် ဇဝေဇဝါ ဆက်ဆံတတ်သော အဖေက သူ့အသံကြားလျှင် စကားရွှင်ပျ ရှိနေတတ်ပြန်သည်။ တကယ်တော့ မိသားစုဘဝကို တောင့်တငတ်မွတ်နေသော သူက မိသားစုဝင်တစ်ယောက်လို နေသားတကျ အကျွမ်းတဝင် နေတတ်လှသည်ကိုး။

အောင်တို့မှာ အဖေမရှိတော့။ အမေကလည်း ရိုးအေးသော သာမန်အိမ်ရှင်မဘဝဖြင့်သာ တစ်သက်လုံး အသားကျလာခဲ့သူဖြစ်သည်။ သားအကြီးဆုံးဖြစ်သော အောင့်အပေါ်မှာ အစ်ကိုကြီးအဖရာဆိုသော မိသားစုတာဝန်တွေ ပုံနေရတော့သည်။

'နင်…ငါ့ကို နားလည်ရဲ့လား'

'နားလည်ပါတယ် အောင်ရယ်။ ငါ့ကို ငါ့ကိုလည်း….'

အောင့်ကိုလည်း သနားအားနာစရာ ကောင်းလှတော့သည်။

❑

မာတို့၏ အိမ်ထောင်ဦးကာလ အစနေ့ရက်များကတော့ သာယာစိုပြည်ခဲ့သည်ထင်ပါ၏။

ခင်ပွန်းသည်၏ ချစ်နိုးယုယမှုများ၊ အဖေ၊ အမေ၊ မောင်၊ ညီမများ၏ ရွှင်ပျကြည်လင်မှုတို့ဖြင့် အရင်ကထက် ဝေစည်မြိုင်ဆိုင်လာခဲ့သော မိသားစုဘဝမှာ မာ ကျေနပ်နေပျော်ရလေသည်။

ရုန်းကန်ရဆဲ အောင့်ပုံရိပ်နွမ်းတို့ မာ့ စိတ်အစဉ်မှာ လျင်မြန်စွာ ဖျော့မှိန်ပျောက်ကွယ်ခဲ့ရတာ အပြစ်ဟု ဆိုလာလျှင်လည်း မာ ရဲဝံ့စွာ ဝန်ခံရဲခဲ့ပြီ။

မာ့ဘဝမှာ မာ့အား အရိပ်ကြည့် ဖေးမစောင့်ရှောက်ဖော်ရသော၊ မာ့ဘဝ စိတ်ချလုံခြုံစွာ ခိုလှုံခွင့်ရသည့် ခင်ပွန်းသည်၏ ရင်ခွင်သည်သာ မာ ပိုင်ဆိုင်သောကမ္ဘာ။ အဲဒီ ကမ္ဘာငယ်ထဲမှာ မာ့ကို ချစ်မြတ်အားကိုးစွာ မှီတွယ်နေကြသော မာ့မိသားစုလည်း ပါဝင်ခွင့်ရနေသေးတာကြောင့် ပိုမို မက်မော ဖက်တွယ်မိတော့တာဖြစ်သည်။

'မာ အလုပ်မလုပ်နဲ့တော့ကွာ၊ ကိုယ်လည်း ပြည့်စုံအောင် ရှာဖွေနေနိုင်တာပဲကို'

မာ ပြုံးရုံမျှသာ ပြုကာ လက်မခံနိုင်ခဲ့ပါ။ မာတို့အိမ်၏ စားအိုးက မာနှင့်သာ တိုက်ရိုက် ပတ်သက်နေတာလေ။ သူတစ်ယောက်တည်း အပေါ် သည်တာဝန်တွေ ပုံပေးကာ မာ ငြိမ့်ငြိမ့်ကလေး မနေနိုင်ရက်ပါ။ ပြီး တစ်ဖက်စောင်းနင်း ကာလရှည်ကြာလာခဲ့လျှင် အပြစ်မြင် ငြိုငြင်စရာ ဖြစ်လာမှာကိုလည်း မာ ကြိုတွေး စိတ်ပူထားနှင့်ပါသည်။

ဒါပေမဲ့ မာ့ ပူပန်မှုတွေ မှန်ကန်လာခဲ့လျှင်တော့ တုန်လှုပ်ရသူမှာ မာပဲ ဖြစ်ပြန်သည်။

❑

အစိက,ကတော့ မာ့မောင်၊ ညီမငယ်လေးများ အတွေးအသိ မလိမ္မာကြသေးတာဟု မာကဆိုလျှင် မာ့ကို အမေကစလို့ စကားနာ ထိုးနက်ကြပေလိမ့်မည်။ ကိုယ့်အိမ်အခြေအနေ၊ ကိုယ့်မိသားစုအကြောင်း တစ်ချက်မျှ စောင်းငဲ့ကြည့်ဖော် မရကြသူလေးတွေဟု မာက အားမလို အားမရ ရှိခဲ့သော်လည်း သူတို့တစ်သက် ဘယ်လိုပူပန်ဝန်လေးမှုမျိုးမှ မရှိရအောင် အမေနှင့် မာတို့ စွမ်းဆောင်ဖြည့်ဆည်းပေးခဲ့ကြတာဖြစ်သည်။ မာကတော့ မှတ်မိသိတတ်စကတည်းက အမေ့တီးတိုးဖော်ဆိုတော့ ကိုယ့်အိမ်၏ ရှိခြင်း၊ မရှိခြင်းကို ငယ်ကတည်းက နားလည်လွန်းတတ်ခဲ့သူပင်။ အမေ့အပူကို မျှယူကူညီနေမြဲ အလေ့အထုံကလည်း စွဲမြဲနေခဲ့ပြီ။

ဆယ်တန်း တဖုန်းဖုန်းကျကာ ပညာရေးကို လျစ်လျူရှုလိုက်ရသော မာ့ မောင်လေးကတော့ တာဝန်မဲ့နေတတ်လွန်းလှသူဖြစ်သည်။ စားချိန်လွန်လေမှ အိမ်ပြန်စားသည်။ ညဥ့်နက်သန်းခေါင်တိုင်လေမှ အိမ်တံခါးလာခေါက်သည်။ တစ်ခါတစ်ရံ အိမ်အပြန်မှာ အနံ့လေး တသင်းသင်း ရှိတတ်ပြန်သေးသည်။

ကိုမျိုးမင်းက သူ့အလုပ်မှာ တစ်ဖက်တစ်လမ်းမှ ဝင်ကူစေချင်သည်။ မထီမဲ့မြင်၊ အရေးမျှမလုပ်။ မာတစ်ခွန်းတစ်စ ဝင်ပါရုံမျှဖြင့် အမေနှင့် ရင်ဆိုင်ရတော့သည်။

ကျန် မောင်၊ ညီမများ၏ ရေသာခို၊ ပေါ့တန်သောအပြုအမူ၊ အနေအထိုင်၊ စိတ်နေစရိုက်များကိုလည်း ဘဝနာ၊ အောက်သက်ကျေသော မာတို့နှစ်ဦးစလုံးက အမြင်မတော်ကြပါ။ စိမ်းသူက မပြောမိအောင် သတိထားနေရသည်။ မာကတော့ မရပေ။ သူပြောလာခဲ့လျှင်လည်း မာကိုယ်တိုင် ခံစားနိုင်မည် မဟုတ်တာမို့ ကိုယ်ကအလျင်ဦးအောင် ကြိုပြောထား၊ ဆုံးမထားနှင့်တာလည်း ပါသည်။

ရှေ့တွင်တော့ 'ဟုတ်ကဲ့' ကြပါရဲ့။ ခေါင်းကလေးတွေတညိတ်ညိတ်။ တကယ်တမ်းမှာ ဟုတ်ကဲ့ အရေအတွက် များလာတာသာ အဖတ်တင်သည်။ ကျင့်ကြံနေထိုင်ပုံတွေက နည်းနည်းကလေးတောင် မူမပျက်ခဲ့တော့ မာ့ဘက်က တစ်ရစ်တိုးရပြီ။

'ဒီအိမ်မှာ ငါသာမရှိရင် နင်တို့တစ်တွေ မလွယ်ဘူး'

ဒါဟာ မာ့တစ်သက်လုံး လက်သုံးစကားပဲ ဖြစ်ပါသည်။ ဒါပေမဲ့ အခြေအနေက စိမ်းသူဘက် တွေးတောရမည်မို့ အနက်ကောက် လွဲ



www.burmeseclassic.com

www.burmeseclassic.com

မှားစရာ ဖြစ်ခဲ့ရတော့သည်။ ထိုစကား အမေ့နားသို့ ရောက်သောအခါ မာက ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်သောဘဝသို့ ရောက်ရတော့သည်။ မာ.... စကားကျွံခဲ့မိလို့ နုတ်ရခက်ခဲ့ပြီ။

သူတို့ဘက်မှာ အမေရှိနေတာ သေချာသွားခဲ့တော့ သင်းတို့လေးတွေက မာတို့လင်မယားအပေါ် အရိုသေတန်လာခဲ့ကြပြီ။ မာတို့ မိသားစုကြားမှ စကားအသွားအလာကို ကိုမျိုးမင်း မရိပ်မိ၊ မသိရှိစေဖို့ မာ့မှာ ဖုံးဖိ၊ အုပ်ဆိုင်းနေရပြန်တော့သည်။

ဒါပေမဲ့ လူကြီးဖြစ်သော အမေက စကားစတစ်ခုရလျှင် မပြီးစီးနိုင်တော့ဘွာ တဖျစ်တောက်တောက် မဆုံးတမ်းရှိတတ်ပြန်ရာ ပါးနပ်သော ကိုမျိုးမင်းလည်း အလွယ်တကူ သိနားလည်ရတော့သည်ပင်။

သည်အတွေ့အကြုံမျိုးတွေ ကြိမ်ဖန်များစွာ ကြုံလာရသောအခါ ထားခဲ့ပြီးသော စေတနာကမ်းပါးတို့က တတိတိတိုက်စားခံ ပြိုပျက်လုခဲ့ပြီ။ မာတို့မိသားစုမှာ အဖေနှင့် သမီးသာရှိ မနေခဲ့လျှင် ကိုမျိုးမင်းသည် သည့်ထက်စောစီးစွာ မာတို့ဘဝမှ ဝေးလွင့်စွန့်ခွာသွားနိုင်ကောင်းလေသည်။

အဖေ့ အသုဘ မြေကျရက်လည်အပြီးမှာပင် ကိုမျိုးမင်း အိမ်မှဆင်းလေသည်။

❑

မာနှင့် ကိုမျိုးမင်းတို့ ချစ်သူရည်းစားတွေလို ပြန်ချိန်းတွေ့နေရတာ မာ့စိတ်လိပ်ပြာမလုံလှသလို အမေကလည်း မကြည်ဖြူနိုင်ခဲ့ပေ။

‘ညည်းအကောင်က ဘာပြောလိုက်သေးလဲ’

အငေါ်တူးသလို ဆိုနေပေမဲ့ အမေ တကယ်ကို သိလိုဆန္ဒပြင်းပြနေတာ သိသာပါသည်။

‘ထုံးစံအတိုင်း ဒီစကား ပဲပေါ့ အမေရယ်၊ အတူပြန်နေဖို့’

‘ညည်း မပြတ်နိုင်ရင် လိုက်သွားပေါ့၊ တို့တစ်တွေကို ငဲ့မနေနဲ့’

မြေးကို တင်းတင်းဖက်ရင်း ဆိုလာသော အမေ့စကားက မာနချည်းသက်သက်ကြောင့် မဟုတ်တာ မာနားလည်နေပါသည်။ မာစိတ်ဆင်းနေရသည့်အဖြစ်မျိုးကို အမေလိုချင်မှာမဟုတ်ပါ။ သူ့မြေး ဉမမည် စာမမြောက်ကိုလည်း မိစုံဖစုံ ကြီးပြင်းစေချင်မည်ပင်။ ဒါပေမဲ့ မာသာ အနားမှာမရှိလျှင် အမေ စိတ်လုံခြုံနိုင်မည်မထင်။

သားငယ် သမီးငယ်များ အသိနည်းပါးကြလေတာ အမေမသိလို့မဟုတ်ပါ။ ဒါပေမဲ့ သူတစ်ပါး ပြစ်တင်ငြိုငြင်လာတာကိုတော့ ခံစားမရနိုင်ပြန်။ မိခင်မျက်စိအကြည့်မျိုးနှင့် ထပ်တူကျအောင် ဘယ်သူက ကြည့်မြင်နားလည်ပေးနိုင်မှာမို့လဲ။

ကိုမျိုးမင်းသည်လည်း မာနှင့်ပတ်သက်သော အိမ်ထောင်ဦးစီးအရာဖြင့် ဆိုဆုံးမခွင့်ရှိတာ အမေ နားလည်ပါသည်။ သူဝင်ပြောလို့ အငယ်တွေက နာခံကြလျှင်တော့ တစ်မျိုးပေါ့။ သူတို့တွေက ဘက်ပြန်၊ ခံပက်လိုကြသောအခါ ပဋိပက္ခကြားမှာ တဟင်းဟင်း ဟန့်တားနေလျက်ကပင် သားသမီးတွေဘက် ဘက်ပင်းမိလျက်သား ဖြစ်ရပြန်သည်။

အမေ မမှုတဟု ကိုမျိုးမင်းက မကြည်လင်ပြန်သောအခါ အမှီခိုခံဘဝမို့ သည်လိုပြုမူရဲသည်ဟု အမေ့မာန ငယ်ထိပ်တက်ရပြန်တော့သည်။

မာ့မှာတော့ ခင်ပွန်းသည်နှင့် မိသားစုအကြား မရုန်းသာ မလွန့်သာ အနေခက်ရပြန်တော့ပြီ။

❑

‘အိမ်ခွဲ နေရအောင်’

သူပြောလာကတည်းက မာ အကြိမ်ကြိမ် အားတင်း ကြိုးစားကြည့်ပါသေးသည်။ မာ့ တစ်ကိုယ်စာပြည့်စုံ လုံခြုံရုံမျှဖြင့် မာ နေပျော်နိုင်ပါ့မလား။ အိုမင်းမစွမ်းဘက်သို့ ယိုင်လာခဲ့သော အမေ့ကို မာ ငဲ့ညှာရပါမည်။ မောင်ညီမငယ်များကလည်း အသိနည်းကြသေးသည်မို့ ပိုလို့စိတ်မချနိုင်။

‘မာ့ကို ထားခဲ့တော့’

မျက်စိစုံမှိတ်ကာ ဖွင့်ပြောချလိုက်တော့သည်။

❑

‘ကိုယ့်ကိုယ်ကိုလည်း ဂရုစိုက်ဦး မာ။ မင်းမိသားစုအတွက်ရော၊ သမီးအတွက်ရော မင်း ကျန်းမာနေမှဖြစ်မှာ’

‘မာ နေကောင်းပါတယ်’

‘အဆင်ပြေကြရဲ့လား’

ခေါင်းသာ ညိတ်ပြလိုက်သည်။

‘အခက်အခဲရှိရင် ကိုယ့်ကို အရင်ပြောပါ မာ၊ ကိုယ့်ကို မာနမထားပါနဲ့’

‘.....’

‘အင့်...ဒီမှာ...’

‘အို...ဟင့်အင်း’

‘ဒီငွေကိုတော့ ယူသွားလိုက်ပါ မိမာရယ်။ ကိုယ်မင်းရဲ့ ခင်ပွန်းတစ်ယောက်အဖြစ် ဒီနေ့အထိ ရှိနေဆဲပါပဲ။ မင်း ထမ်းပိုးထားသမျှ တာဝန်အားလုံးဟာလည်း ကိုယ့်တာဝန်တွေပါပဲ။ ဒါပေမဲ့ အတူပြန်နေကြဖို့ ဆိုတာတော့...’

‘မာ နားလည်ပါတယ်’

‘ကိုယ့်ကို ခွင့်လွှတ်ပါ’

ရွှေ့ရွှေ့ညင်ညင် ခေါင်းညိတ်ပြဖြစ်သည်။

‘ဒီတစ်ခေါက်လာရင် သမီးကို ခေါ်ခဲ့ပါဦး’

ဆက်တိုက် ခေါင်းညိတ်ရတာတွေ များလာတော့ ခေါင်းငုံ့ နိမ့်ကျနေရသလိုပဲ။

တကယ်တော့ မာသမီးကို ခေါ်မလာချင်တော့ပါ။ တဖြည်းဖြည်း မိဘ အရိပ်အကဲကို နားလည်သိ တတ်စပြုပြီဖြစ်သော သမီးရှေ့မှာ သူနှင့်မာ စကားချေတင်မဆိုချင်။ အို... မာ ကိုယ်တိုင်လည်း သူနှင့် ခုလို ဆုံဖြစ်နေရသော အခြေအနေဟာ လူမြင်မသင့်သော ရှက်စရာအဖြစ်တစ်ခုလို ထင်နေခဲ့တာကြာပြီ။

‘မာတို့ ကွာရှင်းကြရအောင်’

ဒီစကားကို မာက စတင်ပြောနိုင်ဖို့တော့ အချိန်ကာလ အတော်ကြာ အားမွေးရဦးမည်ဖြစ်သလို ပြောဖြစ်ဖို့ကိုလည်း ခုတိုင် မသေချာလှသေးပါပေ။ ■

**သတိုး**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ(၁၇၁)မှ . . .

ဘယ်လိုမှ တွေးမရတဲ့ကိစ္စ။ ကျုပ်ကတော့ ဘာအကြောင်းလဲ၊ ထွန်တုံးမနိုင့်တနိုင်ကတည်းက ဒီလယ်မှာ လုပ်လာခဲ့တဲ့ကောင်ပဲ။ အခုဆို ထွန်တုံးတွေတောင်မှ ပျောက်သွားလို့ ထွန်ကိုင်းတွေ လယ်ထဲ ရောက်ကုန်ကြပြီလေ။ ကျုပ် ဒီလယ်ကိုလုပ်ခဲ့တဲ့ နှစ်တွေက နည်းတော့တာမှ မဟုတ်ဘဲ။ ပြီးတော့ ဒီရွာနီးချုပ်စပ်မှာ ကျုပ်နဲ့ မသိတဲ့ သူက အရှားသားဆိုတော့။ ကျုပ်ကိုယ်ကျုပ်တော့ စိတ်ချနိုင်တာပေါ့။

❑

၄။

အိမ်ရှေ့ဆီက ရုတ်ရုတ်သဲသဲ ဆူဆူညံညံ အသံတွေကြောင့် အဖျားကျပြီး အိပ်ပျော်သွားတဲ့ ကျုပ် ဖျတ်ခနဲ လန့်နိုးသွားခဲ့တယ်။ နိုးနိုးချင်းမှာပဲ ကျုပ်နားထဲကို 'ခင်ဗျားတို့သား လူယုတ်မာ'ဆိုတဲ့ ဒေါသတွေနဲ့ ထုံမွမ်းနေတဲ့ စကားတစ်ခွန်းက အလုံးအရင်းနဲ့ ဆောင့်ထိုးလိုက်သလိုပဲ။ ဒီအထိကိုပဲ ဘာတွေ ဖြစ်နေတာလဲဆိုတာ ကျုပ်စိတ်ထဲမှာ မသဲကွဲသေးပါဘူး။

အဲဒီခဏလေးမှာပဲ ကျုပ်မိန်းမ မိဂျမ်းတစ်ယောက် ကျုပ်ရှိရာ အိမ်ပေါ်ကို အပြေးတစ်ပိုင်းနဲ့ တက်လာခဲ့တယ်။ ရပ်ထဲရွာထဲမှာ အရင်က မဟုတ်ရင် မခံတတ်တဲ့ ဆတ်ဆတ်ကြဲ ကျုပ်မိန်းမရဲ့ အမူအရာက ဒီတစ်ခါ တစ်မျိုးပဲလို့ ကျုပ်ထင်လိုက်မိတယ်။ ကြောက်လန့်တုန်လှုပ်နေတဲ့ မျက်နှာပေါ်မှာ သွေးရောင်မရှိတော့သလို ဖြူရော်ရော်ဖြစ်နေသလားလို့။ ပြီးတော့ ကျုပ်ကို အလောတကြီးနဲ့ပြောနေတဲ့ သူ့စကားတွေကလည်း တုန်ယင်ထစ်ငေါ့နေကြပြီး ဆုံးခန်းမတိုင်ခဲ့ဘူး။

ဘာတွေဖြစ်ကုန်ပြီလဲ၊ ကျုပ်သား . . . ကျုပ်သား ဟုတ်တယ်၊ ကျုပ်ရဲ့နားထဲကို အထစ်ထစ်အငေါ့ငေါ့နဲ့ ဝင်ရောက်လာတဲ့ မိဂျမ်းရဲ့စကားတွေထဲမှာပေါ့။

'ကိုအေးမောင်၊ ရှင့်သား ရှင့်သားလေ ဟိုဘက်ရွာကနေ ပန်းရောင်းပြီး ပြန်လာတဲ့ ရွာတောင်ပိုင်းက ဖိုးထွန်းရဲ့သမီး မိနှင်းလေးကို လယ်ထဲမှာ ဟိုဒင်း . . . ဟိုဒင်း . . .'

မိဂျမ်းရဲ့စကားက ရှေ့ကို မရောက်တော့ဘဲ ဟိုဒင်းဆိုတဲ့ နေရာမှာသာ တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ပေမဲ့ ကျုပ်ကတော့ သဘောပေါက်လိုက်ပါပြီ။ ကျုပ်ရဲ့ လက်တွေက ခွေးကတက်အောက်မှာ ချထားတဲ့ ကိုင်းခုတ်ဓားဆီ ရောက်သွားခဲ့တယ်။ အဲဒီနောက်မှာ ကျုပ်စိတ်ရဲ့ ခေါင်ဆောင်ရာနောက်ကို ပါလာခဲ့ရတဲ့ ကျုပ်ရဲ့ ခန္ဓာကိုယ်က လေအဟုန်ကိုခွင်းပြီး ကျုပ်သားရှိရာ လယ်တဲလေးဆီကို ခရီးပြင်းနှင်နေပါတော့တယ်။ ဘာတွေပဲဖြစ်ဖြစ် ဒီအချိန့်မျိုးမှာတော့ ကျုပ်သားအတွက် နောက်ကျနေခဲ့ရင် ကျုပ်ခြေထောက်တွေဟာ ကျုပ်အတွက် သစ္စာဖောက်ပဲ မဟုတ်ပါလား။

❑

၅။

'ခေတ်ကာလဆိုတော့လည်း ပြောရတာတော့ အခက်သားပေါ့ဗျာ။ တကယ်တော့ အသိဉာဏ်အားနည်း မဆင်ခြင်နိုင်သူတွေ၊ အထူးသဖြင့် လူငယ်တွေပေါ့ဗျာ။ သူတို့တွေရဲ့ လက်ထဲမှာ ကောင်းတာဆိုးတာ မှန်သမျှ ဖန်တီးလို့ရနိုင်တဲ့ ဒီလိုပစ္စည်းမျိုးတွေ ရှိနေကြတာဟာ တကယ်တော့ မျောက်တစ်ကောင်ရဲ့လက်ထဲက သေနတ်တစ်လက်နဲ့ အတူတူပဲဗျ။ အဆင်မသင့်ရင် ပတ်ဝန်းကျင်အတွက်လည်း စိတ်မချရသလို သူ့အတွက်လည်း အန္တရာယ်တစ်ခုလိုပဲ'တဲ့လေ။

ရွာမှာ တာဝန်လာကျတဲ့ ကျောင်းဆရာလေး ကိုကြည်ခိုင်ရဲ့ စကားတွေကို ကျုပ်နားထဲမှာ ပြန်ကြားနေမိတယ်။ ခေတ်ပညာတတ် လူငယ် ကျောင်းဆရာတစ်ဦးရဲ့ စကားတွေက သွေးထွက်အောင် မှန်နေပါလားဆိုတာကို တွေးရင်း ကျုပ်ရင်တွင်းမှာ ခံပြင်းမိတာ အမှန်ပါပဲလေ။ တကယ်တော့ ခေတ်ရေစီးကြောင်းအတွင်းက မမြင်နိုင်တဲ့ ခလုတ်ကန်သင်းတွေရဲ့ အကြောင်းကို ကောင်းကောင်းမသိခဲ့တဲ့ ကျုပ်က အဟုတ်တောင် မှတ်ခဲ့မိသေးရဲ့။

ဒီတုန်းကတော့ ဖြစ်မလာသေးတဲ့အချိန်မှာ ဆရာလေး ကိုကြည်ခိုင် ပြောခဲ့တဲ့ စကားတွေအတွက် နည်းနည်းလေးတောင်မှ နားလည်အောင် မကြိုးစားခဲ့မိတဲ့ ကျုပ် ခုအချိန်မှာတော့ ဆရာလေးရဲ့ ကျေးဇူးတရားနဲ့ ကျုပ်သား ဖိုးတာရဲ့အဖြစ်ကို ရင်နင့်နင့်နဲ့ သိလိုက်ရပါပြီ။ ဖိုးတာကို ကျုပ်ဝယ်ပေးခဲ့တဲ့ မှန်သားပြင်နဲ့ ဖုန်းကလေးထဲမှာ ဖိုးတာကိုယ်တိုင် ဒေါင်းလုပ်ပြီး ယူထားခဲ့တဲ့ ဟိုကားခွေတွေရဲ့အကြောင်းကိုပေါ့။

တကယ်တော့ ဆန့်ကျင်ဘက် လိင်ကို စိတ်ဝင်စားတတ်တဲ့ သွေးသားတက်ကြွစ ဒီလိုအရွယ်မှာ အလွယ်တကူ ဒေါင်းယူလို့ရနေတဲ့ ဒီလိုကားတွေရဲ့ ဆိုးကျိုးနဲ့ပဲ ကျုပ်သားရဲ့ အနာဂတ်မှာ ပြင်မရတော့တဲ့ အမည်းစက်ကြီးတစ်ခု ထင်ခဲ့ရသလို အချိန်မတန်ခင် ညှိုးနွမ်းခဲ့ရတဲ့ မိနှင်းဆိုတဲ့ ဖူးငုံစပန်းလေးရဲ့ အကြောင်းကို တွေးမိတိုင်း ကျုပ်ရဲ့ရင်ထဲမှာ လောင်မြိုက်နေတဲ့ မီးက ခုထက်ထိကို မငြိမ်းနိုင်ခဲ့ဘူးလေ။

သေချာပါတယ်လေ။

ဒီနှစ် ကျုပ်ရဲ့လယ်က ဟိုးတမြန်နှစ်ကလိုတော့ စပါးအထွက်မတိုးနိုင်တော့ဘူး ဆိုတာကိုပေါ့။ စပါးဆိုတဲ့ အမျိုးကလည်း ဒီလိုအနံ့မအောင်သေးတဲ့ ရာသီမှာ အစေ့အဆန် ပြည့်ဖြိုးဖို့အတွက် အောင်ရေတစ်ချက်ကို အမြဲမပျက် တင်ပေးနိုင်မှသာ စပါးနှံတွေမှာ အဖျင်းနည်းပြီး အထွက်တိုးနိုင်တဲ့ ကိစ္စဆိုတာ ကျုပ်က မသိဟန်ပြုပြီး လျစ်လျူရှုနေခဲ့မိတာကိုး။

အင်း ဘာလိုလိုနဲ့ မုဒိမ်းမှုနဲ့ ထောင်ကျသွားရတဲ့ ကျုပ်သား ဖိုးတာကို ထောင်ဝင်စာသွားတွေ့ရမယ့်ရက်တောင်မှ တဖြည်းဖြည်းနဲ့ နီးကပ်လာခဲ့ပြီပဲလေ။ ■

**စာကလေး၊မော်ကျွန်း၊**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

တောင်အရပ်က တဖြူးဖြူး တိုက်ခတ်လာသည့် လေနုအေးလေးက ကျွန်မ၏ ပျော့ပျောင်းသည့် ဆံနွယ်များကို ယိုင်နွဲ့ကျစေ၏။ လက်နှင့် အသာအယာ သပ်တင်လိုက်သည်။ တစ်ခါ ပြန်၍ ကျလာပြန်၏။ ပခုံးပေါ်က စောင်ပိုင်းရှည်ကို သေချာ ကျကျနန ခေါက်တင်၍ ပုဆစ်တုပ် ထိုင်နေသည့်ရှေ့ ချလိုက်၏။ လက်နှစ်ဖက်ကို တစ်ညီတည်း ပူးကပ်လိုက်သည်။ ဦးခေါင်းကို မော့၍ ဆည်းလည်းသံ



တချွင်ချွင် မြည်နေသည့် စေတီတော်မြတ်ကို ဖူးမြော်လိုက်သည်။ ရွှေရောင်အတိနှင့် စေတီမြတ်သည် သပ္ပာယ်စွာ ရှိနေပေသည်။ ဖူးမဝနိုင်ပါတကား။ နေပူထဲက လာသည့်လူကို ရေအေးအေးလေး တစ်ခွက်တိုက်လိုက်သလို အေးချမ်းပါဘိ။ လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ထိခြင်းငါးပါးနှင့်အတူ ထပ်မံ ဖူးမြော်လိုက်မိပြန်သည်။ ဘုရားဖူးလျှင် ဆုမတောင်းတတ်သည့် ကျွန်မ ဆုမတောင်းမိပေ။ ဘုရားကြီးကို ဖူးမြော်၍ စိတ်ကျေနပ်သည်ဆိုလျှင်ပဲ စေတီရင်ပြင်ကို လျှောက်ကြည့်လိုက်၏။ တန်ဆောင်းထဲတွင် ယောကျ်ား၊ မိန်းမ၊ ကလေးများ ဟိုတစ်စု၊ သည်တစ်စု စု၍ ထိုင်နေကြသည်။ များလိုက်သည့်လူ။ တချို့လူများရှေ့တွင် ငှက်ပျောပွဲ၊ အုန်းပွဲ၊ ဆီမီးနံ့သာများနှင့်။ တချို့ကတော့ လိုဏ်ဂူထဲတွင် ရှိနေ၏။ ထိုလိုဏ်ဂူထဲက မျက်လုံးပြူးပြူး၊ လက်များစွာပါသည့် နတ်ရုပ်ကြီးရှေ့တွင် နတ်ကတော်သည် ဆီမန်းမန်းနေသလို ရွတ်ဖတ်နေ၏။ နတ်ရုပ်ကြီး သုံးရုပ်သည် လူတစ်ရပ်အမြင့်ထက် ကျော်သည်။ လက်များပေါ်က အဖြူ၊ အနီ ဗောင်းတော်စများကြောင့် ကိုယ်လုံးကို မမြင်ရ။ ထိုနတ်ရုပ်ရှေ့တွင် ပန်းမျိုးစုံ ထိုးထားသော ပန်းအိုးများက အပြည့်။



www.burmeseclassic.com

www.burmeseclassic.com

ကန်တော့ပွဲများက နေရာမလပ်။ ကတော့ထိုးထားသော ပိုက်ဆံအလိပ်များက မြင်မကောင်း။ အမွှေးတိုင်က မီးခိုးငွေ့များသည် လှိုင်တက်နေလျက်။

အဝမှ ခဏကြည့်၍ ဘုရားကြီးဘက် ထွက်လာခဲ့သည်။ ဘုရားကြီး၏ ဂူပေါက်ဝမှ အထဲကို ဝင်လိုက်သည်။ ဘုရားငါးဆူကို တွေ့ရ၏။ တစ်ဆူနှင့်တစ်ဆူ ကျောချင်းကပ်နေသည်။ တစ်ဆူက မတ်ရပ်တော်၊ တစ်ဆူက ထိုင်တော်မူ။ တစ်ဆူနှင့်တစ်ဆူ မတူညီကြပေ။

ဘုရားတစ်ဆူ၏ ရှေ့တွင် ပုဆစ်တုပ်ထိုင်၍ ဖူးမြော်နေသည့် ကျွန်မအမေနားကပ်၍ ထိုင်လိုက်သည်။ ဘုရားလိုဏ်ဂူထဲတွင် အမှိုက်လှည်းနေသည့် အဘိုးတစ်ဦးပဲ တွေ့ရသည်။ ဘုရားရှေ့ ပန်းအိုးထဲမှာတော့ မေမြို့ပန်းလေး အနည်းငယ်သာ တွေ့ရ၏။ ဆီမီးက သုံးတိုင်၊ အမွှေးနံ့သာတိုင်က သုံးတိုင်။ ထိုအရာများကလည်း ကျွန်မအမေ လှူထားသောကြောင့် ဖြစ်သည်။

ခုနက ကျွန်မတွေ့ခဲ့ရသည့် မြင်ကွင်းနှင့် ယခု မြင်ကွင်း စည်းမခြားဘဲနှင့် ကွာခြားလိုက်ပုံက အသည်းနာစရာ၊ ဝမ်းနည်းစရာ။ ရင်လေးစရာများဖြင့် ကျွန်မရင်ထဲ နင့်နင့်နဲနဲ စစ်ခနဲ နာကျင်မိသည်။

မြတ်ဗုဒ္ဓ၏ ဆုတ်ကပ်သာသနာသို့ ရောက်သွားလေပြီလားဆိုသည့် စိတ်က ကျွန်မ ရင်ကို ပူလောင်စေပြန်သည်။ သက်ပြင်းကို အသာချ၍ ဘုရားရှိခိုးနေသည့် အမေ့ကို ငေးကြည့်မိ၏။ ကျွန်မအမေသည်လည်း ဆုတ်ကပ်ထဲက လူသားတစ်ဦးပေလား။

'သမီး ဘုရားဖူးလေ'

ဘုရားဖူးအပြီး ကျွန်မဘက်လှည့်၍ စကားဆိုသည့် အမေ့ကို ပြုံးပြလိုက်သည်။

'ပြီးပြီ အမေ··· သမီး ဟိုဘက် သွားကြည့်လိုက်ဦးမယ်နော်'

'အေးအေး··· အဝေးကြီးမသွားနဲ့နော်'

အမေ့ကို ခေါင်းညိတ်ပြ၍ ဘုရားကြီး ခြေရင်းက လှေကားထစ်များဆီသို့···။

❑

ဘုရားကြီးသည် ကုန်းမြင့်ပေါ်တွင် တည်ရှိသောကြောင့် လှေကားထစ်ကို တစ်ထစ်ချင်း၊ တစ်ထစ်ချင်း ဆင်းလာခဲ့သည်။ အပေါ်က ကြည့်ရသည့် မြင်ကွင်းသည် မျက်စိတစ်ဆုံး လင်းလင်းကျင်းကျင်းနှင့် လှပနေချေပြီ။ ဟိုအဝေးက မှိုင်းမြမြ ရေကန်ကြီးကို လှမ်း၍ မြင်ရသည်။

အင်္ကျီအိတ်ထဲက ဖုန်းကိုထုတ်၍ သဘာဝရှုခင်းများကို ဓာတ်ပုံရိုက်လိုက်သည်။ လက်ထဲက ဖုန်းမှန်ပြင်ကို ကြည့်၍ ကြည့်၍ ပီတိဖြစ်ရသည်။ လှပစိမ်းစိုနေသည့် မြက်ခင်းများ၊ တောပန်းပွင့် ဖြူနီပြာဝါတို့က ဖုန်းမှန်ပြင်တွင် အထူးလှပနေ၏။ ယာကွင်းစိမ်းစိမ်းပေါ်က ထန်းပင် ရှည်မျောမျောက တစ်မျိုးတစ်ဘာသာ ကြည့်ကောင်းနေပြန်သည်။ ထိုယာခင်းစိမ်းစိမ်းကို ကွေ့ကာ ကောက်ကာ ရစ်ပတ်စီးဆင်းနေသည့် ငွေရောင်ချောင်းရေ၏ အလှကလည်း ပန်းချီဆွဲချင်စရာ။

ကြည့်မဝသည့် မြင်ကွင်းများက ကျွန်မကို ခေါ်ဆောင်၍ နေပြန်သည်။ ဖြည်းဖြည်းချင်းသွားနေသည့် ခြေလှမ်းများက ကန်ပေါင်ဆီသို့ ရောက်သွား၏။ အို··· လှလိုက်သည့် သဘာဝရှုခင်းများ အဝေးက မြင်ရသည်နှင့် တခြားစီ ကွဲပြားလျက်။

ညို့ညို့မှိုင်းမှိုင်း မန်ကျည်းပင်အရိပ် ခိုဝင်လိုက်သည်ဆိုလျှင်ပဲ အေးမြမှုကို ခံစားလိုက်ရသည်။ ပင်ခြေရင်းက ခုံတန်းလေးပေါ် ထိုင်လိုက်၏။ တောင်မြောက်ငေး၍ ကြည့်လိုက်တော့ ပဲလှည်းတစ်စီးက တအိအိ ဖြတ်မောင်းသွားပြီ။

သည်နေရာ၊ သည်သဘာဝအလှများကို ခံစားခွင့်ရခြင်းသည် ကျွန်မအမေ၏ အတင်းခေါ်ဆောင်လာခြင်းကြောင့် ဖြစ်သည်။

ကံ,ကံ၏အကျိုးကို ယုံကြည်သူ ကျွန်မ၊ ကျွန်မအမေ၏ ပြောစကားများကို အယုံအကြည် မရှိပေ။ သို့သော်လည်း မိဘက အဖြူဆိုအမည်း မလုပ်ချင်သောသမီးကောင်း၊ သမီးအလိမ္မာဘွဲ့ထူးကို ရင်ဝယ်ပိုက်ချင်သူဖြစ်သည်။ ပြီးနောက် ကျောပူသည်ကို ခံနိုင်သည်၊ နားပူသည်ကို သေမလောက်ကြောက်တတ်သူ။

သည်ခရီး၊ သည်အလုပ် မလုပ်ရလျှင် စားမဝင်၊ အိပ်မပျော် ဖြစ်ရပါသည်ဟု နေ့စဉ်ရက်ဆက် တဖွဖွပြောနေ၍ အမေ စိတ်ချမ်းသာ ပြီးရောဆိုသည့် စိတ်နှင့် လိုက်ခဲ့မိသည်။ ယခုတော့···။

❑

ကန်ရေပြင်ထဲက လူတစ်ယောက် ရေထဲဆင်းလိုက်၊ ကုန်းပေါ်တက်လိုက်နှင့် အလုပ်ရှုပ်နေချေပြီ။ ထိုလူနှင့် မလှမ်းမကမ်းတွင် သွားရပ်လိုက်သည်။ ထိုလူ၏ လက်ထဲတွင် ကြာဖက်များကို မြင်ရ၏။ ယခုမှ သဘောပေါက်သွားသည်။ ကြာဖက်များကိုခူး၍ ဈေးဆိုင်တွင် ပြန်ရောင်းခြင်းဖြင့် ဝင်ငွေရှာပုံပေါ်သည်။ ကျွန်မတို့ ငယ်ငယ်က ဆီးယိုစားချင်ရင် ပေါက်ဖက်ရွက်စိမ်းစိမ်းပေါ်၊ ငှက်ပျောဖက်စိမ်းစိမ်းပေါ်၊ ကြာရွက်ပေါ်တွင် ထည့်ပေး၍ စားခဲ့ရသည်။ လက်ဝါးပေါ်က စိမ်းစိုစို၏ အေးမြမှုနှင့်အတူ ဆီးယိုနီနီရဲရဲလေးက ပါးစပ်ထဲတွင် အရသာတစ်မျိုး။ ယခုတော့ အစစအရာရာ ပလတ်စတစ်အိတ်များက နေရာယူ၍ မင်းမူနေချေပြီ။

သဘာဝတရားကို လွန်ဆန်၍ အလွယ်လိုက်သောကြောင့် ရောဂါထူပြောပြီး သက်တမ်းတိုကြရသည်ထင်ပါသည်။ ထိုအရာများကို စဉ်းစားနေလျှင် နေစရာ၊ စားစရာမရှိ ဖြစ်တော့မည်။သက်ပြင်းရှည်ကြီးကို ပျင်းတွဲတွဲချလိုက်မိ၏။

နွားသိုးဖျားက ထွက်လေ၊ ဝင်လေကို သတိကပ်လိုက်ပြန်တော့ သဘာဝလေနုအေးက နှလုံးသားထဲ စီး



www.burmeseclassic.com

www.burmeseclassic.com

ဝင်သွား၏။ အသက်ရှူရသည်မှာ ကောင်းလှသည်။ သည်ကန်ပေါင်ပေါ်ရောက်သည့်အချိန် ကြာသွားပြီဖြစ်သည်။ အမေမျှော်နေတော့မည်။ ဘုရားကုန်းပေါ် ပြန်၍တက်ခဲ့၏။

အတက်သည် အဆင်းလောက် မသက်သာ။ ထို့ကြောင့် ထင်ပါသည်၊ လူများသည် အလွယ်ကိုသာ ကြိုက်တတ်သည်မှာ မဆန်းပေ။ ဘုရားရင်ပြင် မရောက်ရောက်အောင် မနည်းတက်ခဲ့ရသည်။ တန်ဆောင်းထဲတွင် ကျွန်မအမေ တခြားလူများနှင့် အဖွဲ့ကျနေ၏။

‘အမေ··· သမီးတို့အလှည့် မရောက်သေးဘူးလား’

‘အေး၊ ရောက်တော့မှာပါ’

စောင့်ရသည့်အလုပ် ကိုငြီးငွေ့သော ကျွန်မ စိတ်မရှည်စွာ နှုတ်ခမ်းစူမိသည်။

ကျွန်မ မျက်လုံးက အမွေးနံ့များ လှိုင်ထနေသည့် ဂူဝဆီသို့···။

❑

ကျွန်မ ကြည့်နေစဉ်အတွင်း လူများသည် လျော့မသွားသည့်အပြင် တိုး၍လာသည် မှတ်သည်။

‘အမေ·· အကြာကြီး စောင့်ရဦးမှာလား၊ ဗိုက်ဆာတယ်’

အမေက ခေါင်းညိတ်ရင်းက–

‘ဟိုမှာကြည့်။ သူတို့တောင် လာကြရတယ်၊ အမေမေးကြည့်ပြီးပြီ ရန်ကုန်ကလာတာတဲ့’

အမေ မေးထိုးပြသည့်နေရာကို ကြည့်လိုက်တော့ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ်များ ဖြစ်သည်။ သူတို့သည် ဝတ်ကောင်းစားလှများနှင့် ရွှေငွေအပြည့် ချမ်းသာကြွယ်ဝပုံရသည်။

ကျွန်မ ငေးကြည့်နေစဉ်မှာပင် အသံချဲ့စက်သံကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ နတ်သီချင်းသံ လာရာ လှည့်ကြည့်လိုက်တော့ လူများသည် ကားတစ်စီးလုံး အပြည့်။

ကားပေါ်က ခြင်းတောင်းများကို ချကြသည်။ ထိုခြင်းတောင်းထဲတွင် ငှက်ပျော၊ အုန်းများကို တွေ့ရ၏။ ကျွက်ကျွက်ညံစွာနှင့် ဘုရားရင်ပြင်ပေါ် တက်လာကြပြီး ပါလာသော ခြင်းတောင်းများကိုချ၊ အမျိုးသမီးကြီးတစ်ယောက်က လိုဏ်ဂူဝတွင် စောင်ပိုင်းလေးခင်း၍ ကန်တော့ပွဲ ပြင်သည်။ ထို့နောက်–

‘အရှင်များ၏ နန်းအရောက် အခစားဝင်ပါတယ်၊ အင်္ဂါသားနဲ့ သောကြာသမီး မိသားစုက ပွဲတော်များနဲ့ ပူဇော်ပါတယ်၊ ပသပါတယ်။ ကြီးပွားရေးကို ပေးသလို၊ တိုးပွားရေးလည်း မစပါ။ စုတ်ကောင်းပေးပါ၊ လာဘ်ကောင်းပေးပါ။ ကိုက်တတ်တဲ့ကျား ဝေးဝေးသွားလို့၊ ကိုက်တတ်တဲ့မြွေ တွင်းထဲ ခွေပါစေ၊ ကျေနပ်တယ်ဆို ဥမ်းလိုပေါ့ပါ၊ ဟော··· ကျေနပ်တယ်နော်၊ အသိအမှတ်ပြုတယ်ဆိုရင် ကျောက်တိုင်ကျောက်ခဲလိုမြဲပါစေ···။ ကဲ··· အသိအမှတ်ပြုတယ်နော်’

ကန်တော့ပွဲကို မြှောက်လိုက်၊ ချလိုက်စကားပြောလိုက်နှင့် ထိုအမျိုးသမီးကြီး လုပ်ကိုင်ပုံကို ကျွန်မ ကြည့်နေမိရင်းက အမေ့ကို တိုးတိုးလေး မေးလိုက်သည်။

‘အမေ့··· သူတို့က ဘာလို့ အပြင်မှာ ပွဲပေးတာလဲ၊ အထဲ မဝင်ရဘူးလား’

ကျွန်မ အမေက ပြုံးကြည့်၍–

‘အထဲကို ဝင်ချင်ရင် အထဲက နတ်ကတော်ဆီကို အကြောင်းကြားရတယ်၊ သူက လာဆိုမှ လာရတယ်၊ အချိန်ကြာတာပေါ့။ ဒါပေမဲ့ နတ်ရုပ်ကြီးတွေရှေ့ ကိုယ်တိုင်အပ်တာတော့ ပိုအကျိုးထူးတယ် ထင်ကြတာပေါ့။ ဒါကြောင့် အဝေးကြီးကလာရတာချင်းအတူတူ သူ့ဆီသွားမှ စိတ်ကျေနပ်ကြတာလေ၊ တချို့ နိုင်ငံခြားရောက်နေတဲ့သူတွေကို ဓာတ်ပုံပြပြီး နတ်ပြကြတယ်’

ကျွန်မမှာ အလွန်အံ့ဩနေမိသည်။ မည်သည့်အချိန်က အမေ သိလိုက်သလဲ ဆိုသည့် အတွေးနှင့်–

‘ဟုတ်လို့လား အမေရယ်’

‘ဟုတ်တယ် အစ်မ’

ဟု မိန်းမအသံတစ်ခု ကြားရသည်။ ကျွန်မတို့ သားအမိစကားကို ကလေးမလေးတစ်ယောက်က ဝင်၍ ပြောသည်။

ထိုကလေးမလေးကို ကြည့်လိုက်တော့ လသားအရွယ် ကလေးလေးကို ရင်ဝယ်ပိုက်ထား၏။ ထိုကလေးလေး မြင်မှ သည်ဘုရားကုန်းပေါ် လာသည့်အကြောင်းအရာကိုသတိရမိသည်။ ဩော်··· ကလေး··· ကလေး···။

❑

‘သားသမီးရတနာဆိုတာ အိမ်ရဲ့ ဆည်းလည်း၊ အသက်ကြီးရင် ဆေးပေးမီးယူ လုပ်ပေးတတ်ကြတယ်။ ကိုယ်သေရင်လည်း အမျှပေးဝေသူ ရှိတယ်’

အိမ်ထောင်ကျပြီး အချိန်မကြာခင်မှာ ကျွန်မအမေက ကျွန်မကို ပြောလာခဲ့သည်။ ကျွန်မ၏ အယူအဆက သားသမီးဆိုတာ မီးလိုပူလောင်ရသည်။ အသက်ကြီးလာရင် ကိုယ့်ကို ပြုစုရန်နောက်ထား သူတို့မွေးသည့် သားသမီးကို ပြန်ပြုစုပေးရ၊ ထိန်းပေးရနှင့် ဘဝနေဝင်ချိန်ကို အနှောင့်အယှက်ပေးမည့်သူများ ဖြစ်၏။ ထို့အပြင် ခေတ်ကာလ သားသမီးများက အမြင်ဆန်း၊ အတွေးဆန်း၊ အလုပ်ဆန်းနှင့် သူတို့ အိမ်ပြန်မလာမချင်း ရင်တမမနှင့် အိမ်ပေါက်ဝမျှော်ရမည့်အလုပ်မျိုး မလုပ်ချင်။ ယခုခေတ်က သမီးမွေးလျှင် ကိုယ်နှင့်မကွာ လက်ချင်းချိတ်ထားမှ စိတ်ချလုံခြုံရသည့် အခြေအနေဖြစ်သောကြောင့် သားသမီးကို မလိုချင်ပေ။

ကျွန်မ မလိုချင်ပေမဲ့ ကျွန်မအမေက လိုချင်ခဲ့သည်။ နာမည်ကြီး ဗေဒင်ဆရာထံ ငွေကုန် ကြေးကျခံ၍ မေး၏။ ရန်ကုန်မြို့ ရွှေတိဂုံဘုရားပေါ်က သားပိုက်နတ်မင်းဆီ သွား၍ ဆုတောင်းသည်။ မည်သည့် ဆရာဝန်တော့



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသည်ဟု အသံကြား
လျှင် အတင်းသွားခိုင်းပြန်။

'သူနဲ့ကိုယ်နဲ့ ရေစက်ရှိမှ လာလိမ့်မပေါ့ အမေရယ်'ဟု ကျွန်မ အဆိုကို ငြင်းပယ်၍ သူလုပ်ချင်တာ လုပ်တော့သည်။ ယခုလည်း ကြည့်ပါ။ သည်ဘုရားကုန်းပေါ်မှ နတ်များက သားသမီးရတနာရအောင် လုပ်ပေးသည်ဟူသော သတင်းစကားကြောင့် တကျည်ကျည် ပြော၍ ကျွန်မကို လက်ဆွဲခေါ်လာခဲ့၏။ ဘုရားပေါ်ရောက်၍ သည်ကလေးကို တွေ့ခဲ့ရခြင်း ဖြစ်သည်။

❑

ကျွန်မ ကြည့်နေသည့် ကလေးမလေးသည် ငွေကြေးပြည့်စုံပုံမရ။ အဝတ်စားက ခပ်နွမ်းနွမ်း၊ အသားအရေက ပိန်ခြောက်ခြောက်၊ သူ့အမျိုးသား ထင်ပါ၏၊ ထိုလူကလည်း အနေအထိုင် ပေစုတ်စုတ်၊ ညှဉ်းသိုးသိုး။

သို့ပေမဲ့ သူတို့ ရင်ခွင်ထဲက လသားအရွယ်ကလေးလေးက တစ်တုံးတစ်ခဲကြီး၊ ဖွေးဖွေးဥဥ ခိုးခိုးခစ်ခစ် ရယ်နေပုံက ချစ်စရာ။ကလေးချစ်တတ်သည့် ကျွန်မအမေက ကျွန်မကို လက်တို့၍ မေးတထိုးထိုး၊ မျက်နှာက တပြုံးပြုံးနှင့်။

'သားဦးလား'

ကျွန်မအမေ မေးလိုက်သည့်စကားကို ကလေးအမေက မော့ကြည့်၍ အပြုံးချိုချိုလေးနှင့် ဖြေ၏။

'မဟုတ်ဘူး အဒေါ်၊ သားဦးက သေသွားတယ်၊ သူက ဒုတိယပေါ့။ သားခိုင်အောင်လို့ လာအပ်တာလေ'

ကျွန်မ ထိုကလေးအမေစကားကြောင့် ခေါင်းယမ်းမိသည်။

'ဖေကြီးရေ… သားသားလေးက ရေဆာနေတာ တိုက်ပါဦး၊ ဟုတ်တယ်နော် သားလေး၊ ဟင်းဟင်း…'

အဖေလုပ်သူက ရေအိုးစင်ကို ပြေး၍ရေခွက်နှင့် ရေခပ်လာသည်။ ကလေး အမေက သူ့လက်နှင့် ရေကို တို့၍ ကလေးပါးစပ် ဆွတ်ပေး၏။ ကလေးက လျှာလေးနှင့် လျက်နေသည်။

'အမယ်လေးတော်… ကျုပ်သားလေးက ရေဆာနေတာ သောက်နော် သောက်၊ ဒီအမေက ချိုချိုတိုက်ဦးမှာ၊ ဖေကြီး လုပ်ပါဦး၊ သားသားက လူးလွန့်နေတာ အို… သားသားလေးရယ်'

မည်သည့်စကားမှ နားမလည်သော ကလေးလေးကို မိဘနှစ်ပါးက စကားများ လှိုင်လှိုင် ပြောနေသည်။ထို့အပြင် မိခင်၏ နို့တစ်ဖက်သည် နို့ရည်များ အဆက်မပြတ် စီးကျနေ၏။

အမေ့မျက်နှာကို မော့ကြည့်ပြီး ပြုံးရွှင်ရယ်မောစွာ နို့စို့နေသည့် ကလေးလေးကို ချစ်စိတ်ဝင်မိသည်။ ယခုလို မိခင်နှင့်သား ပုံစံကို အကျွမ်းတဝင် စိတ်ဝင်စားစွာ မကြည့်ခဲ့မိသော ကျွန်မ ဘယ်ဘက်ရင်အစုံက တဒိန်းဒိန်း ခုန်နေပါပြီ။ ကျွန်မ၏ စိတ်သည်လည်း အမျိုးအမည် မသိသော ခံစားမှုမျိုး ခံစားလိုက်ရသလိုလို။ ကျွန်မ သိလိုက်သည့်အသိတစ်ခုကတော့…။

■

**နဒီသင်း၊ကုန်းဖောင်း၊**




နိဂုံးထဲက
နိဒါန်းအကြောင်း

အများစုဟာ ဆင်းရဲတဲ့ နိုင်ငံ၊ ဆင်းရဲတဲ့ မိသားစု၊ ဆင်းရဲတဲ့ အသိုင်းအဝိုင်းတွေ ကြားထဲမှာ လူဖြစ်လာရတဲ့ အတွက် ကံကို အပြစ်ပုံချကြတယ်။ ဆင်းရဲတဲ့ မိသားစုမှာ မွေးဖွားခြင်းဟာ ဘဝရဲ့နိဂုံးလို့ ထင်မှတ်ကြပါတယ်။ မှန်သင့်သလောက် မှန်ပေမဲ့ အလုံးစုံတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အဆိုပါ ဆင်းရဲတဲ့နိုင်ငံ၊ ဖွံ့ဖြိုးမှု နောက်ကျတဲ့ နိုင်ငံတွေကပဲ ထူးချွန်တဲ့သူတွေ၊ ကမ္ဘာကို ကိုင်လှုပ်နိုင်တဲ့သူတွေ၊ အဖြစ်အပျက်တွေ အများကြီးဖြစ်ခဲ့တယ်။

မိတ်ဆွေတို့ ကျွန်တော်တို့ဟာ နိဂုံးထဲ ရောက်ခဲ့ရင်တောင် နိဒါန်းကို ပြန်ရှာနိုင်ပါသေးတယ်။ အခုစာအုပ်ဟာ အဆိုပါအဖြစ်အပျက်များစွာကို အခြေခံကာ ရေးသားထားတဲ့ အက်ဆေးဆောင်းပါး ၁၈ ပုဒ်ကို စုစည်းထားတဲ့စာအုပ်ဖြစ်ပါတယ်။ ဖြစ်ရပ်မှန် အဖြစ်အပျက်များကို စာရေးဆရာမ ယသီတာ(စမ်းချောင်း)ရဲ့ ပေါ့ပါးသွက်လက်တဲ့ အရေးအသားများနဲ့ ပေါင်းစပ်ရေးဖွဲ့ထားတဲ့စာအုပ် ဖြစ်ပါတယ်။ မျိုးဆက်သစ် လူငယ်များ ဖတ်ရှုလေ့လာဖို့ ဖြစ်စေ၊ လူငယ်များကို ဦးစားပေးဖတ်ရှုလိုတဲ့ စာကြည့်တိုက်များအတွက် ဖြစ်စေ စုဆောင်းဝယ်ယူရမယ့် စာအုပ်တစ်အုပ်ဆိုလည်း မမှားပါဘူး။

■



NDSP
Yangon Book Plaza,
၅ လွှာ၊ သံဝရေး လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
E-mail : www.ndspbook.com




www.burmeseclassic.com

www.burmeseclassic.com

# ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အလဲအလှယ်

၁။

*"မိုးလင်းကတည်းက
စဉ်းစားမိတာ စားဖို့ပါပဲ"*တဲ့။ ဘယ်ကဘယ်လို
လွင့်ပျံ့လာမှန်းမသိသည့် သီချင်းသံက
သူ့ကိုစောင်းပြီး ဆိုနေတာလားလို့တောင်မှ
မစိန်မြစိတ်ထဲ ထင်လိုက်မိသေးသည်။
ဟုတ်သည်လေ။ တကယ်လည်း မစိန်မြတို့ ဘဝက
အဲဒီသီချင်းထဲက စာသားတွေလို မနက်မိုးလင်း၍



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးတွေကို ဖွင့်လိုက်မိပြီဆိုသည်နှင့် စားဖို့အတွက် စ,ပူကြရတော့တာပဲ မဟုတ်လား။ ဆန်ဝယ်ဖို့ ပိုက်ဆံမရှိလို့ ပူရ၊ ဆီဝယ်ဖို့ ပိုက်ဆံမရှိလို့ ပူရနှင့် တိုင်းပြည်ကို အုပ်ချုပ်နေသည့် ရှင်ဘုရင်တွေတောင်မှ မစိန်မြတို့လောက် ပူရလိမ့်မယ်လို့ မထင်မိဘူး။ အခုလည်း မြွေပူရာကင်းနှောင့်လို့ ဆိုရမလား၊ ဘူးလေးရာ ဖရုံဆင့်တယ်လို့ပဲ ပြောရမလား၊ စားစရာမရှိပါဘူးဆိုမှ နေစရာဘုံ ပါပျောက်ရတော့မည့် အဖြစ်မျိုးနှင့် ကြုံနေရပြန်ပါပြီ။ တခြားတော့ မဟုတ်။ မစိန်မြတို့ နေထိုင်နေသည့် ရပ်ကွက်ကလေး မကြာခင် ဖျက်ပေးရတော့မည်ဆိုသည့် သတင်းကိစ္စပင် ဖြစ်သည်။ တကယ်တော့ မစိန်မြတို့ နေနေတာက ကျူးကျော်ရပ်ကွက်ကလေးတစ်ခုမှာ ဖြစ်သည်။ တိတိကျကျ ပြောရလျှင် အိမ်ခြေတစ်ရာကျော်လောက်ရှိသည့် တစ်ခုသော ရထားလမ်းဘေးမှ ကျူးကျော်ရပ်ကွက်ကလေး ဖြစ်သည်။ ဟိုးအစောပိုင်းကာလများကတော့ ဆယ်အိမ်ပင် မပြည့်သည့် နေရာလေးဖြစ်သည်။ နောက်တော့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ ရောက်လာကြရင်း အခုလောက်အထိ အိမ်ခြေများသွားခဲ့ခြင်းဖြစ်သည်။ အိမ်ခြေများလာတော့ လူတွေများလာသည်။ လူတွေများလာတော့ ပြဿနာများလာသည်။ ပြဿနာများလာတော့ ဘေးနားဝန်းကျင်မှ ရပ်ကွက်များက ကြည့်မရဖြစ်မျက်စိစပါးမွေး စူးလာကြသည်။ အဆိုးဆုံးက အနီးအနားပတ်ဝန်းကျင်မှာရှိသည့် ရပ်ကွက်များဆီမှ ပစ္စည်းများ မကြာခဏ အခိုးခံ ပျောက်ဆုံးနေခြင်းကိစ္စပင်ဖြစ်သည်။ ဆိုတော့ မြေနိမ့်ရာလှံစိုက်၊ မရှိခိုးနိုးဆိုသလို မစိန်မြတို့ ရပ်ကွက်ကလူတွေ ခိုးသည်ဟု ထင်ကြသည်။ ထင်ရုံတင်ဆို ပြဿနာမရှိ၊ အခုဟာက ဖေ့စ်ဘွတ်ခ်ဆိုလား ဘာဆိုလား ဆိုတာကြီးပေါ်တင်ကြသည်ဟု ဆိုသည်။ ဟိုတိုင်သည်တိုင်၊ ဟိုစာပို့ သည်စာပို့လုပ်ကြသည်။ သည်ကျူးကျော်ရပ်ကွက်ကို သည်အတိုင်းထားမှာလား ဘာလား ရေးကြသည်ဟု ဆိုသည်။ သည်တော့ တွန်းတိုက်ပါများတော့ လှုပ်လာတတ်သည့် ထုံးစံအတိုင်း မစိန်မြတို့နေထိုင်သည့် ရပ်ကွက်ကလေး မကြာမီ ပြောင်းရွှေ့ဖယ်ပေးရတော့မည်ဆိုသည့် သတင်းတစ်ခုက တလှုပ်လှုပ်ဖြင့် ထွက်၍လာတော့သည်။ တကယ်တော့ သည်ရပ်ကွက်ကလေး၏ စတင်လာရာက မစိန်မြတို့ကပင် ပြောရလိမ့်မည် ထင်သည်။ တကယ်လည်း ဒီရထားလမ်းကြီး ဖောက်လုပ်စဉ်က မိသားစုလိုက် အလုပ်လာလုပ်ကြရင်း သည်အနီးအနားမှာ မစိန်မြတို့ ယာယီတဲကလေးတွေထိုး၍ နေခဲ့ကြခြင်းဖြစ်သည်။ သည်လိုနှင့် ရထားလမ်းကြီး ပြီးသွားပေမဲ့လည်း မပြန်ဖြစ်၊ မပြန်ချင်ကြတော့ဘဲ သည်နေရာလေးမှာပင် ဆက်လက်၍ နေနေခဲ့ကြခြင်းဖြစ်သည်။ အခုတော့ ဆယ်စုနှစ် တစ်ခုမက နေလာသည့် နေရာလေးကနေ ပြောင်းရွှေ့ပေးရတော့မည် ထင်သည်။ အတွေးနှင့်ပင် မစိန်မြ၏ ရင်သည် ပူလောင်လွန်းလှနေချေပြီ။

❑

၂။

ဘယ်သူ စတင်ယူလာသည့်သတင်းမှန်း ဘယ်သူမျှ အတိအကျမသိသော်လည်း "မြေကွက်နေရာ အစားပြန်ရမည်" ဆိုသည့် သတင်းကတော့ မစိန်မြတို့ ရပ်ကွက်ကလေးထဲသို့ အလျှင်အမြန်ပင် ပျံ့နှံ့ရောက်ရှိ၍သွားသည်။ ထို့အတူ အိမ်တစ်လုံးကို ခြံနေရာတစ်ကွက်ဆိုသည့် စကားကလည်း မစိန်မြတို့ ရပ်ကွက်ထဲက လူတွေ၏ ပါးစပ်ဖျားမှာ ရေပန်းစားနေပြန်၏။ သည်လိုဆိုပြန်တော့လည်း ရပ်ကွက်ကလေး ပြောင်းရွှေ့ပေးရမည်ဆိုသည့် သတင်းက ပျော်စရာကောင်းလို့နေပြန်သည်ဟု မစိန်မြစိတ်ထဲ ထင်လိုက်မိသည်။ ဘယ်လိုပဲဖြစ်ဖြစ် သည်အတိုင်း ပြောင်းဆိုရင်လည်း ဘာမှမတတ်နိုင်၊ ပြောင်းပေးရမည့်အနေအထားမှာ မြေနေရာ အစားပေးမည်ဆိုတော့ ဖြေသာသေးသည်ဟု ထင်သည်။ ထို့အတူ ကျူးကျော်ဆိုသည့် နာမည်အောက်မှ လွတ်မြောက်ခွင့်ရမည့် အခွင့်အရေးလည်း ဖြစ်ပြန်သည်မို့ သည်သတင်း အမှန်တကယ်ဖြစ်ပါစေလို့လည်း စိတ်ထဲမှာကျိတ်၍ ဆုတောင်းနေမိသည်။ နည်းနည်းတော့ အံ့ဩဖို့ကောင်းသည်ဟု ထင်ပါသည်။ ပထမ ရပ်ကွက်ကလေးကနေ ဖယ်ရှားပေးရမည်ဟု ကြားခဲ့စဉ်က ပူဆွေးသောက ရောက်နေကြသည့် သူများ၊ ထိုသတင်း မမှန်ကန်ပါစေနှင့် ဆုတောင်းနေခဲ့သည့်သူများသည် ယခုအချိန်၌ ထိုပြောင်းရွှေ့ရမည်ဆိုသည့် သတင်းကြောင့်ပင် ပျော်ရွှင်နေကြ၊ ထိုသတင်းမှန်ပါစေလို့ ဆုတောင်းနေကြပြန်ပါသည်။ မည်သို့ပင်ဖြစ်စေ သည်သတင်းသာ တကယ်မှန်ကန်မည်ဆိုပါက မစိန်မြတို့အတွက် အကျိုးရှိလာမည် ဆိုတာကတော့ မလွဲ အသေအချာပင် ဖြစ်ပါသည်။

❑

၃။

နေ့ချင်းညချင်း တိုးပွားလာသည့် အိမ်ခြေများကို ကြည့်ရင်း မစိန်မြစိတ်ထဲ အအံ့ဩကြီး အံ့ဩနေမိသည်။ ထို့အတူ လူတို့၏ လောဘစိတ်သည် ကြောက်ဖို့ကောင်းကြောင်းကိုလည်း များစွာပင် ဆင်ခြင်နေခဲ့မိပါသည်။ တကယ်လည်း ထိုနေ့ချင်းညချင်း ပေါ်ပေါက်လာသည့် အိမ်အများစုသည် မစိန်မြတို့ ရပ်ကွက်အတွင်းမှ လူများ၏ အိမ်များမဟုတ်။ မစိန်မြတို့ ရပ်ကွက်၏ အနီးအနားရှိ ရပ်ကွက်များဆီမှ အချို့သော လူများ၏ အိမ်များသာ ဖြစ်ပါသည်။ တိတိကျကျပြောရလျှင် ခြံနေရာ မြေကွက်ရရှိရန်အတွက် မျက်နှာပြောင်တိုက်ကာ အရေးပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com

ရောက် ဆောက် လုပ် သွားသည့် ငွေကြေးတတ်နိုင်သူတချို့၏ အိမ်များသာ ဖြစ်ပါသည်။ တောမီးမလောင်ခင်ကပင် လက်ခမောင်း ဝင်ခတ်သွားသည့် တောကြောင်များ၊ ကျူးကျော်ရပ်ကွက်ကလေးထဲ လာရောက် ကျူးကျော်ကြသည့် ကျူးကျော်သူများ၏ အိမ်များသာ ဖြစ်ပါသည်ဟု ပြောလျှင်တော့ ပိုမှန် လိမ့်မည်ထင်ပါသည်။ တကယ်တော့ မစိန်မြတို့အဖြစ်က ကြက်တူရွေးကတော်တော် မယ်ဘော်က ကဲကဲဆိုသည့် အဖြစ်သနစ်ကဲ့သို့ ဖြစ်နေသည်ဟု ထင်ပါသည်။ တကယ်လည်း မစိန်မြတို့ တကယ်ကျူးကျော်သူစစ်စစ်တွေထက် ကျူးကျော်သူ အတုတွေ၏ အိမ်ခြေများက ပို၍ပင် များလို့နေနေခဲ့ပြီဖြစ်ပါသည်။ များရုံသာမကသည်ရပ်ကွက်က ဖယ်ပေးစေချင်လျှင် ဘယ်လို အခွင့်အရေးမျိုးတွေ ပေးရမည်၊ ဘယ်လိုအချက်တွေ ပြုလုပ်ပေးရမည်ဆိုသည့် အချက်များကိုပင် သူတို့များက ဦးဆောင်ရေရွတ်လို့ နေနေခဲ့ကြပါသေးသည်။ ထိုအထဲမှာ အဆိုးဆုံးကတော့ ဦးညိုကြီးတို့ လူစုပင်ဖြစ်သည်ဟု မစိန်မြထင်မိသည်။ တကယ်တော့ ဦးညိုကြီးတို့ကို မစိန်မြမသိပါ။ မစိန်မြမှမဟုတ် ရပ်ကွက်ထဲက အခြားသောသူတွေလည်း ဦးညိုကြီးတို့ကို မသိကြပါ။ သို့ပါသော်လည်း မိုးပေါ်က ကျလာသလို ရောက်လာကြသည့် ဦးညိုကြီးတို့ အုပ်စုကတော့ မစိန်မြတို့လို အစကတည်းက သည်နေရာမှာ နေထိုင်လာသူတွေထက်ပင် သည်ရပ်ကွက်အရေးအတွက် ပို၍တက်ကြွနေခဲ့ကြပါသေးသည်။ တက်ကြွဆို နေ့ချင်း ညချင်း လာရောက် ဆောက်လုပ်ထားသည့် သူတို့၏ အိမ်နေရာကွက်တွေကလည်း မစိန်မြတို့ရပ်ကွက်ထဲတွင် လက်ညှိုးထိုး၍မလွဲအောင် ရှိနေခဲ့ပြီကိုး။ တကယ်တော့ မစိန်မြတို့ ရပ်ကွက်ကလေးဆီ၌သာမက အခြားသော ကျူးကျော်ရပ်ကွက်ကလေးများဆီ၌လည်း ဦးညိုကြီးတို့လို မိုးကျရွှေကိုယ် ကျူးကျော်များ မြောက်မြားစွာ ရှိနေခဲ့သည်ဆိုတာကိုတော့ မစိန်မြတစ်ယောက် သိရှိခြင်း လုံးဝမရှိခဲ့ပေ။ မည်သို့ပင်ဖြစ်စေ မစိန်မြတို့ ရပ်ကွက်အတွင်းမှ လူများကတော့ ဦးညိုကြီးတို့၏ မြှောက်ပင့်သွေးထိုး မြှူဆွယ်မှုများကြောင့် နောက်ထပ်ခြံတစ်ကွက် ပိုင်ဆိုင်ရရှိနိုင်ရေးအတွက် နောက်ထပ်အိမ်များကို သူ့ထက်ငါ အပြိုင်ဆောက်လုပ်စ ပြုနေခဲ့ကြပြီဖြစ်ပါသည်။

❑

၄။

'ငါတို့လည်း နောက်ထပ် အိမ်တစ်လုံးလောက် ထပ်ဆောက်ကြရင် ကောင်းမယ်နော် မစိန်မြ' ဆိုသည့် ခင်ပွန်းသည်ဖြစ်သူ၏ စကားကြောင့် အစကတည်းက ထိုအကြောင်းအရာကို စဉ်းစားစိတ်ကူးယဉ်နေမိခဲ့သည့် မစိန်မြစိတ်ထဲ ပိုလို့ပင် မရိုးမရွဖြစ်၍သွားမိသည်။ တကယ်တော့ အိမ်တစ်လုံးကို ပေလေးဆယ်၊ခြောက်ဆယ် ခြံကွက်တစ်ကွက် အစားပြန်ရမယ်ဆိုသည့် သတင်းကို ရပြီးကတည်းက မစိန်မြတို့ ရပ်ကွက်ထဲမှာ အိမ်အသစ်လေးတွေ တိုးလာနေခဲ့ခြင်းဖြစ်သည်။ ယုတ်စွအဆုံး မရှိပါဘူး၊ မတတ်နိုင်ပါဘူးဆိုသည့် သူတောင်မှ အနည်းဆုံး နောက်ထပ်အိမ်တစ်လုံးတော့ ပိုင်ဆိုင်လို့ထားကြပြီဖြစ်သည်။ အမှန်အတိုင်း ဝန်ခံရလျှင် မစိန်မြလည်း နောက်ထပ် အိမ်တစ်လုံးလောက် ထပ်ဆောက်ထားချင်မိသည်။ ဒါမှလည်း ပြောင်းရွှေ့ရသည့်အခါ ခြံနှစ်ကွက်ရနိုင်မည်ဖြစ်သည်။ သို့ပေမဲ့လည်း အိမ်တစ်လုံးဖြစ်ရုံ ဆောက်မည်ဆိုလျှင်တောင်မှ ကုန်ကျစရိတ်က အနည်းဆုံး တစ်သိန်းအထက်မှာ ရှိနေခဲ့သည်။ ဆိုတော့ ဆင်ဖိုးထက် ချွန်းဖိုးကပို ဆိုသလို ခြံကွက်ရမှာကနောက် လောလောဆယ် အိမ်ဆောက်ဖို့အတွက် ပိုက်ဆံကို အရင်ရှာရမယ့် ကိစ္စက မလွယ်ဆိုသလို ဖြစ်၍နေရသည်။ မည်သို့ပင်ဖြစ်စေ နောက်ထပ် အိမ်လေးတစ်လုံးတော့ မရရအောင် ဆောက်မည်ဟု မစိန်မြ စိတ်ထဲ ဆုံးဖြတ်ချက်ချထားလိုက်မိသည်။ ဆုံးဖြတ်ချက်ချခဲ့သည့်အတိုင်း နောက်ထပ် အိမ်ဆိုရုံ အိမ်လေးတစ်လုံးကို မစိန်မြတို့ ထပ်မံဆောက် လုပ်နိုင်ခဲ့ကြပါသည်။ သို့ပါသော်လည်း ကံကြမ္မာသည် မစိန်မြတို့အား မျက်နှာသာမပေး၊ ရေနည်းရာ အရပ်ကိုမှ မိုးထပ်ခေါင်စေခဲ့ပါလေ၏။

❑

၅။

ရာသီစက်ဝန်းတို့ အလီလီလည်ပတ်၍ ရက်မှလ၊ လမှနှစ်သို့ ပြောင်းလဲခဲ့ပြီဖြစ်သည်။ ထို့အတူ ထမင်းလုံးတဆွေ အခြောက်ခံလိုက်ရသည့် မစိန်မြတို့ ရပ်ကွက်ကလေးသည်လည်း ပြန်လည်တည်ငြိမ်စ ပြုနေခဲ့ပြီဖြစ်သလို မစိန်မြတို့ ထပ်မံဆောက်လုပ်ထားသည့် အိမ်ကလေးပင်လေ၊ မိုးတို့၏ဒဏ်ကြောင့် ဆွေးမြည့်ယိုင်လဲ၊ ယိုယွင်းစပြုနေခဲ့ပြီ ဖြစ်သည်။ ဒါတင်မက မစိန်မြတို့၏ ရပ်ကွက်အရေးကို မစိန်မြတို့ထက်ပင် တက်ကြွပြခဲ့ကြသည့် ဦးညိုကြီးတို့ လူစုသည် နေရောင်လာ၍ ပျောက်ဆုံးသွားကြသည့် နှင်းစက်များလို မစိန်မြတို့ ရပ်ကွက်ကလေးဆီမှ ပျောက်ကွယ်သွားကြပြီဖြစ်သည်။ သို့ပါသော်လည်း နောက်ထပ် အိမ်တစ်လုံး ဆောက်လုပ်နိုင်ရန်အတွက် သုံးလစာကြိုငွေဖြင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ပို့ထားခံခဲ့ရသည့် ဆယ့်တစ်နှစ်အရွယ် မစိန်မြ၏ သားလေး ဖိုးလုံးတစ်ယောက်ကတော့ မစိန်မြတို့ အိမ်ဆီသို့ ယခုအချိန်အထိ ပြန်လည်ရောက်ရှိလာနိုင်ခဲ့ခြင်းမရှိ၊ လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုးနေရမြဲပင် ဖြစ်ပါတော့သည်။ ■

**မင်းညာ**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# သေခြင်းသည် အိပ်မက်သာ

## ဝင်းငြိမ်း

အမှတ် ၃၅၁၊ ဖေဖော်ဝါရီ၊ ၂၀၁၉
ရုပ်စုံမဂ္ဂဇင်း
ဘာသာပြန်ဝတ္ထု

မင်း အခု အိပ်ပျော်
သွားပြီလား ဒေးဗစ်။
ဟုတ်ကဲ့၊ ကျွန်တော်
အိပ်ပျော်ပါပြီ။
ဆရာက မင်းကို
ခဏလေး
နားနေစေချင်တယ်။
မင်းဇနီးနဲ့ စကား
ခဏလေး
ပြောလိုက်ဦးမယ်။
ဟုတ်ကဲ့၊ ဒေါက်တာ။
ကျွန်တော် နားနေပါ့မယ်။
မင်းခင်ပွန်းကို ဦးက
အိပ်မွေ့ချထားတဲ့အတွက်
ဦးတို့ စကားပြောရင်
သူ့အတွက် ဘာမှအနှောင့်
အယှက်မဖြစ်ဘူး
မစွံစ်ကာပင်တာ။
ဟုတ်ကဲ့၊ ကျွန်မ
နားလည်ပါတယ်
ဒေါက်တာ မေဆန်။
သူ ဘယ်တုန်းကစပြီး
အိပ်မက်ဆိုးတွေ
စ,မက်တယ်ဆိုတာ
ပြောပြပါလား။
ခင်ဗျားပြောဖူးတာက
တော့ လက်ထပ်တဲ့ ည
ကတည်းက စ,ခဲ့တယ်လို့
ပြောဖူးတာပဲ။
ဟုတ်ပါတယ် ဒေါက်တာ၊
လွန်ခဲ့တဲ့ တစ်ပတ်
လောက်ကပါ။ ကျွန်မတို့က
မင်္ဂလာညှင်ခံပွဲကနေ ဒီအိမ်
အသစ်ကို
တန်းလာခဲ့ကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒီအိမ်ရောက်တော့ စားစရာ နည်းနည်းပါးပါး စားကြပြီး သန်းခေါင်ယံလောက်မှ ကျွန်မတို့ အိပ်ဖြစ်ကြတယ်။ မနက် အရုဏ်တက်ချိန်လောက်မှာ ဒေးဗစ်ရဲ့ အော်သံကြောင့် ကျွန်မ နိုးလာတယ်။ သူ့ကိုကြည့်လိုက်တော့ တွန့်လိမ်ကောက်ကွေးနေပြီး ပါးစပ်ကလည်း ဘာတွေမှန်းမသိ အော်ဟစ်နေတာပါ။ ဒါနဲ့ ကျွန်မ သူ့ကို နှိုးလိုက်တယ်။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေပြီး မျက်နှာကလည်း ဖြူဖပ်ဖြူရော်ဖြစ်နေတယ်။ သူ အိပ်မက်ဆိုးတစ်ခု မက်နေတယ်တဲ့။

ဒါပေမဲ့ အဲဒီအိပ်မက်ရဲ့ အသေးစိတ်ကိုတော့ မမှတ်မိဘူးပေါ့။

ဟုတ်ကဲ့၊ ဘာမှကို မမှတ်မိတာပါ။ သူ ခဏလေးနေတော့ ပြန်အိပ်ပျော်သွားတယ်။ နောက်တစ်နေ့ ကျတော့လည်း အဲဒီလိုပဲ ဖြစ်ပြန်တယ်။ နေ့တိုင်းပါပဲ။

ထပ်ပြန်တလဲလဲ မက်နေတဲ့ အိပ်မက်ဆိုးပေါ့။ ဆရာ နားလည်ပြီ။ သိပ်တော့ စိတ်မပူပါနဲ့။ ဆရာက ဒေးဗစ်ကို ငယ်ငယ်ကလေးကတည်းက ကုခဲ့ဖူးတာပါ။ ဒီအိပ်မက်ဆိုးတွေကနေ လွတ်မြောက်သွားအောင် အခက်အခဲမရှိ ကူညီနိုင်လိမ့်မယ် ထင်ပါတယ်။

ဒေါက်တာရယ် ကျွန်မလည်း မျှော်လင့်ပါတယ်။

ဖြစ်နိုင်တာကတော့ ရစ်ချတ်က သူ့စိတ်ထဲကို နောက်တစ်ကြိမ် ဝင်ရောက်ဖို့ ကြိုးစားနေတာ ဖြစ်လိမ့်မယ်။

ရစ်ချတ် ဟုတ်လား၊ သူက ဘယ်သူလဲ ဆရာ။

ရစ်ချတ်ဆိုတာက ဒေးဗစ်ရဲ့ နောက်တစ်ကိုယ်ပေါ့။

ကျွန်မတော့ နားမလည်ပါဘူး ဆရာရယ်။

ဒေးဗစ် အသက် ၁၂ နှစ်လောက်တုန်းက မော်တော်ကားနဲ့ အတိုက်ခံရဖူးတယ်။ အဲဒီဒဏ်ရာကြောင့် သူ့အာရုံကြောမှာ ပြင်းပြင်းထန်ထန် ထိခိုက်သွားပြီး စကီဇိုဖီးနီးယားဆိုတဲ့ စိတ်ရောဂါတစ်မျိုး ခံစားသွားရတယ်။ ဒီရောဂါက သူ့ကိုယ်သူ နှစ်ကိုယ်ခွဲလို မြင်ရတတ်တယ်။ ဒါကြောင့် နေကောင်းနေတဲ့အချိန်မှာ ဒေးဗစ်က တစ်ကိုယ်တည်း ရှိပေမဲ့ နေမကောင်းတဲ့ အချိန်မှာတော့ သူ့နောက်တစ်ကိုယ် ရှိနေတတ်တယ်။ အဲဒီနောက်တစ်ကိုယ်က တော်တော်စည်းကမ်းမဲ့တယ်။ နောက်နောက်ပြောင်ပြောင် လုပ်တတ်တယ်။ ဒေးဗစ်က သူ့နောက်တစ်ကိုယ်ကို ရစ်ချတ်လို့ ပြောတယ်။ သူ့အပြောအရတော့ ရစ်ချတ်ဟာ သူ့ရဲ့ အမြွှာညီပေါ့။ ဒါက သူ့စိတ်ထဲမှာပဲ ရှိတာ။

ထူးဆန်းလိုက်တာနော်။

ဒါမျိုးတွေက ဆေးပညာသမိုင်းမှာ အများကြီး ရှိပါတယ်။ ဒေးဗစ်က ပင်ပန်းလာတဲ့အခါ၊ ဒါမှမဟုတ် ပူပင်သောက များလာတဲ့ အခါမှာ သူ့စိတ်ထဲမှာ ရစ်ချတ်ပေါ်လာပြီး သူ့လုပ်သမျှတွေကို ထိန်းချုပ်နိုင်စွမ်းရှိတယ်။ အဲဒီအခါမှာ ရစ်ချတ်က ဒေးဗစ်ကို အိပ်ပျော်နေရင်းကနေ လမ်းလျှောက်ခိုင်းနိုင်သလို သူ့အိပ်ရာတွေကိုလည်း မီးရှို့ခိုင်းနိုင်တယ်။ အဲဒီအခါမျိုးမှာ ဒေးဗစ်က ရစ်ချတ်ရဲ့ ထိန်းချုပ်မှုကို မလွန်ဆန်နိုင်ဘူး။ တစ်ခါတလေမှာ သူနိုးလာသည့်တိုင်အောင် ဘာတွေ လုပ်ခဲ့တယ်ဆိုတာကို မမှတ်မိတော့ဘူး။ တစ်ခါတလေကျတော့လည်း အိပ်မက်မက်တယ်လို့ပဲ အောက်မေ့တယ်။

စိတ်ပျက်စရာနော်။

ဆရာက အဲဒီကာလတွေတုန်းက ဒေးဗစ်ကို ကုပေးခဲ့ဖူးတယ်။ အဲဒီတုန်းကတော့ ရစ်ချတ်ကို သူ့ဘဝထဲကနေ အပြီးအပိုင် မောင်းထုတ်နိုင်ခဲ့ပြီလို့ အောက်မေ့တာ။ ဖြစ်နိုင်တာက…။ ကောင်းပြီလေ၊ ဒေးဗစ်ကို မေးစမ်းကြည့်လိုက်ဦးမယ်။ သူ အခုမက်နေတဲ့ အိပ်မက်တွေနဲ့ ပတ်သက်လို့ပေါ့။ အသေးစိတ် အချက်အလက်တွေကိုတော့ သူပြောနိုင်မှာပါ။ ဒေးဗစ်…။

ဟုတ်ကဲ့ ဒေါက်တာ။

မင်းအိပ်မက်တွေနဲ့ ပတ်သက်လို့ အသေးစိတ် အချက်အလက်တွေ ဆရာ့ကို ပြောပြစမ်းပါ။ အခု မင်း မှတ်မိပြီ မဟုတ်လား။

အိပ်မက်…။ ဟုတ်တယ် ဆရာ၊ အခု ကျွန်တော် မှတ်မိပါပြီ။

မင်း စိတ်အေးအေးထား၊ စိတ်မလှုပ်ရှားနဲ့။ ဆရာ့ကို မင်းအိပ်မက်နဲ့ ပတ်သက်တဲ့ အချက်အလက်တွေ ပြောပြစမ်းပါ။

ဟုတ်ကဲ့၊ ကျွန်တော် စိတ်အေးသက်သာရှိပါတယ်။

အေး ကောင်းတယ်။ အခု မင်း ပထမဆုံးမက်ခဲ့တဲ့ အိပ်မက်အကြောင်း ပြောပြစမ်းပါ။

ပထမဆုံးမက်တဲ့ အိပ်မက်ကတော့ အဲန်နဲ့ ကျွန်တော် လက်ထပ်တဲ့ညကပါ။ မဟုတ်ဘူး၊ မဟုတ်ဘူး။ ကျွန်တော် မှားတာပါ။ အဲဒီမတိုင်ခင် တစ်ညကတည်းက မက်တာပါ။

သေချာလား ဒေးဗစ်။

ဟုတ်ကဲ့၊ ကျွန်တော် သေချာပါတယ်။ အဲဒီနေ့က ကျွန်တော် တစ်နေ့လုံး ဥပဒေအကျိုးဆောင်ကိစ္စတွေ လုပ်နေခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ခွင့်ရက်နည်းနည်းယူမှာမို့ပါ။ ညနေမှာ ကျွန်တော် ဟောဒီ အိမ်အသစ်ကို ရောက်လာခဲ့တယ်။ ရေးဗားဒေးလ်မှာပေါ့။ အိမ်ထဲမှာ အစစအရာရာ လိုလေသေးမရှိ အဲန်အတွက် ပြင်ဆင်ထားချင်လို့ပါ။ အချိန်က ည ၁၁ နာရီလောက် ရှိသွားပြီ။ ဒီတော့ ကျွန်တော် နေနေတဲ့ အခန်းကို ပြန်လိုက်ပါတယ်။ လူက တော်တော်လည်း ပင်ပန်းနေပြီကိုး။ ကျွန်တော် အိပ်ရာဝင်တယ်။ ဒါပေမဲ့ ပင်ပန်းလွန်းလို့ အိပ်မပျော်ပါဘူး။ ကျွန်တော် အိပ်ဆေး ထ,သောက်လိုက်တယ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခင်မှာပဲ စပြီး အိပ်မက်မက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လို စ,လာသလဲ ဒေးဗစ်။

အိပ်မက်ထဲမှာ တယ်လီဖုန်းမြည်လာပါတယ်။ တယ်လီဖုန်းက ကျွန်တော့် အိပ်ရာရဲ့ နံဘေးမှာတင် ရှိပါတယ်။ အိပ်မက်ထဲမှာ ကျွန်တော် ထ,ထိုင်လိုက်ပြီး ဖုန်းကိုင်လိုက်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ဟာ တကယ်ဖြစ်ပျက်နေသလို စိတ်ထဲမှာ ထင်မိပါတယ်။ ဖုန်းပြောနေတုန်းမှာ အိပ်မက်မက်နေတယ်လို့ ထင်ပြန်ရော။

ဘာကြောင့် အဲဒီလို ထင်ရတာလဲ ဒေးဗစ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ကို ဖုန်းဆက်တာက လူစီ ဖြစ်နေတယ်လေ။ အိပ်မက်ထဲမှာတောင် သူသေပြီးသားဆိုတာ ကျွန်တော် သိနေတယ်လေ။

လူစီက ဘယ်တုန်းက သေခဲ့တာလဲ ဒေးဗစ်။

လွန်ခဲ့တဲ့ တစ်နှစ်လောက်ကပါ။ သူက အနောက်ဗာဂျီးနီးယားမှာရှိတဲ့ သူ့မိဘတွေဆီကို ကားနဲ့ အလည်ပြန်သွားတာပါ။ ကားက ချော်ကျပြီး သူသေသွားခဲ့ပါတယ်။

ဒီတော့ မင်းက သူ့အသံကြားနေသည့်တိုင်အောင် အိပ်မက် မက်နေတယ်ဆိုတာ သိနေတယ်ပေါ့။

ဟုတ်ကဲ့ သိပါတယ်။ သူက ‘ဒေးဗစ်ရေ လူစီပါ။ ဘာဖြစ်နေတာလဲ ဒေးဗစ်၊ ဘာဖြစ်လို့ စကားပြန်မပြောတာလဲ’တဲ့။ ကျွန်တော် စကားမပြောနိုင်ဘဲ ဖြစ်နေတယ်။ အိပ်မက်ထဲမှာပဲ ကျွန်တော် ပြန်ပြောလိုက်တာက ‘မင်း လူစီ မဖြစ်နိုင်ဘူး။ လူစီက သေပြီ’လို့။ ‘သိပါတယ် ဒေးဗစ်ရယ်’။ လူစီ့အသံက ခါတိုင်းလိုပဲ ခနိုးခနဲ့ ဖြစ်နေတယ်။ သူ အသက်ရှင်တုန်းက အတိုင်းပါပဲ။ ‘ဘာဖြစ်လို့လဲ’။ ‘ငါ အခု အိပ်မက် မက်နေတာ’ လို့ သူ့ကို ကျွန်တော် ပြန်ပြောလိုက်ပါတယ်။ ‘ခဏနေရင် ငါ အိပ်မက်က ပြန်နိုးမှာပဲ’။ ‘သြော်… ဟုတ်တာပေါ့ ဒါလင်ရယ်’တဲ့။ လူစီက ကျွန်တော့်ကို ပြောသေးတယ်။ ‘ကျွန်မက ရှင့်ကို တယ်လီဖုန်းဆက်တဲ့ အချိန်မှာ နိုးနေစေချင်တာလေ။ အခု ကျွန်မ သင်္ချိုင်းကုန်းကနေ ရှင့်ဆီကို လာခဲ့တော့မယ်။ ရှင့်အခန်းကို မကြာခင် ရောက်လာခဲ့မယ်’။

ပြီးတော့ သူ ဖုန်းချလိုက်ပုံရတယ်။ ကျွန်တော် မသိတော့ဘူး။ အဲဒီမှာ ရုတ်တရက် ကျွန်တော့် အိပ်မက်တွေရဲ့ ထုံးစံအတိုင်း အလှည့်အပြောင်းဖြစ်သွားတယ်။ ကျွန်တော်က ထ,ထိုင်နေတယ်။ အဝတ်အစားလည်း အပြည့်အစုံ ဝတ်ထားပါပြီ။ စီးကရက် သောက်ရင်း စောင့်နေမိတယ်။ သူရောက်မလာနိုင်ဘူးဆိုတာ ကျွန်တော်သိပေမဲ့ အိပ်မက်ထဲမှာ ပြောတဲ့အတိုင်း ရောက်များလာမလားလို့ပါ။

ကျွန်တော် စီးကရက် နှစ်လိပ် သောက်ပြီးပါပြီ။ အဲဒီအချိန်မှာ တံခါးဘဲလ်သံမြည်လာတယ်။ ကျွန်တော် စက်ရုပ်တစ်ရုပ်လို နေရာက ထလိုက်ပြီး တံခါးဖွင့်ပေးလိုက်ပါတယ်။ ဒါပေမဲ့ အပေါက်ဝမှာ ရပ်နေတာက လူစီ မဟုတ်ပါဘူး။ ရစ်ချတ် ဖြစ်နေတယ်။

မင်းရဲ့ အမြွှာညီအစ်ကိုဖြစ်တဲ့ ရစ်ချတ်လား။

ဟုတ်ပါတယ်၊ သူပါပဲ။ ဒါပေမဲ့ သူက ကျွန်တော့်ထက် အရပ်မြင့်ပြီး ပိုကြံ့ခိုင်တယ်။ ချောလည်း ပိုချောပါတယ်။ သူက အပေါက်ဝမှာ ကျွန်တော့်ကို ကြည့်ပြီး ပြုံးနေတယ်။ သူ့မျက်လုံးတွေမှာလည်း သူ့ထုံးစံအတိုင်း မထီတရီအပြုံး တွေ့ရပါတယ်။ သူက ‘ကိုင်း‥ ဒေးဗစ်ရေ ကိုယ့်ကို အထဲ မဖိတ်ခေါ်တော့ဘူးလား။ တို့နှစ်ယောက် မတွေ့ကြတာလည်း ၁၅ နှစ်လောက်ရှိပြီလေ’တဲ့။ ‘မဝင်နဲ့ ရစ်ချတ်’ လို့ ကျွန်တော် အော်လိုက်မိတယ်။ ‘မင်းပြန်မလာခဲ့နဲ့’ ဆိုတော့ သူက ‘ငါပြန်ရောက်နေပြီလေကွာ’လို့ ပြောပြီး ကျွန်တော့်ကို တွန်းဖယ်လိုက်တယ်။ သူ အခန်းထဲကိုရောက်နေပါပြီ။ ‘ငါ မင်းဆီကို လာလည်ဖို့ ကြံစည်နေတာ တော်တော် ကြာပြီကွ။ ဒီနေ့ညမှ လာဖြစ်တော့တယ်’။

‘ခင်ဗျား ဘာဖြစ်လို့ လာတာလဲဗျာ။ ခင်ဗျား သေပြီလေ။ ဒေါက်တာမေဆန်က ခင်ဗျားကို သတ်လိုက်ပြီလေ’လို့ ကျွန်တော်က ပြောတော့ ‘လူစီလည်း သေပြီလေကွာ၊ ဒါပေမဲ့ ဒီည သူပြန်လာမယ်လို့ ပြောတယ် မဟုတ်လား။ ငါလည်း ပြန်လာနိုင်တာပေါ့’တဲ့။

‘ခင်ဗျား ဘာလိုချင်လို့လဲဗျာ’လို့ ကျွန်တော်က မေးလိုက်တော့ ‘မင်းကို ကူညီဖို့သက်သက်ပါ ဒေးဗစ်။ ဒီည မင်းအနားမှာ တစ်စုံတစ်ယောက်တော့ ရှိနေသင့်တယ် မဟုတ်လား။ မင်းစိတ်တွေ လှုပ်ရှားနေတယ်။ သေသွားပြီးဖြစ်တဲ့ မင်း မိန်းမနဲ့ မျက်နှာချင်းဆိုင်ရမှာကိုး’ တဲ့။ ‘ရစ်ချတ်ရာ သွားစမ်းပါဗျာ’လို့ ကျွန်တော် သူ့ကိုပြောတော့ ‘ကဲ…ကဲ တံခါးဝမှာ တစ်ယောက်ယောက်တော့ ရောက်နေပြီကွ။ လူစီဖြစ်မယ် ထင်တယ်။ မင်းတစ်ယောက်တည်း ထားခဲ့ဦးမယ်။ ဒါပေမဲ့ မင်းလိုအပ်ရင်တော့ ဒီအခန်းထဲမှာ ကိုယ်ရှိနေတယ်ဆိုတာ သိထားပါ’တဲ့။

ကျွန်တော် တခြားအခန်းဘက်ကို ကူးလိုက်တယ်။ အဲဒီအချိန်မှာပဲ တံခါးဝက ဘဲလ်သံကြားလိုက်ရပြန်တယ်။ ကျွန်တော် စိတ်တိုပြီး တံခါးဖွင့်လိုက်တော့ လူစီက တံခါးဝမှာ ရပ်နေတယ်။ သူသေသွားတုန်းက ကျွန်တော်ဝတ်ဆင်ပေးလိုက်တဲ့ အဖြူရောင်ဝတ်စုံအတိုင်း ဝတ်ထားတယ်။ ခေါင်းပေါ်မှာလည်း အဖြူရောင်ပဝါပါတယ်။ သေသွားစဉ်က သူ့မျက်နှာပျက်စီးနေလို့ ကျွန်တော် ပဝါအုပ်ပေးခဲ့တာပါ။ လူစီက ကျွန်တော့်ကို ကျော်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com

ပြီး အခန်းထဲကို ဝင်လာတယ်။ ခုံတစ်လုံးပေါ်မှာ ဝင်ထိုင်လိုက်တယ်။

အချိန်တော်တော်ကြာတဲ့အထိ လူစီက စကားတစ်ခွန်းမှ မပြောပါဘူး။ နောက်ဆုံးမှာ သူက ‘ဘာဖြစ်လို့လဲ ဒေးဗစ် ရှင့်ကိုကြည့်ရတာ တော်တော်ကြောက်နေပုံရပြီး အသံတောင် မထွက်နိုင်ပါလား။ တံခါးပိတ်ထားလိုက်ပါ ဒေးဗစ်။ လေစိမ်းတွေတိုက်နေတာ ရှင် ခံနိုင်ပေမဲ့ ကျွန်မ မခံနိုင်ဘူးရှင့်။ ကျွန်မက ခေါင်းထဲမှာ တစ်နှစ်လုံးလုံး နေခဲ့ရတာလေ။ ဒါတွေ ရှင် သိပါတယ်’တဲ့။

ကျွန်တော် တံခါးထ, ပိတ်လိုက်ပြီး စကားတွေလည်း သူ့ကို ပြောမိပါတယ်။ ‘မင်း ဘာလိုချင်တာလဲ။ ဒီအချိန်ကျမှ ဘာဖြစ်လို့ ပြန်လာတာလဲ။ မင်း သေပြီလေ’လို့ ပြောတော့ သူက ခွက်ထိုးခွက်လန် ရယ်ပါတယ်။ ‘ဘာဖြစ်တာလဲ ဒေးဗစ်ရယ်၊ အဲဒါတွေ ရှင် တကယ်ယုံသလား။ ကျွန်မ တကယ်မသေပါဘူး။ ရှင့်ကို ကျီစားတာပါ’တဲ့။

‘ကျီစားတာ ဟုတ်လား’လို့ ကျွန်တော် ပြန်မေးလိုက်တော့ သူက ရယ်ပြန်တယ်။ ဒီမိန်းမ ရူးသွားပြီလားလို့ ကျွန်တော် အောက်မေ့မိတယ်။

‘ဟုတ်ပါတယ် ဒေးဗစ်ရယ်၊ ရှင်ဟာလေ အခက်အခဲတစ်ခု ကြုံလာတိုင်း သွေးဆုတတ်တယ်။ ရှင်တစ္ဆေတစ်ကောင်ကို တွေ့နေရလို့ ကြောက်နေတာလား’တဲ့။ ‘မင်း ညာတာ။ မင်းသေပြီသား။ မင်းကို မြေမြှုပ်လိုက်တာ ငါမြင်ခဲ့တယ်လေ’လို့ ဆိုတော့ သူက ‘ရှင့်ရှေ့မှာ အခုရောက်နေတဲ့ ကျွန်မက လူသေနဲ့ တူလို့လား’တဲ့။

သူက မျက်နှာပေါ်မှာ အုပ်ထားတဲ့ ပဝါကိုဖယ်လိုက်ပြီး သူ့မျက်နှာကို ပြတယ်။ သူ့ပါးပြင်တွေက သွေးရောင်လွှမ်းနေဆဲ။ သူ့မျက်ဝန်းတွေက တောက်ပနေဆဲ။ ဖြူဖွေးတဲ့သွားလေးတွေပေါ်အောင် ပြုံးပြနေတယ်။ ‘ရှင် မြှုပ်ခဲ့တဲ့ မိန်းကလေးက လမ်းမှာ ကားကြုံလိုက်လာတဲ့ မိန်းကလေးရှင့်။ မတော်တဆမှု ဖြစ်ပွားတော့ သူသေသွားတယ်။ ဒါနဲ့ ကျွန်မလက်က လက်ထပ်လက်စွပ်ကို ချွတ်ပြီး သူ့လက်မှာ ဝတ်ပေးလိုက်တယ်။ ကျွန်မလက်ကိုင်အိတ်ကိုလည်း သူ့ကိုယ်မှာ လွယ်ပေးလိုက်တယ်။ ပြီးတော့ သူ့အလောင်းကို မီးရှို့ခဲ့တာလေ’တဲ့။

‘အဲဒါတွေ ဘာလို့လုပ်ခဲ့တာလဲ’လို့ မေးရင်း ကျွန်တော် ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ပါတယ်။ ‘မင်း အဲဒါတွေ ဘာကြောင့်လုပ်ခဲ့တာလဲ’လို့ သူ့ကို မေးလိုက်တော့ ‘အဲဒီတုန်းက ရှင့်ကို ကျွန်မ ငြီးငွေ့လွန်းလို့ စ,ချင်စိတ်ပေါ်လာတာနဲ့ လုပ်ခဲ့တာပဲ။ တခြားသူတစ်ယောက်ဘဝနဲ့ နေကြည့်ချင်တယ်လေ။ ပြီးတော့ အဲဒီကစားပွဲ အဆုံးသတ်ချင်ရင် ရှင့်ဆီကို ကျွန်မ အချိန်မရွေး ပြန်လာလို့ ရတာပဲ။ အခု ကျွန်မလက်ထဲမှာ ပါသွားတဲ့ ပိုက်ဆံကလည်း ကုန်ပြီဆိုတော့ ကျွန်မ ပြန်လာတာပေါ့’လို့ ပြောတယ်။

‘မင်းပြန်လာပေမဲ့ မနက်ဖြန် ငါက အဲန်နဲ့ လက်ထပ်တော့မှာ’လို့ ကျွန်တော် ပြောလိုက်ပါတယ်။ သူက ‘ကျွန်မ သိပါတယ်။ သတင်းစာထဲမှာ တွေ့တယ်လေ။ ဒီတော့ ရှင်က ကျွန်မကို အလိုမရှိတော့ဘူး ဆိုတာလည်း သိတာပေါ့ ဒေးဗစ် ဒါလင်ရယ်။ ကျွန်မက သေပြီးသားသူဆိုတော့ ရှောင်သွားလို့ ရပါတယ်။ ကျွန်မ မရှိတော့ဘူးဆိုရင် ရှင့်အနေနဲ့ ရှင့်အမှုသည်ရဲ့ သမီးနဲ့ လက်ထပ်နိုင်ပြီပေါ့။ ဒါပေမဲ့ ကျွန်မ ငွေလိုတယ် ဒေးဗစ်’။

‘မပေးနိုင်ဘူးကွာ၊ တစ်ပြားမှ မပေးနိုင်ဘူး။ မင်းက သေပြီးသားပဲ’လို့ ကျွန်တော်က ငြင်းလိုက်တယ်။ ဒီတော့ သူက ‘ဒါဆိုလည်း မနက်ဖြန်ညနေထွက်မယ့် သတင်းစာတွေရဲ့ မျက်နှာဖုံးသတင်းတွေကို ဖတ်ကြည့်လိုက်ပေါ့။ အောင်မြင်ထင်ရှားတဲ့ ရှေ့နေကလေးရဲ့ဇနီး သေရွာက ပြန်လာခြင်း၊ မင်္ဂလာပွဲကို ဖျက်ဆီးခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ တွေ့ရမှာပေါ့’တဲ့။ ဒါနဲ့ ကျွန်တော်က ‘မရဘူးကွာ၊ မင်း ဒီလိုလုပ်လို့ မရဘူး’လို့ သူ့ကို အော်လိုက်တယ်။

‘တကယ်ပြောတာပါ ဒေးဗစ်ရယ်၊ ကျွန်မ ဒေါ်လာတစ်သောင်းလောက်ပဲ လိုတာပါ။ ရှင် အဲဒီပိုက်ဆံပေးလိုက်ရင် ကျွန်မ နှုတ်ပိတ်နေပါ့မယ်။ ဒါဆိုရင် ရှင့်မင်္ဂလာပွဲလည်း တရားဝင်သွားပြီပေါ့။ ရှင်းရှင်းကလေးပါ’တဲ့။ ကျွန်တော် ဘာမှပြန်မပြောနိုင်ပါဘူး။ စိတ်တွေ ရှုပ်ထွေးနေတယ်။ လူကလည်း အားအင်တွေ ကုန်ခမ်းသွားသလိုပဲ။ ဘာမှ မသေချာ၊ မရေရာတော့ဘူး။ ကျွန်တော် ထိုင်နေတဲ့နေရာကနေ လှုပ်ရှားလို့မရနိုင်အောင် ဖြစ်သွားခဲ့တယ်။ ကျွန်တော် အိပ်မက် မက်နေတာပါ။ လဲကျမသွားအောင် သတိထားနေရတယ်။ အဲဒီအချိန်မှာ လူစီက နေရာက ထ,လာတယ်။

‘စဉ်းစားပေါ့လေ၊ ကျွန်မ ပေါင်ဒါလေးဘာလေး ဖို့လိုက်ဦးမယ်။ ရှင့်ကို အချိန် ငါးမိနစ်ပေးမယ်။ ရှင်က ကျွန်မကို ချက်လက်မှတ် ရေးပေးလိုက်ရုံပါပဲ’ လို့ လူစီက ပြောပြီး တခြားအခန်းဘက်ကို ကူးသွားတယ်။ ကျွန်တော် မျက်နှာကို လက်နှစ်ဖက်အုပ်ထားပြီး ဘာဆုံးဖြတ်ရမှန်း မသိတော့ဘူး။ အိပ်မက်ဆိုးကနေ နိုးထပါရစေတော့လို့သာ ဆန္ဒပြုမိတယ်။ မျက်နှာပေါ်က လက်ကို ဖယ်လိုက်တဲ့အခါမှာ ကျွန်တော့်အမြဲဖြစ်တဲ့ ရစ်ချတ်က ကျွန်တော့်ရှေ့မှာ မားမားမတ်မတ် ရပ်နေတာ တွေ့လိုက်ရပါတယ်။

‘မင်း တော်တော်ညံ့တဲ့ကောင်ပဲ ဒေးဗစ်။ သူ သေပြီးသားကို ဟာသလာလုပ်နေတယ်။ အခုတော့ မင်း သူ့ကို ကြောက်နေပြီဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

သူသိသွားပြီပေါ့ကွ'တဲ့။ 'သူက သေပြီးသားလေ' လို့ ကျွန်တော် ပြန်အော်လိုက်မိတယ်။ 'အခု ငါ အိပ်မက်မက်နေတာကွ'လို့။ သူက 'မင်း အခု အိပ်မက် မက်နေတာလား၊ တကယ် ဖြစ်နေတာလားဆိုတာ ဘယ်သူက သိမှာလဲ။ ငါ မင်းကို အကြံပေးမယ်။ တကယ်လို့ မင်း သူ့ကို ပိုက်ဆံပေးလိုက်မယ်ဆိုရင် သူက နောက်ထပ် နောက်ထပ် လာနေဦးမှာပဲ' လို့ ရစ်ချတ်က ပြောတယ်။

'ဒါပေမဲ့ ငါ ဘာမှ မလုပ်နိုင်ဘူးလေကွာ'လို့ ကျွန်တော်က စိတ်ပျက်လက်ပျက်ပြောလိုက်တော့ သူက 'လုပ်နိုင်ပါတယ်ကွာ။ လူစီက တစ်ကြိမ် သေပြီးသားပဲ။ နောက်တစ်ကြိမ် ထပ်သေလိုက်ရုံပေါ့ကွာ'တဲ့။ 'မလုပ်နဲ့ကွာ၊ မင်းစကားငါနားမထောင်ချင်ဘူး'လို့ ကျွန်တော် အော်မိပါတယ်။ သူကတော့ 'မင်းမလုပ်နိုင်ဘူးဆိုရင် ငါ့လက်တွေနဲ့ ငါပဲ လုပ်ရမှာပေါ့။ ငါတို့ ငယ်ငယ်တုန်းကလို ငါ့ကိုကြည့်စမ်း ဒေးဗစ်'လို့ ဆိုပါတယ်။

ကျွန်တော် သူ့ကို မကြည့်မိဖို့ ကြိုးစားရင်း 'မကြည့်ဘူးကွာ'လို့ အော်လိုက်ပေမဲ့ ကျွန်တော့်မျက်လုံးတွေက သူ့အကြည့်က နေ ရှောင်လွှဲလို့ မရပါဘူး။ 'ငါ့မျက်လုံးတွေကို ကြည့်စမ်း ဒေးဗစ်'တဲ့။ 'မကြည့်ဘူးကွာ၊ မကြည့်ဘူး'လို့ ကျွန်တော် အော်နေမိပါတယ်။ ဒါပေမဲ့ ထွက်တော့ မပြေးနိုင်ပါဘူး။ ငယ်ငယ်တုန်းကလိုပဲ သူညို့ထားရင် ကျွန်တော် မပြေးနိုင်ပါဘူး။ ရစ်ချတ်ရဲ့ မျက်လုံးတွေက ကြီးသထက်ကြီးလာပြီး ကျွန်တော့်တစ်ကိုယ်လုံး ပျောက်သွားသလို ခံစားလိုက်ရပါတယ်။

'အခု မင်းကိုယ်ရဲ့ လှုပ်ရှားမှုတွေကို ငါထိန်းချုပ်လိုက်ပြီ ဒေးဗစ်။ အခု မင်းကို ငါစီးထားပြီ။ မင်းဦးနှောက်ထဲမှာ ငါရောက်နေပြီ'တဲ့။ ကျွန်တော် ရုန်းကန်လှုပ်ရှားကြည့်ပါတယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေထဲကနေ ကျွန်တော် ရုန်းမထွက်နိုင်ပါဘူး။ သူ့မျက်လုံးက ကျွန်တော်နဲ့ နီးသထက် နီးလာသလို ခံစားရပါတယ်။ ပြီးတော့ ရစ်ချတ် ပျောက်သွားပါတယ်။ သူနိုင်သွားပြီဆိုတာ ကျွန်တော် သိလိုက်ပါတယ်။ သူ့စိတ်နဲ့ ကျွန်တော့်ကိုယ် ဖြစ်သွားပြီပေါ့။ ကျွန်တော် ဘာမှ မတတ်နိုင်တော့ပါဘူး။ သူခိုင်းသမျှကို ကျွန်တော်လုပ်ရတော့မှာပါ။

လူစီက အခန်းထဲကို ပြန်ဝင်လာတယ်။ သူ့ကိုယ်ကို သေချာပေါက် ငွေရတော့မယ်လို့ ယုံကြည်ထားပုံရပါတယ်။ 'ကိုင်း… ဒေးဗစ်ရေ၊ ရှင့်စိတ်ကို ဆုံးဖြတ်ပြီးပြီလား'တဲ့။ 'လူစီရေ ကိုယ်ဆုံးဖြတ်ပြီးပါပြီ' လို့ ကျွန်တော့်ပါးစပ်က ထွက်သွားပါတယ်။ တကယ်တော့ ရစ်ချတ် ပြောလိုက်တာပါ။ သူ့အသံက ကျွန်တော့်ထက် အသံလုံးကြီးပါတယ်။ ခွန်အားပါတယ်။ ယုံကြည်မှုအပြည့်ရှိတယ်။ ဒီအသံကြားလိုက်တော့ လူစီက ထူးခြားတယ်ဆိုတဲ့ အကြည့်နဲ့ ကျွန်တော့်ကို လှမ်းကြည့်တယ်။

'ကျွန်မ ချက်လက်မှတ် မယူတော့ဘူး။ ငွေသားပဲ ပေးပါ'တဲ့။ 'ကျွန်မ လာ့စ်ဗီးဂတ်စ်ကိုရောက်ရင် ရှေ့နေဆီမှာ ကွာရှင်းစာချုပ် ရှင့်နာမည်နဲ့ လက်မှတ်ထိုးပေးလိုက်မယ်'တဲ့။ 'ကွာရှင်းစရာ မလိုပါဘူးကွာ'လို့ ရစ်ချတ်က ပြန်ပြောပါတယ်။ 'ရှင် မပေးချင်ဘူးဆိုတဲ့ သဘောလား။ အဲဒီလို ဆိုရင်တော့…'။

'အဲဒီလိုလည်း ဖြစ်စရာအကြောင်း မရှိပါဘူး။ မင်းသိအောင် ပြောရရင် ငါက ဒေးဗစ် မဟုတ်ဘူး။ ရစ်ချတ်ပါ'လို့ ပြောလိုက်တော့ လူစီက မရေမရာ ဖြစ်သွားပြီး 'ရစ်ချတ် ဟုတ်လား၊ ရှင် ဘာတွေပြောနေတာလဲ'လို့ ပြန်မေးပါတယ်။ 'ငါက ဒေးဗစ်ရဲ့ အမွှာညီအစ်ကိုပဲ။ ဒေးဗစ် မလုပ်ရဲတာတွေကို သူ့ကိုယ်စား ငါ လုပ်ပေးတာ'လို့ ရစ်ချတ်က ပြန်ပြောလိုက်ပါတယ်။

လူစီက 'ရှင် ဘာတွေ ပြောနေတာလဲ။ ကျွန်မ ပြန်တော့မယ်။ ရှင့်ကို မနက် ကိုးနာရီအထိ အချိန်ပေးမယ်။ ရှင် စိတ်အပြောင်းအလဲဖြစ်သွားပြီဆိုရင်တော့ ချက်လက်မှတ် လာပေးပေါ့'တဲ့။ ဒီတော့ ရစ်ချတ်က 'ချက်လက်မှတ်လည်း ပေးစရာမလိုဘူး။ မင်းက ကတိတည်မယ့် မိန်းမ မဟုတ်ဘူးဆိုတာ ကိုယ်သိသားပဲ'လို့ ဆိုပါတယ်။

ရစ်ချတ်က ရှေ့ကို တစ်လှမ်းတိုးလိုက်ပါတယ်။ လူစီ လန့်သွားပုံတော့ရတယ်။ သူထွက်ပြေးဖို့ လမ်းရှာကြည့် လိုက်တယ်။ အဲဒီအချိန်မှာပဲ ရစ်ချတ်က သူ့လက်မောင်းကို ဆွဲကိုင်လိုက်ပြီး လှည့်လိုက်ပါတယ်။ ပြီးတော့ လူစီ့လည်ပင်းကို ညှစ်တော့တာပါပဲ။ ကျွန်တော်ကတော့ ဘေးကနေ ကြည့်နေရ သလိုပါပဲ။ ရစ်ချတ်ရဲ့ လက်ချောင်းတွေက လူစီ့လည်ပင်းပေါ်မှာ ညှစ်သထက်ညှစ်လာတော့ သူ့မျက်နှာ အရောင်ပြောင်းလာခဲ့ပြီး မျက်လုံးတွေလည်း ပြူးထွက်လာပါတယ်။ စက္ကန့်သုံးဆယ်လောက် ရုန်းကန်နေပြီး လူစီ ပျော့ခွေသွားပါရော။ သူ့နှုတ်ခမ်းစွန်းနှစ်ဖက်ကနေ တံတွေးတွေလည်း ထွက်ကျလာခဲ့ပါပြီ။ ရစ်ချတ်ကတော့ လူစီသေသွားတာ သေချာအောင် မလွှတ်သေးပါဘူး။ သေချာပြီဆိုတော့မှ လက်လွှတ်လိုက်တဲ့အခါ ကြမ်းပေါ်ကို ပုံကျသွားပါတယ်။

'ကိုင်း… ဒေးဗစ် မင်းစကားပြောလို့ ရပြီ'တဲ့။ 'ဟင်… မင်း သူ့ကို သတ်လိုက်ပြီပဲ'လို့ ကျွန်တော်က ပြောတော့ ရစ်ချတ်က လက်ကိုင်ပဝါနဲ့ သူ့နှုတ်ခမ်းတွေကို သုတ်နေသေးတယ်။ 'စိတ်ဝင်စားစရာကောင်းတဲ့ အချက်ပဲကွ။ ငါ သူ့ကို သတ်လိုက်သတဲ့လား။ သူက သေပြီးတာ ကြာပြီ လေ'တဲ့။ 'မင်းလုပ်တာနဲ့ ငါတော့ စိတ်တွေရှုပ်နေပြီ။ သူသေပြီးတာ



www.burmeseclassic.com

www.burmeseclassic.com

တော့ မှန်တယ်။ အခုဟာက အိပ်မက်ထဲမှာလေ'လို့ ကျွန်တော်က ပြောတော့ သူက 'အေး… အိပ်မက်ထဲမှာလည်း အလောင်းတစ်ခုကိုတော့ အခန်းထဲမှာ ထားပစ်ခဲ့လို့ မရဘူးလေ။ ဒီတော့ တို့က သူလာခဲ့တဲ့နေရာကို ပြန်ပို့ ပေးရမှာပေါ့ကွ။ ဖဲယားဖီးလ် သုသာန်ကိုလေ'တဲ့။

'အဲဒါ မဖြစ်နိုင်ဘူးကွ' လို့ ကျွန်တော်က ငြင်းတော့ သူက 'မင်းအတွက်တော့ မဖြစ်နိုင်ဘူးဆိုပေမဲ့ ငါ့အတွက်ကတော့ ဖြစ်နိုင်တာပဲ။ လူစီ့အလောင်းကို ဓာတ်လှေကားနဲ့ ချသွားမယ်။ တက္ကစီတစ်စီးငှားပြီး သုသာန်ကိုသွားပို့မယ်။ အဲဒီတော့ မင်းပါးစပ် ပိတ်ထားလိုက်။ ငါခွင့်ပေးမှပဲ မင်းစကားပြောခွင့်ရမယ်'တဲ့။ အေးအေးဆေးဆေးပါပဲ။ သူ့အစီအစဉ်အတိုင်း သူ လုပ်သွားတယ်။ ပထမ သူက ကျွန်တော့်ဦးထုပ်နဲ့ လက်အိတ်ကို ဝတ်လိုက်တယ်။ ပြီးတော့ လူစီရဲ့ ခေါင်းပေါ်က ပဝါကို ဖြုတ်လိုက်ပြီး လူစီ့ဦးထုပ်နဲ့ တွဲထားလိုက်တယ်။ လူစီဝတ်လာတဲ့ ကုတ်အင်္ကျီကို သပ်သပ်ရပ်ရပ်ဖြစ်သွားအောင် လုပ်လိုက်ပြီး ဆံပင်ကိုလည်း သပ်ရပ်အောင် ပြင်ပေးလိုက်ပါတယ်။ သူတို့နှစ်ယောက် ရုန်းရင်းဆန်ခတ်ဖြစ်တုန်းက လူစီ့ခေါင်းက ဆံပင်တွေ ပုံပျက်သွားတာကိုး။ ပြီးတော့မှ လူစီရဲ့ အလောင်းကို သူ့ပခုံးပေါ် ထမ်းတင်လိုက်တာ အိပ်ပျော်နေတဲ့ ကလေးတစ်ယောက်ကို ထမ်းလိုက်သလိုပါပဲ။ ပြီးတော့ ဓာတ်လှေကားဆီကို လျှောက်သွားပါတယ်။

ဓာတ်လှေကား ခလုတ်ကို နှိပ်လိုက်ပြီး ခဏစောင့်နေချိန်မှာ လူစီရဲ့ ခန္ဓာကိုယ်ကလည်း သူ့ပခုံးပေါ်မှာပါပဲ။ ရစ်ချတ်က သီချင်းများ တောင်ညည်းနေသေးရဲ့။ ဓာတ်လှေကား တက်လာချိန်မှာ ဓာတ်လှေကားစောင့်ဖြစ်တဲ့ ညဂျူတီကျ ဂျင်မီက တံခါးဖွင့်ပေးပါတယ်။ 'ဒုက္ခပေးတာ ဂျင်မီရေ'လို့ ရစ်ချတ်က ပြောလိုက်ပြီး ဓာတ်လှေကားထဲ ဝင်လိုက်ပါတယ်။ လူစီရဲ့ ခန္ဓာကိုယ်က သူ့ပခုံးပေါ်မှာဆိုတော့ တည့်တည့်ဝင်လို့မရဘဲ ကိုယ်တစောင်းဝင်ရတယ်။ အဲဒီအချိန်မှာ လူစီရဲ့ ပိုက်ဆံအိတ်က ကျသွားတယ်။ ဂျင်မီက ကောက်ပေးလိုက်တယ်။

'ကောင်မလေးကွာ… အမူးလွန်သွားလို့။ သူက ဒီမလာခင်ကတည်းက သောက်ထားတာကိုး။ ကိုယ်က ကောက်တေးတစ်ခွက်ပဲ တိုက်လိုက်ရသေးတယ်။ ခေါင်းသွားတော့တာပဲ။ အခုကိုယ်က သူ့ကို အိမ်ပြန်ပို့ပေးရဦးမှာ။ ကိုယ့်ကို တက္ကစီတစ်စီးလောက် ငှားပေးပါလား'တဲ့။ ရစ်ချတ်ပြောနေတဲ့ ပုံစံကတော့ ယောကျာ်းချင်း အမူးလွန်သွားတဲ့ မိန်းကလေးတစ်ယောက်အကြောင်း ပြောနေသလိုပါပဲ။

'ဟုတ်ကဲ့ မစ္စတာကာပင်တာ'။ ဂျင်မီက နားလည် သဘောပေါက်စွာနဲ့ တုံ့ပြန်ပါတယ်။ ကျွန်တော်ကတော့ အမူပေါ်သွားပြီး အဖမ်းခံရတော့မှာကို စိုးရိမ်နေမိပါတယ်။ ဂျင်မီက တက္ကစီတစ်စီး ငှားလာပါတယ်။ ရစ်ချတ်က လူစီရဲ့ ခန္ဓာကိုယ်ကို ကားထဲထည့်လိုက်ပြီး ကျွန်တော်တို့ ထွက်လာကြပါတယ်။ မြင်ကွင်းကို ကြည့်မယ်ဆိုရင်တော့ သေဆုံးသွားတဲ့ မိန်းမတစ်ယောက်ကို ကားထဲထည့်ပြီး နယူးယောက်မြို့ရဲ့ ညလယ်သန်းခေါင်ယံမှာ သွားနေသလိုပါပဲ။ ညဏ်ပြေးလှတဲ့ ရစ်ချတ်ကတော့ သူ့အစီအစဉ်အတိုင်း ဘယ်သူမှမရိပ်မိဘဲ ချောမွေ့နေဆဲပါပဲ။ ဒါပေမဲ့ ကားထွက်လာပြီးနောက် ယာဉ်မောင်းက ဘယ်လိုမောင်းရမှာလဲလို့ မေးလိုက်ချိန်မှာတော့ ပြဿနာက စ,တော့တာပဲ။

'ဖဲယားဖီးလ်သုသာန်ကိုဗျာ'လို့ ရစ်ချတ်က ဖြေလိုက်တော့ ယာဉ်မောင်းက 'ဖဲယားဖီးလ်သုသာန် ဟုတ်လား၊ ဒီလို အချိန်ကြီးမှာ…၊ မနောက်ပါနဲ့ဗျာ'လို့ ဆိုပါတယ်။ ရစ်ချတ်က သူ့စကားကို အတွန့်တက်ရင် မကြိုက်တတ်တဲ့သူပီသစွာ 'ဒီမိန်းမက သေနေပြီဗျ၊ သူ့ကို သွားမြှုပ်မလို့'လို့ တုံ့ပြန်ပါတယ်။ ယာဉ်မောင်းက နောက်ပြန်လှည့်လိုက်ပြီး ဒေါသကြောင့် နီးမြန်းနေတဲ့ မျက်နှာနဲ့ 'ဒီလိုအချိန်မျိုးမှာ မနောက်ပါနဲ့ဗျာ။ ခင်ဗျား ဘယ်သွားမလဲဆိုတာ အမှန်အတိုင်း ပြောချင်ရင်ပြော၊ မပြောချင်ရင် ကျွန်တော့်ကားပေါ်က ဆင်းသွားပါ' လို့ ဆိုတယ်။

ရစ်ချတ်က ခဏတော့ ငြိမ်သွားတယ်။ ပြီးတော့မှ ပခုံးတွန့်လိုက်ပြီး 'ဆောရီး… မနောက်တော့ပါဘူးဗျာ။ ကျွန်တော်တို့ကို ရေးဗားဒေးလ်အနောက် ၂၃၅ လမ်း၊ အိမ်နံပါတ် ၉၃၇ ကို ပို့ပေးပါ'လို့ ဆိုလိုက်ပါတယ်။ ဒီတော့မှ ယာဉ်မောင်းက ကျေနပ်သွားပြီး 'အိုကေ၊ အဲဒီလိုလုပ်စမ်းပါ'တဲ့။ ခဏအကြာမှာ ကျွန်တော်တို့ဟာ နယူးယောက်မြို့ရဲ့ ရှုပ်ထွေးလှတဲ့ လမ်းမကြီးပေါ် ရောက်လာခဲ့ပါပြီ။ ပျော်ပွဲရွှင်ပွဲတွေ ပြီးဆုံးချိန်ဖြစ်လို့ ကားတော်တော်ရှုပ်ပါတယ်။ ရစ်ချတ်ကတော့ လူစီရဲ့ ခန္ဓာကိုယ်ကို ကလေးတစ်ယောက်လို သူ့ ရင်ခွင်ထဲမှာ ပွေ့ထားပြီး သီချင်းတစ်ပုဒ်ကို ညည်းနေခဲ့ပါတယ်။

ကားစီးနေရပေမဲ့ ကျွန်တော် အိပ်မက်ထဲမှာလိုပါပဲ။ တိုင်းမ်စကွဲကို ဖြတ်ပြီးသွားတော့ အပြင်က မီးရောင်တွေက လူစီ့မျက်နှာပေါ်ကို ဖြာကျနေပါတယ်။ တစ်ခါတလေမှာလည်း မီးပွိုင့်မိလို့ ကားရပ်စောင့်ကြရပါတယ်။ မီးပွိုင့်တွေမှာ ရှိနေကြတဲ့ ယာဉ်ထိန်းတွေကလည်း ကျွန်တော်တို့ကို စိတ်မဝင် စားပါဘူး။ ကမ္ဘာ့အကြီးဆုံးမြို့တော်ကြီးရဲ့ အသည်းနှလုံးနေရာကို ဖြတ်သန်းပြီး ရစ်ချတ်ကတော့ အလောင်းတစ်ခုကို သယ်လာခဲ့တာပါ။ ပြင်ပမှ ဘယ်သူကမှ ကျွန်တော်တို့ကို



www.burmeseclassic.com

www.burmeseclassic.com

သံသယ မရှိကြပါဘူး။ ဟင်နရီဟတ်ဆန် အဝေးပြေးလမ်းမကြီးကို ဖြတ်ပြီး ရေးဗားဒေးလ်ထဲကို ဝင်ခဲ့ကြပါတယ်။ ယာဉ်မောင်းက ရစ်ချတ်ပြောတဲ့ အိမ်လိပ်စာအတိုင်း မောင်းလာခဲ့တာပါ။ သူပြောတဲ့အိမ်က ကျွန်တော်ဝယ်ထားတဲ့ အိမ်ပါပဲ။ အဲန်နဲ့လက်ထပ်ပြီးရင် ကျွန်တော်တို့နေမယ့် အိမ်ပေါ့။ အိမ်ရှေ့ရောက်လို့ ကားပေါ်က ဆင်းချိန်မှာ ရစ်ချတ်က အိတ်ထဲကို နှိုက်ပြီး ယာဉ်မောင်းကို ကားခပေးလိုက်ပါတယ်။ ညမှောင်မည်းနေပါပြီ။ တစ်လမ်းလုံးလည်း တိတ်ဆိတ်ငြိမ်သက်နေပါတယ်။ ဒါကြောင့် ရစ်ချတ်ထမ်းလာတဲ့ လူစီရဲ့အလောင်းကိုလည်း ဘယ်သူမှ မြင်နိုင်စရာ အကြောင်းမရှိပါဘူး။ အိမ်ရှေ့က ကျောက်လှေကားထစ်လေးတွေကို တက်လိုက်ပြီး ရစ်ချတ်က အိမ်သော့ရှာဖွေဖွင့်လိုက်ကာ လူစီကို အိမ်ထဲ သယ်လာခဲ့ပါတယ်။

အိမ်ထဲရောက်ပေမဲ့ ရစ်ချတ်က မီးတွေမဖွင့်ပါဘူး။ ဧည့်ခန်းထဲက ဆိုဖာရှည်ပေါ်မှာ လူစီကို ချလိုက်ပါတယ်။ မျက်နှာချင်းဆိုင်ဘက်မှာ ဝင်ထိုင်လိုက်ပြီး စီးကရက် မီးညှိနေပါသေးတယ်။ ပြီးတော့မှ ‘ကိုင်း… ဒေးဗစ်ရေ မင်း စကားပြောလို့ ရပြီ’တဲ့။ ‘ရစ်ချတ် မင်းရူးနေလား၊ လူစီကို ဒီနေရာ ခေါ်လာပြီး ငါ့ဧည့်ခန်းထဲမှာ ချထားတာ။ အခု ငါတို့ဘာဆက်လုပ်ရမှာလဲ’လို့ ကျွန်တော် ဒေါသနဲ့ မေးလိုက်မိပါတယ်။ ‘ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာ’။ ရစ်ချတ်က အေးအေးဆေးဆေး ပြောနေတယ်။ သူက သူလုပ်နေတဲ့ အလုပ်ထဲမှာ သူများဝင် ပြီးပြောတာကို ကြိုက်တဲ့သူ မဟုတ်ဘူးလေ။ ‘တက္ကစီသမားကလည်းကွာ၊ ငါတို့ကို သုသာန်လိုက်မပို့လို့ ဒီကိုလာလိုက်ရတာ ဆိုးတာပဲ’တဲ့။

အဲဒီအချိန်မှာ လူစီက ထထိုင်ပါတယ်။ ဒယီးဒယိုင်နဲ့ မကျန်းမမာဖြစ်နေတဲ့ လူတစ်ယောက်လိုပါပဲ။ သူ့လက်တွေနဲ့ သူ့လည်ပင်းကို စမ်းလိုက်ပြီး စကားပြောဖို့ ကြိုးစားပါတယ်။ ထွက်လာတဲ့အသံက ဝူးဝူးဝါးဝါးဖြစ်နေပြီး သူပြောချင်တာကို တော်တော်ကြိုးစားပြောနေရပါတယ်။ သူက ‘ဒေးဗစ်နင် ငါ့ကို သတ်ဖို့ ကြိုးစားတယ် ဟုတ်လား’တဲ့။ ရစ်ချတ်က သူ့ဘက်ကိုလှည့်လိုက်ပြီး ‘ဩော်… ငါလုပ်ခဲ့တာ အလုပ်က မပြီးသေးဘူးပေါ့’လို့ ဆိုပါတယ်။ အမှောင်ထဲမှာဆိုတော့ သူလည်း လူစီကို ဝိုးတဝါးပဲ မြင်ရမယ် ထင်ပါတယ်။ ဒီတော့ လူစီက ‘နင် ငါ့ကို သတ်ဖို့ကြိုးစားတယ်’လို့ ထပ်ပြောတယ်။ သူ့ကိုကြည့်ရတာ မယုံနိုင်အောင်ဖြစ်နေတယ် ထင်ပါရဲ့။ ‘နင်ထောင်ကျစေရမယ်။ နင်ကျကိုကျရမယ်’လို့ သွေးရူးသွေးတန်း ပြောနေလေရဲ့။

ရစ်ချတ်က နေရာကနေ ထလိုက်ပြီး ‘အဲဒါမျိုး မင်းမလုပ်နိုင်ပါဘူးကွာ’လို့ ပြောရင်း လူစီ့နားကို ကပ်သွားပါတယ်။ ‘မင်းမသေသေးဘူးဆိုတော့ ထပ်သတ်ရမှာပေါ့’လို့ ဆိုလိုက်ချိန်မှာ လူစီက ထ,ပြေးပါတော့တယ်။ ပါးစပ်ကလည်း ‘ဆောရီးပါ ဒေးဗစ်ရယ်၊ ကျွန်မ မရည်ရွယ်ပါဘူး။ ပြန်လာဖို့လည်း မသင့်ပါဘူး။ ကျွန်မ ပြန်ထွက်သွားပါ့မယ်။ ရှင့်ကိုလည်း နောက်ဘယ်တော့မှ မနှောင့်ယှက်တော့ပါဘူး ဒေးဗစ်’လို့ ကြောက်လန့်တကြား ပြောနေပါတယ်။

‘ငါက ရစ်ချတ်၊ ဒေးဗစ် မဟုတ်ဘူး။ မင်းတော်တော် အသက်ပြင်းတဲ့ မိန်းမပဲ။ မင်း နှစ်ခါပြန်သေပြီးတာတောင် အသက်မထွက်သေးဘူး ဟုတ်လား။ ကိုင်း… တတိယအကြိမ်တော့ နောက်ဆုံးပေါ့’လို့ ရစ်ချတ်က ဆိုပါတယ်။ ‘ရစ်ချတ် မလုပ်နဲ့၊ သူ့ကို လွှတ်လိုက်ပါ။ သူ တကယ်ပြောနေတာပါ။ သူ နောက်ကို ဘယ်တော့မှ ပြန်လာမှာ မဟုတ်ပါဘူး’လို့ ကျွန်တော်က အော်နေပေမဲ့ ရစ်ချတ်က ကြားဟန်မတူပါဘူး။ ‘မင်းမိန်းမတွေအကြောင်း မသိပါဘူးကွာ၊ အထူးသဖြင့် လူစီလို မိန်းမတွေပေါ့။ အခုပြဿနာက သူနဲ့ငါနဲ့ ကြားမှာဖြစ်တာ။ မင်းနဲ့ ဘာမှမဆိုင်ဘူး။ သွားအိပ်ချေစမ်း ဒေးဗစ်။ ဒေးဗစ်… အိပ်တော့’လို့ အမိန့်ပေးပါတယ်။

ကျွန်တော် ဘာမှ မသိတော့ဘဲ သတိမေ့သွားပါတယ်။ တစ်ခန်းလုံးလည်း မှောင်မည်းနေပါတယ်။ ကျွန်တော့်အိပ်မက်ထဲမှာ ငယ်ငယ်တုန်းကလိုပဲ ဖြစ်နေတာပါ။ ရစ်ချတ် မောင်းထုတ်လိုက်ရင် ကျွန်တော် ဘာမှမသိတော့ဘဲ သူကျေနပ်အောင် အဝေးကို ရောက် သွားခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ကျွန်တော် ညဝတ်အင်္ကျီဝတ်ပြီး ကျွန်တော့်အိပ်ရာထဲ ရောက်နေပါတယ်။ ရစ်ချတ်ကတော့ ကျွန်တော့်ခုတင်နံဘေးမှာ ရပ်နေပြီး ကျွန်တော့်ကို ပြုံးကြည့်နေပါ့တယ်။

‘ကိုင်း… ဒေးဗစ်၊ မင်း ဒီနေရာမှာ လုံလုံခြုံခြုံနဲ့ စိတ်ချလက်ချနေပေတော့။ ငါလည်း ပြန်လိုက်ဦးမယ်။ ဒါပေမဲ့ ပြန်လာမှာနော်။ စိတ်မပူနဲ့’လို ဆိုတယ်။ ‘လူစီရော…’လို့ ကျွန်တော် မေးလိုက်တော့ သူက သမ်းဝေလိုက်ပြီး ‘လူစီကို မေ့လိုက်စမ်းပါကွာ၊ မင်းကို သူ ဘယ်တော့မှ ဒုက္ခပေးတော့မှာ မဟုတ်ဘူး။ သူ ဒီကိစ္စကို မနှောင့်ယှက်နိုင်အောင်လည်း ငါပြောလိုက်ပြီးပါပြီ’တဲ့။ ‘မင်း… မင်းက ဘယ်လိုလုပ်လိုက်တာလဲ’လို့ ကျွန်တော်မေးတော့ ‘ဂွတ်နိုက် ဒေးဗစ်။ မနက်မိုးလင်းရင် မင်း ဒီအကြောင်းတွေ ဘာမှသတိရမနေနဲ့တော့။ ဒါဟာ အိပ်မက်တစ်ခုပဲ။ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ အိပ်မက်ပေါ့ကွာ’လို့ ဖြေပါတယ်။

အဲဒီလိုနဲ့ သူပျောက်သွားတယ်။ ကျွန်တော် မျက်စိဖွင့်ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

မနက် ၉ နာရီထိုးနေပြီ။ ကျွန်တော့်အိပ်မက်ကတော့ အဲဒါပါပဲ ဒေါက်တာ။

ကျေးဇူးပဲ ဒေးဗစ်၊ ဆရာ နားလည်ပြီ။ မင်းနိုးလာတဲ့အခါ ရှင်းပြပါမယ်။ နောက်ကို ဒီလိုအိပ်မက်မျိုး မမက်တော့ ပါဘူး။

ကျေးဇူးပါ ဒေါက်တာ။

မင်းရဲ့ ပထမဇနီး လူစီ မသေခင်ကတည်းက သေစေချင်တဲ့ဆန္ဒ မင်းမှာ ရှိနေခဲ့တယ်။ ဟုတ်တယ် မဟုတ်လား။

ဟုတ်တယ် ဆရာ၊ ကျွန်တော် သူ့ကို သေစေချင်တာ။

အတိအကျပါပဲ။ သူ သေသွားတဲ့အခါမှာ မင်းက မင်းဆန္ဒ ရှိလို့သာ သူသေသွားရတာပဲဆိုပြီး စိတ်မသန့် ဖြစ်နေခဲ့တာ။ သူ့ကို မင်း ကိုယ်တိုင်သတ်ခဲ့သလိုပဲ ပေါ့ကွာ။ မင်း အဲန်နဲ့ လက်ထပ်မယ့်နေ့မှာ အဲဒီမသိစိတ်က ပြန်ပေါ်လာခဲ့တယ်။ မင်းအိပ်မက်ထဲမှာ လူစီက အသက်ပြန်ရှင်လာပြီး မင်းဆီ လာတယ်ပေါ့။ နာရီနှိုးစက်က မြည်တဲ့အသံကို အိပ်မက်ထဲမှာ တယ်လီဖုန်းမြည်တဲ့အသံလို့ အောက်မေ့နေတာပါ။ အဲဒီကနေ မင်းအိပ်မက်ရှည်ကြီး မက်တော့တာပေါ့။ အိပ်မက်ထဲမှာ လူစီပါတယ်၊ ရစ်ချတ် ပါတယ်။ အားလုံးပေါ့ကွာ။ ဆရာရှင်းပြတာ နားလည်ပြီလား။

ဟုတ်ကဲ့ဆရာ၊ ကျွန်တော် နားလည်ပါတယ်။

ကိုင်း… ခဏလောက် နားလိုက်ဦး။ မင်း ပြန်နိုးရမယ့်အချိန်မှာ ဆရာ နှိုးလိုက်ပါ့မယ်။ အဲဒီအချိန်မှာ မင်းအိပ်မက်ဆိုးကြီးကို ဘာမှ သတိမရစေရတော့ဘူး။ နောက်ကိုလည်း မင်းကို ဒုက္ခပေးတော့မှာ မဟုတ်ဘူး။ အခုတော့ နားလိုက်ပါဦး ဒေးဗစ်။

ဟုတ်ကဲ့ ဒေါက်တာ။

အို… ဒေါက်တာ မေဆန်ရယ်။

ဟုတ်ကဲ့၊ မစ္စစ်ကာပင်တာ ဘာများပြောချင်လို့လဲ။

သူ နောက်ထပ် ဒီလိုအိပ်မက်ဆိုးကြီး မမက်တော့ဘူးဆိုတာ သေချာလား ဒေါက်တာ။

သေချာပါတယ်။ သူ့မသိစိတ်ထဲမှာ ကိန်းအောင်းနေတဲ့ အပြစ်တစ်ခုကို အခု ဆရာတို့ ဖော်ထုတ်လိုက်နိုင်ပြီပဲ။ သူ ဖွင့်ပြောပြီးတဲ့နောက်မှာ ဒီအိပ်မက်က မရှိတော့ပါဘူး။

ဝမ်းသာလိုက်တာ ဆရာရယ်။ ဒေးဗစ်ခမျာ တော်တော်ကြီးကို စိတ်ပင်ပန်းနေရတာ။ ဟော… တံခါးဘဲလ်သံကြားတယ်။ ကျွန်မကို ခွင့်ပြုပါဦး။

ရပါတယ်။

ဩော်… ကျွန်မတို့အတွက် ဖောင်တွေလာပို့တဲ့သူပါလား။ ဒေးဗစ်ရဲ့ ညီမက မင်္ဂလာလက်ဖွဲ့ပေးထားတာလေ။ အဲဒါကို ကျွန်မက လျှော်ဖို့အပ်ထားခဲ့တာ။ လှတယ်နော် ဆရာ။

အေးကွာ လှလိုက်တာ။

ဒီဖောင်တွေကို ဒေးဗစ်ရှင်းပေးထားတဲ့ သေတ္တာထဲ ထည့်ရဦးမယ်။ သူက အဲဒီသေတ္တာကို ပြတင်းပေါက်ရဲ့ အောက်မှာ ထားတာလေ။ ဒီသေတ္တာက လေလုံတယ် ဆရာရဲ့။ ပိုးကိုက်မှာလည်း မစိုးရိမ်ရဘူးလို့ ဆိုတာပဲ။ ဟုတ်မယ်ထင်ပါရဲ့။ ကျွန်မ က ပရုတ်လုံးနံ့ကို မခံနိုင်ဘူးလေ ဆရာရဲ့၊ ဒါကြောင့် ဖောင်တွေထည့်တဲ့နေရာမှာ ပရုတ်လုံး မသုံးဘူး။

ဒေးဗစ် မင်း ထ,လို့ ရပြီ။ ကောင်းတယ်။ မင်း အခု ဘယ်လိုနေသေးလဲ။

ကျွန်တော် နေကောင်းပါတယ် ဒေါက်တာ။ ဒါပေမဲ့ ကျွန်တော်က ရစ်ချတ်ပါ။ ဒေးဗစ် မဟုတ်ပါဘူး။ ဒေါက်တာ့ကို ဒေးဗစ်က ပြောသွားခဲ့တာ။ သူ့အိပ်မက်လို့ ပြောတယ်။ ဒေးဗစ်ဆိုတဲ့ကောင်က အမြဲတမ်း အဲဒီလိုပဲ သူတစ်ခုခုလုပ်ပြီးပြီဆိုရင် ဖုံးကွယ်ထားနိုင်ဖို့ ကြိုးစားတတ်တယ်လေ။ သူပြောတဲ့ တယ်လီဖုန်းလာတယ်ဆိုတာက…။

အဲန် မဖွင့်နဲ့လေ။ အဲဒီသေတ္တာကို မဖွင့်နဲ့။ ငါပြောနေတယ်နော်။ ဩော်… ပြောနေတာ နားမထောင်ဘဲ ဖွင့်လိုက်ပြီကိုး။ အခုမှတော့ ကြောက်လန့်တကြား အော်မနေနဲ့တော့။ အဲဒီအထဲမှာ ဘာရှိတယ်ဆိုတာ မင်းသိ သွားပြီပဲ။

■

**ဝင်းငြိမ်း**

***ဘာသာပြန်သူ၏ မှတ်ချက်***

*ဖော်ပြခဲ့တဲ့ ဘာသာပြန်ဝတ္ထုမှာ စာရေးဆရာ ရောဘတ်အာသာ ရေးသားပြီး လျှို့ဝှက်သည်းဖိုစာရေးဆရာကြီး အဲလ်ဖရက်ဟာစ်ချ်ကော့ လက်ရွေးစင်ဝတ္ထုစာအုပ်မှာ ဖော်ပြခြင်းခံခဲ့ရတဲ့ဝတ္ထု ဖြစ်ပါတယ်။ ဒီဝတ္ထုကို စာရေးဆရာ၊ အဆိုတော်၊ ဒါရိုက်တာ၊ သရုပ်ဆောင် (ဦး)ဝင်းဦးက* ***ဆောင်းအိပ်မက်*** *အမည်နဲ့ ရုပ်ရှင်ရိုက်ကူးခဲ့ပြီး အောင်ပွဲခံခဲ့ဖူးပါတယ်။ ဇာတ်ဝင်တေးတစ်ပုဒ်ဖြစ်တဲ့ "မပြီးသေးသော ပန်းချီကား" သီချင်းကို ဒုတိယဇနီးဖြစ်တဲ့ ဖျာပုံမယ်တင်တင်အေးနဲ့ လက်ထပ်အပြီး ပြန်လာစဉ် သီဆိုတဲ့အခန်းကလွဲရင် အားလုံး တစ်ထပ်တည်းပါပဲ။ အငှားယာဉ်မောင်းအဖြစ် (ဦး)ဖိုးပါကြီး သရုပ်ဆောင်ပြီး ဆရာဝန်အဖြစ် (ဦး)ဗိုလ်ဗကို၊ ပထမဇနီးအဖြစ် (ဒေါ်)အေးအေးသင်းတို့ ပါဝင်သရုပ်ဆောင်ခဲ့ကြတာပါ။ ကျွန်တော့်ဆီမှာ ဒီစာအုပ်ရှိခဲ့ဖူးပေမဲ့ ပျောက်သွားတာကြာပြီဖြစ်လို့ ရေးချင်စိတ်ရှိပေမဲ့ မရေးဖြစ်ခဲ့ပါဘူး။ အခု ကျွန်တော့်ဖေ့စ်ဘွတ်ခ်မိတ်ဆွေ နယ်လ်ဆင်ဝင်းက အမေရိကန်ပြည်ထောင်စုကနေ ပေးပို့ခဲ့လို့ စိတ်ထဲမှာရှိတဲ့ဆန္ဒကို ဖြည့်ဆည်းလိုက်နိုင်ခြင်း ဖြစ်ပါတယ်။ စာအုပ်ပေးပို့ခဲ့တဲ့ နယ်လ်ဆင်ဝင်းကိုလည်း ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါတယ်။*



■



www.burmeseclassic.com

www.burmeseclassic.com

စာပေနှင့်ပုံနှိပ်လုပ်ငန်း

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိ တာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Table Calendar
- File Holder
- Pamphlet
- Box
- Booklet
- Name Card
- Voucher
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ်(၁၃၃)၊ လမ်း(၄၀)၊ ကုန်သည်နှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း [illegible]၉၈၂၂၀

www.burmeseclassic.com

www.burmeseclassic.com

# ရွှေအသစ်

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း အမှတ် ၃၅၁၊ ဖေဖော်ဝါရီ၊ ၂၀၁၉

ဒီလမှာလည်း အကြောင်းအရာအားဖြင့် ဆင်တူယိုးမှားတွေကပဲ အများစုဖြစ်နေသေးတာကို တွေ့ရပါတယ်။ စာပေစိစစ်ရေးအလွန်ခေတ်မှာ အကြောင်းအရာရော ရေးဟန်ကိုပါ အသစ်ဖြစ်ဖို့ မျှော်လင့်ပါတယ်။

၁။ *နောင်တင့်ရှိုက်သံ*
**မျိုးနေသစ်(မြိုင်)**

အရေးအသား သင့်ပါတယ်။ ဒါပေမဲ့ စိတ်ပညာဆိုင်ရာ အချက်အလက်တချို့ကို အခြေခံပြီး ရေးသားထားတာ ဖြစ်နေပါတယ်။ ပညာပေးဆန်ပေမဲ့ တိကျခိုင်လုံတဲ့ အကိုးအကား အထောက်အထားတွေနဲ့ သေချာတည်ဆောက်မထားနိုင်တဲ့ အတွက် အားနည်းသွားတဲ့စာမူတစ်ပုဒ် ဖြစ်ပါတယ်။ ဒီလို အကြောင်းအရာမျိုးကို အကိုးအကား၊ အထောက်အထား အစုံအလင်နဲ့ ဆောင်းပါးအဖြစ် ရေးသားဖို့ သင့်တော်ပါတယ်။

၂။ *ရင်မြေပေါ်မှ ပျိုးတစ်ခင်း*
**နွေနှောင်း(မေယုမြေ)**

အရေးအသား သင့်ပါတယ်။ အကြောင်းအရာရော တင်ပြပုံပါ ရိုးစင်းပြီး အဖွဲ့အနွဲ့အားနည်းလွန်းပါတယ်။

၃။ *ပါးစပ်ရာဇဝင်ဖြစ်လို့ ကျန်ခဲ့*
**ကိုဇော်(နွေဥသြ)**

စကားပြေ၊ စကားပြော ရောထွေးနေပြီး ဇာတ်ကြောင်းပြောဖို့အတွက် အားသန်ကာ ဇာတ်ကောင်တွေကို အသက်ဝင်အောင် မဖန်တီးခဲ့နိုင်ပါဘူး။

၄။ *ယန်းတဆုပ်၊ လွမ်းတေးတပုဒ် (သို့မဟုတ်) တပင်ထဲ ရင်ထဲကနွယ်*
**ရွှေချောင်းသာ(မအူပင်)**

စာမျက်နှာ ၂၂ မျက်နှာရှိတဲ့ သာမန်အချစ်ဝတ္ထုတစ်ပုဒ်သာဖြစ်ပါတယ်။ ပုဒ်မခွဲဘဲ စာရေးထားတဲ့အတွက် ဖတ်ရလည်း အလွန်ခက်ပါတယ်။ ရွှေအသစ်စာမူပေးပို့မယ်ဆိုရင် စည်းကမ်းချက်က ဖော်ပြထားတဲ့ စာမျက်နှာအရေအတွက်ထက် မကျော်လွန်ဖို့ အားထုတ်စေချင်ပါတယ်။

၅။ *ရင်တွင်းတချွေ*
**စံထိုက်သူ**

ငှက်သိုက်အားဆေးနဲ့ ပတ်သက်တဲ့ သားသမီးမေတ္တာဘွဲ့တစ်ပုဒ်သာ ဖြစ်ပါတယ်။ အရေးအသား ဆွဲဆောင်မှုအားနည်းလှပါတယ်။

၆။ *ဝေလေလေ*
**မင်းသျှင်**

မင်းရှင် ဆိုတဲ့ စာရေးဆရာကြီးတစ်ယောက် ရှိခဲ့ပါတယ်။ ဒါကြောင့် ကလောင်နာမည်ကို ဆင်တူယိုးမှား အသုံးမပြုဖို့ ပြောချင်ပါတယ်။ စကားပြေ၊ စကားပြော ရောနေပြီး အပြောအားသန်တဲ့ စာမူတိုကလေးပဲ ဖြစ်ပါတယ်။

၇။ *ကျွန်မအချိန်တစ်ခုကို ပြန်လိုချင်တယ်*

၈။ *မေတ္တာ၊ စေတနာ*
**ဆည်းဆာမောင်(စက်မှုမြို့)**

စာမူနှစ်ပုဒ်စလုံးကို ကွန်ပျူတာစာစီပေးပို့ပေမဲ့ ပုဒ်မခွဲဘဲ ဆက်တိုက်စီထားတဲ့အတွက် ဖတ်ရတာ အတော်ခဲယဉ်းပါတယ်။ စာမူနှစ်ပုဒ်စလုံးကလည်း စာညွှန့်ဆန်ဆန် ရေးဖွဲ့ထားတာတွေ ဖြစ်နေပါတယ်။ စာများများ ဖတ်ပါဦး။

၉။ *မိစုလေးအဆူမခံရတော့ပါ*
**မိုမိုလတ်(TV)**

အရေးအသား သင့်ပါတယ်။ အကြောင်းအရာနဲ့ တင်ပြပုံက သမားရိုးကျဆန်လွန်းပြီး ဘယ်လိုဇာတ်သိမ်းမယ်ဆိုတာကို မှန်းလို့ ရနေပါတယ်။ စာဖတ်နာမှ စာရေးပါ။

၁၀။ *မှီ*
**ရောင်နီသက်လွင်(ဘိုကလေး)**

အကြောင်းအရာ စိတ်ဝင်စားဖွယ်ဖြစ်အောင် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com

ထားပေမဲ့ အရေးအသားပိုင်းမှာ အားနည်းနေတဲ့အတွက် ဆွဲဆောင်မှုအားနည်းရပါတယ်။

၁၁။ *တစ်ကြောင်းတည်းဝါကျ*

**အရင်လူ(တွံတေး)**

မိဘမေတ္တာကို ခပ်ရိုးရိုးရေးဖွဲ့ထားတာဖြစ်ပြီး အရေးအသားပြေပြစ်ပေမဲ့ သဒ္ဒါပိုင်းဆိုင်ရာ နားလည်မှုလွဲမှားနေပါတယ်။ တင်ပြပုံလည်း ရိုးစင်းပါတယ်။

၁၂။ *ကျွန်တော်ရှက်လိုက်တာ အမေရယ်*

**ယုလေး(ဥပဒေ)**

ရှက်စရာကောင်းလောက်အောင် ဆိုးရွားတဲ့ ဖခင်အကြောင်း ရေးဖွဲ့ထားတာဖြစ်ပြီး ဒီထက်ဘာမှ ထူးခြားတာမရှိပါဘူး။

၁၃။ *အေးမြမေတ္တာ*

**လွန်းဂျာတင်**

စကားပြေ၊ စကားပြော ရောထွေးနေပါတယ်။ ဖခင်အိုနေရာက ရေးဖွဲ့ထားပြီး သမားရိုးကျတင်ပြပုံမျိုးသာ ဖြစ်နေပါတယ်။

၁၄။ *တက်မကျိုးသေးပါ*

**အညတြ**

အကြောင်းအရာရော တင်ပြပုံပါ ရိုးစင်းလွန်းတဲ့ စာမူတစ်ပုဒ် ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ ပတ်သက်တဲ့စာမူသာ ဖြစ်ပါတယ်။

၁၅။ *မြင်ကွင်းကစေတနာ ရင်တွင်းကဝေဒနာ*

**နေအလင်္ကာတေး**

အရေးအသား ပြေပြစ်ပါတယ်။ ဖခင်မေတ္တာကို ရေးဖွဲ့ထားတာဖြစ်ပြီး ထူးခြားမှုမရှိသလို တင်စားချက်တွေကလည်း အားပျော့လွန်းပါတယ်။

၁၆။ *လောကစံကို ဒူးမထောက်တဲ့ ခါချဉ်တစ်ကောင်ရဲ့ ခြေလှမ်းများ*

၁၇။ *သေတ္တာကြီး*

**မိုးသောက်ထွန်း**

ဆင်းရဲသူတွေဟာ အနှိမ်ခံရမြဲဆိုတဲ့ သဘောမျိုးရေးထားတဲ့ **လောကစံကို....** စာမူက ရိုးစင်းလွန်းလှပါတယ်။ **သေတ္တာကြီး** ကတော့ လောဘအကြောင်း ရေးဖွဲ့ထားတာဖြစ်ပြီး တင်ပြပုံအားနည်းလှပါတယ်။

၁၈။ *ပါပီကလေးတို့ရွာ*

**မောင်လူအေး(စီးပွားရေး)**



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုစာစုလို့ ရေးထားပေမဲ့ စာသွန့်သာသာ ဖြစ်နေပြီး ကိုယ်ပြောချင်တာကို ကိုယ်တိုင်ရှင်းရှင်းလင်းလင်း သိပုံ မရပါဘူး။

၁၉။ *မေခင့် အိမ်ဦးနတ်*

**ကိုးငယ်မင်း**

သမားရိုးကျ အိမ်ထောင်ရေးဇာတ်တစ်ပုဒ်ဖြစ်ပြီး ထူးခြားမှု မရှိပါဘူး။

၂၀။ *နိမိတ်၏ကောက်ကြောင်း*

**ပိုင်သုဝေ**

ချဲထီနောက်ခံ စာမူတစ်ပုဒ်ဖြစ်ပြီး ထူးခြားမှုမရှိပါဘူး။

၂၁။ *လမ်းပျောက်တဲ့ကြယ်*

**မာအိမ်နှင်း**

ကျောင်းဆရာမအတွေ့အကြုံနောက်ခံ စာမူတစ်ပုဒ်ဖြစ်ပြီး ရိုးစင်းလွန်းလှပါတယ်။ စကားပြေ၊ စကားပြောလည်း ရောထွေးနေပါတယ်။

၂၂။ *ကျေးရွာပြူ၍ ခါးကို မတို့ပါနှင့်*

**မောင်ပိုင်(လေးမျက်နှာ)**

ယောင်တတ်သူတွေအကြောင်းနောက်ခံ စာမူတစ်ပုဒ် ဖြစ်ပြီး ထူးခြားမှုမရှိပါဘူး။

၂၃။ *နေရောင်မရသောယန်း*

၂၄။ *လူလိမ်စာရင်း*

**လင်းသပြေမောင်**

အရေးအသား ပြေပြစ်တဲ့စာမူတွေ ဖြစ်ပါတယ်။ **နေရောင် မရသောယန်း** ကတော့ ရိုးစင်းလွန်းလှတဲ့ အချစ်ဝတ္ထု စာမူတစ် ပုဒ်ပါပဲ။ **လူလိမ်စာရင်း** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြ ပေးလိုက်ပါတယ်။

၂၅။ *နွံပေါ်ကလှေ*

၂၆။ *ပုရစ်ဖူးပုံပြင်*

၂၇။ *သမုဒယ သစ္စာ*

**ကျေး(ဆေး ၁)**

အရေးအသား ပြေပြစ်တဲ့ စာမူတွေ ဖြစ်ပါတယ်။ **နွံပေါ်ကလှေ** မှာ သမီးနေရာနဲ့ ဇနီးနေရာကနေ ပြောင်းလဲရေးဖွဲ့ထားပေမဲ့ ဒီထက်ပိုပြီး ပီပြင်ဖို့ အားထုတ်သင့်တယ်လို့ မြင်ပါတယ်။ ကျန်နှစ်ပုဒ်ကို ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်တဲ့ စာမူတွေကတော့-

**ကောင်းသိုက်စိုး(ကောင်း-မန္တလေး)** ရဲ့ ***ဆရာမအကောင့်ကို ကျွန်တော် ဘလော့ခဲ့မိတယ်***၊ **ညီလင်းအိမ်** ရဲ့ ***အိပ်မက်အရောင်းဆိုင်***၊ **ရွှေသူရစ္ဆ(ထားဝယ်)** ရဲ့ ***အနစ်ကလေး ဘယ်ဆီရောက်လို့နေ…***၊ **မိုးယံဝင့်ထည်** ရဲ့ ***ရှန်းထွက်ခက်သော အမှောင်ကမ္ဘာ***၊ **မေဂျိုးငယ်** ရဲ့ ***စကားပြောသော ပင်လယ်***၊ **ကျောက်စက်ရဲမွန်** ရဲ့ ***ရင်ကွဲကြိုဂံ***၊ **ပိုပိုအောင်(ဝန်းသို)** ရဲ့ ***လူမွဲတစ်ယောက်ရဲ့လမ်း*** တို့ ဖြစ်ပါတယ်။

**မသီတာ၊စမ်းချောင်း၊**

❑

*ဆရာမ မသီတာ(စမ်းချောင်း) ဒီလမှာ တင်ပေးလိုက်တဲ့ ရွှေအသစ်များက အားလုံးနီးပါး ကောင်းနေကြပါတယ်။ ဒါပေမဲ့ ကျွန်တော်ပေးနိုင်တဲ့ စာမျက်နှာအရ အကောင်းတွေထဲက အကောင်းဆုံးများကိုသာ ရွေးရတာဖြစ်လို့ မပါတဲ့သူများ ဆက်ပြီး ကြိုးစားစေချင်ပါတယ်။*

*ဆရာ ကျောက်စက်ရဲမွန် ရဲ့ 'ရင်ကွဲကြိုဂံ' ဝတ္ထုက မြို့ပေါ်မှ ကျောင်းအိပ်ကျောင်းစား ကျူရှင်သင်တန်းတစ်ခုကို မိဘက ငွေကုန်ကြေးကျခံပြီး ထားခဲ့ပေမဲ့ ကျောင်းသားကိုယ်တိုင်က မပျော်ပိုက်လို့ နောက်ဆုံးမှာ သူ့ကိုယ်သူ သတ်သေသွားတယ်လို့ အဆုံးသတ်ထားပါတယ်။ အဆုံးသတ်က မသင့်တော်*



www.burmeseclassic.com

www.burmeseclassic.com

လို့ ကျွန်တော် ထင်ပါတယ်။

ဆရာ မိုးယံဝင့်ထည် ရဲ့ 'ရုန်းထွက်ခက်သော အမှောင်ကမ္ဘာ' ဝတ္ထုက မိဘအတွက် ငွေလိုနေတဲ့ ဝန်ထမ်းတစ်ယောက် ဘဏ်က ငွေထုတ်ရာမှာ ပိုပြီးပါလာတဲ့ ငွေကို ပြန်ပေးဖို့ သင့်၊ မသင့် စဉ်းစားပုံ ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ရေးသားပုံ သင့်ပေမဲ့ တခြားဝတ္ထုများနဲ့ ယှဉ်လိုက်ရင် အားပျော့သွားတာ ဖြစ်လို့ ကျွန်တော် မသုံးဖြစ်ပါ။

ဆရာ ကျော်(ဆေး-၁) ရဲ့ 'ပုရစ်ဖူးပုံပြင်' နဲ့ပတ်သက်ပြီး ပြောချင်ပါတယ်။ ကွန်ပျူတာစာစီထားပြီး စာမျက်နှာ တော်တော်များနေပါတယ်။ ကွန်ပျူတာစာစီမယ်ဆိုရင် ၁၃ ပွိုင့် လေးမျက်နှာလောက်ပဲ ရေးပါ။ ဇာတ်လမ်းက သက်ငယ် မုဒိမ်းမှုကို ရေးဖွဲ့ထားတာဖြစ်တဲ့အပြင် လိင်တူကိစ္စလည်း ဖြစ်ပါတယ်။ ရေးဖွဲ့ပုံ သေသပ်ပါတယ်။ ဒါပေမဲ့ ဆရာ့ရဲ့ နောက်ထပ်တစ်ပုဒ် ပါဝင်သေးတာကြောင့် ဒီတစ်ပုဒ်ကိုတော့ ချန်ထားခဲ့ပါတယ်။

ဆရာ လင်းသပြေမောင် ရဲ့ ဝတ္ထုကတော့ သစ်ဆိုင်ဖွင့်တဲ့ လင်မယားနှစ်ယောက် အကြွေးကျလို့ စိတ်ညစ်ရတဲ့အကြောင်း 'လူလိမ်စာရင်း' ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးဖွဲ့ထားပါတယ်။ ကျွန် တော် အားမရပါ။

ဆရာ ရွှေသူရစ္ဆ(ထားဝယ်) ရဲ့ 'အနှစ်ကလေး ဘယ်ဆီရောက်လို့နေ' ဝတ္ထုမှာ ကန့်သတ်စာမျက်နှာထက် များနေတဲ့ အပြင် ထူးခြားမှု မရှိပါဘူး။ အဘွားတစ်ယောက်က မြေးဖြစ်သူ ကို လွမ်းတဲ့ ဇာတ်သာ ဖြစ်ပါတယ်။ မသုံးဖြစ်ပါဘူး။

ဆရာမ မေဂျိုးငယ်ရဲ့ 'စကားပြောသောပင်လယ်' ဝတ္ထုက ပင်လယ်ကမ်းခြေမှာ နေထိုင်ကြတဲ့ သားအမိနှစ်ယောက် အကြောင်း ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ကျွန်တော် အားမရပါ။

ဒါကြောင့် ဒီလမှာ ရွှေအသစ်များအဖြစ် ဆရာ ကျော်(ဆေး-၁)ရဲ့ 'သမုဒယသစ္စာ'၊ ဆရာ ညီလင်းအိမ်ရဲ့ 'အိပ်မက်အရောင်းဆိုင်'၊ ဆရာမ ပိုပိုအောင်(ဝန်းသို)ရဲ့ 'လူမွဲတစ်ယောက်ရဲ့လမ်း'၊ ဆရာ ကောင်းသိုက်စိုး(ကောင်း-မန္တလေး)ရဲ့ 'ဆရာမအကောင့်ကို ကျွန်တော် ဘလော့ခဲ့မိတယ်' တို့ကို ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။

■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



အမယ်လေးတော်··· မိုးကလည်း ရွာလိုက်တာ။
ညကတည်းက ရွာနေတာ၊ ခုထိကို သည်းနေတုန်း။
ရေဒီယိုကနေ မုန်တိုင်းဆိုတာကို
ကြားတော့ ကြားမိပါရဲ့။ ခုတလောလည်း
ဝင်လိုက်တဲ့ မုန်တိုင်းဆိုတာ ပြောကို
မပြောချင် တော့ပါဘူး။ ကျုပ်ဖြင့် နေလာတာပဲ
အသက် ၇၀ ကျော်ပြီ၊ ဒီလောက် ဥတုဆိုးတဲ့
နှစ်ကို ကြုံ့ကြုံဖူးပေါင်တော်။
ကျုပ်တို့နိုင်ငံလည်း နေလို့ဖြင့် တကယ်ကို
မကောင်းတော့ဘူး။ ရာသီဥတုက
မကောင်းရတဲ့ကြားထဲ လူတွေဆိုတာလည်း

# ကျေး
၊ဆေး-၁၊

## သမုဒယသစ္စာ

အမှတ် ၃၅၁ ဖေဖော်ဝါရီ ၂၀၁၉

ဆိုးချက်ပါတော်။ ဟိုဘက်ကလု၊ ဒီဘက်က
သတ်နဲ့လေ။ အမှုအကြောင်းတွေ နားစွန်နားဖျား
ကြားမိတာတောင် ကြက်သီးတွေ ထ,မိပါရဲ့။ ဒီလို
မလုံမခြုံဖြစ်နေတဲ့ တိုင်းပြည်မှာ ကျုပ်လို တဲစုတ်ထဲ
နေရတဲ့ အဘွားကြီးတစ်ယောက်က နှစ် ၇၀ ကျော်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အသက်ရှည်နေရတယ် ဆို တာကလည်း ဝဋ်တစ်မျိုးပဲ။

"အမေရာ… ဘာတွေ ထိုင်လုပ်နေသလဲ။ ဒီမှာစောင့် ရတာ အိုသေတော့မယ်"

အိုး… ခက်ပါရဲ့။ ကျုပ်မလည်း အသက်ကြီး တော့ အတွေးတွေက တော် ရုံမရပ်နိုင်ဘူး။ တစ်ခါတစ်ခါ တွေးမိရင် မျောကိုသွားတာ။ ဝဋ်တွေထဲမှာ အဆိုးဆုံးက လည်း သားသမီးဝဋ်ပဲ။ တစ် သက်လုံး ရှာကျွေးလာတဲ့ အမေကို ခဏလေးစောင့်ရ တာများ အိုသေတော့မတဲ့ လေ။ ကျုပ်ကသာ ရှင်တို့ကို ရှာကျွေးရင်း အိုသေမယ့် အသွားကြီးပါတော်၊ အိုသေ မယ့် အသွားကြီးပါ။

စိတ်ထဲကသာ ညည်း ရဲ့တာ၊ အသံထွက် မညည်း ရဲဘူး။ အား… ကျွတ် ကျွတ်… ကျုပ်မလည်း အထိုင်ခက်၊ အထ,ခက် အရွယ် ရောက်နေပါပြီ။ နာ လိုက်တဲ့ခါးဆိုတာ ပြောကို မပြောချင်တော့ဘူး။ အေး ပေါ့၊ ဇရာနဲ့ ဥတုဆိုးက ပေါင်းနှိပ်စက်မှတော့ ကျုပ် ခန္ဓာလည်း ဘယ့်နှယ်လို့ တောင့်ခံနိုင်တော့မလဲ။ မိုး အေးရင် ဟိုနားကနာ၊ ဒီနား က ကိုက်နဲ့လေ။

ကိုယ့်ဘာသာတော့ မညှာဖြစ်ဘူး။ ညှာလို့လည်း မရဘူး။ ကျုပ်ဟာကျုပ် ညှာပြီး တစ်ရက်လောက် အိမ်ထဲ နားကြည့်ပါလား။ ကျေးဇူး ရှင်ကိုယ်တော်ချော က ငရဲကို ခုန်ပြီး ပစ်ဝင်ဖို့က အသင့်။ ပါးစပ်ကနေ အမနာ ပစကားတွေ ထွက်လာဖို့ ဆို ဒင်း(သင်း)က အမြဲအဆင်

**t kd.. cufy&U uyfvnf toufuDawmh tawGawG awmfrkd&ykdbl wpfgwpfg awGd&if arsmukdomGawm 0#fawG&JUh tqkdqkduvnf om;orD0#fyJ wpfbufvkd &SmauR;vmwJh taruk'Pav; apmifhawmrsm; tkdoawmh rwJhav uyfuom &SifwkdUukd&SmauR;&if tkdor,fh tbGm;UuDygawmf tkdor,fh tbGm;UuDyg**

သင့်။ အမေသော ဘာသော ကြည့်နေမယ့်ကောင် မဟုတ် မှန်း ကျုပ်က သိပြီးသား။

"ကဲရော့…"

ကိုယ်တော်ချောက ပြောပြောဆိုဆိုနဲ့ လက်ထဲ ဖန်းကို ဖွက်ခနဲ ထိုးထည့် သွားတယ်။ ဖန်းထဲက ခရေ ပန်းကုံးတွေကို ကြည့်နေပေမဲ့ လည်း စိတ်ထဲမတော့ မလန်း နိုင်ပါဘူး။ အပျိုဘဝကဖြင့် ခရေပန်းများ တွေ့လို့ကတော့ ခွေပြီး ဆံထုံးမှာ ပတ်လိုက် တာပဲ။ ခရေပန်းနဲ့ တသင်း သင်းနဲ့ စိတ်ကို လန်းဆန်း သွားရော။ ခုတော့ နေ့တိုင်း ရောင်းနေကျ ဒီခရေပန်းအနံ့ ရရင်ကိုပဲ ခေါင်းတွေက ငြီး စီစီ ဖြစ်လာတာ။ ဒါပေမဲ့ လည်း ကိုယ်ရောင်းရမယ့် ဖန်းဆိုတော့လည်း ငြင်းခွင့် မရှိဘူး။ ဒါကြောင့်ပဲ ဖန်းကို လက်ထဲ တင်းတင်းနေအောင် ပိုက်ထားလိုက်တယ်။

"ကဲ… အမေ… ဆိုက် ကားက ဒီနေ့ ချိန်းကြိုးလဲရ မှာမို့ အမေ့ဘာသာ လမ်း ထိပ်လျှောက်။ ဘတ်စ်ကား စီးပေရော့"

ခေါင်းပဲ အသာညိတ် ပြလိုက်တယ်။ စကားကို ပြောချင်စိတ် မရှိတော့တာ။ ခါးနာလို့ တကျွတ်ကျွတ် အော်တာလည်း သူကြား လျက်သားနဲ့။ သူ မညှာမှဖြင့် ကျုပ်က အပိုတွေ စကားလုပ် ပြောမနေတော့ပါဘူး။ သွပ် ဆွေးဆွေးပေါ်က ကျလာတဲ့ ရေစက်တွေတောင် ကျုပ် ပခုံးပေါ် ဖြတ်စီးသွားပြီ။ ဒါ ကြောင့်ပဲ လက်တစ်ဖက်က ခရေဖန်းလေးကိုင်၊ နောက် တစ်ဖက်က ထီးကလေး အသာဖွင့်၊ လမ်းခပ်ကြမ်း ကြမ်းကို တစ်ကိုယ်တည်း လျှောက်တော့ အားငယ်မိ တယ်လေ။ ကျွတ်ကျွတ်… ခါးကလည်း ပိုနာလာလိုက် တာ။ တစ်ကိုယ်လုံးကို ချည့် နေရောပဲလေ။

❑

ကားဂိတ်တော့ ရောက် ပြီ။ မဟန်နိုင်လွန်းလို့ ဂိတ်က ခုံတန်းပေါ်ကို ဖန်းတင်ပြီး ထိုင်ချပစ်လိုက်တယ်။ ဈေး ကို နောက်ကျမှရောက်လည်း မတတ်နိုင်ဘူး။ ခရေပန်း ရောင်းမကုန်လည်း ကုန်တဲ့ နည်း သုံးရမှာပဲ။ စိုရွှဲနေတဲ့ ထီးကို ဘေးချရင်း ကား လမ်းမဘက် မျှော်ကြည့်နေ လိုက်တော့တယ်။ ဘတ်စ် ကား မလာသေးတာလည်း အကောင်းသား။ ကျုပ် နည်း နည်းတော့ ထပ်နားချင်သေး တယ်။

အို… တင်ပါးနားက စို စိစိနဲ့။ ဘာပါလိမ့်။ သြော်… ဟုတ်ပါရဲ့။ ထီးက ရေတွေ စီးလာပြီး ထဘီကို လာစိုနေ တာ။ ဒုက္ခ… ဒုက္ခ။ ခါးက နာပါတယ်ဆိုမှ တင်ပါးကို မိုး ရေက လာစိုမှတော့ ဘယ့် နှယ်လို့ ခါးနာပျောက်ပါတော့ မလဲ။ သေချာပြီ။ ခါးက သိပ်မကြာခင် တစစ်စစ် ကိုက်လာတော့မှာ။ အပေါ် သွားဖုံးနဲ့ပဲ အံကို ခပ်တင်း တင်း ကြိတ်လိုက်တော့ တယ်။ နာကာမှ နာရော့။ စီး ရမယ့် ဘတ်စ်ကားက ဂိတ် ရှေ့ရောက်တော့မယ်။ ဖန်း လေးကိုင်ပြီး မတ်တတ်ကို အားတင်းရပ်လိုက်တယ်။

"အဘွား ရရဲ့လား၊ ဖြည်းဖြည်း။ သက်ကြီးပိုင်း ပါတယ် ဆရာရေ့… ခဏ"

ချော်လဲမစိုးလို့ ပလက် ဖောင်းပေါ်ကနေ ခြေကို ထိန်း ဆင်းနေရတယ်။ တော်သေး တာပေါ့။ စပါယ်ယာလေးက ကျုပ်ကိုတွဲပြီး ကားပေါ် တင် ပေးလို့သာပဲ။ နို့မို့ ဒီခါးနဲ့ ကားပေါ်ကို ကျုပ်ဘယ့်နှယ် လို့ တက်နိုင်မတုံး။ ကား ပေါ် ရောက်ရောက်ချင်း ဘေး ဘီဝဲယာ ကြည့်လိုက်တယ်။ ထိုင်စရာနေရာက မရှိ။ တစ် ယောက်ယောက်ထ,ပေးရင် ကောင်းမယ်လို့တော့ တွေးမိ သား။ ဒါပေမဲ့လည်း ထိုင် စရာနေရာရဖို့ လမ်းတော့



www.burmeseclassic.com

www.burmeseclassic.com

သိပ်မမြင်ဘူး။

အကုန်လုံးက ဖုန်းကိုယ်စီနဲ့ ခေါင်းကို ငုံ့ထားကြတာ။ အဘွားကြီးတစ်ယောက် ကားပေါ်တက်လာမှန်း သူတို့ သိပုံမပေါ်ကြဘူး။ ဒါနဲ့ပဲ ထီးလေးကို ဗန်းပေါ်တင်၊ အားတဲ့လက်တစ်ဖက်နဲ့ ဘေးတန်းကိုကိုင်ပြီး စီးရတော့တယ်။ ဒီနေ့မှ ကားကလည်း ရမ်းချက်တော်။ ခါးနာရတဲ့အထဲ လူကို ဟိုဆွဲဒီယမ်းလုပ်နေသလိုပါပဲ။

'အစ်မကြီးရေ ဒီက အဘွားအတွက် နေရာဒါနလေးပြုပါဗျ နော်'

အစ်မကြီးလို့ ခေါ်ခံရသူလေးက ကြည်ကြည်ဖြူဖြူနဲ့ ထ,ပေးရှာပါတယ်။

'အဘွားတက်လာတာ မမြင်လို့၊ ကန်တော့နော်' တဲ့။ ကျုပ်လည်း တစ်ချက်ပြုံးပြပြီး သူပေးတဲ့နေရာမှာ ခပ်ရိရိ ဝင်ထိုင်လိုက်တယ်။ နေရာတောင်းပေးတဲ့ စပါယ်ယာလေးကိုရော၊ နေရာပေးတဲ့ မိန်းကလေးကိုပါ ဆုတွေတထောကြီး ပါးစပ်က တတွတ်တွတ် ရွတ်ပေးလိုက်တယ်။

ပြောထားတဲ့ ဈေးမှတ်တိုင်ရောက်တော့ စပါယ်ယာလေးက အဘွားလာဆိုပြီး တွဲဆင်းပေးပြန်ရော။ လောကမှာ ဒီလိုကလေးတွေ ရှိတာလည်း သာဓုပါတော်။ သူတို့လေးတွေ ဘုန်းကြီးပြီး အသက်ရှည်ပါစေ။ စိတ်ရင်းလေးတွေ ကောင်းလျက်နဲ့ အလုပ်ကြမ်းတွေ လုပ်ရရှာတာ။ ဒါပေမဲ့လည်း သူတို့လေးတွေ စပါယ်ယာအလုပ်နဲ့ ကြာကြာဝင့်ခံစရာမလိုတော့ပါဘူး။ သိပ်မကြာခင် အဲယားကူးဆိုလား၊ ဟဲယားကူးဆိုလား၊ အအေးခတ်နဲ့ ကားကြီးတွေက ဒီလိုကားလေးတွေနေရာမှာ အကုန် အစားထိုးတော့မှာတဲ့။ အဲဒီကားကြီးတွေသာလာရင် သူတို့က စပါယ်ယာလုပ်စရာ မလိုတော့ဘူးတဲ့လေ။ ဒါဆို သူတို့လေးတွေ ဘာလုပ်စားကြမှာပါလိမ့်။

ကဲ··· လုပ်ပြန်ပါပြီ။ မှတ်တိုင်မှာ အကြာကြီး ငူငူငေါင်ငေါင် ရပ်နေမိပြန်ပြီ။ ခါးတွေက ပိုနာလာမှ ဈေးရောင်းဖို့ကို သတိရတယ်။ ဒါနဲ့ပဲ တစ်လှမ်းချင်းလှမ်း။ လမ်းမှာတွေ့တဲ့ ဗွက်အိုင်တွေကိုလည်း ကွေ့ပတ်ရှောင်မနေတော့ပါဘူး။ နင်းလိုက်တော့လည်း ဇွက်ခနဲပဲ။ ဒီလိုနောက်ကျပြီဆို ဗွက်တွေများများ ပေလေ ကောင်းလေပဲ မဟုတ်လား။

ဖြည်းဖြည်း လျှောက်ရင်းနဲ့ပဲ ဈေးရှေ့ ရောက်လာတယ်။ ဈေးပေါ်တက်ရမယ့် ကုန်းကို ကြည့်ရင်းနဲ့ပဲ မောပြီး သက်ပြင်းချမိတယ်။ ဗန်းထဲက ခရေကုံးတွေကို ကြည့်တော့လည်း ပိုမောတာပါပဲ။ ဒါတွေကုန်မှ အိမ်ပြန်ရမှာ မဟုတ်လား။ ညောင်းလို့ညာလို့ ပြန်မယ် မစဉ်းစားနဲ့။ အိမ်က ကျေးဇူးရှင်က ကာယကံနဲ့ ငရဲကို ထိုးဆင်းဖို့က အသင့်။ မဖြစ်သေးပါဘူး။ ကျုပ်ရဲ့ နားချင်စိတ်ကို ဖျောက်မှ။ ပြုသူအသစ်၊ ဖြစ်သူအဟောင်းတဲ့။ ရေဒီယိုက တရားလေးနာရင်း မှတ်ထားမိတာ။

ကျုပ်ခံရမယ့်ဝဋ်ကို ကျုပ်အကုန်ဆပ်ပါ့မယ်လေ။ ကျုပ်ဝဋ်ကြောင့် အလကားနေရင်း ကျုပ်သား ငရဲရောက်တာတော့ အဖြစ်မခံနိုင်ဘူး။ ဒါနဲ့ပဲ လည်ပင်းပေါ်ကို ဆွဲပြားလေးချိတ်ရင်း ကျုပ်ကံကျုပ် တွေးပြီး မောနေမိတော့တယ်။ ခရေပန်း ရောင်းမကုန်တိုင်း ထပ်ထပ်ရလာမယ့် ကျုပ်ဘဝဝဋ်ကြွေးတွေကို ကျုပ်တွေးမိရင် အသက်ရှူတောင် မဝ,ပါဘူး။ ဒါပေမဲ့လည်း သားကျွေးမှုအတွက်ပဲလေ။ ရလာမယ့်ငရဲ ကျုပ်ခံရဲပါတယ်။ ဒါနဲ့ပဲ သက်ပြင်း ခပ်ရှည်ရှည်တစ်ချက်ချ၊ ကုန်းပေါ်ကို တစ်လှမ်းချင်းတက်တော့ မောလိုက်တာလေ။

❑

ဈေးပေါ်ရောက်တော့ မိုးက စဲသွားပြီ။ လေကတော့ တိုက်တုန်း။ ဝှေ့ခနဲ ဝိုက်ခနဲ တိုက်သမျှ လေတိုင်းကို ကျုပ် မနည်းကြီး သည်းခံနေရတယ်။ အရိုးကနေ စိမ့်ပြီး နာလာလွန်းလို့ လမ်းလျှောက်ဖို့ မပြောနဲ့၊ မတ်တတ်တောင် မရပ်နိုင်တော့ဘူး။ ဒါနဲ့ပဲ ဆိုင်တစ်ဆိုင်ရှေ့နားချထားတဲ့ ဘိလပ်မြေတုံးကြီးပေါ် ထိုင်ချလိုက်တယ်။ မိုး··· မိုး အတော်ကို ဒုက္ခပေးတဲ့မိုး။ ဒီမိုးကြောင့်ပဲ ခါးကနာ၊ ဒီမိုးကြောင့်ပဲ ဈေးပေါ်မှာ လူက ရှင်းနေ။ ခုထိ ဗန်းပေါ်မှာ ခရေပန်းတွေက အပြည့်။ ခရေပန်းကုံးတွေကို ကြည့်ရင်း အလိုလို မျက်ရည်က စိမ့်လာတယ်။

ဩော်··· ကျုပ်အိုဇာတာရယ် ဘယ့်နှယ်ကြောင့် ဒီလောက်ဆိုးရသလဲ။ ဟောထွက်လာပြီ။ ပါးပေါ်မှာ စိုခနဲ။ ထိန်းလို့ကို မရတော့ဘူး။ ကဲ··· ဒီအချိန်မှတော့ မထူးတော့ဘူး။ ငိုပေရော့ဟော့၊ ငိုပေရော့။ ဆိုးလိုက်တဲ့ အိုဇာတာကို တွေးတွေးပြီး တော့သာ ငိုပေရော့။ ငိုလက်စနဲ့ ဆက်သာငို။ တစ်ယောက်ယောက် လာမေးတဲ့ထိသာ ငိုတော့။ ထွက်စမ်း မျက်ရည်တွေ၊ ဆိုးစမ်းဟဲ့ အိုဇာတာ။

'အမေကြီး၊ ဘာလို့ ငိုနေသလဲဗျ။ ဘာကူညီပေးရမလဲ'

ကျုပ်မျက်ရည်တွေကို လက်ခုံနဲ့ ဆွဲသုတ်လိုက်တယ်။ မျက်နှာကို မော့ကြည့်တော့ ကျုပ်သားအရွယ် ကောင်လေးတစ်ယောက်။ သူ့လက်ထဲမှာတော့ အထုပ်အပိုးတွေနဲ့။ သူ့နောက်မှာက အမျိုးသမီးတစ်ယောက်။ နောက်က ကောင်မလေးက အဲဒီကောင်လေး ကျောကို လက်ကုတ်ရင်း 'မောင်ရယ် အမေ့ကို သွားပို့တာ နောက်ကျနေဦးမယ်' လို့ ပြောတယ်။ ကောင်လေးက 'ရပါတယ်' လို့ လှည့်ပြောရင်း ကျုပ်ကို တစ်ချက်ကြည့်တယ်။

အို··· ဘယ့်နှယ်၊ သူ့မျက်လုံးတွေက စိုနေပါ့လား။ မိုးစိုထားတာတော့ ဖြစ်ပုံမပေါ်ပါဘူး။ မိုးက တိတ်သွားပြီပဲကို။ သူ့ကြည့်ရတာလည်း မိုးမိထားပုံ မပေါ်ပါဘူး။ ဒါဆို··· သူရော ငိုထားတာလား။ ကျုပ်ငိုတာ



www.burmeseclassic.com

www.burmeseclassic.com

မြင်ပြီး လိုက်ငိုတာတော့ ဖြစ်ဟန်မတူပါဘူး။ သူနဲ့ကျုပ် ဘာမှမ မဆိုင်တာ။ ဩော် လုပ်ပြန်ပြီ။ ကျုပ်အတွေးတွေ ရှည်ပြန်ပါပြီတော်။

'အမေကြီး၊ ကျွန်တော်တို့ ဘာကူညီပေးရမလဲ ခင်ဗျာ'

'အဒေါ် ကျန်နေတဲ့ ဒီခရေပန်းသုံးကုံးကို ရောင်းမကုန်လို့ အဒေါ် ငိုနေတာ'

'ဟာ အမေကြီးက လည်း ကျွန်တော်ဝယ်မှာပေါ့ ဗျ၊ ဒါပေမဲ့ ခုက သုံးကုံးတည်း ကျန်တာ မဟုတ်ဘူးလေ။ အများကြီး ရှိနေသေးတာကို'

'ဒီမှာလေ၊ အဒေါ် ရေပြမယ်။ တစ်၊ နှစ်၊ သုံး… တစ်၊ နှစ်၊ သုံး…၊ တစ်၊ နှစ်၊ သုံး…'

'ဟာ ရပြီ၊ ရပြီ။ ဟုတ်တယ်။ ဟုတ်တယ်။ ဒီခရေပန်းသုံးကုံးကို ကျွန်တော်ဝယ်မယ်။ ဟုတ်ပြီလား'

ကောင်လေးက ပြောပြောဆိုဆိုနဲ့ သူ့နောက်က ကောင်မလေးဘက်ကို လှည့်လိုက်တယ်။ ကောင်မလေးကတော့ စိတ်တိုနေတယ်ထင်ပ။ ပိုက်ဆံအိတ်ကို ဆောင့်ဆောင့်အောင့်အောင့် ဖွင့်လို့။ အိတ်ထဲက တစ်သောင်းတန်တစ်ရွက်ထုတ်ပြီး ကောင်လေးကို လှမ်းပေးလိုက်တယ်။ ကောင်လေးက နောက်တစ်ရွက် ထပ်တောင်းရှာတယ်။ ကျုပ်ကတော့ ဘာမှ မပြောဘူး။ မသိသလို ပုံနဲ့ ခရေပန်းကုံးတွေကိုပဲ ကြည့်ရင်း တစ်၊ နှစ်၊ သုံးကို ဆက်တိုက်အော်နေလိုက်တယ်။ သူတို့ ဆက်ယုံ

]t arBuD
bmvk
ikeovAs
bmuhaDy;&rv}J
uSyf
rsuf&nfwGifk
vufcHY
qBkvfvkdwv, f
rsuEfbuk
armbuNfawmh
uSyfbmt&Gf
aumif;av;
wpf, muf
oY
vufxdkawmh
txkyft ykdwGY

နေဖို့ လိုတယ်လေ။

'အမေကြီး နှစ်သောင်းယူနော်။ အမေကြီးလက်ထဲက ခရေပန်းတွေ သားကိုပေး။ ဒါနဲ့ အမေကြီး ဘယ်မှာ နေလဲ'

'အရှေ့ဒလ။ အရှေ့ဒလမှာ နေတာ'

ကောင်လေးက ကြောင်စီစီနဲ့ ကျုပ်ကို ကြည့်တယ်။ ကျုပ်ကတော့ အရှေ့ဒလဆိုတာချည်းပဲ လိုမ့်ပြောနေပစ်လိုက်တယ်။ ဒါပေမဲ့ ကောင်လေးမြင်သာအောင်တော့ ကျုပ်လည်ပင်းလေးကို တစ်ချက်ကုတ်ပြလိုက်တယ်။

'မောင် သွားမယ်။ အမေ့ကို ပို့တာ နောက်ကျနေပါမယ်လို့ဆို'

ကောင်မလေးက အတင်းဆွဲခေါ်ပေမဲ့ ကောင်လေးက ကျုပ် လည်ပင်းကုတ်တာကို မြင်သွားလို့ တော်သေးတာပေါ့။ ကျုပ်လည်ပင်းက ကြိုးလေးကို သူ စိုက်ကြည့်နေရှာတယ်။ ကျုပ်မလည်း အခုမှ စိတ်ထဲကနေ သက်ပြင်းချရတယ်။ ဘုရားမ၊လို့ လည်ပင်းက ကတ်ပြားကို ကောင်လေး မြင်သွားပြီ။

'ခဏပါ ချစ်ရာ။ ဒီမှာ တွေ့လား၊ အမေကြီး လည်ပင်းမှာ ပလတ်စတစ်ပြားနဲ့ ဖုန်းနံပါတ်လေး။ မောင် ဆက်ကြည့်လိုက်ပါဦးမယ်'

ကောင်လေးက ဖုန်းနံပါတ်ကို ဆက်ကြည့်နေတယ်။ ကောင်မလေးက စိတ်မရှည်ဟန်နဲ့ ကျုပ်ဘေးဝင်ထိုင်တယ်။ ကျုပ်ကတော့ ကျုပ်တာဝန်အတိုင်း အရှေ့ဒလလို့ပဲ ဆက်အော်နေဖြစ်တယ်။ ကောင်လေးကတော့ ကျုပ်သားနဲ့ ဖုန်းပြောနေလောက်ပြီလို့တော့ ကျုပ်တွေးမိပါတယ်။

❑

ကောင်လေးက အတော်ချမ်းသာပုံရတယ်။ အဲလေ၊ ကောင်မလေးက အတော်ချမ်းသာပုံရတယ်လို့ ပြောရမလားပဲ။ ဘာလို့လဲဆိုတော့ ကောင်မလေးကပဲ ပိုက်ဆံအိတ်ကိုင်တာ။ အခုလည်း ကောင်မလေးကပဲ ကားမောင်းတာလေ။ ကားကြီးကလည်း အကောင်းစား။ ကားတံခါးကိုတောင် လက်နဲ့ ဆွဲပိတ်စရာမလိုဘူး။ ကောင်မလေးက တီဆိုပြီး ခလုတ်တစ်ခုကို နှိပ်လိုက်တာနဲ့ ကားတံခါးက အလိုလိုပိတ်သွားတာ။ ကောင်မလေးကတော့ ခုထိ မျက်မှောင်ကို ကြုတ်ရင်း မျက်နှာတစ်ခုလုံးက စူပုပ်ထားတုန်း။ ကောင်လေးကတော့ သူ့ဘေးမှာ ထိုင်လို့။ ပြီးတော့ ကောင်မလေးကို လည်း စကားတတွတ်တွတ်နဲ့။ ကျုပ်ကို အိမ်ပြန်လိုက်ပို့ပေးဖို့ ကောင်မလေးကို ခုထိ ပြောနေရတုန်းထင်ပါရဲ့။

ကျုပ်ကတော့ ပေါင်ပေါ်ဗန်းအလွတ် တင်ပြီး လက်ထဲက တစ်သောင်းတန်နှစ် ရွက်ကိုပဲ တစ်၊ နှစ်၊ တစ်၊ နှစ်ဆိုပြီး ထိုင်ရေနေရတာ။ ကျုပ်ဘေးမှာတော့ ကျုပ်အရွယ်လောက် နောက်အဘွားကြီးတစ်ယောက်။ သူကလည်း စကားကို တရစပ်ပြောနေတုန်း။ သူကတော့ ကောင်လေးကို စကားပြောတာပါ။ ကောင်လေးကတော့ တစ်ချက်တစ်ချက် 'ဟုတ်ကဲ့ပါ အမေရယ်'လို့ လှည့်ပြောနေပေမဲ့ အဘွားကြီးပြောတဲ့ စကားတွေကို အာရုံရပုံ မပေါ်ဘူး။ ဩော် သားသမီးတွေများ မွေးရကျိုးနပ်ပါရဲ့။ ကိုယ့်အမေ စကားတစ်ခွန်း တလေတောင် သေချာနားထောင်ပေးဖော် မရဘူး။ ကျုပ်ကတော့ ပါးစပ်က တစ်၊ နှစ်ကို တရစပ်ရွတ်ရင်း ဘေးက အဘွားကြီးစကားတွေ နားထောင်မိတယ်။

'သား အင်္ဂလန်ရောက်ရင်လေ အနွေးထည် သေချာဝတ်နော်။ နောက်ပြီး မြေး



www.burmeseclassic.com

www.burmeseclassic.com

လေးကိုလည်း နွေးနွေးထွေးထွေးထားပါ။ သား ဆေးရုံဂျူတီတွေ တအားဆက်လာရင်လေ ပိတ်ရက်မှာ ကြက်သားလေးပြုတ်ပြီး အရည်ကို သောက်နော်။ အမေ့အတွက် စိတ်မပူနဲ့။ အမေက နေတတ်တယ်။ မြေးလေးနဲ့ သားကိုယ်သားသာ ဂရုစိုက်။ ဟုတ်ပြီလား'

အို ဘယ့်နှယ်။ သူလည်း ဒီစကားကိုပဲ အကျော့ကျော့ပြောနေတာ အခါမနည်းတော့ပါလား။ သူလည်း ကျုပ်ဘေးအိမ်က မယ်တုတ်လိုပဲ သူငယ်ပြန်နေပြီ ထင်ပါရဲ့။ သူငယ်ပြန်ရောဂါဖြစ်ရင် ဘာတွေဖြစ်တတ်သလဲဆိုတာကို ကျုပ်အလွတ်ရပြီးသား။ မယ်တုတ် စစ,ချင်း သူငယ်ပြန်တုန်းက ကျုပ်ပဲ သူ့အိမ်သွားပြုစုရတာမဟုတ်လား။ ဒါ့ကြောင့် ခရေပန်းရောင်းမကုန်တဲ့နေ့ဆို သိပ်မရောက်ဖြစ်တဲ့ ဈေးတစ်ခုခုသွား၊ ဒီလိုဟန်ဆောင်ရင်း ပိုက်ဆံရှာတာပဲ ငါးခေါက်လောက်ရှိတော့မယ်။

ဒါလည်း အိမ်က ကိုယ်တော်ချောရဲ့ အကြံပါတော်။ ကျုပ်မလည်း သူပြောတဲ့အတိုင်း လုပ်ပြီးရင် စိတ်ထဲအတော် နေလို့မကောင်းဘူး။ ဆိုးလိုက်တဲ့ အိုဇာတာမှာ အကုသိုလ်တွေ ထပ်ယူနေရတယ်လို့ ကျုပ်တွေးမိရင် ကျုပ် သေရမှာတောင် ကြောက်မိတယ်။ ဒါပေမဲ့ သားတော်မောင်အကြံကိုတော့ မငြင်းရက်ဘူး။ ကိုယ်ရမယ့် အကုသိုလ်ကိုကြောက်ပြီး ငြင်းကြည့်။ ဒင်းက အမေကို စော်ကားပြီး အကုသိုလ်ကို တင်းလိုက်ပုတ်လိုက်ယူဖို့က အသင့်မလား။ ကျုပ်ကြောင့် ကျုပ်သား အကုသိုလ်တော့ မရစေရပါဘူး။

အတွေးတွေ မျောပြီး ပါးစပ်က အရွတ်ပျက်ပြန်ပါပြီ။ ကဲလေ ဆက်ရွတ်မှပါ။ 'တစ်၊ နှစ်၊ တစ်၊ နှစ်' ကျုပ်က အရွတ်မပြတ်သလို ကျုပ်ဘေးက အဘွားကြီးလည်း အမှာမပြတ်ဘူး။ ကောင်လေးကလည်း ကောင်မလေးကို ခုထိ စကားကို ပြောနေတုန်း။ ကောင်လေးက စိတ်မရှည်တော့ ဟန်နဲ့ အသံနည်းနည်းကျယ်လာမှ ကျုပ်လည်း ကြားရတော့တယ်။

'ကိုယ်ရသလောက် ကုသိုလ်လေး လုပ်ထားခဲ့ချင်တယ် ချစ်။ ကိုယ်တို့ အင်္ဂလန်သွားဖို့ အမေ့ကို ရိပ်သာမှာ ပို့ထားခဲ့ရမှာ။ ကိုယ် နည်းနည်းမှ စိတ်ချတာ မဟုတ်ဘူး။ ကိုယ်လုပ်ပေးခဲ့တဲ့ ကုသိုလ်တွေရဲ့ အကျိုးဆက်နဲ့ အမေ ရိပ်သာမှာ အဆင်ပြေပြေနေနိုင်ဖို့ ကိုယ် ဆုတောင်းချင်တယ်။ ဒါလေးတောင် ချစ် စိတ်ပါလက်ပါ မကူညီပေးနိုင်ဘူးလား'

ကောင်လေးက စိတ်မရှည်တော့တဲ့ပုံနဲ့ စကားစကို ဖြတ်ချလိုက်တယ်။ အဲဒီချိန်ကျမှ ကောင်မလေးက ကားမောင်းရင်း လေချိုပြန်သွေးတယ်။

'ဟုတ်ပါပြီ မောင်ရယ်။ ခု အမေကြီးကို မောင် စေတနာအပြည့်နဲ့ အိမ်လိုက်ပို့၊ အလှူငွေပေးမယ် မဟုတ်လား။ မောင့်ကုသိုလ်ကို ချစ်ဖြည့်ပေးပါ့မယ်။ ဒီကုသိုလ်ကြောင့် မောင့်မေမေလည်း ရိပ်သာမှာ အဆင်ပြေပြေ ကျန်ခဲ့မှာပါ။ ဟုတ်ပြီလား'

❑

အိမ်ရှေ့မှာ သားတော်မောင်က စောင့်နှင့်နေပြီ။ မျက်နှာသေလေးနဲ့ ရပ်နေပုံများ သိပ်အသက်ပါတာပဲ။ ကောင်လေးတို့ လင်မယားနှစ်ယောက်က ကျုပ်ကို တစ်ချက် လှည့်ကြည့်ကြတယ်။ ကျုပ်ကတော့ အူကြောင်ကြောင်ပုံနဲ့ တစ်၊ နှစ်၊ တစ်၊ နှစ်ပဲ ဆက်ရွတ်နေလိုက်တယ်။ ကားက အိမ်ရှေ့တည့်တည့်ရပ်ပြီး ကောင်လေးတို့ လင်မယားနှစ်ယောက်လုံး ကားပေါ်က ဆင်းလိုက်ကြတယ်။ ကျုပ်ကိုတော့ ကျုပ်သားတော်မောင်က ပျာပျာသလဲနဲ့ 'အမေ' ဆိုပြီး တွဲချီချတယ်။ ကျုပ် စိတ်ထဲ ဒီလို အမေလို့ ခေါ်သံလေး အမြဲကြားရရင် သိပ်ကောင်းမှာလို့ တွေးမိတော့ ရင်ဘတ်ထဲ စူးခနဲ အောင့်ပါတယ်တော်။

သားတော်မောင်အရှေ့မှာ ကောင်လေးတို့ လင်မယားက ရပ်နေကြတယ်။ ကျုပ်ကတော့ ကျုပ်သားအနောက်နားမှာပဲ တစ်သောင်းတန်နှစ်ရွက်ကို အခုထိ ရေပြနေရတယ်။ ကောင်လေးက သားတော်မောင်ကို မှာတမ်းခြွေတယ်။ နောက်ဆို ကျုပ်တစ်ယောက်တည်း အပြင်မလွှတ်ဖို့ပေါ့။ ကောင်မလေးကတော့ ကောင်လေးဘေးနားကနေ သူ့ပိုက်ဆံအိတ် ဖွင့်ရင်း ပိုက်ဆံတွေကို ရေနေတယ်။ ပိုက်ဆံပွတ်သံရွတ်ရွတ်နဲ့အညီ သားတော်မောင်က ခေါင်းကို ညိတ်ပြနေတယ်။

အဲဒီအချိန်မှာပဲ ကားပေါ်က အဘွားကြီးက ခေါင်းပြူလာရင်း 'သား အင်္ဂလန်ကို ရောက်ပြီဆိုရင်လေ...' ဆိုပြီး ပြောပြန်ရော။ ကောင်လေးက 'ဟုတ်၊ ဟုတ်... အမေ။ ကားထဲ ဝင်နေနော်' ဆိုပြီး ကားနောက်ခန်းထဲကို ဝင်သွားတယ်။ ကောင်မလေးကလည်း ချက်ချင်း ကားထဲ ပြန်ဝင်ပြီး ကားကမောင်းထွက်သွားရော။

ကားက မြင်ကွင်းထဲက တဖြည်းဖြည်း ပျောက်သွားတယ်။ သားတော်မောင်က လက်ထဲက ပိုက်ဆံတွေကို တရွတ်ရွတ်နဲ့ ရေရင်း အိမ်ထဲ ဝင်သွားတယ်။ မိုးက တစ်စက်နှစ်စက်နဲ့ ခပ်စွေစွေပြန်ရွာ ချနေပြီ။ ခါးကလည်း ရုတ်တရက် ပြန်နာလာပြီ။ သြော်... ကောင်လေး ပြုချင်တဲ့ ကုသိုလ်တကယ်မှ အကျိုးဆက်ရှိပါ့မလား။ ကားပေါ်က အဘွားအိုအတွက် ကျုပ် သစ္စာအမှန်နဲ့ ဆုတောင်းတစ်ခုတော့ ပြုလိုက်ချင်ပါတယ်လေ။

'ကျုပ်သားအပေါ်ထားတဲ့ ကျုပ်မေတ္တာကတော့ အမှန်ပါ။ ဒီသစ္စာမှန်ရင် ရှင်လည်း ရိပ်သာမှာ အဆင်ပြေပြေ ကျန်းကျန်းမာမာနဲ့ နေနိုင်ပါစေတော်'

■

**ကျေး၊ဆေး-၁၊**



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်အရောင်းဆိုင်
ဆိုတာ ပေါ်လာတော့
ကျွန်တော်အပါအဝင်
လူအများစုမှာ
လက်မခံနိုင်ကြဘူး။
နောက်တော့မှ သူတို့
နိုင်းတဲ့အတိုင်း
ပြုမူကြည့်တော့မှသာ
နားလည်သွားကြတော့
တာ။ အစကတော့
ဘယ်လိုကြီးလဲပေါ့။
ပစ္စည်းအသစ် ဖြစ်နေတာ
ဆိုတော့လေ။
ဆိုင်ခန်းကြီးတွေက
နေရာအနှံ့
ရောက်ရှိလာတယ်။
ကြော်ငြာသံအမျိုးမျိုးနဲ့
အိပ်မက်
အရောင်းဆိုင်အကြောင်းကို
ဖြန့်ချိကြတယ်။
လူသားတိုင်းရဲ့
ဘဝအများစုမှာ
မပြေလည်တာတွေ၊
မယုံကြည်မှုတွေ၊
ကျရှုံးရမှုတွေ၊
လက်လှမ်းမီဖို့ မဖြစ်တဲ့
အကြောင်းအရာတွေကို
အိပ်မက်
အရောင်းဆိုင်ထဲမှာ
ရရှိနေပြီဖြစ်တဲ့အကြောင်း
ကြော်ငြာပေးတာမျိုး
ဖြစ်ပါတယ်။ ဆိုကြပါစို့၊
ကျွန်တော်တို့ဘဝမှာ
အချစ်ရေး
မပြေလည်မှုမျိုး။
ကိုယ်တိတ်တိတ်ပုန်း
ချစ်နေရတဲ့၊ လက်တွေ့
ပေါင်းစပ်ဖို့ ဆိုတာလည်း
ဘယ်လိုမှ
မဖြစ်နိုင်တော့တဲ့
အနေအထားမျိုးဆိုရင်
ဒီအိပ်မက် အရောင်းဆိုင်
ကနေ သင့်တော်တဲ့

ဆိုင်ခန်းကြီးတွေက နေရာအနှံ့
ရောက်ရှိလာတယ်။ ကြော်ငြာ
သံအမျိုးမျိုးနဲ့ အိပ်မက်
အရောင်းဆိုင်အကြောင်းကို
ဖြန့်ချိကြတယ်။ လူသားတိုင်းရဲ့
ဘဝအများစုမှာ မပြေလည်တာတွေ
မယုံကြည်မှုတွေ၊ ကျရှုံးရမှုတွေ
လက်လှမ်းမီဖို့ မဖြစ်တဲ့
အကြောင်းအရာတွေကို
အိပ်မက်အရောင်းဆိုင်ထဲမှာ
ရရှိနေပြီဖြစ်တဲ့အကြောင်း
ကြော်ငြာပေးတာမျိုး ဖြစ်ပါတယ်






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အခကြေးငွေမျိုးနဲ့ ဝယ်ယူလိုက်ပြီးတော့ မိမိ စိတ်တိုင်းကျ အိပ်မက်ကို သူတို့စက်ထဲမှာ အကောင်အထည်ဖော်လိုက်တာမျိုး ဖြစ်ပါတယ်။

လူ တစ် ယောက် အိပ်သာရုံလုပ်ထားတဲ့ အခန်းထဲကို ဝင်လိုက်ရုံပါပဲ။ ပြီးနောက်မှာတော့ မူးယစ်ဆေးတွေမှာ ပါတဲ့ ဓာတ်ငွေ့လိုမျိုး အရာနဲ့ အိပ်မောကျသွားစေခြင်းမျိုးပါ။ ဒါပေမဲ့လို့ ဒီအိပ်မက်အရောင်းဆိုင်ရဲ့ ဘေးထွက် ဆိုးကျိုးအတွက် ကျွမ်းကျင်ပညာရှင်တွေ၊ သက်ဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်းတွေနဲ့ ဂဃနဏ စစ်ဆေးအတည်ပြုပြီးမှသာ ထုတ်လုပ်တည်ဆောက်ထားတာဖြစ်တာမို့ ဘာအန္တရာယ်မှ မရှိဘူးလို့ အခိုင်အမာ ဆိုထားပါတယ်။ ဒေါသ၊ မောဟ၊ လောဘတွေ၊ လူမျိုးရေး ဘာသာရေးတွေကြောင့် လူသားကမ္ဘာဟာ အထူးသဖြင့်တော့ လူတန်းစား အများစုဟာ ကနဦး ရရှိရမယ့် ငွေကြေး၊ လိင်၊ ကျန်းမာရေး စတဲ့ အခြေခံ အခွင့်အရေးတွေ မပြည့်စုံတဲ့အတွက် ခုလို သတ်မှု ဖြတ်မှု စစ်ပွဲတွေ ဖြစ်လာရတယ်လို့ ဆိုထားတယ်။ ဒါပေမဲ့လို့ လူသန်းပေါင်းများစွာ တစ်ပြေးညီ အနေအထားတစ်ရပ်ကို ရရှိဖို့ရာအတွက်လည်း ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာကို သိနေတာမို့ ဒီလို ဘေးထွက်ဆိုးကျိုးကင်းတဲ့ အိပ်မက်အရောင်းဆိုင် လုပ်ငန်းဟာ အစားထိုး နှစ်သိမ့်နိုင်လိမ့်မယ်လို့ ယူဆကြပါတယ်။ ဝန်ဆောင်ခကိုလည်း အရမ်း

# wpfckwmh
# &Gv, f
# 'Dyfufuk
# ½kyfazmfvphufY
# jyeHunfvd
# vrfunfxdk
# jyó em
# jzp&ifawmh
# tydfuf
# ta&mifqdkiY
# oufqdkfl
# r&Sdyb|qdkvh
# cHefcsufukdawmh
# oabmwhD
# &ygw, f

ကြီး ဈေးမကြီးအောင် ဆောင်ရွက်ထားပါတယ်။ တစ်ခုရှိတာက ဒီအိပ်မက်ထဲက ဖန်တီးပေးမှုတွေဟာ ယုတ္တိဗေဒ စမ်းသပ်ချက်တွေ၊ ကျမ်းဂန်တွေနဲ့တော့ ချိန်ထိုးနှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ ဥပမာ ဆိုပါတော့ လူသားတွေအကြားမှာ ကိုးကွယ်ရာဘုရားတွေရဲ့ ရုပ်ဆင်းတုပုံသဏ္ဌာန်တွေ၊ မိမိစိတ်ပုံရိပ်မှာ အရောင်ခြယ်ထားမှုသဏ္ဌာန်ဟာ နေရာဒေသဖြစ်ထွန်းမှုအလိုက် ကွဲပြားနေပါတယ်။ အနောက်ကမ္ဘာက မြင်ယောင်ထားတဲ့ ဘီလူးပုံစံနဲ့ ဒီအရှေ့တိုင်းရပ်ဝန်းထဲက ဘီလူးပုံစံဟာ တူညီမှာ မဟုတ်သလိုမျိုးပေါ့။ အိပ်မက် အရောင်းဆိုင်ရဲ့ အဓိက ဖြေရှင်းပေးမှုကတော့ လက်တွေ့ဘဝထဲက ဒွိဟတွေကို တကယ်ဖြစ်ရုပ်သဏ္ဌာန်အဖြစ် ပီပီပြင်ပြင် ပြုလုပ်ပေးနိုင်တာပါပဲ။ သရီးဒီ ရုပ်ကြွပုံတွေက သုံးဖက်မြင် ရှိနေတာ သိရတာ မှန်ပေမဲ့ အမြင်ပိုင်းဆိုင်ရာ တစ်ခုတည်းသာ အာရုံကို ညွတ်နူးစေပြီးတော့ ဒီအိပ်မက် အရောင်းဆိုင် လုပ်ငန်းကတော့ စိတ်တိုင်းကျ ထိတွေ့လုပ်ကိုင်နိုင်ခွင့် ရှိတာပါပဲ။ ကိုယ်စိတ်ကူးနိုင်တဲ့ နယ်ပယ်ကွန့်မြူးနိုင်မှု အလိုက်သင့် ဓာတ်လမ်းဟာ ပညာရပ်ဆန်ဆန် အဆင့်မြင့် သွားစေတာမျိုးပါ။ အားသာတာကတော့ မိမိအနေနဲ့ First Person အဖြစ်နဲ့ပဲ အိပ်မက် အရောင်းဆိုင်ထဲမှာ လွှမ်းမိုးနိုင်တာဖြစ်ပါတယ်။ အဲဒါကြောင့်လည်း ဒီဆိုင်တွေရဲ့ ကြော်ငြာမှုက လက်တွေ့ဘဝမှာ ပျောက်ဆုံးနေရသူတွေအတွက် အထူးအထောက်အကူပြုစေမယ့် စက်တစ်ခုပါလို့ ဖော်ပြထားရခြင်း ဖြစ်ပါတယ်။

သင့်အနေနဲ့ မိမိမက်နေတဲ့ မိမိဘာသာ ကြိုတင်ပလန်ချခဲ့အတိုင်း မက်နေတဲ့ အိပ်မက်ကိုလည်း အရောင်းဆိုင်တွေထဲကနေ မှတ်တမ်းတစ်ခုအဖြစ် ပြန်ယူလို့လည်း ရပါသေးတယ်။ တစ်ခုတော့ရှိတယ်၊ ဒီအိပ်မက်ကို ရုပ်ဖော်တဲ့စက်နဲ့ ပြန်ကြည့်လို့ လူမှုကမ္ဘာထဲမှာ ပြဿနာဖြစ်ရင်တော့ အိပ်မက်အရောင်းဆိုင်နဲ့ သက်ဆိုင်မှု မရှိပါဘူးဆိုတဲ့ ခံဝန်ချက်ကိုတော့ သဘောတူညီရပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့ လူသားတွေရဲ့ စိတ်ဆန္ဒတွေဟာ ပြုမူဖြစ်ထွန်းခဲ့ရာ ဝန်းကျင်အလိုက် မတူညီနိုင်လောက်ပါဘူး။ အထူးသဖြင့် ကျရှုံးမှုတွေအတွက် နှစ်သိမ့်လိုမှုတွေကလည်း မတူညီနိုင်လောက်ပါဘူး။ တချို့သော မိသားစုတွေမှာ အကြောင်းတရားတချို့ကြောင့် မိမိရှေ့မှာတင် သားသမီးတွေ၊ မိန်းမတွေ၊ ဆွေမျိုးမိတ်သင်္ဂဟတွေဟာ ရက်စက်စွာ သတ်ဖြတ်ခြင်းခံရတယ်။ ထိုအခါမျိုးမှာ သူဟာ ကလဲ့စား ဓာတ်ထုပ်ကြီးကို တစ်ပွေ့တစ်ပိုက် သယ်သွားပြီးတော့ အိပ်မက်အရောင်းဆိုင်ထဲမှာ အကောင်အထည်ဖော်လိုက်တော့တာပဲ။ သတ်ဖြတ်သူဟာ သူ့ရှေ့မှာ ရောက်လာတယ်။ ဒါပေမဲ့ အလွယ်တကူ သတ်ဖြတ်ရတာကို မလိုလားပါဘူး။ အဲဒီလူရဲ့ ဇနီးဖြစ်သူကလည်း သူ့ရှေ့မှာ မျက်နှာငယ်လေးနဲ့ ရောက်လာလို့နေတယ်။ သူ့မိန်းမကို ကြည့်ရင်း မုဒိမ်းကျင့် သတ်ဖြတ်တဲ့ မြင်ကွင်းတွေကို မြင်လာတယ်။ သူ့ရှေ့မှာတင် တဟားဟား ရယ်မောပြီး မိန်းမဖြစ်သူရဲ့ ရင်သားထိပ်တွေကို ဓားနဲ့လှီးဖြတ်ပစ်တာ။ သွေးတွေ ရေပန်းတစ်ခု ပေါက်ထွက်သွားသလို ပန်းထွက်လာတာ။ မိန်းမဖြစ်သူရဲ့ နှုတ်ခမ်းအစုံကို ဓားနဲ့ ဆွဲဖြဲတာမျိုးတွေ။ ဆယ့်ငါးနှစ်ရွယ် သမီးငယ် လည်မျိုကို ခက်ရင်းချွန်နဲ့ ထိုးစိုက်တာတွေ မြင်လာ



www.burmeseclassic.com

www.burmeseclassic.com

တော့ သူ့စိတ်ဟာ ရုတ်ခြည်းကြွလာတယ်။ အနားက ဓားတစ်ချောင်းကို ယူပြီးတော့ သူ့မိန်းမရဲ့ ရင်သားကို ဓားနဲ့ ခုတ်ပစ်လိုက်တယ်။ မုဒိမ်းကျင့်ချင်စိတ်မရှိတဲ့အတွက် ဓားချွန်ဦးနဲ့ ဒူါရပေါက်ထဲကို အကြိမ်ပေါင်းများစွာ ထိုးစိုက်ပစ်လိုက်တယ်။ ယောကျ်ားဖြစ်သူဟာ အော်ဟစ်တောင်းပန်လေ သူ့မှာ သတ်ဖြတ်ရတာ အရသာတွေ့လေပါပဲ။ လည်မျိုကို ခုတ်ပစ်တာ မဟုတ်သေးတဲ့အတွက် မိန်းမဖြစ်သူဟာ အားပါးတရ အော်ဟစ်နေတယ်။ မိန်းမ မျက်နှာကို ဓားနဲ့မွှမ်းလိုက်၊ ယောကျ်ားဖြစ်သူ မျက်စိတွေကို တစ်ဖက်စီ သံချွန်နဲ့ ထိုးဖောက်လိုက်နဲ့ တကယ့်ကို အရသာတွေ့နေတယ်။ လက်တွေ ခြေတွေဟာလည်း အရမ်းကို ပေါ့ပါးနေတယ်။ ဒါထက် ကောင်းမွန်တဲ့ လက်နက်တွေ ထပ်လိုချင်ရင် မိမိကို ဆက်သွယ်ထားတဲ့ ဂရပ်မျဉ်းတွေနဲ့ ရုပ်လုံးကြွမျဉ်းကြောင်းတွေ ဆက်သွယ်ထား မှုကနေ ပိုက်ဆံထပ်သွင်းပြီး ခမ်းခမ်းနားနားနဲ့ ထပ်မံသတ်ဖြတ်လို့ ရပါသေးတယ်။ အချိန်ပြည့်ရင်တော့ အိပ်ရာက ထ,ပြီးတော့ အိမ်ပြန်ရုံပေါ့။ စိတ်ထဲမှာတော့ အဲဒီရာဇဝတ်သားဟာ ပြစ်ဒဏ်ကြောင့် သေလွန်ခဲ့ရပြီဖြစ်ပေမဲ့ သူ့ဆီကို လာရောက်ပြီး ဝင့်ကြွားဆပ်နေရတာ ဖြစ်လို့ အလွန်ကို ကျေကျေနပ်နပ် ဖြစ်နေမိတယ်။ တစ်သက်တာ အိပ်မက်အရောင်းဆိုင် လက်မှတ်ကို ရဖို့လည်း ကံစမ်းမဲထိုးဖို့ စဉ်းစားထားပါသေးတယ်။ အဲဒီ ထီလက်မှတ်သာ ရရှိခဲ့မယ်ဆိုရင်တော့ သေလွန်သွားပြီဖြစ်တဲ့ မိမိရဲ့ မိသားစုနဲ့လည်း အိပ်မက်ပြခန်းထဲမှာ ထာဝရ ဆက်လက် နေထိုင်လို့ ရနိုင်ပြီလေ။

အိပ်မက်အရောင်းဆိုင်ဟာ စနစ်တကျ ချမှတ်ထားတဲ့ ဥပဒေတွေ၊ စားသုံးသူဆိုင်ရာ ကာကွယ်မှု အချက်အလက်တွေနဲ့ သေချာပြုလုပ်ထားတာမို့ မိမိတို့ရဲ့ သီးသန့် မကောင်းမှု ရက်ဖွယ်ရာကိစ္စတွေအတွက်လည်း လုံခြုံစိတ်ချရတာမို့ စိတ်သွားတိုင်း လုပ်ကိုင်လို့ ရနိုင်ပါတယ်။ အရင်ကတော့ အပြာကားတွေ၊ ညစ်ညမ်းကားတွေအတွက် လုံခြုံမှု သိပ်မပေးနိုင်တဲ့ အကောင့်မျိုးတွေနဲ့သာ စိုးတထိတ်ထိတ်နဲ့ အာသာဖြေရတာပဲမဟုတ်လား။ ဒီအိပ်မက် အရောင်းဆိုင်ထဲမှာတော့ တိတ်တိတ်ပုန်း ပြစ်မှားနေရတဲ့ ယောကျ်ားတွေ၊ မိန်းမတွေကိုလည်း စိတ်တိုင်းကျ လိင်ဆက်ဆံခွင့်နဲ့ အချစ်ဇာတ်ထုပ်တွေကို ယုတ္တိကျကျ တည်ဆောက်လို့ရပါတယ်။ ခုဆိုရင် အိပ်မက်အရောင်းဆိုင် ဖောက်သည်တွေဟာ အိပ်မက်ကမ္ဘာထဲကို ခုန်မဆင်းခင်မှာ စိတ်ကူးစိတ်သန်းကောင်းတဲ့ စာရေးဆရာလိုမျိုး ပုဂ္ဂိုလ်တွေကို ငှားရမ်းပြီးတော့တောင် ကောင်းမွန်တဲ့ ဇာတ်လမ်းတွေ ဖန်တီးထားပြီးမှ အဲဒီအချက်အလက်တွေကို ရင်ဝယ်ပိုက်ပြီးတော့ ချီတက်ကြတော့တာပဲ။ အချို့သူတွေကတော့ မမြင်ခဲ့ရတဲ့ ဘုရားတွေ သွားဖူးကြတယ်။ ဘုရားတွေကလည်း သူတို့စိတ်ဆန္ဒတွေအတိုင်းပဲ တရားတွေ ဟောပေးတယ်။ အပြစ်တွေလည်း ခွင့်လွှတ်ပေးကြတယ်။ ယုတ္တိရှိတာ မရှိတာ အပထား၊ ကိုယ်မြင်ချင်တဲ့ ဘုရားတွေကို မြင်ရလို့ စိတ်ထဲတော့ အတော် ကျေနပ်သွားကြတယ်ဆိုတာ အိပ်မက်အရောင်းဆိုင်က ထုတ်တဲ့ သတင်းစာတွေမှာ ပါရှိတဲ့ စစ်တမ်းတွေအရ သိကြရတယ်။

အိပ်မက်အရောင်းဆိုင်ဟာ သက်ဆိုင်ရာ အစိုးရတွေနဲ့ ကျကျနန ချိတ်ဆက်ထားတာမို့ ပြိုကွဲမှာလည်း မပူရပါဘူး။ ပညာရှင်တွေကလည်း ကောင်းသထက်ကောင်းအောင် မွမ်းမံနေတာမို့ စိုးရိမ်စရာ မရှိနိုင်ပါဘူး။ ဒါပေမဲ့လည်း လက်တွေ့လူမှုဝန်းကျင်မှာတော့ ပြဿနာ အနည်းငယ် တက်ရတာမျိုးတော့ ရှိပါတယ်။ ဖြစ်ရတာကတော့ အပြင်မှာ ပေါက်ကြားကုန်တဲ့ ပိုင်ရှင်ရှိပြီးသား ဇနီးမယားကို ပြစ်မှားမိတဲ့ အိပ်မက်ဖိုင်တွေကြောင့် ဖြစ်ပါတယ်။ သိပ်တော့လည်း မခက်ပါဘူး။ ဟိုဘက်က ခံရတဲ့ ယောကျ်ားဖြစ်သူကလည်း အိပ်မက်ဖိုင်ထဲမှာတင် သူ့မိန်းမကို ပြန်မုဒိမ်းကျင့်လိုက်တာပါပဲ။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ ဒါက အစစ်မှ မဟုတ်ဘူးပဲဆိုတာ အားလုံးလက်ခံနေကြတာပဲလေ။

ခုဆို ဒီအိပ်မက်အရောင်းဆိုင်တွေကြောင့် စစ်ပွဲတွေ၊ မုဒိမ်းမှုတွေ အနည်းငယ် လျော့လာတယ်လို့ ဆိုတယ်။ နိုင်ငံရေးဟာသတစ်ခုတောင် ပေါ်လာသေးတယ်။ တင်းမာနေကြတဲ့ အင်အားကြီးနိုင်ငံနှစ်ခုက ခေါင်းဆောင်နှစ်ယောက် တွေ့ဆုံကြတော့ တစ်ဖက်က ခေါင်းဆောင်ကလည်း ရယ်သွမ်းသွေးပြီး ကျေနပ်ပါပြီဗျာ၊ ညက ကျွန်တော် စစ်ပွဲမှာ အနိုင်ရပြီးပြီဗျလို့လည်း ဆိုလိုက်တော့ တစ်ဖက်ကလည်း ကျွန်တော်လည်း မနေ့ညက ခင်ဗျားစံအိမ်တော်ထဲ ရောက်ခဲ့သေးတယ်။ ခင်ဗျားမိန်းမက အတော်ချောတာပဲဗျလို့ ဆိုလို့ ပြဿနာတောင် ဖြစ်သွားသေးတယ်ဆိုပဲ။ နောက်ပြီး တချို့သော ဘာသာရေး ယုံကြည်လွန်သူ အချို့ကတော့ အိပ်မက်အရောင်းဆိုင်လုပ်ငန်းဟာ ငရဲကျနိုင်သလား မေးကြသေးတယ်။ သက်ဆိုင်ရာ ဘာသာထိန်း ပုဂ္ဂိုလ်တွေမှာလည်း အိပ်မက်ထဲက အပြစ်တွေကို ငရဲဒဏ်သင့်စေဆိုတာမျိုး တိုက်ရိုက်ချထားတဲ့ ပြစ်ချက်မျိုးလည်း ရှာမတွေ့တော့ မကျနိုင်ကြောင်း အောင့်သက်သက်နဲ့ ပြောရတာပေါ့။ ကျတယ်လို့ပြောလည်း ယုံကြည်မှာ မဟုတ်တော့ဘူးလေ။ ဘာလို့လဲဆိုတော့ အိပ်မက်ထဲမှာတောင် ဘုရားတွေဆီက ခွင့်လွှတ်မှုနဲ့ ကျေနပ်နေကြတာကို။

ကျွန်တော်ကတော့ အိပ်မက်တွေကို အယုံအကြည် မရှိလှပေမဲ့ လက်တွေ့ကျကျနန မက်တဲ့ အိပ်မက်တွေ လွှတ်ကျကြွေကွဲရမှုအတွက်တော့ နာကျင်ဝမ်းနည်းရတာ အမှန်ပါပဲ။ သစ်ရွက်မကြွေတဲ့ နွေဦး။ မှိုမတက်တော့တဲ့ ပေါင်မုန့်တစ်လုံး။ ညှိုးနွမ်း



www.burmeseclassic.com

www.burmeseclassic.com

မသွားတဲ့ ချယ်ရီပန်းအတု တွေနဲ့မြို့။ ပြန်မလာတော့ မယ့် သူမရဲ့ လက်ကလေး တစ်ဖက်နဲ့ နှုတ်ခမ်းပါးရဲရဲ ကလေးတွေကိုပါပဲ။ လူသား တစ်ယောက်ပီသစွာ ကိုယ့်ရဲ့ လိုချင်တပ်မက်မှုတွေအပေါ် မထိန်းအုပ်နိုင်ခဲ့ပါဘူး။ ပိုက် ဆံ အကြွေတချို့နဲ့ အိပ်မက် တွေကို လဲလှယ်ခဲ့ပါတယ်။

ထိုအခါမှာတော့ ရေပြာ ပြာတွေ စီးနေတဲ့ ချောင်း ကလေးအနားကို ကိုယ်အခ ငွေကြေးပေး ဝယ်ထားတဲ့ အိပ်မက်တွေရဲ့ ဆင့်ခေါ်မှု အရ သူမမှာ ရောက်ရှိလာခဲ့ရ တယ်။ လတ်တလော မွှင့် ထားတဲ့ နည်းပညာစွမ်းအင် ကြောင့် သူမလည်တိုင် ကလေးက အကြောစိမ်း ကလေးတွေကိုတောင် မြင်ရ တယ်။ ကျွန်တော့်ရဲ့ လိင်စိတ် တက်ကြွမှုအလိုက် သူမရင် နှစ်မြွှာဟာ ပိုမိုမို့မောက် ပြည့် ဖြိုးလာတယ်။ ကျွန်တော့် အတွက် ဘာမဆို ပေးဆပ်နေ မလို့ပဲ။ ဟင့်အင်း၊ ကျွန်တော် လိုချင်တာ ဒီလို ညစ်ညမ်းတဲ့ အိပ်မက်မဟုတ်ဘူး။ တစ်ခါ ကလို သူမက သိုးအုပ်တွေ ကို အော်ဟစ်ခြောက်လှန့်ပြီး တော့ ပြေးနေတယ်။ အမျိုး အမည်မသိ ပန်းနီနီတွေကို ခူးပန်ထားတယ်။ သီချင်း တစ်ပုဒ်ကို တီးတိုးရွတ်ဆို တယ်။ အိပ်မက်အရှင်သခင် တို့ရေ၊ ခုနေများ သူမ မက်တဲ့ အိပ်မက်က ဘာများဖြစ်နေ မလဲဆိုတာ သိခွင့်ပေးပါလား။ အဲဒီအချိန်မှာ သက်ဆိုင်ရာ လူကြီးမင်းတစ်ယောက်က အနားရောက်လာပြီး မဖြစ်နိုင် တဲ့အကြောင်း ရာဇဝင်ဇာတ် ကားထဲက ပုံသဏ္ဌာန်လိုမျိုး ကျွန်တော် အရောင်ခြယ်ထား တဲ့ ကောင်းကင်ပေါ်ကနေ လာပြောပါတယ်။ ကျွန်တော့် အိပ်မက်ထဲကနေပဲ သူမ အိပ် မက် မက်တယ်၊ မမက်ဘူး ဆိုတာပဲ မေးမြန်းခွင့် ရှိတယ် ဆိုတာ သိနေပါတယ်။ သူမ ကတော့ ကျွန်တော့်အလိုကျ ကျွန်တော့်ကိုပဲ အိပ်မက် မက် နေကြောင်း ပြောပြမှာ သေချာ ပါတယ်။ ကျွန်တော့်မှာ ငိုမိ တာပေါ့။ ကျွန်တော် ကြား ချင်တာဟာ အရောင်းပြခန်း ထဲက မိမိ ပရိဂရမ်သွင်း ထားမှုအလိုက် အလိုကျလုပ် ပေးတဲ့ ဈေးခေါ်စက်ရုပ်မျိုး မဟုတ်ပါဘူး။ တကယ်ဖြစ် ချင်တဲ့ အိပ်မက်လှလှလေး တွေပါပဲ။ နှစ်ကိုယ်တူ စိတ် တိုင်းကျ မက်ခွင့်ရှိတဲ့ အိပ် မက်စစ်စစ်တွေပဲ ဖြစ်ပါရဲ့။ ကျွန်တော် မြင်နေရတဲ့ သူမ ဟာ ခုလို ကျွန်တော် ဝမ်း နည်းနေရလို့ စိတ်မကောင်း ဖြစ်ကြောင်းကို သူမနဲ့ တထေရာတည်းတူတဲ့ အသွင် နဲ့ နှစ်သိမ့်ပေးပေမဲ့ သူမ ပြော နေတာမဟုတ်ကြောင်း သိရှိ နေကတည်းက ကျွန်တော့်ရဲ့ အိပ်မက် အရောင်းဆိုင်ထဲက ရယူလိုမှုဟာ အချည်းနှီးပဲ ဖြစ်ခွင့်ရနေပါတယ်။

ကျွန်တော်ဟာ သူမဆီ ကနေ စိတ်တိုင်းကျ ပြုကျင့် ပိုင်ခွင့်ရှိတဲ့ အနေအထားစစ် စစ်တွေကို ရရှိနေပါလျက်နဲ့ သူမ မဟုတ်ကြောင်း သိရှိနေ ရတဲ့အတွက် ကြေကွဲမဆုံး ဖြစ်နေရပါတယ်။ လက်တွေ့ နေ့ခင်းထဲမှာတော့ သူမကို ဆုံရတိုင်း အပြစ်မကင်းသလို ခံစားရပါတယ်။ ဘဝတစ်ခုစီ အရ ကန့်သတ်နှောင်ဖွဲ့ထား ပြီဖြစ်တဲ့ အခြေအနေတွေ အကြားမှာ ကျွန်တော်တို့ရဲ့ ရုန်းထွက်လိုမှုတွေဟာ ဖြစ် မြောက်ဖို့ မလွယ်ကူလှတော့ ပါဘူး။ အိပ်မက်အရောင်း ဆိုင်လုပ်ငန်းဟာ ယင်းကိစ္စ များအတွက် ဖြည့်စွမ်းထား တာဆိုပေမဲ့ နှလုံးသားထဲက လာတဲ့ ချစ်ခြင်းမေတ္တာတရား ဟာ ဘယ်လို Illusionist မျိုး ကမှ အယုံသွင်းလို့ မရမှန်း သိသာစေပါတယ်။ အချစ်နဲ့ ရမ္မက်ဟာ တူညီသယောင် ရှိပေမဲ့ မတူညီနေမှန်း သိစေ ခဲ့ပါတယ်။ ကူညီနိုင်တဲ့ ဟက် ကာတွေ၊ အိပ်မက်သူခိုးတွေ ကို အကူအညီတောင်းခံပြီး သူမရဲ့ အိပ်မက်ဖိုင်တွေကို ခိုးယူလို့ ရနိုင်ကောင်း ရနိုင် ပေမဲ့ ဒီလို အတင်းကာရော လုပ်ယူမှုတွေကိုလည်း စိတ် မပါတော့ပါဘူး။ တကယ် တော့ ဆန့်ကျင်ဘက်လိင် သတ္တဝါတစ်ယောက်ကို ချစ် ခင်မှုဆိုတာ အပြာရုပ်ရှင်ထဲ ကလို လိုသလိုညွှတ်နူး စိတ် တိုင်းကျ ဆက်ဆံတာမျိုးသာ ဒုက္ခအေးတယ်လို့ပဲ ထင်မှတ် မိခဲ့ပေမဲ့ နှစ်ကိုယ်တူ စိတ် တိုင်းကျ ပျော်မွေ့ချင်တဲ့ ဘဝ မျိုးကိုတော့ ရောက်ရှိဖို့ မဖြစ် နိုင်ဘူးဆိုတာ သိရှိခဲ့ပါတယ်။ Time Travel လို စက်မျိုးနဲ့ ရော ဆိုးဝါးခဲ့တဲ့ အတိတ်တွေ ကို ပြန်ပြောင်းပြုပြင်မလား။ ဒါမှမဟုတ် သူမရဲ့ အတိတ် တွေကိုရော Timetravel စက် တွေကနေ ဖျက်ပစ်ပြီး အိပ်မက်အရောင်းဆိုင်က ဖန်တီးထားတာမဟုတ်တဲ့ စီမံကိန်းတစ်ခုနဲ့ ကမ္ဘာ ဟောင်းထဲမှာပဲ ထာဝရ ကုန် ဆုံးဖို့ရာ အစီအစဉ်ချရတော့ မလား။ အဲဒီထဲမှာ ရှည်လျား တဲ့ ဆံနွယ်တွေနဲ့ နှာတံစင်း စင်းကလေးရဲ့အောက်က နှုတ်ခမ်းဖူးဖူးလေးကို ထာဝရ ပိုင်ဆိုင်တော့မှာလား။ ဒါ ဆိုရင် သူမရဲ့ လက်တွေ့ ကမ္ဘာကလေးကရော ဒီအထဲ မှာပဲ တစ်ပိုင်းစီ ဖြစ်နေတော့ မှာပေါ့။ မလုပ်ရက်တော့ပါ ဘူး။ ကျွန်တော့်အနေနဲ့လည်း လုံးဝဥဿုံ ပြုပြင်ပစ်ဖို့နဲ့ ကျန်ရှိပိုင်ဆိုင်ခဲ့ရတဲ့ အတိတ် မိနစ် ခုနှစ် ပတ်တာလောက် ကိုပဲ ကန့်သတ်ထားပြီး နေထိုင်ရမလား စဉ်းစားနေမိ တော့တယ်။ ဒီအကန့်ကလေး ဟာ ဘာပဲဖြစ်ဖြစ် ကျွန်တော် တို့ နှစ်ဦးသားစလုံး အပြစ် ကင်း လှပခဲ့ကြတာပဲ မဟုတ် ပါလား။ ဘယ်သူ့ ဘယ်သူ ကမှ မစွက်ဖက် မဝင်ရောက် ခဲ့ကြတဲ့ အတိတ်အဖြူထည် လေးပဲ မဟုတ်ပါလား။

ဒီလိုနဲ့ပဲ ကြေကွဲဆိုးညစ် အနာဂတ်သစ်တွေအကြားမှာ နေထိုင်လာရင်းနဲ့ ကံအား လျော်စွာပဲ အိပ်မက်အရောင်း ဆိုင်ကနေ ကံစမ်းမဲတစ် စောင် ပေါက်ခဲ့တယ်။ ဒါပေ မဲ့ ဆုငွေ လက်မှတ်ကို သူမ ဆီကိုပဲ ပေးလိုက်တော့တယ်။ အိပ်မက်တွေအရကသာ မိမိ သဘောအတိုင်း စီရင်ပိုင်ခွင့် ရှိပေမဲ့ ဘဝယန္တရားကိုတော့ အိပ်မက်အရောင်းဆိုင် ပိုင် ရှင်တွေဟာ မစီမံနိုင်သေးပါ ဘူး။ အများသဘောဆန္ဒအရ လက်တွေ့ဘဝထဲက ပြစ်မှု ကျူးလွန်သူတွေကို အိပ်မက် ခန်းထဲမှာ ထာဝရ အိပ်စက် စေပြီးတော့ သူတို့ရဲ့ တစ်သီး ပုဂ္ဂလ ဆန္ဒမပါတဲ့ ရက်စက်စွာ



www.burmeseclassic.com

www.burmeseclassic.com

သတ်ဖြတ်ခံရခြင်း အိပ်မက်တွေကို လွှတ်ပေးပြီး ဒဏ်ခတ်တာမျိုးက လွဲလို့ပေါ့။ ဘဝဆိုးထဲမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေတဲ့ သူမကို ရွှေသားစစ်စစ် အိပ်မက်တွေပါတဲ့ တစ်သက်တာ အိပ်မက်အရောင်းဆိုင် ချက်လက်မှတ်ကို သူမ မဲပေါက်သလိုမျိုး လုပ်ကြံဖန်တီးပြီး လှမ်းပေးခဲ့ပါတယ်။ ကျွန်တော်ကတော့ Time Travel ကုမ္ပဏီထဲကနေ မိမိဘဝထဲမှ ချိုမြိန်ခြင်း တစ်နာရီစာ ပြကွက်တွေကိုပဲ အရောက်သွားခွင့်ရှိဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒီလိုပါပဲ။ နှင်းတွေဝေနေတဲ့ တောင်ပတ်လမ်းကလေးတွေပေါ်က ကျကျန်ရစ်ခဲ့တဲ့ သူမရဲ့ အတိတ်ရနံ့တွေကို ပြန်လည် လိုက်ရှာမယ်။ တသသနဲ့ နာကျင်လွမ်းဆွတ်လာမိပြီဆိုရင်တော့ Time Travel စက်ထဲကို ဝင်ပြီး ကျကျနန ပိုင်ဆိုင်ခဲ့ရတဲ့ သူမရဲ့ စိတ်လိုလက်ရ ချစ်မက်မှု အပြည့်ပါတဲ့ ကမ္ဘာလေးထဲကို တိုးဝင်ခဲ့တာပဲ။

အိပ်မက်အရောင်းဆိုင်က ဖြန့်ဝေထုတ်လုပ်တဲ့ တစ်သက်တာ ထီလက်မှတ်လိုမျိုး ဒီကုမ္ပဏီကနေလည်း ထပ်မံမဲပေါက်ခဲ့ရင်တော့ လက်တွေ့ ကမ္ဘာထဲကို ကျွန်တော့်အနေနဲ့ ပြန်လာဖြစ်တော့မှာ မဟုတ်ပါဘူး။ ဒါကိုတော့ လက်တွေ့ ကမ္ဘာမှာ သေဆုံးခြင်းလို့သာ အမည်သညာ သတ်မှတ်ရမယ်ထင်ပါရဲ့။ ■

ညီလင်းအိမ်

## ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက်အထိ

(၁) နှင်းစက်(ရွှေကြို) *ကံစေရာ* ၊ကြံ့ပင်ကောက်၊ (၂) ဒေါက်ဇော် *အနာပါတဲ့ကျောက်* ၊သရက်၊ (၃) ခင်မော်သက်(ကညွတ်ကွင်း) *အတိတ်ခါးခါး ပြန်မသွားချင်ပါ* ၊ပဲခူး၊ (၄) ရွှေသဒ္ဒါ(မြိတ်ပုလဲမြေ) *ဇရာဝတီမြစ်ကြီးကို သက်သေတည်၍* ၊မြိတ်မြို့၊ (၅) နိုင်ကြည်သားနေ *လှေလူး* ၊ရန်ကုန်၊ (၆) စံထိုက်သူ *အလင်းယိုင်ခြင်း* ၊ရန်ကုန်၊ (၇) အယ်မူရေအိုင်ငယ် *ဟိုတစ်ဘက်ကမ်းမှာ* ၊ရန်ကုန်၊ (၈) ယုယုမော်(စစ်ကိုင်း) *တန်ဘိုးကြီးသောအကြွေး* ၊ရန်ကုန်၊ (၉) ကေသရာဇာ(ယင်းမာပင်) *ကျန်းမာရေးကို ဂရုစိုက်ပါ* ၊ကချင်ပြည်နယ်၊ (၁၀) ဟိန်း *ခရီးသည်* ၊မကွေး၊ (၁၁) ညိုလင်းမောင်(ရေဦး) *ကြယ်ရိုင်းတစ်ပွင့်၏ဒြပ်မဲ့သံစဉ်* ၊ပဲခူး၊ (၁၂) တိုးလေး(မြို့ပျံ) *လောင်းရိပ်* ၊သံတွဲ၊ (၁၃) သန်းမြင့်သန်း(ကွမ်းခြံကုန်း) *အဏ္ဏဝါရင်ခွင်ဆူး* ၊ကွမ်းခြံကုန်း၊ (၁၄) သန်းမြင့်သန်း(ကွမ်းခြံကုန်း) *တာရိုးလမ်းကလေး* ၊ကွမ်းခြံကုန်း၊ (၁၅) နေခြည်(ကြီးနီ) *တိမ်ခြေရာကောက်ကြောင်း* ၊မကွေး၊ (၁၆) နေခြည်(ကြီးနီ) *လူက ပိုလီယို- စီးတော့ ဒို* ၊မကွေး၊ (၁၇) ဆူးကြယ်စင် *ကျူး* ၊စစ်ကိုင်း၊(၁၈) သျှားလူ *ကောင်းကင်မဲ့ တိမ်ရုပ်များ* ၊ပြည်မြို့၊ (၁၉) နောင်ရိုးနွယ်(မုံရွာ) *ရှိရွဲမှို* ၊ရန်ကုန်၊ (၂၀) နေဇော်နှင်း *တည်ကြက်* ၊နေပြည်တော်၊ (၂၁) စိုးမိုး(မလှိုင်) *အောင်မြင်ခြင်းဆီသို့ ခြေလှမ်းတစ်လှမ်း* ၊-၊ (၂၂) မောင်စိန်လွင်(မင်းကင်း) *နေရာချင်းတော့မလဲပါ* ၊မုံရွာ၊ (၂၃) စံထိုက်သူ(ရွှေမိုး) *မေတ္တာရောင်ပြန်* ၊ကချင်ပြည်နယ်၊ (၂၄) မောင်ပိုင်(လေးမျက်နှာ) *အပြောတော့ဖြင့် မခံနိုင်ပေါင်* ၊ရန်ကုန်၊ (၂၅) မေစိုး *မေတ္တာအရောင်ဖြင့် သာသောည* ၊ရန်ကုန်၊ (၂၆) နေခြည်(ကြီးနီ) *ခေတ်သစ်အမူးသမား* ၊မကွေး၊ (၂၇) ကိုဇော်(နွေဥသြ) *ပစ်တိုင်းထောင်* ၊ဟသ်ာတ၊ (၂၈) ရွှေအင်းငယ် *မယုံရင် ပုံပြင်မှတ်* ၊သဲကုန်း၊ (၂၉) ရှင်းသန့်ဖြူ *အစွဲနှစ်သူ* ၊ရန်ကုန်၊ (၃၀) ဒေးဗစ်မောင်မောင် *ပန်းနုရောင်မောင့်နှုတ်ခမ်း* ၊မကွေး၊ (၃၁) ဇွဲ(ပညာရေး) *အိမ်ပြန်ချိန်* ၊နေပြည်တော်၊ (၃၂) မောင်စည်သူ(အဖျောက်) *ကျောင်းဖွင့်ရန် တစ်ရက်အလို* ၊ရန်ကုန်၊ (၃၃) မိုးတာ *ပြန့်ကျဲသွားသောကုသိုလ်အပိုင်းအစလေးများ* ၊ရန်ကုန်၊ (၃၄) အောင်ကို(မြစ်ဝကျွန်းပေါ်) *မေတ္တာစမ်းရေ* ၊ရန်ကုန်၊ (၃၅) ဒေးဗစ်မောင်မောင် *ကန္တာရမှာပေါက်တဲ့ သစ်ပင်လေးများ* ၊-၊ (၃၆) ကျော်ဇင်သန့် *ဂစ်တာတစ်လက်၏ဒိုင်ယာရီ* ၊ရန်ကုန်၊ (၃၇) အေဘုန်းခေတ် *ညဖက်ရှိုးပွဲ* ၊ရန်ကုန်၊ (၃၈) မျိုးဆွေဦး(မာလဲ-နတ်တောင်) *မျဉ်းပြိုင်တို့အဆုံး* ၊မန္တလေး၊ (၃၉) ဆူးကြယ်စင် *သောင်းဂယက်* ၊စစ်ကိုင်း၊ (၄၀)ကိုဇော်(နွေဥသြ) *ညှော်သည်* ၊ဟသ်ာတ၊ (၄၁) ချစ်ခိုင်စံ(ဘီအီးဒီ) *တစ်ခါတုန်းက…ပေါ့* ၊ပဲခူး၊ (၄၂) သက်တန့်(ဓာတု) *အလှတရား* ၊မိတ္ထီလာ၊ (၄၃) လင်းရောင်စင် *မှူးနေသောခြေထောက်ကလေးများ* ၊-၊ (၄၄) ကျေး(ဆေး-၁) *အိပ်မက်နက်နက်* ၊ရန်ကုန်၊ (၄၅) နုနု(ဖောင်ကြီး) *သခ်ါရပ္ပဟုဆိုသော်လည်း* ၊လှည်းကူး၊ (၄၆) ငဒိန်း *ချစ်ခြင်း၏လိပ်ပြာ* ၊စစ်ကိုင်း၊ (၄၇) ရွှေသဒ္ဒါ(မြိတ်ပုလဲမြေ) *တိမ်မျှင်ကောက်ကြောင်း* ၊မြိတ်၊ (၄၈) ကိုသန့်(ချစ်ခြင်းများဖြင့်) *ဝိရောဓိလမ်းခွဲ* ၊ဇရာဝတီ၊ (၄၉) ငြိမ်းသခင် *ဖွန်ဘီစီးချင်း* ၊ရန်ကုန်၊ (၅၀) ဖိုးအော်ယော *ကြို့ထိုးတဲ့ည* ၊မကွေး၊ (၅၁) ပုလဲသွင် *ဖိုးထောင်ကြီး* ၊စစ်ကိုင်း၊ (၅၂) အေဘုန်းခေတ် *လင်မျှော်ကုန်း* ၊ရန်ကုန်၊ (၅၃) အေဘုန်းခေတ် *မြင့်မိုရ်ထက်သာလွန်သော* ၊ရန်ကုန်၊ (၅၄) အေဘုန်းခေတ် *ကျွန်မမျိုး ဆက်* ၊ရန်ကုန်၊ (၅၅) ရွှေသဒ္ဒါ(မြိတ်ပုလဲမြေ) *ရာဇကြိုဟ်ကမ်းလေး၏ နေဝင်ချိန်* ၊မြိတ်၊ (၅၆) အောင်သု *လူ့သဘော* ၊ရန်ကုန်၊ (၅၇) မင်းယွန်း(ခေတ္တရာ) *နောက်ဖေးတန်းကမျက်မှန်နဲ့လူ* ၊-၊ (၅၈) အေပရယ်ညိုညိုချော *ဖက်ပေါက်ပေါ်တွင် ကျိုးသည့်ဆူး* ၊လားရှိုး၊ (၅၉) နေဘုန်းညီ(အင်တိုင်း) *အသည်းနှလုံးကိုလောင်းကြေးထပ် အမြတ်ကိုပြန်၍ရင်းသော်* ၊ရှမ်းပြည်နယ်၊ (၆၀) နေရဇ္ဇ(မြောင်) *အာပေား* ၊စစ်ကိုင်း၊

*စိပ်းလှဲ့စံ ပြုစုသည်။*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်နှလုံးခုန်သံကို ကိုယ်ပြန်ကြားနေရသလို ရင်ဘတ်ကလည်း ဖားဖိုတစ်ခု ပမာ နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ ခြေဖဝါးတွေ နာကျင်နေသည်။ ကျောဌ် ထမ်းပိုးထားရသော ဝန်သည် တစ်စ တစ်စ လေးလံလာသည်ဟု ထင်သည်။ နဖူးက ချွေးကို လက်ခုံဖြင့် သပ်ချရင်း မျက်ဝန်းတူရူဆီက တောင်တန်းတွေကို တစ်ခဏ ငေးမောမိသည်။ ကျောဌ် တစိမ့်စိမ့် ထွက်နေသော ချွေးစက်များသည် ကျောရိုးတစ်လျှောက် စီးဆင်းနေသည်။ မွန်းကျပ်လွန်းသည့် အသက်ရှူနှုန်းကို ပုံမှန်ဖြစ်စေရန် ဖြည်းဖြည်း မှန်မှန်ရှူရသည်။ တောင်တန်းတွေ အထပ်ထပ် ကာရံထားသည့်နေရာဟာ သူမအတွက် အမှောင်တိုက်တစ်ခုလား၊ ဒါမှမဟုတ် မျှော်လင့်ချက် ရောင်ခြည်တွေ မြင်တွေ့ခွင့်ရနိုင်မယ့် နေရာတစ်ခုလား ဆိုသည်မှာ မသေချာ မရေရာ။

အို… အနာဂတ် မရေရာခြင်းက သူမတို့အတွက် အထူးအဆန်းမှ မဟုတ်ပေပဲ။ အိမ်ခြေမတည်၊ ယာခြေ မတည်၊ လက်ဖဝါးဖွေးဖွေး အမွေးမကပ် လူတန်းစား သူမတို့အတွက် ဘဝ ရပ်တည်မှုလေးတစ်ခုအတွက် ပင်ပန်းဆင်းရဲသည်မှာ စက္ကန့်တိုင်း၊ မိနစ်တိုင်း။ ဆင်းရဲခြင်းကို လိုင်စင်ဆွဲထားသလား အောက်မေ့ရလောက်အောင် ပုံစံမျိုးစုံနှင့် ဆင်းရဲဖူးသော်လည်း အသက်သုံးဆယ်နား နီးသည်အထိ ဘာကောင်မှ ဖြစ်မလာခြင်းမှာ ကိုယ်တိုင်သာ ညံ့ခဲ့လို့ဟု ယူဆသတ်





www.burmeseclassic.com

www.burmeseclassic.com

မှတ်လိုက်ပါတော့သည်။

လက်ထဲမှာ တိုးတက်အောင်မြင်ရေးစာအုပ်တွေသာ ထပ်လာခဲ့ပြီး စိတ်သွားတိုင်း ကိုယ်က ပါမလာ။ ချမ်းသာသည့် သူဌေးတွေကို ငေးမော အားကျရင်း ငါတို့လည်း ဘယ်တော့များမှ ဒီလိုဘဝမျိုး ရောက်နိုင်ပါ့မလဲဟု ဝမ်းနည်းအားငယ်စိတ်တွေ ဖြစ်ခဲ့ရတာလည်း မနည်းတော့။ ဘဝဆိုတာ ရုန်းကန်နေရမှ ပိုအဓိပ္ပာယ်ရှိတာဆိုသည့် စကားကို ကျားကန်ကန်ရင်း ပြောခဲ့ရတာလည်း မောပြီလေ။

နှစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါ ဆိုသလို အိမ်ပြောင်းရွှေ့နေရသည့် ဒုက္ခနှင့်လည်း အသားကျခဲ့ပြီ။ တီဗွီထဲက ကျူးကျော်ဆိုသည့် လူတွေကို မြင်ရတိုင်း ထပ်တူဝမ်းနည်း ခံစားဖူးပြီ။ မဖြစ်ညစ်ကျယ် အဝေးသင်ဘွဲ့လေး တစ်ခုနှင့် လျှောက်လွှာတင်တိုင်း အပယ်ခံဖြစ်ရသည့် ဒုက္ခကလည်း ရိုးအီနေပြီ။

အမေ့ကို မြေချသည့်နေ့၌ မျက်ရည်ဖြိုင်ဖြိုင်ကျရင်း အမေတော့ ဆင်းရဲတွင်းက ဝင်္ကျွတ်သွားလေပြီဟု တွေးမိသည်။ သွားလေသူမှာတော့ အေးချမ်းသွားလေပြီ။ ကျန်နေသူမှာသာ ဒုက္ခများနှင့် ဗျာပါပွေရသည်မဟုတ်လော။

သေရေးထက် နေရေးခက်တယ်ဆိုသည့် စကားအတိုင်း ရှင်သန်ဖို့၊ ရပ်တည်ဖို့ ရုန်းကန်ကြိုးစားရပေဦးမည်။ အမေ့ဆေးဖိုး မရှိ၍၊ ဓာတ်စာဝယ်မပေးနိုင်၍၊ တူ၊ တူမလေးတွေကို ကောင်း

t pk0efkrf
t vkfvpCk&ef
cufdom
acwfpepfvGf
or
aw0ae&ef
t cef&S
]vbfuD
avSt muf
awmiFuD
z0gat muf
qbnfubM
avmu"H
vbfwyfawG
or
ajcz0gat muf
0ypifapEkfzM
or
ajcvSfawGk
pwifbnf

ကောင်းမွန်မွန် မကျွေးမွေးနိုင်၍ စက်ဘီးစုတ်လေးကို စီးရင်း ကိုယ့်ရှေ့က သွားနေသည့် ကားကြီးအောက် စီးဝင် သေပစ်လိုက်လျှင် ကောင်းမလားဟူသည့် အတွေးကို အကြိမ်ကြိမ် တွေးဖူးခဲ့သည်။

အမေသာသိလျှင် ထုံးစံအတိုင်း "သေရင်လည်း သေတာ မဟုတ်ဘူး။ ခံစားနေရတာညယ်"ဟု တိုးညင်းသော လေသံကလေးဖြင့် ညည်းဆိုပါလိမ့်ဦးမည်။ ထိုအခါ သူမက ခြေဆုပ်လက်နယ်ပြုရင်း "မသေပါနဲ့ဦး အမေရယ်၊ အမေ အသက်ရှည်ရှည်နေရမှာပါ။ သမီးတို့ ချမ်းချမ်းသာသာ နေရဦးမှာပါ"ဟု ရယ်ကျဲကျဲနှင့် နှစ်သိမ့်ပေးလိမ့်ဦးမည်။

ဆယ့်ရှစ်နှစ်လုံးလုံး ရာသီသုံးပါးမရွေး ဈေး၌ ကုန်စိမ်းရောင်းကျွေးခဲ့သော အမေသည် ပင်ပန်းသည်ဟု အသံမထွက်ခဲ့သော်လည်း ဆယ်စုနှစ်တစ်ခုနီးပါးသာ လုပ်ကျွေးရသေးသော သူမတို့ အလှည့်ကျ နှုတ်က ဖွင့်မပြောသော်လည်း ပင်ပန်းမောဟိုက်နေသည့်အကြောင်း အမေ သိသည်လေ။

ဘဝကို ပျော်သလိုဖြတ်သန်းတတ်သောအဖေ။ ဆေးနှင့် အသက်ဆက်နေရသော အမေ။ မိသားစုဝန်ကြောင့် လူငယ်ပီပီ လွတ်လပ်ပေါ့ပါးခွင့်မရရှာသော အစ်ကိုကြီး။ အစ်မကြီး၏ သားသမီးများဖြစ်ကြသော တူ၊ တူမလေးနှစ်ယောက်နှင့် သူမတို့ လေ့ကလေးသည် လောကဓံ ပင်လယ်ပြင်တွင် လူပ်လီလူပ်လဲ့ အိပုံ့ပုံ့ကလေး သွားနေခဲ့သည်။

သူမ အဝေးသင်တက်ရင်း လုပ်ရသည့်အလုပ်က လစာနည်းသော်လည်း အလုပ်ထဲမှ အခါအားလျော်စွာ ရလေ့ရှိသော မုန့်ဖိုးများနှင့် အစားအသောက်များရလျှင် အမေနှင့် ကလေးများကို ဖောဖောသီသီကလေး ကျွေးနိုင်၏။ လစာထဲကနေ အမေ့အတွက် ဆေးဖိုးတစ်သောင်းခွဲ ပုံမှန် နုတ်ထားရသည်။ အမေ့အား လိုအပ်ချက်အရ ထိုးနေကျ ဆေးဆရာဆီ အကြွေးချန်ရသည်များလည်း ရှိ၏။ စပျစ်သီးကြိုက်သော အမေ့ကို တစ်ပတ်တစ်ခါလောက်တော့ စပျစ်သီး ဝယ်ကျွေးနိုင်အောင် ကြိုးစားရပါသည်။

အိမ်လခက တစ်သောင်းနှုန်း ပုံမှန်။ ကျန်သည့် ဆန်ဖိုး၊ ဆီဖိုး၊ ဈေးဖိုး၊ ကလေးမုန့်ဖိုး၊ ကျောင်းစရိတ်စသည့် ငွေကြေးများက သူမကို ခေါင်းကိုက်စေသည်။ မြစ်ကြီးနားမြို့သည် စစ်ဖြစ်ကတည်းက အရောင်းအဝယ်နှောင့်နှေးသွားလေရာ ကုန်စုံဆိုင်ကြီးများကို အားထားလုပ်ကိုင်နေရသော အစ်ကိုကြီး၏ အလုပ်သမားဝင်ငွေသည်လည်း အိမ်ကို ကောင်းကောင်း မစိုပြည်နိုင်တော့ပေ။ တစ်လနှင့်တစ်လကို အသက်ဆက်ရန် သူမတို့ အသက်ရှူကျပ်လှသည်။

လေးအိမ်မြောက် ပြောင်းနေရသည့် အိမ်ကတော့ ငှားနေရသည်မဟုတ်၍ တော်သေးသည်။ ဆီပီပါတွေထားသည့် ဂိုဒေါင်တစ်ခုကို အစောင့်သဘောမျိုး နေပေးရသည့်အတွက် တစ်လကို တစ်သောင်းခွဲခန့် လစာ ပြန်ရသေးသည်။ ခြံပိုင်ရှင် သူဌေးမကြီးက သဘော ကောင်းလှသဖြင့် ခြံကိုလာတိုင်း အမေနှင့် ကလေးများအတွက် မုန့်ဖိုးများ ပေးခြင်းနှင့် မုန့်ထုပ်များ၊ အဝတ်အစားများ ယူယူလာပေးတတ်သဖြင့် သူမ အသက်ရှူချောင်ရသည်။

ကိုယ့်ရှေ့က မားမားမတ်မတ် ရပ်တည်ပေးဖို့ရာ မစွမ်းနိုင်တော့ပေမဲ့ မြင်းမိုရ်တောင်၏ အရိပ်ကလေးက ပင်လျှင် သူမအတွက် လုံခြုံ



www.burmeseclassic.com

www.burmeseclassic.com

အေးမြလွန်းနေလေပြီ။ နံနက်မိုးမလင်းမီ “ထတော့လေ··· သမီး၊ နေမြင့်တော့မယ်။ အလုပ်လည်း သွားရဦးမယ် မဟုတ်လား”ဟု နှိုးလေ့ရှိသော အမေ့ကို ချစ်လွန်းလှသည်။

နှင်းမှုန် မသဲမကွဲ အောက် စက်ဘီးလေး တဂျောက်ဂျောက်နင်းရင်း အိမ်က ပါလာသည့် မုန့်ညင်းရွက်၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ နံနံပင်များ ဖောက်သည်ယူမည့်သူကို စောင့်စားရင်း၊ ရောင်းပန်းဝယ်ပန်းပွင့်စေရန် ဘုရားစာများ နှုတ်က တတွတ်တွတ် ရွတ်ရင်း ချမ်းအေးလွန်းသည့် ဆောင်းမှာ ချွေးပြန်ခဲ့သည့် နေ့ရက်တွေက မနည်းခဲ့။

ဈေးအပြန် ထမင်းဟင်းချက်ပြုတ်၊ ကလေးနှစ်ယောက်အတွက် ထမင်းချိုင့်ပြင်ဆင်ပေးရင်း၊ တစ်ရာတန်နွမ်းအကြေလေးကို မောင်နှမနှစ်ယောက် မုန့်ဖိုးပေး... မျှဝေသုံးဖို့မှာကြားရင်း စိုက်ထားသည့် အပင်တွေကို ရေလောင်းရပြန်သည်။ ကိုးနာရီထိုးခါနီးတွင် ရေချိုး၊ ထမင်း ကပျာကယာစား၊ အမေ့အခြေအနေကို ကြည့်ကာ လိုအပ်သည်များ လုပ်ပေး၍ အလုပ်သွားမည့် အကြောင်း နှုတ်ဆက်ပြီး စက်ဘီးတစ်စီးဖြင့် ငါးမိုင်ခရီးအလုပ်ကို ခပ်သွက်သွက်နင်းပြေးရပြန်သည်။

အလုပ်က လူတွေက သူမအိမ်အခြေအနေကို အလုံးစုံ သိထားသောကြောင့် ခွင့်လွှတ်ပေး၍ တော်သေးသည်။ အလုပ်ထဲတွင်တော့ သူမဘဝ အမောတွေ ခေတ္တပြေပျောက်ရသည်။ စာအုပ်နှင့် ဘောပင်ကြား၊ စာရင်းဇယားတွေကြား အလုပ်ရှုပ်နေသည်က ပေါက်ပြားတစ်လက်ဖြင့် မြေတူး၊ မြေဆွရင်း နဖူးကချွေးခြေမ,ကျသလောက် မပင်ပန်းချေ။ သူမ၏ လက်ချောင်းများသည် အိမ်၌ ရေတွင်းတုံကင်ကို အဆက်မပြတ်နှိပ်လိုက်၊ ရေလောင်းလိုက်၊ ပေါက်ပြားကိုင်လိုက်နှင့် ကြမ်းရှလှသော်လည်း အလုပ်ထဲရောက်လျှင်တော့ ကွန်ပျူတာ ကီးဘုတ်လေးပေါ် ပြေးလွှားလိုက်၊ ဂဏန်းပေါင်းစက်ကို တတောက်တောက်နှိပ်လိုက်၊ ဘောပင်လေးကိုင်လိုက်နှင့် နူးညံ့ခွင့်ရလေသည်။

ထိုအခြေအနေနှင့်ပင် ရာသီတွေ တစ်ပတ်ပြီး တစ်ပတ်လည်ရင်း ကျန်းမာရေး မကောင်းသောအမေ၏ နောက်ဆုံးနေ့ရက်များသို့ ရောက် သောအခါ အပူမီးတွေ ပင်လယ်ဝေခဲ့ပါသည်။ ပါးလျသော အမေ့ခန္ဓာကိုယ်လေးသည် ဝင်သက်ထွက်သက်ကို မျှဉ်းမျှဉ်းရှူရင်း၊ နဖူးမှ ချွေးစတွေဝေနေသော တစ်ခုသော နွေနေ့လယ်ခင်းတွင် အမေ့အနား ဝင်ထိုင်ရင်း ချွေးစများကို သုတ်ယူပေးမိသည်။

“အမေ နာလန်ပြန်ထူရမယ့် အချိန်က အရမ်းပူတဲ့ အချိန်နဲ့ တိုက်ဆိုင်နေတယ် သမီးရယ်”တဲ့။ သူမသာ အသုံးကျသည့် သမီးတစ်ယောက်ဖြစ်လျှင် အထူးကုဆေးရုံ၌ အဲယားကွန်းတပ်ထားသည့်အခန်း၌ အမေ့ကို ချွေးသိပ်အေးမြစေနိုင်လိမ့်မည်ဟု ထင်သည်။ ကိုယ့်ကိုယ်ကို အသုံးမကျသည့် သမီးမိုက်ဟု ကျိန်ဆဲရင်း ဟောင်းနွမ်းကျိုးပျက်နေသော ဝါးထရံများကို ငေးမောနေမိသည်။ ရှေ့က စားပွဲခုံလေးပေါ်တွင် မိသားစုဝင်တွေ အတူတူ ကြည့်လေ့ရှိသော ဘလက်အင်ဝှိုက် အဖြူအမည်း တီဗွီကလေးသည် တိတ်ဆိတ်ခြောက်ကပ်နေသည်။ စားပွဲခင်းကို ကိုင်ကြည့်ရင်း ဖုန်မှုန့်များ ထ,လာနိုင်သေးသည်။

စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးသည်။ “လူက ဆင်းရဲလျှင်လည်း သေတတ်သည်”တဲ့။ သူမ အတွေးတွေကြောင့် နာကျင်သွားမိသည်။ အမေသည် စကားဟဟ မပြောနိုင်ဘဲ ဝေဒနာကို ကြိတ်မှိတ်သည်းခံနေလေသည်။ အမေ မသိအောင် သူမရင်ထဲ တိတ်တဆိတ်ငိုကြွေးရင်း နွေ၏ နေ့ရက်တွေက မှောင်မိုက်တတ်ကြောင်း သိခဲ့ရသည်။

ဆင်းရဲတွင်း ခပ်နက်နက်ထဲက အမေ လွတ်မြောက်သွားချိန်သည် မနက်လေးနာရီခွဲပြီး ငါးမိနစ်တိတိ။ ညီအစ်မရင်းပမာ အားကိုးရသည့် သူငယ်ချင်းအစ်မ ကေငိုစုဆီ ဖုန်းဆက်ကာ “အမေဆုံးပြီ··· အစ်မ”ဟု တိုတိုတုတ်တုတ် ပြောလျက် ငိုကြွေးမိသည်။ လက်ထဲ ပိုက်ဆံ တစ်သောင်းခွဲကျစ်ကျစ်ပါအောင် ဆုပ်ရင်း အမေ့ကို လက်လွှတ်ခဲ့ရသည်။ သူမမှာ ပိုက်ဆံလုံလုံလောက်လောက် မရှိခဲ့သော်လည်း အရပ်ကောင်းသဖြင့် အမေ့အလောင်း လှခွင့်ရခဲ့ပါသည်။

အမေ့ရုပ်အလောင်းနားထိုင်ရင်း သူမ ရူးကြောင်ကြောင် ဖြစ်နေမိသည်။

“အမေ··· တစ်ရေးနိုးလာဦးမှာပါ။ အမေက မကြာခဏ အသည်းအသန်ဖြစ်နေကျလေ။ ပြန်ကောင်းလာဦးမှာပါ။ စိတ်ချသွားပြီလား အမေ။ သမီးတို့မှာ ကိုယ်ပိုင်အိမ်ကလေးတစ်လုံးတောင် မပိုင်ဆိုင်သေးဘူးလေ။ အမေ့ဇာတိဝန်းသိုကို ပြန်ချင်တယ်ဆို။ တစ်သက်လုံး မနေချင်ပါဘူးဆိုတဲ့ မြစ်ကြီးနားမှာ ဘာလို့ ခေါင်းချသွားရတာလဲ။ ကျန်းမာရေးချူချာတဲ့ သမီးအတွက် အသက်ရှင်နေတာပါဆို။ ဒီသမီး အရင်သေပါရစေ အမေရဲ့။ သေနတ်သံ တဒုန်းဒုန်း တဒိုင်းဒိုင်းနဲ့ မနေချင်ပါဘူးဆို အမေရယ်။ အရင်လို သမီးကို အမေတို့ ငယ်ငယ်က အကြောင်းတွေ ပြောပြခဲ့ပါဦးလား။ လောကကြီးထဲမှာ သမီးတို့ကို စိတ်ချစွာ ထားခဲ့ရက်နိုင်ပြီပေါ့ အမေ။

“အမေ သိလား၊ အမေ့ကို မြေမြှုပ်ပြီးတော့ မြေစာပုံက မို့မောက်မနေတာမို့ ဘာတဲ့၊ သေနေ့စေ့တာတဲ့။ ဩော်··· သူတို့ပြောမှလား အမေ။ လူတိုင်း သေနေ့စေ့မှ သေကြရတာပဲလေ။ ဒါပေမဲ့ အမေ့ဘဝမှာ လူဖြစ်ရတာ မတန်ဘူး မဟုတ်လား အမေရယ်။

“ဒီမိသားစုအတွက် မီးစာကုန် ဆီခန်းဖြစ်ခဲ့ရတဲ့ အမေ့အတွက် သမီးရင်နာမဆုံး ဖြစ်ရပါတယ်။

*စာမျက်နှာ(၂၂၃)သို့···*



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းသိုက်စိုး

ကောင်း-မန္တလေး၊

## ဆရာမအကောင့်ကို ကျွန်တော်ဘာလော့ခဲ့မိတယ်

အမှတ် ၃၅၁၊ ဖေဖော်ဝါရီ ၂၀၁၉



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် Friend list ထဲမှာ ဘယ်တုန်းက ရောက်နေလဲ မသိဘူး။ ဒေါ်အုန်းကြည်တဲ့။ အင်္ဂလိပ်လို Daw Own Kyi ဆိုတဲ့ ဖေ့ဘွတ်ခ် အကောင့်။ သေချာ ကြည့်လိုက်တော့ ကျွန်တော် မူလတန်းတုန်းက ဆရာမ။ တိတိကျကျ ပြောရရင် သူငယ်တန်းကနေ လေးတန်းအထိ ရင်ခွင်ပိုက်စနစ်နဲ့ ကျွန်တော် တို့ အတန်းကို တောက်လျှောက် တောက်လျှောက် အတန်းပိုင်လုပ်လာတဲ့ ဆရာမ။ တစ်မြို့တည်းပေမဲ့ ရုပ်ကွက်ချင်း ဝေးပါတယ်။ ဆရာမက အပျိုကြီး။ ခုတော့ အသက်ကြီးနေပါပြီ။ ငယ်ငယ်ကတည်းက သွားခေါခေါနဲ့။ ခု ပိန်တော့ သွားက ပိုငေါထွက်နေတယ်။ ဆရာမက ရုပ်တော်တော်ဆိုးပါတယ်။

❑

တတုံတုံနဲ့ messenger က စာတွေဝင်နေတယ်။ ဆရာမ ဒေါ်အုန်းကြည်ပဲ နေမှာ။ တစ်နေ့ကလည်း ပြောပြီးပြီကို။ သူမေးတာတွေ အကုန်ဖြေပြီးပြီလေ။ အခု ကျွန်တော် ကွန်ပျူတာတက္ကသိုလ် တက်နေတဲ့အကြောင်း၊ ကောင်မလေး ရည်းစားမရှိကြောင်း၊ မထားကြောင်းလည်း ပြောပြရသေးတယ်။ ခုအရွယ်ပဲဗျာ၊ ဆော်ရှိတာပေါ့။ ဆရာမက သူ့လက်ထဲတုန်းကလို ကလေးလေး မှတ်နေတာလား မသိဘူး။ တကယ် စိတ်လေပါတယ်။ သူ့စာကို ကျွန်တော် Reply မလုပ်ချင်တော့ဘူး။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေနဲ့ပဲ ဆက်ပြောခဲ့တယ်။ Daw Own Kyi ဆိုတဲ့ အကောင့်ရဲ့ ဆရာမ ဓာတ်ပုံအပိုင်းလေး တက်လာတိုင်း Seen မပြဘဲ လက်က အလိုလို ဆွဲချပစ်ခဲ့တယ်။

❑

အဖေ ကျွန်တော့် အဆောင်လာတယ်။ ကျွန်တော် လိုချင်နေတဲ့ Dell i 7 လေး ပါလာတယ်။ ပါကင်လေးမို့ ဈေးနှုန်းလေး ကပ်ထားဆဲ။ 900000/mmk တဲ့။ 'ကိုးသိန်းလား အဖေ' ဆိုတော့ 'အေး' တဲ့။ အဖေက လူရိုးကြီး။ အမေက ကျွန်တော့်ကို မွေးပြီးပြီးချင်း ဆုံးသွားခဲ့တာ။ ခုထိ နောက်မိန်းမ မယူဘဲ ကျွန်တော့်ကို ခုအခြေအနေထိ ရောက်အောင် ပျိုးထောင်ပေးနေတာပါ။

'သား အဲဒီ ကွန်ပျူတာ ဝယ်ဖို့ ဒေါ်အုန်းကြည်ဆီက ငွေချေးလာတာ။ မင်း အဲဒါရှိမှ လေ့ကျင့်လို့ ရမယ်ဆိုလို့ ဆရာမက ကူညီလိုက်တာ။ ဆရာမ ကျေးဇူးတွေ များနေပြီ။ သားနဲ့ ဖေ့ဘွတ်မှာ တွေ့တယ်ဆို ဆရာမက ပြောတယ်။ ရိုရိုသေသေ ဆက်ဆံနော် သား'

'ဟုတ်' လို့သာ ပြောပြီး laptop အသစ်လေးကိုပဲ ကျွန်တော် ကလိနေခဲ့တယ်။

❑

ဒီနေ့ ကျွန်တော် ဆရာမရဲ့ Timeline ထဲ ဝင်ကြည့်တယ်။ ပင်စင်နီးလာပေမဲ့ သူ စာသင်နေရတာ မငြီးငွေ့သေးတဲ့အကြောင်း စာတချို့ ရေးတင်ထားတယ်။ ဘုရားစာတွေ၊ ဘုရားပုံတော်တွေနဲ့ ပညာရေးသတင်းတွေ Share ထားတယ်။ ပျင်းစရာကြီးပါ။ ဘာမှတော့ သိပ်ထွေထွေထူးထူး မရှိပါဘူး။ ဗုဒ္ဓဘာသာမှန်ရင် ဤပုံကို ရှယ်ပါတို့၊ ဒီအဘွားကို သနားရင် Hi ခဲ့ပါလားတို့လည်း သူ Share ထားတာပဲ။ တော်တော် အ,တဲ့ ဆရာမ။

❑

'Hi သား'

'ဗျာ'

'ဒီလကုန်ရင် ဆရာမ ပင်စင်ယူပြီ'

'ဟုတ်'

'နောက်လထဲမှာ လုပ်မယ့် ကျောင်းသားဟောင်းတွေရဲ့ အာစရိယပူဇော်ပွဲ သားလာဖြစ်လား'

'Tutorial ရှိတယ် ဆရာမ၊ ကျွန်တော် မလာဖြစ်လောက်ဘူး။ တကယ်လို့ လာလို့ရရင်တော့ ကျွန်တော် လာခဲ့ပါမယ်'

အဖေက မှာထားတယ်၊ ရိုရိုသေသေ ဆက်ဆံတဲ့။ ဆရာမကို တွေ့ချင်လို့ ဆိုတာထက် လူမှုရေး ညှိတယ်ထင်မှာစိုးလို့ ကျွန်တော် အာစရိယပွဲ တက်ခဲ့တယ်။ တော်တော် စည်တယ်။ ကျွန်တော် မမြင်ချင်ယောင် ဆောင်နေတဲ့ကြားက ဒေါ်အုန်းကြည်က ကျွန်တော့်ကို လှမ်းခေါ်တယ်။ 'ဟာ ဆရာမ' လို့ အံ့ဩဝမ်းသာတဲ့ပုံစံ ဖမ်းပြီး သွားနှုတ်ဆက်ရတယ်။

❑

Notification တွေ တက်နေပါတယ်လို့ ကိုယ့် Acc ကိုယ် စစ်လိုက်တော့-

'အာကွာ ကျစ်'

ဒေါ်အုန်းကြည် လုပ်ချလိုက်ပြီ။ ဆရာမကတော့လေ၊ မနက်က အာစရိယပူဇော်ပွဲမှာ ရိုက်ခဲ့တဲ့ပုံကို Tag တွဲပြီး တင်ထားတယ်။ Tag တာလည်း သူတစ်ယောက်တည်း မဟုတ်ဘူး၊ လူစုံပဲ။

'ကျွန်မ အချစ်ဆုံး တပည့်လေး ကွန်ပျူတာ တက္ကသိုလ်ကျောင်းသားလေးပါ' ဆိုပြီး တင်ထားတာ။

သွားခေါခေါနဲ့ ရုပ်ဆိုးလိုက်တာ တကယ်ပါပဲ။ ကျွန်တော် Uni က တီချယ်လေးတွေ တွေ့ရင် ရှက်စရာကြီး။ ကျွန်တော့် လက်တွေက ဖုန်း Screen ပေါ်မှာ ခဏတာ အလုပ်များသွားတယ်။ နှိပ်ချလိုက်တယ် ချက်ချင်း။ Remove Tag။

❑

ဒီနေ့ သူငယ်ချင်းတွေ အရက်သောက်ကြတယ်။ ကျွန်တော် မသောက်ဘူး၊ အမြည်းစားတာ။

ဖေ့စ်ဘွတ်ပေါ်မှာ အရက်ပုလင်းတွေ၊ ဘီယာပုလင်းတွေကို ဓာတ်ပုံရိုက်ပြီး ခုခေတ်စားနေတဲ့ နီနီခင်ဇော်ရဲ့ မူး သီချင်းစာသားလေး ရေးတင်လိုက်တယ်။

*'အရက်ကို ကြိုက်လို့ မသောက်ပါ× ဒဏ်ရာတွေ ဆေးတာ'*

အဲလိုလေး Post ထားလိုက်တယ်။ တက္ကသိုလ်က သူငယ်ချင်းတွေကော တခြား Fb Friend တွေကောက ကွန်မန့်တွေ ပေးကြတယ်။

'သားရီး ကောင်းနေတယ်လား'

'Con Con'

'ဟျောင့် ငါ့ကျ မခေါ်ဘူး'

အများကြီးပါပဲ၊ ကွန်မန့်တွေ။

'အရက်သောက်တာဟာ လူယဉ်ကျေးတွေရဲ့ အလုပ် မဟုတ်ဘူး။ ငယ်ကတည်းက အရက်သေစာရဲ့ ဆိုးကျိုးတွေ ပြောပြ၊ ဆုံးမခဲ့လျက်နဲ့ ခုလို ပညာရှာချိန်မှာ အရက်သောက်ပြတာ အလွန်ဝမ်းနည်းမိတယ် သား။ ဒီပုံကို သားအဖေ မြင်ရင် ဘယ်လောက် ရင်နာလိုက်မလဲ။ ဆရာမတောင် အတော် စိတ်မကောင်းဖြစ်ရရင် သားအဖေဆိုရင်ကော။ သား ပန်းတိုင်မရောက်ဘဲ လမ်းလွဲနေပါ့မယ်။ သား အမှန်မြင်နိုင်ပါစေ'

လာပြီ။

ဆရာမ ဒေါ်အုန်းကြည်ရဲ့ ကွန်မန့်။ စိတ်ပိန်ထွာ။ လူကို သူ့မူလတန်းကျောင်းသားများ မှတ်နေသလားမသိဘူး။ လူငယ်ပဲ တစ်ခါတလေ သောက်တော့ကော ဘာဖြစ်မှာ ကျနေတာ။ ကဲ ကြာပါတယ်ကွာ ဆိုပြီး ကျွန်တော် ဆရာမရဲ့ အကောင့်ကို အဲဒီညက ဘလော့ခဲ့တယ်။

❑

ကျွန်တော် ပညာသင်ဆုရလို့ နိုင်ငံတော် အစီအစဉ်နဲ့ နော်ဝေးနိုင်ငံမှာ နည်းပညာတွေအကြောင်း လာပြီး လေ့လာရတယ်။ တစ်ခါတစ်ခါ အဖေ့ကို အရမ်းလွမ်းတယ်။ ဒီမှာ စားရသောက်ရတာ



www.burmeseclassic.com

www.burmeseclassic.com

အဆင်မပြောဘူး။ အရင်ဆို အဖေက ငါးပိနဲ့ ပဲကျားလှော် လေးတွေ ရောကြော်ပြီး အဆောင်ကို ပို့နေကျ။ အဖေက ကျွန်တော် ပညာတော်သင်လာရတော့ အတော်ပျော်နေခဲ့တာ။ အခု နေရတဲ့ အဆောင်ဘေးမှာ Private KG School လေးရှိတယ်။ သင်တန်းက နေ့လယ်ဘက်မှဆိုတော့ ဘာရယ်မဟုတ်ဘူး စပ်စုမိတယ်။ ကိုယ့်နိုင်ငံလို မဟုတ်ဘူး ဒီမှာက။ ခေတ်မီ စက်ကိရိယာ သင်ထောက်ကူပစ္စည်းတွေ ပြည့်စုံလိုက်တာဗျာ။ ငယ်ငယ်က ဒေါ်အုန်းကြည်ကြီးကတော့ လက်ရေး အဆွဲအသားသင်တာကို သဲပုံတွေပေါ် လက်ညှိုးနဲ့ ထိုးပြီး လေ့ကျင့်ပေးခဲ့တာ သတိရမိတယ်။ ဒီက ဆရာမတွေနဲ့ အတော်ကွာတယ်ဗျ။ တို့ဆရာမကတော့ သဲတွေနဲ့ ညစ်တီးညစ်ပတ် သင်ခဲ့တာ။ ခုလို စနစ်တကျ သင်ပေးနိုင်ရင် ငါ ဒီထက်ပိုတော်ရင် တော်မှာလို့လည်း တွေးမိသေး။

❑

ကလေးတစ်ယောက် အော်ငိုနေတယ်။ အသံကုန်ခြစ်ပြီး ငိုနေတာ။ ဆရာမလုပ်သူက ဖုန်းဆက်ခေါ်နေတာလည်း ကြားရတယ်။ အနီးစပ်ဆုံး ဘာသာပြန်ကြည့်တော့ ကလေးက ဝမ်းတွေ တောက်လျှောက် သွားနေတဲ့အတွက် အမေဖြစ်သူ လာပြီး သန့်ရှင်းရေး လုပ်ပေးစေချင်ကြောင်းနဲ့ သူလည်း အတော် စိတ်ပျက်မိကြောင်း ပြောနေတာ။ အမှတ်တမဲ့ ခေါင်းထဲမှာ ဆရာမ ဒေါ်အုန်းကြည်ကို သတိရမိတယ်။ ကျွန်တော် ငယ်ငယ်က ခုလို ကျောင်းမှာ ဝမ်းတွေ သွားတော့ အပျိုကြီးတန်မဲ့ မရွံမရှာဘဲ ကျွန်တော့်ကို သန့်ရှင်းရေးလုပ်ပေးခဲ့တာ။ မိတဆိုးလေးဆိုပြီး ကျွန်တော့်ကို ပိုသံယောဇဉ်ဖြစ်မိတာလည်း တခြားဆရာမတွေကို ပြောတာ ကြားဖူးတယ်။ ကျွန်တော်ထိုင်တဲ့ နေရာဝန်းကျင်က ကလေးတွေကိုလည်း ကျွန်တော့်ကို နှာခေါင်းရှုံ့မှာစိုးလို့ ဒါဟာ လူတိုင်းဖြစ်တတ်တဲ့အကြောင်း ပြောပြပေးနေခဲ့တာလေး သတိရမိတယ်။ အင်း…ဆရာမနဲ့ အဆက်အသွယ်ပြတ်နေတာတောင် အတော်ကြာပြီပဲ။

❑

ညနေ သင်တန်းအပြန် ဖယ်ရီပေါ်ကဆင်းတော့ မိုးက သည်းနေပြီ။ ထီးဆောင်းပြီး လျှောက်လာရင်း အဆောင်နားမှာ ကလေးတစ်ယောက် မိုးထဲလေထဲ ချမ်းတုန်နေတယ်။ ခဏလေးနေတော့ ကားလေးတစ်စီး ထိုးရပ်ပြီး အဖေ ဖြစ်ဟန်တူသူက ကားပေါ်က ဆင်းလာပြီး ကပျာကယာနဲ့ ကလေးကို ထွေးပွေ့ခေါ်သွားတာ တွေ့ရတယ်။

‘သား ဖေဖေက သားအတွက် မုန့်ဖိုးတွေ သွားရှာနေလို့ ကြိုတာ နောက်ကျနေတာ ဖြစ်မယ်။ ဆရာမ သားနဲ့ အတူတူ စောင့်ပေးမယ်နော်’

မိုးရွာထဲမှာ ထီးနက်ကြီးကို ဆောင်းပြီး ကျောင်းရှေ့မှာ ကျွန်တော်နဲ့အတူ အဖေ့ကို ကူစောင့်ပေးခဲ့တဲ့ ဆရာမကို သတိရမိတယ်။ တစ်ပြိုင်တည်းမှာပဲ သိလိုက်တာက ကျွန်တော်တို့ မြန်မာနိုင်ငံက ဆရာ ဆရာမတွေဟာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ သင်ကြားရေးတွေမှာ နောက်ကျချင် ကျနေနိုင်ပေမဲ့ တပည့်တွေအပေါ်ထားတဲ့ စေတနာ၊ ကရုဏာ၊ အနစ်နာတွေကတော့ ဘယ်နိုင်ငံကမှ လိုက်မမီပါလားလို့။

❑

‘ကျေးဇူးပြုပြီး အရေးပေါ် ဝတ်စုံကို ဝတ်ဆင်ထားကြဖို့ ကြေညာအပ်ပါတယ်ရှင်’

လေယာဉ်က မောင်းနေရင်း စက်ချို့ယွင်းသတဲ့။ လူက လန့်သွားတယ်။ တစ်လောကပဲ တပ်မတော်ပိုင်လေယာဉ်က ပျက်ကျထားတာ။ တွေးကြည့်ရင်း လန့်သွားတယ်။ ငယ်ငယ်လေးနဲ့ မသေချင်သေးဘူး။ သေလည်း မသေရဲဘူး။ ပါးစပ်ထဲ အလိုလို ရေရွတ်မိတာက ‘သိရသ္မိ ဂါထာတော်’။

‘ကဲ အားလုံး လိုက်ဆို ဒီဂါထာက အန္တရာယ်ကင်းစေတယ်။ လိုက်ရွတ်ရမယ်၊ မရတဲ့ လူ ဒီကြိမ်လုံးနဲ့ ရိုက်မယ်’

ဆရာမ ဒေါ်အုန်းကြည် ငယ်ငယ်က ဒီဂါထာတော်ကို ရိုက်သင်ပေးခဲ့တာ သတိရမိတယ်။ ဆရာမကလည်း ဘုရားစာကို ရိုက်ပြီး သင်ရတယ်လို့ ဆိုပြီး စိတ်ထဲက နေ အပြစ်တင်ခဲ့ဖူးတယ်။ တကယ်တမ်း ဆရာမက ဘုရားစာက ကျောင်းစာလောက် အရေးမကြီးဘူးဆိုပြီး မကျက်မှာစိုးလို့ တမင် အဲဒီလို သင်ခဲ့တယ်ဆိုတာ အရွယ်ရောက်လာမှ နားလည်တတ်ခဲ့တယ်လေ။

‘မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်’

လေယာဉ်ဘီးလုံးတွေ မြေပေါ်ကျမှ ကျွန်တော် စိတ်ထဲ သက်ပြင်းချနိုင်တော့တယ်။ ဂါထာတော်တန်ခိုးနဲ့ ကံကောင်းလို့ မြန်မာနိုင်ငံ ပြန်ရောက်တာရယ်။ ကျွန်တော် လေယာဉ်လှေကားအဆင်းမှာ ပါးစပ်ကနေ အသံထွက်ပြောမိတာက-

‘ဆရာမကို ကျေးဇူးတင်ပါတယ်’

❑

‘သား၊ မင်း ဆရာမ ဒေါ်အုန်းကြည် ဆုံးတာ ဒီနေ့ ရက်လည်ပဲ’

‘ဗျာ’

ရုတ်တရက် ကြားလိုက်ရတဲ့ စကားကြောင့် ကျွန်တော် ဆွံ့အ,သွားမိတယ်။

‘မင်းဖို့ ကွန်ပျူတာဖိုးလိုတော့ အဖေ သူ့ဆီက ယူထားတဲ့ အကြွေးတွေလည်း မဆပ်နဲ့တော့တဲ့။ သားအတွက် သူ ဝယ်ပေးတယ်လို့ပဲ သဘောထားပါတယ်တဲ့။

‘သားနဲ့ သူ ဖေ့ဘွတ်ခ်မှာ မတွေ့တာကြာလို့ သူ သတိရကြောင်း ပြောပေးပါတဲ့။

‘သူ သင်ပေးထားတဲ့ ဂါထာလေးလည်း အမြဲရွတ်



www.burmeseclassic.com

www.burmeseclassic.com

ပါတဲ့။ အဲဒီဂါထာလေးက အန္တရာယ်ကင်းစေသလို စာမေးပွဲလည်း အောင်မြင်စေတယ်တဲ့။

"မင်း ဟိုမှာ စားရေးသောက်တာ အဆင်ပြေလားလည်း မေးတယ်။ ပြန်လာမှ မင်းဖို့ သူကြော်ထည့်ပေးနေကျ ပဲကျားနဲ့ ငါးပိနဲ့ ကြော်ပေးဦးမယ်တဲ့"

အဖေ့ ပြောစကားတွေ ကြားတစ်ချက် မကြားတစ်ချက်ပါ။ တကယ်ပဲ ဆရာမ ဒေါ်အုန်းကြည်ကို ဝန်ချတောင်းပန်ပြီး ဆရာမ ကျေးဇူး တတ်နိုင်သလောက် ဆပ်မယ်ကြံပြီး ပြန်လာတာပါ။ ဘယ်လိုဖြစ်ရတာလဲဗျာ။ ဆရာမရယ် သားကို ခွင့်လွှတ်ပါ။

❑

ဆရာမရဲ့ အုတ်ဂူလေးက ထုံးသုတ်ထားခါစမို့ ဖွေးလွလွ။ ဒေါ်အုန်းကြည် အသက် ၆၂ နှစ်ဆိုတဲ့ စာသားလေးက ထင်းနေတယ်။ ကိုယ့်အပေါ် အရမ်းကောင်းခဲ့တဲ့ ဆရာမ။ ကျေးဇူးဆပ်ခွင့် မရတော့ပြီ။ အုတ်ဂူလေးကိုသာ ဆရာမ အမှတ်နဲ့ ရှိခိုးမိတော့တယ်။ မျက်ရည်တွေက တားမရဘူးဗျာ။ ဆရာမ အုတ်ဂူလေးမှာ မီးထိုင်ရင်း အားရပါးရ ငိုပစ်ခဲ့တယ်။

❑

ညက တိတ်ဆိတ်နေတယ်။ အဖေက ခေါင်းရင်းတန်းလျားမှာ ဘေးအိမ်က လာလည်တဲ့ ဦးကြီးတွေကို ကျွန်တော် ဟိုနိုင်ငံမှာ ဘယ်လို နေရထိုင်ရ၊ ဘယ်လို ပညာတွေသင်ရတာတွေ။ နောက်နှစ်ကျောင်းပြီးရင် တက္ကသိုလ်ဆရာ ဖြစ်တော့မှာတွေကို အားရပါးရ ကြွားနေတယ်။ ကျွန်တော်ကတော့ Unblock ပြန်လုပ်ထားတဲ့ Daw Own Kyi ဆိုတဲ့ ဖေ့စ်ဘွတ် အကောင့်လေးထဲမှာ။

"ဆုံးမတာ ခါးလို့ ထင်ပါတယ် ကျွန်မတပည့်လေး တစ်ယောက်က ဘလော့သွားတယ်" ဆိုတဲ့ Post လေးဖတ်ပြီး ထပ်ငိုမိတယ်။ နောက်ပိုင်း ပို့စ်တွေက တရားစာတွေ Share ထားတာ။ ကင်ဆာ ပျောက်ကင်းစေသော ကုထုံးတွေလည်း အများကြီး ရှယ်ထားတယ်။ ဆရာမက ရင်သားကင်ဆာနဲ့ ဆုံးတာတဲ့လေ။ သူ့ကို Tag တွဲပြီး သူ့ပုံလေးနဲ့ ဝမ်းနည်းကြောင်း Post လေးတွေလည်း အများကြီးပဲ။ ဆရာမက ရုပ်သာဆိုးတာ စိတ်ထားလှတော့ လုပ်ဖော်ကိုင်ဖက်တွေကော တပည့်တွေကပါ ချစ်ကြတယ် ထင်ပါတယ်။ ကျွန်တော်ကသာ ဆရာမကို...။ အတွေးတွေနဲ့အတူ မျက်ရည်တွေက တားမရဘူးဗျာ။

ကျွန်တော် ဆရာမပုံလေးတစ်ပုံ Save လိုက်တယ်။ သွားခေါခေါလေးနဲ့ ပြုံးနေတဲ့ ကျွန်တော့် ဆရာမ။ မျက်ရည်တွေနဲ့အတူ ကျွန်တော် Post လေးတစ်ခု တင်မိပါတယ်။ တင်ခဲ့တဲ့ ပို့စ်လေးက-

"ကျွန်တော် ဆရာမ အကောင့်ကို ဘလော့ခဲ့မိတယ်" လို့...။ ■

**ကောင်းသိုက်စိုး**

**၊ကောင်း-မန္တလေး၊**

(ဤစာစုဖြင့် ဆရာ၊ ဆရာမ အားလုံးအား ဂါရဝပြုအပ်ပါသည်။)

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘေးမျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။

၂။ ဘေးမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။

၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။

၄။ လက်ရေးစာမူဆိုလျှင် A 4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4 စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။

၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာဖော်ပြပါ။

၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။

၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။

၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီးဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။

၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၅၀၁ အေးမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

**အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)**



www.burmeseclassic.com

*စာမျက်နှာ(၂၁၇)မှ…*

အမေ… အေးအေးချမ်းချမ်း သွားပါတော့နော်"

ဟု အတွေးနှင့် စကားတွေပြောရင်း ကျန်ရှိနေသည့် သူမတို့ဘဝခရီးအတွက် ရတက်မအေးနိုင်အောင် ဖြစ်ခဲ့ရသည်။

အမေ မြေချသည့်နေ့မနက် ရှစ်နာရီတွင် နေ့စားလပေး ကျောင်းဆရာမအလုပ်က အင်တာဗျူးဖြေရန် ခေါ်၍ သူမ မျက်ရည်စက်လက်ဖြင့် သွားဖြေခဲ့သေးသည်။ သွားဖြေသင့်၊ မဖြေသင့် ချီတုံချတုံဖြစ်နေသည့် သူမကို "နင့်အမေရဲ့ နောက်ဆုံး လက်ဆောင်လည်း ဖြစ်နိုင်တယ်။ သွားဖြေလိုက်ပါ" ဟု တိုက်တွန်းစကားများကြောင့် သူမ အားတင်းကာ သွားခဲ့ပါသည်။ ညာလက်ဖြင့် ဆိုင်ကယ်လီဗာကို ထိန်းရင်း၊ ဘယ်လက်ဖြင့် အဆက်မပြတ် စီးဆင်းလာသော မျက်ရည်များကို ပွတ်သုတ်ရင်း သူမ အင်တာဗျူးဖြေရန် သွားရောက်ခဲ့သည်။

အမေဆုံးပြီးသည့်နောက်ပိုင်းတွင် သူမ အရူးတစ်ယောက်ပမာ။ မဂ္ဂဇင်းစာအုပ်တွေမှာ စာမူအရွေးခံရ၍ စာအုပ်လေး ရောက်လာတိုင်း ပထမဦးဆုံး ဖတ်ပေးသည့် အမေ့ကို သတိရသည်။ အမေအကြောင်း ဖွဲ့နွဲ့သီဆိုထားသည့် အမေသီချင်းသံတွေကို နားမထောင်ရဲ။ အမေဆုံးပြီး ၅ လအကြာတွင် သူမ နေ့စားလပေး ကျောင်းဆရာမအလုပ်ရခဲ့သည်။ တာဝန်ကျသည်က ပူတာအိုခရိုင်၊ နောင်မွန်မြို့နယ်ထဲက ကော်လှဲကျေးရွာ။

သူမ နှစ်ခါ မစဉ်းစားနိုင်ပါ။ အိမ်ကို သွားမည်ဟု ပြောခဲ့သည်။ အိမ်က သူမ ဘဝရှေ့ရေးအတွက် ကောင်းမည်ထင်လျှင် သွားပါဟု ခွင့်ပြုသည်။ အမေဆုံးလျှင် မိသားစု ဝါးအစည်းပြေဖြစ်မှာ ဟူသည့် မှတ်ချက်ကိုလည်း ဂရုမစိုက်နိုင်တော့။

အစိုးရဝန်ထမ်း အလုပ်တစ်ခုရရန် ခက်ခဲသောခေတ်စနစ်တွင် သူမ တွေဝေနေရန် အချိန်မရှိ။ "လှိုင်းကြီးလှေအောက်၊ တောင်ကြီးဖဝါးအောက်" ဆိုသည်ကဲ့သို့ လောကဓံလှိုင်းတံပိုးတွေ သူမ ခြေဖဝါးအောက် ဝပ်စင်းစေနိုင်ဖို့ သူမ ခြေလှမ်းတွေကို စတင်ခဲ့သည်။

အဲဒီခရီးကြောင့် သူမတို့ မိသားစု စားဝတ်နေရေး အဆင်ပြေခဲ့လျှင်၊ အဲဒီခရီးကြောင့် ကိုယ်ပိုင်အိမ်ကလေး တစ်လုံး ပိုင်ဆိုင်ခွင့်ရခဲ့လျှင်၊ အဲဒီခရီးကြောင့် မိသားစုဝင်တွေကို စောင့်ရှောက်ခွင့်ရမည်ဆိုလျှင် သူမ ကျေနပ်လှပြီ။

လေအေးတစ်ချက် သုတ်သွားသဖြင့် ချွေးစက်တွေကြောင့် အေးလာသလို ခံစားရသည်။ မကြာမီ နေဝင်တော့မည်။ အလင်းရောင်ပျောက်တော့မည်။ မချမ်းဘောမြို့နယ်၊ နမ့်စဘွမ်တောင်ခြေမှ စတက်ခဲ့သည့် ခရီးသည် မိုးချုပ်လျှင် ခရီးတစ်ထောက်နားရသည့် ဘိုတဲ၌ အိပ်စက်ရပေတော့မည်။ နောင်မွန်မြို့ကိုရောက်ရန် နှစ်ညအိပ်၊ သုံးရက် လျှောက်ရမည့် ခရီးက တကယ်ပဲ မသက်သာလှ။ လျှိုမြောင်ချောက်ကမ်းပါးတွေက အသည်းတယားယား ရင်တဖိုဖို ရှိလှသည်။ နေ့စားလပေးကျောင်းဆရာမအလုပ်ဝင်မည့် သူမတို့အဖွဲ့မှာ လူပေါင်း ၁၃ ယောက် ပါဝင်သည်။ အားလုံး မြေပြန့်သူတွေ ဖြစ်ရကား ပထမခရီးနေ့မှာပင် ထော့နဲ့ ထော့နဲ့နှင့် ပင်ပန်းမောဟိုက်နေကြလေပြီ။ အဆင်းအတက် ကြမ်းသည့်လမ်းမှာ မကြာခဏ လိမ့်ကျချော်လဲကြတော့ အနန္တော အနန္တငါးပါးကို ဦးထိပ်ထားကာ ဖြည်းဖြည်းချင်း ခရီးဆက်ရ၏။

နမ့်စဘွမ်ရွာမှ လမ်းပြငှားလာခဲ့သည့် လီဆူ တိုင်းရင်းသားက အရိပ်အယောင်မမြင်ရတော့။ ရှေ့နားဆီက "အူ… အူ" ဟု အသံပေးသံကြားရသည်။ တောထဲ၌ နာမည်တွေ မခေါ်ရဟု ပြောထားသဖြင့် အကောင်များလို အော်ဟစ်အသံပေးကြရသည်။ သူမ ပခုံးထက်က အိတ်ကို ဆတ်ခနဲ နေရာပြင်ရင်း အနားမှာ ခဏချထားသည့် တုတ်ချောင်းကိုကောက်ယူကာ ရှေ့က ကာဆီးနေသည့် အပင်များကို ရမ်းဖယ်ကာ ရှေ့ဆက်လိုက်သည်။

တောင်စွယ်မှာ နေကွယ်တော့မည်။ အတိတ်၏ အရိပ်တွေကို ရင်ထဲ သိုဝှက်သိမ်းဆည်းရင်း သူမ၏ အနာဂတ်ရှိရာသို့ တဖြည်းဖြည်းချင်း လျှောက်နေရသောလမ်းသည် ပေါင်းမြက်ချုံနွယ်များလည်း ထူလွန်းလှပါတကား။ ■

**ပိုပိုအောင်၊ဝန်းသို၊**


ရုပ်စုံမဂ္ဂဇင်း

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
**E-mail:**
**nyeinfamily@gmail.com**

www.burmeseclassic.com

# လူတိုင်းသည် စာရေးဆရာလော . . .

ဝင်းငြိမ်း

လူတိုင်းက စာရေးဆရာလားလို့ ကျွန်တော် မေးချင်တာပါ။ ဒီမေးခွန်းအတွက် အဖြေရှာလို့ ရနိုင်အောင် အချက်အလက်တချို့ ကျွန်တော် ပေးပါ့မယ်။

၁။ စာသင်သားတစ်ယောက်က ဖေ့စ်ဘွတ်ခ်စာမျက်နှာကို ဖွင့်ပြီး တစ်စုံ တစ်ခု ရေးလိုက်မယ်ဆိုရင် သူရေးတဲ့ အကြောင်းအရာကို စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ် အများကြီးရှိလာနိုင်ပါတယ်။

၂။ အမေရိကန်ပြည်ထောင်စုကို အလည်သွားတဲ့သူတစ်ယောက်က သူ့မိတ်ဆွေတွေနဲ့ ဆွေမျိုးသားချင်းများကို အီးမေးလ်ပို့လိုက်မယ်။ သူတို့ကတစ်ဆင့် တခြားနိုင်ငံ၊ တခြားမြို့ရွာတွေမှာ ရှိတဲ့

၄။ လေကြောင်းလိုင်းမှ အုပ်ချုပ်ရေးဆိုင်ရာ အရာရှိကြီးတစ်ယောက်က မမျှော်လင့်ဘဲ သူ့လေကြောင်းလိုင်း နောက်ကျသွားမှုကို ခရီးသည်တွေဆီ တောင်းပန်စကား သတင်းစာက တစ်ဆင့် သို့မဟုတ် အီးမေးလ်များပို့ပြီး တောင်းပန်တဲ့အခါ ဒီစာတွေဟာ သန်းပေါင်းများစွာ ဖတ်မိကြလိမ့်မယ်။

၅။ အထက်တန်းကျောင်းသား တစ်စုက အချက်အပြုတ် ဝါသနာပါတဲ့အတွက် သူတို့ ချက်နည်းပြုတ်နည်းတွေကို ချက်နည်းပြုတ်နည်းဘလော့ခ် စာမျက်နှာပေါ် တင်လိုက်တဲ့အခါ တစ်ကမ္ဘာလုံးက

ဆွေမျိုးသားချင်းတွေဆီကို တစ်ဆင့် အကြောင်း ကြားလိုက်တဲ့အခါမှာ အီးမေးလ်တစ်စောင်ဟာ ၂၄ နာရီ အတွင်းမှာပဲ ကမ္ဘာကိုပျံ့သွားနိုင်ပါတယ်။

၃။ ပါမောက္ခတစ်ယောက်က သူ့စာသင်ခန်းထဲမှာ ရှိတဲ့ စာသင်သားတစ်ယောက်ကို Wikipedia မှာ အချက်အလက်ပေါင်း ဘယ်လောက်ရှိသလဲလို့ မေးလိုက်တယ်ဆိုပါစို့။ အဲဒီအခါ သူတို့ ရေးတဲ့အချက်အလက်တွေကို တခြားသူတွေက ဖတ်မိသွားပြီး အမှန်အမှား ခွဲခြားသုံးသပ် ပြကြလိမ့်မယ်။ ဒီအခါမှာ ကျောင်းသားတွေ အံ့သြကြလိမ့်မယ်။






www.burmeseclassic.com

www.burmeseclassic.com

အချက်အပြုတ်ဝါသနာပါ သူတွေထံမှ တုံ့ပြန်မှု ရလိမ့်မယ်။

၆။ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုအတွက် အကယ်ဒမီဆု ပေးဖို့ ဆန်ခါတင်စာရင်းမှာ အမျိုးသမီး သရုပ်ဆောင် ၅ ဦးကို ကြေညာလိုက်တဲ့ အခါ သူတို့ ၅ ဦးစလုံးက ဆုလက်ခံပြီး တဲ့အချိန်မှာ ပြောကြားရမယ့် ကျေးဇူး တင်စကား ပြင်ဆင်ကြလိမ့်မယ်။ သူတို့ ထဲက တစ်ဦးသာ ကျေးဇူးတင်စကား ပြောရတာဖြစ်ပေမဲ့ တစ်ကမ္ဘာလုံးက ကြည့်နေတဲ့ ပရိသတ်တွေရှေ့ ပြောရတာ ဖြစ်လို့ သူ့စကားဟာ ကမ္ဘာနဲ့အဝန်း ဖြစ်သွားလိမ့်မယ်။

၇။ ကျောင်းမှာ ဆရာက သင်ခန်း စာတစ်ခု အိမ်မှာ ရေးခဲ့ဖို့ တာဝန်ပေး လိုက်တယ်ဆိုပါစို့။ ဒီစာရေးဖို့အတွက် ကျောင်းသားက အထွေထွေလေ့လာမှု ကို ပြုလုပ်ရလိမ့်မယ်။ အဲဒီလို လေ့လာ ပြီးတဲ့အခါ ချရေးလိုက်တာ စာမျက်နှာ ၁၂ မျက်နှာလောက် ရှိတယ်ဆိုပါတော့။ ကိုယ်ရေးထားတာကို အတန်းထဲမှာ ဖတ်ပြလိုက်တဲ့အခါ သဘောတူတဲ့သူ လည်း ရှိမယ်၊ မတူတဲ့သူလည်း ရှိမယ်။ အဲဒါကို ကိုယ်တိုင်ဖွင့်ထားတဲ့ Web Page မှာ 'ကျွန်တော်ရေးတဲ့စာ' ဆိုတဲ့ ခေါင်းစဉ်နဲ့ တင်လို့ရတယ်။

အထက်မှာ ဖော်ပြခဲ့တဲ့ ဥပမာ အားလုံးဟာ ခင်ဗျားတို့ကိုယ်တိုင် တစ် ကြိမ်မဟုတ် တစ်ကြိမ်မှာ လုပ်ခဲ့ကြဖူး တာချည်းပါပဲ။ ဒါပေမဲ့ အဲဒီလိုရေးခဲ့ တာဟာ စာရေးဆရာအဖြစ် ရေးတယ် လို့ ကိုယ့်ကိုယ်ကို ဘယ်တုန်းကမှ မစဉ်းစားခဲ့ကြဘူး မဟုတ်လား။ အမှန် ကတော့ စာရေးခဲ့ကြတာပဲ။ ဒါကြောင့် လည်း ကျွန်တော်က 'လူတိုင်းဟာ စာ ရေးဆရာ' လို့ ပြောချင်တာပါ။ ဟိုတုန်း ကတော့ လူအများဖတ်နိုင်ဖို့ စာတစ်ပုဒ် ရေးဖို့ဆိုတာ အင်မတန်ခဲယဉ်းပါတယ်။ ဒီနေ့ ခေတ်ကာလမှာတော့ လူတိုင်းဟာ အင်တာနက်ကတစ်ဆင့် လူအများဖတ်ဖို့ အတွက် စာတွေရေးနေကြပါပြီ။

'စာရေးဆရာ' ဆိုတဲ့ စကားလုံးက ရှည်လျားတဲ့ သမိုင်းကြောင်း ရှိပါတယ်။ ဒါပေမဲ့ ဒီစကားလုံးက ပုံနှိပ်ဖော်ပြတဲ့ အရည်အချင်းရှိသူ ဖြစ်ရမယ်ဆိုတဲ့ ကန့်သတ်ချက် မပါပါဘူး။ ၁၈ ရာစုနှစ် စောစောပိုင်းမှာ မူပိုင်ခွင့် ဥပဒေဆိုတာ ပေါ်ပေါက်လာခဲ့တယ်။ ဒီဥပဒေက စာရေးသူများသည် သူရေးတဲ့စာများကို ပိုင်ဆိုင်ခွင့်ရှိတယ်လို့ ဆိုခြင်းပါပဲ။ ရေးလိုက်တဲ့စာကို ပုံနှိပ်ဖော်ပြလိုက်တဲ့အခါ အဲဒီပုံနှိပ်ဖော်ပြတဲ့စာဟာ မူလစာရေးသူ ပိုင်ဆိုင်တဲ့ပစ္စည်း ဖြစ်သွားတယ်။ မူပိုင်ခွင့် ဆိုတဲ့ စကားလုံးဟာ အင်မတန်လှတဲ့ စကားလုံး ဖြစ်သော်ငြားလည်း အင်တာနက် ပေါ်လာတဲ့အချိန်မှာတော့ တစ်ယောက်ရေးထားတဲ့ စာကို တစ်ယောက်က ကူးယူဖို့ဆိုတာ အင်မတန် လွယ်ကူသွားပါတယ်။ တကယ်တော့ 'စာရေးသူ' နဲ့ 'စာရေးဆရာ' ဆိုတာက တော်တော်လေး ကွာခြားပါတယ်။ စာရေးဆရာ ဆိုတာက စာတွေကိုရေးတယ်။ သူ့စာတွေကို ကွန်ပျူတာနဲ့ စီတယ်။ ပြီးတော့ အများပြည်သူ ဖတ်နိုင်အောင် ထုတ်ဝေတယ်။ စာရေးဆရာမှာ ကွန်ပျူတာ ရှိစရာ မလိုဘူး။ တကယ်လို့ ကျောင်းမှာ ရှိတာပဲဖြစ်ဖြစ်၊ စာကြည့်တိုက်က ကွန်ပျူတာကိုပဲဖြစ်ဖြစ် သုံးပြီး ကိုယ်ရေးတာကို အင်တာနက်ပေါ် တင်လိုက်ရင် ကမ္ဘာ့အဝန်းက စာဖတ်သူတွေ ဖတ်နိုင်ကြတယ်။

ဒီနေရာမှာ ဘလော့ခ်တွေနဲ့ ပတ်သက်ပြီး တစ်မိနစ်လောက် စဉ်းစား ကြည့်ရအောင်ပါ။ ဘလော့ခ်ဆိုတဲ့ စာမျက်နှာတွေက ၁၉၉၇ ခုနှစ်လောက်မှာ စတင်ပေါ်ပေါက်လာခဲ့တာပါ။ စာအုပ်တစ်အုပ်ကို ရေးသားပြုစုပြီး ထုတ်ဝေလိုက်တဲ့အချိန်မှာ ကမ္ဘာပေါ်မှာရှိတဲ့ လူပေါင်း ၁၅၆ သန်းက ဖတ်ပြီးသွားပါပြီ။ ပုံနှိပ်ထုတ်ဝေတဲ့အခါမှာတော့ လူပေါင်း သန်း ၂၅၀ လောက် ဖတ်ကြတယ်လို့ တွက်ဆရပါတယ်။ ဘလော့ခ်တွေအပြင် ဖေ့စ်ဘွတ်ခ်၊ Twitter, YouTube, Instagram စတဲ့ လူမှုကွန်ရက်တွေမှာ ပျံ့နှံ့သွားတယ်။ ဒါကြောင့် ကျွန်တော်က ဒီနေ့ခေတ်ကာလမှာ လူတိုင်းဟာ စာရေးဆရာ ဖြစ်နေပြီလို့ ဆိုချင်ပါတယ်။ အဲဒါအပြင် ၂၁ ရာစုနှစ်မှာ ပေါ်ပေါက်လာတဲ့ စာရေးဆရာများက အရင်တုန်းကလို အချစ်အကြောင်းတွေမှာသာ တဝဲလည်လည် ရေးနေကြတဲ့ စာရေးဆရာတွေ မဟုတ်ကြတော့ဘူး။ နေ့စဉ် ရင်ဆိုင်နေရတဲ့ ဘဝတွေအကြောင်း၊ လူမှုရေးတိုက်ပွဲတွေအကြောင်း ရေးဖွဲ့ကြတဲ့ စာရေးဆရာတွေ ဖြစ်လာခဲ့ကြပါတယ်။ အဲဒါအပြင် လူစုလူဝေးနဲ့ အပေါင်းအပါများနဲ့ စုပေါင်းရေးဖွဲ့တာတွေ ပေါ်ပေါက်လာတယ်။ သူတို့ဟာ ဒစ်ဂျစ်တယ်လ်ခေတ်ကြီးမှာ ပေါ်ပေါက်လာတဲ့ စာရေးဆရာတွေပါပဲ။

*(ဆက်လက်ဖော်ပြပါမည်)*

■ **ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ထူး

# ဂျိုးပိန်

(ယခင်လမှ အဆက်…)

၁၁။

တကယ်တမ်းပြောရရင်တော့ ဂျိုးပိန်က ကျွန်မတို့အဖို့ရာ သိပ်ကိုအားကိုးရသူပါ။ အထူးသဖြင့် ကျွန်မတို့မောင်နှံ နယ်စာပေဟောပြောပွဲတွေ သွားရတဲ့အခါ ကျွန်မတို့ပြန်ရောက်ချိန်ဟာ ညဉ့်နက်တာများတယ်။ တစ်ခါတလေ မိုးလင်းခါနီးမှ ရောက်တဲ့အခါရောက်ရဲ့။ အချိန်ရယ်အခါရယ် မရှိတာ များပါတယ်။ ပွင့်လင်းရာသီရောက်လို့ မြို့မြို့ရွာရွာတွေမှာ ဝေဝေစည်စည် ကျင်းပကြတဲ့ ဟောပြောပွဲတွေ ရှိလာရင် နီးတယ် ဝေးတယ် မဟုတ်တော့ဘူး၊ အားခဲပြီး လိုက်ကြရတယ်။ တချို့ပွဲတွေက ကျွန်မနဲ့ တခြား စာရေးဆရာ တစ်ယောက်၊ နှစ်ယောက် ဖြစ်ချင်ဖြစ်မယ်၊ တချို့ပွဲတွေမှာတော့ အိမ်က ဆရာနေနဲ့ တွဲဟောရတာလည်းရှိတယ်။ အတူတစ်တွဲ ဟောရတဲ့ ပွဲတွေမှာတော့ ခရီးအနီးအဝေးလိုက်လို့ ခရီးနဲ့ရောက်ချိန် မှန်းပြီး အိမ်ကထွက်ကြရတယ်ပြောပါတော့။ ဆိုပါစို့။





www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၅၁၊ ဖေဖော်ဝါရီ၊ ၂၀၁၉

ရုပ်စုံမဂ္ဂဇင်း

အခန်း ဆက် ဝ တ္ထု ရှည်



www.burmeseclassic.com

www.burmeseclassic.com

မုံရွာလောက်၊ ရွှေဘိုလောက်၊ သာစည်လောက်၊ ပခုက္ကူလောက် ဆိုရင်တော့ မန္တလေးကနေ ညနေနှစ်ချက်လောက်မှာ သွားရင်လည်း ဟောပြောချိန်မီတယ်။ မကွေးလို၊ တောင်တွင်းကြီးလို၊ သည်ဘက် ကန့်ဘလူလို၊ ကျွန်းလှလို ဆိုရင်တော့ အိမ်က ခပ်စောစော ထွက်ကြရတယ်။ သည့်ထက်ဝေးတဲ့ မြို့ရွာတွေ ကျပြန်တော့ မနက် လေးနာရီ ငါးနာရီ ထ,ပြီး သွားပေတော့ပဲ။

ပွဲရက်များဆက်နေရင် ဆိုင်ရာမြို့ရွာက တစ်ရက်တန်သည် နှစ်ရက်တန်သည် နေစေချင်လို့ ဧည့်ခံချင်လို့တားကြသော်မှ ကျွန်မတို့မှာ မနေနိုင်ကြပါဘူး။ ညတွင်းချင်းဆိုသလို ဟောပြောပွဲပြီးတာနဲ့ ချက်ချင်းပြန်ကြတာချည်းပါ။ ဒါမှ မိုးမလင်းတလင်း၊ ဒါမှမဟုတ် မိုးစင်စင်လင်းလောက် မန္တလေးပြန်ရောက်။ ရေမိုးချိုး မနက်စာကလေးကြုံသလိုစားပြီး တစ်ရေးမှေးပေါ့။ ပြီးရင်တော့ တစ်မြို့တစ်ရွာက လာကြိုတဲ့ကားက သံချောင်းခေါက်ပြီ။ နောက်တစ်မြို့ခရီးဆက်၊ နောက်တစ်ရွာ ခရီးဆက်။ သမီးကျောင်းကိစ္စနဲ့ အိမ်ကိစ္စတွေကတော့ ကျွန်မ မောင်နှစ်ယောက်က ဆူလှယ်နဲ့ တာဝန်ယူကြလို့ ခရီးရယ်လို့ သွားကြရပေသိ စိတ်လက်အေးရပါရဲ့။ အထူးသဖြင့်တော့ အိမ်စောင့်ကျောင်းပိုင်ကိစ္စတွေမှာ အိမ်ထောင်မရှိတဲ့ လူပျို လူလွတ် မောင်အငယ် စိုးခကပဲ သည်တာဝန်တွေ ယူတာများပါတယ်။

ပြောချင်တာက ဟောပြောပွဲခရီးတွေအကြောင်း မဟုတ်ပါဘူး။ အဲသလို မိုးမလင်းတလင်း ပြန်လာရင် ကျွန်မတို့ကို မြို့ကရွာက ပေးလိုက်ကြတဲ့ ပစ္စည်းလက်ဆောင်တွေကို အပေါ်ထပ်ရောက်ဖို့ရာ ဂျူးပိန်က တာဝန်ယူလေ့ရှိတယ်။ မန္တလေးဝင်ပြီဆိုတာနဲ့ ကျွန်မမောင်ကိုလည်း ဖုန်းဆက်၊ တို့ပြန်လာပြီ မန္တလေးဝင်ပြီပေါ့လေ။ ဂျူးပိန်ကို ဆက်ရတာက ဝင်းတံခါးသော့ရယ်၊ အဆောက်အဦကြီးမှာ ခတ်တဲ့သော့ရယ်က သူတို့ကိုင်ထားနေကျကိုး။ ညဆိုင်းကျတဲ့ ဝန်ထမ်းနှစ်ယောက်ကတော့ ယောင်လို့တောင် ထ,မကြည့်ကြဘူး။ မလုပ်ပေးချင်တာတော့ မဟုတ်ကြပါဘူး။ စိုးခလည်းရှိ၊ ဂျူးပိန်လည်းရှိသားပဲဆိုတဲ့ အသိနဲ့ အိပ်နေကြတာများတယ်။ မနက်ဝေလီဝေလင်းသော့ထဖွင့်ပေးရတဲ့ ဂျူးပိန်ကို ကြာတော့လည်း အားနာပါရဲ့။ ခမျာ ဘာမဆိုင်ညာမဆိုင် ကြားထဲက မနက်တိုင်း အိပ်ရေးပျက်ရရှာတာကိုး။ ပွဲများဆက်နေရင် ညတိုင်းလိုလို စိုးခရော ဂျူးပိန်ပါမနေရဘူး။ ဝင်းထဲကို ကားဝင်လာတာနဲ့ တံခါးတွေဖွင့်၊ ကားနောက်ဖုံးလှန်ပြီး ပါသမျှလက်ဆောင်ပစ္စည်းတွေဆွဲချ၊ ပြီးရင် အပေါ်ဆုံးထပ်ရောက်အောင် ထမ်းတင်။ လက်ဆောင် ပစ္စည်းတွေဆိုလို့ အခေါက်တိုင်း၊ ခရီးထွက်ရတိုင်း အထုပ်ကြီးအထုပ်ငယ် ပါနေကျရယ်လို့တော့ မဟုတ်ဘူးပေါ့။ များသောအားဖြင့် ကျေးရွာတွေက ဖိတ်ပြီဆိုရင်တော့ မေတ္တာနဲ့ ကမ်းကြတဲ့ အမယ်တွေပါလာတတ်တယ်။

ဆိုပါစို့။ ဆန်အိတ်တွေ၊ ဆီပုံးတွေ၊ သနပ်ခါးတုံးတွေ၊ ငှက်ပျောခိုင်တွေ၊ ရွာမုန့်တွေ၊ ဖျင်ကြမ်းထည်တွေ၊ ပဲအိတ်၊ ကြက်သွန်အိတ် ဆိုတာမျိုးတွေပါ။ ရွာက ပေးကြတာဆိုတော့ ဟင်းသီးဟင်းရွက်ကအစ သစ်သီးသစ်နံ့တွေ၊ ပဲမျိုးစုံတွေ၊ ပဲဆီ နှမ်းဆီတွေ၊ ပျားရည်တွေဆိုတာလည်း တစ်နှစ်တစ်နှစ်မနည်းလှဘူး။ ဒါတွေ ရေးပြတာ ကျွန်မတို့လူမျိုးရဲ့ ဧည့်သည်အပေါ်ထားတဲ့ မေတ္တာစေတနာကို ပြောချင်တာပါ။ သည်လိုပါလာပြီဆိုရင် စိုးခရော၊ ဂျူးပိန်ရော ထမ်းတင်ကြပေရော့။ တစ်ခါတော့ အဲသလိုလက်ဆောင်တွေထဲမှာ ထန်းသီးခိုင်ကြီးတစ်ခိုင် ပါလာတယ်။ ထန်းသီးခိုင်က တော်တော်ကို ကြီးတဲ့အပြင် အလုံးရေကလည်း မနည်းလှဘူး။ ပိန္နဲသီးမှည့်ကြီးတစ်လုံးကလည်း ပါသေး။ နို့ဆီထည့်တဲ့ပုံးနဲ့ ထည့်ထားတဲ့အညာမုန့်တွေကလည်း မနည်းဘူး။ ပစ္စည်းတွေ အပေါ်ရောက်တော့ ကျွန်မက ဂျူးပိန်ကို မုန့်တွေခွဲပေးတော့ မက်ရှာသလိုတော့ ရှိပါရဲ့။ ဒါပေသိ မယူဘူး။ မျက်နှာအိုကြီးနဲ့ ကျုပ်က မကြိုက်ဘူးရယ်တဲ့ မျက်စိမျက်နှာများ ပျက်လို့။

"ဟဲ့၊ အညာမုန့်တွေ မကြိုက်ဘူးရယ်လို့။ ဒါက မုန့်ပေါက်ကွာ၊ တစ်လလောက် အထားခံတယ်။ ဒါက မရွေး၊ ဒါက မုန့်ဩဇာ စားပါဟဲ့၊ ယူသွားပါ၊ မုန့်ဆီကြော်လည်း ပေးလိုက်မယ်"

ဒါပေသိ ထူးဆန်းတာက ထန်းသီးခိုင်ကြီးကိုတော့ မျက်လုံးကမခွာဘူး။ ပြီးမှ ထန်းသီးခိုင်ရှေ့ထိုင်ချလိုက်ပြီး လက်နဲ့ပွတ်နေတာ အကြာကြီး။ အလုံးရေတောင် ရေနေလိုက်သေး။ လက်ဆောင်တွေထဲမှာ ထန်းသီးခိုင်ကတော့ ပါခဲပါတယ်။ ထန်းသီးခိုင် အာရုံရှိမှန်းသိတော့ ဆရာနေက မနက်ကျထမ်းလှည့်ကွာတဲ့။ ဟုတ်လည်းဟုတ်ပါရဲ့။ ထန်းသီးတွေကို ခုတ်ဟယ်၊ ခွာဟယ်၊ အဆန်ထုတ်ဟယ်လုပ်ဖို့ရာက ကျွန်မတို့လည်း မတတ်နိုင်ဘူး။ ဂျူးပိန်ပဲ အခုတ်ခိုင်းအခွာခိုင်းရမှာလေ။ ကျွန်မတို့လည်းစား သူတို့လည်းစားပေါ့။ ဆရာနေက ထန်းသီးခိုင်ကြီးပေးတော့ ဂျူးပိန်က တယ်လီဖုန်းတစ်လုံး ထပ်ရသလို ထန်းသီးအလုံးတွေကို တစ်လုံးချင်းလက်နဲ့လိုက်

]0H. vufyHifxyfzm; wifLuDm;...
wifLuDxk[ hi½kdkGif..okdy, Edkpf kyf..}
t rSL u kefwyfnfLuEly&U refolu
vnfyifuby yD*gxmukdvfu&Gvf
&Gvfvb cgokdy, Edkpfcgu f&Gv&vmrSkdyg *SkdyelU
usufxm;wb wkdf*gxmxLukdbkdy, Edkpfcgu fqkdvm
xnfGvfwmhkdu x,&, ygavaa&m



www.burmeseclassic.com

www.burmeseclassic.com

ထိတယ်။ မနက်ဝေလီဝေလင်း ကျီးမှမနိုးသေးဘူး ထန်းသီးခိုင်ရှေ့ ငုတ်တုတ်ထိုင်ပြီး တစ်လုံးချင်းလိုက်ကိုင်နေတာ ထူးဆန်းတယ်ထင်မိတယ်။ သည့်ထက်ထူးဆန်းတာက မယူချင်ဘူးဆိုတဲ့ စကားပါ။ ဘာဖြစ်လို့ပါလိမ့်။

'ကိုင်း အောင်ချမ်းသာ မကြိုက်ဘူးလုပ်မနေနဲ့။ ထန်းသီးခိုင်ရယ်၊ မုန့်တွေရယ်၊ ငှက်ပျောဖီးရယ် ယူသွား။ မအိုးတို့၊ မတိုးတို့ အဖွဲ့တွေလည်း ကျွေးလိုက်'

ကျွန်မလည်း သွားတိုက် မျက်နှာသစ်ချင်တာနဲ့ အခန်းထဲဝင်ခဲ့တယ်။ ဆရာနေနဲ့ စိုးခပဲ ဂျိုးပိန်နဲ့အပြင်မှာ ကျန်ရစ်တယ်။ ဂျိုးပိန်က ထန်းသီးတွေကို ကိုင်ရင်းပြောသတဲ့။

'ရွာမှာထန်းသီးတွေ လှိုင်လှိုင်သီးကြရော့မယ်။ ကျုပ်က ထန်းသီးချဉ်ချက်နဲ့ ထမင်းနယ်စားရတာ ကြိုက်တယ်ရယ်။ ဒါပေမဲ့ သည်ထန်းသီးတွေ ကျုပ်မလိုချင်ဘူး'

စိုးခက ငေါက်ကရော။ မင်းမစားချင်လည်း အောက်ထပ်မှာ ထားလေကွာ၊ စားမယ့်လူတွေကျွေးပေါ့၊ ခက်တဲ့ ကောင်ပဲဆိုတော့ မပွင့်တပွင့် ပြောသတဲ့။

'သည်မုန့်တွေက ကျုပ်တို့ရွာက 'အမေရေမှုတ်နတ်ပွဲ' က မုန့်တွေနဲ့တူလို့ ကျုပ်မယူချင်တာပါဗျာ၊ ကျုပ်ငယ်ငယ်ကဆို နတ်ပွဲရက် အမေအိမ်ပြန်လာရင် နတ်ပွဲမုန့်တွေ တစ်ထမ်းကြီး ပါလာတတ်တယ်။ သားအမိနှစ်ယောက် စိတ်ကူးရတိုင်းစားကြ၊ ဆာတိုင်းစားကြတာ ဦးစိုးရ။ ထန်းသီးလည်း အတူတူပဲ။ ကဆုန်လလောက်ဆို လှိုင်လှိုင်ပေါ်ကြပြီ။ ထန်းပင်မြစ်တွေလည်း ကျုပ်တို့ရွာက မနည်းဘူးထွက်တယ်ရယ်'

ဂျိုးပိန်က ထန်းသီးခိုင်ကို မက်ရေစက်ရေ ကိုင်ကြည့်တာလည်း ဟုတ်ပါရဲ့။ မုန့်တွေကိုလည်း ရွာမုန့်တွေမှန်းသိပါရဲ့။ ဒါပေသိ အဲသည်မနက်က ဘယ်ဟာကိုမှ ယူမသွားတာတဲ့။ စိုးခက မုန့်ကထားတော့၊ ထန်းသီးကတော့ မင်းခွဲပေးမှ အောက်ထပ်ကလူတွေ စားကြရမှာလေကွာ ယူသွားပါဟဆိုတော့လည်း မျက်နှာထားတင်းတင်းနဲ့ မယူချင်ပါဘူးဆိုဗျာလို့ ပြောသတဲ့။ ထန်းသီးခိုင် အပေါ်ထပ် ထမ်းတင်တာတောင် ဆရာကြီးတို့က လူကြီးတွေမို့တဲ့။ ကျုပ်က မထမ်းချင်ဘူးရယ်လို့ ပြောတယ်ဆိုလို့ စိတ်မကောင်းဖြစ်ရတယ်။ ဘာကြောင့်များပါလိမ့်။ အခိုင်ကြီးတော့ လေးလို့များလား။ သည်လိုလည်း ဟုတ်ဟန်မထင်ပါဘူး။ ဆန့်အိတ်လိုဟာတောင် အပေါ်ရောက်အောင် အိတ်ဝက်ခွဲပြီး ထမ်းတင်ပေးရှာသေးတာ။

ဂျိုးပိန်က နားလည်ရခက်မှန်းသိတော့ ကျွန်မတို့လည်း မုန့်တွေကို အောက်ထပ်ကအဖွဲ့တွေနဲ့ အဝတ်လျှော်တဲ့ မအိုးတို့အဖွဲ့တွေကို ဝေပေးလိုက်ရတယ်။ ထန်းသီးခိုင်ကြီးကိုလည်း မခုတ်တတ်ခုတ်တတ် ခုတ်ပြီး ဝိုင်းစားလိုက်ကြသတဲ့။ ဂျိုးပိန်ကတော့ ဘာမှကို မစားတာလို့လည်းဆိုရဲ့။ ဂျိုးပိန်က ခန့်မှန်းရခက်တာတော့လည်း သိပါရဲ့။ ခါးခါးသီးသီး ငြင်းလိမ့်မယ်လို့တော့ မထင်မိပါဘူး။ ဆရာနေ ဟောပြောပွဲကရတဲ့ ပုဆိုးတွေ၊ ဆိုက်နည်းနည်းသေးတဲ့ တီရှပ်တွေတော့ ပေးရင်ယူနေကျပါ။

ခိုင်းရသကောရယ်လို့ရော၊ ခများ မပြည့်စုံရှာမှန်းသိလို့ရော မကြာခဏ ပေးနေတာပါ။ ထမင်းဟင်းတွေ ပိုပိုလျှံလျှံချက်လို့လာယူလှည့်ဆိုရင်လည်း ယူပါရဲ့။ ထန်းသီးနဲ့ ဘုရားပွဲမုန့်တွေကျမှ မယူချင်ဘူးပြောတာကို နားမလည်နိုင်တာပါ။

ကျွန်မမှတ်မိသလောက် ရွာမှာနေတုန်းက တစ်နေ့တစ်နေ့ ထန်းသုံးဆယ်လောက် တက်ဖူးခဲ့တယ်၊ ထန်းရှင်ဆီမှာ ထန်းတက်ခယူပြီး ဝင်ငွေရှာဖူးတယ်လို့ သူပဲပြောခဲ့တာ မဟုတ်လား။ လေး,ငါးရက်လောက်ရှိတော့ စိုးခကတစ်ဆင့် သူရွာပြန်မယ့်အကြောင်း ကျွန်မဆီ သတင်းရောက်လာလို့ ကျွန်မလည်း ဂျိုးပိန်အမေဖို့ရယ်လို့ ထဘီကလေး၊ သနပ်ခါးတုံးကလေးကအစ ဖျင်တဘက်ကလေးတွေ၊ ရွှေစာရံဘုရားပွဲတုန်းက များများဝယ်ထားတဲ့ ဆေးမြစ်စုံနဲ့ ကရမက်တုံးကလေးတွေကို အိတ်တစ်လုံးနဲ့ထည့်ပြီး စောင့်နေလိုက်တာ ကိုယ်တော်က မပေါ်လာဘူး။ ခိုင်းချင်လို့ ဖုန်းဆက်တော့လည်း မကိုင်ဘူး။ သူ့ဖုန်းကကြားနေကျ မေတ္တာပို့သံလည်း မကြားရဘူး။ ဇော်ဝင်းထွဋ်ရဲ့ Rock သီချင်းသံလည်း မကြားရဘူး။ ကိုဂျော်နီနဲ့ တွေ့လို့မေးမှ ရွာပြန်သွားတာ နှစ်ရက်တောင်ရှိပြီ ဆရာမတဲ့။ ကနေ့နက်ဖြန်တောင် ပြန်ရောက်တော့မှာတဲ့။ နို့၊ သူ့ခွေးတွေကကော ဆိုတော့ ဦးမိုးရွာကပြန်လာလို့ ခွေးတွေပြန်ခေါ်သွားပြီတဲ့။ ခွေးကိစ္စ မရှိတော့လို့ သူ့ဌေးက ရွာပြန်ချင်ပြန်လို့ ခွင့်ပေးတာနဲ့ ထ,ပြေးတာလို့လည်းသိရရဲ့။

တစ်ရက်တွေ့လို့မေးမှ ဂျိုးပိန်က မလုံမလဲဖြေတယ်။ ခေါင်းကြီးငုံ့လို့။

'မင်း ရွာပြန်ဆို'

'ဟုတ်သားပဲ'

'ဘာ ဟုတ်သားပဲလဲ။ မင်းအမေဖို့ ငါဖြင့် လက်ဆောင်တွေ ထုပ်ထားတာ မင်းလာမယူဘူး၊ သွားတော့လည်း မပြောဘူး'

'အမေ ရွာမှာမရှိလောက်လို့ လာမပြောတာရယ်'

'ဟဲ့၊ အမေရှိရာရွာ လိုက်မသွားဘူးလား၊ အမေမရှိတော့လည်း မင်းအစ်မတွေရှိဆို၊ ပေးခဲ့ရောပေါ့'

'ပေးမဖြစ်ဘူး၊ သူတို့က ဝတ်ပစ်မှာ။ တစ်ခါ ရွာပြန်တုန်းက အမေမရှိတာနဲ့ ပိုက်ဆံငါးထောင်ပေးခဲ့တာ သူတို့သုံးပစ်ဖူးတယ်'

'နေပါဦး။ မင်းအမေက ကိုယ့်ရွာကိုယ် မနေဘူးလား၊ နို့ဖြင့် ဘယ်ရွာမှာနေတာတုံး။ မင်းက အမေရှိရာရွာကို လိုက်မသွားဘူးလား၊ ငါဖြင့် ကြားလိုက်ရရင် အမေမရှိတာနဲ့ ဖုန်းမပြောရတာနဲ့'

ကျွန်မ မေးခွန်းတွေများသွားလို့ထင်ပါရဲ့။ ဂျိုးပိန်က သူစိတ်ရှုပ်တိုင်းလုပ်နေကျ နဖူးကြီးတွန့်နေအောင် မျက်မှောင်ကြီးကြုတ်လိုက်လို့။

'မသိပါဘူးဗျာ၊ ရွာကို နတ်ပွဲရက်တုန်းကတော့ ပြန်လာသတဲ့။ အခုက ကျုပ်က ကြားဖောက်ပြန်တာဆိုတော့ မတွေ့ခဲ့



www.burmeseclassic.com

www.burmeseclassic.com

ဘူး’

‘ဒါဖြင့် မင်းအမေက ဘယ်ရွာတွေမှာ ဘာသွားလုပ်နေတာလဲ၊ တခြားရွာတွေက ဆွေမျိုးတွေဆီ လှည့်နေတာလား။ ငါ့ကြီးတော်ကြီးတစ်ယောက်လည်း အဲသလိုပဲ၊ ရွာခြေမကပ်နိုင်ဘူး။ တစ်ရွာတစ်ရွာ သွားနေတာ နှစ်ပေါက်ကရော။ တချို့ အဲသလိုရှိတတ်တယ်’

‘အမေက အဲသလိုမဟုတ်ဘူးရယ်’

ဂျိုးပိန်နဲ့ စကားပြောရတာ အဲသလိုနဲ့ပြီးရတာချည်းပါ။ အကျိုးရယ်အကြောင်းရယ်လည်းမရှိ၊ အဆိုးရယ် အကောင်းရယ်လည်း မရှိ။ ဝေ့လည်လည်နဲ့ ပြီးရတာချည်း မဟုတ်လား။

❑

၁၂။

ကျွန်မမောင်စိုးခနဲ့ ဂျိုးပိန်က အောက်ထပ်မှာ နေကုန်နေခန်းရယ်လို့ အတူတူနေရတဲ့လတွေကြာလာတော့ တစ်ယောက်တစ်ယောက် ချစ်ခင်ကြတယ်။ ဂျိုးပိန်က သူနဲ့အတူအလုပ်လုပ်ကြတဲ့ ညဆိုင်းဝန်ထမ်းနှစ်ယောက်နဲ့ရော၊ ကိုဂျော်နီကိုပါ ခင်တော့ခင်ရှာပါရဲ့။ သူတို့လည်း သူတို့အလုပ်နဲ့သူတို့ဆိုတော့ ဂျိုးပိန်နဲ့က နီးလိုက်ဝေးလိုက်ကိုး။ ကိုဂျော်နီက ရုံးကြီးကအလုပ်တွေ ပြေးလုပ်ပေးရတာလည်းရှိ၊ အလုပ်ရာထူးအရ ကြီးကြပ်ပေးရသူလည်းဖြစ်တော့ သူငယ်ချင်းပေါင်းရယ်လို့ ပေါင်းမဖြစ်တာလည်း ပါမှာပေါ့။ သည်ကြားထဲ ဂျိုးပိန် အချိုးမကျတာတွေ့ရင် ဆူရဆိုရတာတွေလည်းရှိတယ်။ ဒါမျိုးဆိုရင် ဂျိုးပိန်က သိပ်မကြည်ဘူး။ နှစ်ရက်,သုံးရက် စကားမပြောတော့ဘူးတဲ့။ ကိုဂျော်နီက သည်းခံရှာတယ်။ တစ်ခါလည်း နှစ်ရက်က သုံးရက် စကားမပြောတော့ ဂျိုးပိန်အတွက်ရယ်လို့ မုန့်ဟင်းခါးဝယ်လာသတဲ့။ ချိုင့်ကလေးရှေ့ချပြီး ‘စားကွာ ငပိန်’ဆိုတော့ ကျုပ်က မုန့်ဟင်းခါးအမုန်းဆုံးပဲလို့ ပြောသတဲ့။

‘ကျွန်တော်ကချည်း ချော့ရတာပါဆရာမရယ်၊ ဂျိုးပိန်က တစ်ခါတစ်ခါ ပြန်မပြောနားမထောင်ဆိုတာမျိုး။ သူ့ဒွေးက ပန်းပင်တွေခြောက်လို့၊ ရှေ့ကွက်လပ်ကြီး ဖုန်တွေ အမှိုက်တွေ များလို့၊ နောက်က မြက်တွေရှည်လို့ မှာခဲ့ရင် ကျွန်တော်က သူ့ပြောရတာပါ။ ဒါဆိုရင် ကျွန်တော့်ကိုမကြည်ဘူး။ သူ့ဒွေးက မမှာဘဲနဲ့ ကျွန်တော်က သက်သက်ညစ်တာတဲ့။ ကိုင်း၊ မင်းမလုပ်ချင်ရင် ငါလုပ်ပါ့မယ်ကွာဆိုပြီး ထ,လုပ်မှ သူပါပါတော့တာ။

‘တစ်ခါလည်း ကျွန်တော်အလုပ်လာတော့ ဆိုင်ကယ်လေး ထိုးရပ်ရှိသေးတယ် လင်မယားနှစ်ယောက် ရုံးထဲမှာ ရန်တွေဖြစ်နေတာ ဆရာမ၊ ဘယ်ကမှန်းလည်းမသိဘူး။ ဂျိုးပိန်မိတ်ဆွေတွေနေမှာပေါ့လေလို့ ပထမတော့ ကျွန်တော် မပြောသေးဘူး။ နောက်တော့ ယောကျ်ားလုပ်သူက ထ,ရိုက်ရော၊ မိန်းမကလည်း ပါးစပ်ပြဲအောင်အော်ရော။ ပြီးတော့ ကျွန်တော်တို့ရုံးထဲတင် နပန်းလုံးကြတာ။ ဒါနဲ့ ဟေ့ ဟေ့ မလုပ်ကြနဲ့လို့ အော်ပြီး ဖျန်ဖြေပေးရတယ်။ ငြိမ်တော့မှ မင်းတို့က ဘယ်ကတုံး၊ ဒါကရုံး ပြဿနာဖြစ်လိမ့်မယ် သွား သွား ဆိုတော့မှ ထွက်သွားကြတာ။ ဂျိုးပိန်လာတော့ မေးကြည့်တယ်။ မင်းသူငယ်ချင်းလင်မယား ရန်ဖြစ်နေကြလို့ မောင်းထုတ်လိုက်ရတယ်ဆိုတော့ သူနဲ့မသိဘူးတဲ့။ ဖြစ်ရလေငပိန်ရာ မင်းနဲ့မသိဘဲ မင်းဘယ်ကခေါ်လာတာလဲဆိုတော့ ခြံအပြင်မှာ ရန်ဖြစ်နေကြတာဗျ။ လူမြင်မကောင်းလို့ အထဲမှာရန်ဖြစ်ကြ၊ အပြင်မှာရန်ဖြစ်တာ မကောင်းဘူးဆိုပြီး ခေါ်လာတာတဲ့။ ခေါ်လာတာထားပါတော့ မင်းက ဘယ်သွားနေတာတုံးဆိုတော့ လွတ်လွတ်လပ်လပ် ရန်ဖြစ်ရအောင် အပြင်ရှောင်ပေးနေတာတဲ့။ ကြည့်ပါဦး ဆရာမရယ်’

ကိုဂျော်နီက ပြောပြလို့ ရယ်ရတာ မပြောပါနဲ့တော့။ ကိုဂျော်နီက အဲလိုပြောပြတာတွေက ခဏခဏပါ။ စိတ်တော့လည်း မဆိုးရှာပါဘူး။ ကိုဂျော်နီ့ ဥပမာနဲ့ဆို ဂျိုးပိန်က အန်စာတုံး မဟုတ်လား။ လှိမ့်လိုက်ရင် ဂဏန်းက ကျချင်သလိုကျတာလေလို့ ပြောဖူးတော့ သူကိုယ်တိုင်လည်း စိတ်မဆိုးသာဘူးနဲ့ တူပါရဲ့။ ကျွန်မတို့ သိရကြားရသလောက် ကိုဂျော်နီက သည်းခံရှာတာချည်းပါ။ တစ်ခါတလေ ကိုဂျော်နီကိုတောင် မျက်ထောင့်နီကြီးနဲ့ ရန်လုပ်နေသေးတာတဲ့။

‘တစ်ခါတလေတော့ အကောင်း ဆရာမရဲ့။ ခင်ဗျားကို ကျုပ် ဗေဒင်တွက်ပေးဦးမယ်ဆိုပြီး ပြောနေတာအဟုတ်။ မင်း ဘယ်ကတတ်တာတုံးဆိုတော့ ဦးဇင်းဘဝတုန်းက ဘုန်းကြီးက သင်ပေးထားတာတဲ့။ ခင်ဗျားနာမည် ကောင်းတယ်။ ဂျော်နီဆိုတော့ ကိုးဂဏန်းကျတယ်တဲ့။ ဘာနေ့သားလဲဆိုတော့ ကျွန်တော်က ကြာသပတေးသားဆိုတော့ တွက်ပေးတာ အဟုတ်။ တစ်ခါတော့ ကျွန်တော်သော့တွဲပျောက်လို့ စိတ်ညစ်နေတုန်း ညည်းမိတယ်။ ရုံးမှာရော အိမ်မှာပါ မတွေ့ဘူးကွာ၊ ဘယ်ထားမိမှန်းမသိဘူးဆိုတော့ ဂဏန်းလေးကွက်ချပြီး လက်နဲ့ထောက်ခိုင်းတယ်။ အပေါ်ဆုံးက တစ်(၁)၊ အောက်ဆုံးက သုံး(၃)၊ ဘယ်ဘက်က နှစ်(၂)၊ ညာဘက်ကလေး(၄) ရေးပြီး ထောက်ဆိုတော့ ကျွန်တော်လည်း ကျချင်ရာကျဆိုပြီး ထောက်ရတာပေါ့။ ပါးစပ်က ဘာတွေလဲမသိဘူး ရွတ်ပြီး မပူနဲ့ခင်ဗျားသော့ ပြန်လာနေပြီတဲ့။ ဒါနဲ့ သော့ကလူမှမဟုတ်ဘဲ ဘယ်လိုလုပ်ပြန်လာမှာလဲဆိုတော့ အဟောကတော့ အဲသလို ပြတာပဲဗျတဲ့။ ကျုပ်က လူပျောက်တာလောက် သင်ထားတာဆိုတော့ လာနေပြီလို့ အဟောထွက်တယ်တဲ့။ သော့တော့ ဘယ်လိုလာမလဲမသိဘူးတဲ့’

‘နောက်တော့ သော့တွဲတွေ့လား’

‘တွေ့တယ်ဆရာမ။ သမီးအငယ်မက သော့တွဲကိုအဝတ်ခြင်းပေါင်းထဲ ထည့်ထားတာ မအေက အဝတ်တွေယူတော့ တွေ့တာ။ ကျွန်တော်က သော့တွဲတွေ့ကြောင်း ဂျိုးပိန်ကိုဖုန်းဆက်ပြောတော့ ကျုပ်ပြောသားပဲ သော့တွဲက လာနေပြီဆိုတာတဲ့’

သည်စကားမျိုး အဝတ်လျှော်တဲ့ မအိုးတို့ကလည်း ပြော



www.burmeseclassic.com

www.burmeseclassic.com

ဖူးတယ်။ ဆရာမနှယ် ဂျိုးပိန်က ထုံးမန်းဆီမန်းတော့ အဟုတ်တော်ဆိုလို့ မေးကြည့်မိတာပါ။ မအိုးဆက်ပြောတဲ့ စကားကတော့ မကောင်းလှဘူး။ ဂျိုးပိန်က ဂေါက်ဆိုပေသိ ဟုတ်တော့ ဟုတ်သွားတဲ့။ ကျွန်မက ဘယ်လိုဟုတ်တာလဲ မအိုးရဲ့ဆိုတော့ မပြောတတ်ပေါင် ဆရာမရယ် ရွတ်တော့ရွတ်တာပဲ။ ကွမ်းတစ်ထုပ်ရှေ့ချပြီး ပညာအတွက်ဆက်ရတယ်ဆိုလို့ ကွမ်းတစ်ထုပ်ဝယ်ပေးရတယ်။ ထုံးနှွင်းမန်း၊ ဆီမန်း၊ ရေမန်း၊ မီးသွေးမန်းရယ်လို့ တချို့ ဂါထာလိုလို ရကြတာရှိလေတော့ တောသူတောင်သားသဘာဝ သူရထားတာနေမှာလို့ အောက်မေ့မိတယ်။

မအိုးက သူ့သားလေး ရေယုန်ပေါက်တာ၊ ကလေးအနမီးအနဆက်(အနာမီးအနာဆက်) ပေါက်တာကအစ သူ့ယောကျ်ားကိုစံမောင် ငါးရိုးမျက်တာတွေ ဂျိုးပိန်ကုလို့ ပျောက်လှပေါ့တဲ့။ ဂျိုးပိန်က သည်လိုမန်းပေးရွတ်ပေးတာကို ယုံယုံကြည်ကြည်ခံယူတဲ့ မအိုးတို့က သည်နေရာမှာတော့ ဆရာတင်ကြပုံပေါ်ပါရဲ့။ ကျွန်မက တစ်ရက်မှာ စိုးခကို ပြောပြတယ်။ ဂျိုးပိန်က ထုံးမန်းဆီမန်းရသတဲ့။ သည်လိုက သည်လိုဆိုတော့ စိုးခကနေဦး၊ ငါ တစ်ရက်ခေါ်မေးမယ်တဲ့။

တစ်မနက် သမီးကျောင်းပို့ပြီးအပြန် စိုးခ အပေါ်ထပ်တက်လာတော့ ဂျိုးပိန်ပါ ပါလာခဲ့တယ်။ ကျွန်မကသိပြီ။ နှစ်ယောက်သား ထိုင်မိကြတော့ "အလို၊ ကိုစိုးခ အောင်ချမ်းသာကို ဘာတွေများဧည့်ခံမလို့တုံး"လို့ ပြောလိုက်တယ်။ စိုးခက "အောင်ချမ်းသာမလုပ်နဲ့၊ ငါ့ဆေးကုဖို့ခေါ်လာတဲ့ ဆရာဟ"တဲ့။

"ငါ့ဟာ ညက ငါးဟင်းနဲ့ထမင်းစားတာ ငါးရိုးမျက်လိုက်ပုံများ ခုထိနေမဖြစ်ဘူး။ ထမင်းဆုပ်မျိုရတယ်ဆိုလို့ မျိုတာလည်း မပျောက်ဘူး။ ဖီးကြမ်းငှက်ပျောသီး လက်နှစ်သစ် မျိုချရတယ်ဆိုတာလည်း မျို့တောင်မျို့တယ်။ အဲဒါ ဂျိုးပိန်ကိုပြောပြတော့ သူမန်းတတ်တယ်တဲ့။ ကွမ်းတစ်ထုပ်ဆေးလိုက်အောင် ဆက်ရတယ်ဆိုလို့ ရော့ဗျား ကွမ်းထုပ်"

ဒါနဲ့ ကျွန်မက စိုးခကိုငေါက်ရတယ်။ "သည်အချိန်မှာ ဂျိုးပိန်မခေါ်နဲ့လေ၊ ဆေးကုမယ့်ဆရာကို ဆရာခေါ်ပါ၊ ကွမ်းထုပ်ကို ရိုရိုသေသေပေးမှပေါ့"ဆိုတော့ ဂျိုးပိန်က မျက်နှာကြီးတည်ထားပြီး စိုးခကို နားမလည်ရန်ကောဆိုတဲ့ မျက်နှာနဲ့ ကြည့်နေလေရဲ့။ ပြီးမှ စိုးခလည်ပင်းကို တစ်ပတ်လည်အောင်ကိုင်ကြည့်တယ်။ လည်ပင်းမော့ခိုင်းတယ်။ ပြီးမှ လေပျော့ကလေးနဲ့ မေးလေရဲ့။ တကယ့်ကို ပယောဂကြီးကိုင်မယ့် ဆရာအတိုင်းပဲ။

"ဘယ်တုန်းက ငါးရိုးစူးတာတုံး ဦးစိုး"

"ညက"

"ဘာငါးစူးတာတုံး"

"ငါးဒန်"

စိုးခက ဂျိုးပိန်ကိုစ,ချင်တာထား။ မှင်က မသေဘူး။ လည်ချောင်းထဲ ငါးရိုးမမျက်ဘဲ မျက်တယ်လုပ်ထားတာဆိုတော့ ဂျိုးပိန်မေးတာကို ကန့်လန့်ဖြေတာပါ။ ငါးဒန်(ငါးတန်)က ငါးကြီးသားဆိုတော့ အလယ်ကျောရိုးကလွဲလို့ အရိုးမှမပါတာ။ ငါးဒန်ရိုးစူးတယ်ဆိုတော့ ဖြစ်မှမဖြစ်နိုင်တာ။ ဒါပေသိ ဂျိုးပိန်က ဘာမှတော့မပြောဘူး။ စိုးခလည်ပင်းကို တစ်ခါနှစ်ခါ ပွတ်တယ်။ လည်ချောင်း အပေါ်ကအောက် သပ်သပ်ချတယ်။ ပြီးမှ ရွတ်တော့တာပါ။

"*ဥုံ… လက်ပံပင်ထိပ်ဖျား တင်ကြီးနား… တင်ကြီးထိုးဟဲ့ ငရိုးထွက်…သုံးဆယ့်ခုနစ်အုပ်…*"

အမှန်က ကျွန်မတို့လည်း ကြုံဖူးပါရဲ့။ မန်းသူက လည်ပင်းကိုသပ်ပြီး ဂါထာကိုစိတ်ကရွတ်၊ ရွတ်တဲ့အခါ သုံးဆယ့်ခုနစ်ခေါက် ရွတ်ရတာမျိုးပါ။ ဂျိုးပိန်က ကျက်ထားတဲ့အတိုင်း ဂါထာထဲကို သုံးဆယ့်ခုနစ်ခေါက်ဆိုတာ ထည့်ရွတ်တော့ စိုးခက ထ,ရယ်ပါလေရော။ ဂျိုးပိန်က မယုံကြည်ဘူးထင်လို့လားမသိဘူး၊ စိုးခကို မရယ်နဲ့တဲ့။ ဦးစိုးလုပ်တာနဲ့ အစကပြန်စရတော့မှာတဲ့။ စိုးခကလည်း မျက်နှာပြန်တည်ပြီး အကုခံရတယ်။

"*ဥုံ…လက်ပံပင်ထိပ်ဖျား တင်ကြီးနား…တင်ကြီးထိုးဟဲ့ ငရိုးထွက်…သုံးဆယ့်ခုနစ်အုပ်…*"

သုံးဆယ့်ခုနစ်အုပ် စေ့မစေ့တော့ မပြောတတ်ဘူး၊ လည်ပင်းကို သပ်ချရာက ဆရာမ သောက်ရေတစ်ခွက်ပေးဆိုလို့ ထ,ခပ်ပေးတော့ ရေကိုမန်းပြန်ရဲ့။ ဦးစိုး ဘာနေ့သားလဲ မေးပြန်လို့ စိုးခက တနင်္လာသား တဲ့။

"အမှန်က မြစ်ထဲကရေကို ရေစုန်ဘက်ကခပ်…တစ်ခါရေဆန်ဘက်ကခပ်…နှစ်မျိုးပေါင်းပြီး *တနင်္လာသား အရိုးမျက်တယ် အရိုး တနင်္လာသားမျက်တယ်* ဆိုပြီး နံစေ့ရွတ်ရတာရယ်…မြစ်မရှိတော့ အိမ်ကရေနဲ့လည်း ရပါတယ်…ကိုင်း၊ ဂါထာစွမ်းနဲ့ပျောက်စေ…"

စိုးခက သူ့လည်ပင်းကိုသူစမ်းတယ်။ ပျောက်သလိုလို မပျောက်သလိုလို လုပ်နေတော့ ဂျိုးပိန်က ဘယ့်နှယ်တုံးတဲ့။ စိုးခက အရိုးက လည်ချောင်းထဲ တစ်ပတ်လည်နေသလိုပဲဆိုတော့ တစ်ခါမှ အားရပါးရ မရယ်ဖူးတဲ့ဂျိုးပိန်က ရယ်လိုက်တာလေ။ ပြောသေးတာ။

"လည်ချောင်းထဲကအရိုးက နာရီလက်တံမှ မဟုတ်ဘဲနဲ့ လည်ပါ့မလား၊ ခင်ဗျား အရိုးနင်တာ ပျောက်ပြီ"

"အေး၊ ဟုတ်လောက်တယ်"

ဂျိုးပိန်ကို ချစ်ခင်လို့သာ စ,ကြတာပါ။ သူရွတ်မယ့် ဂါထာကို သိချင်တာပါသလို သူတို့ရပ်ရွာဓလေ့ ရေမန်းဆီမန်းအကြောင်း မေးချင်တာလည်း ပါ,ပါတယ်။ သည်အတိုင်းမေးရင် ရှက်တအေးအေးလုပ်နေမှာလေ။

"ငါးရိုးမျက်တာတော့ ဟုတ်ပါပြီ၊ နားပိုးလည်ပိုး သက်တံပေါက်တော့ ရွတ်တာရှိလား"

"ရှိတယ်။ အဲဒါကျ *ဥုံ…၊ သက်တံပေါက်ဆိန် အရှိန်ရဲရဲ ရှားမီးခဲ… အထဲမနေ ငါမကျေ…သေလေဟဲ့ သက်တံ…*



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက်အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ(၁၃၁၀၀၀/ –)နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်

ဖုန်း၀၉–၂၁၃၂၀၇၆၊၀၉–၄၅၀၂၀၀၇၃၇၊၀၉–၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ)ဖုန်း၀၉–၉၁၀၂၃၇၈၇၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂–၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှုလက်မှု)ဖုန်း၀၉–၂၀၀၁၇၁၇

### ရန်ကုန်

သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ)(မှတ်၉၈၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း)၀၁–၅၅၄၁၉၇/ ၀၉လ–၅၁၁၃၅၃၀)

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာယံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉–၅၁၅၂၂၇၇၊ ၀၉–၇၉၉၂၅၇၂၀၃)

ဒေါ်ခင်စန်း(AMBO Hotel) အမှတ်–၈၁/အေ–၁၀၊ စုပေါင်းလမ်းသွယ်၊ အင်းယားမြိုင်၊ ဗဟန်း။ ဖုန်း၀၉–၅၁၂၂၀၀၃၊၀၁–၅၃၆၆၈၀)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၉–၇၃၀၇၂၄၉၂၊၀၉–၇၉၀၅၆၂၁၃၁)

ဒေါ် မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၉–၇၃၁၀၉၁၃၄၊၀၉–၂၆၀၉၇၀၁၂၇)

ဒေါ်စိန်းစန်းခိုင်(Real Gems)(အေ–၁၀၊ အမှတ် ၂၃–၂၅၊ ရွှေဖြူရိပ်သာ၊ ရွှေဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ဖုန်း၀၁–၂၅၂၂၇၂၊၀၉–၅၀၈၂၂၄၁၊၀၉–၇၉၅၄၄၃၂၇၆)

ဒေါ်ယဉ်ယဉ်နီ(ပွင့်ဦးရတနာ၊ ဗိုလ်ချုပ်ဈေး၊ ဖုန်း–၀၉–၂၅၀၇၉၃၈၇၃)

ဒေါ်ခင်မြရွှေ(အမှတ် ၂၅၊ ကမ္ဘောဇရိပ်သာ၊ ဗဟန်း၊ ရန်ကုန်၊ ဖုန်း–၀၁–၅၄၃၉၂၀၊ ၀၉–၇၉၈၂၃၅၀၀၉)

## အလှူရှင်များ

**US $ 85000 တန် Laparoscope Set ဝယ်ယူရန် ထပ်မံလှူဒါန်းကြသူများ**

၁။ ကွယ်လွန်သူ မိဘနှစ်ပါးနှင့် ဆွေမျိုးများအား ရည်စူး၍
"ဒေါ်ဖြူဖြူဝင်း" နှင့် မောင်နှမများ ကောင်းမှု
အမှတ် ၇(ခ)၊ မာလာမြိုင်လမ်း၊ ပြည်သာယာရိပ်သာ၊
အမှတ် ၁၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ **US $ 300**

၂။ Mr.Chai Wing Huat + ဒေါ်အေးအေးသက် မိသားစု
အမှတ် ၈၄၊ ဖ၇ ရပ်ကွက်၊ ရတနာအဆင့်မြင့်အိမ်ရာ ၁၊
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်။ **US $ 500**

www.burmeseclassic.com

www.burmeseclassic.com

၃။ 'ဦးပန္ထင်းကြီး ဦးကောဏ္ဍညဓဇ' ထာဝရငွေပင်
ဦးပန္ထင်းကြီး ဦးကောဏ္ဍညဓဇ(ခ) George ချမ်းမင်း
17450, CARILLO HWY.1, HALF MOON BAY, ၇,၂၂၈,၀၀၀/-
CA-94019, U.S.A **(ခုနစ်သိန်း နှစ်သောင်း နှစ်ထောင့်ရှစ်ရာကျပ်)**

၄။ 'Dr.သံစစ် + ဒေါ်ခင်ညိုသိန်း' ထာဝရငွေပင်
အသည်းအထူးကုဆရာဝန်ကြီး Dr.ဦးသံစစ် +ဇနီး ဒေါ်ခင်ညိုသိန်းမိသားစု **၁၈၀,၀၀,၀၀၀/-**
အမှတ် ၇၄၂၊ မြရတနာလမ်း၊ ၃၆ ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်။ **(သိန်းတစ်ရာ့ရှစ်ဆယ်ကျပ်)**

၅။ 'AMBO မိသားစု' ထာဝရငွေပင်
စာရေးဆရာ Dr.နေဇင်လတ်(ပါမောက္ခ၊ မဟာဗျူဟာ၊ နိုင်ငံတကာလေ့လာရေးစင်တာ)+
ဒေါ်ခင်စန်း(AMBO Co.Ltd) သား၊ သမီး၊ မြေးမိသားစု **၁၂၀,၀၀,၀၀၀/-**
၈၁(အေ)၊ ၁၀၊ စုပေါင်းလမ်း၊ အင်းယားမြိုင်၊ ဗဟန်း၊ ရန်ကုန်။ **(သိန်းတစ်ရာ့နှစ်ဆယ်ကျပ်)**

၆။ 'ဒေါ်ခင်သက်' ထာဝရငွေပင်
(ဦးအောင်မြင့်) + ဒေါ်ခင်သက် မိသားစု **၁၅,၀၀,၀၀၀/-**
ဒေါ်ခင်သက် မွေးနေ့အလှူ **(တစ်ဆယ့်ငါးသိန်းကျပ်)**

၇။ 'ဆရာလေး ဒေါ်ဥတ္တရဉာဏီ' ထာဝရငွေပင်
ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးစွန်+ဒေါ်ကျင်တို့အား
ရည်စူး၍ သမီးဖြစ်သူ ဆရာလေး ဒေါ်ဥတ္တရဉာဏီ(IMC) **၃၀,၀၀,၀၀၀/-**
၄၃ လမ်း၊ ဗိုလ်တထောင်မြို့နယ်။ **(သိန်းသုံးဆယ်ကျပ်)**

၈။ 'သီဂီကိုကို' ထာဝရငွေပင်
မိခင်ဖြစ်သူ ဒေါ်ခင်ခင်ငယ်နှင့် ခင်ပွန်းဖြစ်သူ Dr.ဦးကိုကိုဦး(ဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာ)
တို့အား ရည်စူး၍ Dr.ဒေါ်သီဂီကျော်(ညွှန်ကြားရေးမှူး၊ ပညာရေးဝန်ကြီးဌာန)နှင့်
သမီး မသီဂီကိုကို @Yuki,
အမှတ် ၄၀၁၊ ရွှေသံလွင်ကွန်ဒို၊ အေးရိပ်သာ ၁ လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ **၁၀,၀၀,၀၀၀/-**
ဗဟန်းမြို့နယ်၊ ရန်ကုန်။ **(တစ်ဆယ်သိန်းကျပ်)**

၉။ 'ဦးမြမောင် + ဒေါ်အေးအေးသီ' ထာဝရငွေပင်
ကွယ်လွန်သူ ဦးမြမောင်အား ရည်စူး၍ ဒေါ်အေးအေးသီ **၅၀,၀၀,၀၀၀/-**
ကနေဒါနိုင်ငံ။ **(သိန်းငါးဆယ်ကျပ်)**

၁၀။ 'လှအိဆု' ထာဝရငွေပင်
နှစ်ဖက်မိဘများကို အမှူးထား၍ ဒေါက်တာ ဆွေလှ၊ ဒေါ်အိအိလွင်
သမီးကြီး ငြိမ်းဆုသာ၊ သမီးငယ် ဆုဝတီ မိသားစု **၁၀၀,၀၀,၀၀၀/-**
ရန်ကုန်မြို့။ **(သိန်းတစ်ရာကျပ်)**

၁၁။ 'ဝင်းဟေမာန်' ထာဝရငွေပင်
ရွှေနှင့်မြ ဦးသိန်းမောင်အား ရည်စူး၍ ဦးဝင်းမြင့် + ဒေါ်နီနီ
သား မောင်ရဲဝင်းထွန်း၊ သမီး မထိုက်ဝင့်ရွှေရည် မိသားစု
'ဝင်းဟေမာန်' ပဲမျိုးစုံရောင်းဝယ်ရေး။ **၂၀,၀၀,၀၀၀/-**
၂၄ လမ်း၊ ၈၈×၈၉ ကြား၊ မန္တလေးမြို့။ **(သိန်းနှစ်ဆယ်ကျပ်)**

၁၂။ 'ဘိုအေး' ထာဝရငွေပင်
ကွယ်လွန်သူ မိဘနှစ်ပါး ဦးဘိုနှင့် ဒေါ်အေး
တို့အား ရည်စူး၍ (သမီး) ဒေါ်ကြည်ကြည်သန်း၊ (သား) ကိုတင်ဌေးမိသားစု **၁၃,၀၀,၀၀၀/-**
သဇင်ဘီစကစ်၊ ဈေးတောင်ဘက်၊ ကျောက်ပန်းတောင်းမြို့။ **(တစ်ဆယ့်သုံးသိန်းကျပ်)**

*(ဆက်လက်ဖော်ပြပါမည်)*

www.burmeseclassic.com

www.burmeseclassic.com

*ကျလေဟဲ့ သက်တံ…ဖွ…*”

“ရေယုန်ကျတော့ကော”

“*ဉှုံ…ရေယုန်ရေယုန် ဆွေ့ဆွေ့ခုန်…ရေယုန်တကာ ငါ ဆရာ…သေလည်းဆရာသေ ကြေလည်းဆရာကြေ ပျောက် လည်း ဆရာပျောက်…အဲသလိုရွတ်ရတယ်*”

“နောက်တော့ ဘာတွေမန်းတတ်သေးတုံး”

“ဒါပဲ၊ သင်တာတော့အများကြီးပဲ…မေ့ကုန်ပြီ”

“မင်းတို့ရွာမှာ ဆေးမြီးတိုတွေဘာတွေ ရှိမှာပေါ့၊ မှတ်မိ တာ ပြောပါဦး”

“ရွာတော့ ဆေးဆရာဘယ်ရှိပါ့မတုံး။ သည်လိုပျောက်ရ တာ။ ဆီးမသွားရင် ဆီးဖြူသီးပြုတ်ပြီး ပျားရည်နဲ့ လျက်ကြ တယ်၊ ကျောက်ဖရုံသီးနဲ့ သကြားခဲ ခလောက်ပြီးသောက်ကြ တယ်၊ ခူနာဖြစ်တော့ မြင်းချေးလေးဆ ငရုတ်ကောင်းတစ်ဆ ကြိတ်အုံတယ်၊ အနာဝင်ရင် အုန်းရည်ထဲ ငရုတ်ကောင်းမှုန့်ခတ် သောက်တာပဲ”

အဲသည်နေ့က ဂျိုးပိန်က စကားတွေပြောလိုက်တာလေ သူ့ရွာ သူ့အကြောင်း သူ့ဘဝ တို့ကာပင့်ကာပါတာပေသိ ရိုးရိုး ရိပ်ရိပ် ပုံဖော်လို့ရနေသလိုပဲ။ ဘာပဲဖြစ်ဖြစ် သည်နေရာသည် အလုပ်ကို ကံအားလျော်စွာရခဲ့တာကတော့ သူ့ဘဝတစ်ဆစ်ချိုး အပြောင်းအလဲလို့ ပြောရမှာပါ။ ဂျိုးပိန်နဲ့စကားပြောရတာ အပျင်းလည်းပြေပါရဲ့၊ ရယ်စရာလည်းကောင်းပါရဲ့၊ သနား စရာလည်းကောင်းပါရဲ့။ သူ့ကိုစ,ချင်လို့ အပေါ်ထပ်ခေါ်လာခဲ့ ပြီး ငါးရိုးမျက်ချင်ယောင်ဆောင်ခဲ့တဲ့ စိုးခတောင် လည်ချောင်း ထဲက ငါးရိုးကျွသွားသလို ငြိမ်လို့။

> awmausvuf wGSt vkf ukdrnfn&&r&Sd &mo OwkwGysuf ajrqD Zmaw G cef vmrS wmh vI, f wG usvuf wm&&aw G pdefV mU wm oyd wmh qef vS jo/ orm½ us v, f muk cif wG D vI, f wG wGf t ydf uf vS Say;E f wm bvk aeY0f if i Gaocsmawmbl

လူတိုင်းရွတ်တတ်တယ် ဆရာမ။ ရွာဘုန်းကြီးက ကျောင်း လာတက်တဲ့ ကျောင်းသားတိုင်းကို သင်လွှတ်လိုက်တာ။ နောက်တော့ အချင်းချင်း သင်ကြတာနဲ့ ယောကျ်ားမိန်းမ တစ်ရွာလုံး ဆေးဆရာချည်းပါဗျာ။ တချို့များ ကိုယ့်ဟာကိုယ် ရွတ်ကြတာပဲ”

“ထားပါတော့လေ။ မင်း ကိုဂျော်နီ သော့တွဲပျောက်တုန်း က လက်ထောက်ဗေဒင်နည်းနဲ့ဟောတာ မှန်လှချည့်ပြောပါ ပကော”

ဂျိုးပိန်က ကိုဂျော်နီသော့တွဲပျောက်တာလည်း သိတာပဲ လားဆိုတဲ့မျက်နှာနဲ့ ကြည့်တယ်။ စိုးခက ဒါကိုမသိတော့ ကျွန်မက ခပ်မြှောက်မြှောက်ကလေး ရှင်းပြလိုက်တယ်။ စိုးခ က အံ့သြစရာပါလား ဂျိုးပိန်ရာ ရှင်းပြပါဦး ဆိုတော့ ရှင်းပြရှာ ရဲ့။

“ဦးစိုးကလည်း လွယ်လွယ်လေး၊ စာတော့ကျက်ထား ရတာပေါ့။ အိမ်သားတစ်ယောက်ယောက် တစ်ရွာတစ်ကျေး သွားလို့ ရောက်သင့်လျက်နဲ့ ပြန်မရောက်ရင် ဆရာလုပ်သူက ကိန်းချရတယ်။ စာရွက်ပေါ် အပေါင်းလက္ခဏာ ကြီးကြီးရေး ရော၊ အပေါ်ဆုံးကတစ် အောက်ဆုံးကသုံး၊ ဘယ်ဘက်ကနှစ် ညာဘက်က လေးဂဏန်း ရေးရော”

“အေး ဟုတ်ပြီ”

“လူမလာလို့ ပူတဲ့လူကို လက်ထောက်ခိုင်းတာပေါ့ဗျာ။ တစ်ကိုထောက်ရင် *ဧကသချ်ာ တွေ့ရှိပါမူ မလာမုချတဲ့*၊ တစ် ဂဏန်းထောက်မိရင် *မမျှော်နဲ့မလာတော့ဘူးလို့ ပြောတာ။ ဒွေးဂဏန်းမှာ လာပြီတသီး ခရီးအကြားတဲ့* လာနေပြီ၊ လမ်း ခရီး ရောက်နေပြီပေါ့။ သုံးဂဏန်းထောက်တော့ *လာ၍တသီး အနီးပင်ကျ* တဲ့ အနား ရောက်နေပြီပေါ့၊ မဝေးတော့ဘူး လို့ ပြောတာ။ လေးဂဏန်း ထောက်မိသူကို *တစ်ထွေဇယ ကောက်ကာကျသော် မောင်လှ သက်လျာ ဝေးရပ်ရွာက လာ သည်ဆက်ဆက် ထမင်းချက် လော့တဲ့*။ သေချာပြီ၊ ထမင်းသာ ချက်ထားတော့”

“ဟုတ်လှချည့်လား ဂျိုးပိန်ရ။ မင်း အဲသလို တွက်ချက် ပေးတော့ မှန်တာများလား”

“ဘယ်မှန်လိမ့်မတုံး”

“ဟင် ဘယ်လိုကွ”

“တစ်ရွာလုံးကလူတွေက လက်ထောက်ရမယ့် ဂဏန်း လေးလုံးကို ကြိုသိနေတဲ့လူချည်းပဲလေဗျာ၊ လက်ထောက်ပါ ဆိုရင် သိသိကြီးနဲ့ လေးဂဏန်းချည်းထောက်ကြတာဆိုတော့ ထမင်းချက်ထားနှင့် ဆိုတာချည်းကျတာပေါ့။ အပူနဲ့လူတွေဆို တော့ ပြန်မရောက်သူတွေကို လာစေချင်တာကိုးဗျ။ တကယ်

ကျွန်မတို့ရွာတွေမှာလည်း သည်လိုပါပဲ။ မှက္ခရုပေါက် လို့၊ သူငယ်နာပေါ်လို့၊ မျက်စိကျိန်းလို့ကအစ မြွေကိုက်တာ အဆုံး သူ့ရောဂါနဲ့သူ့ဆရာ သည်လိုပဲ တတ်ကျွမ်းသူက ကွမ်း တစ်ယာ၊ ဆီတစ်မှုတ်၊ ပဲတစ်စလယ်နဲ့ ဆေးကုနေကြရတာ အခုအချိန်အထိ မဟုတ်လား။ ယုံကြည်တော့လည်း ပျောက်ကြ ထင်ပါရဲ့။ ကျွန်မက ဂျိုးပိန်ကို ဘာပဲဖြစ်ဖြစ်ကွာ လက်တစ် ကမ်းမှာ အဲသလိုဆေးနည်းကလေးတွေတတ်ထားတော့ ရွာက အရေးရယ် အကြောင်းရယ်ဆို အားကိုးရတာပေါ့လို့ ပြောမိ တယ်။

“မဟုတ်ဘူးရယ်။ ရွာမှာ ဒါမျိုးက ယောကျ်ားမိန်းမ



www.burmeseclassic.com

www.burmeseclassic.com

ကျတော့ ဘယ်ဂဏန်း ထောက်ထောက် မလာချင်သူက ပြန်မလာဘူးရယ်။ ကျုပ်ကိုလည်း အမေက ပြန်လာစေချင်လို့ လေးဂဏန်းထောက်မှာပဲ။ ဒါပေမဲ့ ကျုပ်က ပြန်မှမပြန်ချင်တာ။ သည်တော့ လက်ထောက်ဗေဒင်လည်း ဘယ်မှန်နိုင်ပါ့မတုံး'

အလို၊ ဂျိုးပိန်တို့ စကားမပြောဘူး မပြောဘူးနဲ့ ပြောမယ့်ပြောတော့လည်း လူ့စိတ်သဘာဝတွေနဲ့ပါလား။ သူ့အမေကလည်း သားကိုသတိရတိုင်း ပြန်လာလေနိုးနဲ့ လက်ထောက်ဗေဒင် မေးနေရှာမှာသိနေပုံပါ။ မအေကလည်း သားလေးလာစေချင်လို့ လေးဂဏန်းချည်း ထောက်နေမှာကိုလည်း သူသိရဲ့။ မြို့ကနေ ရွာမပြန်ချင်တော့တဲ့သားနဲ့ သားပြန်လာစေချင်လို့ လက်ထောက်ဗေဒင်မေးနေမယ့် အမေ…။

'*မောင်လှသက်လျာ ဝေးရပ်ရွာက… လာသည်ဆက်ဆက် ထမင်းချက်လော့…*' တဲ့။

ကျွန်မတောင် ဂျိုးပိန်ကို ရွတ်ခိုင်းပြီး ရေးကူးထားမိသေး။ ကျွန်မက ဂျိုးပိန်ကို ဖျောင်းဖျောင်းဖျဖျပြောတယ်။

'ဘာပဲဖြစ်ဖြစ် မအေဆိုတော့ သားပြန်လာရင်စားဖို့ ထမင်းတွေချက်ထားပြီး မင်းကိုမျှော်နေမှာပေါ့ အောင်ချမ်းသာရဲ့။ မင်းလာခဲ့ရင်စားဖို့ နေ့တိုင်း ထမင်းတွေပိုချက်နေရှာမှာပေါ့'

ဆိုတော့ 'ချက်မထင်ပေါင်ဗျာ၊ သူ့ဟာသူတောင် ဘယ်လိုစားနေသလဲမှ မသိဘဲနဲ့' တဲ့။ ဂျိုးပိန်ဆင်းသွားတော့ ကျွန်မတို့မောင်နှမ စကားမပြောဖြစ်ဘူး။ ကိုယ့်အတွေးနဲ့ကိုယ်ပေါ့လေ။

❑

၁၃။

သီတင်းကျွတ်တော့ ကျွန်မတို့အိမ်လည်း ဆောက်ပြီးသွားပြီ။ သည်တော့ ကျွန်မတို့လည်း ကိုယ့်အိမ်ကိုယ် ပြန်ပြောင်းလာခဲ့ကြတယ်ပြောပါတော့။ ဂျိုးပိန်နဲ့ ကျွန်မတို့ ဝေးသွားတာလည်း လောကထဲက ဖြစ်ရိုးဖြစ်စဉ်လို့ပဲ ပြောရမှာပါပဲ။ ဒါပေမဲ့ ကျွန်မတို့က ပြောင်းလာလို့ ဂျိုးပိန်ကို နှုတ်ဆက်ခဲ့ရတာမျိုး မဟုတ်ပါဘူး။ ဂျိုးပိန်က ဘယ်သူ့ကိုမှမပြောဘဲ ရွာကို ကောက်ကာငင်ကာ ပြန်သွားခဲ့တယ်။ ကိုဂျော်နီကိုတော့ ကျုပ်ရွာကို တစ်ရက်နှစ်ရက်လောက် ပြန်ချေဦးမယ်လို့ ပြောလည်းပြော ပြန်လည်းပြန်တာမျိုးဆိုတော့ မတားသာလိုက်ဘူးဆိုရဲ့။ နှစ်ရက်,သုံးရက်ကနေ လေး,ငါး,ခြောက်ရက်ဖြစ်လာတော့ ကိုဂျော်နီကလည်း ပူရပြီ။ လူကိုပူတာထက် သူ့ငွေးလာလို့ မေးရင် ဖြေရခက်ပြီလေ။ ဖုန်းဆက်တော့လည်းမရ၊ လူလိုက်ဖို့ဆိုတော့လည်း ဘယ်မှာနေမှန်းမသိ၊ ဘယ်ရွာမှန်းမသိ။

'ဒီကောင်က ရွာခဏပြန်မယ်ဆိုတော့ တစ်ရက်,နှစ်ရက်ပြန်မယ်ထင်တာဆရာမ။ ပြောပြောဆိုဆို ထ,ပြန်သွားတာဆိုတော့ အကျိုးအကြောင်းဘာမှ မမေးလိုက်ရဘူး။ ဂျိုးပိန်ထိန်းရတာ မျောက်ထိန်းရသလိုပဲ။ အိပ်မက်ရလို့ ပြန်ချင်သလိုလို၊ အမေနေမကောင်းလို့ ခေါ်နေသလိုလိုနဲ့ ပြန်ချသွားတာပါပဲဗျာ'

ကိုဂျော်နီက ညည်းပြောပြောနေတာပါ။ ကျွန်မကလည်း ပေါ့ပေါ့ပါးပါးပဲ ပြောမိတယ်။

'သူ မပြောတာက ပြန်မလွှတ်မှာစိုးလို့ထင်ပါရဲ့ ကိုဂျော်နီရယ်။ သည်လို ပြောဆိုခွင့်ယူပြီးမှ သွားရတယ်ဆိုတာလည်း မသိလို့နေမှာပါ။ ရွာမှာ ကြာကြာမနေဘူးရယ် ပြန်လာမှာပါ'

ဒါပေသိ ကျွန်မတို့သာ အိမ်ပြီးလို့ အဆောက်အဦကြီးကနေ ပြန်ပြောင်းလာခဲ့ကြရော ဂျိုးပိန် ပြန်ရောက်မလာပါဘူး။ ကျွန်မတို့မပြောင်းခင် နှစ်လလောက်က ဂျိုးပိန်နဲ့ ကျွန်မတို့ စကားတွေ ထိုင်ပြောဖြစ်ခဲ့ကြသေးတယ်။ ကျွန်မ သတိထားမိသလောက် ဂျိုးပိန် မြို့မှာပျော်နေတာအမှန်ပါ။ ကတ္တီပါဖိနပ်ကလေး ကြော့ကြော့စင်စင်စီး၊ တီရှပ်ကို လက်ကလေးခေါက်ဝတ်၊ ပုဆိုးရင်ခေါင်းစည်းဝတ်ပြီး ဆီတသသ မျက်နှာတဖွေးဖွေး နေချင်စိတ်ကများနေပါပြီ။ တစ်ခါတလေ အမေကိုလွမ်းသလိုလို ရွာကိုသတိရသလိုလို၊ ဘုရားပွဲနတ်ပွဲပြန်ချင်သလိုလို ရှိတတ်ပေမဲ့ မပြန်ဖြစ်တာများပြီ။

တောကျေးလက်တွေမှာ အလုပ်အကိုင် မည်မည်ရရမရှိ၊ ရာသီဥတုတွေကပျက်၊ မြေဆီသြဇာတွေက ခန်းလာမှတော့ လူငယ်တွေ ကျေးလက်တောရွာတွေကို စွန့်ခွာလာကြတာ သိပ်တော့မဆန်းလှပါဘူး။ သမားရိုးကျ လယ်ယာကိုင်းခင်းတွေဆီက လူငယ်တွေအတွက် အိပ်မက်လှလှမပေးနိုင်တော့သလို နေ့စဉ်ဝင်ငွေ မသေချာတော့ဘူး။ သည်ကြားထဲ အကြွေးဝန်တွေက ပိလာတယ်။ သည်တော့ နီးနွယ်ရာ သွားနှင့်သူတွေနဲ့ ဆက်ပြီး နောက်ကလိုက်ကြရင်း ရွာတော်တော်များများမှာ ကျီးစောင့်ကြက်နှင် သက်ကြီးရွယ်အိုတွေနဲ့ မိန်းမတွေ၊ ကလေးတွေသာ ကျန်ရစ်တော့တာ များလာခဲ့ပြီ။

ဂျိုးပိန်လည်း သည်လိုပဲ ရောက်လာတာနေမှာပေါ့။ သူ့ဘဝ သူ့ဇာတ်ကြောင်း ကောင်းကောင်းကြီးမသိပေမဲ့ သည်သဘောရှိမှာပါပဲ။ မေးတော့လည်း ဘယ်တော့မှ မေးတဲ့စကားမရောက်ရတာလည်း ပြောခဲ့ပါပြီ။ စိုးခကိုတော့ တစ်ခါကပြောဖူးသတဲ့။ ရွာကတက်လာပြီး မြို့မှာဆိုက်ကားနင်းနေတဲ့ မောင်တူးကခေါ်လို့ လာနင်းကြည့်ပါတယ် ခြေသလုံးတောင့်တာ အဖတ်တင်တာပါပဲဗျာ။ တစ်နေကုန် ဆိုက်ကားနင်းရသမျှ အုံနာခပေးရတာနဲ့ ထမင်းတောင်နပ်မမှန်လို့ ပြန်ပြေးခဲ့ဖူးသတဲ့။ အခုမြို့ရောက်တာကကော ဒုတိယအကြိမ်လား၊ တတိယအကြိမ်လား…။ ဘာပဲဖြစ်ဖြစ် မြို့ကိုရောက်လာခဲ့ပြီ။ မြို့ဆိုတာကလည်း သမင်ပေါက်ကို စပါးကြီးမြွေ ညို့သလို ညို့တတ်တာမဟုတ်လား။ လုပ်ဝံ့ကိုင်ဝံ့ရင် အလုပ်ရှိတယ်။ ဓာတ်မီးရောင်ရှိန်ရှိန်က ကျေးလက်နဲ့ကွာတယ်။ အလုပ်လုပ်ရရင် ပိုက်ဆံမြင်ရတယ်။ သည်တော့ ရောက်လာမိသူ မပြန်ချင်ဘူး။ သည်အထဲမှာ ဂျိုးပိန်ပါမှာပေါ့။ တစ်ခါတော့ ဂျိုးပိန် မြို့ရောက်လာပုံကို သိချင်လို့ မေးကြည့်ဖူးတယ်။ စကားတော့ ခံရတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

‘အောင်ချမ်းသာ မင်း မြို့ရောက်တာကြာပြီလား’

‘မကြာပဲလား’

‘လုပ်ပြန်ပြီ ဘာလဲ မကြာပဲလားဆိုတာ၊ ဘယ်လောက်ဖြင့် ဘယ်လောက်ကြာပြီပြောလေ’

‘ကြာပြီ’

‘အေးပေါ့ကွ၊ ငှက်တွေတောင် သူတို့နေတဲ့အရပ်မှာ သိပ်ကြီးအေးလှရင် နွေးတဲ့အရပ်ကို ပြောင်းကြတယ်။ တစ်နေရာမှာ သွားပြီး ဆောင်းရှောင်တာ ဆောင်းခိုတာပေါ့ကွာ၊ မင်းလည်း သည်လိုနေမှာပဲ’

‘ကျုပ်တို့ရွာက အဲသလောက်ကြီး မအေးဘူးရယ်၊ ပူလို့မှ’

ဂျိုးပိန်က အဲသလိုပါဆို။ ပြောချင်တာကတခြား သူနားလည်တာကတခြားမဟုတ်လား။ အနားရှိတဲ့ စိုးခက ရယ်လိုက်တာ။ ပြီးတော့ ကျွန်မတို့မောင်နှမတွေ ကျေးတောကနေ မြို့ရောက်ရပုံကို ပြောပြတယ်။

‘တို့လည်း တောသူတောင်သားတွေကွ။ တို့မိဘများက လှေကြီးတစ်စင်းနဲ့ မြစ်ထဲလုပ်ကိုင်စားကြရတာ။ တစ်ရက်တော့ အဖေကစဉ်းစားတယ်။ ရွာဆိပ်ရွာခြေမှာချည်း လှေအိုကို ကျောက်ချနေရင် ငါ့သားသမီးတွေ တိုးတက်စရာ လမ်းမမြင်ဘူး၊ မြို့ပြောင်းမယ်ဆိုပြီး တစ်မိသားစုလုံး မြို့ပြောင်းလာကြတာ။ အခုတော့ မြို့မှာ အခြေကျနေကြပြီပေါ့ကွာ။ ဒါပေမဲ့ ရွာတော့ နှစ်တိုင်းပြန်တယ်။ ရွာမှာ ဆွေဆွေမျိုးမျိုးတွေ ရှိကြသေးတာကိုးကွ’

ဂျိုးပိန်က သည်လိုဆိုပြန်တော့ စိတ်ဝင်စားသား။ ကျွန်မက ကျွန်မတို့ရပ်ကွက်ထဲမှာ အိမ်ရှေ့ဈေးလာရောင်းတဲ့ ခေါင်းရွက်ဈေးသည်မလေးအကြောင်း ပြောပြတယ်။ ရွာကအဆက်နဲ့ မြို့ရောက်လာပြီး ဗန်းတစ်ချပ်နဲ့ အရပ်ထဲ ဟင်းသီးဟင်းရွက် လည်ရောင်းတဲ့အကြောင်း၊ အစကတော့ ခြေကျင်လမ်းလျှောက်ရောင်းတယ်၊ နောက်တော့ စက်ဘီးကလေးတစ်စီး ဝယ်ပြီး စက်ဘီးနဲ့လည်ရောင်းတယ်။ ပိုအဆင်ပြေလာတော့ ဆိုင်ကယ်ကလေးနဲ့ဖြစ်လာရော။ သည်ကမှ ရွာကညီမလေးကို လှမ်းခေါ်ပြီး သူ့လိုပဲ ခေါင်းရွက်ဈေးသည် အလုပ်ကလေး ပေးတယ်။ အခုတော့ ညီအစ်မနှစ်ယောက် ရွာကမိဘတွေဆီ ပိုက်ဆံပြန်ပို့နိုင်နေပြီ။ စည်းကမ်းကလေးနဲ့နေပြီး ငွေစုတာတွေကို ပြောပြတာပါ။ မြို့မှာလာနေသခိုက် တံမြက်စည်းလှည်း ဖုန်ခါလောက်နဲ့ မတင်းတိမ်ဘဲ အတတ်ပညာတစ်ခုခုသင်ဖို့ ပြောကြတာပါ။

‘မင်းလည်း သည်အတိုင်းမနေနဲ့လေငါ့တူ။ ရုံးမှာ ကားမောင်းသင်တာမျိုး၊ အဲကွန်းလာပြင်တဲ့သူတွေ ရေခဲသေတ္တာလာပြင်တဲ့သူတွေ ရှိနေတာပဲ သင်ပေါ့ကွ’

ကျွန်မက သည်လိုပြောတော့ နားထောင်ရှာရဲ့။ သူလည်း ဦးစိုးလို ကားမောင်းသင်ချင်သတဲ့။ သူ့ဦးက ကားတွေ ဘာတွေ ရွှေ့တတ်အောင် သင်ထားလို့ပြောသတဲ့။ ခဏနေတော့ ပြောပြန်တယ်။ ‘ပြောသာပြောတာပါဆရာမရယ် ကားမောင်းသင်ပြီး ရွာမှာဘာလုပ်စားလို့ရမှာတုံး’တဲ့။ ကျွန်မက မြို့မှာနေပြီး မောင်းပေါ့ဆိုတော့ ကျုပ်က ရွာပြန်မှာတဲ့။

‘သိပေါင်ကွာ၊ မင်းက ရွာမပြန်ချင်တော့ဘူး ဆိုလို့ပါ။ ကိုယ့်ရွာကိုယ် ပြန်တော့လည်း မကောင်းစရာတော့ မရှိပါဘူး။ ရွာတွေမှာလည်း သည်လို သိုက်သိုက်ဝန်းဝန်းနေကြတာပဲဟာ’

‘မဟုတ်ဘူးဆရာမ၊ ကျုပ်က ရွာမပြန်ချင်ဘူးရယ်’

‘မင်းနဲ့တော့ ခက်နေပါပကော’

ဂျိုးပိန်ဆိုလိုတာက သူ့ပင်ကိုသဘောအရတော့ မြို့မှာ နေချင်တယ်။ ရွာမှာ အမေရှိနေသေးတော့ မအေရှိသခိုက် ရွာမှာ တစ်လှည့် ပြန်နေပေးချင်သေးတယ် ပြောနေတာလား။ သူ့စိတ်ထဲ မြို့မှာနေဖို့လည်း မဖြစ်သေးတော့ ရွာပြန်ရမယ် သည်လိုထင်ပါရဲ့။ စိုးခက သူ့နားထဲ အကောက်ရခက်တဲ့ စကား ကြားရတော့ သေချာအောင်မေးတယ်။

‘မင်းပြောတာ မရှင်းလိုက်တာ ဂျိုးပိန်ရာ။ သည်မှာ မင်း လခရတယ်၊ ရေနဲ့မီးနဲ့ နေစရာအဆင်ပြေတယ်၊ ကောင်းကောင်းဝတ်ရတယ်၊ ကောင်းကောင်းစားရတယ်။ အဲတော့ မြို့မှာပဲနေချင်တယ်။ တို့က အဲသလို ထင်တာလေကွာ။ အခု မင်းက ရွာပြန်မယ်ပြောနေပြန်ပြီ။ မင်းစိတ်ထဲရှိတာပြော’

‘ကျုပ်က မြို့မှာနေချင်လို့ ရွာကထွက်လာတာလေဗျာ’

‘ဟုတ်ပြီ၊ အဲတော့…’

‘ဒါပေမဲ့ ကျုပ်က မြို့မှာနေချင်သလောက် နေလို့မရဘူး၊ အချိန်ကျရင် ကျုပ်က ပြန်ရမှာ’

‘မင်းကို ဘယ်သူကများ ကြိမ်နဲ့ရိုက်ခေါ်နေလို့တုံး’

ဂျိုးပိန်က တော်တော်နဲ့မဖြေဘူး။ သူ့မျက်နှာကို အကဲခတ်ရတာ။ ဒါတွေလည်း ပြောချင်ပုံမရဘူး။ ဒါပေမဲ့ မေးခွန်းတွေထဲမှာ သူညပ်နေပြီဆိုတာမျိုးနဲ့ စိတ်အိုက်နေတဲ့ကြားက ကျွန်မတို့ မထင်တဲ့စကားကို ပြောရှာတယ်။

‘သိုက်က ခေါ်မှာ…ကျုပ်က ပြန်ရမှာ’

ကျွန်မဘယ်လိုမှ ထင်မထားတဲ့စကားပါ။ စိတ်ထဲ မကောင်းလိုက်တာလေ။ စိုးခလည်း ဂျိုးပိန်စကားကြောင့် ငိုင်သွားလေရဲ့။ ဂျိုးပိန်လည်ပင်းမှာ ကျစ်ကြိုးတစ်ချောင်းရှိနေတာ ကျွန်မတို့အသိ။ ဂျိုးပိန်ရဲ့စတိုင်လို့တောင် ကျွန်မတို့ စဖူးခဲ့ကြတယ်။ သူကိုယ်တိုင်လည်းပြောဖူးသား။ ဒါသိုက်ကြိုးတဲ့။ အမေက ဘယ်တော့မှ မဖြုတ်ရဘူးလို့ မှာသတဲ့။

သည်လိုအစွဲအလမ်းတွေက တချို့ရွာတွေမှာရှိကြတုန်း။ တောကျေးလက်မှာမှ မဟုတ်ပါဘူး။ မြို့ပြတွေမှာတောင် ယုံကြည်ကြသူတွေက ယုံကြည်ကြတုန်းပါ။ ကိုယ်ဖြတ်သန်းနေရတဲ့ ခေတ်ကြီးထဲမှာ ဘဝအတွက် တခြားယုံကြည်ကိုးစားစရာ လက်ဆုပ်လက်ကိုင်မရှိလေတော့ လက်လှမ်းမီရာ မ,စလေနိုးနိုး၊ ဒုက္ခပေးလေနိုးနိုးနဲ့ နေနေကြရတဲ့ ဘဝတွေ မဟုတ်လား။ ပညာဉာဏ်နဲ့လည်း ဆိုင်မယ်ထင်ပါရဲ့။ ဂျိုးပိန်ကို အပြစ်မတင်ရက်ပါဘူး။ ရွာက အဖေ့နှမ ကျွန်မအရီးဆိုရင် ကျွန်မသိမီကတည်းက သိုက်ကပြန်ခေါ်တော့မှာဆိုတဲ့ အသိနဲ့



www.burmeseclassic.com

www.burmeseclassic.com

တစ်ချိန်လုံးနေခဲ့တာ အသက်သာ ခုနစ်ဆယ်ကျော်ရော။ ကျွန်မ အမေကတောင် "ညည်းတို့အရီး မစံမေ အပျိုမဖြစ်တဖြစ် ကတည်းက သိုက်ကခေါ်မှာ ခေါ်မှာနဲ့ ဘယ်သိုက်ကမှ ခေါ် ပေါင်၊ သက်တမ်းစေ့လိုက်သာမှ"လို့ ပြောတာမှတ်မိနေတယ်။ တောကျေးလက်မှာနေတာပေမဲ့ အမေတို့မှာ သည်လို အယုံ အကြည် အယူအစွဲမကြီးခဲ့တာ ကျေးဇူးတောင်တင်မိပါရဲ့။

"မင်းရွာပြန်တော့ ဘာလုပ်စားမှာတုံး ဂျိုးပိန်ရ။ မင်း ထန်းပြန်တက်နေရမှာပေါ့။ ဆီးထည့်ကတို့၊ ပခုက္ကူစောင်တို့ ထမ်းရောင်းနေရမှာပေါ့"

ဂျိုးပိန်က ပျာပျာသလဲဝင်ပြောတယ်။ "ကျုပ် ထန်း မတက်တတ်ပါဘူး"တဲ့။ စိုးခက မျက်လုံးပြူးကြည့်တယ်။ တစ်နေ့ကို ထန်းအပင်သုံးဆယ်လောက် တက်ဖူးတယ်ဆိုတာ သူပဲပြောခဲ့တာမဟုတ်လား။ အခု မတက်ဖူးဘူးဖြစ်ပြန်ပြီ။ ကျွန်မကရယ်တာပဲ။ ဂျိုးပိန်စကားတွေက ပြောတုန်းကပြောပြီး လတွေကြာတော့မှ သူပြောခဲ့သမျှစကားတွေကို တစ်ရစ်ချင်း ပြန်ရုပ်သိမ်းနေတာမျိုးလေ။ ဒါပေမဲ့ ဂျိုးပိန်ဆက်ပြောတဲ့စကား ကြောင့် ကျွန်မတို့မောင်နှမ ပါးစပ်အဟောင်းသား ဖြစ်သွားကြ တယ်။ စိတ်မကောင်းဖြစ်ရတဲ့စကားတွေပါ။

"ကျုပ် ဆယ်နှစ်သားမှာ ရှင်ပြုတယ်၊ သာမဏေဘဝနဲ့ တစ်နှစ်တစ်ဝါနေပြီး အဖေနဲ့မရိုးကောက်ရမယ်ဆိုတော့ ရှင်က ထွက်ရတယ်၊ ထွက်တဲ့မနက် အမေက ရွာကျောင်းဆရာတော် ကို လာလျှောက်နေတုန်း အဖေ ထန်းလျှောတယ်"

မရိုးကောက်ဆိုတာ ထန်းတောထဲ ထန်းရည်မြူအိုးတွေ လိုက်ကောက်ရတာကိုပြောတာပါ။ ထန်းအသုံးဆိုတော့ မရိုး ကောက်လို့ပဲ အသံထွက်ကြတယ်။ ဒါဆို ဂျိုးပိန် ထန်းမတက် ဖူးဘူးပေါ့။ ဂျိုးပိန်ပြောခဲ့သမျှ ဘယ်စကားတွေက မှန်ပြီး ဘယ်စကားတွေက လွဲနေသလဲဆိုတာတော့ ကျွန်မ မသိပါဘူး။ ဒါပေမဲ့ သည်စကားကတော့ ဟုတ်လောက်ပါရဲ့။ တစ်ရက်က ထန်းသီးခိုင်တစ်ခိုင် လက်ဆောင်ရလာတော့ ထန်းသီးလုံး တွေကို လက်နဲ့တစ်လုံးချင်း လိုက်ပွတ်ကြည့်နေတာကို မြင် ယောင်မိတယ်။ ဖအေကိုသတိရပြီး သူ့ရင်ထဲ ဘယ်လောက် ထိခိုက်နေရှာမလဲ။ ကျွန်မတို့က ဖွတ်ပေးပြန်တော့ မလိုချင်ပါ ဘူးဗျာတဲ့။ ဂျိုးပိန်ဘဝ အစအနတွေကို ကျွန်မ လိုက်ဆက် ကြည့်နေမိတယ်။ ကျွန်မအသိချင်ဆုံးက သူ့ရွာက ဘာရွာလဲ၊ သူ့အမေကကော ဘယ်မှာလဲ၊ ဘာလို့ ရွာကိုပြန်မယ် ပြောလိုက် မပြန်ချင်ဘူးပြောလိုက် ချီတုံချတုံဖြစ်နေရတာလဲ။သိုက်ကပြန် ခေါ်မှာဆိုတာကလည်း အကြောင်းဟုတ်ဟန် မတူပါဘူး။

ကျွန်မတို့ ကိုယ့်အိမ်ကိုယ်ပြန်ရောက်လို့ အခြေတကျဖြစ် ကြပြီဆိုတော့ စိုးခက ဂျိုးပိန်ဖုန်းကို မရမကဆက်တယ်။ မရဘူးတဲ့။ စိုးခကတော့ တစ်နှစ်လောက်အတူနေခဲ့တဲ့ မအိုး မအနဲ့ လူရိုးဂျိုးပိန်ကို သံယောဇဉ်လည်းဖြစ်နေပုံပါ။ ဘာမပြော ညာမပြော ပဟေဠိလုပ်သွားတာကိုလည်း သိချင်ပုံပေါ်ရဲ့။ ကျွန်မတို့လည်း ကိုယ့်ခရီးတွေနဲ့ကိုယ် ပြန်ထွက်နေကြရပြန်ပြီ။ အိမ်မှုကိစ္စအထွေထွေ၊ လူမှုရေးကအပြားပြား၊ တစ်ခါတလေ တစ်အိမ်တည်းအတူနေပြီး သူ့ခရီးကိုယ့်ခရီး၊ ကိုယ့်အဝင် အထွက်နဲ့ကိုယ် သွားကြရတာရှိသေး။ တစ်ခါတလေ ကျွန်မ အိပ်ရာကနိုးလို့ ဆရာနေကို ဘယ်ရောက်နေပြီလဲလို့ ဖုန်းဆက် မေးရင် အမြန်လမ်း မိုင်တိုင်-၃၂၅ ရောက်နေပြီဆိုတာမျိုး၊ တစ်ခါတလေ သူအိပ်ရာကနိုးလို့ ကျွန်မကိုဖုန်းဆက်ရင် မုံရွာ ကျော်လာပြီဆိုတာမျိုးနဲ့ တစ်ယောက်သတင်းတစ်ယောက် မေး ကြရတယ်။ သားအဖတစ်တွေ အိမ်မှာ ထမင်းလက်ဆုံစားရတဲ့ ရက်က ခပ်ရှားရှား။

တချို့မနက်ဘက်တွေမှာ ကော်ဖီအတူသောက်ကြရင်း ဂျိုးပိန်ကို သတိရမိကြတာတော့ရှိတယ်။ မနက်စာစားချိန် မဟုတ်လား။ ဆရာနေက ဂျိုးပိန်ကို သတိရတာ တခြားမဟုတ် ဘူး။ စားချင်လို့မှာတာကတစ်မျိုး၊ သူ့စိတ်ကူးနဲ့သူ ဝယ်ချင် တာဝယ်လာတာက တခြားဆိုတော့ အဲသလို တလွဲစာလေး တွေ လွမ်းပါ့ကွာလို့ ပြောတတ်တယ်။ ဟုတ်ပါရဲ့။ ဂျိုးပိန်ရယ် လို့ ဖုန်းခေါ်ရင် မေတ္တာပို့သံတစ်လှည့်၊ ဇော်ဝင်းထွဋ်သီချင်းသံ တစ်လှည့် Ring Tone မြည်သံတောင် မကြားရတာ ကြာပါ ပကော။

"ဂျိုးပိန်က မြို့မှာနေချင်ရှာမှာပေါ့။ ဒါပေသိ သူ့စိတ်ထဲ လွန်ဆွဲနေပုံရတယ်။ မအေနေမကောင်းဘူး အိပ်မက်ရလို့ဆိုပြီး ချက်ချင်းပြန်သွားတယ်ဆိုကတည်းက သူ့စိတ်ထဲမခံနိုင်လွန်း လို့ ဖြစ်လိမ့်မယ်"

"မအေကို သတိရတာတော့ ဟုတ်ပါရဲ့၊ အိပ်မက်ရလို့ အိပ်မက်ရလို့နဲ့ ဘယ်လိုအိပ်မက်များရပါလိမ့်။ ဂျိုးပိန်က သည် စကားမျိုး ခဏခဏပြောတာ သတိထားမိတယ်"

"မအေကို သတိရလွန်းတော့ စိတ်ပုံရိပ်ထဲစွဲရာက ည ဘက် အိပ်မက် မက်တာနေမှာပေါ့"

"ကျွန်မထင်တာတော့ သည်မှာ ခွေးဒုက္ခ တော်တော်စိတ် ညစ်သွားပုံရတယ်။ ခွေးကရိကထ မခံနိုင်တာလည်းပါလောက် တယ်"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ကွာ။ ဂျိုးပိန်က ခွေး အကြောင်းပါလာရင် သိပ်ညည်းတာ"

ကျွန်မတို့လည်း ဂျိုးပိန်အကြောင်း စကားရောက်တိုင်း တမှတ်တရပြောဖြစ်ကြပါရဲ့။ ကျွန်မတို့အခန်းပေါက်က လူ ခေါ်ဘဲလ်သံတောင် ရွာကျောင်းက နာရီထိုးသံနဲ့တူတယ်ဆိုပြီး ရွာလွမ်းတတ်သူ မဟုတ်လား။ ဂျိုးပိန်ခမျာ မြို့စိတ်က တထွေ ထွေ၊ ရွာစိတ်ကတမောမော ထင်ပါရဲ့။ အခုကော မအေနဲ့ တွေ့ကြပြီလား။ သားအမိတစ်တွေ ဘာများ လုပ်ကိုင်စားနေ ကြပါလိမ့်။ သူ့ဘဝမှာ တချို့ကိစ္စတွေက သူ့ကို တော်တော် စူးနစ်နေစေပုံပါ။ လည်ပင်းမှာ မချွတ်စတမ်းဆွဲထားတဲ့ သိုက်ကြိုးဆိုတာမျိုး၊ အမေက အိပ်မက်ပေးတယ်ဆိုတာမျိုး၊ အောင်ချမ်းသာလို့ နာမည်ပြောင်းကတည်းက အကျိုးပေးတယ် ဆိုတာမျိုးတွေပေါ့။



www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်တော့ ကျွန်မမောင်စိုးခ မြို့ထဲကပြန်လာလို့ အိမ်ထဲဝင်ဝင်ချင်းဆိုသလို ကျွန်မကိုပြောလေရဲ့။

‘မမ၊ ငါ ဒီနေ့ ကိုဂျော်နီနဲ့ လမ်းမှာတွေ့ခဲ့တယ်။ ဦးစိုးနဲ့ မတွေ့တာကြာပြီ လက်ဖက်ရည်သောက်ရအောင်ဆိုလို့ လက်ဖက်ရည်ဆိုင်မှာ နှစ်ယောက်သား ထိုင်စကားပြောဖြစ်ကြတယ်’

ကိုဂျော်နီ…။ အမြဲတမ်း ပြုံးရယ်ရွှင်ပျရှိတဲ့ ကိုဂျော်နီကို မျက်စိထဲမြင်ယောင်မိတယ်။ စိုးခ သည်စကားလာပြောတော့ ကျွန်မက စာအုပ်စင်မှာ စာအုပ်တစ်အုပ် ရှာနေချိန်ပါ။ ရှာလက်စကိစ္စ ခဏထားပြီး မောင်နှမနှစ်ယောက် စကားတွေပြောဖြစ်ကြတယ်။ ဆရာနေကတော့ ခရီးသွားနေလို့ အိမ်မှာမရှိဘူး။

‘အေး ပြောပါဦး၊ ဘာတဲ့တုံး’

‘စုံလို့ပါဟာ။ သူလည်း တို့ပြောင်းသွားကတည်းက အလုပ်တွေများနေတာတဲ့၊ သူ့ဌေးခရီးသွားတိုင်း သူလိုက်နေရသတဲ့။ ခွေးထိန်းပေးတဲ့ ဦးမိုးက သူ့သမီးဆီပြန်လို့ ခွေးကြီးနှစ်ကောင်ကိစ္စကလည်း ကိုဂျော်နီ့ ခေါင်းပေါ် ပုံကျနေသတဲ့၊ ဂျိုးပိန်အကြောင်းလည်း သိခဲ့ရတယ်’

‘ပြောမကောင်း’၊ ‘ဆိုမကောင်း’လို့ ဂျိုးပိန်နာမည်ပေးထားတဲ့ ခွေးကြီးနှစ်ကောင်။ ဘယ်ဘာသာစကားနဲ့ ခေါ်လို့မှ အမြီးမနန့်တဲ့ ခွေးကြီးနှစ်ကောင်။ ဂျိုးပိန်ကကော အလုပ်ထဲပြန်ရောက်နေပြီလားဆိုတော့ မရောက်လာဘူးတဲ့။ ဖုန်းလည်းဆက်မရဘူးတဲ့။ သူတို့ရွာမှာ ဖုန်းဆက်ချင်ရင် နှစ်မိုင်လောက်သွားရတဲ့ ဘုရားကုန်းပေါ်တက်ကြရတာလို့ သူ့အစ်မဝမ်းကွဲက ပြောသတဲ့။

‘သူ့အစ်မတစ်ဝမ်းကွဲဆိုတာ တကယ့်ဆွေရင်းမျိုးရင်းအစ်မ မဟုတ်ဘူးတဲ့ဟ။ နာမည်က မဆွဲတဲ့။ ဂျိုးပိန်ထားခဲ့တဲ့ သံသေတ္တာကလေးရယ်၊ သူ့အဝတ်အစား အသုံးအဆောင်ကလေးတွေရယ် လာယူတယ်ပြောတာပဲ။ ဂျိုးပိန်က ရွာမှာ ကြာဦးမယ့်သဘောပဲ’

ကျွန်မလည်း စိတ်ကလေးငြိမ်အောင်ထားပြီး နားထောင်ရတယ်။ ကျွန်မတို့ ကိုယ့်အိမ်ကိုယ် ပြန်မပြောင်းခင် တစ်လလောက်ကတည်းက ရွာပြန်သွားတဲ့ ဂျိုးပိန်တစ်ယောက် သူ့အလုပ်ရှိရာမြို့ကိုတောင် ပြန်မလာနိုင်ရတော့လောက်အောင် ဘာအကြောင်းတွေများ ပေါ်လို့ပါလိမ့်။ ဂျိုးပိန်ရဲ့ဇာတ်လမ်းကို သူ့အစ်မဝမ်းကွဲမဆွဲက ကိုဂျော်နီကိုပြော၊ ကိုဂျော်နီက စိုးခကိုပြော၊ စိုးခက ကျွန်မကို တစ်ဆင့်ပြန် ပြောတာဆိုတော့ ကြားထဲမှာ အငွေ့ပြန်တာတွေလည်း ရှိမှာပေါ့လေ။ ဒါပေသိ ကျွန်မနားလည်လိုက်ပါပြီ။ စကားတွေကို ဆန်စဉ်ရာ ကျည်ပွေ့လိုက်ရတာပေသိ ကောက်လို့ရသမျှနဲ့ ကျွန်မဇာတ်ကွက်ချမိပါပြီ။ မျက်နှာက ဘယ်သူ့ကိုမဆို မှုန်မှုန်ဆန်ဆန်ရှိတတ်တဲ့ ဂျိုးပိန်၊ ပင်ကိုစိတ်ရင်းကောင်းရှိရှာတဲ့ ဂျိုးပိန်။ လူဆိုတာ မိမိကိုယ်မိမိ စွဲလမ်းတယ်၊ အယူမှာစွဲလမ်းတယ်ပဲပြောပြော မြို့ပြမှာ တည်ငြိမ်လက်စဘဝကို ချိုးဖျက်ပြီး အမေ့ဆီပြန်သွားတဲ့ ဂျိုးပိန်။ သူ့ဘဝ သူ့အကြောင်း ကျွန်မခေါင်းထဲပြန်စဉ်ရတာကပဲ ရုပ်ရှင် တွေမှာ အသေးစိတ်ဇာတ်ညွှန်းမလာခင် ဇာတ်လမ်းစဉ် Scene Serials တွေလို ကျွန်မမြင်နေမိပါရဲ့။

❑

၁၄။

မဆွဲပြောပုံဆိုရင် ဂျိုးပိန်တို့ရွာက တောင်သာချောင်းအတိုင်း အနောက်ဖျားသီသီကို နေ့ဝက်ခရီးလောက် ကုန်းကြောင်း လျှောက်သွားမှ ရောက်တဲ့ရွာဆိုတော့ ခေါင်တယ် ပြောရမှာပါ။ ရွာနာမည်က အညာရွာတွေမှာမှည့်နေကျ ရောက်ပင်တော တဲ့။ ဂျိုးပိန်မိဘနှစ်ပါးက တစ်ရွာကပါ။ သည် လင်မယား ရောက်ပင်တောကို ရောက်လာကြတာကလည်း ရိုးရိုးပါပဲ။ ဂျိုးပိန်အဖေက ထန်းတက်သမားဆိုတော့ ထန်းပေါတဲ့ရွာကို တစ်ဝမ်းတစ်ခါးရယ်လို့ လာအခြေချကြတာပါ။ ဂျိုးပိန်အဖေကလူအေး၊ တစ်နေကုန်လို့ စကားတစ်ခွန်းမထွက်သလောက် ဂျိုးပိန်အမေက အင်မတန်စကားများသတဲ့။ စိတ်ကလည်း တော်ရိတော်ရာဆိုတော့ တစ်နေကုန် တစ်ယောက်တည်း စကားတွေ ပြောချင်ပြောနေတတ်ဆိုလား။ တချို့ကလည်း မယား စကားများလွန်းလို့ လင် အ,သွားတာတဲ့။

ထန်းရှင်က ထန်းသမားလင်မယားကို သူ့ထတော(ထန်းတော)ထဲမှာပဲ ထန်းလက်တဲထိုးပြီးထားတယ်။ လင်က ထန်းတက်၊ မယားက မရိုးကောက်။ အဲသည်ထတောရောက်မှ ဂျိုးပိန်ကို မွေးတယ်။ ဂျိုးပိန် ကိုးနှစ်သားမှာ ဘုန်းကြီးကျောင်းထားတယ်။ ဆယ်နှစ်သားမှာ ကိုရင်ဝတ်တယ်။ ဂျိုးပိန် မရိုးကောက်နိုင်ပြီဆိုတော့ ကိုရင်ဘဝက လူထွက်ဖို့ပြင်ရပြီ။ ဖြစ်ချင်တော့ ကိုရင်လူထွက်မယ့် မနက်မှာပဲ ဖအေက ထန်းရှောတယ်။ မအေက ဘုန်းကြီးကျောင်းကနေ ထတောကို ပြေးတော့ လွန်ခဲ့ပြီ။ ဂျိုးပိန်အမေက လင့်အလောင်းကို ကြည့်ရင်း ‘သိုက်က အခေါ်ဦးပါပကောလား ကိုရင်ရေ…’လို့ အော်ငိုသတဲ့။

ဂျိုးပိန်တို့သားအမိကို ထန်းရှင်က ထတောမှာပဲ တစ်သက်လုံးနေပါလို့ ထားရှာပေသိ ဂျိုးပိန်အမေက ရက်လည်ပြီးတာနဲ့ ရွာစွန်ပြောင်းနေခဲ့တယ်။ သားဆယ်နှစ်သားကို ရွာစွန်မှာထားပြီး ကိုယ်တိုင်ကတော့ ဝင်ငွေရယ်လို့ ပဲရိတ် နှမ်းရိတ်၊ ပေါင်းပေါက် မြက်ရိတ်၊ နွားကျောင်း ဆိတ်ကျောင်းပေါ့။ သားကလေးကို ချစ်လိုက်တာလည်း တုန်လို့တဲ့။

ရောက်ပင်တောရွာရဲ့ အနောက်လှမ်းလှမ်းမှာ ရှေးကတည်းကရှိနေတဲ့ နတ်စင်ပျက်ကလေးတစ်စင်ရှိတယ်။ လေးပေပတ်လည် စင်ကလေးပေါ်မှာ လဲနေတဲ့ ညောင်ရေအိုးနှစ်လုံးနဲ့ နှုတ်ခမ်းပဲ့နေတဲ့ ညောင်ရေအိုးတစ်လုံး ရှိတာပါ။ ရွာက ‘အမေရေမှုတ်နတ်ကွန်းစင်’ခေါ်ကြပေသိ အပအသ မရှိ ကြတော့ပါဘူး။ ရှေးမီနောက်မီတွေ ပြောသလောက် သိကြတော့တာပါ။ ရွာခံတွေက ကိုယ့်ရိုးရာ မိဆိုင်ဖဆိုင်လောက် ပသကြတာဆိုတော့ နတ်ကွန်းစင်ပျက်ဆီ မရောက်လေ့ကြဘူး။ တစ်ခါတော့ ဂျိုးပိန်အမေက အဲသည်နတ်စင်ဘက် ရောက်သွားရာက ခဏခဏ ရောက်အောင်သွားတော့



www.burmeseclassic.com

www.burmeseclassic.com

တာပါ။ နတ်စင်ပတ်လည် တံမြက်စည်းလှည်းတာမျိုး၊ နတ်အိုးကလေးတွေ ပန်းထိုးတာမျိုး လုပ်လာခဲ့တယ်။ နတ်စင်ပျက်ကလေးကိုလည်း သစ်သားပျဉ်ဟောင်းကလေးတွေ ပိုးရိုက်တာတို့၊ ရေနံချေးသုတ်တာတို့လုပ်တယ်။ တစ်ရက်တော့ ချည်ကျစ်ကြိုးလေး နှစ်ပင်ကိုင်လာပြီး “အမေရေမှုတ်က ပေးလိုက်တာပါတော်၊ မိုးကြိုးပစ်ရပါစီ” လို့ ပြောသတဲ့။ ကိုယ်တိုင်လည်းတစ်ကြိုးဆွဲ၊ သားဂျိုးပိန်ကိုလည်း တစ်ကြိုးဆွဲပေးသတဲ့။ ရွာက မယုံကြဘူး။ ဂျိုးပိန်အမေက စိတ်တခြား လူတခြားဆိုတော့ သည်လို လျှောက်ပြောရပ်မလားလို့ ရွာက ဝိုင်းငေါက်ကြတာပေါ့။ “ကျုပ်ပြောတာ မယုံကြတဲ့သူတွေ ‘အမေရေမှုတ်’ ကိုင်ပါစီတော်” လို့ ရွာကိုပတ်ပြီးအော်နေတော့ ရဲရဲလည်း မငေါက်ဝံ့ကြဘူး။ မဆွဲ မိဘများကိုတော့ ပြောသတဲ့။

“ကျုပ်တို့က သိုက်ကလာကြတာရယ်။ ကိုရင်ကတော့ သိုက်ကပြန်ခေါ်တာဦးသွားပြီ။ ကျုပ်တို့သားအမိတော့ ‘အမေရေမှုတ်’ ကပေးလို့ သိုက်ချုပ်ကြိုး နှစ်ကြိုးရလိုက်ပြီ၊ သိုက်ချုပ်ကြိုး မပျောက်သရွေ့ ကျုပ်တို့သားအမိ မပျောက်တော့ဘူး”

ဂျိုးပိန်ဟာ စာကောင်းကောင်းမသင်ရဘဲ ကြီးပြင်းခဲ့ရတယ်။ တစ်ခါတလေ မှုန်မှုန်ဆိုင်းဆိုင်းရှိတတ်ပေသိ ပင်ကိုစိတ်ကရိုးလို့ ရွာကချစ်ကြတယ်။ မအေက ကြည်တစ်ခါနောက်တစ်လှည့်ဆိုတော့ မဆွဲမိဘများက ဂျိုးပိန်ကို အိမ်ခေါ်ထားရာက အိမ်မှာပဲ ကျွေးမွေးသုတ်သင်ရှိကြတယ်။ မဆွဲကလည်း ဆယ်နှစ်လောက်ကြီးပေသိ မောင်တစ်ယောက်ကောက်ရသလို ချစ်ရှာရဲ့။ ဂျိုးပိန်ကလည်း မမဆွဲ ခေါ်တာပါ။ စကားရောက်ရင် ကျုပ်အစ်မဝမ်းကွဲလို့ ပြောနေကျပါ။ အသက်နှစ်ဆယ်ရောက်တော့ မဆွဲ မိဘများကပဲ ဂျိုးပိန်ကို ရဟန်းခံပေးကြတယ်။ နောက်တော့လည်း ရဟန်းဘဝက ထွက်ပြီးမဆွဲနဲ့ အိမ်ထောင်ကျတဲ့ ကိုဘသာဆိုသူနဲ့ ရွာစဉ် ဈေးလိုက်ရောင်းတယ်။ ရပ်ရေးရွာရေးမှာ သူတကာ မလုပ်ချင်တာတွေသူပဲ ဒိုင်ခံလုပ်တယ်။ ဂျိုးပိန်က ရွာကာလသားခေါင်းဖြစ်ခဲ့တာလည်း ဟုတ်သတဲ့။

ရတနာသုံးပါးနဲ့ ကံ၊ကံ၏အကျိုးကို သက်ဝင်ယုံကြည်ကြတယ်ဆိုပေသိ ရွာတွေမှာ သည်လိုယုံကြည်မှုတွေက ပျောက်ခဲသားပဲ။ ဂျိုးပိန်အမေကို စိတ်နောက်အောင်လုပ်ပြီး ရွာကိုသတိပေးတာရယ်လို့ “အမေရေမှုတ်နတ်စင်” ကလေးကို ပန်းတွေဆက်ကြပြီ။ မုန့်ဆီကြော်တွေ၊ မုန့်ခဲဖွယ်တွေ ရောက်ကြပြီ။ နတ်တော်လထဲ ရက်တစ်ရက်ရွေးပြီး “အမေရေမှုတ်နတ်ပွဲ” ရယ်လို့ နှစ်စဉ် မုန့်တွေလုပ်ကြ၊ ပန်းတွေထိုးကြ။ သည်ဘက်လေး၊ငါးနှစ်မှာ ဂျိုးပိန်အမေ ရွာခြေတောင်မကပ်တော့ဘဲ ရွာပစ်သားပစ် စိတ်ထင်ရာ လျှောက်သွားနေတော့လည်း အမေရေမှုတ်က နတ်လှွင့်တာလို့ ဆိုကြပြန်ရော။

“ကျုပ်ကို အမေရေမှုတ်က ရွာကိုးရွာ၊ စင်ကိုးစင်၊ ပန်းကိုးမျိုး လည်ဆက်ရမယ်၊ ညည်း အလုပ်ပေါ်ပြီတဲ့။ ကိုးဂဏန်း၊ ကိုးစခန်း၊ ကိုးပန်းပေါ့အေ့။ ဂျိုးပိန်ကို စောင့်ရှောက်ကြပါ အေတို့ရယ်။ ညည်းတို့ကို အမေရေမှုတ် မ,မှာရယ် မပူနဲ့။ ဂျိုးပိန်လည်ပင်းက သိုက်ချုပ်ကြိုးတော့ ဘယ်သောအခါမှ မချွတ်စေနဲ့”

ဂျိုးပိန်ကလည်း မချွတ်ပါဘူး။ မြို့ရောက်တာတောင် သိုက်ချုပ်ကြိုးနဲ့ဟာ။ အမေလုပ်သူက ရွာမကပ်တာများတယ်။ ရွာကထွက်ထွက်သွားတာ ဘယ်ကိုသွားလို့သွားနေမှန်း မသိဘူး။ မအေကို လွမ်းလွန်းမကလွမ်းရင် ကျုပ်အမေ့ကို ထွက်ရှာချေဦးမယ်လို့ပြောပြီး ရွာစုံအောင် လိုက်ရှာတတ်တယ်။ မအေကို ရွာပြန်ခေါ်ခဲ့ပေသိ မအေကလည်း နေလှ တစ်ရက်ပဲ။ နောက်ရက် ပြန်ထွက်သွားတာပါပဲ။ မအေကိုခေါ်ချင်ရင် ဂျိုးပိန်က သားမှန်းသိအောင် သူ့လည်ပင်းက ချည်ကျစ်ကြိုးကို ပြခေါ်ရသတဲ့။ ချည်ကျစ်ကြိုးကို စမ်းကြည့်ပြီးမှ “ငါ့သား ဂျိုးပိန်” ဆိုပြီး ပြန်လိုက်လာတတ်သတဲ့။ အမေရေမှုတ်နတ်ပွဲ ရက်ဆိုရင်တော့ ဘယ်ကဘယ်လို ရောက်လာမှန်းမသိရပေသိ မိုးလင်းတာနဲ့ မျက်နှာမြင်ရပြီ။ သားရှိတဲ့ မဆွဲ မိဘများအိမ်ကို ရောက်အောင်လာပြီး သူရထားတဲ့ နတ်ပွဲမုန့်တွေ ပေးလေ့ရှိတာလည်း နှစ်စဉ်ပဲ။ ဒါပေမဲ့ နောက်ရက် ဝေလီဝေလင်းမှာပဲ ရွာက ပြန်ထွက်သွားပြန်ရော။

ဂျိုးပိန် အသက်အစိတ် လွှားလွှားကြီး ကျော်လာခဲ့ပြီ။ ရွာက ရွယ်တူလူငယ်တွေကလည်း ရော်ရွက်တွေလေတိုက်လိုက်တိုင်း တဖြုတ်ဖြုတ်ကြွေကြသလို ရွာဆိုတဲ့ပင်စည်ကြီးကို စွန့်ခွာလာလိုက်ကြတာ။ တချို့က မော်တွေရှိရာ၊ တချို့က ရွှေတွင်းတွေရှိရာ၊ တချို့ကလည်း ရှိတာပေါင်နှံရောင်းချပြီး သူတို့ဘိုးဘွားတွေ တစ်ခါမှ အိပ်မက် မမက်ဖူးတဲ့ နိုင်ငံနယ်နိမိတ်ကို ကျော်သွားရတဲ့ အရပ်ဒေသတွေဆီ။

တစ်ရက်တော့ ဂျိုးပိန်က မြို့တက်ဆိုက်ကားနင်းနေတဲ့ မောင်တူးနဲ့ ချိတ်မိတယ်။ မြို့ရောက်တော့ မောင်တူးက ဆိုက်ကားနင်းပေသိ ဂျိုးပိန်က မနင်းနိုင်ဘူး။ ရွာကမထွက်ခင်ညက မဆွဲ မိဘတွေရော၊ မဆွဲတို့ လင်မယားကပါ အတန်တန် တားကြတယ်။ ဂျိုးပိန်က ခေါင်းထဲမှာ မီးခိုးမှိုင်းတွေ အူနေချိန်မို့ ထင်ပါရဲ့ ခါးခါးသီးသီး ပြန်အော်သတဲ့။

“ကျုပ်ကို မတားကြပါနဲ့ဗျာ။ ကျုပ်အမေကလည်း ကျုပ်နဲ့နေမလားမှတ်တယ် သူသွားချင်ရာသွားနေတာ။ ကျုပ်က ရွာမှာ ဘာအတွက်နေရမှာတုံး။ မမဆွဲတို့ တားလည်း ကျုပ်က သွားမှာပဲ။ အမေ့တွေ့ချင်ရင် တစ်နှစ်တစ်ခါ နတ်ပွဲရက်တော့ ကျုပ်က ပြန်လာမှာပါ”

မဆွဲတို့မိသားစုက ညတွင်းချင်း ရွာဦးကျောင်းဆရာတော်ကို သွားလျှောက်ကြတယ်။ ဂျိုးပိန်ကို တားပေးတော်မူပါပေါ့။ ဆရာတော်က မိန့်တယ်။

“သွားပါစေလေ။ လူတိုင်း ကိုယ့်ခရီးကိုယ် သွားနေကြတာပဲ၊ မတားချင်ကြနဲ့ သွားပါစေ”

သည်လိုနဲ့ ဂျိုးပိန် မြို့ရောက်ခဲ့ရတယ် ပြောပါတော့။ ❑



www.burmeseclassic.com

www.burmeseclassic.com

၁၅။

"အဲဒါပဲ။ ကိုဂျော်နီပြောသမျှ ငါနားလည်သလို ပြန်ပြောတာပဲဟာ။ မဆွဲတို့ကပဲ လူကြုံနဲ့မှာလေသလား သူပြောနေကျ အိပ်မက်ပဲရတာလားတော့ မသိဘူး။ ရွာကိုချက်ချင်းကြီး ပြန်ပြေးတော့တာလေ။ ရွာရောက်ရောက်ချင်း သူ့အမေကို ရွာစဉ်လိုက်ရှာတာ ဆယ်ရက်လောက်ကြာသတဲ့။ တစ်ရွာက ဇရပ်ပေါ်မှာ အိပ်နေတဲ့မအေကို ချော့မော့ခေါ်တော့ မအေကလည်း ဂျိုးပိန်လည်ပင်းက သိုက်ချုပ်ကြိုးကိုစမ်းပြီးမှ လိုက်လာတာတဲ့။ မအေက ပိန်ချုံးပြီး ကိုယ်တွေချစ်ချစ်တောက်ပူလို့တဲ့။ မအေကို လှည်းငှားပြီး ရွာပြန်ခေါ်လာခဲ့သတဲ့"

ဩော်၊ ဂျိုးပိန်ရယ်…။ ကျွန်မတို့ ထင်မထားတဲ့ သားအမိနှစ်ယောက်ရဲ့ ဇာတ်လမ်းကို ကြားပြီးချိန်မှာ ကျွန်မရင်ထဲ တော်တော်မကောင်းဖြစ်သွားပါရဲ့။ အခုတော့ သူ့အမေရဲ့ နောက်ဆုံးအချိန်ကလေး မီကောင်းမီစေရယ်လို့ ပြန်သွားတာပါကော။ သည်တစ်ခါတော့ မအေအပျောက်ခံမယ် မဟုတ်တော့ပါဘူး။

"နေဦး။ မဆွဲက ပြောသေးတာတဲ့၊ ဂျိုးပိန်က သူ့သံသေတ္တာကို သော့ခတ်ထားခဲ့တာ မဖွင့်နဲ့တဲ့၊ ရွာကို သည်အတိုင်း ပြန်ယူခဲ့လို့ ပြောသတဲ့၊ ဘယ်သူကဖွင့်မှာတုံး ဂျိုးပိန်ရယ်ဆိုတော့ မမဆွဲကို မယုံလို့ မဟုတ်ပါဘူးတဲ့။ ကျုပ်အမေ့ကိုဆေးကုဖို့ မြို့မှာစုလာတဲ့ပိုက်ဆံ ဘယ်လောက်ရပလဲ သိချင်လို့ပါ ပြောသတဲ့"

အမေ့ကို ဆေးကုဖို့တဲ့လား ဂျိုးပိန်ရေ့။ မင်းအမေ စိတ်ပြန်ကောင်းလာအောင်ကုဖို့ မြို့ကို ပိုက်ဆံလာရှာတာတဲ့လား။ ကျွန်မတို့ တစ်ချိန်လုံး အအူ,အအရယ်လို့ ရယ်ခဲ့မောခဲ့တာတွေ၊ ဘယ်သူကခိုင်းခိုင်း အလုပ်တွေ သိမ်းကျုံးလုပ်ခဲ့တာတွေ၊ စကားတွေ တောင်ပြောမြောက်ပြောနဲ့ သူ့ရွာ သူ့ဘဝကို ဖုံးဖိထားခဲ့တာတွေ…။

ကျွန်မမျက်စိထဲမှာ လည်ပင်းမှာ သိုက်ချုပ်ကြိုးကိုယ်စီနဲ့ သားအမိနှစ်ယောက်ကို မြင်ယောင်နေမိရဲ့။ အမေကလည်း သည်တစ်ခါတော့ သားနဲ့အတူ နေရှာရော့မယ်။ "*မိချစ်သား မြားဆိပ်ပြေ၊ ရွှေအိုးထမ်း မျက်ကန်းမြင်၊ ပြည်တော်ဝင်လော့*" တဲ့။ ဆရာမောင်စွမ်းရည် ကဗျာထဲကလို သားအမိနှစ်ယောက် သားရွှေအိုးထမ်းပြီး ပြည်တော်ဝင်နိုင်ကြပါစေတော်။

စိုးခက သူ့စကားတွေကို အနားသတ်ရင်း မတ်တတ်ထ,ရပ်တယ်။ ပြီးမှ ဟိုစမ်းသည်စမ်းလုပ်ရင်းက ဝတ်ထားတဲ့ သရီးကွာတား ဘောင်းဘီအိတ်ထဲက စာခေါက်တစ်ခေါက် ထုတ်ပေးလေရဲ့။

"မဆွဲက ဂျိုးပိန်ရေးပေးလိုက်တဲ့ စာတစ်စောင်ပေးသွားသတဲ့။ ကိုဂျော်နီက ဆရာမ ဖတ်ရအောင်ဆိုပြီး ပေးလိုက်သေးတယ်။ ငါတော့ဖတ်ပြီးပြီ၊ သည်ကောင်ကတော့လေ…"

ဂျိုးပိန်စာကို ကျွန်မဖတ်ဖို့ အတော်အားယူရတယ်။ စာထဲမှာ သူ့အမေအကြောင်းတွေ ရေးထားလေမလား၊ ဒါမှမဟုတ် သူ အလုပ်ပြန်မဝင်နိုင်တော့တဲ့အကြောင်းပဲလား၊ မြို့နဲ့ ဝေးရပြီဆိုတာများလား၊ ဒါမှမဟုတ် ကိုဂျော်နီတို့ ကျွန်မတို့တစ်တွေကို နေ့နဲ့အမျှ သတိရကြောင်းတွေပဲလား၊ စာခေါက်ကလေးက ဗလာစာအုပ်ထဲကဖြုတ်ပြီး ရေးလိုက်ပုံရပါတယ်။ နွမ်းကြေလို့။ ဂျိုးပိန်လက်ရေး ကွေးကွေးကောက်ကောက်တွေ။ ကျွန်မ ဖတ်ကြည့်တယ်။

"*ကိုဂျော်နီ ဖတ်ရန်*

*ကျုပ်တို့ရွာက ဖုံးဆက်လို့မရဘူး။ တစ်ဒိုင်လောက်ဝေးတဲ့ ဘုရားဂုံးကို သွားဆက်ထာတောင် ဖုံးပေါ်က တုတ်ခနောင်းလေးချောင်းပေါ်ပြီး အသံကမဝင်ဘူး။ မထွက်ဘူး။ ကျုပ်သံသစ်တာ မမဆွဲကို အယူခိုင်းလိုက်ထာ ပေးလိုက်ဘာ။ အထဲမှာ ကျုပ် မြို့မှာစုထားတဲ့ ပတ်ဆံရှိလို့။ အမေ နေမကောင်းဘူး။ ရွာမှာ ကျုပ် ကြာဦးမယ်။ ကျုပ် အလွန်းဆုံးက ဦးဝမ်ရဲ့ ခွေးကြီးနှစ်ကောင်ဘာ။ ပြောမကောင်းနဲ့ ဆိုမကောင်းကို ကျုပ် လွန်းလိုက်ထာ။ ဒီနှစ်ကောင် လိမ်မာကြလား၊ ရှောက်သွားကြလား၊ ပျော်သေးလား၊ မီးပွိုင့်ဘက်ကို မသွားစေဘာနဲ့။ အခု ခွေးဒေကို ဘယ်သူ ကျိုဒုံး။ ဒီကောင်ဒွေက အမေကြီးဆိုင်က ကျုပ်ဝယ်စားတဲ့ တခါပျင်ထမင်းဒုပ် ကြိုက်ထာ။ စတိုးဆိုင်က ခွေးဇာ မကြိုက်ဖူး။ မီးရထားကော ထွက်ကျိုကြသေးလား။ ခွေးဒေက ခွေးဒေလို မနေရရင် စိတ်ညစ်မှာဘဲ။ ခွေးကြီး နှစ်ကောင်ကို လွန်းလို့ ကျုပ် ပြန်လာခဲ့ဘာအုံးမယ်။*

*ဂျိုးပိန် ခေါ် အောင်ချမ်းသာ*"

အလို၊ ကိုဂျိုးပိန်…။

စာထဲမှာ သူ့အလုပ်အကြောင်းလည်းမပါဘူး၊ သူ့အပေါ်ကောင်းရှာတဲ့ အလုပ်ရှင်သူဌေးလည်းမပါဘူး၊ ညဆိုင်းဆင်းတဲ့ သူ့လုပ်ဖော်ကိုင်ဖက် နှစ်ယောက်လည်းမပါဘူး၊ ကိုဂျော်နီနဲ့ စိုးခလည်းမပါဘူး၊ သူ့အဝတ်တွေလျှော်ဖွပ်ပေးတဲ့ မအိုးတို့ မတိုးတို့လည်းမပါဘူး။ ကျွန်မနဲ့ ဆရာနေဆိုတာတော့ ဝေးရော။ ခွေးနှစ်ကောင်ကို ကြည့်ရတုန်းက မျက်စိပျက် မျက်နှာပျက် စိတ်ညစ်လှချည့်ဆိုတဲ့ ဂျိုးပိန်က ရွာရောက်တော့ မြို့က ခွေးနှစ်ကောင်ကို လွမ်းလို့တဲ့လေ။ သူ့ဘဝ သူ့အကြောင်း ကြားရတုန်းက ရင်ထဲမကောင်းဖြစ်ရတာတွေတောင် ပျောက်ပေါ့။

ဟုတ်ပေသား။ နောက်ဆုံးတော့ ဂျိုးပိန်က ဂျိုးပိန်ပဲ မဟုတ်လား။ စာရွက်ကို ပြန်ခေါက်ရင်း ကျွန်မ ပြုံးမိတယ်။ သူ့စာထဲက ခွေးတွေက ခွေးတွေလိုမနေရရင် စိတ်ညစ်မှာပဲ ဆိုတာကို ကျွန်မ သဘောကျမိတယ်။ လူတွေကကော လူတွေလို မနေရရင် စိတ်မညစ်ဘူးလား အောင်ချမ်းသာရဲ့လို့ ကျွန်မ မေးရင် သူ တလွဲဖြေဦးမှာပါပဲ။

အမေ နေကောင်းသွားလို့ပဲဖြစ်ဖြစ်၊ သူ့ခွေးကြီးနှစ်ကောင်ကို လွမ်းလို့ပဲဖြစ်ဖြစ် ဂျိုးပိန်တစ်ယောက် ဆောင်းခိုငှက်တစ်ကောင်လို တစ်ချိန်ချိန် မြို့ကို ပြန်လာတန်ကောင်းပါရဲ့။ မြို့က အိပ်မက်ပေးရင်ပေါ့လေ။ ■

**ခင်ခင်ထူး**



www.burmeseclassic.com

www.burmeseclassic.com


ပျော်ရွှင်စွာ စားသောက်နေထိုင်မှုဘဝပိုင်ဆိုင်နိုင်ဖို့ Papaya Enzyme ကို သောက်ကြစို့

NATROL

# Papaya Enzyme



အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဗိုက်အောင့်ခြင်း တို့ အစဉ်ကင်းဝေး



BURMESE CLASSIC .com

ဝါးစားနိုင်သော ဆေးပြားများ




MADE IN



U.S.A

အမေရိကန် စံနှုန်းပြည့်အရည်အသွေးမြင့်ဆေးဝါးဖြစ်ကြောင်း အာမခံသည်၊

NATROL
35 Years of Quality Uncompromised

21411 Prairie Street
Chatsworth CA 91311 (USA)
www.natrol.com

Myanmar Distributor :
Saung Thazin Trading Co.,Ltd.

**Yangon**: No 262/264, Pyay road, Dagon Center 1, Room 704-B, Sanchaung township, Yangon, Myanmar
Ph: 539115, 516678, - Fax: 539115
Email: flexanew@gmail.com

**Mandalay**: No.283, D-3, 81 Street, Between 23rd & 24 Street, Mandalay, M[illegible]mar.
Tel:02 60177 HP:09 2057621, 09 50[illegible]31


www.burmeseclassic.com

www.burmeseclassic.com

ပွဲလမ်းအလှူ အိမ်မှာသုံးလက်ဆောင်ပေးရန်အကောင်းဆုံး




www.burmeseclassic.com